
စိတ်ကူးချိုချိုစာပေဟသာ

SEIKKU CHO CHO PUBLISHING HOUSE
Since 1999

# ဦးနု

# လူမှုစီးပွားမိန့်ခွန်းများပေါင်းချုပ်

## ဦးနု၏မိန့်ခွန်းပေါင်းချုပ်အမှတ် - ၂




mgyoe.com

mgyoe.com

ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဟာ
အလွန်တရာ ရှေးကျနေပါတယ်။
ကျွန်တော်တို့ လူမျိုးများဟာ
ဘာသာရေးကို အလွန်လေးစားကြပါတယ်။
မိသားစုရင်းနှီးသည့် စိတ်ဓာတ်၊ ဘာသာရေးကို
လေးလေးနက်နက် ယုံကြည်သည့် စိတ်ဓာတ်၊
တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဆက်ဆံသည့်
စိတ်ဓာတ်နှင့် လွတ်လပ်ရေးကို
မြတ်နိုးခြင်းများကို ကျွန်တော်တို့ လူမျိုးများ
ထာဝစဉ် စွဲစွဲမြဲမြဲ တန်ဖိုးထားကြပါတယ်၊ တချို့က
ဒီများပြားလှတဲ့ ထုံးတမ်းစဉ်လာများနဲ့ ခေတ်မီတိုးတက်မှုဟာ
ရောနှောလို့ မရဘူးလို့ ပြောကြပါတယ်။
ဒီတိုင်းပြည်ကြီးက ကုန်သွယ်ရောင်းဝယ်ရေးနှင့် စက်မှုလက်မှု
ခေါင်းဆောင်ကြီးများကဖြင့် ဒီလို မယူဆဘူးဆိုတာ သိပါတယ်။
ကျွန်တော်လည်း ဒီလို မယူဆပါဘူး။
ခေါင်းဆောင်ကြီးများက
မြန်မာအမျိုးသားများဟာ မိမိတို့ အစဉ်အလာအတိုင်း
ကိုးကွယ်ရာဘာသာကို ကိုးကွယ်ရင်းကပဲ ခေတ်သစ်နည်းစနစ်များအရ
လူနေမှုအဆင့်အတန်းကို ပြည့်ပြည့်ဝဝကြီး ခံစားနိုင်အောင်
ဆောင်ရွက်ဖို့ရာ ရည်ရွယ်ပါတယ်။

ဦးနု၏ လူမှုစီးပွားမိန့်ခွန်းများပေါင်းချုပ်

unu0014
10000.00 Ks
mgyoe.com

mgyoe.com

လူမှုစီးပွားမိန့်ခွန်းများပေါင်းချုပ်၊ ဦးနု
မျက်နှာဖုံးပန်းချီ - မုတ်သုန်
စာမျက်နှာ    မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူမှုစီးပွားမိန့်ခွန်းများပေါင်းချုပ်

ဦးနု၏မိန့်ခွန်းပေါင်းချုပ်အမှတ်-၂

ဦးနု

ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စီးပွားရေး** | |
| ၁။ | သမဝါယမမိန့်ခွန်း ၁၀–၉–၁၉၅၀ | ၃ |
| ၂။ | မြန်မာ့စီးပွားရေး ၆–၇–၁၉၅၅ | ၂၁ |
| ၃။ | ကုန်သည်ကြီးများနှင့် ဘဏ်တိုက် ၂၈–၉–၁၉၅၅ | ၃၀ |
| | **တောင်သူလယ်သမားအရေး** | |
| ၁။ | ဖဆပလအစိုးရ၏ စေတနာနှင့် လုပ်ငန်းစဉ် ၁၉၄၈ | ၅၃ |
| ၂။ | လယ်ယာတော်လှန်ရေး ၁၉၄၈ | ၆၂ |
| ၃။ | ၁၉၄၈ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကြမ်းကို ဆင္ဒမပြောက်ပါလီမန်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် တင်သွင်းရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု၏ ထောက်ခံချက်မိန့်ခွန်း။ | ၆၇ |
| ၄။ | မန္တလေးမြို့တွင်ကျင်းပသော ဗ–တ–လ–စ ညီလာခံကြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားသောမိန့်ခွန်း (၁၉၅၃ ခု၊ မေလ ၂၄ ရက်) | ၉၀ |
| ၅။ | ဗတလစ ညီလာခံမိန့်ခွန်း ၁၇–၆–၁၉၅၄ | ၁၂၅ |
| ၆။ | မြေခွန်တော် စနစ်သစ် ၄–၅–၁၉၅၅ | ၁၃၈ |


mgyoe.com

mgyoe.com

### ပညာရေး


၁။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်မိန့်ခွန်း ၂၂–၁၂–၁၉၅၁ ၁၆၃
၂။ ကျောင်းဆရာများ ညီလာခံမိန့်ခွန်း ၁၄–၅–၁၉၅၂ ၁၇၉
၃။ သက်ကြီး တက္ကသိုလ်တွင် ပြောကြားသည့် မိန့်ခွန်း ၁၀–၁၀–၁၉၅၂ ၁၈၆
၄။ မြန်မာ့စွယ်စုံကျမ်း ကြိုဆိုပွဲမိန့်ခွန်း(၂/၁၉၅၅) ၁၉၁


### ကျန်းမာရေး


၁။ ဗိုတာမင်ဆေးပြား ဝေငှရေး ၁၂–၂–၁၉၅၄ ၁၉၉


### အုပ်ချုပ်ရေး


၂။ အင်းစိန် ခရိုင်ကောင်စီဖွင့်ပွဲ ၈–၄–၁၉၅၅ ၂၀၉


### ကာကွယ်ရေး


၃။ ကေအမ်တီ ကျူးကျော်မှု ၂–၃–၁၉၅၃ ၂၂၁
၄။ ဗထူးမြို့ဖွင့်ပွဲ အခမ်းအနား ၁၉၅၅ ၂၃၁
၅။ တရုတ်ဖြူ ကျူးကျော်မှု ၂၃–၃–၁၉၆၁ ၂၃၇


### လာဘ်ပေးလာဘ်ယူ ပပျောက်ရေး


၁။ လာဘ်ပေးလာဘ်ယူ ပပျောက်ရေး ၂၉–၃–၁၉၅၁ ၂၄၅
၂။ ကျမ်းသစ္စာဆိုပွဲ အခမ်းအနား ၁၇–၁၂–၁၉၅၁ ၂၄၉
နိုင်လိုမင်းထက် နှိပ်စက်ကလူ ပြုမူမယ့် အဖွဲ့မဟုတ်


### သတင်းစာပညာ


၁။ သတင်းစာပညာ သင်တန်းသားများအား
မြွက်ကြားသောမိန့်ခွန်း ၁၇–၈–၁၉၅၆ ၂၅၉


mgyoe.com

mgyoe.com

## ကမ္ဘာ့ရေးရာ


၁။ ၁၉၅၄ ခု နိုဝင်ဘာလ ၂၉ ရက်ည
ဟန်ွိုင်မြို့၌ သမ္မတဟိုချီမင်း၏ညစာစားပွဲတွင်
ဝန်ကြီးချုပ်ဦးနု ပြောကြားသောမိန့်ခွန်း ၂၇၅

၂။ ၁၉၅၄ ခု နိုဝင်ဘာလ ၂၉ ရက်
သမ္မတဟိုချီမင်းနှင့် ဝန်ကြီးချုပ်ဦးနုတို့
ပူးတွဲကြေညာချက် ၂၇၈

၃။ ၁၉၅၄ ခု နိုဝင်ဘာလ ၃၀ ရက်
ကန်တုံလေဆိပ်၌မိန့်ကြားသော ဝန်ကြီးချုပ်ဦးနု၏မိန့်ခွန်း ၂၇၉

၄။ ၁၉၅၄ ခု ဒီဇင်ဘာလ ၁ ရက်
ပီကင်းလေဆိပ်၌မိန့်ကြားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု မိန့်ခွန်း ၂၈၀

၅။ ၁၉၅၄ ခု ဒီဇင်ဘာလ ၂ ရက်ည
ပီကင်းမြို့၌ တည်ခင်းကျွေးမွေးသော
ဝန်ကြီးချုပ် ချူအင်လိုင်၏ထမင်းစားပွဲကြီးတွင်
ပြောကြားသော ဝန်ကြီးချုပ်ဦးနု၏မိန့်ခွန်း ၂၈၂

၆။ ၁၉၅၄ ခု ဒီဇင်ဘာလ ၁၀ ရက်ည
ပီကင်းမြို့၌ ဝန်ကြီးချုပ်ဦးနု တည်ခင်းကျွေးမွေးသော
ညစာစားပွဲကြီးတွင် ပြောကြားသော ဝန်ကြီးချုပ်ဦးနု၏မိန့်ခွန်း ၂၉၁

၇။ ၁၉၅၄ ခု ဒီဇင်ဘာလ ၁၀ ရက်
ပီကင်းမြို့တော်ဝန်၏ကြိုဆိုပွဲတွင် ဝန်ကြီးချုပ် ဦးနု
ပြောကြားသည့်မိန့်ခွန်း ၂၉၈

၈။ ၁၉၅၄ ခု ဒီဇင်ဘာလ ၆ ရက်
ရှင်ယန် (မွတ်ကဒင်) မြို့တွင်
အင်ဂျင်နီယာကျောင်းသူကျောင်းသားများအား
ဝန်ကြီးချုပ် ဦးနုပြောကြားသောမိန့်ခွန်း ၃၀၀

၉။ ၁၉၅၄ ခု ဒီဇင်ဘာလ ၇ ရက်
ရှင်ယန်မြို့အင်ဂျင်နီယာကျောင်းသူကျောင်းသားများသို့
ဝန်ကြီးချုပ်ဦးနု၏နှုတ်ဆက်စကား ၃၀၂

၁၀။ ၁၉၅၄ ခု ဒီဇင်ဘာလ ၁၅ ရက်
ကန်တုံမြို့၌ ကျင်းပသော ထမင်းစားပွဲတွင်
ဝန်ကြီးချုပ်ဦးနုမြွက်ကြားသောမိန့်ခွန်း ၃၀၃


mgyoe.com

mgyoe.com

၁၁။ ၁၉၅၄ ခု ဒီဇင်ဘာလ ၁၆ ရက် ဝန်ကြီးချုပ်ဦးနု၏ အသံလွှင့်နှုတ်ဆက်မိန့်ခွန်း ၂၀၆
၁၂။ ယနေ့ ကမ္ဘာ့ရေးရာ ၁၉–၇–၁၉၅၄ ၂၀၉
၁၃။ အမေရိကန်လွှတ်တော် ၃၀–၆–၁၉၅၅ ၂၁၅
၁၄။ လွတ်လပ်ရေးအဓိပ္ပာယ်နှင့် လူထုတာဝန် ၁–၇–၁၉၅၅ ၂၁၉
၁၅။ မိန့်ခွန်း အထွေထွေ ၃၊ ၆–၇–၁၉၅၅ ၂၃၀
၁၆။ ကျွန်ုပ်တို့၏ သဘောထား ၆–၇–၁၉၅၅ ၂၃၇
၁၇။ စစ်ကိုရှောင်ရန် နည်းလမ်း ၁၄–၇–၁၉၅၅ ၂၄၄
၁၈။ မြင်ခဲ့၊ ကြားခဲ့သမျှ ၂၄–၉–၁၉၅၅ ၂၅၃

## နိုင်ငံရေး

၁။ လူမိုက်အလိုမရှိ၊ သတ္တိရှိသူကိုသာ အလိုရှိသည်။ ၂၇၁
၂။ ပြည်ထဲရေးဌာနကို ဘာ့ကြောင့် သိမ်းယူရသနည်း ဖ–ဆ–ပ–လ ဥက္ကဋ္ဌကြီး နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ဧပြီလ ၂၉ ရက်နေ့၊ ည ၈ နာရီအချိန် ရေဒီယိုမှ ပြောကြားသော မိန့်ခွန်း။ ၂၇၇
၃။ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့ ပြည်ထောင်စုအဖွဲ့ နိုင်ငံလုံးဆိုင်ရာ ညီလာခံသဘင်၌ ပထစအဖွဲ့ချုပ်ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုမြွက်ကြားသောမိန့်ခွန်း ၃၈၃

## နောက်ဆက်တွဲ

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် နယကကြီးဦးနု၏သတင်းစာရှင်းလင်းပွဲ

၁။ (၁၂၊ ၁၁၊ ၈၉) နေ့တွင် ဒီ/ ငြိမ်း ဌာနချုပ် 'အသောက' ခန်းမ၌ နာယကကြီးဦးနုမှ ပြည်တွင်း/ ပြည်ပသတင်းစာဆရာများသို့ ဖိတ်ကြား၍၊ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း အပြည့်အစုံမှတ်တမ်း ၄၁၁

mgyoe.com

mgyoe.com

## ဝန်ကြီးချုပ်ဦးနုချုပ်ဆိုခဲ့သည့် စာချုပ်များ

## နှစ်နိုင်ငံသဘောတူညီချက်များ၊ အထူးအမိန့်ပြန်တမ်းနှင့် ပေးစာများ


၁။ နု–အက်တလီ – ၁၉၄၇ အောက်တိုဘာ ၁၇ ၄၄၉
၂။ အက်တလီ–သခင်နုပေးစာ ၄၅၅
၃။ ဝန်ကြီးချုပ်ဦးနု၏ အထူးအမိန့်ပြန်တမ်း ၄၅၉
၄။ လက်ဝဲညီညွတ်ရေးသခင်နုကြေညာချက် ၄၆၁
၅။ သက်ကြီးတက္ကသိုလ်ဝန်ကြီးချုပ်မေတ္တာရပ်ခံချက် ၄၆၆
၆။ ဥယျောဇဉ် ၄၆၇
၇။ ဦးနုနှင့် ဘူဂါနင်ပူးတွဲကြေညာချက် ၄၆၉
၈။ ရာဇဝင်တွင်မည့် စာ ၂ စောင် (ဦးနုနှင့် ဦးကျော်ငြိမ်း) ၄၇၃
၉။ ဆွေ ငြိမ်းတို့၏ ပေးစာများအရ
နုတင်တို့က ပြန်ကြားသော စာများ ၅၀၆
၁၀။ ဆွေငြိမ်းတို့က နုတင်ထံသို့ပေးစာများ ၅၁၁
၁၁။ ၁၉၅၈ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့ည
နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏
ပြည်သူအပေါင်းသို့ အသံလွှင့်မြွက်ကြားချက် ၅၂၀
၁၂။ တရုတ်–မြန်မာ နယ်နိမိတ်စာချုပ်နှင့်ပတ်သက်သော
နှစ်နိုင်ငံဝန်ကြီးချုပ်တို့ အပေးအယူစာများ ၅၂၄
၁၃။ မြန်မာ–တရုတ် ချစ်ကြည်ရေး နယ်နိမိတ် သတ်မှတ်ရေးအတွက်
သမိုင်းဝင် မော်ကွန်းမှတ်တိုင်ကြီးများ ၅၂၉
၁၄။ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့်
တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်
နယ်နိမိတ်စာချုပ်ကို လက်ခံအတည်ပြုသည့်
စာချွန်တော်များ အပြန်အလှန် ကမ်းလှမ်းခြင်းဆိုင်ရာစာချုပ် ၅၄၃
၁၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့်
ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရတို့
ချုပ်ဆိုကြသည့်စီးပွားရေးနှင့်
ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ၅၄၄


## ဝန်ကြီးချုပ်ဦးနု၏ အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်းများ


၁။ Delivered in Parliament
14. June 1949 549


mgyoe.com

mgyoe.com

၂။ Divisional Conferences Speeches
Oct, Nov, Dec, 1950 566
၃။ Divisional Conferences Speeches
15th Nov,1950 580
၄။ National Day Message
4th Dec, 1950 585
၅။ Union Youth Rally
8th Jan 1951 591
၆။ National Convention on.....
15th Jan 1951 622
၇။ Parliament Speech
8th March 1951 645
၈။ Sixth Anniversary
27th March 1951 659
၉။ University Convocation
22th Dec 1951 673
၁၀။ The Role of Union Youths
29th Nov 1953 683
၁၁။ Towards a Socialist State
29th Jan 1958 691
၁၂။ The Public Services Seminar
17th July 1961 792
၁၃။ The Belgrade Conference
1th Sep 1961 806
၁၄။ Declaration of the Heads of State or
Government of Non-Aligned Countries 818
၁၅။ Danger of War and Appeal for Peace 832

■

mgyoe.com

mgyoe.com

# အမှာ

ဒီမိုကရေစီခေတ် ပထမဆုံးနှင့် နောက်ဆုံးဝန်ကြီးချုပ်ဦးနု၏ စီးပွားရေးနှင့်အခြား မိန့်ခွန်းများ ပေါင်းချုပ် (ဦးနု၏မိန့်ခွန်းပေါင်းချုပ် အမှတ် ၂) စာအုပ်တွင် ၁၉၄၈ မှ ၁၉၆၂ ခုနှစ်အထိ ဦးနုပြောကြားခဲ့သော မိန့်ခွန်းများကို စုစည်းတင်ပြထားပါသည်။

ဦးနု ပြောကြားခဲ့သော အဆိုပါမိန့်ခွန်းများအပြင် နိုင်ငံရေးမိန့်ခွန်းများ ပေါင်းချုပ် (ဦးနု၏မိန့်ခွန်းပေါင်းချုပ် အမှတ် ၁) တွင် မပါရှိခဲ့သေးသော နိုင်ငံရေးမိန့်ခွန်းများနှင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် နာယကကြီးဦးနု၏ ၁၂–၁၁–၁၉၈၉ တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ မှတ်တမ်းအပြည့်အစုံကိုလည်း နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

၁၇ အောက်တိုဘာ ၁၉၄၇ တွင် ချုပ်ဆိုခဲ့သည့် နု–အက်တလီ စာချုပ်နှင့် ဦးနု ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည့် ကာလအတွင်း ချုပ်ဆိုခဲ့သည့်စာချုပ်များ၊ နှစ်နိုင်ငံသဘောတူညီချက်များ၊ အထူးအမိန့်ပြန်တမ်း၊ ပေးစာများအပြင် အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့သည့်မိန့်ခွန်းများကိုလည်း ထည့်သွင်းထားပါသည်။

ဦးနု၏မိန့်ခွန်းပေါင်းချုပ် အမှတ် ၂ ထုတ်ဝေအပြီးတွင် ဦးနု၏သာသနာရေးဆိုင်ရာဟောကြားချက်များကိုလည်း ပေါင်းချုပ်အဖြစ် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဦးနုပြောကြားသည့် စီးပွားရေးမိန့်ခွန်းများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု
## ၏
## သမဝါယမမိန့်ခွန်း

**(၁၉၅၀ ခု၊ စက်တင်ဘာလ ၁၀ ရက်)**

ယခု ကြွရောက်လာတဲ့ ငြိမ်းချမ်းရေးခေါင်းဆောင်များနှင့် သမဝါယမ ခေါင်းဆောင်များကို သမဝါယမအကြောင်း မပြောခင်၊ ကျွန်တော် တောင်းပန်လိုတဲ့ အချက်တစ်ရပ် ရှိပါတယ်။ လွန်ခဲ့တဲ့ ဩဂုတ်လကတည်းက သမဝါယမလှုံ့ဆော်ရေးနဲ့ စည်းရုံးရေးအတွက် စီမံကိန်းရေးဆွဲပြီး ရန်ကုန်နယ်နိမိတ်အတွင်းမှာ သမဝါယမလှုပ်ရှားမှု၊ ဖွဲ့စည်းမှု၊ တိုးတက်မှုရှိအောင် လုပ်ကိုင်ရမယ်လို့ ကျွန်တော်က အမိန့်ပေးပြီး ကျွန်တော်ကိုယ်တိုင် ဝင်ရောက်ဆောင်ရွက်မယ်လို့ တာဝန်ယူခဲ့ပါတယ်။ အဲဒီအမိန့်အတိုင်း ပထမအဆင့်အဖြစ် ရှေ့ဆောင်ဟောပြောရေး အဖွဲ့ကိုဖွဲ့ပြီး ရန်ကုန်မယ်ရှိတဲ့ ငြိမ်းချမ်းရေးရပ်ကွက် ၁၄ ကွက်မယ် တစ်ကွက်စီဟောပြောဖို့ ဩဂုတ်လ ၁၄ ရက်နေ့က ၂၇ ရက်နေ့အထိ ညတိုင်း ဟောပြောရေးများကို စီစဉ်ခဲ့ပါတယ်။ မူလက ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီး ဟောပြောဖို့ ရည်ရွယ်ခဲ့သော်လည်း အခြားအရေးကြီးတဲ့ကိစ္စတွေ ရှိနေလေတော့ ကျွန်တော်လည်း အဲဒီအချိန်မယ် ခရီးထွက်သွားရပါတယ်။ ဒါကြောင့် ဟောပြောပွဲတစ်ခုကိုမျှ ကျွန်တော် မတက်ရောက်နိုင်ခဲ့ပါဘူး။ မတက်ရောက်နိုင်ပေမယ့်လို့ သမဝါယများအကြောင်း ဟောပြောဖို့ ကျွန်တော့်မယ် တာဝန်ရှိပါတယ်။ ဒါကြောင့် ခု ဒီအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါတယ်။ ကြွရောက်လာကြတဲ့ ငြိမ်းချမ်းရေးနဲ့ သမဝါယမ ခေါင်းဆောင်များကို ခုလို အပင်ပန်းခံပြီး တစ်ခါထပ် အစည်းအဝေးတက်ရတဲ့အတွက် ကျွန်တော်တောင်းပန်လိုပါတယ်။

mgyoe.com

mgyoe.com


၂။ ကျွန်တော် ဒီနေ့ သမဝါယမနဲ့ ပတ်သက်ပြီး အပိုင်းခုနစ်ပိုင်းခွဲပြီး ပြောချင်ပါတယ်။ အပိုင်းများကတော့...

(၁) ကမ္ဘာ့သမဝါယမ ရာဇဝင်၊
(၂) ဗမာ့သမဝါယမ ရာဇဝင်၊
(၃) ရာဇဝင် သင်ခန်းစာများနှင့် သမဝါယမ အခြေခံမှုများ၊
(၄) ဗမာ့စီးပွားရေးနှင့်၊ ယဉ်ကျေးမှု အခြေအနေနှင့် သမဝါယမဝါဒ၊
(၅) လက်ရှိ စီမံကိန်း၊
(၆) စီမံကိန်းကို အကောင်အထည်ဖော်နည်း၊
(၇) လူထုနှင့် ခေါင်းဆောင်များ၏ တာဝန်၊

## (၁) ကမ္ဘာ့သမဝါယ ရာဇဝင်

၃။ ကမ္ဘာပေါ်မှာ လူဖြစ်လာကတည်းက စားဖို့၊ ဝတ်ဖို့၊ နေဖို့ လုပ်ငန်းတွေမှာ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီမှု ရှိလာတာပဲ။ ကျွန်တော်တို့ ဗမာပြည်မယ်ဆိုရင် သာမှု၊ နာမှုတို့မယ် ရပ်ရွာက ဝိုင်းဝန်းကူညီကြတာပဲ။ ဘယ်တုန်းက စကူညီတယ်ဆိုတာ မသိနိုင်ဘူး။ ဓလေ့ထုံးစံ ဖြစ်လာတာပဲ။ ဒီလို ယေဘုယျအားဖြင့် နေမှု၊ ထိုင်မှုတို့ကို မဆိုနဲ့ဦး။ လုပ်ငန်းတစ်ခုခုမယ်တောင် မလုပ်မဖြစ်လို့ ဝိုင်းဝန်းကူညီ လုပ်ကြရာကစပြီး ဓလေ့ထုံးစံ ဖြစ်လာတာ တွေ့ရှိတယ်။ လယ်ယာလုပ်ငန်းမယ် ဆည်၊ တာတမံနဲ့ လုပ်ရတဲ့ တိုင်းပြည်များဖြစ်တဲ့ မက်ဆိုပိုတေးမီးယားတို့၊ ဟော်လန်တို့မယ်ဆိုရင် ရှေးတုန်းကတည်းက ရေမြောင်း၊ ရေတံတားတွေကို လူအများဝိုင်းဝန်းပြီး ဘယ်လိုထိန်းသိမ်းမယ်ဆိုတာ စနစ်တကျပေါ်ပေါက်ခဲ့တယ်။ ကျွန်တော်တို့ ဗမာပြည်မယ်ဆိုရင်လည်း ရှေးက ကောက်စိုက်၊ ကောက်ရိတ်ချိန်မယ် တစ်ရွာလုံး ဝိုင်းဝန်းကူညီ လုပ်ကိုင်ရတဲ့စနစ် ပေါ်ခဲ့ဖူးတယ်။ အဲဒီလို လုပ်ခဲ့တာတွေဟာ သမဝါယမ စနစ်ဆန်ဆန်ဖြစ်ပေမယ့် တကယ့်ခေတ်သစ် သမဝါယမစနစ်ဟာ အဲဒီလိုဖြစ်လာတဲ့ အချိန်ကတည်းက စတယ်လို့ မဆိုနိုင်ဘူး။ ဘာဖြစ်လို့လဲလို့ဆိုရင် အဲဒီတုန်းက ဖြစ်ပေါ်လာတဲ့ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီမှုဟာ လူကြောင့်ဖြစ်ပေါ်လာတဲ့ အခက်အခဲများကို ကျော်လွှားအောင် လုပ်လာတာဖြစ်တယ်။ ဒါပေမဲ့ လူတွေဟာ ယဉ်ကျေးမှု တိုးတက်လာတာနဲ့အမျှ လူလုပ်လာတဲ့ စနစ်တွေကြောင့် လူတွေမယ် အခက်အခဲတွေ တွေ့လာကြတယ်။ စီးပွားရေးစနစ်တွေ တိုးတက်လာတာနဲ့အမျှ အရင်းရှိတဲ့လူများဟာ အပြိုင်အဆိုင်လုပ်ငန်းတွေ လုပ်ကိုင်လာကြတယ်။ အဲဒီလို အပြိုင်အဆိုင် အရင်းရှင်စနစ်မယ် ရှေးတုန်းက ပေါ်ပေါက်ခဲ့တဲ့ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီမှု ဓလေ့ထုံးစံတွေဟာ ပျောက်ကွယ်ရတယ်။ အဲဒီလို ပျောက်ကွယ်တဲ့အချိန်မယ် အပြိုင်အဆိုင် အရင်းရှင်တွေဟာလည်း တဖြည်းဖြည်း တစ်ဦးကိုတစ်ဦး ဖြုတ်ဖြုတ်လာပြီး လက်ဝါးကြီးအုပ် အရင်းရှင်တွေ ဖြစ်လာကြတယ်။ အဲဒီအခါမယ် လူတွေဟာ ရှေးက ရိုင်းပင်းကူညီကြတဲ့

mgyoe.com

mgyoe.com


ခလေ့ထုံးစံတွေလည်းပျောက်၊ ပိုမိုလည်း ဒုက္ခရောက်ကြရတယ်။ ဒီတော့ အပြိုင်အဆိုင် အရင်းရှင်စနစ်လက်ထက်ကတည်းက ခေတ်သစ် သမဝါယမစနစ်ဆိုတာ ပေါ်လာတယ်။ တဖြည်းဖြည်း လက်ဝါးကြီးအုပ် အရင်းရှင်ခေတ်ရောက်တော့ ဒီသမဝါယမစနစ်ဟာ ပိုမိုတောင့်တင်းလာတယ်။ ဒီတော့ ကမ္ဘာ့သမဝါယမ ရာဇဝင်ကို ရှင်းရှင်းမြင်နိုင်အောင် ကျွန်တော်က အရေးကြီးတဲ့ တိုင်းပြည်အချို့ကိုရွေးပြီး ဒီတိုင်းပြည်တွေမယ် ဘယ်လို ပေါ်ပေါက်ခဲ့တယ်။ ဘယ်လို သမဝါယမမျိုး ပေါ်ပေါက်ခဲ့တယ်ဆိုတာ ရှင်းပြလိုပါတယ်။

၄။ ။ပထမဆုံး အင်္ဂလန်နိုင်ငံကို ကျွန်တော် ပြလိုပါတယ်။ ရောဘတ်အိုဝင် ဆိုတာ ကြားဖူးကြပါလိမ့်မယ်။ အင်္ဂလန်မယ် ၁၈၀၀ ပြည့်နှစ်ကျော်က စက်မှုလက်မှု စနစ် စပြီးထွန်းကားတဲ့အချိန်မယ် အရင်းရှိတဲ့အလုပ်ရှင်များက အမြတ်လိုချင်တဲ့ဇော ကြောင့် အလုပ်သမားတွေဟာ အလွန်ပင်ပန်းဆင်းရဲတယ်။ အဲဒီအချိန်မယ် အိုဝင်ဟာ အလုပ်သမားပိုင်တဲ့ စက်ရုံ၊ အလုပ်ရုံဆိုတာ တည်ပြီး စမ်းခဲ့ဖူးတယ်။ ဒါပေမဲ့ ပျက်ပြီး သွားတယ်။ သူ့ဝါဒကတော့ အလုပ်သမားများမယ် အတော်ပျံ့နှံ့တယ်။ ရော့ကဒေ(လ်) (Rochdale) ဆိုတဲ့ သိုးနဲ့ ချည်အထည်စက်တွေရှိတဲ့ မြို့ကလေးမယ် စက်ရုံတွေဟာ များပြားလာတဲ့အခါ လက်ရက်ကန်းတွေဟာ အလုပ်လက်မဲ့ ဖြစ်ကြတယ်။ စက်ရုံများ မှာလည်း အလုပ်သမားများကို လုပ်ပေးတဲ့ လုပ်ခဟာ အင်မတန် နည်းတယ်။ အလုပ် သမားများဟာလည်း အိပ်စုတ်အိမ်ပုံ့တွေမယ် ငါးသေတ္တာလို ကျပ်နေအောင်နေရတယ်။ ရေလည်း မလုံလောက်၊ ထင်းမီးလည်း မလုံလောက်၊ ရတဲ့လခကိုလည်း အလုပ်ရှင် များပိုင်တဲ့ ဆိုင်ကလေးတွေမယ် ဝယ်ရတဲ့ ကူပွန်လက်မှတ်တွေနဲ့သာ ရကြတယ်။ ဒီတော့ အလုပ်သမားများ ဘယ်လောက်ဆင်းရဲတယ်ဆိုတာ စဉ်းစားကြည့်နိုင်တယ်။ အဲဒီမြို့က သိုးမွေးရက်တဲ့ အလုပ်သမား ၂၈ ဦးဟာ အိုဝင်ရဲ့ ဝါဒသက်ဝင်ယုံကြည်တဲ့အလျောက် သူတို့ဘာသာ စုပေါင်းပြီး သူတို့ နေထိုင်မှုအဆင့်အတန်းကို မြှင့်တင်မယ်ဆိုပြီး စုပေါင်း ကြတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ ...

(က) အစားအသောက်၊ အထည်အလိပ် စုပေါင်းဝယ်ယူဖြန့်ဖြူးရေး၊

(ခ) အသင်းသားများအတွက် အိမ်ဆောက်ပေးရေး၊

(ဂ) အသင်းသားများအတွက် အလုပ်ရုံဖွင့်ရေး၊

(ဃ) အသင်းသားများအတွက် လယ်ကွက်များဝယ်ရေး၊

(င) တစ်နေ့မယ် အားလုံး အတွင်းဖူလုံတဲ့အုပ်စု (Community) ဖြစ်ပေါ်ရေး၊

ဒီရည်ရွယ်ချက်တွေဟာ နည်းတဲ့ ရည်ရွယ်ချက်တွေ မဟုတ်ဘူး။ နောက်ဆုံး မယ် ပြည်တစ်ပြည်တည်မယ့် ရည်ရွယ်ချက်ပဲ။ အဲဒီလောက်ကြီးတဲ့ ရည်ရွယ်ချက်တွေရှိ ပေမယ့် နောက်ဆုံးမယ် စုပေါင်းဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းသာ ကျန်ခဲ့တယ်။ တိုတိုဆို ရရင် စားသုံးသူများ သမဝါယမစနစ်ဟာ အဲဒီကစတယ်လို့ ဆိုရမယ်။

၅။ အဲဒီ ရော့ကဒေ(လ်)စနစ်ဟာလည်း အဲဒီအချိန်အခါတုန်းကရှိတဲ့ အရင်းရှင်

mgyoe.com

mgyoe.com


လုပ်ငန်း၊ အခြားလုပ်ငန်း စသည်တို့နဲ့ ဘယ်လိုကွာသလဲဆိုရင်...

(က) အသင်းကို ဘယ်သူမဆို ဝင်နိုင်တယ်၊ ယောကျ်ား၊ မိန်းမ မရွေးဘူး၊ အကျင့်စာရိတ္တပျက်ပြားတဲ့ လူများကိုသာ ဝင်ခွင့်မပြုဘူး။

(ခ) အသင်းသားများဟာ အရင်းရှယ်ယာပါဝင်တဲ့ နေရာမယ်၊ အများဆုံး ဘယ်လောက်သာ ဝင်နိုင်တယ်ဆိုတာ ကန့်သတ်ထားတယ်။

(ဂ) အသင်းသားတစ်ယောက် တစ်မဲသာ ပေးနိုင်တယ်။

(ဃ) အရင်းပေါ်မယ် အတိုးကို နှုန်းအနည်းဆုံးသာ ပေးတယ်။

(င) အမြတ်ကို အရင်းလိုက်မဝေဘဲနဲ့ ဆိုင်ကဝယ်တဲ့ တန်ဖိုးအလိုက် ခွဲဝေပေးတယ်။

ဒါတွေဟာ တခြားအရင်းရှင် လုပ်ငန်းတွေနဲ့ကွာတဲ့ အချက်တွေပဲ။ ဒါတွေဟာလည်း နောက်ပေါ်ပေါက်တဲ့ သမဝါယမအသင်းတွေတိုင်းမယ် အဓိကထားတဲ့အချက်တွေပဲ ဖြစ်တယ်။

၆။ ဒီအသင်းဟာ ၁၈၄၄ ခု ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး အလုပ်လုပ်တယ်။ အဲဒီကစပြီး အင်္ဂလန်နိုင်ငံမယ် စားသုံးသူများ သမဝါယမလုပ်ငန်းဟာ ပေါ်ပေါက်တိုးတက်လာတာပါပဲ။ စားသုံးသူ လက်လီသမဝါယမ အသင်းကလေးများကနေပြီး လက်ကား သမဝါယမတွေ ပေါ်တယ်။ နောက် သမဝါယမ ယူနီယံဆိုပြီး ဖွဲ့စည်းပြီး ပညာပေးရေး၊ လမ်းပြညွှန်ကြားရေးတို့ကို လုပ်ကိုင်လာတယ်။ ပထမတော့ အင်္ဂလန်မယ်ရှိတဲ့ သမဝါယမလုပ်ငန်းများဟာ နိုင်ငံရေးနဲ့ ဘယ်လိုမှ မစပ်ဆိုင်ဘူး။ ကြားနေတယ်။ ဒါပေမဲ့ ပထမကမ္ဘာစစ်ကြီးဖြစ်တုန်းက အပိုအမြတ်တော်ခွန်ကောက်တဲ့အခါမယ် မဖြစ်တော့ဘဲ သမဝါယမ ပါတီတည်ထောင်ပြီး ပါလီမန်မယ် ဝင်ရောက် ရွေးကောက်ခြင်းခံကြတယ်။ အင်္ဂလန်မယ် အခြားအမျိုးအစား သမဝါယမများထက် စားသုံးသူသမဝါယမများက အရေးကြီးတဲ့အတွက်ကြောင့် အခြားအမျိုးအစား သမဝါယမများအကြောင်းကို ကျွန်တော် မပြောဘဲ တခြားတိုင်းပြည်နဲ့ သမဝါယမရာဇဝင်ကို ပြောပါ့မယ်။

၇။ ပြင်သစ်ပြည်မယ် ၁၇၇၂–၁၈၃၇ ခုနှစ်က အသက်ရှင်သွားတဲ့ ဖူးရီးယား (Fourier)ဟာ ဖလန်စတားရဲ (Phalastere) ဆိုတဲ့စနစ်တစ်ခုကို စဉ်းစားခဲ့တယ်။ အဲဒီစနစ်ထဲမယ်နေတဲ့ လူတွေဟာ ဘာလုပ်ရမယ်။ ဘယ်လိုစားရမယ်။ နေရမယ်ဆိုတာ အတိအကျ ရေးသားထားခဲ့တယ်။ ဒါပေမဲ့ သူ မစမ်းသပ်နိုင်ဘူး။ နောက် စိန့်ဆိုင်မွန် (Saint Simon)ဆိုသူ ဆိုရှယ်လစ်ဟာ ဖူးရီးယားရဲ့ ဝါဒတွေကို ယူတယ်။ စိန့်ဆိုင်မွန်ရဲ့ တပည့် ဘူးခက်(စ်) (Buches)ဟာ သမဝါယမကုန်ထုတ်လုပ်ငန်းစနစ်ကို ကြံဆခဲ့တယ်။ သူ့ရဲ့ ကြံဆချက်တွေဟာ လူစီဘလန့်(ခ်) (Louis Blanc) ဆိုတဲ့ နိုင်ငံရေးသမားလက်ကို ရောက်တယ်။ လူစီဘလန့်(ခ်)ဟာ ၁၈၄၈ ခုနှစ်လောက်က အစိုးရအဖွဲ့မယ် ပါဝင်လေတော့ သမဝါယမများကို အစိုးရကိုယ်တိုင်က အားပေးတယ်။ အရင်းထုတ်ပေးတယ်။ ဒါပေမဲ့ သိပ်မြန်လွန်းအားကြီးပြီး အားပေးသလောက် အထမမြောက်ခဲ့ဘူး။ တဖြည်း

mgyoe.com

mgyoe.com


ဖြည်းမှပဲ ကုန်ထုတ်သမဝါယမတွေဟာ တောင့်တင်းတိုးတက်လာတယ်။ ဒီအသင်းများ တစ်ခါတလေ အလုပ်ရှင်များက ထောင်ပေးတယ်။ ဒါပေမဲ့ များသောအားဖြင့် အလုပ်သမားများကိုယ်တိုင်က အလုပ်လက်မဲ့ အချိန်မယ် ထောင်တာများတယ်။ ဥပမာဆိုရင် ဂိုဒင် (Godin)ဆိုတဲ့ အလုပ်ရှင်တစ်ဦးဟာ သူ့လုပ်သားများနဲ့ပေါင်းပြီး သူ့လုပ်ငန်းကို သမဝါယမလုပ်ငန်းအဖြစ် လုပ်ခဲ့ပြီး သူသေတဲ့အခါ သူ့လုပ်သားများပဲ ဆက်ပိုင်သွားတယ်။ ဒါပေမဲ့ ဒီလိုအဖြစ်မျိုးဟာ နည်းတယ်။ အလုပ်သမားများကိုယ်တိုင် ထူထောင်တဲ့ အသင်းများက များတယ်။ ဥပမာတစ်ခုကို ပြောပါမယ်။ တစ်ခါက ကင်မရာ၊ နာရီ စတဲ့ အင်မတန် နုနယ်တဲ့ စက်ကိရိယာလုပ်တဲ့ လူလေးဦးဟာ အလုပ်လက်မဲ့ဖြစ်ကြတယ်။ သူတို့ဟာ စုပြီး သမဝါယမအသင်းထောင်တယ်။ ထောင်ပြီး ကင်မရာတစ်ခု လုပ်ပေးဖို့ အလုပ်တစ်ခုရတယ်။ ရတော့ ကင်မရာလုပ်ရအောင် ပစ္စည်းဝယ်စရာ ငွေမရှိလေတော့ အသင်းရဲ့ အတွင်းရေးမှူးရဲ့ ထမင်းစား စားပွဲကုလားထိုင် ဗီရိုတွေရောင်းပြီး လုပ်ရတယ်။ အဲဒီကစပြီး လုပ်လာတာဟာ ဒီနေ့ဆိုရင် ပဲရစ်မြို့မယ် လေးထပ်ရှိတဲ့ အလုပ်ရုံတစ်ခုကို ပိုင်တယ်။ လုပ်သား ၆၀၀ ကျော်ကျော်ရှိတယ်။ အဲဒီအသင်းမယ် တစ်ခုထူးခြားတာကတော့ အသင်းသားအားလုံး လခတန်းတူရကြတယ်။ အသင်းသားတွေရဲ့ ပညာရေးကိုလည်း တာဝန်ခံတယ်။

၈။ သမဝါယမ ကုန်ထုတ်လုပ်ငန်းများဟာတော့ အလုပ်ရုံကြီးတွေ၊ စက်ရုံကြီးတွေမယ် မရှိလှဘူး။ စက်ချုပ်အလုပ်တို့၊ အိမ်ထောင်မှု ပရိဘောဂပြောင်းရွှေ့ရေးအလုပ်တို့၊ ပေါင်မုန့်ဖုတ်အလုပ်တို့ စတဲ့ မကြီးကျယ်တဲ့လုပ်ငန်းတွေမယ်သာ ပေါတယ်။ နောက်ပြီးတော့လည်း ပြင်သစ်ပြည်မယ်ဆိုရင် အစိုးရက သမဝါယမကို အားပေးလေတော့ အစိုးရက အရင်းပေး၊ အစိုးရက ပစ္စည်းအများဆုံးပြန်ဝယ် ဒါပဲ။

၉။ ဂျာမနီပြည်ရဲ့ သမဝါယမရာဇဝင်ကတော့ ကျွန်တော်တို့အတွက် အတော်အရေးကြီးတယ်။ ကျွန်တော်တို့တိုင်းပြည်မယ် သမဝါယမများ စတင်တည်ထောင်တော့ ဂျာမနီပြည်က စနစ်ကိုယူပြီး တည်ထောင်တယ်။ ဂျာမနီမယ် အထူးအရေးပါတဲ့ သမဝါယမများကတော့ လယ်ယာလုပ်ငန်း သမဝါယမများပဲ။ ဂျာမနီပြည်မယ် ၁,၈၀၀ ကျော်နှစ်များလောက်က တောင်သူလယ်သမားများဟာ ကျွန်တော်တို့ဆီက တောင်သူလယ်သမားတွေလိုပဲ ဂျာမန်လယ်သမားတွေဟာ လယ်လုပ်ခါနီးအချိန်မယ်မျိုးတို့၊ ကိရိယာတန်ဆာပလာတို့၊ လယ်တဲပစ္စည်းတို့ ဝယ်ရတယ်။ ကုန်သည်ပွဲစားများကလည်း လယ်သမားများဟာ ဒီပစ္စည်းများကိုမရရင် မဖြစ်ဘူးဆိုတာသိတော့ ဈေးကို အဆမတန်ထားပြီး ရောင်းတယ်။ အတိုးကြီး သိပ်လိုက်တယ်။ ဒါပေမဲ့ လယ်သမားများကတော့ ဘယ်လောက်ကြီးတယ်ဆိုတာ ဂရုမစိုက်နိုင်ဘူး။ ပစ္စည်းရဖို့ပဲ အရေးကြီးတော့ ယူတာပဲ။ ကောက်ပဲသီးနှံထွက်လာတဲ့ အချိန်ကျတော့လည်း ရောင်းစရာလူက ဒီကုန်သည်ပွဲစားများပဲဖြစ်တယ်။ ဒီကုန်သည်ပွဲစားများကလည်း ပစ္စည်းရောင်းတုန်းက ဈေးအကြီးဆုံးနဲ့

mgyoe.com

mgyoe.com


ရောင်းရင် ကောက်ပဲသီးနှံကို လယ်သမားတွေဆီက ဝယ်တဲ့အခါမယ် ဈေးအနည်းဆုံး ပေးဝယ်တာပဲ။ ဒီအခြေအနေမယ် လယ်သမားများဟာ ဘယ်တော့ ချမ်းသာနိုင်ပါ့မလဲ။ အဲဒီအချိန်မယ် ရက်ဖေဆန် (Raiffeisan)ဆိုတဲ့ပုဂ္ဂိုလ်ကြီးဟာ လယ်သမားတွေ သက်သာချောင်ချိဖို့ အလှူအတန်းသဘောပါတဲ့ လုပ်ငန်းတွေကိုလုပ်တယ်။ ဒါပေမဲ့ လယ်သမားတွေမယ် ထာဝစဉ်သက်သာချောင်ချိရေး မရဘူး။ မွဲမြဲပဲ ပြန်မွဲသွားတာပဲ။ ဒါကြောင့် ဒီပုဂ္ဂိုလ်ကြီးက လယ်သမားများဟာ ကိုယ့်အကျိုးကို ကိုယ်လုပ်မှ ချမ်းသာမယ်။ ဒီလိုလုပ်ရာမှာလည်း ပထမဦးဆုံး အကြွေးတွေကင်းမှဖြစ်မယ်လို့ တွေ့တယ်။ ဖိစီးနေတဲ့ ကုန်သည်ပွဲစား အကြွေးတွေကင်းအောင် သက်သာတဲ့ ကြွေးသစ်ရမှ ဖြစ်မယ်။ ကြွေးသစ်ရအောင် ဆိုလည်း ဘယ်လယ်သမားမှ အာမခံပေးစရာ မရှိဘူး။ ဒီတော့ လယ်သမားတွေစုပြီး တစ်ဦးကိုတစ်ဦး အာမခံဖို့ပဲရှိတယ်။ အဲဒီလိုယူဆပြီး သမဝါယမဘဏ်တစ်ခုကို ထောင်တယ်။ စည်းမျဉ်းများကတော့...

(၁) ကျေးရွာအတွင်း နေထိုင်တဲ့ အကျင့်စာရိတ္တကောင်းတဲ့ လူတိုင်း ပါနိုင်တယ်။
(၂) ရှယ်ယာ မဝင်ရဘူး၊ ဒါပေမဲ့ ကြွေးဆပ်ဖို့ တာဝန်ကျတော့ အကန့်အသတ်မရှိ တာဝန်ယူတယ်။
(၃) အသင်းဝင်တစ်ယောက် တစ်မဲပဲ ပေးနိုင်တယ်။
(၄) အသင်းကိစ္စများကို ကော်မတီဖွဲ့ပြီး လုပ်ကိုင်စေမယ်။
(၅) အမြတ်ကို မခွဲဘဲ ရန်ပုံငွေအဖြစ် ထားတယ်။

ဒီဘဏ်တွေက ရက်ဖေဆန်လို လူမျိုးများဆီက ပထမ ငွေချေးတယ်။ ဒီငွေနဲ့ အသင်းသားတွေကို ပြန်ချေးတယ်။ ဒီစနစ်အရ တောင်သူလယ်သမားတွေဟာ အတော်သက်သာချောင်ချိတယ်။ ဘဏ်တွေဟာလည်း ငွေတွေတိုးပွားလာတယ်။ နောက် ဘဏ်အလုပ်များအပြင် ပစ္စည်းများလည်း ဝယ်ဖြန့်ဖြူးတယ်။ နောက် ဒီဘဏ်တွေကပေါင်းပြီး ဗဟိုဘဏ်တစ်ခုကို ထောင်တယ်။ အဲဒီဗဟိုဘဏ်ထောင်တော့ အသင်းသားများကို နှစ်ရှည်ရှည် ငွေချေးလာနိုင်တယ်။ လယ်ယာလုပ်ငန်းများမယ် ငွေဝင်ကြီးကျ အကုန်များတဲ့ လုပ်ငန်းများကို လုပ်လာနိုင်တယ်။ ဒီစနစ်ကို အိန္ဒိယပြည်ကို ယူလာပြီး ၁၉၀၄ ခုနှစ် သမဝါယမအက်ဥပဒေကို လုပ်တယ်။ ဗမာပြည်ဟာ အဲဒီအချိန်က အိန္ဒိယပြည်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လေတော့ ဒီစနစ်ဟာ ဗမာပြည်ကို ရောက်လာတာပဲ။

၁၀။ နောက်ဆုံးပြောချင်တဲ့ ရာဇဝင်ကတော့ ရုရှားပြည်ရဲ့ သမဝါယမရာဇဝင်ပဲ။ ရုရှားပြည်ကျေးရွာတွေမယ် မား (Mir) ဆိုတဲ့ စနစ်ရှိတယ်။ ဒီစနစ်က ကျေးရွာက မြေကိစ္စ၊ အလုပ်ကိစ္စတို့ကို စဉ်းစားဆုံးဖြတ်တဲ့ စနစ်ပဲ။ ဆိုဗီယက် အစိုးရအာဏာမရခင်က မြေတွေကို မှူးကြီးမတ်ရာတွေ၊ မင်းမျိုးမင်းနွယ်တွေက ဧရာမမြေကွက်ကြီးတွေပိုင်ပြီး ဒီမြေကွက်တွေကို မြေကျွန်တစ်ပိုင်းဖြစ်နေတဲ့ တောင်သူလယ်သမားများက လုပ်ကြရတယ်။ တောင်သူလယ်သမားတွေကတော့ သူတို့ရွာလေးတွေ သူတို့နေ၊ သူတို့ပိုင်တဲ့

mgyoe.com

mgyoe.com


မြေကွက်ကလေး နည်းနည်းလည်းရှိတယ်။ ဒီမြေကွက်ကလေးတွေကို ကျေးရွာဓလေ့ ထုံးစံအတိုင်း အုပ်ချုပ်လုပ်ကိုင်ကြတာပဲ။ ဆိုဗီယက်တို့ အာဏာရလာတဲ့အခါကျတော့ စုပေါင်းထွန်ယက်ရေးစနစ်ကို ထည့်သွင်းပေးတယ်။ ဒီစနစ်က ဘယ်လိုလဲဆိုရင် ရှေးက မှူးကြီးမတ်ရာတွေပိုင်တဲ့ ရောမမြေကွက်ကြီးတွေကို၊ ရွာတွေကို အပိုင်ပေးတယ်။ ဒီမြေကွက်ကို ကျေးရွာတောင်သူလယ်သမားများရဲ့ ကော်မတီက အုပ်ချုပ်တယ်။ တောင်သူလယ်သမားတွေကတော့ လုပ်ရက်အလိုက် အခကြေးငွေရတယ်။ အချို့ကို ကောက်ပဲသီးနှံ၊ အချို့ကို ငွေရတယ်။ နှစ်လည်တဲ့အခါကျတော့ အစိုးရကို ကောက်ပဲသီးနှံအချို့ကို ကန့်သတ်တဲ့ဈေးနဲ့ ရောင်းတယ်။ အားလုံးအမြတ်ကို စုပေါင်းလယ်ယာအဖွဲ့ဝင်တွေ ခွဲယူကြတယ်။ အဖွဲ့တွေက ဘယ်လိုကောက်ပဲသီးနှံစိုက်တယ်။ ဘယ်လောက်စိုက်ရမယ်ဆိုတာတော့ တစ်နိုင်ငံလုံးအတွက် စီမံကိန်းချ။ နိုင်ငံစီမံကိန်းကို နယ်အလိုက် လိုတာခန့်ခွဲ၊ နယ်လိုတာကို ခရိုင်လိုတာခွဲ၊ ခရိုင်က တစ်ခါအဖွဲ့အလိုက် ခွဲပေးတယ်။ ဒီဟာကတော့ အတော်မြင့်တဲ့ သမဝါယမအဆင့်အတန်းပဲ။ ဒီလိုလုပ်တဲ့ နေရာမယ်လည်း အခက်အခဲများစွာ တွေ့ရတယ်။ လယ်သမားတွေရဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုစိတ်ဟာ အကြီးဆုံးအခက်အခဲပဲ။

၁၁။ ကျွန်တော် ခုပြောခဲ့တဲ့ တိုင်းပြည်လေးပြည်ရဲ့ သမဝါယမရာဇဝင်ကို အရေးကြီးတဲ့ သမဝါယမအမျိုးအစား လေးစားကို ပေါ်လွင်အောင်ပြောခဲ့ပါတယ်။ အဲဒီတိုင်းပြည်တွေမယ် သမဝါယမများ တည်ထောင်တဲ့နေရာမယ် အခက်အခဲများစွာကို တွေ့ကြရတယ်။ ပထမအခက်အခဲကတော့ သမဝါယမလုပ်ငန်းကြောင့် ထိခိုက်တဲ့ လူတန်းစားများရဲ့ အန္တရာယ်ပဲ။ သမဝါယမလုပ်ငန်းဟာ လုပ်ငန်းကြီးတွေမယ် မဟုတ်ဘူး။ လုပ်ငန်းကလေးတွေမယ်သာ ဖြစ်တယ်။ ဒီတော့ ကုန်သည်ပွဲစားကလေးတွေဟာ သမဝါယမကို မလိုလားကြဘူး။ သက်သေပြရရင် ဟစ်တလာရဲ့ နာဇီပါတီဟာ ကုန်သည်ပွဲစား ဆိုင်ရှင်ကလေးတွေကို ကိုယ်စားပြုတယ်။ နာဇီပါတီ အာဏာရတဲ့အခါ သမဝါယမတွေကို အားလုံးဖျက်သိမ်းပစ်တာပဲ။ ဒုတိယအခက်အခဲကတော့ လူများရဲ့ မသိနားမလည်မှုပဲ။ လူတွေဟာ ပုဂ္ဂလိကစိတ်တွေ၊ အပြိုင်အဆိုင်စိတ်တွေ စွဲနေတော့ ပူးပေါင်းဆောင်ရွက်တဲ့ စိတ်ဝင်ဖို့ရာ အတော်အချိန်ကြာတယ်။ အဲဒီအခက်အခဲကြောင့် ခေါင်းဆောင်ကောင်းနည်းပါးပြီး သမဝါယမလုပ်ငန်းမယ် မဟုတ်မတရားတွေ ဖြစ်ခဲ့တာပဲ။ ဒါပေမဲ့ ကာလရှည်လာတဲ့အခါမယ် ဒီချို့ယွင်းချက်တွေဟာ တဖြည်းဖြည်းပပျောက်လာတာပဲ။

၁၂။ ဒီလို တိုင်းပြည်တွေမယ် သမဝါယမအသင်းတွေ ပေါ်ပေါက်လာတဲ့အခါ ဒီအသင်းတွေဟာ ပြည်တွင်းမယ် စုပေါင်းပြီး သမဝါယမ အဖွဲ့ချုပ်များ တည်ထောင်ကြတယ်။ အချို့တိုင်းပြည်များမယ်တော့ လုပ်ငန်းတစ်ခုအတွက် အဖွဲ့ချုပ် သီးခြားထောင်ကြတယ်။ အချို့တိုင်းပြည်များမယ်တော့ လုပ်ငန်းအားလုံးချုံ့ပြီး အဖွဲ့ချုပ်တစ်ခုတည်း ထောင်ကြတယ်။ တိုင်းပြည်နဲ့ သမဝါယမ တိုးတက်မှုအခြေအနေအလျောက် ဖြစ်ပေါ်လာကြ

mgyoe.com

mgyoe.com


တာပဲ။ နောက်တဖြည်းဖြည်း လုပ်ငန်းတိုးတက်လာတဲ့အခါမယ် တိုင်းပြည်တစ်ပြည်က သမဝါယမအဖွဲ့ချုပ်တစ်ခုနဲ့၊ တခြားတိုင်းပြည်က သမဝါယမအဖွဲ့ချုပ်တစ်ခု ဆက်သွယ်လာကြတယ်။ ဥပမာဆိုလျှင် အင်္ဂလန်က လက္ကားသမဝါယမနဲ့ ဟော်လန်၊ နယူးဇီလန်က လက္ကားသမဝါယမတွေပေါင်းပြီး ကုန်အချို့ကို ရောင်းချကြတယ်။ ဒီလိုလုပ်ငန်းတွေပေါင်းစပ်ပြီးလုပ်လာတော့ ကမ္ဘာ့သမဝါယမအဖွဲ့ချုပ်တွေ ပေါ်ပေါက်လာဖို့ အခြေရှိလာတယ်။ ၁၈၉၅ ခုနှစ်ကစပြီး ကမ္ဘာ့သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance) ဆိုပြီး တည်ထောင်လာတယ်။

အဲဒီအဖွဲ့ချုပ်မယ် တိုင်းပြည်အသီးသီးရဲ့ စားသုံးသူ သမဝါယမအဖွဲ့ချုပ်တွေ ပါဝင်တယ်။ တောင်သူလယ်သမား သမဝါယမအဖွဲ့များလည်း ပါဝင်တယ်။ အဖွဲ့ချုပ်ဟာ သုံးနှစ်တစ်ကြိမ် ကွန်ဂရက်လုပ်တယ်။ သမဝါယမဝါဒနဲ့ လုပ်ငန်းများကို ဆွေးနွေးနိုင်တယ်။ အဖွဲ့ချုပ်ကလည်း သမဝါယမ ငွေအချိန် သင်တန်းများကိုလည်း ကျင်းပနိုင်တယ်။ အရေးအကြီးဆုံးကတော့ သမဝါယမအသင်းများဟာ တစ်ဦးရဲ့အတွေ့အကြုံဗဟုသုတတွေကို တစ်ဦးအားပေးနိုင်တာပဲ။ အစက အဲဒီကမ္ဘာ့သမဝါယမ အဖွဲ့ချုပ်မယ် တောင်သူလယ်သမား သမဝါယမအဖွဲ့တွေ ပါတယ်။ ဒါပေမဲ့ ၁၉၀၄ ခုနှစ်က တောင်သူလယ်သမား သမဝါယမအဖွဲ့များနဲ့ သဘောကွဲလွဲပြီးတော့ ကွဲကြတယ်။ ၁၉၄၆ ခုနှစ်မယ် ကမ္ဘာ့လယ်သမားအဖွဲ့ချုပ်ကို ထောင်တယ်။ ခုအချိန်အခါမယ် သမဝါယမအဖွဲ့ပေါင်းစုံပါတဲ့ ကမ္ဘာ့သမဝါယမအဖွဲ့ချုပ်တစ်ခု မရှိသေးဘူး။ ဒါပေမဲ့ သမဝါယမအသင်းများဟာ အားလုံး စိတ်တူ၊ သဘောတူရှိကြတာပဲ။ တစ်နေ့ကျ ပေါ်ပေါက်ဖို့ အကြောင်းရှိမှာပဲ။

## (၂) ဗမာ့သမဝါယမရာဇဝင်

၁၃။ ။ကျွန်တော် ပြောခဲ့တဲ့အတိုင်း ဗမာပြည်မယ် သမဝါယမလုပ်ငန်း ပထမ စတင်လုပ်တာက ၁၉၀၄ ခုနှစ်လောက်က ဖြစ်တယ်။ စပြီးလုပ်တာက ငွေစုငွေချေးအသင်းတွေ လုပ်တယ်။ ရည်ရွယ်ချက်က တောင်သူလယ်သမားများ သက်သာချောင်ချိရေးဖြစ်တယ်။ နောက် တဖြည်းဖြည်း သမဝါယမရောင်းဝယ်ရေးအသင်း စသည်တို့ ဖြစ်ပေါ်လာတယ်။ ဒါပေမဲ့ အများဆုံးအသင်းကတော့ ငွေစုငွေချေးအသင်းပဲ ဖြစ်တယ်။ အဲဒီလုပ်ငန်းလုပ်တဲ့အချိန်ဟာ ဗမာပြည်မယ် နိုင်ငံခြား ရောင်းဖို့ စပါးစိုက်ပျိုးတဲ့စနစ် ထွန်းကားတဲ့အချိန်၊ ငွေရှိသူများဟာ မြေကိုဝယ်ပြီး အရင်းအနှီးမြှုပ်၊ တောင်သူလယ်သမားတွေကို စပါးပေး၊ ငွေတိုးပေးတဲ့အချိန်၊ ချစ်တီးများ အခြေတည်မိတဲ့အချိန် ဖြစ်တယ်။ အဲဒီအချိန်မယ် ဗမာရွာတွေမှာရှိတဲ့ ရှေးဓလေ့ထုံးစံတွေဟာ ယိုင်ယိမ်းလာတယ်။ ရွာလိုက် စုပေါင်းစိုက်၊ စုပေါင်းရိတ်၊ ရွာလိုက် မြေမှုကိစ္စတွေကို ဖြေရှင်းတဲ့စနစ်တွေ ရှေးကျေးရွာ ယဉ်ကျေးမှုတွေဟာ ယိမ်းယိုင်လာတဲ့အချိန်ဖြစ်တယ်။ အဲဒီအချိန်မယ် သမ

mgyoe.com

mgyoe.com


ဝါယမ ငွေစုငွေချေးဘဏ်တွေထောင်တော့ တောင်သူလယ်သမားရော၊ ဘဏ်အလုပ်သမားများရော သိပ်ဝမ်းသာကြတာပေါ့။ အသင်းတွေ အရေအတွက်အားဖြင့် သိပ်တိုးတက်တယ်။ ဒါပေမဲ့ လုပ်တဲ့နေရာမယ် သမဝါယမကော်မတီများ မရိုးသားမှုရယ်၊ တောင်သူလယ်သမားများ မသိနားမလည်မှုရယ်ကြောင့် အသင်းတွေဟာ ၁၉၃၀ ပြည့်နှစ် စီးပွားရေး ဆုတ်ယုတ်ချိန်မယ် ပျက်ပြားကုန်ကြတယ်။ အဲဒီပျက်ပြားတဲ့အခါ အသင်းတွေကို ပျက်မလို ဖြစ်နေချိန်မယ်၊ သမဝါယမမင်းကြီး ဦးတင်ကြီးက အသင်းတွေကိုမဖျက်ဘဲ ကြွေးတွေကို မြေဈေးအလိုက် လျှော့ပစ်၊ ကျန်တဲ့အကြွေးကို နှစ်စဉ် အရစ်ကျဆပ်ဆိုပြီး အသင်းတွေကို ပြန်စည်းရုံးတယ်။ အဲဒီလို စည်းရုံးနေတဲ့ အချိန်မှာပဲ ဂျပန်တွေ ဝင်လာလို့ အလုပ်ဟာ ဆိုင်းလိုက်ရတယ်။ ဂျပန်ခေတ်မှာတော့ သမဝါယမလုပ်ငန်းဟာ ရပ်မသွားဘူး၊ ဆက်ပြီး လုပ်သွားနိုင်တယ်။ ထူးခြားတာကတော့ စပါးစိုက်ပျိုးရေးစီမံကိန်းနဲ့ တိရစ္ဆာန်မွေးမြူရေးစီမံကိန်းနဲ့ သမဝါယမလုပ်ငန်းကို ဆက်စပ်တာပဲ။ စစ်ပြီးတဲ့နောက်မယ်၊ စစ်မဖြစ်ခင်က သမဝါယမအသင်းများကို ပြန်လည်ဖွဲ့စည်းတဲ့လုပ်ငန်းကို ဆက်လက်လုပ်ကိုင်တယ်။ နောက်ပြီး စားသုံးသူ သမဝါယမများဆိုပြီး ဖွဲ့စည်းပေးခဲ့တယ်။

၁၄။ ဗမာ့သမဝါယမရာဇဝင်မယ် အရေးကြီးတဲ့အချက်တစ်ခုကတော့ မူလပထမက သမဝါယမလုပ်ငန်းလုပ်ဖို့ အက်ဥပဒေဟာ ဗမာပြည်အပါအဝင်ဖြစ်တဲ့ အိန္ဒိယတိုင်းပြည်အတွက် လုပ်ပေမယ့်လို့ နောက်နှစ်များမကြာမီမှာပဲ ဗမာပြည်ရဲ့အခြေအနေဟာ အိန္ဒိယအက်ဥပဒေနဲ့ မလုံလောက်ဘူး။ သတ်သတ်အက်ဥပဒေလုပ်ဖို့ လိုတယ်လို့ တွေ့ရတယ်။ ဒါကြောင့် ၁၉၂၇ ခုနှစ်မယ် ဗမာပြည်သမဝါယမ အက်ဥပဒေကို သတ်သတ်လုပ်ခဲ့တယ်။ နောက်တစ်ချက်ကတော့ သမဝါယမလုပ်ငန်းကို စတင်လုပ်ကိုင်တဲ့အခါက အင်္ဂလိပ်အရာရှိကြီးများကိုပဲ သမဝါယမမင်းကြီးခန့်တယ်။ အဲဒီလို ခန့်တဲ့အလျောက် ဗမာတွေရဲ့စိတ်ဓာတ်၊ ဗမာတွေရဲ့အတွေးအခေါ်ကို ကောင်းကောင်းမသိနိုင်ဘူး။ မသိနိုင်တဲ့အတွက် သမဝါယမများကို ကြပ်ကြပ်မတ်မတ် မလုပ်နိုင်ခဲ့တာပဲ။ တတိယအချက်ကတော့ ဖက်ဆစ်ဂျပန်ခေတ်မယ် တောင်မှ သမဝါယမလုပ်ငန်း ကုန်ထုတ်လုပ်ငန်းနဲ့စပ်ပြီး ဆက်လုပ်နိုင်တဲ့အချက်ပဲ။ အဲဒီလိုလုပ်တဲ့ နေရာမှာလည်း ဂျပန်တော်လှန်ရေးလုပ်ငန်း၊ နိုင်ငံရေးလုပ်ငန်းတွေ ကိုပါ ဖက်စပ်ပြီး လုပ်သွားနိုင်တဲ့အချက်ပဲ။

## (၃) ရာဇဝင်သင်ခန်းစာများနှင့် သမဝါယမအခြေခံမှုများ

၁၅။ ခုပြောခဲ့တဲ့ ကမ္ဘာ့သမဝါယမရာဇဝင်၊ ဗမာ့သမဝါယမရာဇဝင်ကို လေ့လာဆင်ခြင်ရင် ထွက်ပေါ်လာတဲ့အချက်တွေ ကျွန်တော် တစ်ခုစီထုတ်ပြလိုပါတယ်။

(၁) ပထမအချက်ကတော့ သမဝါယမစနစ်ဟာ သဘာဝအခက်အခဲကို ကျော်လွှားဖို့ လူတွေ စုပေါင်းလုပ်တဲ့စနစ် မဟုတ်ဘူး။ လူတွေတည်ထောင်တဲ့စနစ်တစ်ခုမယ် လူအချင်းချင်း မျှတမှုကို ပယ်ဖျက်ဖို့လုပ်တဲ့ စနစ်သာဖြစ်တယ်။ ခပ်ကျဉ်း

mgyoe.com

mgyoe.com


ကျဉ်းပြောရရင် အရင်းရှင်စနစ်အောက်မယ် အရင်းရှင်များ ခေါင်းပုံဖြတ်စနစ်ကို ကာကွယ်တဲ့စနစ် ဖြစ်တယ်။

(၂) ဒုတိယအချက်ကတော့ သမဝါယမစနစ်ဟာ သမဝါယမအသင်းဝင်အချင်းချင်း ပြိုင်ဆိုင်မှု၊ အမြတ်ထုတ်မှုကို ပယ်ခြင်းဖြစ်တယ်။ ဒီအချက်နဲ့ တစ်ဆက်တည်းကတော့ အသင်းဝင်မဟုတ်လျှင် အမြန်ထုတ်နိုင်တဲ့ အခြေရှိတဲ့အချက်ပဲ။ ဥပမာဆိုရင် အင်္ဂလန်က လက်ကားသမဝါယမအသင်းဟာ အိန္ဒိယတို့၊ သီဟိုဠ်တို့မှာ လက်ဖက်ခြောက်ခြံကြီးတွေ ပိုင်တယ်။ ဒီလက်ဖက်ခြောက်ခြံကြီးတွေက အလုပ်သမားများဟာတော့ သမဝါယမစနစ်နဲ့ မလုပ်ဘူး။

(၃) တတိယအချက်ကတော့ သမဝါယမစနစ်ဟာ အလုပ်သမား တောင်သူလယ်သမား ပစ္စည်းမဲ့ လက်မှုပညာသည်ကလေးများ သက်သာချောင်ချိစေရန် နည်းလမ်းဖြစ်တယ်။ အဲဒါကြောင့်လည်း လုပ်ငန်းကလေးတွေမှာသာ ဖြစ်ထွန်းပြီးလုပ်ငန်းကြီးတွေကျတော့ သမဝါယမစနစ်ဟာ မဖြစ်ထွန်းနိုင်ဘူး။ တိုတိုဆိုရရင် အရင်းရှင်စနစ်ကို အစားထိုးနိုင်တဲ့စနစ် မဟုတ်ဘူး။

(၄) စတုတ္ထအချက်ကတော့ သမဝါယမအသင်းများဟာ မူလက နိုင်ငံရေးကိစ္စနဲ့ လုံးဝမသက်ဆိုင် မရောနှောလို့ ရည်ရွယ်ချက်ထားပေမယ့်လို့ လုပ်ရင်းလုပ်ရင်း နိုင်ငံရေးကို မဝင်ဘဲမနေနိုင်တဲ့ ကိစ္စပဲ။

(၅) ပဉ္စမအချက်ကတော့ တိုင်းပြည်အမျိုးမျိုးမယ် ပေါ်ပေါက်ခဲ့တဲ့ သမဝါယမများဟာ အဲဒီတိုင်းပြည်တွေရဲ့ အခြေအနေအရ ပေါ်ပေါက်လာပြီး တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် မတူတာတွေ၊ ကွဲလွဲတာတွေ အများကြီးရှိတယ်ဆိုတဲ့အချက်ပဲ။

(၆) ဆဋ္ဌမအချက်ကတော့ အချို့တိုင်းပြည်များမယ် သမဝါယမစနစ်ကို စတင်တည်ဆောက်တဲ့အခါမယ် အစိုးရက အကူအညီပေးပေမယ့်လို့ တိုင်းပြည်လူထုကိုယ်တိုင်က ဝင်ရောက်လုပ်ကိုင်မှသာ သမဝါယမစနစ်ဟာ အောင်မြင်တယ်ဆိုတာပဲ။

၁၆။ ခုပြောခဲ့တဲ့ ရာဇဝင်သင်ခန်းစာများကိုလည်းမှီ၊ သမဝါယမရာဇဝင်ကိုလည်းကြည့်ပြီး သမဝါယမအခြေခံဝါဒကို ရှင်းပြလိုပါတယ်။ အခြေခံဝါဒမယ် ဘယ်သမဝါယမမှ လက်မလွှတ်နိုင်တဲ့ အချက်ခြောက်ချက်ရှိပါတယ်။

(၁) အသင်းလုပ်တဲ့ လုပ်ငန်းအတွင်း မည်သူမဆို လွတ်လပ်စွာ အသင်းဝင်နိုင်ခွင့်ရှိရမယ်။

(၂) အရင်းငွေထည့်ကြတဲ့ နေရာမယ် အသင်းဝင်တိုင်း ညီတူနိုင်သမျှ ညီတူအောင်ထည့်ကြရမယ်။ ညီတူမနိုင်ရင် ခြားနားချက်ဟာ အနည်းဆုံး ဖြစ်ရမယ်။

(၃) အသင်းရဲ့ ကိစ္စမယ်ဆိုရင် အသင်းဝင်တိုင်း ဆန္ဒမဲ ညီတူညီမျှ ရရှိရမယ်။

(၄) အသင်းအလုပ် လုပ်တဲ့အခါမယ် များသောအားဖြင့် အသင်းဝင်များနဲ့သာ ရောင်းဝယ်ဖောက်ကားမှု လုပ်ရမယ်။

mgyoe.com

mgyoe.com


(၅) အသင်းဝင်တိုင်းလည်း အသင်းလုပ်တဲ့ လုပ်ငန်းမျိုးမယ်ဆိုရင် အသင်းနဲ့သာ ရောင်းဝယ်ဖောက်ကားမှု လုပ်ရမယ်။

(၆) အသင်းရရှိတဲ့ အသားတင်ပိုလျှံတဲ့ငွေ ရိုးရိုးခေါ်ရင် အမြတ်ငွေကို အသင်းနဲ့ ရောင်းဝယ်ဖောက်ကားမှုလုပ်တဲ့ တန်ဖိုးအလိုက် ခွဲဝေရမယ်။

ဒီအချက်ခြောက်ချက်ဟာ သမဝါယမအသင်းတိုင်း၊ လုပ်ငန်းတိုင်း လိုက်နာရမယ့်အချက်တွေ ဖြစ်တယ်။ ဒီအချက်တွေရဲ့ သဘောကတော့ သမဝါယမဆိုတာ လူအများ နေထိုင်မှု သက်သာချောင်ချိအောင်၊ ကောင်းအောင်လုပ်ရတဲ့အတွက် လူတိုင်းပါနိုင်စေရမယ်။ ဒီလိုကောင်းအောင်လုပ်တဲ့နေရာမှာလည်း လူတိုင်းက တာဝန်အသီးသီးယူပြီး လုပ်မှဖြစ်မှာမို့ သမဝါယမအသင်းဝင်များဟာ တာဝန်အသီးသီးယူကြရတယ်။ ဒီလို စုပေါင်းရိုင်းပင်းပြီး လုပ်တဲ့နေရာမယ် ပေါင်းစပ်ထားတဲ့ အသင်းအပင်းဟာ အရေးအကြီးဆုံးဖြစ်တဲ့အတွက် ဒီအသင်းနဲ့ပဲ ဆက်သွယ်ရမယ်။ အခြားကုန်သည်တစ်ဦး တစ်ယောက်နဲ့ မဆက်သွယ်ရဘူး။ အဲဒီလို ဆက်သွယ်လုပ်ကိုင်တဲ့နေရာမယ် အသင်းဟာ အမြတ်မယူဘဲ အရင်းနဲ့ရောင်းရမယ်။ အခြေခံသဘောက ဒါပဲ၊ လွယ်လွယ်ကလေးပဲ။ လုပ်ကိုင်တဲ့ နေရာမှာသာ တစ်ဦးအကျိုး၊ တစ်စုအကျိုး စသည်ဖြင့် ပါဝင်လာပြီး အခက်အခဲတွေ တွေ့တာပဲ။

### (၄) ဗမာ့စီးပွားရေး ယဉ်ကျေးမှုအခြေအနေနှင့် သမဝါယမ ဝါဒ

၁၇။ ခုပြောခဲ့တဲ့ သမဝါယမ သဘောတွေ၊ မူတွေ၊ အချက်တွေဟာ ဗမာပြည်နဲ့ သင့်တော်သလား၊ မသင့်တော်ဘူးလားဆိုတာကို စဉ်းစားဖို့လိုလာမယ်။ အဲဒီလို စဉ်းစားတဲ့အခါမယ် အချက်နှစ်ချက်ပေါ် မူတည်ရပါမယ်။

(၁) ဗမာ့စီးပွားရေးအခြေအနေဟာ သမဝါယမစနစ်နဲ့ လုပ်ကိုင်လို့ ဖြစ်နိုင်မယ့် အခြေရှိရဲ့လား။

(၂) သမဝါယမစနစ်ဟာ ဗမာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီရဲ့လား။

၁၈။ ဗမာ့စီးပွားရေးအခြေအနေဟာ အလွန်ပဲဆိုးရွားပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က ကျွန်တော်တို့ အချုပ်အခြာအာဏာကို ရရှိပေမယ့်လို့ အဲဒီနေ့က စီးပွားရေးလုပ်ငန်းတွေမယ် စစ်မဖြစ်မီကလိုပဲ ပိုင်ဆိုင်မှုပြောင်းလွဲခြင်း မရှိခဲ့ဘူး။ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းတွေမယ် လုပ်ငန်းကြီးဟူသမျှဟာ နိုင်ငံခြားသားတွေသာ ပိုင်တယ်။ လုပ်ငန်းအလတ်မယ်လည်း နိုင်ငံခြားသားတွေသာ ပိုင်တယ်။ ဗမာများကတော့ ဆန်စက်၊ သစ်စက် စတဲ့ အင်မတန်သေးငယ်တဲ့ လုပ်ငန်းကလေးတွေနဲ့ သိမ်ကြီးဈေး လက်လီဆိုင်လောက်သာ ပိုင်တယ်။ အဲဒီလို ဖြစ်တဲ့အတွက် စစ်မဖြစ်မီကဆိုရင် ကျွန်တော်တို့ တိုင်းပြည်က အမြတ်တစ်နှစ်ကို ၂၅ ကုဋေမျှ နှစ်စဉ် နိုင်ငံခြားသားတွေ ထုတ်သွားနိုင်တယ်။ ဗမာပြည် ကျွန်နိုင်ငံဖြစ်တဲ့

mgyoe.com

mgyoe.com


နေ့ကစပြီး တစ်နှစ်မှ အမြတ်ထုတ်မသွားတာ မရှိဘူး။ သည်လို နှစ်စဉ်ထုတ်သွားတော့ ဗမာပြည်က အလုပ်သမား၊ လယ်သမားတွေဟာ အလုပ် ဘယ်လိုပိုလုပ်လုပ်၊ လုပ်သမျှဟာ သူတို့ မစားရ၊ တိုင်းပြည်ထဲက အခြားလူလည်း မစားရ၊ ရာခိုင်နှုန်း ငါးဆယ်၊ ခြောက်ဆယ်လောက်ကို သူများစားသွားတာ တွေ့ရတယ်။ သည်တော့ တိုင်းပြည်ရဲ့ စီးပွားရေးကို မြှင့်တင်ချင်ရင် သည်ကြီးကျယ်တဲ့ ယိုပေါက်ကြီးကို ပိတ်ဖို့လိုတယ်။ ပိတ်တဲ့နေရာမယ် ကဏ္ဍအားခြားပြီး တာဝန်ခွဲပိတ်ရမယ်။ ယိုပေါက်ရဲ့အကြောင်းက လုပ်ငန်းကြီးလေးခုရှိတယ်။

(က) ကုန်ထုတ်လုပ်ငန်းကြီးများ၊

(ခ) ကုန်သွယ်လုပ်ငန်းကြီးများ၊

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးများ၊

(ဃ) ဘဏ်လုပ်ငန်းကြီးများ၊

ကုန်ထုတ်လုပ်ငန်းကြီးများအတွက်ဆိုရင် သည်ယိုပေါက်ပိတ်အောင် အစိုးရကရင်လည်းလုပ်၊ သို့မဟုတ် တိုင်းရင်းသား အရင်းရှင်များကရင်လည်းလုပ်။ လုပ်ငန်းကြီးဖြစ်တဲ့အတွက် သမဝါယမအသင်းများနဲ့ လုပ်နိုင်မယ်မဟုတ်ဘူး။ ကုန်သွယ်လုပ်ငန်းကြီးများမယ်ဆိုရင် အစိုးရ၊ တိုင်းရင်းသား အရင်းရှင်များဟာ ကုန်ထုတ်လုပ်ငန်းကြီးတွေကိုသာ သေသေချာချာ လုပ်ရမယ်ဆိုရင် ကုန်သွယ်လုပ်ငန်းလုပ်ဖို့ တတ်နိုင်မယ်မဟုတ်ဘူး။ အစိုးရမယ်လည်း ဘဏ္ဍာရေးကျပ်တည်းတယ်၊ တိုင်းရင်းသား အရင်းရှင်တွေမယ်လည်း အရင်းနည်းပါးတယ်။ ခန့်မှန်းခြေအားဖြင့်ဆိုရင် တိုင်းရင်းသားအရင်းရှင်များရဲ့ လက်ထဲမယ် အရင်းငွေ ခြောက်ကုဋေထက် မပိုဘူးထင်ပါတယ်။ ဒါကြောင့် ကုန်သွယ်လုပ်ငန်းများမယ် သမဝါယမက အဓိကအင်အားအဖြစ်နဲ့ လုပ်ဖို့လိုတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးများကိုတော့ အစဉ်အလာအရ အစိုးရကပဲ လုပ်ရမှာပဲ။ ဘဏ်လုပ်ငန်းကြီးများအတွက်တော့ အစိုးရရော၊ သမဝါယမပါ အသီးသီးလုပ်ဖို့ပဲ။ ကျွန်တော်ဆိုလိုတာက ဗမာ့စီးပွားရေး မြှင့်တင်တဲ့နေရာမယ် သမဝါယမများဟာ ကုန်သွယ်လုပ်ငန်းနဲ့ ဘဏ်လုပ်ငန်းများမယ် တာဝန်ရှိတယ်ဆိုတာပါပဲ။ ဒါတင်လည်း မကသေးပါဘူး။ တိုင်းပြည်ဖူလုံမှုကို ရှေးရှုပြီး ကုန်ထုတ်လုပ်ငန်း ကလေးတွေ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကလေးတွေမယ်လည်း သမဝါယမများဟာ တာဝန်ရှိပါတယ်။

၁၉။ သမဝါယမဝါဒဟာ ဗမာ့ယဉ်ကျေးမှုနဲ့ ညီညွတ်ကဲ့လားလို့ စိစစ်ဖို့ လိုပါသေးတယ်။ ကျွန်တော်တို့လူမျိုးမယ် မင်္ဂလာဆောင်၊ အလှူ၊ မသာ၊ လင်ကွဲ၊ မယားကွဲကစပြီး သာရေး၊ နာရေးဟာ လူတစ်ဦးတစ်ယောက်ရဲ့ အရေး မဟုတ်၊ ရပ်ရေး၊ ရွာရေးဖြစ်တယ်ဆိုတာ လူတိုင်းသိတယ်။ သာသနာရေးတောင်မှ လူတစ်ဦးရဲ့အရေးမဟုတ်၊ ရပ်ရေး၊ ရွာရေးပဲ။ ဥပုသ်စောင့်တာတောင် စုပြီးစောင့်တယ်။ ဘုရားရေသပ္ပာယ်တာတောင် စုပြီး သပ္ပာယ်တယ်။ သည်လို စုပေါင်းလုပ်တဲ့ အလေ့အထဟာ သာရေး၊ နာရေးတင်မဟုတ်ဘူး၊ စီးပွားရေးမယ်လည်း ရှိတယ်။ ကျေးရွာတွေမယ် ခုအချိန်အထိ အထက်ဗမာပြည်ဆိုရင်

mgyoe.com

mgyoe.com


ကောက်စိုက်၊ ကောက်ရိတ်ကို အိုးစည်၊ ဗုံမောင်းနဲ့ စုပေါင်းလုပ်ကြတယ်။ အိမ်ကို စုပေါင်း ဆောက်ပေးကြတယ်။ သည်စနစ်တွေကို ကျွန်တော်တို့က မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ တာဝန်လည်းရှိတယ်။ သည်စနစ်တွေနဲ့ တိုးတက်တဲ့လုပ်ငန်းတွေလုပ်မှလည်း တိုင်းပြည် တိုးတက်မယ်။ သည်တော့ သည်စနစ်တွေကို အခြေခံပြီး သည်စနစ်တွေကိုလည်း ပိုမိုတောင့်တင်းလာအောင် လုပ်နိုင်တဲ့နည်းဟာ တစ်ခုပဲရှိတယ်။ သမဝါယမစနစ်ပဲ၊ ဒါကြောင့် သမဝါယမစနစ်ဟာ ဗမာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီရုံတွင်မက ဗမာ့ယဉ်ကျေးမှုကိုလည်း ခိုင်မြဲအောင်လုပ်ပေးမယ့်စနစ်လို့ ကျွန်တော် ပြောလိုပါတယ်။

### (၅) လက်ရှိ စီမံကိန်း

၂၀။ သည်လို ကျွန်တော်တို့ရဲ့ စီးပွားရေးအခြေအနေ၊ ယဉ်ကျေးမှုအခြေအနေဟာ သမဝါယမစနစ်နဲ့ ကိုက်ညီတယ်လို့ ယုံကြည်ချက်ကြောင့် ကျွန်တော်တို့ သမဝါယမ စီမံကိန်းတစ်ခုကို ရေးဆွဲနေပါတယ်။ အသေးစိတ်ကိုတော့ မကြာခင် တိုင်းပြည်ကို တင်ပြနိုင်ပါလိမ့်မယ်။ အကြမ်းအားဖြင့် စီမံကိန်းအချက်အလက်တွေကို ခု ရှင်းပြလိုပါတယ်။ အထက်က ကျွန်တော်ပြောခဲ့တဲ့အတိုင်း သမဝါယမစီမံကိန်းရဲ့ ရည်ရွယ်ချက်ကတော့ သုံးခုရှိပါတယ်။

(က) ကုန်သွယ်လုပ်ငန်းမယ် အရင်ကရှိတဲ့ ယိုပေါက်ပိတ်နိုင်အောင်နဲ့ လူအများ အရေးကြီးတဲ့ ပစ္စည်းများကို ဈေးမှန်မှန် တည်တည်တံ့တံ့ ရရှိရမယ်။

(ခ) ပြည်တွင်း ဖူလုံနိုင်သမျှ ဖူလုံအောင် ကုန်ထုတ်လုပ်ငန်းကလေးများ၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းကလေးများကို လုပ်ကိုင်ရမယ်။

(ဂ) အဲသည်လုပ်ငန်းနဲ့ လုပ်ငန်းလုပ်တဲ့လူတွေကို စုစည်းရမယ်။

၂၁။ သည်ရွယ်ချက်တွေ ဖြစ်အောင် စီမံကိန်းကချထားတဲ့ လုပ်ငန်းငါးရပ်ရှိတယ်။

(၁) ကျေးရွာအုပ်စုတိုင်း၊ ကျေးရွာအုပ်စုတိုင်းမယ် သမဝါယမ တစ်ခုစီရှိရမယ်။ တောင်သူလယ်သမားများတဲ့ ကျေးရွာအုပ်စုမယ် လယ်ယာသမဝါယမ ဖြစ်မယ်။ တံငါကျေးရွာအုပ်စုမယ် တံငါသမဝါယမ ဖြစ်မယ်။ ရက်ကန်းရက်တဲ့ ကျေးရွာအုပ်စုမယ် ရက်ကန်းသမဝါယမ ဖြစ်မယ်။

(၂) မြို့တွေကို ရပ်ကွက်ခွဲပြီး ရပ်ကွက်အလိုက် စားသုံးသူ သမဝါယမများ ဖွဲ့စည်းရမယ်။

(၃) မြို့တွေမယ်ရှိတဲ့ အိမ်တွင်းစက်မှုလက်မှု ပညာသည်များကို လုပ်ငန်းအလိုက် ကုန်ထုတ်သမဝါယမများ ဖွဲ့ပေးရမယ်။

(၄) ခရိုင်အတွင်းမယ်ရှိတဲ့ သမဝါယမအားလုံးကိုပေါင်းပြီး ခရိုင်သမဝါယမများ အဖွဲ့ ဖွဲ့ရမယ်။

mgyoe.com

mgyoe.com


(၅) ခရိုင်သမဝါယမများ အဖွဲ့တွေက တစ်ခါ ပြည်လုံးကျွတ် သမဝါယမအဖွဲ့ချုပ် ဖြစ်ရမယ်။

၂၂။ သည်သမဝါယမတွေရဲ့ အလုပ်ကတော့ ကျေးရွာမယ်ရှိတဲ့ သမဝါယမတွေဟာ လုပ်ငန်းအတွက်လိုတဲ့ ကိရိယာတန်ဆာပလာတို့ကို ဝယ်ယူဝေငှရမယ်။ လုပ်ငန်းကထွက်တဲ့ ပစ္စည်းများကို စုပေါင်းရောင်းချပေးရမယ်။ ကျေးရွာမယ်ရှိတဲ့ လူတွေလိုတဲ့ စားကုန်သောက်ကုန်များကိုလည်း ဝယ်ယူဖြန့်ဖြူးပေးရမယ်။ မြို့၊ ရပ်ကွက်တွေရဲ့ စားသုံးသူ သမဝါယမများက ရပ်ကွက်အတွင်း နေထိုင်သူတွေအတွက် စားကုန် သောက်ကုန်များကို ဝယ်ယူဝေငှရမယ်။ မြို့မှာရှိတဲ့ အိမ်တွင်းစက်မှုလက်မှု သမဝါယမများကတော့ အသင်းဝင်များ လိုအပ်တဲ့ ပစ္စည်းကိရိယာတို့ကို ဝယ်ယူဝေငှပြီး ထွက်လာတဲ့ ပစ္စည်းများကို စုပေါင်းရောင်းချဖို့ပဲ။ ခရိုင်သမဝါယမများအဖွဲ့ ကတော့ ခရိုင်ထဲမှာရှိတဲ့ သမဝါယမတွေရဲ့ ပိုတဲ့ပစ္စည်းတွေကို စုပေါင်းရောင်းချပေးရမယ်။ လိုတဲ့ပစ္စည်းတွေကို စုပေါင်းဝယ်ယူ ဖြန့်ဖြူးပေးရမယ်။ သမဝါယမတွေကိုလည်း အကြံဉာဏ်ပေးရမယ်။ ဒီတော့ ခရိုင်သမဝါယမများအဖွဲ့မယ် လုပ်ငန်းဟာ စီးပွားရေးလုပ်ငန်း၊ စည်းရုံးရေး လုပ်ငန်းနှင့် ပညာပေးရေးလုပ်ငန်းလို့ လုပ်ငန်းကြီး သုံးရပ်ရှိမယ်။ ပြည်လုံးကျွတ် သမဝါယမကောင်စီကတော့ ခရိုင်အဖွဲ့များမှတစ်ဆင့် ခရိုင်အဖွဲ့ဝင် သမဝါယမများလိုတဲ့ ပစ္စည်းများကို အချင်းချင်း ဖလှယ်နိုင်အောင် စီစဉ်ပေးရမယ်။ နိုင်ငံခြားကကုန်များကို မှာယူပေးရမယ်။ သမဝါယမများက ရောင်းလိုတဲ့ ကုန်ပစ္စည်းများကို ပြည်တွင်းရောင်းနိုင်အောင် စီမံပေးရမယ်။ နိုင်ငံခြားကိုလည်း ရောင်းချပေးပို့ရမယ်။ သမဝါယမများအတွက် ကျောင်းတည်ထောင်ရေး၊ စာရွက်စာတမ်း သတင်းဖြန့်ချိရေးလည်း လုပ်ရမယ်။ သမဝါယမများရဲ့ လုပ်ငန်းများကိုလည်း ညွှန်ကြားရမယ်၊ အကြံပေးရမယ်၊ ကြီးကြပ်ရမယ်၊ စစ်ဆေးရမယ်။ ဒီတော့ ပြည်လုံးကျွတ် သမဝါယမကောင်စီရဲ့လုပ်ငန်းက ပြည်တွင်း သမဝါယမအသင်းများ အချင်းချင်း ကုန်ဖလှယ်ရေး၊ ရောင်းဝယ်ရေးကို စီစဉ်ရမယ်။ သမဝါယမ အသင်းများကိုယ်စား နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးကို လုပ်ရမယ်။ သမဝါယမ ပညာပေးရေးကို ဆောင်ရွက်ရမယ်။ သမဝါယမစည်းရုံးရေးနဲ့ စိစစ်ရေးကို ဆောင်ရွက်ရမယ်။

၂၃။ ခုပြောခဲ့သလိုလုပ်ဖို့ စီမံကိန်းမယ် ပြည်လုံးကျွတ် သမဝါယမ အဖွဲ့ချုပ်ဖြစ်ဖို့ရာ အချိန်အတော်ကြာမယ်။ ဒါကြောင့် မဖြစ်ခင် ပြည်သူ့ရိက္ခာ ထောက်ပံ့ရေးဌာနကို နိုင်ငံခြားက ကုန်ပစ္စည်းများ သွင်းတဲ့လုပ်ငန်းမယ် အသုံးပြုရမယ်။ ဘယ်လိုလုပ်မလဲဆိုရင် လူအများအတွက် အရေးကြီးတဲ့ စားသုံးကုန်ဖြစ်တဲ့ သကြား၊ နို့ဆီ၊ ဆီ၊ လူအများ အလုပ်ပေးတဲ့ ကုန်ဖြစ်တဲ့ ချည်ငင်၊ ဆိုးဆေး စသည်တို့ကို ပြည်သူ့ရိက္ခာ ထောက်ပံ့ရေးဌာနက လက်ဝါးကြီးအုပ်ပြီး တစ်ဦးတည်း သွင်းရမယ်။ ဒီကုန်တွေကို သမဝါယမများမှတစ်ဆင့် ဖြန့်ဖြူးရမယ်။ ဒီလိုကုန်တွေကို စနစ်တကျ အဆက်မပြတ် ဖြန့်ဖြူးခြင်းအားဖြင့် သမ

mgyoe.com

mgyoe.com


ဝါယမအသင်းများတည်ထောင်ဖို့ လွယ်မယ်။ လူအများလည်း သမဝါယမအသင်းများကို ဝင်လာကြမယ်။ သမဝါယမအသင်းများက ရောင်းနိုင်မယ့် ကုန်စည်များဖြစ်တဲ့ ဆန်စပါး၊ ပဲ၊ ပြောင်းတို့ကို နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့က၊ သမဝါယမများက တိုက်ရိုက်ဝယ်ယူပြီး နိုင်ငံခြားကို ရောင်းချပေးရမယ်။ ဒီလိုလုပ်ခြင်းအားဖြင့် သမဝါယမများက တောင်သူလယ်သမားများအတွက် စပါးဈေး မှန်မှန်ကန်ကန် ရယူပေးနိုင်မယ်။ တောင်သူလယ်သမားများဟာလည်း သမဝါယမများထဲကို ဝင်လာကြမယ်။

၂၄။ ခုအကြမ်းဖျင်းအားဖြင့် ပြောခဲ့တဲ့စီမံကိန်းကို တချို့က လန့်ကြမယ်။ ဒီလိုဆိုရင် ကုန်သည်ပွဲစား၊ တိုင်းရင်းသားအရင်းရှင်တွေ ဘာလုပ်ကြရမလဲ၊ ဘာနဲ့စားကြရမလဲလို့ မေးကြမယ်။ သေသေချာချာ ပြန်စဉ်းစားရင် ဆန်စပါးကို ဝယ်ပြီး နိုင်ငံခြားကို ရောင်းတဲ့ကိစ္စ၊ လူအများအတွက် အရေးကြီးတဲ့ ကုန်လေးငါးမယ်ကို နိုင်ငံခြားက ဝယ်ယူဖြန့်ဖြူးတဲ့ကိစ္စ၊ ဒီကိစ္စများလောက်သာ သမဝါယမများက အဓိကထားလုပ်ကြမယ်ဆိုတာကို တွေ့ရမယ်။ ဗမာပြည်ကို ဝင်လာတဲ့ ကုန်အမျိုးပေါင်း အကျယ်အားဖြင့် ၈၅၀ ရှိတဲ့အနက်က ငါးမယ်၊ ခြောက်မယ်လောက်သာ သမဝါယမ စနစ်အားဖြင့် တိတိကျကျ လုပ်နိုင်မှာပဲ။ ထွက်ကုန်မယ်ဆိုလည်း ဆန်စပါးသာ အဓိကထား လုပ်နိုင်မှာပဲ။ ဒီတော့ ကုန်သည်ပွဲစားများလုပ်ဖို့ နေရာတွေ အများကြီးရှိပါတယ်။ ကုန်ထုတ်လုပ်ငန်းမှာဆိုလည်း ခုရှိနေတဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေကို သမဝါယမအရ စုစည်းတဲ့အလုပ်ဟာ အဓိကဖြစ်မှာပဲ။ လုပ်ငန်းကြီးတွေကိုလည်း သမဝါယမနည်းအရလုပ်ဖို့ ခဲယဉ်းတယ်ဆိုတာ ကျွန်တော်ပြောခဲ့ပါတယ်။ ဒီတော့ကို တိုင်းရင်းသားအရင်းရှင်များအတွက် လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒါတင်မကသေးပါဘူး၊ သမဝါယမစနစ်သာ အောင်မြင်လာရင်၊ လူအများမယ် ဝင်ငွေပိုလာမယ်။ ပိုလာတဲ့အလျောက် ကုန်ထုတ် ကုန်ရောင်းလုပ်ငန်းတွေဟာ ပိုမိုတွင်ကျယ်လာမှာပဲ။ ဒီတော့ တိုင်းရင်းသား အရင်းရှင်တွေ၊ ကုန်သည်ပွဲစားတွေဟာ သမဝါယမစနစ် အောင်မြင်လို့ ပိုမိုအကျိုးရှိမယ်လို့ ကျွန်တော်ပြောလိုပါတယ်။

## (၆) စီမံကိန်းကို အကောင်အထည်ဖော်နည်း

၂၅။ ခုပြောခဲ့တဲ့ စီမံကိန်းကို အကောင်အထည် ဘယ်လိုဖော်မယ်ဆိုတာ ကျွန်တော် ခုပြောလိုပါတယ်။ သမဝါယမလုပ်ငန်းဟာ လူအများအကျိုးအတွက် လုပ်ငန်းဖြစ်တော့ ချက်ချင်း အကျိုးတွေ့ရမှာ မဟုတ်ဘူး။ တဖြည်းဖြည်းသာ လူအများရဲ့ အနေအထိုင် အဆင့်အတန်းဟာ တိုးမြင့်လာမှာပဲ။ ဒီလိုလုပ်ငန်းရှည်ဖြစ်တဲ့အတွက် အစိုးရအရာရှိ တစ်စုကသာ လုပ်မယ့်အစား လူထုလုပ်ငန်းတစ်ခု ဖြစ်ရမယ်။ ပြောခဲ့တဲ့ ကမ္ဘာ့သမဝါယမ ရာဇဝင်ကိုကြည့်ရင် သမဝါယမလုပ်ငန်းမယ် အစိုးရက စတင်လုပ်၊ ကိုယ်ဖိရင်ဖိအားပေးမယ်လို့ လူတွေကိုယ်က စိတ်ဝင်စားပြီး မလိုချင်ရင်၊ မလုပ်ရင် မအောင်မြင်ဘူး။ ဒါကြောင့် သမဝါယမလုပ်ငန်းဟာ လူထုလုပ်ငန်း ဖြစ်ဖို့လိုတယ်။ ဒီလို လူထုလုပ်ငန်းဖြစ်

mgyoe.com

mgyoe.com


အောင် လုပ်တဲ့နေရာမှာလည်း လူအများဟာ သမဝါယမသဘော၊ သမဝါယမစနစ်ကို နားမလည်ရင် မဖြစ်ဘူး။ ဒါကြောင့် လူထုကို သမဝါယမ ပညာပေးရမယ်။ ဒီကိစ္စ နည်းနည်းရှင်းပြလိုပါတယ်။ လူတွေဟာ ဆင်းရဲလို့၊ တောင်သူလယ်သမားတွေဆိုရင် မြေရှင်ငွေရှင်တွေဆီမယ် ငွေချေးရတယ်၊ ချေးလို့ ဆင်းရဲတယ်၊ ဆင်းရဲရုံတင်မကဘူး၊ လူလူချင်း မတူဘူးဆိုတဲ့ ကျွန်သားပေါက်စိတ်တွေ ပေါ်လာတယ်။ ပြောလေ့ပြောထ ရှိတယ်။ ငွေချေးချင်လို့ မြေရှင်ဆီသွားရင် မိန်းမချင်းတောင် သန်းရှာပေးခဲ့ရတယ်လို့။ ဒီစိတ်တွေ ပေါ်ပေါက်ကိန်းအောင်းသည်နှင့်အမျှ လူရဲ့အဆင့်အတန်းဟာ ပိုမိုနိမ့်ကျတာ ပဲ။ သမဝါယမစနစ်နဲ့ မြေရှင်၊ ငွေရှင်တွေဆီက ငွေမချေးရအောင် လုပ်ပေးတောင်မှ ဒီ စိတ်တွေဟာ မပျောက်နိုင်သေးဘူး။ မပျောက်နိုင်သေးသရွေ့လည်း သမဝါယမလုပ်ငန်း ဟာ ခဲယဉ်းတာပဲ။ ဒီတော့ကို သမဝါယမစနစ်ဟာ လူတွေကို နေထိုင်မှုတိုးတက်ရုံတွင် မဟုတ် လူချင်းတူ၊ သူချင်းမျှတဲ့စိတ်ဓာတ်၊ တိုတိုဆိုရင် လူ့တန်ဖိုးကို မြင့်စေတဲ့ စိတ်ဓာတ် ကိုပါ သွင်းပေးတယ်။ ဒီလို သွင်းပေးနိုင်သမျှလည်း သမဝါယမစနစ်ဟာ အောင်မြင်တာပဲ။ ဒါကြောင့် သမဝါယမပညာပေးရေးဟာ သမဝါယမစီမံကိန်းကို အကောင်အထည်ဖော်တဲ့ နေရာမယ် အရေးကြီးတယ်လို့ ကျွန်တော် ပြောလိုပါတယ်။

၂၆။ သမဝါယမ စီမံကိန်းကို လူထုလုပ်ငန်းအဖြစ် အကောင်အထည်ဖော်မယ်။ ပညာရေးကို အဓိကထားပြီး လူထုလုပ်ငန်းဖြစ်စေမယ်။ ဘယ်လိုလုပ်မလဲဆိုတော့ ခု ဦးဆောင် ဟောပြောရေးအတိုင်း ဟောပြောသွားမယ်။ ဒါက လူထုကို ကြေညာလိုက်တဲ့ ပထမအဆင့်ပဲ။ ဒုတိယအဆင့်အဖြစ် လူထုခေါင်းဆောင်များနဲ့ ရပ်ရွာလူကြီးများက တစ်ဖက်၊ စီမံကိန်းကို ရေးဆွဲတဲ့လူများ၊ လေ့လာပြီးသားလူများက တစ်ဖက်၊ ရပ်ကွက် အလိုက် စီမံကိန်းကိုချပြီး ဆွေးနွေးကြမယ်။ ဒီလိုဆွေးနွေးတဲ့ နေရာမယ် လူထုကိုယ်စားလှယ် များက စီမံကိန်းကို ဝေဖန်နိုင်မယ်၊ ဖြည့်စွက်နိုင်မယ်။ ဒီအဆင့်ဟာ အရေးကြီးတယ်။ အရင်စီမံကိန်းတွေချတုန်းက ဒီလို လူထုဆွေးနွေးပွဲတွေနဲ့ စီမံကိန်းကို မဆွေးနွေးခဲ့ဖူးဘူး။ ခု စပြီး ဆွေးနွေးတာပဲ။ လူထုလုပ်ငန်းဖြစ်တဲ့အတွက်လည်း လူထုနဲ့ မဆွေးနွေးဘဲ လုပ်ဖို့ မသင့်ဘူး။ ဒီဆွေးနွေးချက်တွေကို ယူပြီး စီမံကိန်းပြင်မယ်။ ပြင်ပြီးတဲ့နောက် တတိယ အဆင့်အဖြစ် စီမံကိန်းရှင်းလင်းပွဲတွေ လုပ်မယ်။ လူထုတရားပွဲတွေ ကျင်းပပြီး ရှင်းလင်း မယ်။ ရှင်းလင်းပွဲပြီးတဲ့နောက် စတုတ္ထအဆင့်အဖြစ် ရပ်ကွက်အလိုက် လေ့လာရေး အဖွဲ့ကလေးတွေ ဖွဲ့မယ်။ ဒီအဖွဲ့ကလေးတွေက သမဝါယမဝါဒ၊ စည်းမျဉ်းစသည်တို့ကို လေ့လာမယ်။ လေ့လာရန်လည်း စာချုပ်၊ စာတမ်း၊ လေ့လာရေးခေါင်းဆောင်များကို အစိုးရကပေးမယ်။ နောက် ပဉ္စမအဆင့်အဖြစ် သမဝါယမတွေဖွဲ့၊ လက်ရှိ သမဝါယမတွေ ပြင်ဆင်မယ်။ ရပ်ကွက်လေ့လာရေးအဖွဲ့တွေနဲ့ သမဝါယမအမှုဆောင်တွေဟာ ၁၀ ရက် တစ်ခါ၊ ၁၅ ရက်တစ်ခါ စုပေါင်းဆွေးနွေး ဝေဖန်ပွဲတွေလုပ်ရမယ်။ အဲဒီလိုလုပ်တဲ့အခါမယ် သမဝါယမစီမံကိန်းဟာ အောင်မြင်မှာပဲ။

mgyoe.com

mgyoe.com


၂၇။ ဒီလုပ်ငန်းကို စတင်ပြီး ရန်ကုန်မယ် လုပ်တာပဲ။ လုပ်တဲ့နေရာမယ်လည်း အမြဲတစေ လုပ်ကိုင်ဆောင်ရွက်ဖို့ လူတွေလိုတယ်။ ဒါကြောင့် သမဝါယမဌာန မင်းကြီး အောက်မယ် ဌာနခွဲကလေးတစ်ခုထားဖို့ ရည်မှန်းထားတယ်။ ဒီဌာနခွဲမယ် စည်းရုံးရေး တာဝန်၊ စစ်ဆေးရေးတာဝန်၊ ပညာပေးရေးတာဝန်လို့ ခွဲပြီး သင့်တော်တဲ့အရာရှိများခန့် ပြီး လုပ်သွားဖို့ ရည်ရွယ်ထားတယ်။

## (၇) လူထုနှင့် ခေါင်းဆောင်များ၏ တာဝန်

၂၈။ ခု ကျွန်တော်ပြောတဲ့ လုပ်ငန်းမယ် လူထုနဲ့ ခေါင်းဆောင်များရဲ့ တာဝန်ဟာ ဘာလဲ၊ ကျွန်တော်ပြောခဲ့တဲ့ လုပ်ငန်းကိုက ဘယ်လိုခေါင်းဆောင်၊ ဘယ်လိုလူထုရှိရမယ် ဆိုတာ ပါသွားပါပြီ။ ဒါပေမဲ့ ကျွန်တော် ရှင်းအောင် ပိုင်းပြောချင်ပါတယ်။

၂၉။ ခေါင်းဆောင်များရဲ့ တာဝန်က...

(၁) **သိအောင်လုပ်ပါ။** သမဝါယမ စီမံကိန်း၊ သမဝါယမ ဝါဒ၊ သမဝါယမစည်းမျဉ်း၊ သမဝါယမဥပဒေ စတဲ့ သမဝါယမနဲ့ဆိုင်တဲ့ ပညာရပ်များကို မသိရင် ခေါင်းဆောင်မလုပ်ကြပါနဲ့။ သိမှ ဒီစီမံကိန်းကို ခေါင်းဆောင်မှုပေးနိုင်မယ်။ ဒါကြောင့် သမဝါယမစနစ်ကို လေ့လာကြပါ။

(၂) **သိသလိုလုပ်ပါ။** သိဆိုတာ မှန်သော သမဝါယမပညာကို သိတာပြောတာ ပါပဲ။ သိတဲ့အလျောက် လုပ်ဖို့လိုပါတယ်။ သမဝါယမလုပ်ငန်းဟာ လူ့နေထိုင်မှု အဆင့်အတန်းကို မြှင့်ပေးတာ၊ တစ်ဦးပေါ်တစ်ဦး အမြတ်စားခြင်း၊ ခေါင်းပုံဖြတ် ခြင်းကို ပပျောက်အောင်လုပ်တာ။ ဒီတော့ ခေါင်းဆောင်များဟာ အမြတ်မစား ရဘူး၊ ခေါင်းပုံမဖြတ်ရဘူး၊ ရှင်းရှင်းပြောရရင် ရိုးသားရမယ်၊ ဒါကို ခေါင်းဆောင် တိုင်း သိတာပဲ။ ဒါပေမဲ့ ကိုယ့်လောဘကြောင့် သိသလို မလုပ်တတ်ကြဘူး။ သမဝါယမလုပ်ငန်းဟာ လူချင်းအတူတူ ထားပြီးလုပ်တဲ့ လုပ်ငန်း။ ဒါကြောင့် လူလူချင်း မျက်နှာကြီးငယ်မလိုက်ရဘူး။ ဒါကိုသိတာပဲ၊ သိပေမယ့် ဆွေမျိုးတော် လို့၊ မျက်နှာကြီးလို့ဆိုပြီး လူချင်းခွဲခြား လုပ်ကြတယ်။ ဒါဟာ သိသလို မလုပ်တာ ပဲ။ သမဝါယမဟာ လူ့တန်ဖိုးကို မြှင့်တင် ပေးတာ၊ ဒီတော့ လူ့တန်ဖိုးယုတ်စေ တဲ့အလုပ်ကို မလုပ်ရဘူး။ သိကြတယ်၊ ဒါပေမဲ့ အသင်းကခိုင်းတဲ့ ကူလီကို လူလိုမမြင်တတ်ကြဘူး။ ဒါဟာ သိသလို မလုပ်တာပဲ။

(၃) **တာဝန်ကျေပါ။** သိပါရဲ့၊ သိသလို လုပ်ပါရဲ့၊ ဒါပေမဲ့ ခေါင်းဆောင်တွေဟာ ပေါ့တတ်တယ်။ သမဝါယမလုပ်ငန်းဟာ အများတာဝန်ရှိတဲ့လုပ်ငန်း၊ တာဝန် ခွဲထားရင် လုပ်ငန်းပြီးစီးအောင်သာ ခွဲထားတာ။ ခွဲထားမခံရတဲ့လူက တာဝန် မရှိတာ မဟုတ်ဘူး။ ဒီတော့ကို လုပ်စရာ အလုပ်ရှိရင် သူ့အလုပ် ကိုယ့်အလုပ် မခွဲခြားဘဲ လုပ်ရမယ်။ ကိုယ်မတတ်လို့ မအားလို့ရှိရင် တတ်တဲ့ အားတဲ့လူကို

mgyoe.com

mgyoe.com


လုပ်ဖို့ပြောရမယ်။ အားမနာရဘူး။

၃၀။ လူထုရဲ့ တာဝန်ကတော့...

(၁) **သမဝါယမလုပ်ငန်းဟာ တို့အတွက်ဆိုတာ သိပါ။** လူအများအတွက် လုပ်တဲ့ လုပ်ငန်းဆိုတာ ကျွန်တော် အရှည်ပြောခဲ့ပြီးလို့ ထပ်ပြီးပြောဖို့ မလိုပါဘူး။

(၂) **သမဝါယမတာဝန်ဟာ တို့တာဝန်ဆိုတာ သိပါ။** သမဝါယမလုပ်ငန်းဟာ လူထုအတွက်လုပ်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ဘယ်လိုပဲ စေတနာရှိတဲ့ လူတစ်စု ရှိပေစေ၊ တာဝန်ကို ကျေပွန်အောင် ဒီလူတစ်စုကပဲ ဆောင်ရွက်နိုင်မှာမဟုတ်ဘူး။ လူတစ်စုကလည်း လူထုတစ်ရပ်လုံးတာဝန်ကို ထမ်းဆောင်ဖို့စိတ်ရှိတယ်ဆိုတာ သဘာဝမကျဘူး။ ဒီတော့ သမဝါယမတာဝန်ဟာ လူထုရဲ့တာဝန်သာ ဖြစ်ရမယ်။

(၃) **သမဝါယမအကျိုးဟာ လူထုအကျိုးဆိုတာ သိပါ။** သမဝါယမကဖြစ်တဲ့ အကျိုးဟာ လူထုအတွက် သက်သက်ပဲ။ အားနာလို့ ကော်မတီလူကြီးက မဟုတ်တာလုပ်တာ မပြောရင်၊ ကော်မတီလူကြီးတွေကိုပဲ ပုံအပ်ခဲ့ရင်၊ သမဝါယမ အကျိုးဟာ လူထုအကျိုးဆိုတာ မသိတာပဲ။ ဒါကြောင့် အမြဲတစေ ဒီအချက်ကို လူထုက နှလုံးပိုက်ပြီး ဒီအကျိုးကို အမြဲကြည့်နေဖို့ လိုပါတယ်။

## နိဂုံး

၃၁။ နိဂုံးအနေနဲ့ ကျွန်တော် တောင်းပန်လိုတာကတော့ ကျွန်တော်ပြောခဲ့တဲ့ စီမံကိန်းတွေကို လေ့လာကြပါ။ တာဝန်တွေကို သိကြပါ။ သမဝါယမလုပ်ငန်းကို လူထု လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ကြပါ။ ဒီလိုဆောင်ရွက်ခဲ့ရင် ကျွန်တော်တို့တိုင်းပြည်ရဲ့ စီးပွားရေးနဲ့ လူမှုရေးအခြေအနေ၊ ကျွန်တော်တို့ တိုင်းပြည်တွင်းမှာရှိတဲ့ လူတန်းစားအသီးသီးရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အခြေအနေဟာ တဖြည်းဖြည်း တိုးတက် သည်ထက် တိုးတက်လာပါလိမ့်မယ်လို့ ကျွန်တော်ပြောလိုပါတယ်။

■

mgyoe.com

mgyoe.com

# မြန်မာ့စီးပွားရေး

**၁၉၅၅ ခု၊ ဇူလိုင်လ ၆ ရက်နေ့၌ နယူးယောက်မြို့ ဝါ(လ်)ဒေါ့(ဖ်) အက်(စ်) တိုးရီးယားဟိုတယ်တွင် အရှေ့ဖျား အမေရိကန် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုကောင်စီ၏ ညစာစားပွဲ၌ မိန့်ကြားခဲ့သောမိန့်ခွန်း။**

သဘာပတိ လူကြီးမင်းနှင့် အမျိုးသား၊ အမျိုးသမီး အပေါင်းတို့ခင်ဗျား။

အရှေ့ဖျားဒေသ၌ စိတ်ပါဝင်စားကြသော အမေရိကန်ပြည်မှ ကူးသန်း ရောင်းဝယ်ရေးနှင့် စက်မှုလက်မှုခေါင်းဆောင် လူကြီးမင်းများနှင့် ယနေ့ည တွေ့ဆုံရတဲ့အတွက် များစွာ ဂုဏ်ယူပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ မိတ်ဆွေအများ အပြားပါဝင်တဲ့ ဒီနေရာမှာ ယခုလို စကားပြောခွင့်ရရှိတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်း တိုးတက်မှုအကြောင်းကို အထူးသဖြင့် စိတ်ဝင်စားကြလိမ့်မည်လို့ ကြားသိရပါတယ်။ စီးပွားရေးနဲ့ စက်မှုလက်မှု လုပ်ငန်းတိုးတက်ရေးနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ အရာရှိများဟာ အထူးကြိုးပမ်း ဆောင်ရွက်လျက် ရှိကြပါတယ်။

ကျွန်တော်တို့ပိုင် နယ်နိမိတ်အတွင်းနဲ့ ရပ်ဝေးရပ်နီးရှိ ကျွန်တော်တို့နှင့်ဆက်ဆံနေတဲ့ တိုင်းပြည်များနှင့်ပါ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော်ဟာ နိုင်ငံခြားသို့ လည်ပတ်တဲ့အခါမှာ ကျွန်တော်တို့ တိုင်းပြည်နဲ့ မဟာမိတ်နိုင်ငံများဟာ စီးပွားရေးဆက်သွယ်ဖို့လိုကြောင်း ထင်ရှားစွာ တွေ့ရပါတယ်။ မြန်မာလူမျိုးများဟာ မိမိတို့နိုင်ငံမှထွက်တဲ့ သဘာဝပစ္စည်းများကို ဉာဏ်ယှဉ်ပြီး လိမ္မာစွာ သုံးစွဲခြင်း

mgyoe.com

mgyoe.com

ဖြင့် ခေတ်သစ်စက်မှုလက်မှုပညာများ အကူအညီဖြင့် ကျေးဇူးပိုမိုခံစားနိုင်၊ ခံစားနိုင်ခွင့် ရှိတယ်ဆိုတာ ကျွန်တော် ပိုမိုသိမြင်လာပါတယ်။

ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဟာ အလွန်တရာ ရှေးကျနေပါတယ်။ ကျွန်တော်တို့ လူမျိုးများဟာ ဘာသာရေးကို အလွန်လေးစားကြပါတယ်။ မိသားစုရင်းနှီးသည့် စိတ်ဓာတ်၊ ဘာသာရေးကို လေးလေးနက်နက် ယုံကြည်သည့် စိတ်ဓာတ်၊ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ဆက်ဆံသည့်စိတ်ဓာတ်နှင့် လွတ်လပ်ရေးကို မြတ်နိုးခြင်းများကို ကျွန်တော် တို့လူမျိုးများ ထာဝစဉ် စွဲစွဲမြဲမြဲတန်ဖိုးထားကြပါတယ်။ တချို့က ဒီများပြားလှတဲ့ ထုံးတမ်း စဉ်လာများနဲ့ ခေတ်မီတိုးတက်မှုဟာ ရောနှောလို့မရဘူးလို့ ပြောကြပါတယ်။ ဒီတိုင်းပြည် ကြီးက ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုခေါင်းဆောင်ကြီးများကဖြင့် ဒီလို မယူဆ ဘူးဆိုတာ သိပါတယ်။ ကျွန်တော်လည်း ဒီလိုမယူဆပါဘူး။ ခေါင်းဆောင်ကြီးများက မြန်မာအမျိုးသားများဟာ မိမိတို့အစဉ်အလာအတိုင်း ကိုးကွယ်ရာဘာသာကို ကိုးကွယ် ရင်းကပဲ ခေတ်သစ်နည်းစနစ်များအရ လူနေမှုအဆင့်အတန်းကို ပြည့်ပြည့်ဝဝကြီး ခံစား နိုင်အောင် ဆောင်ရွက်ဖို့ရာ ရည်ရွယ်ပါတယ်။

ကျွန်တော်တို့ ဖြေရှင်းနေတဲ့ ပြဿနာရပ်များနဲ့ ဆောင်ရွက်နေတဲ့ တိုးတက်မှုများ ကို ကျွန်တော် တိုတိုပဲပြောချင်ပါတယ်။ ဒီကိစ္စများကို ကျွန်တော်တို့ရဲ့ တိုင်းပြည်နဲ့တကမ္ဘာ ကမ္ဘာ့နိုင်ငံရေး အခြေအနေအရ ပြောချင်ပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးများ အလူးအလဲခံခဲ့ရတဲ့ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး တာ တော်တော်ကြာသွားပါပြီ။ ကျွန်တော်တို့ရဲ့အစိုးရ တိုးတက်မှုအတွက် ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီအုပ်ချုပ်ရေး အစီအစဉ်များလည်း လေ့လာခဲ့ပါတယ်။ လွတ်လပ်တဲ့ နိုင်ငံအဖြစ် သက်တမ်းဟာ ခုနစ်နှစ်ခွဲမျှပင် ရှိပါသေးတယ်။ ကျွန်တော်တို့သွားရမယ့် ခရီးလမ်းဟာ ခက်ခဲရှည်လျားတယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်းကြီး သတိပြုမိပါတယ်။ အာရှ၊ သို့မဟုတ် အာဖရိကလူတစ်ယောက်ဟာ အမေရိကန်ပြည်ကို မရောက်ဖူးဘဲနှင့် ဒီပြည် မှာဖြင့် လူများထက် စက်ကိရိယာယာဉ်ရထားများ ပိုမိုပေါများတယ်ဆိုတာကို ယုံကြည်ဖို့ အင်မတန်ခဲယဉ်းပါတယ်။ ခင်ဗျားတို့လည်း အဲဒီလူလိုပဲ ခင်ဗျားတို့ ကိုယ်တိုင် မမြင်ဖူးဘဲနှင့် မြန်မာနိုင်ငံကဲ့သို့ ဆင်းရဲကျပ်တည်းတဲ့ တိုင်းပြည်ကို စိတ်ကူးကြည့်ဖို့ ခဲယဉ်းမယ်လို့ ကျွန်တော် ယူဆပါတယ်။ ပြီးတော့ တစ်နှစ်လုံးမှာမှ မိသားစုရဲ့ဝင်ငွေဟာ ဒေါ်လာငွေ ၂၀၀ ကနေ ၃၀၀ ထိသာရှိတယ်ဆိုတာကိုလည်း အံ့ဩလိမ့်မယ်လို့ ကျွန်တော်ဆိုချင်ပါ တယ်။ ကလေးအသေစာရင်းကလည်း အမေရိကထက် ၁၀ ဆမျှ များပြီး လူရဲ့ သက်တမ်း ဟာလည်း နှစ်ပေါင်း ၃၀ ထက် နည်းတယ်ဆိုတာကို ခင်ဗျားတို့ ကိုယ်တိုင် ကိုယ်တွေ့ မျက်မြင်မဟုတ်ဘဲ ယုံကြည်ဖို့ ခဲယဉ်းလိမ့်မယ်။ ဒါပေမဲ့ ဒါတွေဟာ မြန်မာပြည်နှင့်တကွ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဒေသတွေမှာဖြစ်ပျက်နေတဲ့ တကယ့် အဖြစ်အပျက် တွေပါပဲ။

mgyoe.com

mgyoe.com


ဒီဟာအပြင် ကျွန်တော်တို့ဟာ ဒုတိယကမ္ဘာစစ်ကြီးမှာ အကြီးအကျယ် ပျက်စီးခဲ့ရတဲ့အတွက် စိုက်ပျိုးရေးတိုင်းပြည်အနေနဲ့ အဓိက လယ်ယာစိုက်ပျိုးရေးထွက်ကုန်ဟာ ၅၀ ရာခိုင်နှုန်း လျော့သွားပါတယ်။ ခင်ဗျားတို့ရဲ့ စီးပွားရေးအကြီးအကျယ် ယုတ်လျော့ချိန်က လေလွင့်ပျက်စီးတဲ့ ကုန်ထုတ်လုပ်ရေး အခြေအနေထက် ကျွန်တော်များ စစ်အတွင်း ပျက်စီးရတဲ့ ကုန်ထုတ်လုပ်ရေးက ရာခိုင်နှုန်းပိုမိုများပြားပါတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေး ပြန်လည်ရရှိတာဟာ မြန်မာပြည်အတွက် ယာယီစစ်ဘေး စစ်ဒဏ်မှာ သက်သာခွင့်နဲ့ တစ်စိတ်တစ်ဒေသအားဖြင့် ငြိမ်းချမ်းရေးကို ရရှိပါတယ်။ ကျွန်တော်တို့ဟာ လွတ်လပ်ရေးကို အရယူဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးအခါကစပြီး ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကိုရရှိတဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတိုင် အခြေအနေဟာ တင်းမာနေပြီး စိတ်မချရအောင် ဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီးတဲ့နောက် ကွန်မြူနစ်များနှင့် ကွန်မြူနစ် မဟုတ်တဲ့ သောင်းကျန်းသူများရဲ့ လမ်းမှားမှုကြောင့် ဖျက်ဆီးခြင်းများကို ခံရပါတယ်။ ဒီတော့တစ်ခါ နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်ရေးအင်အားဟာ စစ်မဖြစ်မီက အခြေအနေရဲ့ တစ်ဝက်ကို ကျဆင်းသွားပါတယ်။ မြန်မာနိုင်ငံအစိုးရဟာ စစ်မက်အရေး၊ နိုင်ငံအရေးနှင့် စီးပွားရေး ပြဿနာရပ်ကြီးများနဲ့ ရင်ဆိုင်နေရပါတယ်။ တိုင်းပြည်မှာ တည်တံ့ခိုင်မြဲရေး၊ စီးပွားရေး တိုးတက်မှုနဲ့ ဒီမိုကရေစီစနစ်များအတိုင်း ဆောင်ရွက်ရေးတို့ဟာ မဖြစ်နိုင်ဘူးရယ်လို့ စိတ်အားလျော့သူတွေ အများကြီးပဲရှိပါတယ်။

အဲဒီလိုပြဿနာတွေကို ရင်ဆိုင်ရင်းနဲ့ ဆောင်ရွက်ခဲ့တဲ့ လေးငါးနှစ်က တိုးတက်ရေး လုပ်ငန်းများအတွက် ကျွန်တော်တို့ ဂုဏ်ယူမိပါတယ်။ အနာဂတ်အတွက်လည်း အများကြီး အားတက်မိပါတယ်။

မကြာမီက ကျွန်တော်ပြောခဲ့တဲ့ ဆင်းရဲနွမ်းပါးမှုဟာ ရှေ့မှာ ဆက်လက်တည်တံ့ဖို့ အခြေခံအကြောင်းမရှိဘူးလို့ ကျွန်တော်ပြောသင့်တယ်လို့ ထင်ပါတယ်။ မြန်မာနိုင်ငံဟာ လူဦးရေနဲ့မမျှအောင် သေးငယ်တဲ့နိုင်ငံမဟုတ်ပါဘူး။ ကျွန်တော်တို့ တိုင်းသူပြည်သားများကို ဖူလုံအောင် ကျွေးမွေးနိုင်တဲ့အပြင် ပိုလျှံနေတဲ့မြေ အများကြီးရှိပါသေးတယ်။

ကျွန်တော်တို့မှာ ကျောက်မီးသွေး၊ ရေနံနဲ့ အဖိုးတန် သတ္တုတွင်းများ ရှိပါတယ်။ ကျွန်တော်တို့မှာ ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်တဲ့ အင်အားလည်း ရှိပါတယ်။ မြန်မာနိုင်ငံရဲ့မြစ်များနဲ့ မြစ်ဝကျွန်းပေါ် အရပ်ဒေသများဟာ သက်သာချောင်ချိပြီး ကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဖန်တီးပေးလျက်ရှိပါတယ်။ ကျွန်တော့်လူမျိုးများ အကြောင်းကို ဝါကြွားပြောရမယ်ဆိုရင် မြန်မာပြည်သူပြည်သားများဟာ ဉာဏ်ကောင်းပြီး တော့ လုံ့လဝီရိယရှိတယ်၊ သင်ကြားလို့လည်း တတ်လွယ်ပါတယ်။ ဒါကြောင့် အခြေခံ ဖြစ်တဲ့ လူများနဲ့ ပစ္စည်းများက ကြီးပွားတိုးတက်ဖို့ စောင့်စားနေကြပါတယ်။ အကယ်၍ တိုးတက်ကြီးပွားလာရင် ကျွန်တော်တို့အထက်တန်းကျတဲ့ လူနေမှုအဆင့်အတန်းကို

mgyoe.com

mgyoe.com


ရရှိခံစားနိုင်ကြမှာပါပဲ။ ဒီနေရာမှာ ကျွန်တော်ပြောလိုတာက ကျွန်တော်တို့ဟာ အစက နေပြီး စတင်နေရတယ်ဆိုတာကို အထူးပြောလိုပါတယ်။

ကျွန်တော်တို့ရဲ့ ပွင့်သစ်စ မြန်မာပြည်ကို ကျွန်တော်တို့ မျှော်မှန်းတောင့်တတဲ့ (ပြည်တော်သာ)ရယ်လို့ ခေါ်ကြပါတယ်။ ဒီပြည်တော်သာ တည်ဆောက်တဲ့အခါမှာ ဆောင်ရွက်ရမယ့်စီမံကိန်းများဟာ အလွန်ကြီးကျယ်ပါတယ်။ ဒါပေမဲ့ လက်တွေ့အားဖြင့် ဖြစ်နိုင်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီစီမံကိန်းများထဲမှာ စိုက်ပျိုးရေး၊ သတ္တုတွင်း လုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ပြည်သူပြည်သားအကျိုးများ၊ အိမ်ရာဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် အခြားလူမှု ဝန်ထမ်းလုပ်ငန်းများ၊ စက်မှုလက်မှုပညာသည်များနဲ့ အုပ်ချုပ်ရေးသမားအား သင်ကြား ပေးခြင်းလုပ်ငန်းများပါဝင်တဲ့ သေချာကျနတဲ့ တိုးတက်မှုဆိုင်ရာ အစီအစဉ်များ ပါဝင်ပါ တယ်။

မြန်မာနိုင်ငံသစ်ကို တည်ဆောက်ဖို့ အဓိကအချက်ကြီး လေးချက်ရှိပါတယ်။ ပထမ လက်ရှိသဘာဝပစ္စည်း အင်အားကို ခန့်မှန်းခြင်း၊ ဒီကိစ္စကို ဆောင်ရွက်ပြီးပါပြီ။ ဒုတိယက ဒီအင်အားစုပေါ်မှာအခြေပြုပြီး စီမံကိန်းများရေးဆွဲခြင်း၊ ဒါလည်းပဲ လုပ်ကိုင် ပြီးပါပြီ။ တတိယကတော့ သူ့နေရာနှင့်သူ သင့်လျော်တဲ့ပစ္စည်း လူနဲ့ငွေများကို စုဆောင်း ခြင်းနဲ့ စတုတ္ထက လုပ်ငန်းသစ်အရပ်ရပ်ကို တကယ် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ ဒီအချက်များဟာ တစ်ခုနှင့်တစ်ခု ထပ်နေတတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ တတိယနဲ့ စတုတ္ထအဆင့်မှာ ရှိပါတယ်။

ကျွန်တော်ဟာ စာရင်းအင်းတွေပြပြီးတော့ ခင်ဗျားတို့ကို ခေါင်းမရှုပ်စေချင်ပါ ဘူး။ ဒါပေမဲ့ ၁၉၆၀ ပြည့်နှစ်အတွင်း ဖြစ်မြောက်အောင်ဆောင်ရွက်ဖို့ လျာထားတဲ့ အဓိက ပန်းတိုင်များကို တိုတိုနဲ့အကြမ်းဆွဲပြပါရစေ။

၁၉၆၀ ပြည့်နှစ်ကျရင် ကျွန်တော်တို့ရဲ့ ထွက်ကုန် စုစုပေါင်းဟာ ၁၉၅၀–၅၁ ခုနှစ်ထက် နှစ်ဆဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါဟာဆိုရင် စစ်မဖြစ်ခင်က အခြေ အနေထက် သုံးပုံတစ်ပုံ မြင့်လာပါတယ်။ တိုးတက်နေတဲ့ လူဦးရေနဲ့ ဆိုရင် ထွက်ကုန် များဟာ လူနေမှုအဆင့်အတန်းကို အနည်းငယ်မျှသာ တိုးမြှင့်နိုင် ပေလိမ့်မယ်။

ကျွန်တော်တို့ရဲ့ လယ်ယာကိုင်းကျွန်း ထွက်ကုန်ပစ္စည်းများ၊ မျိုးကောင်းမျိုးသန့် များ အမြောက်အမြားထွက်နိုင်အောင် ဆည်မြောင်းများ ဖောက်လုပ်ခြင်း၊ မျိုးကောင်း မျိုးစေ့များကို စိုက်ပျိုးခြင်း၊ တိုးတက်သော လယ်ယာစိုက်ပျိုးခြင်း နည်းစနစ်များကို သုံးစွဲခြင်း၊ မြေနဲ့လယ်ယာမြေဧကကို တိုးချဲ့ခြင်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ သတ္တု တွင်း လုပ်ငန်းဘက်မှာဆိုရင် ကျွန်တော်တို့မှာ ရေနံတွင်းများ ပြန်လည်တူးဖော်ခြင်းနဲ့ စစ်အတွင်းက ပျက်စီးခဲ့တဲ့ သတ္တုတွင်းများကို ပြန်လည်ပြုစုခြင်းအပြင် ကျောက်မီးသွေး တွင်းနှင့် အခြားသတ္တုများ တူးဖော်ခြင်း စတဲ့ လုပ်ငန်းနှစ်မျိုးကို လုပ်နေကြရပါတယ်။

mgyoe.com

mgyoe.com

သယ်ယူပို့ဆောင်ရေးဘက်မှာ ဆိုရင်လည်းပဲ ရေလမ်း၊ ကုန်းလမ်း၊ ပင်လယ်လမ်း၊ လေကြောင်းပို့ဆောင်ရေးများ တိုးချဲ့ဖို့အပြင် လယ်ထဲမှနေ ဈေးအထိရောက်နိုင်တဲ့ လမ်းများပင် ဖောက်လုပ်ပေးဖို့ ဒီအစီအစဉ်မှာ ပါဝင်ပါတယ်။

စက်မှုလက်မှုလုပ်ငန်းဘက်မှာဆိုရင်လည်း တိုးချဲ့ထားပါတယ်။ ဒါပေမဲ့ စက်မှုလက်မှုလုပ်ငန်းအတွက် အလွန်အကျွံတော့ မလုပ်ပါဘူးလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ဟာ စိုက်ပျိုးရေးကိုသာ အဓိက စီးပွားရေးလုပ်ငန်းအဖြစ် အားထားပါတယ်။ စိုက်ပျိုးရေး နိုင်ငံအဖြစ်လည်း အတော်ကြာကြာပဲ တည်မြဲနေပါလိမ့်မယ်။ ကျွန်တော်တို့ဟာ လွတ်လပ်တဲ့ နိုင်ငံခြားရောင်းဝယ်ရေးဝါဒ ယုံကြည်တဲ့အလျောက် ကြီးလေးတဲ့ အခွန်အကောက်များနှင့် ကာကွယ်ထားရမယ့်၊ စီးပွားမဖြစ်မယ့် စက်မှုလက်မှုလုပ်ငန်းများကို မတည်ထောင်ပါဘူး။ အမှန်စင်စစ် ကျွန်တော်တို့ဟာ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအားလုံးနဲ့ ကုန်သန်းရောင်းဝယ်ရေး တိုးချဲ့ရန်နှင့် ရှိရင်းစွဲဈေးများ တည်မြဲဖို့နည်းလမ်းများကို ရှာဖွေလျက်ရှိပါတယ်။

ဒါတွေဟာ စီးပွားရေး အစီအစဉ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းများ ဖြစ်ပါတယ်။ စီးပွားရေးစီမံကိန်းများနဲ့အတူ လက်တွဲပြီး လူမှုရေးကို ကြိုးပမ်းဆောင်ရွက်ကြရပါမယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် လူမှုရေးအကျိုးစီးပွားကို တိုက်ရိုက်ခံစားရမည့်အပြင် ကျန်းမာပြီး ပညာတတ်သူများသာ အကျိုးဖြစ်ထွန်းမယ့် ဖန်တီးရေးလုပ်ငန်းများကို စီမံနိုင်တယ်ဆိုတာလည်း သိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့မှာ အိမ်ရာအသစ်များ ဆောက်လုပ်ရေး၊ ကျောင်းများ၊ ဆေးရုံများ၊ ဆေးခန်းများ၊ ကလေးထိန်းဌာနများ၊ အခြား လူမှုဝန်ထမ်းလုပ်ငန်းများနှင့် ပတ်သက်သော လုပ်ငန်းအစီအစဉ်များ ရှိပါတယ်။ ကုန်ထုတ်လုပ်ငန်းနဲ့ လူမှုရေးလုပ်ငန်း နှစ်ရပ်စလုံး တည်ထောင်ဖို့သာ အင်အားက နည်းပါးနေတော့ နှစ်ဖက်စလုံးမှာ သုံးနိုင်အောင် ကန့်သတ်တဲ့အခါမှာ အခက်အခဲတွေ့ရပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးရော လူမှုရေးလုပ်ငန်းများပါ ထူထောင်ရာမှာ မျှမျှတတရှိအောင် ကြိုးပမ်းနေပါတယ်။

ဒါတွေအပြင် ကျွန်တော်တို့ဟာ အသက်မွေးဝမ်းကျောင်း ပညာသည်များ၊ စက်မှုလက်မှု ပညာသည်များ၊ ပြည်တွင်းအမှုထမ်းများပါဝင်တဲ့ အုပ်ချုပ်ရေးသမားများကိုပါ လေ့လာသင်ကြားပေးရမယ့် အစီအစဉ်ကြီး တစ်ရပ်ကိုလည်း တစ်ချိန်တည်းမှာပဲ ဆောင်ရွက်ရပါဦးမယ်။

လွန်ခဲ့တဲ့ လေးနှစ်ကတည်းက ကျွန်တော်တို့ဟာ ပြည်တော်သာ မြန်မာပြည်သစ်ကိုတည်ထောင်ဖို့ စတင်ပြီး အားသွန်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က စီးပွားရေးနဲ့ လူမှုရေးတည်ထောင်မှုလုပ်ငန်းများ ပါဝင်တဲ့ အစီအစဉ်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒီလုပ်ငန်းတွေကို ဘယ်လို ဆောင်ရွက်တယ်ဆိုတာကို တိုတိုနဲ့ အကြမ်းသဘောပြောပါရစေ ခင်ဗျား။

mgyoe.com

ကျွန်တော်တို့ရဲ့ အဓိကထွက်ကုန်ဖြစ်တဲ့ ဆန်ဟာ စစ်မဖြစ်ခင်က ထွက်ကုန် တစ်ဝက်မျှသာ ဖြစ်ပေမယ့် စစ်ပြီးခေတ်အချိန်မှာဆိုရင် ၅၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ပါတယ်။

ရေနံလုပ်ငန်း ပြန်လည် ထွန်းကားလာဖို့ ဆောင်ရွက်ရာမှာ အတော်ခရီးရောက်နေပါတယ်။ ကျွန်းသစ်၊ သံဖြူ၊ သွပ်၊ ခဲနှင့် အခြားတွင်းထွက်သတ္တုများဖြစ်တဲ့ ထွက်ကုန်များ ပြန်လည်ထုတ်လုပ်ရေးလုပ်ငန်းဟာ တဖြည်းဖြည်း တိုးတက်လျက်ရှိပါတယ်။

အင်္ကျီ၊ ဝါဂွမ်း၊ ချည်၊ သကြား၊ အဆောက်အအုံဘက်ဆိုင်ရာ ကုန်ပစ္စည်းများနှင့် အခြားအခြေခံကုန်ကြမ်းများ အများအပြားကိုလည်း တိုးမြှင့်ထုတ်လုပ်နေပါတယ်။ အုတ်ကြွပ်နှင့် အုတ်ထုတ်လုပ်ရေးခေတ်သစ် စက်ရုံကြီးတစ်ရုံဟာလည်း ပြီးစီးလုနီးပါပြီ။ ပထမ ဆေးစပ်စက်ရုံကြီးလည်း ဆောက်လုပ်လျက်ရှိပါတယ်။ အရက်၊ လက်ဖက်ခြောက်၊ ပိုး၊ သကြား၊ နို့ဆီ၊ အိုးခွက်လုပ်ငန်း၊ သံမဏိနှင့် ဂုန်နီ စတဲ့ကုန်များကို ထုတ်လုပ်ဖို့ စက်ရုံများကိုလည်း တည်ဆောက်လျက် ရှိနေပါတယ်။

ကျွန်တော်တို့ရဲ့ ပထမဆုံးဖြစ်တဲ့ ရေအားလျှပ်စစ်ဓာတ်အား စီမံကိန်းကြီးဟာလည်း အကောင်အထည်ဖော်လျက် ရှိပါတယ်။ လုပ်ငန်းကြီးဟာ ၁၉၅၇ ခု ကုန်ဆုံးလျှင် ပြီးစီးတဲ့အခါ ကျွန်တော်တို့ရဲ့ မြို့အမြောက်အမြားမှာ ဓာတ်အားကို သက်သာတဲ့နှုန်းနဲ့ သုံးစွဲနိုင်ပါလိမ့်မယ်။ ယခုဆိုရင် ကျွန်တော်တို့ရဲ့ ဒီဇယ်လျှပ်စစ်ဓာတ်အား တပ်ဆင်ရေး စီမံကိန်းဟာ တိုးတက်လျက်ရှိနေပါတယ်။

သယ်ယူပို့ဆောင်ရေး လုပ်ငန်းဘက်မှာဆိုရင် ကုန်းလမ်း၊ မီးရထားလမ်း၊ ပင်လယ်လမ်း၊ မြစ်လမ်းများမှာ အလွယ်တကူသွားလာနိုင်အောင် ကြိုးပမ်းချက်ဟာ အတော်တိုးတက်လျက် ရှိပါတယ်။

ကျောင်းများ၊ ဆေးရုံများ၊ အစိုးရ အဆောက်အအုံများ၊ သက်သာချောင်ချိရေး ဌာနများဟာ မြန်မာပြည်အရပ်ရပ်မှာ တွေ့မြင်ရပါပြီ။ ကျောင်းများမှာ စစ်မဖြစ်ခင်အချိန်ကထက် ၁၀ ဆ များပြားလာပါတယ်။

ကျွန်တော်တို့ဟာ ခေတ်သစ်စီးပွားရေး စက်ယန္တရားကို စတင်တည်ထောင်အုပ်ချုပ်တဲ့ဘက်မှာ သိသိသာသာကြီး တိုးတက်လာပါတယ်။ နိုင်ငံတော် စိုက်ပျိုးရေးဘဏ်၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဘုတ်အဖွဲ့များ၊ ကော်ပိုရေးရှင်းများ၊ စိုက်ပျိုးရေးနဲ့ စက်မှုလက်မှု သုတေသနလုပ်ငန်းများဟာ တိုးတက်မှုများပါပဲ။ ကျွန်တော်တို့ရဲ့ကျေးရွာများမှာ အုပ်ချုပ်ရေးအာဏာကို ကျေးရွာကိုယ်စားလှယ်များစမ်းသပ်ပြီး လွှဲအပ်ရာမှာ အောင်မြင်တဲ့အကြောင်းကို ခင်ဗျားတို့ ကြားရရင် စိတ်ဝင်စားကြမှာပါပဲ။ ဒီလိုလုပ်တာဟာ လူအများအပြားကို မိမိတို့ ပြဿနာရပ်များကို မိမိတို့ ဖြေရှင်းနိုင်အောင်၊ ဒီမိုကရေစီ တာဝန်များကို နားလည်အောင်ဆောင်ရွက်ဖို့ပါပဲ။ ဒါမှ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအုတ်မြစ်ဟာ ခိုင်ခံ့ပါမယ်။

mgyoe.com

mgyoe.com


ကျွန်တော်တို့ရဲ့ စီးပွားရေးတိုးတက်မှုအစီအစဉ်ကို အကျဉ်းချုံးဖော်ပြရမယ်ဆိုရင် မတည်တဲ့အခြေအနေနှုန်းက စုစုပေါင်း ထွက်ကုန်ရဲ့ ၂၀ ရာခိုင်နှုန်းမျှ ဖြစ်ပါတယ်။ ဒီနှစ် စုစုပေါင်းထွက်ကုန်ဟာ မနှစ်ကထက် ၁၀ ရာခိုင်နှုန်းမျှ တိုးတက်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းက ထိပ်တန်းရောက်နေပါတယ်။ ကျွန်တော်တို့ဟာ ၁၉၆၀ ပြည့်နှစ်မှာ ထုတ်လုပ်ရေးပန်းတိုင်ရောက်ဖို့ သတ်မှတ်ထားရာမှာ သုံးပုံတစ်ပုံကျော်မျှ ယခု ခရီးရောက်နေပါပြီ။

ကျွန်တော်တို့ဟာ အနာဂတ်မှာ ဒီလို ပြဿနာမျိုး၊ ဒါမှမဟုတ်လည်း ဒီထက်ကြီးကျယ်တဲ့ ပြဿနာမျိုးနဲ့ မတွေ့ရတော့ဘူးရယ်လို့ မဆိုလိုပါဘူး။ ချက်ချင်းပြောင်းလွဲတဲ့ ဆန်အရောင်းအဝယ်မှာ ရောင်းသူကြိုက်ဈေးကနေပြီး ဝယ်သူ ကြိုက်ဈေးကိုပြောင်းတာဟာ ကျွန်တော်တို့ရဲ့ ဆန်ထွက်ကုန် လျော့ကျစေခဲ့ပါတယ်။ ဒါဟာဆိုရင် ကျွန်တော်တို့ မျှော်လင့်ထားတဲ့ နိုင်ငံခြားငွေအရ နည်းသွားပါတယ်။ လုပ်ငန်းသစ်များမှာ ငွေအမြောက်အမြား မြှုပ်နှံတာဟာ ငွေတန်ဖိုးကျဆင်းဖို့ စိုးရိမ်စရာ အမြဲတမ်းဖြစ်တတ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ နိုင်ငံခြားသွင်းကုန်များကို ကန့်သတ်ရပါတယ်။ ငွေတန်ဖိုး မကျဆင်းရအောင် ဒီလိုပဲ လုပ်ဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးအနှောင်အဖွဲ့ဟာ နိုင်ငံရေး အနှောင်အဖွဲ့နဲ့ ဒွန်တွဲလျက်ရှိပါတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်များက အံ့သြဖွယ်ကောင်းတဲ့ လက်မှုပညာ တိုးတက်မှုများမှာ ကျွန်တော်တို့ မပါဝင်ခဲ့ရပါဘူး။ နိုင်ငံရေးစကားနဲ့ ပြောမယ်ဆိုရင် ကျွန်တော်တို့ဟာ ၂၀ ရာစုနှစ်ထဲမှာ ဗြိုန်းခနဲ ကျွန်တော်တို့ဟာ ခြေစုံပစ်ဝင်လိုက်တာပါပဲ။ ကျွန်တော်တို့ဟာ ခေတ်သစ်နိုင်ငံရေး ဒီမိုကရေစီ စက်ယန္တရားရဲ့မှုများ၊ နည်းလမ်းများကို စိတ်အား ထက်သန်စွာနဲ့ ယုံကြည်လိုက်နာလျက် ရှိပါတယ်။ ဒီလို ဒီမိုကရေစီစနစ်ကို လိုက်နာရာမှာ ခင်ဗျားတို့တိုင်းပြည်ရဲ့ နမူနာများကို အများကြီး အတုယူခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီ ဒီမိုကရေစီ အဖွဲ့အစည်းကြီးရဲ့ အုတ်မြစ်လုံခြုံဖို့၊ ခိုင်မြဲတည်တံ့ဖို့အတွက် ကျွန်တော်တို့ဟာ ၂၀ ရာစုနှစ်ရဲ့ စီးပွားရေးနဲ့ စက်မှုလက်မှုပညာဘက်မှာ ရင်ပေါင်တန်းလိုက်နိုင်အောင် ခြေလှမ်းကျဲကျဲ လှမ်းရပါလိမ့်မယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ခြေလှမ်းကျဲကျဲ လှမ်းကြရတာပါ။ ကျွန်တော်တို့ ကာလကြာမြင့်စွာ စောင့်စားနေခဲ့ပြီးတော့ တိုတောင်းလှတဲ့ အချိန်အတွင်းမှာ ကျွန်တော်တို့ရဲ့လုပ်ငန်းအမြောက်အမြား ပြီးစီးမယ်လို့ ထင်မိပါတယ်။ ကျွန်တော်တို့ဟာ အချိန်နည်းနည်း အရှိန်လျှော့သင့်တယ်လို့ မိတ်ဆွေများရဲ့ ဝေဖန်အကြံပေးကြတာကိုလည်း လေးစားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဟာ သိပ်ပြီး ရှေ့လောကြီးရာ ရောက်ချင်ရောက်နေမှာပါပဲ။ ကျွန်တော်တို့ရဲ့ စီးပွားရေးချဲ့ထွင်မှု စီမံကိန်းအချို့ကိုလည်း ဖြတ်သင့် ဖြတ်ရပါလိမ့်မယ်။ ဒါပေမဲ့ တစ်ခုတော့ သေချာပါတယ်။ ကျွန်တော်တို့ဟာ အရှိန်လျှော့တန်ရင် လျှော့မယ်၊ အချိန်နဲ့ ပြိုင်နေတဲ့အတိုင်း ဘယ်တော့မှတော့ ရပ်မထားနိုင်ပါဘူး။

mgyoe.com

mgyoe.com


ကျွန်တော် စကားစပြောတုန်းက မြန်မာပြည်ရဲ့ စီးပွားရေးအစီအစဉ်ကို ကမ္ဘာ့နိုင်ငံရေးအခြေအနေအရ ပြောချင်ပါတယ်လို့ ကျွန်တော် စကားပလ္လင်ခံခဲ့ပါတယ်။ ကမ္ဘာပေါ်ရှိ မဖွံ့ဖြိုးသေးတဲ့ ဒေသမှာရှိတဲ့ လူအပေါင်းအား ဒီမိုကရေစီနည်းစနစ်များနှင့် လူနေမှုအဆင့်အတန်း တိုးတက်မှုကို စီးပွားရေးနဲ့ တရားမျှတမှုများအရ ရယူနိုင်ကြောင်း အရေးတကြီး ညွှန်ပြသင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။

အာရှ၊ အာဖရိကနဲ့ အခြားဒေသများဟာလည်း ကျွန်တော် ပြောခဲ့တဲ့အတိုင်း မြန်မာပြည်ကဲ့သို့ပင် ခြေလှမ်းကျဲကျဲလှမ်းလျက် ရှိပါတယ်။ ကမ္ဘာပေါ်ရှိ မဖွံ့ဖြိုးသေးတဲ့ တိုင်းပြည်များ၊ တခြားနည်းအားဖြင့်ဆိုရင် ကမ္ဘာပေါ်ရှိ လူများစုဟာ စီးပွားရေးဖွံ့ဖြိုးတဲ့ တိုင်းပြည်များမှာ နေထိုင်တဲ့လူများရဲ့ အဆင့်အတန်းမျိုးကို ရရှိနိုင်ဖို့ အထူးကြိုးပမ်းလျက် ရှိကြပါတယ်။ ဒီလိုကြိုးပမ်းလျက်နဲ့ ကျေနပ်အောင် တိုးတက်မှုမရှိရင်၊ ဒါမှမဟုတ် တိုးတက်မှု မရှိဘူးဆိုရင် ဒီလူကို လိုချင်တာရအောင် ဆောင်ရွက်ပေးမယ်လို့ ကတိပေးမည့် အာဏာရှင်ဟာ ပေါ်ပေါက်စမြဲပဲ။

ကျွန်တော် အကြမ်းအစီရင်ခံတဲ့အထဲမှာ နိုင်ငံခြားငွေအရင်းအနှီးဟာ ဒီအစီအစဉ်ရဲ့ ဘယ်အပိုင်းမှာ ပါပါသလဲ။ ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးရေး အစီအစဉ်ဟာ နိုင်ငံခြားသားများ မတည်ငွေ အရင်းအနှီးမြှုပ်နှံဖို့ ဆွဲဆောင်နိုင်စွမ်း ရှိ၊ မရှိ ဆိုတာတွေ ကျွန်တော် မသိပါဘူး။ မြန်မာပြည်မှာ ငွေရင်းမြှုပ်နှံထားရင် အမြတ်အစွန်းရှိနိုင်တဲ့ အခွင့်အရေး အမြောက်အမြား ရှိတာကိုတော့ ကျွန်တော် သိပါတယ်။ ကျွန်တော်တို့ဟာ သင့်မြတ်သော စည်းကမ်းချက်များဖြင့် နိုင်ငံခြားအရင်းအနှီးများ မြှုပ်နှံခြင်းကို ဖိတ်ခေါ်ပါတယ်။

အမှန်စင်စစ် ကျွန်တော်တို့ မကြာမီက ကြေညာခဲ့တဲ့ဝါဒဟာ နိုင်ငံခြားရင်းနှီးလိုသူများ စိတ်ပါဝင်စားနိုင်အောင် ကြံရွယ်ထားတဲ့ဝါဒဖြစ်ပါတယ်။ ဒီကြေညာချက်ကဆိုရင် ပြည်ထောင်စု မြန်မာနိုင်ငံဟာ သတ်မှတ်တဲ့အချိန်မှာ လုပ်ငန်းသစ်တွေကို ပြည်သူပိုင်အဖြစ် သိမ်းပိုက်ခြင်းမပြုလုပ်ပါဘူးလို့ အာမခံပါတယ်လို့ အတိအလင်းကြေညာထားပါတယ်။

ပြည်သူပိုင်အဖြစ် သိမ်းပိုက်လိုက်တဲ့အခါမှာဆိုရင် ကျွန်တော်တို့က ချက်ချင်း မျှတတဲ့ လျော်ကြေးများပေးဖို့ တာဝန်ယူပါတယ်။ ကျွန်တော်များက နိုင်ငံခြားအရင်းအနှီး မြှုပ်နှံသူများအား ၎င်းတို့ရဲ့အမြတ်ငွေများကို နိုင်ငံခြားငွေနှင့် လဲလှယ်ရန် ခွင့်ပြုထားပါတယ်။ နောက် သင့်လျော်တဲ့အချိန် အတောအတွင်းမှာ ဒီနိုင်ငံခြားငွေအရင်းအနှီးများကို လျော်ကြေးပေးဖို့ ခွင့်ပြုထားပါတယ်။ ကျွန်တော်တို့က လိုအပ်တဲ့ပစ္စည်းများ၊ တန်ဆာပလာများ၊ နိုင်ငံခြားချေးငွေအတွက် အတိုးများနဲ့ အခြားကိစ္စများအတွက် နိုင်ငံခြားငွေ ထားရှိပါတယ်။

မြန်မာနိုင်ငံမှာ ငွေရင်းမြှုပ်နှံမှုကို အားပေးဖို့အတွက် အခြားအကြံဉာဏ်များကို စဉ်းစားဖို့ ကျွန်တော် အမြဲတမ်းအဆင်သင့်ပါပဲ။ သို့ပေမဲ့ ဒီလို နိုင်ငံခြားငွေကို လက်ခံရာမှာ နှစ်ဦးနှစ်ဖက်လည်း ကျေးဇူးရှိမယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာကိုလည်း မထိခိုက်တဲ့

mgyoe.com

mgyoe.com


အစီအစဉ်မျိုး ဖြစ်ရပါလိမ့်မယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ လိုအပ်တဲ့ ကျွမ်းကျင်မှုများကို သင်ကြားပေးခြင်း ပါဝင်တဲ့ အစီအစဉ်များ ပါဝင်တဲ့ ငွေအရင်းအနှီးမြှုပ်နှံမှုကို ကျွန်တော်တို့ အထူးစိတ်ဝင်စားပါတယ်။

ဒီလို အံ့ာမခံချက်များနှင့် ဆွဲဆောင်ချက်များဖြင့် မြန်မာပြည်ရဲ့ နိုင်ငံခြားငွေ အရင်းအနှီးကို တိုးတက်လာ၊ မလာဆိုတာတော့ စောင့်ကြည့်ဖို့ပါပဲ။ ကျွန်တော်တို့ဘက် ကတော့ နိုင်ငံခြားငွေအရင်းအနှီး မြှုပ်နှံချင်အောင် တတ်နိုင်သမျှ ဆောင်ရွက်ထားတာပဲ။ မြန်မာပြည်အတွက်ဖြစ်စေ၊ အခြားပြည်များအတွက်ဖြစ်စေ မ တည်ငွေရင်း ရန်ပုံငွေများဟာ ပြည်တွင်းရှိ အစိုးရထံမှလည်းကောင်း၊ ပုဂ္ဂလိကအင်အားမှလည်းကောင်း၊ သို့မဟုတ် ပြည်ပရှိ အစိုးရထံမှလည်းကောင်း၊ ပုဂ္ဂလိကအင်အားမှလည်းကောင်း ရရှိသည်ဖြစ်စေ ဒီကိစ္စဟာ ဘဏ္ဍာရေးသဘော သက်သက်မျှသာ မဟုတ်ပါဘူး။ ဒါတွေဟာ ၂၀ ရာစုနှစ် နိုင်ငံရေးဒီမိုကရေစီ လူနေမှုအဆင့်အတန်းကို ရင်ပေါင်တန်းလိုက်နိုင်အောင် လိုအပ်တဲ့ အချက်များအနက် တစ်ခုမျှသာဖြစ်ပါတယ်။

အမျိုးသား၊ အမျိုးသမီး အပေါင်းတို့ခင်ဗျား။ ကမ္ဘာတစ်ခြမ်းမှာရှိတဲ့ နိုင်ငံငယ် လေးရဲ့ စီးပွားရေး အစီအစဉ်များ စီမံကိန်းများအကြောင်း ကျွန်တော်ပြောတာနဲ့ ခင်ဗျား တို့ရဲ့အချိန် အများကြီးကုန်သွားပါပြီ။ ဒီလို ပြောခွင့်ရတဲ့အတွက်နဲ့ စေတနာကောင်းမွန်တဲ့ ညစာခံပွဲအတွက်သာ ကျွန်တော် အများကြီးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

■

mgyoe.com

mgyoe.com

# ကုန်သည်ကြီးများနှင့် ဘဏ်တိုက်

**၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ကုန်သည်ကြီးများနှင့် ဘဏ်တိုက်ကိုယ်စားလှယ် လူကြီးများ၏အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် မြွက်ကြားသည့်မိန့်ခွန်း။**

ယနေ့ ဒီအစည်းအဝေးမှာ မြန်မာနိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေနဲ့ ရှေ့အလားအလာ ဘယ်လိုရှိမယ်ဆိုတဲ့ အချက်အလက်တွေကို လူကြီးမင်းများနှင့်အတူ အသေးစိတ် စဉ်းစားလိုပါတယ်။

ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ နိုင်ငံအတွင်းမှာ တော်တော်ပဲ နားမလည်မှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလို ဖြစ်ပေါ်ခဲ့ရတာဟာ ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေ တော်တော်များများ ယုတ်လျော့ကျဆင်းသွားခြင်း၊ လွန်ခဲ့တဲ့ မတ်လကစပြီးတော့ သွင်းကုန်လိုင်စင်ထုတ်ပေးမှုကို ကျပ်ကျပ်တည်းတည်း ပြုလုပ်လိုက်ခြင်း၊ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း နိုင်ငံတော်အစိုးရက အရင်းမြှုပ်ငွေအတော်များများ သုံးစွဲခဲ့ခြင်းများကြောင့် ဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ဒီလိုစိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်ခဲ့တယ်ဆိုတာကို လွန်ခဲ့တဲ့လများက အချို့ကုန်ဈေးတွေ၊ အထူးအားဖြင့် နိုင်ငံခြားကုန်တွေ ဈေးတက်တာကို ကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။ ဒီနားမလည်မှုတွေ ရှင်းသွားအောင်၊ အကြောင်းမဲ့သက်သက် စိုးရိမ်ကြောင့်ကြဖြစ်မှုတွေ ကင်းစင်သွားအောင် နိုင်ငံတော်အစိုးရက ဒီကိစ္စနှင့်ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောပြဖို့ အရေးကြီးပါတယ်။

မကြာမီကပဲ နိုင်ငံတော်အစိုးရက ပါလီမန်နှင့်တကွ ပြည်သူလူထုထံ အရေးကြီးတဲ့ ဘဏ္ဍာရေးစာတမ်းသုံးစောင်ကို တင်ပြခဲ့ပါတယ်။ ဒီစာတမ်းသုံးစောင်ကတော့ ဘဏ္ဍာ

mgyoe.com

mgyoe.com


တော် နှစ်သစ်အတွက် ရသုံးခန့်မှန်းခြေစာရင်း၊ ဘဏ္ဍာရေးဝန်ကြီးရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမိန့်ခွန်းနဲ့ ၁၉၅၅ ခုနှစ် စီးပွားရေးစစ်တမ်းဖြစ်ပါတယ်။ ရသုံးခန့်မှန်းခြေစာရင်းနဲ့ စီးပွားရေးစစ်တမ်းမှာ အရေးကြီးတဲ့အချက်အလက် အကြောင်းအရာတွေ အပြည့်အနှက်ပဲ ပါရှိပါတယ်။ ဒီစာတမ်းနှစ်စောင်ကို လူကြီးမင်းတို့ သေသေချာချာ အရေးတယူ ခွဲခြား ဝေဖန်ပြီး လေ့လာထိုက်ပါတယ်။ ဒီ စာတမ်းကြီးနှစ်စောင်နဲ့ ဘဏ္ဍာရေးဝန်ကြီးရဲ့မိန့်ခွန်းမှာ ကျွန်တော်တို့ အားကိုးအားထား အမှီသဟဲ ပြုနိုင်လောက်အောင် မြောက်မြောက်မြားမြား ပါရှိတဲ့အပြင် ဒီစာတမ်းတွေထဲမှာ မပါသေးတဲ့ အချို့အကြောင်းအရာတွေကို ကျွန်တော် ဖြည့်စွက်ပြောကြားလိုပါတယ်။

ဒီနေ့ ကျွန်တော်ပြောပြလိုတဲ့ အချက်များကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(၁) ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ဘယ်လောက် အရေးကြီးနေသလဲ၊ ဒီအချက်ကို ရှင်းလင်းပြတဲ့နေရာမှာ အလားတူဖြစ်တဲ့ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးပြဿနာရဲ့ သဘောသဘာဝဟာ ဘာလဲ၊ ဒီပြဿနာဟာ အခိုက်အတန့်မျှသာ ပေါ်ပေါက်တဲ့ ပြဿနာမျိုးလား၊ သို့မဟုတ် ထာဝစဉ် ပေါ်ပေါက်နေမယ့် ပြဿနာမျိုးလား၊ ဒီပြဿနာကို ဘဏ္ဍာရေး အသည်းအသန်ဖြစ်တဲ့ ပြဿနာလို့ ဆိုနိုင်ပါသလား၊ ဒါမှမဟုတ်ရင်လည်း အသင့်အတင့်လောက်ဖြစ်တဲ့ ပြဿနာပါလို့ ဆိုသင့်မလား၊ ဒီပြဿနာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်လောက် စိုးရိမ်ကြောင့်ကြ ဖြစ်သင့်သလဲဆိုတဲ့အချက်တွေလည်း ထည့်သွင်းပြီး ရှင်းလင်းပြသပါမယ်။ ဒီအချက်တွေကို ရှင်းလင်းပြောပြပြီးတဲ့နောက် အောက်ပါ ဒုတိယအချက် တစ်ချက်ကိုလည်း ရှင်းလင်းပြောပြလိုပါတယ်။

(၂) ကျွန်တော်တို့မှာရှိတဲ့ နိုင်ငံခြားသုံးငွေတွေ ဘယ်ရောက်ကုန်သလဲ၊ ကျွန်တော်တို့မှာရှိတဲ့ နိုင်ငံခြားသုံးငွေတွေကို ကျွန်တော်တို့က အရမ်းကာရော သုံးဖြုန်းပစ်တယ်လို့ အချို့က ယူဆနေကြတဲ့ လက္ခဏာရှိပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေတွေ ဘယ်ရောက်ကုန်တယ်၊ ဘယ်လိုကိစ္စမျိုးအတွက် သုံးခဲ့တယ်၊ ဒီလိုအသုံးပြုခဲ့တဲ့အတွက် ကျွန်တော်တို့ ဘယ်လိုအကျိုးကျေးဇူးတွေကို ခံစားနေရတယ်၊ ရှေ့ကို ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရဖို့ရှိတယ်ဆိုတာကို ကျွန်တော် တိတိကျကျ ရှင်းပြလိုပါတယ်။

မြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးဟာ နိုင်ငံခြားသုံးငွေဆိုတဲ့ ကိစ္စနှစ်ရပ်နဲ့ နီးနီးစပ်စပ်ကြီး ပူးကပ်နေတာကတစ်ကြောင်း၊ နိုင်ငံခြားသုံးငွေကိစ္စနဲ့ ပတ်သက်ပြီးတော့ လူအများပဲ ထိတ်လန့်စိုးရိမ်မှုများ ဖြစ်နေကြတာကတစ်ကြောင်း ဒီအကြောင်းတွေကြောင့် ယခုကိစ္စကို ကျွန်တော် ရှင်းပြသွားတဲ့အခါ နိုင်ငံခြားသုံးငွေ ပြဿနာနဲ့ဆိုင်တဲ့ အခြင်းအရာတွေကို အထူးပြုပြီး ရှင်းပြသွားပါမယ်။

mgyoe.com

mgyoe.com


## ကျွန်တော်တို့ရဲ့ဘဏ္ဍာရေးအခြေအနေဟာ ဘယ်လောက်အရေးကြီးနေသလဲ

နိုင်ငံတစ်နိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေ ဘယ်လောက်အရေးကြီးနေသလဲဆိုတာကို ဝေဖန်သိရှိဖို့ နည်းပေါင်းများစွာ ရှိပါတယ်။ တစ်နည်းကတော့ ရသုံးငွေအခြေအနေ ဘယ်လိုရှိသလဲ၊ ရသုံးစာရင်းဟာ ငွေပိုတဲ့ စာရင်းလား၊ ငွေလိုတဲ့ စာရင်းလား၊ အဘယ်မျှလောက် အပိုအလိုရှိသလဲ၊ ဒီပြဿနာဟာ နိုင်ငံကြွေးမြီနဲ့ အထူးဆက်စပ်နေပါတယ်။ နိုင်ငံကြွေးမြီဟာ ဘယ်လောက်များသလဲ။ ဒီကြွေးမြီဟာ နိုင်ငံခြားက ကြွေးမြီလား၊ နိုင်ငံတွင်းက ကြွေးမြီလား၊ ဒီကြွေးတွေရှိတဲ့အတွက် ဘယ်လောက် ကုန်ကျသလဲ။ အထူးအရေးကြီးတဲ့ တတိယအချက်ကတော့ နိုင်ငံခြားကို ပေးစရာရှိတဲ့ ကျန်ငွေနဲ့ ပတ်သက်ပြီးတော့ အခြေအနေ ဘယ်လိုရှိသလဲ၊ ရှေ့အလားအလာ ဘယ်လိုရှိသလဲဆိုတဲ့ အချက်ပါပဲ။

၁၉၅၃–၅၄ ခုနှစ်အတွက် ဘဏ္ဍာတော် ရသုံးခန့်မှန်းခြေမှာ ကုဋေ ၃၀ (သုံးဆယ်) လိုတာကို တွေ့ခဲ့ရပါတယ်။ ၁၉၅၄–၅၅ ခုနှစ် ရသုံးခန့်မှန်းခြေစာရင်းမှာ လိုငွေ ၃၂ (သုံးဆယ့်နှစ်) ကုဋေကျော် သတ်မှတ်ခဲ့ပါတယ်။ သို့သော်လည်း ပြုပြင်လိုက်တဲ့ ခန့်မှန်းခြေစာရင်းမှာ လိုငွေဟာ ကုဋေ ၂၀ (နှစ်ဆယ်)ပင် မပြည့်တဲ့ အတွက် ကုန်လွန်ခဲ့တဲ့နှစ်မှာ လိုငွေဟာ သတ်မှတ်ထားတဲ့ငွေ သုံးပုံတစ်ပုံကျော် သက်သာသွားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ အချက်ကတော့ ဒီဘဏ္ဍာတော် လိုငွေတွေဟာ သာမန် အစိုးရ သုံးစရိတ် ရိုးရိုးအတွက်မဟုတ်ဘဲ ငွေပင်ငွေရင်းမြှုပ်နှံတဲ့ဘက်မှာ ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ ၁၉၅၅–၅၆ ခုနှစ် ခန့်မှန်းခြေမှာ လိုငွေ ၁၉ (တစ်ဆယ့်ကိုး)ကုဋေကျော်ကျော်ကလေး သတ်မှတ်ခဲ့တာဟာလည်း အားလုံး လိုလို ငွေပင်ငွေရင်း မြှုပ်နှံတဲ့ဘက်မှာ ဖြစ်ပါတယ်။

လိုငွေဆိုတာဟာ အစိုးရမှာ နောက်ထပ် ကြွေးတင်ပြီးတော့ တင်တဲ့ကြွေးအတွက် ဝန်လေးလာတဲ့အခါ၊ ဒါမှမဟုတ်လို့ ပြည်တွင်းသုံးငွေတွေ တိုးလာပြီး ကုန်ဈေးတွေ တက်လာစေတဲ့ အခါမျိုးမှာ အရေးကြီးလာတတ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ပြည်တွင်း ကြွေးမြီဟာ များစွာပဲ နည်းပါးပါတယ်။ နှစ်စဉ် အမျိုးသား ထုတ်လုပ်မှု၊ သို့မဟုတ် ဝင်ငွေရဲ့ ၁၄ ရာခိုင်နှုန်းမျှလောက်သာ ရှိပါတယ်။ ဒီကြွေးမြီအတွက် အတိုးငွေဟာ အခွန်တော်ဝင်ငွေရဲ့ ၁ (တစ်)ရာခိုင်နှုန်းသာရှိပြီး ရသုံးဘဏ္ဍာတော်ဝင်ငွေက စိုက်ထုတ် ပေးဆပ်ရပါတယ်။ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံတွေမှာရှိနေတဲ့ နိုင်ငံကြွေးမြီနဲ့ အမျိုးသားဝင်ငွေ ကြွေးမြီအတိုးငွေနဲ့ အစိုးရအခွန်တော် ငွေတွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကြွေးမြီနဲ့ ကျွန်တော်တို့ ပေးဆပ်နေရတဲ့ အတိုးငွေဟာ အင်မတန်မှ နည်းပါးပါတယ်။

မြန်မာနိုင်ငံတော်ရဲ့ ပြည်ပကြွေးမြီဆိုရင်လည်း မြန်မြန်ကြီး ကျေနေပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ခွဲခွာရေးနဲ့ ပတ်သက်တဲ့ ကြွေးမြီအတွက် အိန္ဒိယနိုင်ငံကို ငွေ ၁၅ ကုဋေခန့် ပေးဆပ်ပြီးခဲ့ပါပြီ။ ယူနိုက်တက် ကင်းဒမ်းကိုလည်း ၁၀ ကုဋေနီးပါး ပေးဆပ်ပြီးတဲ့အတွက် ဒီနိုင်ငံကို ပေးစရာရှိတဲ့ ကြွေးလုံးလုံး ကျေပါပြီ။ ယခုအခါမှာဆိုရင် နိုင်ငံခြားကြွေးမြီဆိုတာ မဆိုသလောက်သာ ရှိပါတော့တယ်။

mgyoe.com

mgyoe.com


နောက်တစ်ချက်က အစိုးရ သုံးစာရင်းမှာ လိုငွေတွေရှိတဲ့အတွက် ပြည်တွင်းသုံးငွေတွေ တိုးလာပြီး ကုန်ဈေးနှုန်းတွေ တက်ကုန်သလား။

ပြည်တွင်းသုံးငွေ တိုးလာတာလည်း မှန်ပါတယ်။ လပေါင်းအတန်ကြာက ကုန်ဈေးတွေ တက်လာခဲ့တာလည်း မှန်ပါတယ်။ နိုင်ငံခြားက သွင်းယူတဲ့ ကုန် အချို့မှာဆိုရင် တော်တော်ပဲ တက်သွားပါတယ်။ သို့သော် ဒီကုန်ဈေးတွေ တက်တာဟာ အရင်းခံအားဖြင့် အစိုးရရဲ့ ရသုံးငွေ လိုတဲ့အတွက် မဟုတ်ပါဘူး။ အစိုးရ ရသုံးငွေလိုတဲ့အတွက် နိုင်ငံတွင်းသုံးငွေကို အသင့်အတင့်မျှသာ တိုးစေပါတယ်။ ဒီလို ဈေးတက်ရတာဟာ အဓိကအားဖြင့် နိုင်ငံခြားသုံးငွေ အခြေအနေကြောင့် တက်ခြင်း ဖြစ်ပါတယ်။ ဒီလိုဖြစ်တာဟာ လောလောဆယ် ပေါ်ပေါက်နေတဲ့ အရောင်းအဝယ် အနုတ်အသိမ်းကြောင့် မဟုတ်ဘဲ ရှေ့အလားအလာ ကုန်စည်ပစ္စည်းရှားပါးသွားမလားဆိုတဲ့ စိုးရိမ်ကြောင့်ကြမှုကြောင့် ဖြစ်ပါတယ်။ ဒီလို ရှေ့အရေးကြောင့်ကြမှုကြောင့် ကုန်လှောင်နိုင်တဲ့ ကုန်သည်များက စားသုံးကုန်များကို လှောင်ထားရန် ကြံစည်ကြခြင်းကြောင့် ဖြစ်ပါတယ်။ ကုန်စည်ပစ္စည်းတွေ မရှားပါးသင့်ဘဲ ရှားသွားခဲ့တယ်။ ကုန်ကစားမှုတွေလည်း ပေါ်လာခဲ့တယ်။ မရိုးမဖြောင့်တဲ့ ကုန်သည်တွေက အခြေအနေကို အခွင့်ကောင်းယူပြီး ကုန်ဈေးတွေကို မြှင့်ကြတယ်။ ဒီလို အရေးအခင်းတွေ ပေါ်ပေါက်နေတော့ ကျွန်တော်တို့ရဲ့လက်ရှိ ဘဏ္ဍာရေးအခြေအနေ အရေးကြီးပုံကို ဝေဖန်သိရှိနိုင်ရန်၊ နိုင်ငံခြားသုံးငွေ အခြေအနေနဲ့ ရှေ့အလားအလာများကို သုံးသပ်ကြည့်ဖို့ လိုပါတယ်။ ဒီအချက်ကို ကျွန်တော်တို့ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ကြပါစို့။

၁၉၅၃–၅၄ ခု ဘဏ္ဍာရေးနှစ်အစမှာဆိုရင် မြန်မာနိုင်ငံတော်ရဲ့ နိုင်ငံခြား သုံးငွေဟာ ကုဋေ ၁၂၀ နီးနီး ရှိပါတယ်။ ဒီငွေဟာ ၁၉၅၃ ခုနှစ် ဇွန်လမှာ အများဆုံး ရောက်ခဲ့ဖူးတဲ့ ငွေ ၁၂၇ ကုဋေနဲ့ များစွာပဲ နီးစပ်တယ်။ ဇွန်လမှာ အများဆုံး ရောက်ခဲ့ပြီးတဲ့နောက် ၁၉၅၅ ခု ဩဂုတ်လမှာ ငွေ ၇၇ ကုဋေကျဆင်း သွားပြီး ကုဋေ ၅၀ လောက်သာ ကျန်ရှိတယ်။ ကျွန်တော်တို့ရဲ့ တရားဝင် သီးသန့် ရန်ပုံငွေဖြစ်တဲ့ ပြည်ထောင်စုဘဏ်က သီးသန့်ငွေဟာလည်း ၁၁၃ ကုဋေနီးနီးလောက် ၄၂ ကုဋေခန့်အထိ ကျဆင်းသွားတယ်။ ဒီလို နိုင်ငံခြားသုံးငွေ ကျဆင်းသွားခြင်းဟာ ပြဿနာရဲ့ အချက်အချာဖြစ်တဲ့အတွက် အဘယ်ကြောင့် ဒီလိုကျဆင်းသွားရသလဲ၊ အဘယ်ကြောင့် အစိုးရက ကျဆင်းသွားခွင့်ပြုခဲ့သလဲ၊ ဒီလို ကျဆင်းရခြင်းရဲ့ တကယ့်သဘောအဓိပ္ပာယ်ဟာ ဘာလဲဆိုတဲ့ အချက်တွေကို လူကြီးမင်းများနှင့်တကွ ကျွန်တော် တော်တော် ရှည်ရှည်လျားလျား စုံစမ်းကြည့်လိုပါတယ်။

အဆိုပါ နှစ်နှစ်ကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ နိုင်ငံခြားဝင်ငွေဟာ ကျဆင်းသွားပြီး နိုင်ငံခြားသုံးငွေဟာ တိုးတက်လာခဲ့ပါတယ်။ ၁၉၅၂–၅၃ ခုနှစ်မှာ ကျွန်တော်တို့ဝင်ငွေ ၁၃၅ ကုဋေလောက်ရှိရာက ၁၉၅၃–၅၄ ခုနှစ်မှာ ၁၁၃ ကုဋေခန့်လောက်အထိ

mgyoe.com

mgyoe.com


ကျဆင်းသွားပြီး ကုန်ဆဲဖြစ်တဲ့နှစ်မှာ ၁၁၅ ကုဋေအထိ ကျဆင်းသွားပါတယ်။ ဒီလို တစ်နှစ်ဝင်ငွေမှာ ကုဋေ ၂၀ လောက်ကျသွားတဲ့အနက် အများဆုံးကျတာက ဆန်ရောင်းတဲ့ဘက်က ဖြစ်ပါတယ်။ ဆန်ဘက်ကဝင်ငွေဟာ ၁၉၅၂–၅၃ ခုနှစ်မှာ ၁၀၂ ကုဋေရှိရာက နောက်တစ်နှစ်မှာ ၈၁ ကုဋေအထိ ကျဆင်းသွားပြီး ၁၉၅၄–၅၅ ခုနှစ်မှာဆိုရင် ခန့်မှန်းခြေ ကုဋေ ၈၀ သာရှိပါတယ်။ ဒီလိုကျဆင်း သွားရခြင်းဟာ ဆန်နဲ့ ဖွဲ၊ ဆန်ကွဲများ တင်ပို့ရတဲ့တန်ချိန် တိုးတက်လျက်နှင့်ပင် ကျဆင်းခြင်း ဖြစ်ပါတယ်။ ၁၉၅၂–၅၃ ခုနှစ်မှာ တန်ချိန် ၁၂ သိန်း ပို့ရပါတယ်။ နောက်တစ်နှစ် တန်ချိန် ၁၃ သိန်း ပို့ရပါတယ်။ ကုန်ဆဲဖြစ်တဲ့ နှစ်မှာဆိုရင် ၁၇ သိန်းခန့်အထိ ပို့ရပါတယ်။ ဒီလို ဆန်ဘက်က နိုင်ငံခြားသုံး ဝင်ငွေ လျော့သွားတာနှင့်အတူ သစ်၊ သတ္တု၊ ပဲ၊ ပြောင်း၊ ဝါဂွမ်း၊ နှမ်းဖတ်၊ ကြက်ပေါင်စေး စတဲ့ အခြားထွက်ကုန်များမှ ဝင်ငွေများလည်း လျော့သွားပါတယ်။

တစ်ချိန်တည်းမှာပဲ အသုံးစရိတ်တွေ အဆောတလျင် တိုးလာပါတယ်။ ၁၉၅၂–၅၃ ခုနှစ်မှာ နိုင်ငံခြားသုံးငွေ ကုဋေ ၁၁၀ ခန့် ထွက်သွားပါတယ်။ ၁၉၅၃–၅၄ ခုနှစ်မှာ ၁၅၆ ကုဋေအထိတိုးလာပြီး ၁၉၅၄–၅၅ ခုနှစ်မှာ ခန့်မှန်းရ ထွက်ငွေ ၁၅၅ ကုဋေ ဖြစ်ပါတယ်။ ၁၉၅၄–၅၅ ခုနှစ်အတွက် ကျွန်တော်တို့ရဲ့ ခန့်မှန်းခြေများ မှန်ကန်မည်ဆိုလျှင် နှစ်နှစ်ကာလအတွင်း နိုင်ငံခြားသုံးငွေ အယုတ် အလျော့ ကုဋေ ၈၀ ခန့်လောက် ဖြစ်ပါလိမ့်မယ်။

ဆန်စပါးက ဝင်ငွေလျော့လို့ နိုင်ငံခြား သီးသန့်ငွေ အတော်လျော့လာသော်လည်း နိုင်ငံခြားသုံးငွေကို တိုးသုံးတဲ့အတွက် ဒီလို လျော့လာရတယ်ဆိုတာ ဒီစာရင်းတွေကို ကြည့်ရင် လူကြီးမင်းများ အလွယ်တကူ သိနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေ တိုးတက်ရရှိဖို့ အစိုးရက ဆောင်ရွက်ပြီးကြောင်း ကြေညာခဲ့တယ်။ နိုင်ငံခြားသုံး ဝင်ငွေနည်းနေတဲ့အခါမှာ အစိုးရက ဘာပြုလို့ နိုင်ငံခြားသုံးငွေများကို ပိုပြီး ခွင့်ပြုရသလဲလို့ လူကြီးမင်းများက သိချင်ကြပေလိမ့်မည်။ အဖြေက ရှင်းရှင်းကလေးပါ။ ၁၉၅၃–၅၄ ခုနှစ်အတွက်ဆိုရင် သာပြီး သိသာနိုင်ပါတယ်။ ၁၉၅၃–၅၄ ခုနှစ်မှာ ကျွန်တော်တို့ရဲ့ သီးသန့်ငွေ နည်းမယ်ဆိုတာ ကျွန်တော်တို့ ကြိုတင် ခန့်မှန်းခဲ့တယ်။ ဒီလိုငွေ အတော်အတန် နည်းလာတာတောင် ကျွန်တော်တို့မှာရှိတဲ့ သီးသန့်ငွေဟာ လုံလုံလောက်လောက် ရှိပါတယ်။ မနှစ်က ဘဏ္ဍာရေးနှစ်မကုန်မီ ကောင်းကောင်းပြီးဆုံးခဲ့တဲ့ ၁၉၅၄–၅၅ ခုနှစ် စီမံကိန်းမှာ နောက်ထပ်ပြီး နိုင်ငံခြား သုံးငွေ အသင့်အတင့် လိုလိမ့်ဦးမယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဘဏ္ဍာရေးနှစ်သစ်ထဲ ရောက်လို့ မကြာခင်ပဲ ဆန်မှရတဲ့ ဝင်ငွေဟာ အရင်က မှန်းတာထက် လျော့ဦးမယ်ဆိုတာ သိသာနိုင်ပါတယ်။ ဒါကြောင့် အစိုးရက နိုင်ငံခြားသုံးငွေ မကျဆင်းရန် တားဆီးခဲ့ပါတယ်။ ငွေပင်ငွေရင်း မြှုပ်နှံရေး အစီအစဉ်ကို ပြန်လည် သုံးသပ်ပြီး အစီအစဉ် အရ မူလက ခွင့်ပြုထားတဲ့ငွေကို အကုန်အကျနည်းအောင် ဖြတ်တောက်ခဲ့တယ်။ ပထမ နှစ်ဝက်မှာ နှစ်စဉ် ကုဋေ ၈၀ ကျော်နေတဲ့ ပုဂ္ဂလိက သွင်းကုန်များအတွက် ပေးရတဲ့ငွေတွေ

mgyoe.com

mgyoe.com


ကို တားဆီးဖို့ မကြာခင်ကပဲ အရေးယူဆောင်ရွက်ခဲ့တယ်။ ဆန်စပါး၊ ကျွန်းသစ်၊ ဓာတ်သတ္တုများနဲ့ အခြားကုန်များက ဝင်ငွေပိုရရန်၊ ထွက်ကုန်များများ ထုတ်နိုင်ဖို့ နောက်ဆုံး အားသွန်လုပ်ခဲ့တယ်။ အဲဒီလို အရေးယူဆောင်ရွက်ခဲ့လို့ နိုင်ငံခြားသုံးငွေဟာ ကုဋေ ၂၀ လောက် လျော့သွားတယ်။ ဒါပေမဲ့ အသုံးစရိတ် နည်းအောင်နဲ့ ဝင်ငွေ ပိုမိုရရှိဖို့လုပ်ရုံနဲ့ ဒီနှစ်ဝင်ငွေ လျော့နေတာကို အမြန်ဆုံး ကာမိအောင် မလုပ်နိုင်သေးဘူး။ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေအတွက်ကတော့ ပြေလည်အောင် ပေးဆပ်ရမှာပဲ။ ဆန်တန်ချိန် လေးသိန်းနီးပါးလောက် ပိုမို တင်ပို့နိုင်ပေမယ့် ဆန်ဈေးနှုန်းများက ကျဆင်းတာရော၊ ကျွန်းသစ်နဲ့ ဓာတ်သတ္တုအထွက်နှေးတာအတွက်ရော နိုင်ငံခြားသုံးငွေဟာ ဒီနှစ်မှာ နည်းနေဦးမှာပဲ။

ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံး သီးသန့်ငွေထဲမှာ ဒီလို နိုင်ငံခြားသုံးငွေ နည်းပါးတဲ့ အတွက် ဘယ်လိုများ အရေးကြီးတဲ့အကြောင်း ပေါ်ပေါက်လာမယ်။

နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံခြားသုံး သီးသန့်ငွေဟာ အခြေခံ ရည်ရွယ်ချက်ကြီး နှစ်ခု အတွက် ထားရှိကြတယ်။ တစ်ခုက တိုင်းသူပြည်သားတို့ရဲ့ ငွေကြေးအတွက် အားပေးခဲ့ တယ်။ ဒီလုပ်ငန်းမှာဆိုရင် ကျွန်တော်တို့ရဲ့ သီးသန့်ငွေဟာ ဒါထက် ပိုပြီးတော့ အားပေးခဲ့ တဲ့ပြင် မကြာခင်က ငွေနည်းနေတာတောင်မှ ဒီလုပ်ငန်းအတွက် ယခုထက်တိုင် လုံလုံ လောက်လောက် ရှိပါသေးတယ်။ နိုင်ငံခြားသုံး သီးသန့်ငွေရဲ့ ဒုတိယဆောင်ရွက်တဲ့ အခြေခံလုပ်ငန်းကြီးကတော့ တခြားထားရှိတဲ့ သီးသန့်ငွေများနဲ့ ခပ်ဆင်ဆင်တူပါတယ်။ ဒီလိုသီးသန့်ငွေဟာ တပ်မတော်အတွက် သီးသန့်ငွေ ဖြစ်ချင်ဖြစ်မယ်။ ပုဂ္ဂလိက စုဆောင်း တဲ့ငွေ ဖြစ်ချင်ဖြစ်မယ်။ သို့မဟုတ် အခြားတစ်ဦး တစ်ယောက်ရဲ့ငွေ ဖြစ်ချင်လည်းဖြစ်မယ်။ တပ်မတော်မှာဆိုရင် သီးသန့်ငွေဟာ အင်မတန် အရေးကြီးတယ်။ ကိစ္စတစ်ခုခု အောင်မြင် ဖို့ ဆောင်ရွက်ရန်လိုလာရင် ငွေကို အလွယ်တကူရဖို့ပဲ ဖြစ်တယ်။ ပုဂ္ဂလိကပိုင်အတွက် ကတော့ စုဆောင်းထားတဲ့ငွေကို မမာ မကျန်း ဖြစ်တဲ့အခါ၊ ဘေးဥပါဒ်အန္တရာယ် တွေ့ကြုံတဲ့ အခါ၊ သို့မဟုတ် အခက်အခဲ များနဲ့ တွေ့ကြုံတဲ့အခါမှာ သုံးဖို့ပဲဖြစ်တယ်။ ပုဂ္ဂလိကပိုင် သီးသန့်ငွေဟာ ရည်ရွယ်ချက်တစ်ခု ထမြောက်အောင်မြင်ရေးအတွက်လည်း အသုံးချနိုင် တယ်။ ဥပမာ မိသားစု အတွက် အိမ်တစ်အိမ်ဆောက်ရေး၊ သားကြီးအတွက် အသက်မွေး ဝမ်းကျောင်းပညာ သင်ကြားပေးရေး၊ သို့မဟုတ် အမြတ်အစွန်းထွက်မယ့်လုပ်ငန်းမှာ အရင်းစိုက်ထုတ်ထားဖို့ပဲ ဖြစ်တယ်။

ဗမာ့နိုင်ငံခြားသုံး သီးသန့်ငွေဟာလည်း ဒီလိုလုပ်ငန်းမျိုးတွေအတွက်ပဲ ဖြစ်တယ်။ လိုတဲ့အချိန်မှာရဖို့၊ ဒီငွေကို နှစ်ရှည်လများ စုဆောင်းထားရခြင်းဖြစ်တယ်။ ဒီငွေကို စေးနဲ့တဲ့ လူတွေလို မစားရက်၊ မသောက်ရက်နဲ့ ရွှေထုပ်ကြီး ပိုကြီးလာအောင် အမြဲတမ်း စုဆောင်း တဲ့အကြံနဲ့ သိုမှီးထားခြင်း မဟုတ်ပါဘူး။ နိုင်ငံခြားသုံး သီးသန့်ငွေ နည်းလာခြင်းနဲ့ နိုင်ငံခြားသုံး သီးသန့်ငွေရဲ့လုပ်ငန်းဟာ ဘယ်လိုဆိုတာကို ရှင်းလင်းပြီးတဲ့နောက် ဖြစ်ခဲ့တဲ့

mgyoe.com

mgyoe.com


ကိစ္စတွေဟာ ဘယ်လို အရေးကြီးတယ်ဆိုတာ ခန့်မှန်းဖို့ အချိန်ကျပါပြီ။ ကျွန်တော်တို့ရဲ့ သီးသန့်ငွေမှ ပိုလျှံတဲ့ငွေတွေကို အများအပြား သုံးခဲ့လို့ နောင်ကို နိုင်ငံခြားကို ပေးရန်ရှိတဲ့ငွေကို ကျွန်တော်တို့ နိုင်ငံခြားမှ ရတဲ့ငွေနဲ့ ချိန်ပြီးသုံးရပါမယ်။ ဒါဖြင့် ဒီလိုလုပ်လိုက်လို့ ဘယ်လိုဖြစ်လာမလဲ၊ စီးပွားရေးနဲ့ဆိုရင်ကော ဘယ်လိုအဓိပ္ပာယ်ရှိမလဲ။

ပထမ ကျွန်တော်တို့ရဲ့ ငွေစာရင်းများကို ကမ္ဘာ့ငွေစာရင်းနဲ့ တန်းတူထားလို့ ရှိရင် ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေ ခန့်မှန်းခြေ ဘယ်လောက် ရမလဲဆိုတဲ့ ပြဿနာ ပေါ်လာတယ်။ ကျွန်တော်တို့က အမှားသိပ်မခံနိုင်လို့ အရင်ကလို သိပ်မခန့်မှန်းနိုင်ဘူး။ ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ နှစ်နှစ်ကထက် ဆန်စပါးထွက်မယ်လို့ မခန့်မှန်းနိုင်ဘူး။ နောက်ပြီး ကျွန်းသစ်နဲ့ ဓာတ်သတ္တုများဟာ အတော်များများ ပိုမို ထွက်ရှိလာမယ်လို့ ထင်ရသော်လည်း အသင့်အတင့်လောက်သာ ပိုမိုလာမယ်လို့ ကျွန်တော်တို့ ခန့်မှန်းပါတယ်။ ဂျပန်ပြည်မှ စစ်လျော်ကြေးဟာ ထွက်ကုန်အတွက် ဝင်ငွေ ပိုမိုရရှိလိမ့်မယ်။

ပေးရန်ရှိတာတွေနဲ့ ပတ်သက်လို့ အစိုးရက ပေးရန်ရှိတာတွေကို ပထမ စဉ်းစားကြည့်ကြမယ်။ ၁၉၅၅–၅၆ ခုနှစ်အတွက် ငွေရင်းစိုက်ထုတ် မြှုပ်နှံတဲ့ အစီအစဉ်ဟာ ကုဋေ ၈၀ ကနေပြီး ကုဋေ ၅၆ ထိ လျော့သွားပါတယ်။ ဤအစီအစဉ်အတွက် နိုင်ငံခြားသုံးငွေဟာ အတော်များများ ယခုအချိန်အထိ လိုပါဦးမယ်။ သို့သော်လည်း ပေးရန်ကျန်ရှိနေတာတွေကို ပြေလည်အောင် ပေးဆပ်ရပါမယ်။ ကျွန်တော်တို့ ရရန်ရှိတဲ့ စစ်လျော်ကြေးနဲ့ ဆန်ရောင်းပြီး ကုန်ပစ္စည်းဖလှယ်တဲ့ နိုင်ငံတွေနဲ့လည်း ဒီလိုလုပ်မှပဲ ရပါမယ်။ ဒါကြောင့် မလိုတဲ့ ပုဂ္ဂလိက သွင်းကုန်များကို ဆက်လက် ချုပ်ချယ်ထားရမယ်။ ကျွန်တော်တို့ နောင်နှစ်ကို ၁၉၅၃–၅၄ နဲ့ ၁၉၅၄–၅၅ ခုနှစ် များကလို ဆန်စပါးက ကုဋေ ၈၀ ရမယ်ဆိုရင် ပုဂ္ဂလိကနဲ့ လူသုံးပစ္စည်းများ တင်သွင်းရန် (ပြည်သူ့ ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့မှ တင်သွင်းသည့်ကုန်များ အပါအဝင်) ငွေ ၇၅ ကုဋေလောက် ခန့်မှန်းထားပါတယ်။ ၁၉၅၃–၅၄ ခုနှစ်က ၈၆ ကုဋေဖိုးနှင့် ၁၉၅၄–၅၅ ခုနှစ်က ၇၈ ကုဋေဖိုး တင်သွင်းသည့်ကုန်များနှင့် နှိုင်းယှဉ်ရင် အနည်းငယ် နည်းနေကြောင်း တွေ့ရပါတယ်။ ဒီသတင်းဟာ နောင်နှစ်ကို ဒီလိုကုန်မျိုး အနည်းငယ်သာ တင်သွင်းခွင့်ပြုမယ်လို့ တွေးတောကြောက်ရွံ့နေတဲ့ ကုန်သည်များကို သက်သာရာရစေလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ နောက်ပြီး ၁၉၅၃–၅၄ ခုနှစ်က သိုလှောင်ထားတဲ့ကုန်တွေဟာ ပိုများလာတာ တွေ့ရတော့ ဒီနှစ်အတွင်း ကုန်တွေကို လိုတာထက် ပိုသွင်းနေတယ်ဆိုတာဟာ ထင်ရှားတာပဲ။ ဇိမ်ခံပစ္စည်းမဟုတ်တဲ့ လိုအပ်တဲ့ပစ္စည်းများကို ဦးစားပေးပြီး တင်သွင်းခွင့်လိုင်စင်များ ပေးမှာဖြစ်တဲ့အတွက် နောင်နှစ်မှာ အသုံးလိုတဲ့ကုန်များကို လူထုအတွက် လုံလုံလောက်လောက် ရရှိစေမယ်ဆိုတာ ကတိပြုနိုင်ပါတယ်။

ဒါကြောင့် နောင်နှစ်မှာ လူသုံးပစ္စည်းများကို လူထုအတွက် လုံလုံလောက်လောက် ရနိုင်မယ်ဆိုတာ အာမခံနိုင်ပါတယ်။ ကုန်သည်များအတွက်လည်း ဒီလိုပဲ အာမခံနိုင်ပါ

mgyoe.com

mgyoe.com

တယ်။ သွင်းကုန်လိုင်စင်များကို အဖိုးကြီးကြီး ပေးဝယ်တာတို့၊ သို့မဟုတ် ကုန်များ နှောင်ရှားပါးမှာစိုးလို့ ကြိုတင် သိုလှောင်တဲ့ အချောင်သမားကို သတိပေးရမယ်၊ ဒီလိုလုပ်တဲ့ အချောင်သမားဟာ အကြီးအကျယ် ဒုက္ခတွေ့ရမယ်။ သူ ဒီလိုလုပ်တဲ့အတွက် သူ့ကို ဘယ်သူကမှ သနားမှာလည်း မဟုတ်ဘူး။ ကုန်ဈေးများ ကျဆင်းဖို့ အစိုးရက ဘာဖြစ်လို့ စီးပွားရေးသမားများကို ပြင်းပြင်းထန်ထန် အရေး မယူတာလဲလို့ မေးခွန်းများမေးကြတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံဖြစ်လို့ ဥပဒေရဲ့စိုးမိုးမှုကို ကျွန်တော်တို့ ယုံကြည်ပါတယ်။ ကုန်များ လုံလုံ လောက်လောက်ရအောင် ဆောင်ရွက်ပေးနိုင်ခြင်းဟာ ကုန်ဈေးနှုန်းများ ကျဆင်းအောင် လုပ်တဲ့နေရာမှာ အကောင်းဆုံးနည်းပဲလို့ ကျွန်တော်တို့ ထင်ပါတယ်။ ကျွန်တော် တို့က စိတ်ကောင်းရှိတဲ့ စီးပွားရေးသမားကိုလည်း မေတ္တာရပ်ခဲ့ပြီးပါပြီ။ ဒီလို အရေးယူ ဆောင်ရွက်ချက်တွေနဲ့ မလုံလောက်လို့ တကယ်လို့ လိုအပ်လာလျှင် သက်ဆိုင်ရာ ဥပဒေများကို ပြင်ဆင်ပြီး ကျွန်တော်တို့ အရေးယူ ဆောင်ရွက်ရပါမယ်။

ကျွန်တော်တို့ဟာ တိုင်းပြည်ကြီး တည်တံ့ခိုင်မြဲဖို့နဲ့ တိုးတက်ဖို့အတွက် တည်ဆောက်နေပါတယ်။ ကျွန်တော်တို့ရဲ့ သယံဇာတပစ္စည်းများ ရရှိသည်နှင့်အမျှ ကျွန်တော်တို့ တိုင်းပြည်ရှိ လူများရဲ့ နေထိုင်မှု အဆင့်အတန်းကို မြှင့်တင်ရန် ကြိုးပမ်းလျက် ရှိပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေကို အကျိုးရှိအောင် သုံးနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ သွင်းကုန်များကိုသာမကဘဲ နိုင်ငံခြားကိုပို့တဲ့ ငွေများကိုပါ ကြီးကြပ်ထားခဲ့ပါတယ်။ မြန်မာပြည်မှာနေတဲ့ နိုင်ငံခြားသားတစ်စုဟာ အထူးသဖြင့် စီးပွားရေးသမားများဟာ ကျွန်တော်တို့ နိုင်ငံခြားသုံးငွေ ကြီးကြပ်ထားတာကို နည်းအမျိုးမျိုးနဲ့ လှည့်ပတ်လိမ်လည်နေတာကို ပြောရတာ ကျွန်တော် ဝမ်းနည်းပါတယ်။ ဒီလို လိမ်လည်နေတဲ့ နိုင်ငံခြားသားများဟာ ကျွန်တော်တို့နိုင်ငံနဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေနိုင်ငံများမှ တိုင်းရင်းသားများဖြစ်တဲ့ အတွက်လည်း ပိုပြီးတော့ ဝမ်းနည်းစရာ ကောင်းပါတယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေကို ကြီးကြပ်ဖို့ သန္နိဋ္ဌာန်ချထားတဲ့အတွက် ကျွန်တော်တို့က ဥပဒေအရ ဆက်လက်ပြီး အမြန် အရေးယူရပါမယ်။ မြန်မာနိုင်ငံမှာနေကြတဲ့ နိုင်ငံခြားသားများ အထူးသဖြင့် စီးပွား ရေးသမားများကို ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဥပဒေကပေးထားတဲ့ အခွင့်အရေးကို ခံစားကြသလို ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဥပဒေကိုလည်း လေးစားကြပါလို့ ကျွန်တော်က မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးအခြေအနေကို အကဲဖြတ်တဲ့နေရာမှာ အချက်ကြီးတစ်ချက် ရှိပါတယ်။ ဒီအချက်က ဘာလဲဆိုရင် ၁၉၅၅–၅၆ ခု နောက်မှာ ဘဏ္ဍာရေး အလားအလာက ဘာလဲ၊ အထူးသဖြင့် နိုင်ငံခြားသုံးငွေရဲ့ အလားအလာက ဘာလဲဆိုတဲ့ အချက်ပဲ ဖြစ်တယ်။ ဒီအချက်ကို တိုတိုနဲ့ တိတိကျကျ ဖော်ပြနိုင်တယ်။

ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေး အလားအလာ တစ်ခုခုကို ကြည့်မယ်ဆိုရင် အဓိကကြွယ်ဝတဲ့ သယံဇာတ ပစ္စည်းများဖြစ်တဲ့ ဆန်စပါးနဲ့ အခြားစိုက်ပျိုးရေးလုပ်ငန်း ဓာတ်

mgyoe.com

mgyoe.com

သတ္တု၊ ကျွန်းသစ်နဲ့ အခြားထွက်ကုန်များပဲ ဖြစ်ပါတယ်။ ဒီထွက်ကုန်တွေဟာ တိုးသာတိုးမယ် လျော့မှာတော့မဟုတ်ဘူး။ ဒီအချိန်မှာပဲ အောင်မြင်လုနီးဖြစ်တဲ့ စီမံကိန်းအများအပြားမှ အကျိုးခံစားခွင့်ရကြမယ်။ ဒီစီမံကိန်းတွေမှ ကျွန်တော်တို့ ဝင်ငွေရမယ်။ နိုင်ငံခြားသုံးငွေကို အမြောက်အမြား စုဆောင်းနိုင်မယ်။ နောက်ဆုံး ၁၉၅၅–၅၆ ခုနှစ်ကလွန်ရင် ကျွန်တော်တို့ဟာ ရှေ့ဘဏ္ဍာရေးနှစ် ပြင်ဆင်ရာမှာ ရင်ဆိုင်ခဲ့ရသလို ငွေပင်ငွေရင်း ကြိုတင်စိုက်ထုတ်တဲ့ အစီအစဉ်မျိုးကို အရမ်းစိုက်ထုတ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ လိုအပ်လို့ရှိရင် ငွေပင်ငွေရင်းစိုက်ထုတ်တဲ့ အစီအစဉ်ကို ထပ်ပြီး လျှော့နိုင်ပါလိမ့်မယ်။ အထူးသဖြင့် နိုင်ငံခြား သုံးငွေအတွက် လိုတာတွေကို ပုဂ္ဂလိကနဲ့ လူသုံးပစ္စည်းများတင်သွင်းရန် အတွက် လျှော့ပစ်ရန်ပင် ဖြစ်ပါတယ်။

၁၉၅၃–၅၄ ခုနှစ်မှ ၁၉၅၅–၅၆ ခုနှစ်အထိ သုံးနှစ်အတွင်း လျှပ်စစ်ဓာတ်အားနဲ့ စက်မှုလက်မှုလုပ်ငန်းအတွက် နိုင်ငံခြားသုံးငွေ အမြောက်အမြား သုံးခဲ့ရတာဟာ လုပ်ငန်းအောင်မြင်လုနီးပါပြီ။ ဒါကြောင့် တခြားလုပ်ငန်းတွေမှာ အသုံးငွေနည်းနည်းနဲ့ ငွေပင်ငွေရင်းစိုက်မြှုပ်တဲ့ အစီအစဉ်ကို ကျွန်တော်တို့ စိတ်ကျေကျေနပ်နပ်နဲ့ လုပ်ကိုင်နိုင်တော့မယ်။

ဒီအကြောင်းတွေကြောင့် ကျွန်တော်တို့ရဲ့ မူလ ဘဏ္ဍာရေးအခြေအနေဟာ တောင့်တင်းပြီး ကြီးကြပ်လို့ ရတယ်ဆိုတာ ကျွန်တော် သိရှိပါတယ်။ ကျွန်တော်တို့ရဲ့ အနာဂတ် ဘဏ္ဍာရေးနဲ့ အနာဂတ် ကိုယ်စိတ်နှစ်ပါးတို့ဟာလည်း မှေးမှိန်ခြင်းမရှိဘဲ တောက်ပလျက် ရှိပါတယ်။ ကျွန်တော် အစီရင်ခံခဲ့သလို ရှေးနှစ် ဘဏ္ဍာရေးနှစ်မှာ အခိုက်အတန့်အားဖြင့် ငွေကြေးကျပ်တည်းခြင်းနဲ့ ကျွန်တော်တို့ ရင်ဆိုင်ရပေမယ့် ဒီနှစ်ကကျော်ရင် အခြေအနေ ကောင်းမွန်လာပါလိမ့်မယ်။ အစိုးရက ငွေအမြောက်အမြား သုံးပြီးတဲ့နောက် ယခုမှ ခြိုးခြံရတဲ့အတွက် ဘဏ္ဍာရေးကျပ်တည်းမှုကို မပေါ်ပေါက်စေပါဘူး။ ပုဂ္ဂလိကနဲ့ လူသုံးကုန်ပစ္စည်းများကို တစ်နှစ်တာမျှ မဝယ်မဖြစ်သည့် ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ခြင်းဖြင့်လည်း ငွေကျပ်တည်းမည် မဟုတ်ပါ။ လူကြီးမင်းများခင်ဗျား၊ အမှန်ကို ပြောရမယ်ဆိုရင် ဘဏ္ဍာရေးကျပ်တည်းမှု ပေါ်ပေါက်ခြင်း မရှိပါဘူး။ ကျွန်တော်တို့ သိကြသလို ငွေကြေးကျပ်တည်းခြင်း ပြဿနာကို ဖြေရှင်းခြင်းပင် ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်လိုဖြစ်နေသလဲ ဆိုတော့ ဝင်ငွေကောင်းနေတဲ့အချိန်မှာ နောက်ဆက်လက်ပြီး ဝင်ငွေကောင်းဦးမယ်ဆိုတဲ့ ကြိုတင်ခန့်မှန်းချက်နဲ့ အကုန်အကျများတဲ့ ကားကို ဝယ်တဲ့ လူလိုဖြစ်နေတယ်။ ဒီလူရဲ့ဝင်ငွေဟာ ယခု လျော့သွားပေမယ့် သူလောလောဆယ် အသုံးလိုတာတွေထက် ပိုနေသေးတော့ ဒီလူဟာ အကုန်အကျများတဲ့ကားကို စွန့်ပြီးတော့ အကုန်အကျ နည်းတဲ့ကားကို သုံးရလိမ့်မယ်။ အခြေအနေ မပြောင်းလဲသမျှ အနည်းအပါး ကျပ်တည်းပေမယ့် ဒီလူဟာ ငွေကျပ်တည်းတာ မဟုတ်ဘူး။

လူကြီးမင်းများခင်ဗျား၊ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ကျွန်တော် အတော်ရှင်းလင်းပြီးခဲ့ပြီ။ ဒုတိယ ပြဿနာဖြစ်တဲ့

mgyoe.com

mgyoe.com


ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေတွေကို ဘယ်လိုသုံးခဲ့တယ်။ ဒီလို သုံးခြင်းအားဖြင့် ဘယ်လို အကျိုးကျေးဇူးတွေ ခံစားရမယ်ဆိုတာကို ကျွန်တော် ဆွေးနွေးချင်ပါတယ်။ ကျွန်တော်ဟာ ဒီပြဿနာကို သီးခြားဆွေးနွေးနေပေတဲ့ ကျွန်တော်တို့ရဲ့ အနာဂတ် ဘဏ္ဍာရေး အလားအလာနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ရဲ့ ယုံကြည်ချက်တွေနဲ့ ဆွေးနွေးချက်တွေဟာ အတည်ဖြစ်နေမယ်ဆိုတာ ရှင်းလင်းနေပါတယ်။ အစိုးရက တစ်နိုင်ငံလုံး တိုးတက်ရေးအတွက် ငွေကြေးမြောက်မြားစွာသုံးခဲ့လို့ တိုင်းပြည် ဘယ်လို တိုးတက်မယ်ဆိုတဲ့ အစီအစဉ်ပေါ်မှာ မူတည်ပြီး ကျွန်တော် ဆွေးနွေးပါမယ်။

၁၉၅၃–၅၄ နဲ့ ၁၉၅၄–၅၅ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရဲ့ နိုင်ငံခြားသုံးငွေဟာ ကုဋေ ၃၁၀ တိတိရှိတယ်။ ပုဂ္ဂလိက သွင်းကုန်ဖိုးဟာ ကုဋေ ၁၅၀ လောက်ရှိလို့ နိုင်ငံခြားသုံးငွေ စုစုပေါင်းရဲ့ တစ်ဝက်လောက်ဖြစ်တယ်။ အစိုးရအနေနဲ့ သွင်းကုန်ဟာ ပြည်သူ့ရိက္ခာ ထောက်ပံ့ရေးရုံးမှ သွင်းကုန်များပါဆိုရင် ကုဋေ ၁၀၀ ထက်နည်းလို့ စုစုပေါင်းရဲ့ သုံးပုံတစ်ပုံထက်ပင် နည်းပါသေးတယ်။ (Non Trade Payment) ကုန်ကူးသန်းရောင်းဝယ်ရေးအတွက်မဟုတ်ဘဲ အခြားကိစ္စများအတွက်သုံးသည့် ပုဂ္ဂလိကနဲ့ အစိုးရ သုံးငွေများအပြင် နိုင်ငံခြားကြွေး ပြန်လည်ဆပ်တာတွေပါဆိုရင် ၆၃ ကုဋေလောက်ရှိတော့ စုစုပေါင်း သုံးငွေရဲ့ ငါးပုံတစ်ပုံ ဖြစ်ပါတယ်။

ဒီနှစ်အတွင်းမှာ အစိုးရရဲ့ ငွေပင်ငွေရင်းမြှုပ်နှံတဲ့နေရာမှာ သုံးတဲ့ငွေ စုစုပေါင်းဟာ ၁၄၂ ကုဋေဖြစ်တယ်။ ဒီငွေအနက် ၅၉ ကုဋေဟာ နိုင်ငံခြားသုံးငွေဖြစ်လို့ ထိုနှစ်အတွင်း မြန်မာနိုင်ငံရဲ့ စုစုပေါင်း နိုင်ငံခြားသုံးငွေမှ ပေးထားတဲ့ ငွေပေါင်းရဲ့ ငါးပုံတစ်ပုံထက်ပင် နည်းပါသေးတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးနှင့် ပတ်သက်ပြီးတော့ အစိုးရရဲ့ ငွေလုံးငွေရင်း အသုံးစရိတ်နဲ့ နိုင်ငံခြားသုံးငွေ အသုံးစရိတ်ကို အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြလိုပါတယ်။

(ငွေများကို ကုဋေဖြင့် ပြထားသည်)

| | ငွေလုံးငွေရင်း အသုံးစရိတ် | နိုင်ငံခြားသုံးငွေ အသုံးစရိတ် |
|---|---|---|
| လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၁၈.၀ | ၁.၇ |
| သစ်တော | ၁.၅ | .၃ |
| သတ္တုတွင်း | ၁.၄ | .၄ |
| သယ်ယူပို့ဆောင်ရေး | ၂၇.၃ | ၁၆.၀ |
| လမ်းပန်းဆက်သွယ်ရေး | ၂.၈ | ၁.၂ |
| လျှပ်စစ်ဓာတ်အား | ၁၇.၃ | ၆.၈ |
| စက်မှုလက်မှု | ၂၃.၂ | ၁၄.၄ |
| အဆောက်အအုံဆောက်လုပ်ရေး (ကျောင်းများ၊ | | |

mgyoe.com

mgyoe.com


| | | |
|---|---|---|
| ဆေးရုံများ၊ အိမ်ရာများ၊ အပါအဝင်) | ၂၀.၂ | ၇.၄ |
| ဆန္ဒအလျောက် သုံးစွဲခွင့်ရန်ပုံငွေ | ၂.၁ | ... |
| အထွေထွေ စီမံကိန်းများ | ၅.၆ | .၈ |
| ကာကွယ်ရေး | ၂၂.၀ | ၁၀.၃ |

ဒီအရေးကြီးတဲ့လုပ်ငန်းများ အကြောင်းများကို တစ်ခုစီ ကဏ္ဍခွဲခြားပြီး ရှင်းပြပါမယ်။

### ၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းအတွက် ကျွန်တော်တို့ အသုံးစရိတ်ဟာ ငွေလုံးငွေရင်းရော နိုင်ငံခြားသုံးငွေပါ နည်းပါးတာနှင့် အရေးမကြီးတဲ့ဌာနလို့ မယူဆအပ်ပါဘူး။ ဒီဌာနအတွက် ငွေသုံးစွဲခြင်းနည်းပါးတဲ့အတွက် အစိုးရအတွက် ဝင်ငွေနည်းလိမ့်မယ်လို့လည်း မယူဆအပ်ပါဘူး။ ဆည်မြောင်းဖောက်လုပ်ရေး စီမံကိန်းနှင့် စက်နှင့်လယ်ယာထွန်ယက်ခြင်း စီမံကိန်းအပြင်၊ စီမံကိန်း အကြီးအကျယ်လည်း မရှိပါဘူး။ လယ်ယာလုပ်ငန်း တိုးတက်မှုအတွက်လည်း အစိုးရက ငွေလုံးငွေရင်း အမြောက်အမြား မလိုပါဘူး။ မျိုးကောင်းမျိုးသန့်ရရှိရေး၊ လယ်သမား ရဲ့ အလုပ်တိုးချဲ့ရေး၊ မြေရိုင်းများကို ပြန်လည် ထွန်ယက်ပြုပြင်ရေးနှင့် လယ်ယာလုပ်ငန်း ပိုမို တိုးချဲ့စိုက်ပျိုးရေးအတွက် လယ်သမားများအား အားပေးရန် အမတော်ကြေးများ ထုတ်ပေးရန်တို့အတွက် အသုံးပြုဖို့ပဲ ငွေလိုတယ်။ မြန်မာ့လယ်ယာ စိုက်ပျိုးရေးကို ခေတ်မီအောင် ပြုပြင်ပြောင်းလဲဖို့ လယ်ယာလုပ်ငန်းတိုးတက်ရေး၊ ကျေးလက်ကြီးပွားရေး ကော်ပိုရေးရှင်းက ဆောင်ရွက်နေပါတယ်။

### ဆန်

ကျွန်တော်တို့ဟာ ဆန်အမျိုးအစား ပိုမို ကောင်းမွန်အောင် အစွမ်းကုန် ကြိုးစားနေပါတယ်။ လွန်ခဲ့တဲ့နှစ်က မျိုးသန့်စပါးတင်းပေါင်း ၄၀၀,၀၀၀ ကို လယ်သမားများအား ဝေငှပေးခဲ့တယ်။ ဒီနှစ်မှာဆိုရင် မျိုးကောင်းမျိုးသန့် ပိုရဖို့အတွက် ကျွန်တော်တို့ ဧကပေါင်း ၁၂,၀၀၀ အထိ တိုးချဲ့ပြီး မျိုးစပါးများကို ၂၂၀ ဌာနမှာ စိုက်ပျိုးနေပါတယ်။ ဒီတော့ ရှေ့နှစ်မှာဆိုရင် ကျွန်တော်တို့ဟာ မျိုးကောင်းမျိုးသန့် စပါးအတော်များများ ပိုမို ထွက်နိုင်ပါလိမ့်မယ်။ ဒီလို စပါး သန့်သန့်အပေါ်က နိုင်ငံခြားငွေ ဘယ်လောက်ရမယ်ဆိုတာတော့ ခန့်မှန်းဖို့ မလွယ်ကူပါဘူး။ မျိုးသန့်စပါးဟာ ရောင်းရာမှာ မျက်နှာပန်းလှတဲ့အပြင် ဈေးကောင်း ကောင်းလည်း ရနိုင်ပါတယ်။ ဒီမျိုးသန့်စပါးကို ရောင်းချတဲ့အတွက်ချည်းပဲ ရှေ့နှစ်မှာ နိုင်ငံခြားဝင်ငွေ အနည်းဆုံး တစ်ကုဋေခွဲလောက်ရရှိလိမ့်မယ်လို့ ခန့်မှန်းပါတယ်။

စပါးဝယ်ယူရာ၊ သိုလှောင်ရာ၊ ဆန်ကြိတ်ရာနှင့် နိုင်ငံခြားသို့ တင်ပို့ရာမှာ စနစ်တကျဖြစ်အောင် အထူးဂရုစိုက်နေပါတယ်။ ကျွန်တော်တို့ဟာ ဖောက်သည်ဟောင်းရော၊

mgyoe.com

mgyoe.com


အသစ်ကိုပါ ကျေနပ်လောက်အောင် တတ်နိုင်သမျှ ကြိုးစားမယ်။ ယခုဆိုရင် ကျွန်တော်တို့ ဆန်ကို ဝယ်ယူတဲ့ ဖောက်သည်နိုင်ငံသစ်တွေ တော်တော် တိုးလာပါပြီ။

### ဟင်းရွက်ဆီ

မနှစ်က နိုင်ငံခြားက ဟင်းသီးဟင်းရွက် ခြောက်ကုဋေဖိုး တင်သွင်းခဲ့ပါတယ်။ ပြည်တွင်းမှာ ဆီဖူလုံဖို့ မြေပဲကို တဖြည်းဖြည်း တိုးချဲ့စိုက်ပျိုးနေပါပြီ။ ရှေ့နှစ်မှာဆိုရင် ဒီနှစ်ထက် ပိုပြီး မြေပဲ တိုးချဲ့စိုက်ပျိုးဖို့ ရည်ရွယ်ထားပါတယ်။ လာမည့်နှစ်အတွင်းမှာဆိုရင် မြေပဲကလည်း ပိုထွက်၊ အုန်းသီးကလည်း ပိုထွက်တော့မှာကြောင့် နိုင်ငံခြားက ဟင်းရွက်ဆီတွေမသွင်းဘဲနေနိုင်တဲ့ အခြေအနေမျိုး ရောက်လာပါလိမ့်မယ်။

### ဝါဂွမ်း

ကျွန်တော်တို့ပြည်မှာ ဝါဂွမ်းကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနေပါပြီ။ ဒါကြောင့် ပြည်တွင်းမှာ ပိုမိုပြီး အသုံးပြုနေလျက်ကပင် ရှေးကလိုပဲ နိုင်ငံခြားကို တင်ပို့နေပါတယ်။ အရင်ကထက်တောင် ပိုပြီး တင်ပို့နိုင်ပါသေးတယ်။ ဒီအတွင်းမှာပဲ ချည်မျှင်ရှည် ဝါဂွမ်းကိုလည်း နှစ်စဉ်နှစ်တိုင်း ပိုမို စိုက်ပျိုးနေပါတယ်။ ၁၉၅၅ ခု မတ်လ ၁ ရက်နေ့ ကစပြီး သမိုင်းမှ နိုင်ငံတော်အစိုးရ ချည်စက်သို့ ချည်မျှင်ရှည် ဝါဂွမ်းအထုပ်ပေါင်း ၁၁,၀၀၀ ကျော် သွင်းခဲ့ပါတယ်။ ယခုလို ဝါဂွမ်း ပိုမိုတိုးချဲ့ စိုက်ပျိုးလာလို့ နိုင်ငံခြားသုံးငွေကို အတော်အတန် ဖာထေးနိုင်ပါပြီ။ ရှေ့ဆိုရင် ဝါဂွမ်း ပိုမိုစိုက်ပျိုးပြီး တစ်ဖက်က ပြည်တွင်းမှာ အထည်ရက်တဲ့လုပ်ငန်းကို အားပေးခြင်းဖြင့် ယခုထက် ပိုပြီး နိုင်ငံခြားသုံးငွေကို လျှော့နိုင်ပါလိမ့်မယ်။ မကြာခင်အတွင်းမှာပဲ တစ်နှစ်မှာ နိုင်ငံခြားငွေ တစ်ကုဋေလောက် လျှော့သွားလိမ့်မယ်လို့ ခန့်မှန်းပါတယ်။

### ဂုန်လျှော်

ဒီနှစ်မှာ ယခင်နှစ်ကထက် ဂုန်လျှော် ၁၂ ဆလောက် ပိုထွက်ပါတယ်။ လာမည့်နှစ်မှာဆိုရင် လွန်ခဲ့တဲ့နှစ်ကထက် နှစ်ဆမျှ တိုးချဲ့စိုက်ပျိုးမှာမို့ ဂုန်လျှော်လည်း နှစ်ဆမျှ ပိုမို ထွက်ပါလိမ့်မယ်။ ယခု တည်ဆောက်နေတဲ့ ဂုန်လျှော်စက်ရုံအဖို့ ဂုန်လျှော်လုံလောက်အောင် ကျွန်တော်တို့ ဂုန်လျှော်ကို တိုးချဲ့စိုက်ပျိုးဖို့ ရည်မှန်းထားတယ်။ ဒီလို လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ ဒီဘက်က နိုင်ငံခြားသုံးငွေ သုံးကုဋေလောက် လျှော့သွားပါလိမ့်မယ်။

### ဆေး

ဒီနှစ်မှာ ပြည်တွင်းမှာထွက်တဲ့ စီးကရက်ဆေးဟာ လွန်ခဲ့တဲ့ နှစ်ကထက် နှစ်ဆပိုပြီး ထွက်ပါတယ်။ ကျွန်တော်တို့ဟာ ၁၉၅၈ ခုနှစ်မှာ ပြည်တွင်းမှာ လိုအပ်တဲ့ စီးကရက်ဆေး

mgyoe.com

mgyoe.com


ဖူလုံအောင်ထွက်ဖို့နဲ့ ငါးနှစ်အတွင်းမှာ ဆေးမှထွက်တဲ့ပစ္စည်းများ ဖူလုံအောင်ထွက်ဖို့ စီမံထားပါတယ်။ ၁၉၅၄ ခုနှစ်က ကျွန်တော်တို့ဟာ ဆေးနဲ့ ဆေးမှထွက်တဲ့ ပစ္စည်းသန်း ၇၀ ကျော်ဖိုး နိုင်ငံခြားက တင်သွင်းခဲ့ပါတယ်။ ယခု စီစဉ်ထားတဲ့ စီမံကိန်းအရ လာမည့်နှစ် အနည်းငယ်အတွင်းမှာပဲ ဆေးနဲ့ ပတ်သက်ပြီး နိုင်ငံခြားသုံးငွေ အတော်လျော့သွားပါလိမ့်မယ်။

### သကြား

ကြံစိုက်ပျိုးရေးလုပ်ငန်းဟာလည်း တဖြည်းဖြည်း တိုးတက်နေပါတယ်။ ရှေ့လာမည့်နှစ် နှစ်ဦးမှာ တည်ဆောက်ပြီးမည့် နမ်းတီးသကြားစက်အတွက် လုံလောက်အောင် ကြံများကို ဧက ၃,၀၀၀ မျှ ပိုမို တိုးချဲ့ပြီး စိုက်ပျိုးနေပါတယ်။ ၁၉၅၄ ခုနှစ်က သကြား ၁၂၅ သိန်းဖိုး နိုင်ငံခြားက တင်သွင်းခဲ့ပါတယ်။ လာမည့်နှစ်မှာဆိုရင် သကြားနည်းနည်းလောက်ပဲ နိုင်ငံခြားက မှာယူရတော့မယ်။ နှစ်နှစ်အတွင်းမှာပဲ ကျွန်တော်တို့ ပြည်တွင်းသုံး ဖူလုံအောင် ထွက်ပါလိမ့်မယ်။

### စက်နှင့် စိုက်ပျိုးခြင်း

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှုအတွက် ခေတ်မီစက်နဲ့ လယ်ယာစိုက်ပျိုးရေးကို စတင်နေပါပြီ။ မြေရိုင်းဖြစ်နေတဲ့ မြေတွေကို လယ်ထွန်စက်များနဲ့ ထွန်ယက်ပြီး ဂုန်လျှော်နဲ့ မြေပဲများကို တိုးချဲ့စိုက်ပျိုးရာ အတော်အတန်ပဲ ထမြောက် အောင်မြင်နေပါပြီ။ ခုလို စက်နဲ့ ထွန်ယက်စိုက်ပျိုးခြင်းဖြင့် အရင်က တစ်သီးသာ စိုက်ပျိုးလို့ဖြစ်တဲ့ မြေတွေကို နှစ်သီးစိုက်ပျိုးခြင်းဖြင့် လယ်သမားရဲ့ ဝင်ငွေကိုလည်း ပိုမို တိုးတက်စေပါတယ်။

### ၂။ သစ်တောများ

သစ်တောနှင့် ပတ်သက်ပြီး ငွေလုံးငွေရင်း အသုံးစရိတ်နှင့် နိုင်ငံခြားငွေ သုံးစရိတ်ကတော့ ယခုထက်တိုင် များများစားစား မရှိပါဘူး။ ဒီလိုဖြစ်ရတာဟာလည်း သောင်းကျန်းသူတွေကြောင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းမှာ အကြီးအကျယ် အနှောင့်အယှက် ဖြစ်နေလို့ပါပဲ။ သို့ပေမယ့် ယခုရက်ပေါင်း ၆၀ အတွင်းမှာပဲ တစ်နှစ်မှာ သစ်တန်ချိန် ၃၅,၀၀၀ ထွက်နိုင်မည့် သစ်စက်သစ်ဟာ လည်နိုင်ပါတော့မယ်။ ရန်ကုန်နှင့် မော်လမြိုင်မြို့မှာလည်း သစ်စက်ငယ်ကလေးများကို တည်ဆောက်လျက် ရှိပါတယ်။ စက်နဲ့ သစ်များ ထုတ်လုပ်ရေးကို စမ်းသပ်ကြည့်ရှုခဲ့ခြင်းဖြင့် အဖိုးတန်တဲ့ သင်ခန်းစာများကိုလည်း ရရှိခဲ့ပါတယ်။ ယခုဖွင့်လှစ်မည့် သစ်စက်တစ်စက်တည်းမှ ထွက်တဲ့ သစ်စက်များအတွက်ပင် နိုင်ငံခြားမှ တစ်နှစ်လျှင် ဝင်ငွေ တစ်ကုဋေကျော် ရနိုင်ပါလိမ့်မယ်။

mgyoe.com

mgyee.com


## ၃။ သတ္တုတွင်း

သတ္တုတွင်းလုပ်ငန်းနှင့် ပတ်သက်ပြီးတော့ လူထုက မြှုပ်နှံထားတဲ့ ငွေပင် ငွေရင်းက နည်းနည်းပါးပါးပဲ ရှိပါတယ်။ ဒီလိုဖြစ်ရတာကလည်း သတ္တုလုပ်ငန်းကို ဖက်စပ်ကုမ္ပဏီကြီးများက လုပ်နေလို့ပါပဲ။ ဒီကုမ္ပဏီကြီးတွေက မြှုပ်နှံထားတဲ့ ငွေရင်းများကို ငွေလုံးငွေရင်း အသုံးစရိတ်ထဲမှာ ထည့်မထားပါဘူး။

အစိုးရက အများဆုံး ငွေပင်ငွေရင်း မြှုပ်နှံထားတာကတော့ ကလေး၀ ကျောက်မီးသွေးတွင်းပါပဲ။ ဒီသတ္တုတွင်းက တစ်နှစ်မှာ ကျောက်မီးသွေးတန်ချိန် ၃၀၀,၀၀၀ ထွက်ကိန်း ရှိပါတယ်။ ဒီတော့ နိုင်ငံခြားမှ ကျောက်မီးသွေး မလိုတော့တာကြောင့် တစ်နှစ်မှာ နိုင်ငံခြားသုံးငွေ တစ်ကုဋေခွဲလောက် သက်သာသွားပါလိမ့်မယ်။

မကြာသေးမီက ဖွင့်လှစ်ခဲ့တဲ့ နန်းမြင်းက ရတနာပုံ သတ္တုတွင်း ဂူး(လ်) ဖရမ်းသတ္တုများကိုလည်း ယခုအခါ လမ်းသစ်များ ဖောက်လုပ်နေလို့ ပိုမိုထုတ်လုပ် နိုင်ပါတော့မယ်။ ဒီတော့ လာမည့်နှစ် အနည်းငယ်အတွင်းမှာပဲ ဒီ ဂူး(လ်)ဖရမ်းက တစ်နှစ်မှာ နိုင်ငံခြားငွေ တစ်ကုဋေလောက် ဝင်ငွေရရှိလာပါလိမ့်မယ်။

ဒီစီမံကိန်းများအပြင် သတ္တုတွင်းအသစ်များ ရှာဖွေရန်နှင့် ယခုရှိတဲ့ သတ္တုများ ပိုမို ထုတ်လုပ်ဖို့လည်း စီမံနေပါတယ်။ သံ၊ ကြေးဝါနှင့် သွပ်များကိုလည်း ဘူမိဗေဒဘက်က ပုဂ္ဂိုလ်များက ဓာတ်ခွဲကြည့်နေပါပြီ။ မြစ်ဝကျွန်းပေါ်ဒေသမှာ စိန်လွန်တူးစက်ဖြင့် တူးဖော်နေပါတယ်။ တောင်ကြီးမြို့မှာ ဒေသဆိုင်ရာ ဓာတ်ခွဲခန်းတစ်ခု ဖွင့်လှစ်ထားပြီး အစိုးရဘက်ကရော၊ ပုဂ္ဂလိက တွင်းပိုင်ရှင်များရော၊ တွေ့ရှိတဲ့ နမူနာ သတ္တုတွင်းများကို ဓာတ်ခွဲပြီး စစ်ဆေးနေပါတယ်။

နိုင်ငံတော် အစိုးရက ယခုကဲ့သို့ သတ္တုတွင်းလုပ်ငန်းကို ထောက်ပံ့အားပေးနေတာဟာ သတ္တုမှ နိုင်ငံခြားငွေများ ပိုမိုရရှိအောင် မျှော်မှန်းလို့ ဖြစ်တယ်။ ၁၉၅၃–၅၄ ခုနှစ်မှာ သတ္တုတွင်းက ဝင်ငွေထက် ၁၉၅၅–၅၆ ခုနှစ်မှာ နှစ်ဆကျော်ကျော် တိုးပြီး ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

## ၄။ သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးအတွက် လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ၂၇.၃ ကုဋေ သုံးစွဲခဲ့ရာ နိုင်ငံခြားသုံးငွေက ၁၆ ကုဋေမျှ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေ လေးပုံတစ်ပုံကို ဒီဌာနမှ မီးရထား ပြည်တွင်းသယ်ယူပို့ဆောင်ရေးဌာန၊ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးဌာန၊ လေကြောင်းဌာန၊ မြို့ပြလေကြောင်းဌာန၊ ရေကြောင်းဌာန၊ မီးပြတိုက်ဌာနတွေအတွက် သုံးစွဲခဲ့တယ်။ ကျွန်တော်တို့ဟာ မီးရထားစက်ခေါင်းတွေ၊ လူစီးတွဲတွေ၊ ကုန်တွဲတွေ ဝယ်ယူခဲ့တယ်။ ပျက်စီးနေတဲ့ မီးရထားလမ်း မိုင်ပေါင်းများစွာကို ပြန်လည်ဖောက်လုပ်ခဲ့တယ်။ တံတားတွေ အသစ်လည်း ဆောက်တယ်၊ ပြင်လည်း ပြင်ခဲ့တယ်၊

mgyee.com

mgyoe.com


ဓာတ်အားပေးရုံတွေနဲ့ အချက်ပြ ကိရိယာများကိုလည်း ဝယ်ယူခဲ့တယ်။ ကျွန်တော်တို့ဟာ သင်္ဘောတွေ၊ စက်ခေါင်းတွေ၊ လေယာဉ်ပျံတွေကိုလည်း ဝယ်ခဲ့တယ်။ လေယာဉ်ပျံကွင်းတွေ၊ သင်္ဘောဆိပ်တံတားတွေ၊ ဂိုဒေါင်တွေနဲ့ ဘောတံတားတွေကိုလည်း ဆောက်လုပ်ခဲ့တယ်။ ရှင်းရှင်းပြောရရင် ကျွန်တော်တို့ဟာ သယ်ယူပို့ဆောင်ရေးစနစ် ပြန်လည် ထူထောင်ရေးအတွက် သိသိသာသာကြီး တိုးတက်အောင် လုပ်ခဲ့တယ်။

ဒီလို အရေးတကြီးလိုအပ်တဲ့ စီမံကိန်းတွေကို မလုပ်ဘဲ ပစ်ထားလို့ ဖြစ်နိုင်ပါ့မလား။ ဒီသယ်ယူပို့ဆောင်ရေးဘက်မှာ အကုန်အကျခံရင် နိုင်ငံခြားဝင်ငွေ တိုးတက်မှန်းသိလျက်နဲ့ ဒီလုပ်ငန်းတွေကို ပစ်ထားလို့ဖြစ်နိုင်ပါ့မလား။ ကျွန်တော်တို့ရဲ့ ထွက်ကုန်တွေဖြစ်တဲ့ ဆန်တွေ၊ ကျွန်းသစ်တွေ၊ သတ္တုတွေ၊ ဝါဂွမ်းတွေ၊ ပဲတွေ၊ မြေပဲတွေနဲ့တကွ အခြားထွက်ကုန်ပစ္စည်းတွေကို ၎င်းတို့ ထွက်ရာဒေသမှနေပြီး ပြည်တွင်းဈေးမှတစ်ဆင့် နိုင်ငံခြားသို့ ပို့ပေးရတယ်။ ဒီထွက်ကုန်ပစ္စည်းတွေကို ဈေးသက်သက်သာသာနဲ့ အလွယ်တကူ တစ်နေရာက တစ်နေရာသို့ ရွှေ့ပြောင်းသယ်ယူနိုင်အောင် ကျွန်တော်တို့ လုပ်ပေးရမယ်။ ရှေ့အဖို့မှာ ကျွန်တော်တို့ ထွက်ကုန်မှ နိုင်ငံခြားငွေရရှိရေးဟာ သယ်ယူပို့ဆောင်ရေးဘက်မှာ ကျွန်တော်တို့ အကုန်အကျခံနိုင်တဲ့ အခြေပေါ်မှာ တည်ပါတယ်။ နိုင်ငံခြားမှ သွင်းတဲ့ ကုန်ပစ္စည်းတွေကိုလည်း ပြည်တွင်းမှာ သယ်ယူပို့ဆောင်ဖို့အတွက် ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးစနစ်ဟာ ကောင်းရမယ်။ ဒီသယ်ယူပို့ဆောင်ရေးဌာနအတွက် ကျွန်တော်တို့ သုံးစွဲတဲ့ငွေဟာ အလဟဿမဖြစ် ပါဘူး။ ဒီဘက်မှာ ငွေအကုန်အကျများများ သုံးခဲ့ပေမယ့် ကျွန်တော်တို့ရဲ့ သယ်ယူပို့ဆောင်ရေးစနစ်ဟာ စစ်မဖြစ်မီက အဆင့်အတန်းကို မမီသေးပါဘူး။

## ၅။ စက်မှုလက်မှု

လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းက ကျွန်တော်တို့ဟာ စက်မှုလက်မှုအတွက် ငွေ ၂၃ ကုဋေ သုံးစွဲရာမှာ နိုင်ငံခြားသုံးငွေအတွက် ၁၄ ကုဋေကျော်ကျော် သုံးစွဲခဲ့ပါတယ်။

ဘယ်လိုစီမံကိန်းတွေအတွက် ငွေတွေ ဘာကြောင့် ဒီလောက်အကုန်အကျ ခံခဲ့ရသလဲဆိုတော့ ကျွန်တော်တို့ဟာ ယခု ဂုန်လျှော်စက်၊ သံအရည်ကျိုစက်တစ်စက်၊ သကြားစက်နှစ်စက်၊ ရေနံချက်စက်ရုံ၊ အုတ်နှင့် အုတ်ကြွပ်စက်၊ ဆေးဖော်စပ်ရေးစက်ရုံ၊ လက်ဖက်ခြောက်ထုတ်တဲ့ စက်ရုံနှင့် ပိုးမွေးမြူရေးဌာနတွေကို အလျင်အမြန် တည်ဆောက်နေတာ ယခုဆို ပြီးစီးလုနီးနေပါပြီ။

### သံအရည်ကျိုစက် (ရွာမ)

ဒီစက်ရုံ တစ်နှစ်မှာ သံပြားတွေ၊ သံချောင်းတွေ၊ ပိုင်ယာကြိုးတွေ စတဲ့ သံထည်ပစ္စည်း တန်ချိန် ၁၆,၀၀၀ နှင့် သံမဏိတန် ၄,၀၀၀ ထုတ်လုပ်နိုင်မယ်။ ဒီစက်ရုံ

mgyoe.com

mgyoe.com

တည်ဆောက်လိုက်ခြင်းဖြင့် တစ်နှစ်လျှင် နိုင်ငံခြားသို့ ငွေနှစ်ကုဋေမျှ ထွက်ခြင်းမှ ကာကွယ်နိုင်မယ်။

### ဂုန်လျှော်စက် (သမိုင်း)

တစ်နှစ်မှာ ကိုးအမျိုးအစား ဂုန်နီအိတ်ပေါင်း ၂၄ သန်းထွက်အောင် ထုတ်လုပ်နိုင်တဲ့ ဒီဂုန်လျှော်စက်မှ ပြည်တွင်းဖူလုံအောင် ဂုန်နီအိတ်များ ထွက်ပါလိမ့်မယ်။ ယခုတလော စျေးကောင်းနေတဲ့ ပြည်တွင်းထွက် ဂုန်လျှော်အားလုံးကို ဒီစက်ရုံအတွက် အသုံးပြုမှာဖြစ်လေတော့ ရှေ့လာမည့်နှစ်တွေအတွင်းမှာ ဂုန်လျှော်ရော ဂုန်နီအိတ်ကိုပါ နိုင်ငံခြားမှ မတင်သွင်းတော့ဘူး။ လွန်ခဲ့တဲ့ ၁၉၅၄ ခုနှစ်အတွင်းကဆိုရင် ဂုန်နီအိတ်ပေါင်း ၂၆ သန်းအတွက် ငွေသုံးကုဋေဖိုးခန့် နိုင်ငံခြားက တင်သွင်းခဲ့ရတယ်။

### နမ်းတီးနှင့် ပျဉ်းမနားမှ သကြားစက်များ

နမ်းတီးနဲ့ ပျဉ်းမနားမှာ တည်ဆောက်နေတဲ့ သကြားစက်ရုံနှစ်ရုံမှ တစ်နေ့လျှင် သကြားတန်ချိန် ၂,၅၀၀ ထွက်နိုင်တယ်။ ဒီစက်နှစ်စက်အပြင် ဇေယျဝတီက ထွက်တဲ့ သကြားပါနဲ့ဆိုရင် မြန်မာပြည်အတွက် နိုင်ငံခြားက သကြားတင်သွင်းဖို့ မလိုတော့ပါဘူး။ ၁၉၅၄ ခုနှစ်အတွင်းက မြန်မာနိုင်ငံအတွက် သကြား ၁.၂၅ ကုဋေဖိုး တင်သွင်းခဲ့ရတယ်။

### ပိုးမွေးမြူရေး

နိုင်ငံခြားမှ ပိုးများတင်သွင်းခြင်းကို ကာကွယ်ဖို့နဲ့ အထက်မြန်မာပြည်အတွက် စက်မှုလက်မှုလုပ်ငန်းသစ် တီထွင်ပေးဖို့အတွက် ပိုးများ မွေးမြူရေးလုပ်ငန်းကို မေမြို့၊ လှိုင်ကော်နှင့် မြစ်ကြီးနားမြို့များမှာ စတင် စမ်းသပ်ဖွင့်လှစ်နေပါပြီ။ ဒီဌာနများမှ တစ်နှစ်လျှင် ပိုးအထုပ်ပေါင်း ၅၀၀ ခန့်စီထွက်မယ်လို့ ခန့်မှန်းရပါတယ်။ ဒီပိုးမွေးမြူရေးလုပ်ငန်း ထမြောက်အောင်မြင်ရင် နိုင်ငံခြားသို့ ငွေထွက်ခြင်းမှ ကာကွယ်နိုင်ပါလိမ့်မယ်။

### ဆေးထုတ်လုပ်ရေးစက်ရုံ

၁၉၅၄ ခုနှစ်အတွင်းက မြန်မာနိုင်ငံအတွက် နိုင်ငံခြားမှ ဆေးနှင့် ဆေးဖော်စပ်တဲ့ ပစ္စည်းများ ၂၄ သိန်းဖိုးခန့် တင်သွင်းခဲ့ပါတယ်။ ၁၉၅၅–၅၆ ခုနှစ်အတွင်း ဒီဆေးဖော်စပ်တဲ့ စက်ရုံကြီး ပြီးစီးသွားတဲ့အခါ ဆေးအတွက် နိုင်ငံခြားပို့ရတဲ့ ငွေအတော်များများက လျော့သွားပါလိမ့်မယ်။

### ရေနံချက်စက်ရုံ

ယခု သန်လျင်မှာ တည်ဆောက်နေတဲ့ ရေနံချက်စက်ရုံပြီးလျှင် တစ်နေ့လျှင်

mgyoe.com

mgyoe.com


ရေနံစည်ပေါင်း ၃,၅၀၀ ထွက်နိုင်မယ်။ ချောက်မြို့မှာရှိတဲ့ ရေနံစက်ရုံနှင့် ၁၉၅၆ ခုနှစ် ဇူလိုင်လမှာ ပြီးစီးမယ့် သန်လျင်က ရေနံချက်စက်ရုံပါဆိုရင် နိုင်ငံခြားက ရေနံဆီတို့၊ ဓာတ်ဆီတို့၊ စက်ဆီတို့ တင်သွင်းဖို့ မလိုတော့ပါဘူး။ ဒီရေနံဆီ စသည်တို့အတွက် တစ်နှစ်၊ တစ်နှစ်မှာ နိုင်ငံခြားသုံးငွေ သုံးကုဋေဖိုး မှာယူခဲ့ရတယ်။

**လက်ဖက်ခြောက်စက်ရုံ**

မန္တလေးမှာ တည်ဆောက်နေတဲ့ လက်ဖက်ခြောက်စက်ရုံမှ တစ်နှစ်မှာ လက်ဖက်ခြောက် ပေါင်ပေါင်း သုံးသန်းမျှ ထွက်နိုင်ပါတယ်။ ၁၉၅၄ ခုနှစ်အတွင်းက နိုင်ငံခြားက လက်ဖက်ခြောက် သုံးသန်းဖိုး တင်သွင်းခဲ့ရတယ်။ ဒီတော့ လက်ဖက် ခြောက်စပ်ဖို့အတွက် နိုင်ငံခြားမှ လက်ဖက်ခြောက် အနည်းငယ် တင်သွင်းရစေကာမူ နိုင်ငံခြားသုံးငွေ အတော် အတန် သက်သာရာရလာမယ်။ ဒီစက်ရုံဟာ ၁၉၅၅–၅၆ ခုနှစ်မှာ စပြီး လည်ပါလိမ့်မယ်။

**၆။ အိမ်ရာဆောက်လုပ်ရေး**

လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ကျွန်တော်တို့ဟာ အိမ်ရာဆောက်လုပ်ရေးအတွက် ကုဋေ ၂၀ ကျော် သုံးစွဲခဲ့တယ်။ ဒီအထဲက သံစက်ရုံတွေ တည်ဆောက်ဖို့၊ လျှပ်စစ် ပစ္စည်းတွေ၊ အိမ်မိုး၊ ဘိလပ်မြေနှင့် အခြားပစ္စည်းများအတွက် နိုင်ငံခြားငွေ ၇.၅ ကုဋေ ခန့် သုံးစွဲခဲ့တယ်။ ၁၉၅၃–၅၄ ခုနှစ်ဦးကစပြီး ယခုအထိ အမြဲတမ်း အဆောက်အအုံကြီး ၅၀၀ ကျော်နှင့် ယာယီအဆောက်အအုံ ၁,၀၀၀ ကျော်ခန့် ဆောက်လုပ်ခဲ့ပါတယ်။ ယခုဆိုလျှင် အမြဲတမ်း အဆောက်အအုံ ၁,၀၀၀ ကို ဆောက်လုပ်နေဆဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ဘယ်လိုအဆောက်အအုံတွေကို ဆောက်လုပ်ခဲ့သလဲဆိုရင် ရန်ကုန်နှင့်တကွ အခြားမြို့ကြီး ခုနစ်မြို့မှာ အိမ်ထောင်သည်ပေါင်း ၂,၅၀၀ ကျော်အတွက် နေထိုင်ရန် အိုးအိမ်များ အပါအဝင် အမြဲတမ်း အဆောက်အအုံပေါင်း ၃၈၂ ခုကို ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ဒီအဆောက်အအုံထဲမှာ အလယ်တန်းကျောင်းနှင့် အထက်တန်း ကျောင်း ၆၇ ကျောင်း၊ ဥပစာကောလိပ်ကျောင်း လေးကျောင်း၊ ဆရာဖြစ်သင်ကျောင်း လေးကျောင်း၊ စက်မှုလက်မှုပညာသင်ကျောင်း နှစ်ကျောင်း၊ ဆေးသိပ္ပံတစ်ကျောင်း၊ ဆေးသိပ္ပံကျောင်းဆောင်တစ်ကျောင်း၊ ဆေးရုံအဆောက်အအုံ လေးခု၊ ဂိုဒေါင် ခြောက်လုံး နှင့် အခြားပစ္စည်းသိုလှောင်တဲ့ အဆောက်အအုံများ ဖြစ်ပါတယ်။

အိမ်ရာ အဆောက်အအုံတွေ၊ ကျောင်းတွေ၊ ကောလိပ်တွေ၊ ဆေးရုံတွေ၊ ဈေးတွေ ကိုလည်း ဆောက်လုပ်နေဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားတွေရဲ့ ကျန်းမာရေး၊ ပညာရေးတိုးတက်မှုနှင့် အိမ်ရာအဆောက်အအုံအတွက် ယခုလို အိုးအိမ်များ ဆောက်လုပ် နေပါတယ်။

mgyoe.com

mgyoe.com


## လျှပ်စစ်ဓာတ်အား

လျှပ်စစ်ဓာတ်အားအတွက် လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း ကျွန်တော်တို့ ၁၇ ကုဋေကျော် သုံးစွဲခဲ့တယ်။ ဒီအထဲက နိုင်ငံခြားသုံးငွေက ခုနစ်ကုဋေနီးပါးရှိတယ်။ ဒီငွေတွေကို ဘယ်လိုသုံးစွဲသလဲလို့မေးရင် မြောက်ဘက် မန္တလေးကနေပြီး တောင်ဘက် ရန်ကုန်အထိ ဓာတ်အားပေးမည့် ဓာတ်အား ၈၄,၀၀၀ ကီလိုဝပ်အားရှိတဲ့ လျှပ်စစ်ဓာတ်အားပေးရုံကြီးကို လွိုင်ကော်အနီး ဘီလူးချောင်းက ဓာတ်အားထုတ်ယူပြီး တည်ဆောက်ဖို့အတွက် အသုံးပြုခဲ့တယ်။ ဒီဓာတ်အားပေးစက်ရုံကြီးက ရန်ကုန်–မန္တလေး လမ်းတစ်လျှောက် မြို့ပေါင်း ၃၀၊ ရွာပေါင်းများစွာမှာနှင့် ဌာနပေါင်း ၁၇၄ ဌာနမှာ လျှပ်စစ်ဓာတ်အား ပေးနိုင်လိမ့်မယ်။ ရန်ကုန်မြို့ကြီးရဲ့ လျှပ်စစ် ဓာတ်အားပေးရုံကြီးကိုလည်း ခေတ်မီအောင် တိုးချဲ့နိုင်မယ်။

ဒီဓာတ်အားပေးရုံအတွက် ငွေအကုန်အကျခံခြင်းဖြင့် နိုင်ငံခြားသုံးငွေတော့ မရပါဘူး။ သို့ပေမယ့် ဒီအစိုးရရဲ့တာဝန်ဟာ နိုင်ငံခြားငွေရအောင် ရှာယူရုံတွင်သာ မဟုတ်ပါဘူး။ လူထုအကျိုးရှိအောင်လည်း လုပ်ပေးရပါမယ်။ ကျွန်တော်တို့ လူမျိုးတွေဟာ လျှပ်စစ်ဓာတ်အားရဲ့ အကျိုးကျေးဇူးကို ခံစားလိုကြတယ်။ လျှပ်စစ်ဓာတ်အားရှိတဲ့ မြို့တွေမှာဆိုရင် ဈေးနှုန်းကြီးပေမယ့် အိမ်တွေမှာရော၊ လမ်းမီးတွေရော လျှပ်စစ်ဓာတ်အားကိုပဲ အသုံးပြုကြတယ်။ ယခုစီမံကိန်းအရဆိုလျှင် လျှပ်စစ်ဓာတ်အားကို ယခင်ကထက် မကြုံဖူးအောင် ဈေးပေါပေါနဲ့ ပေးနိုင်လိမ့်မယ်။ ယခုလို ခေတ်မီတဲ့ လျှပ်စစ်ဓာတ်အားကို ပိုမို အသုံးချနိုင်အောင် တီထွင်ထုတ်လုပ်ခြင်းဖြင့် လူအင်အားကို အသုံးပြုရတဲ့နေရာမှာ ဓာတ်အားကို အစားထိုးခြင်းဖြင့် လုပ်ငန်းထုတ်လုပ်ရာမှာ စရိတ်စက အကုန်အကျ သက်သာမည့်အပြင် ကျွန်တော်တို့ အမျိုးသားတွေဟာလည်း နေရေးထိုင်ရေး မှာ အထက်တန်းကျကျနဲ့ ခံစားနိုင်တဲ့ အကျိုးကျေးဇူးကို ခံစားကြရပါမယ်။

## ၇။ ကာကွယ်ရေး

လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းက ကျွန်တော်တို့ရဲ့ ငွေပင်ငွေရင်း အသုံးစရိတ်အတွက် နောက်တစ်ချက် အများအပြား သုံးတာကတော့ ကာကွယ်ရေးအတွက် ဖြစ်ပါတယ်။ ဒီအမျိုးသားလုပ်ငန်းအတွက် ငွေ ၂၂ ကုဋေခန့် သုံးခဲ့ပါတယ်။ ဒီ အနက် ၁၀ ကုဋေကျော်ကျော် နိုင်ငံခြားသုံးငွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ထားမှုအတွက်သာမဟုတ်ဘဲ ပြည်တွင်းငြိမ်းချမ်းမှုနဲ့ လုံခြုံရေးအတွက်ကိုပါ ကာကွယ်ရေးက ဆောင်ရွက်ခြင်းဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာကို ကျွန်တော် အထူးဖော်ပြနေစရာ မလိုပါဘူး။ ကျွန်တော်တို့ကာကွယ်ရေးအတွက် ငွေပင်ငွေရင်း မြှုပ်နှံတာဟာ လယ်ယာစိုက်ပျိုး ရေး၊ သတ္တု၊ သစ်နဲ့ အခြားပစ္စည်းများ ထုတ်လုပ်ရေးအပြင် ကျွန်တော်တို့ ကြိုးပမ်းလုပ်ကိုင်ရရှိတဲ့အကျိုးကို ခံစားခွင့်ရရှိရေးနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။

mgyoe.com

mgyoe.com


ဖော်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့ ငွေသုံးစွဲခဲ့တဲ့ လုပ်ငန်းအရပ်ရပ်မှာ အရမ်းကာရော သုံးစွဲခြင်း၊ အကျိုးမဲ့ ဖြုန်းတီးခြင်းများ ပါရှိပါသလား။ အခြား တိုင်းပြည်များစွာတို့မှာ မတော်မတရား ပလွှားသုံးစွဲတယ်လို့ သမုတ်ခြင်းခံရတဲ့ ပါရာမစ် ခေါ်တဲ့ အဆောက်အအုံကြီးမျိုးတွေ၊ ရောမ ရေချိုးတိုက်ရုံကြီးတွေ၊ အဆန်းဆန်း အကြယ်ကြယ် မွမ်းမံဆောက်လုပ်ထားတဲ့ နန်းတော်ကြီးတွေ ပါရှိသလား မရှိပါဘူး။ ကျွန်တော်တို့ငွေကို အမျိုးသား ကုန်စည်ပစ္စည်းထုတ်လုပ်မှုအင်အား တိုးတက်လာအောင် ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေး၊ အိုးအိမ်တည်ဆောက်ရေး၊ ချမ်းသာရေးတွေ တိုးတက်ကောင်းမွန်လာအောင် လုံခြုံမှုရရှိအောင် စေ့စေ့စပ်စပ် ချင့်ချင့်ချိန်ချိန်နဲ့ တည်ဆောက်ရေးအတွက် သုံးစွဲခဲ့ပါတယ်။ ထို့ပြင် ကျွန်တော် ရှင်းလင်းပြောပြခဲ့တဲ့အတိုင်း စီးပွားရေးသဘော နိုင်ငံခြားသုံးငွေသက်သက် သဘောအမြင်နဲ့ဆိုရင် ကျွန်တော်တို့သုံးစွဲခဲ့တဲ့ငွေဟာ ကျွန်တော်တို့ စိုက်ပျိုးခဲ့တဲ့ မျိုးစေ့တွေပဲ ဖြစ်ပါတယ်။ ဒီမျိုးစေ့အများက ကျွန်တော်တို့ အရင်းစိုက်ခဲ့ရသည်ထက် အဆများစွာ အသီးအပွင့် အကျိုးကျေးဇူးတွေ ပိုမိုရရှိကြပါလိမ့်မယ်။

ဆန်စပါး၊ ကြက်ပေါင်စေး၊ သစ်၊ သတ္တု စသည်တို့ကို ပိုမို တင်ပို့ရောင်းချတဲ့အတွက် နိုင်ငံခြားသုံးငွေ ဘယ်လောက်ရရှိမယ်။ ယခု နိုင်ငံခြားက သွင်းယူအသုံးပြုနေတဲ့ ကုန်ပစ္စည်းများအစား ကျွန်တော်တို့နိုင်ငံတွင်းမှာ လယ်ယာ ထွက်ပစ္စည်းတွေ၊ ကုန်တွေထုတ်လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ နိုင်ငံခြားသုံးငွေ ဘယ်လောက်သက်သာ စုဆောင်းမိမယ်ဆိုတာတွေကို ကျွန်တော်တို့ စေ့စေ့စပ်စပ် ခန့်မှန်းတွက်ချက်ပြီးပါပြီ။ ဒီလို နှစ်ဖက်နှစ်လမ်း စွယ်စုံစီမံလိုက်တဲ့အတွက် ရှေ့နှစ်မှာဆိုရင် ကျွန်တော်တို့ နိုင်ငံခြားသုံးငွေ အခြေအနေဟာ လေးကုဋေလောက် တိုးတက်လာပါလိမ့်မယ်။ ဒီနောက်တစ်ဆင့်ထက်တစ်ဆင့် နောက်လေးနှစ်အတွင်းမှာ တစ်နှစ်လျှင် ၁၀ ကုဋေလောက် တိုးတက်လာပါလိမ့်မယ်။

လူကြီးမင်းများခင်ဗျား၊ ကျွန်တော် အတော်ရှည်ရှည် ရှင်းပြခဲ့ပါပြီ။ ကျွန်တော်တို့ အနာဂတ်ကာလအတွက် စိတ်ချလက်ချ ချီတက်သွားနိုင်ကြတယ်ဆိုတာကို ကျွန်တော် အစီရင်ခံခဲ့တဲ့ အချက်များအရ ရှင်းလင်းလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေး အခြေအနေဟာ အခိုက်အတန့်အားဖြင့် အခက်အခဲရှိသော်လည်း ကျွန်တော်တို့ရဲ့ အခြေခံ နှစ်ရှည် အခြေအနေကတော့ ကောင်းမွန် ခိုင်လုံပါတယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝါဒများကို လူတိုင်းသိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဆိုရှယ်လစ်နိုင်ငံကို မမိုတ်မသုန် ချီတက်မယ်လို့ အဓိဋ္ဌာန် ပြုထားပါတယ်။ ကျွန်တော်တို့ရဲ့ သမဝါယမလုပ်ငန်းတွေနဲ့ အမျိုးသားတွေဟာ နိုင်ငံတော် စီးပွားရေးမှာ ဆိုင်ရာက ပါဝင်နိုင်အောင် ကူညီအားပေးသွားမယ်လို့လည်း အဓိဋ္ဌာန်ပြုထားပြီး ဖြစ်ပါတယ်။ နိုင်ငံစီးပွားရေး အဆောက်အအုံကြီး အင်အားတောင့်တင်း

mgyoe.com

mgyoe.com


ခိုင်ခံ့ရေးအတွက် နိုင်ငံသားအပေါင်းတို့ရဲ့ တာဝန်ဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော် အထူး ဖော်ပြနေရန်ပင် မလိုပါ။

နိုင်ငံခြားသား ကုန်သည်ကြီးတွေ၊ အထူးအားဖြင့် စက်မှုလက်မှု အလုပ်ရှင်ကြီးတွေနဲ့ နိုင်ငံခြားသား ဘဏ်တိုက်များနှင့် ပတ်သက်ပြီး သူတို့လည်း သူတို့ နေထိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုလုပ်တဲ့ ဒီနိုင်ငံအတွက်ဟာ တာဝန်ရှိတယ်ဆိုတာကို ကျွန်တော် ပြောလိုပါတယ်။ ကျွန်တော်တို့ ချမှတ်ထားတဲ့ ဝါဒစည်းမျဉ်းအတွင်းမှာ တိုင်းပြည်အကျိုးရော၊ သူတို့ကိုယ်တိုင်အကျိုးရော နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ပါဝင်ဆောင်ရွက်ပေးနိုင်ကြပါတယ်။

ဒီအစည်းအဝေးကို တက်ရောက်လာကြတဲ့ ကုန်သည်ကြီးများနဲ့ ဘဏ်ကိုယ်စားလှယ်လူကြီးများဟာ ကျွန်တော် တင်ပြခဲ့တဲ့ အချက်အလက် အကြောင်းခြင်းရာတွေကို စဉ်းစားကြစေလိုပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့ အချက်အလက်တွေဟာ မငဲ့ကွက်တဲ့အမြင်နဲ့ စိတ်ဖြာဝေခြမ်း စစ်ဆေးကြည့်ရှုခြင်းကို ခံနိုင်ရည်ရှိတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီအချက်အလက် အကြောင်းခြင်းရာတွေကို ထောက်ရှုခြင်းအားဖြင့် ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ်တိုက်ခေါင်းဆောင် လူကြီးများက ကျွန်တော်တို့နိုင်ငံရဲ့ ရှေ့အလားအလာကို ယုံကြည်စိတ်ချပြီး ကူညီပေးကြပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ဦးနုပြောကြားသည့် တောင်သူလယ်သမားအရေးမိန့်ခွန်းများ

mgyoe.com

mgyoe.com

# ဖဆပလအစိုးရ၏ စေတနာနှင့် လုပ်ငန်းစဉ်

**ဗမာနိုင်ငံတော် ဝန်ကြီးချုပ် သခင်နု၏ ပထမအပတ် တောင်သူလယ်သမား သင်တန်းကျောင်းသားများအား ညွှန်ပြပြောဆိုသည့်မိန့်ခွန်း။**

(၁) ဒီကနေ့ ဗမာပြည် အရပ်ရပ်မှ တက်ရောက်လာကြတဲ့ လက်ရွေးစင် တောင်သူလယ်သမား ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးရတာ အတော်ပဲ အကျိုးများလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်စ ပြည်ထောင်စု သမ္မတနိုင်ငံတော်မှာ ပြန်လည် ထူထောင်ရေး စစ်ပွဲကြီးတွေ အမျိုးမျိုး နွှဲရမယ့်အနက် ပထမဆုံး ပွဲဦးထွက်လည်းဖြစ်၊ အရေးအကြီးတကာ့ အကြီးဆုံးလည်းဖြစ်တဲ့ လူထုလယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးတွင် အစွမ်းကုန် ဝင်ရောက်ဆင်နွှဲကြမယ့် ပွဲဦးထွက်တပ်မှူး၊ ဗိုလ်မှူးတွေဟာ ယခု ဒီခေါင်းဆောင်တွေပဲလို့ မုချယုံကြည်ထားလို့ ဖြစ်ပါတယ်။ ယခုဆိုခဲ့တဲ့ လယ်ယာစိုက်ပျိုးရေးစစ်ပွဲကြီးဟာ ဘယ်လောက်ကျယ်ဝန်းတယ်၊ ဘယ်လောက် လေးနက်တယ်၊ ဘယ်လောက် တန်ဖိုးရှိတယ်၊ ဘယ်လောက်စွန့်စားကြရမယ်ဆိုတာကို သရုပ်ပေါ်အောင် ထုတ်ဖော်မပြောဆိုမီ တောင်သူလယ်သမားလောကရဲ့ အဖြစ်သနစ်တွေနဲ့ ဖဆပလအစိုးရရဲ့ စေတနာနဲ့ လုပ်ငန်းစဉ်တွေကို အကျဉ်းမျှ ထုတ်ဖော်ပြောဆိုလိုပါတယ်။

(၂) ဗမာပြည်ဟာ ရာဇဝင် စကြတည်းက လယ်ယာစိုက်ပျိုးတဲ့ နိုင်ငံကြီးတစ်ခု ဖြစ်လာခဲ့တယ်။ နယ်ချဲ့သမားတွေရဲ့လက်အောက်မှာ ကျွန်သဘောက်ဖြစ်ရပြန်တော့လည်း အရင်းရှင်နယ်ချဲ့သမားရဲ့ လက်အောက်ခံနိုင်ငံပီပီ၊ ကိုလိုနီစီးပွားရေးစနစ်ရဲ့ ညှဉ်းဆဲမှုစနစ်များကြောင့် ရာသက်ပန် ထွန်တုံးကိုင် နိုင်ငံဘဝအဖြစ်နှင့်သာ ကျွန်ဘဝဆုံးတဲ့

mgyoe.com

တိုင်အောင် အသုံးတော်ခံခဲ့ရတယ်။ လွတ်လပ်တဲ့ဘဝ ရောက်ပြန်တော့လည်း ထွန်တုံးနဲ့ လယ်ကွက်ကို အရင်းတည်ပြီး နိုင်ငံသစ်ကြီး တည်ထောင်ရမယ်။ အဲဒီအကြောင်းတွေကြောင့် လူ ၁၀၀ မှာ ၈၀ ဖြစ်နေတဲ့ တောင်သူလယ်သမားတွေရဲ့ ကံကြမ္မာရော၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးရဲ့ ပြန်လည်ထူထောင်ရေး ကံကြမ္မာရော၊ ဗမာ့ဆန်စပါးဟာ ကမ္ဘာဆန်အိုးလို့ယူဆနေတဲ့ နိုင်ငံတွေရဲ့ကံကြမ္မာရော၊ အဲဒီလို စုပေါင်းကံကြမ္မာတွေရဲ့ အသက်သွေးခဲတည်ရာဟာ ဘယ်မှာလဲဆိုရင် ဗမာပြည် တောင်သူလယ်သမားလောကကြီးပဲဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ အဲဒီလောက် ကျယ်ဝန်းပြီး တန်ဖိုးရှိတဲ့ တောင်သူလယ်သမားလောကကြီးဟာ ဘာဖြစ်ခဲ့သလဲ။

(၃) စီးပွားရေးအရ သူတို့တစ်တွေရဲ့ အသက်သွေးမြေကျ ဆည်းပူးကြိုးပမ်းခဲ့ပုံတွေကို ကြည့်လိုက်ပါ။ တောတောင်မျက်မည်းကြီးဘဝက အဖိုးတန်မြေယာတွေဖြစ်လာအောင် ဘိုးဘွားစဉ်ဆက် နံငယ်ပိုင်းဝတ်ပြီး ဓားမတိုတစ်ချောင်းနဲ့ သားရဲတိရစ္ဆာန်တွေကို ရင်ဆိုင်ပြီး ခုတ်ထွင်ရှင်းလင်းခဲ့ပုံတွေကို တွေးကြည့်စမ်းပါ။ မြန်မာရာဇဝင်ကုန်းဘောင်ခေတ် သက္ကရာဇ် ၁၂၀၀ လောက်တုန်းက စုစုပေါင်းမြေယာ ဧကပေါင်းမှာ အနီးကပ်ဆုံး ဂဏန်းနဲ့ပြရရင် ရှစ်သောင်းလောက်ပဲရှိမယ်။ ယခုအခါမှာဆိုရင်ဖြင့် သူတို့ရဲ့ အသက်သွေးချွေးတွေနဲ့ သားစဉ်မြေးဆက် ခုတ်ထွင်ရှင်းလင်း လာခဲ့ကြတာ၊ စိုက်ပျိုးနိုင်တဲ့ မြေဧကပေါင်းဟာဖြင့် အခုအခါ ၁၆ သန်းနဲ့ ရှစ်သိန်းကျော် ရှိနေပြီ။ အဲဒီအထဲမှာ ဆန်စပါးစိုက်တာဆိုရင် ၁၂ သန်းနဲ့ ရှစ်သိန်းကျော် နှင့်နှင့်ရှိတယ်။ တောင်သူလယ်သမားတွေရဲ့ ဒီလိုကြိုးပမ်းမှုတွေရဲ့ ကျေးဇူးတွေကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေမှန်သမျှ ဘယ်တော့မှ မေ့နိုင်မယ်မဟုတ်ပါ။ စစ်မဖြစ်ခင်တုန်းက နိုင်ငံရဲ့ ဝင်ကုန်ထွက်ကုန် စာရင်းတွေကိုကြည့်ရင် သူတို့ရဲ့ ကြိုးပမ်းမှုကြီးများဟာ ဘယ်လောက်ထင်ရှားခဲ့သလဲဆိုရင် နိုင်ငံရဲ့ စုစုပေါင်းထွက်ကုန်ဝင်ငွေဟာ ပျမ်းမျှကြေး ကုဋေ ၅၀ လောက်ရှိတဲ့အနက် ၂၅ ကုဋေလောက်ဟာ သူတို့ရဲ့ ချွေးနဲ့စာ ဆန်စပါး တန်ဖိုးတွေ ဖြစ်ခဲ့တယ်။ ၁၉၃၁ ခုနှစ်က ၄၁ ခုနှစ်အထိ ၁၀ နှစ်အတွင်း ထွက်ကုန်ဝင်ကုန် အမြတ်စာရင်းတွေကိုကြည့်ရင် ၂၃ ကုဋေအောက် မကျခဲ့ဘူး။ အဲဒီ အမြတ်တွေထဲမှာ ဆန်စပါးအမြတ်ဟာ ကုဋေ ၂၀ ထက်မနည်း ပါဝင်နေတာကို တွေ့ရတယ်။ ဒါပေမဲ့ ကြိုးပမ်းပေးလိုက်ရတဲ့ သူတို့တစ်တွေမှာတော့ ဝမ်းစာ မှန်မှန် မထည့်ရ၊ ထမင်းနပ်မှန်အောင် မစားရနှင့် ကျောမွဲကြီးတွေအဖြစ်နဲ့သာ ဘဝတုံးနေတာတွေကို တွေ့ခဲ့ရတယ်။ ကမ္ဘာ့ဆန်ပို့နိုင်ငံကြီးတွေထဲမှာ ဗမာနိုင်ငံဟာ ပထမစွဲသလောက် အမွဲအပြာ ဖြစ်ရတာမှာလည်း ဗမာတောင်သူလယ်သမားတွေဟာ ပထမစွဲခဲ့ပါတယ်။ သူတို့ မွဲလေပြာလေ အရင်းရှင်ခါးပိုက်နိုက် လူတန်းစားအမျိုးမျိုးတွေ ဆူဖြိုးဝပြောလေလေ ဖြစ်ခဲ့ရတာဟာ တောင်သူလယ်သမား လောကဟောင်းကြီးရဲ့ မငြင်းနိုင်တဲ့ လက္ခဏာကြီး နှစ်ပါးပေပဲ။

(၄) အခွန်အတုတ်တွေနဲ့ ပတ်သက်ပြီး သူတို့ရဲ့ ခံစားခဲ့ရပုံတွေကို နည်းနည်း

mgyoe.com

mgyoe.com


ဆက်ပြောချင်သေးတယ်။ ၁၉၃၉–၄၀ အခွန်တော်ဝင်ငွေ ဘတ်ဂျက်မှာ မြေခွန်ဆိုတဲ့ ခေါင်းစဉ်နဲ့ မြေခွန်ရိုးရိုးလို့ဆိုတဲ့ အခွန်တော်ငွေပေါင်း ၄၉၃ သိန်းကျော်ရှိတဲ့အနက်က ၃၇၈ သိန်းဟာ သူတို့ချွေးနဲ့စာနဲ့ လုပ်ရတဲ့အထဲက ပေးခဲ့ရတာပါပဲ။ ဒါတွင်မကသေး၊ တရားမဲ့ ညှဉ်းဆဲယူခဲ့တဲ့ လယ်ထောက်ခ၊ သီးစားခဆိုတာတွေက တစ်မျိုး၊ ကမ္ဘာမှာ ဘယ်မှာမှ မကြားဖူးတဲ့ စပါး ငါးတင်းယူရင် ၁၀ တင်း ပြန်ပေးရတဲ့ စပါးပေး တင်းတိုးတွေ ကတစ်မျိုး၊ ငွေ ၁ဝိ ချေးရင် ၁ဝိ ပြန်ရတဲ့ အစမ္ဘ ငွေတိုးတွေက အမျိုးမျိုး၊ ဆန်တစ်အိတ် ယူစားမိလို့ စပါးအစိတ် ပြန်ပေးရတာကတစ်ဖုံ၊ စမိလို့ ဆက်ပြောရဦးမယ်ဆိုရင် ပေးတုန်း ကတော့ တင်းကလေး၊ ပြန်တောင်းတော့ "ပေါက်ကျိုင်း" "ဝင်ရိုးကျိုး" လို့ ခေါ်ကြတဲ့ တင်းကြီးတွေနဲ့ အတားအဆီးမရှိ၊ အတင်းခြင်ယူတာတွေကို ခံကြရတာတွေတစ်မှောင့်နဲ့၊ အဲဒီလို လူစိတ်ကင်းတဲ့ နည်းအမျိုးမျိုးတွေနဲ့ အမျိုးမျိုး အေးစားပြု အတိုက်ခံခဲ့ကြရတယ်။ သူတို့ရဲ့ဒုက္ခတွေ ပြောပြရရင် ကုန်မှာမဟုတ်ဘူး။ အခုပြောခဲ့တာတွေဟာ တစ်စိတ်တစ်ဒေသ ပဲ ရှိသေးတယ်။

(၅) ဒီတောင်သူလယ်သမားတွေဟာ ရာဇဝင်ကြီးတစ်လျှောက်လုံးမှာ ဒီလို ဒုက္ခ တွေ ပင်လယ်ဝေပြီး နိုင်ငံကို အခြေခံပြီး တည်ဆောက်ခဲ့ရပေမယ့် သူတို့ရဲ့ ချွေးနဲ့စာတွေ မှန်သမျှကို တက်တက်စင် အလုအယက်ခံခဲ့ကြရတဲ့အပြင် နောက်ဆုံး သူတို့ရဲ့ ဘိုးဘွားပိုင် ပစ္စည်းဖြစ်ခဲ့တဲ့ မြေယာတွေကိုလည်း နိုင်ထက်စီးနင်း အလုခံခဲ့ကြရသေးတယ်။ အဲဒီလို လုယက်မှုကြီးဟာ ဗမာပြည်စီးပွားရေး ရာဇဝင်မှာတော့ အကြီးဆုံး၊ အဆိုးရွားဆုံးဖြစ်တဲ့ ရာဇဝတ်မှုကြီးပဲ။ ဒီအမှုကြီးဟာ အခုမှဖြစ်တာ မဟုတ်ဘူး၊ ဟိုလွန်ခဲ့တဲ့ သက္ကရာဇ် ၁၈၈၀ ပြည့်နှစ်လောက်ကစပြီး တဖြည်းဖြည်း လုပ်ကြံမှုကြီးလိုဖြစ်နေတာကို တွေ့ရတယ်။ ဘယ်ကလောက်ဆိုးတဲ့ အမှုကြီးလဲဆိုရင် ကျုပ်သိရသလောက်မှာ ဗမာပြည်မှာ အထူး သဖြင့် အောက်ပိုင်းမှာဆိုရင် ၈က ၁၀၀ ရှိတိုင်း၊ ၈က ၆၀ ဟာ လယ်မလုပ်တဲ့ အတိုးစား၊ အမြတ်စား မြေရှင်တွေ ပိုင်နေတာကို တွေ့ရတယ်။ ဖျာပုံ၊ ဟံသာဝတီ၊ အင်းစိန်၊ ပဲခူး၊ မြောင်းမြတို့မှာဆိုရင် ရာခိုင်နှုန်း ၆၀ က ၇၀ ကျော်အထိများ ဖြစ်နေတာ တွေ့ရတယ်။ မြေယာနဲ့သာ ရာဇဝင်တည် အသက်မွေး မှီနေရတဲ့နိုင်ငံမှာ ဒါလောက်တောင် မြေယာ စနစ်ကြီးဟာ ဆိုးရွားဖောက်ပြန်နေတာကို အလိုလိုက်နေရရင် အဲဒီနိုင်ငံဟာ တစ်မျိုးလုံး ဒုက္ခတွေ ရောက်ကုန်တော့မယ်ဆိုတာ ကျုပ် တိတိလင်းလင်းကြီး သတိပေးလိုက်ပါတယ်။ အဲ... ဒီမြေရှင်စနစ်ကြီးကို လက်ခံထားသမျှ တိုင်းပြည်လူထုတွေမှာ မြေရှင်၊ သီးစား၊ စာရင်းငှား၊ လယ်ကူလီတွေ စတဲ့ အမျိုးမျိုး အတန်းအစားတွေကွဲ၊ သွေးတွေကွဲ၊ ပေါင်းသင်း ဆက်ဆံရေး အဆောက်အအုံတွေ ပြိုကွဲနှင့် ဒုက္ခဝဲ တလည်လည်ဖြစ်ကုန်မှာပဲ။

(၆) သီးစား ပြဿနာနဲ့ ပတ်သက်လို့ ပြောလိုက်ရဦးမယ်။ ဒီကိစ္စဟာ တိုင်းပြည် ရော သတင်းစာတွေကပါ စိတ်ဝင်စားနေကြတယ်။ ဒီပြဿနာဟာ အဆန်း မဟုတ်ပါဘူး။

mgyoe.com

mgyoe.com


မြေရှင်စနစ်ဟာ တရားခံအစစ်ပဲ။ သူရှိရင် သူလည်းရှိမှာပဲ။ ဒီပြဿနာကို ဗြိတိသျှနယ်ချဲ့ သမားများဟာ ကျုပ် လေ့လာသိရှိသလောက်ဆိုရင် အတော်ပဲ ကုခဲ့၊ သခဲ့တာကို တွေ့ရ တယ်။ ဒါပေမယ့် ရာဇဝင်တစ်လျှောက်လုံးမှာ ဘယ်အခါကမှ အကျိုးမတူသူ နှစ်ဖက် စလုံးရဲ့ ပြဿနာကြီးကို တစ်ခါမှ တိတိကျကျ မဆုံးဖြတ်ခဲ့နိုင်ဘူး။ အစွန်းတွေသာ ထောင်ထောင်ထွက်ပြီး ရန်ပွဲမငြိမ်းခဲ့ဘူး။ ၁၈၇၂ ခုနှစ် သီးစားဥပဒေကြမ်း တစ်ခုက စပြီး ဥပဒေကြမ်းရော၊ တစ်ချက်လွှတ် အမိန့်တွေရော၊ ဥပဒေဖြစ်တာတွေရောပါ ဆိုရင် ၁၉၄၁ ခုနှစ်အထိ ၁၂ ခု ပေါ်ခဲ့တယ်။ ဒါတွေဟာ ဘာမှ တိတိကျကျ ရန်မပြင်နိုင်ခဲ့ဘူး။ ပြီးတော့ ဂျပန်ခေတ်က သီးစား ဥပဒေထည့်လိုက်ဦး။ ၁၉၄၆ ခုနှစ် သီးစားဥပဒေပါဆိုရင် ပေါင်း ၁၄ ခုရှိခဲ့တယ်။ ဘာမှ ထိထိရောက်ရောက် မဆုံးဖြတ်နိုင်ခဲ့ဘူး။ ဂျာအေး သူ့အမေရိုက်သီချင်းလို တဝဲလည်လည်ပဲ ဖြစ်ခဲ့ တယ်။

(၇) ယခုနောက်ဆုံး ကျုပ်တို့ ဆုံးဖြတ်လိုက်တဲ့ ၁၉၄၇ ခုနှစ် သီးစားခ စံနှုန်းအက်ဥပဒေကျမှ မြေခွန်တော်နှစ်ဆ၊ သီးစားခဆိုတဲ့ စာတစ်ကြောင်းတည်းနဲ့ ယတိကျ ဆုံးဖြတ်ပေးလိုက်တယ်။ အဲဒါကို ဘယ်သူတွေ ဘာပြောပြော၊ ဒီထက် အဆုံးအဖြတ်မှာ အငြင်းအခုံမရှိ တိကျတဲ့ သီးစားဥပဒေမျိုး၊ ဗမာပြည် ရာဇဝင် တစ်လျှောက်လုံးမှာ မပေါ်သေးဘူးလို့ ကျုပ် ရဲရဲကြီး ပြောလိုက်ပါတယ်။ သဘာဝ ကျကျနဲ့ အတိအကျဆုံး ဥပဒေဆိုလို့ ယခုအချိန်အထိ ဒီဥပဒေတစ်ခုပဲ ပေါ်သေးတယ်။ အချို့ မြေရှင်တွေက ဒီဥပဒေဟာ မတရားပါဘူးတဲ့ လျှော့ပါ ဦးလို့ ဆူဆူပူပူလုပ်ကြတယ်။ ခပ်ရှင်းရှင်းပဲ လျှော့မပေးနိုင်ဘူး။ ကျွဲနဲ့၊ နွားနဲ့ နေပူမရှောင်၊ မိုးရွာမရှောင် တကုန်းကုန်း၊ တဝုန်းဝုန်း ရုန်းခဲ့ရတဲ့ တောင်သူ လယ်သမား လူ့နင်းပြားတွေအပေါ်မှာ သင်းတို့တစ်တွေ နည်းအမျိုးမျိုးတွေနဲ့ မိုက်ကြေးခွဲလာတာ၊ ခါးပိုက် နှိုက်ခဲ့တာ ကြာပြီ။ ဟိုတုန်းကတော့ ကိုယ့်ဂျပ်ကို လူခိုးလို့ ခိုးမှန်းမသိတဲ့ တောင်ကုန်းမှာ အိပ်ပျော်နေတဲ့ ဘိုးသူတော်တွေလို တောင်သူလယ်သမားတွေဟာ ကိုယ့် ချွေးနဲ့စာကို အေးဓားပြတိုက်လို့ တိုက်မှန်းမသိ၊ ခါးပိုက်နှိုက်လို့ နှိုက်မှန်းမသိအောင် အခဲ့၊ နခဲ့ကြတယ်။ စည်းလုံးခြင်း အင်အားဆိုတာလည်း ဗလာနတ္ထိ ဖြစ်ခဲ့တယ်။ အဲဒါကြောင့်မို့ ငုံ့ခံခဲ့ကြတာ။ အခုတော့ ဒီလိုလုပ်လို့ မရတော့ဘူး။ အဲဒီတော့ လယ်ပိုင်ရှင်တွေ လိုချင်တဲ့အတိုင်း လျှော့ဖို့ဆိုတာတော့ ယခု လက်ဝဲစုအင်အားတွေ တောင့်တင်း နေသရွေ့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူးဆိုတာ မမိုတ်မသုန် ယုံကြည်ကြပေ တော့။

(၈) ကဲ... ဒီတော့ တောင်သူလယ်သမား လောကကြီးမှာ ဖြစ်ပျက်နေတဲ့ အဖြစ်သနစ်ဟောင်းတွေကိုတော့ ဒါလောက်ဆိုရင် သရုပ်ပေါ်လောက်ပါပြီ။

mgyoe.com

mgyoe.com


ကျုပ်တို့ ဖဆပလ အစိုးရရဲ့ စေတနာတွေနဲ့ လုပ်ငန်းစဉ်တွေကို အနည်းငယ်ဆက်ပြီး ပြောပြဦးမယ်။ ကျုပ်တို့ရဲ့ ခိုင်မြဲတဲ့ စေတနာကတော့ ဒီတောင်သူလယ်သမား လောကကြီးမှာ ခံစားနေရတဲ့ ဝေဒနာဟောင်း၊ အနာဟောင်းတွေကိုတော့ ဘယ်နည်းနဲ့မဆို နှစ်အနည်းငယ်အတွင်း ဆေးကြမ်းတိုက်ပြီး အပျောက်ကုပစ်မှာပဲ။ အခုတောင်မှ နိုင်ငံရေးလုပ်ငန်းကြီးငယ်တွေ တစ်ပုံတစ်ပင်ကြီး အကြားကနေပြီး အတော်ပဲ ကုစပြုခဲ့ပါပြီ။ ဥပမာ... အဝမ္ဘငွေကြေးချေးငှားခြင်းမှန်သမျှတွေကို တားဆီးပိတ်ပင်လိုက်တဲ့ ငွေချေးစားသူများချုပ်ချယ်ရေးအက်ဥပဒေ၊ အဲဒီဥပဒေမှာဆိုရင် ကြွေးဟောင်း၊ မြီဟောင်းတွေကို နည်းအမျိုးမျိုးနဲ့ လျှော်ပစ်... လျှော်ပစ်တဲ့အပြင် ကျန်သေးတဲ့ကြွေးကို အတိုးမရှိ ငါးနှစ်ဆိုင်းထားလိုက်တယ်။ ပြီးတော့ ကျွဲ၊ နွားသတ်ဖြတ်မှုပိတ်ပင်ရေးအက်ဥပဒေ၊ အဲဒါ လယ်သမားကြီးတွေရဲ့ လယ်လုပ်စက်ကိရိယာကြီးတွေကို အကာအကွယ်ပေးတာပဲ။ အဲဒီ ဥပဒေတွေ၊ စီမံချက်တွေ၊ တစ်ချက်လွှတ် အမိန့်တွေဟာ တခြားဟာတွေ မဟုတ်ဘူး။ ကျုပ် မကြာခဏ ကြွေးကြော်နေတဲ့ ရွှေမိုးငွေမိုးရွာကိန်းကြီး အမြန်ဆိုက်အောင်၊ လမ်းခင်းပေးနေတဲ့ လမ်းစကြီးတွေပဲဆိုတာ ကောင်းကောင်း မှတ်ထားလိုက်ကြပါ။

(၉) အခုပဲ တောင်သူလယ်သမားတွေမှာ ဘယ်အခါတုန်းကမှ မကြုံဖူးအောင် ထူးထူးကဲကဲကြီး ရွှေတွဲလဲ ငွေတွဲလွဲတွေနဲ့ ဖြစ်ကုန်ကြပြီ မဟုတ်လား။

(၁၀) အဲဒါဟာ စလုံးရေစသာ ရှိသေးတယ်၊ ပွဲဦးထွက်သာ ရှိသေးတယ်။ တောင်သူလယ်သမားတွေ စည်းစည်းလုံးလုံး ရှိကြမယ်၊ ညစ်ပတ်မှုကင်းစင်ကြမယ်၊ အမှားလမ်းနဲ့ အမှန်လမ်းကို ရွေးချယ်တတ်ကြမယ်ဆိုရင် ဒါထက်ကြီးကျယ်တဲ့ ရွှေမိုးငွေမိုးကြီး ရွာချတဲ့ကိန်းနဲ့ တွေ့ကြုံရဦးမယ်ဆိုတာ ကျွန်တော် တိတိလင်းလင်း ပြောလိုက်မယ်။

(၁၁) ဒီနှစ် လယ်လုပ်ချိန်ကို သီးစားမြေယာမှန်သမျှ အစိုးရက အကုန်သိမ်းယူ အုပ်ချုပ်မယ်။ ပြီးတော့ အဲဒီ သီးစားလယ်တွေကို လူထုက တင်မြှောက်လိုက်တဲ့ လူထုကိုယ်စားလှယ်အဖွဲ့တွေက ကြီးကြပ်စီမံပြီး လူထုလယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးကို မြိုင်မြိုင်ကြီး ဆိုင်ဆိုင်ကြီး ခင်းကျင်းခိုင်းဦးမယ်။

(၁၂) အမတော်ကြေးငွေတို့၊ ဘာတို့ဆိုတာကိုလည်း အချွေတာဆုံး၊ လယ်သမားကို အများဆုံး အခွင့်အရေးပေးပြီး ဖြန့်ဖြူးဦးမယ်။ ပြီးတော့ ဘယ်သူက ဘာခေါင်းပုံဖြတ် စားသလေး၊ တစ်ရာမှာ တစ်ဆယ် အနိုင်ကျင့်ယူသလေးနဲ့ ပြောမနေကြနဲ့တော့။ အရေးပိုင်၊ မြို့ပိုင်တွေဆိုတာ တာဝန်အလျောက်သာ အုပ်ထိန်းစေပြီး တောင်သူလယ်သမား အစည်းအရုံး အစရှိတဲ့ လူထုကော်မတီတွေကတစ်ဆင့် တောင်သူလယ်သမား လူထုကြီးကို တိုက်ရိုက် ထုတ်ချေး

mgyoe.com

mgyoe.com


ပေးမယ်။ အဲဒီနေရာမှာ လယ်သမားကိုယ်စားလှယ်တွေဟာ အင်မတန် သမာဓိကြီးမားဖို့လိုတယ်။ ညစ်ပတ်ချင်တဲ့စိတ်တွေကို အစွမ်းကုန် သုတ်သင်ပစ်နိုင်ဖို့လိုတယ်။ အဲဒါနဲ့မှ လယ်သမားခေါင်းဆောင်တွေ၊ လယ်သမားအစည်းအရုံးတွေ၊ လယ်သမားကြီးတွေ စည်းကမ်းမသေဝပ်ဘဲ အဓမ္မအကျင့်တွေ ကျင့်ကြရင်တော့ ဗမာနိုင်ငံလည်း လူယုတ်မာနိုင်ငံကြီးဖြစ်မှာပဲ။ လယ်သမားလူထုလည်း အရင်းရှင်တွေရဲ့ တံတွေးကွက်၊ ဗမာနိုင်ငံလည်း ကမ္ဘာ့ရဲ့တံတွေးကွက်မှာ ပက်လက်မျောမှာပဲ။ ကျုပ်တို့ အစီအစဉ်အတိုင်းဆိုရင် ၁၉၄၉ ခုနှစ်ကို နောက်အကျဆုံးထားပြီး ဗမာပြည်အရပ်ရပ်မှာ လယ်ယာစိုက်ပျိုးရေး ဘဏ်တွေ၊ သမဝါယမနှင့် စုပေါင်းထွန်ယက်ရေးအဖွဲ့တွေ အမြောက်အမြား ဖွင့်မယ်။ အဲဒီတစ်ချိန်တည်းမှာပဲ အမျိုးသားပိုင် မြေသိမ်းပွဲတွေဆင်နွှဲအောင် အပြင်းအထန် ကြိုးစားနေကြတယ်။ အဲဒီအခါမှာ ဒီနှစ် လူထုလယ်ယာစိုက်ပျိုးရေးစစ်ပွဲကြီးကို ပိုင်ပိုင်နိုင်နိုင် ဆင်နွှဲတဲ့ လယ်ယာစိုက်ပျိုးရေး လယ်သမားကော်မတီတွေအဖြစ်နဲ့ တန်ခိုးအာဏာထပ်ပြီး အပ်နှင်းဖို့ အစီအစဉ်တွေ လုပ်နေတယ်။ အဲဒါအပ်နှင်းခံနိုင်အောင်သာ ဒီလူတွေက ကြိုးစားကြပေတော့။ စည်းပျက်ကမ်းပျက်နဲ့ပေးတဲ့ အာဏာတွေကို အလွဲသုံးစားကြရင်တော့၊ လူညစ်ပတ်တွေ ဖြစ်ကြရင်တော့ စောစောက သတိပေးထားမယ်။ လက်ဝဲလောကကြီးဟာ စတည်မယ်ကြံရုံရှိသေးကျဆုံးပြီလို့ မှတ်ယူပေတော့။ တိုတိုပြောရရင် ကျုပ်တို့ရဲ့လုပ်ငန်းစဉ်တွေဟာ တောင်သူလယ်သမားတွေကို သွေးစုပ်မှုလောကက လုံးဝလွတ်မြောက်ပြီး ဆိုရှယ်လစ်လောကကို အမြန်ဆုံးရောက်အောင် ပို့ပေးဖို့ပါပဲ။

(၁၃) အခု ကျုပ်သိရသလောက်မှာ တောင်သူလယ်သမားလောက ဆိုပေမယ့် သီးစားသမား လောကမှာသာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးစပြုနေပြီဆိုတာ သိရတယ်။ မြေယာရဲ့ အောက်ဆုံးအခြေခံ လူထုကြီးဖြစ်တဲ့ လယ်ကူလီ၊ စာရင်းငှားလောကမှာ ရေပေါက်အနည်းငယ်သာ မှန်ရုံမှန်ပြီး ရေလုံးလိုက်မရွာသေးတာ ကျုပ်တို့သိတယ်။ ဒါဟာ ကျုပ်တို့ရဲ့စေတနာ ချို့ယွင်းနှောင့်နှေးလို့မဟုတ်၊ အချိန်နည်းနည်းကလေးအတွင်းမှာ ပြဿနာကြီးနှစ်ရပ်ကို တစ်ချိန်တည်း မကုနိုင်တဲ့အတွက်ကြောင့် အခက်အခဲတွေ့ပြီး နှောင့်နှေးခြင်းဖြစ်ရတာပါပဲ။ ဒါပေမဲ့ ဒီနှစ်မှာဆိုရင် လယ်ကူလီ စာရင်းငှားတွေကို ဘယ်ရာဇဝင်တစ်လျှောက်လုံး ဘယ်အစိုးရအဖွဲ့တွေကမှ မပေးခဲ့ဖူးတဲ့ အမတော်ကြေးငွေကို ဒီနှစ်မှာ အတတ်နိုင်ဆုံး အစပြုပြီး ထုတ်ချေးမယ်။ ပြီးတော့ စက်ရုံအလုပ်သမားများရဲ့ အခကြေးငွေကို ဥပဒေနှင့် ဆုံးဖြတ်ပေးသလို၊ လယ်ကူလီ စာရင်းငှားတွေကိုလည်း အနည်းဆုံး ဘယ်နှုန်းပေးရမယ်ဆိုတာကို ဥပဒေနဲ့ ဆုံးဖြတ်ပေးမယ်။ ဒီဥပဒေကြမ်းကို မတ်လ ပါလီမန်အမီတင်နိုင်အောင် တောင်သူ

mgyoe.com

လယ်သမား အစည်းအရုံးကြီးမှ အစိုးရအဖွဲ့သို့ရေးဆွဲတင်ပြရန်၊ ကျုပ် ဖဆပလ ဥက္ကဋ္ဌအနေနဲ့ အမိန့်ပေးမယ်။ အဲဒီဥပဒေထွက်လာရင် ယခုအခါ လယ်သီးစား သမားလောကမှာသာ ရှာချနေတဲ့ ရွှေမိုးငွေမိုးဟာ အောက်ဆုံးအခြေခံ လူထု ကြီးဖြစ်တဲ့ လယ်ကူလီ၊ စာရင်း ငှားလောကမှာလည်း ရှာချပြီလို့ မှတ်လိုက်ကြ တော့။ ဒါတင်မကသေးဘူး၊ သူတို့တစ်တွေဟာ တကယ့်ပစ္စည်းမဲ့ လယ်ယာ လုပ်သား လူထုကြီးဖြစ်တဲ့အတွက်ကြောင့် အထူးအခွင့်အရေးပေးပြီး ထောက်ပံ့ ထိုက်တဲ့ ပစ္စည်းရပ်တွေနဲ့ ဆေးဝါးတွေကိုလည်း ဝေငှဖြန့်ဖြူးဖို့ တောင်သူ လယ်သမား အစည်းအရုံးကြီးနဲ့ စီစဉ်နေတယ်။ မကြာမီက အတည်ပြုလိုက်တဲ့ နိုင်ငံတော်အစိုးရ သီးစားချအက်ဥပဒေအရ အခြေအနေအားဖြင့် အင်အားရှိတဲ့ လယ်ကူလီ စာရင်းငှားတွေကိုလည်း အကြောင်းအားလျော်စွာ မြေယာကို တိုက်ရိုက်လုပ်ကိုင်ခွင့်ရအောင် စီမံပေးဦးမယ်။ အားလပ်ချိန် စိတ်လက် ပျော်ရွှင်မှု ပွဲလမ်းသဘင်များကိုလည်း ပညာပေးသည့်သဘောနဲ့ တတ်နိုင် သလောက် ဖြစ်မြောက်ရန် ဖဆပလက ကြိုးကြပ်ပြီး စီစဉ်နေဆဲပဲ။

(၁၄) ဒုတိယအချက်ကတော့ အထက်ဗမာနိုင်ငံ ယာသမားတွေရဲ့ ပြဿနာပါပဲ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ယာသမားတွေက အစိုးရဟာ အောက် ဗမာနိုင်ငံ လယ်သမားတွေကိုသာ မြေခွန်တော်နှစ်ဆ သီးစားခ ဥပဒေလုပ်ပြီး အခွင့်အရေး ပေးတယ်။ ကျုပ်တို့တော့ လှည့်မကြည့်ဘူးလို့ ပြောသံသဲ့သဲ့ ကြားရတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အခု တောင်သူလယ်သမား အစည်းအရုံး ဌာနချုပ်မှာ ရေးဆွဲနေတဲ့ ယာကော်မတီ အစီရင်ခံစာ ကျုပ်တို့လက်ထဲ ရောက်လာရင်တော့ ဖြစ်နိုင်၊ လုပ်နိုင်တာတွေကို ချက်ချင်းဖြစ်အောင် လုပ်ပေး မယ်ဆိုတာ အတိအလင်း ကတိပေးတယ်။

(၁၅) ကဲ...ကျုပ်တို့စေတနာနဲ့ ကျုပ်တို့ရဲ့လုပ်ငန်းစဉ်ကိုတော့ အတော် ကလေး ဆန်းစစ်ပြီး ပြခဲ့ပြီ။ ခင်ဗျားတို့ တောင်သူလယ်သမားခေါင်းဆောင် တွေ အခု သင်တန်းတက်တဲ့ ပွဲဦးထွက် တပ်မှူးတွေ နယ်မှာ ကျန်ရစ်ခဲ့သေးတဲ့ ခေါင်းဆောင်တွေ၊ အစည်းအရုံးတွေရဲ့ စေတနာနဲ့လုပ်ငန်းစဉ်တွေကို ကျုပ် သဘောကျ ဆန်းစစ်နိုင်ဖို့ ခွင့်ပြုကြစေလိုတယ်။ ဘာ့ကြောင့်လဲဆိုတော့ တောင်သူ လယ်သမား လူထုကြီးအတွက် ကျုပ်တို့ လုပ်ခဲ့၊ လုပ်ဆဲ၊ လုပ်လတ္တံ့ စေတနာတွေ လုပ်ငန်းစဉ်တွေဟာ အကောင်အထည်ပေါ်အောင်ဖော်ဖို့ အစိုးရအပေါ် တည်တာ ထက် ခင်ဗျားတို့အပေါ်မှာ ပိုပြီး တည်နေတယ်ဆိုတာ မှတ်ထားလိုက်ကြပါ။ ဆိုလိုတာကတော့ လုပ်ပေးလိုက်တဲ့ ဥပဒေတစ်ရပ်အတွင်းရှိ အခွင့်အရေးတွေကို အကောင်အထည်အားဖြင့် အတုံးလိုက်၊ အတစ်လိုက် လယ်သမားအိတ်ထဲ ထည့်ပေးနိုင်ဖို့က ခင်ဗျားတို့တာဝန်ပဲ။ ခင်ဗျားတို့ညံ့တာကြောင့် လယ်သမား

mgyee.com

mgyoe.com


လူထုကြီးမှာ မနစ်နာသွားစေချင်ဘူး။ ညှိရုံတွင် ညှိတာမကသေးဘဲ ဒီထက် ပိုဆိုးတဲ့ အာဏာအလွဲသုံးစားတာကို လုပ်ကြရင် ခင်ဗျားတို့ဟာ ဖဆပလရဲ့ အင်အားစုတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် သားသမီးမကောင်း၊ မိဘခေါင်းဆိုတာလို ဖခင်ဖြစ်တဲ့ ဖဆပလအဖွဲ့ချုပ်ကြီးကိုပါ ထိခိုက်လာလိမ့်မယ်။ အဲဒါတွေကို ကြပ်ကြပ်ကြီး သတိထားဖို့လိုတယ်။ ဒီတော့ နှစ်ဖက်စလုံး အညှိမခံအောင် ကိုယ့်တာဝန် ကိုယ်ထိန်းကြဖို့ လိုတယ်။ ကိုယ့်သိက္ခာ ကိုယ်ရှိသေကြဖို့လို တယ်။ အတိအလင်းပြောချင်တာကတော့ ရာဇဝင်အရ ၁၃၀၀ ပြည့်နှစ်ကစ၍ တည်ထောင်လာခဲ့တဲ့ တောင်သူလယ်သမား အစည်းအရုံးကြီးဟာ ၁၂ သန်းနဲ့ ရှစ်သိန်းကျော်ရှိတဲ့ တောင်သူလယ်သမားလူထုကြီးကိုလည်းကောင်း၊ ဒီလူထု ကြီးရဲ့ လုပ်စာလုပ်ဖက်နဲ့ ခေတ်သစ်တည်ပေးရမယ့် မြန်မာပြည်ထောင်စုနိုင်ငံ ကြီးကိုလည်းကောင်း၊ စေတနာရိုးရိုးကြီးနဲ့ အမှန်တကယ် ကယ်တင်ချင်ပါ တယ်ဆိုရင် ဒီအစည်းအရုံးအတွင်းမှာရှိတဲ့ သစ္စာမဲ့၊ စည်းကမ်းမဲ့၊ အကျင့်စာရိတ္တ မဲ့တဲ့ လူညံ့လူဖျင်းတွေကို မညှာမတာ သုတ်သင်ရှင်းလင်းပစ်ဖို့ ကျုပ်အပြင်း အထန် တိုက်တွန်းတယ်။ ဒီအစည်းအရုံးကြီးအဖို့ ကျုပ်မေးခွန်း နှစ်ခုမေးမယ်။ ပထမမေးခွန်းကတော့ လယ်သမားနိုင်ငံကြီးမှာ လယ်သမားတွေ ရာဇဝင်ပြောင် ပြောင်နဲ့ စခန်းသွားနိုင်အောင်၊ ခုနကဆိုခဲ့တဲ့ သွေးပုပ်ပြည်ပုပ်လို လူတွေကို ဖောက်ထုတ်ပစ်မလား။ ဒုတိယမေးခွန်းကတော့ ဒီလို မလုပ်ရဲရင် အရေးပေါ် အာဏာရ အစည်းအရုံးအဖြစ်နဲ့သာ မြန်မြန်ကြီး ခန္ဓာကြွေလိုသလားဆိုတဲ့ မေးခွန်းတစ်ခုပါပဲ။ အဲဒါ ခင်ဗျားတို့ အခုဖြေဖြေ၊ နောက်မှ ဖြေဖြေ ခင်ဗျား တို့ကြိုက်သလို ဖြေကြဖို့ပဲ။ ခင်ဗျားတို့ ဖြေတဲ့အဖြေအမှား၊ အမှန်ကိုတော့ ကျုပ်ဆုံးဖြတ်တာထက် တောင်သူလယ်သမားလူထုကြီးက မကြာခင် ဆုံးဖြတ် ကြလိမ့်မယ်။

(၁၆) ဒီတောင်သူလယ်သမား အစည်းအရုံးကြီးဟာ နိုင်ငံမှာရော၊ ဖဆပလ အင်အားစုတွေထဲမှာရော အကြီးမားဆုံးနဲ့ အလားအလာအရှိဆုံး လူထုအစည်း အရုံးကြီးတစ်ရပ်ပဲလို့ ကျုပ် ယုံကြည်ယူဆတယ်။ အဲဒီတော့ ဗမာစကားပုံ တစ်ခုလို ငါ့သမီးတော်ပါတယ်ဆိုမှ ညှော်သည်တွေကြားမှာ ယောင်းမမြင်းစီး ထွက်လာရင်တော့ ခင်ဗျားတို့ရဲ့တာဝန်ပဲလို့ ကျုပ် သတိပေးလိုက်မယ်။

(၁၇) နိဂုံးချုပ်အနေနဲ့ ခင်ဗျားတို့ မကြာမီ ဝင်ရောက်ဆင်နွှဲမယ့် လူထု လယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးအကြောင်းကို အနည်းငယ် ဆက်ပြီး ပြောဦး မယ်။ ဒါဟာ လွတ်လပ်စ ပြည်ထောင်စုသမ္မတနိုင်ငံမှာ ပွဲဦးထွက် ပြန်လည် ထူထောင်ရေး စစ်ပွဲကြီးပဲ။ ဒီပွဲကို အနိုင်နွှဲနိုင်ရင်တော့ တစ်မျိုးသားလုံးရဲ့ ခေတ်သစ် ထူထောင်ပွဲမှာဖြင့် ငါးဆယ်ရာခိုင်နှုန်းထက်မနည်း၊ အောင်ပြီလို့

mgyoe.com

mgyoe.com


၂

ရဲရဲကြီး ဆိုနိုင်တယ်။ အဲဒါကြောင့် မြေယာမှန်သမျှ ထွန်ယက်ကြဆိုတဲ့ ကြွေးကြော်သံအတိုင်း လူထုလယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးကို အစွမ်းကုန် ဝင်ရောက်ဆင်နွှဲကြပါ။ ဒါဟာ မြေယာကို ထွန်ယက်သူတိုင်းရဲ့ ရွှေမိုးငွေမိုးသာမဟုတ်တစ်တိုင်းလုံး၊ တစ်ပြည်လုံးရဲ့ ပြန်လည်ထူထောင်ရေး ရွှေမိုးငွေမိုးကြီးလည်းဖြစ်တယ်လို့ ကျုပ် အတိအလင်းပြောမယ်။ ဒီနေ့ မွေးခါစ ဗမာနိုင်ငံဟာ ကမ္ဘာမှာ မျက်နှာငယ်မဖြစ်ရတာ၊ ကမ္ဘာ့ရွှေတုံးရွှေခဲတွေကို ခေါ်ယူသိမ်းသွင်းနိုင်တဲ့တောင်သူလယ်သမား လူထုကြီးရဲ့ ချွေးနဲ့စာ ဆန်စပါးတွေရဲ့ ဂုဏ်ကျေးဇူးတွေကြောင့်ပဲ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ဒါတွေကိုကြီးစွာသော အမြော်အမြင်နဲ့ ကြိုတင်သိရှိလို့ အမျိုးသားစီမံကိန်း အဖွဲ့ကြီးကိုနေ့ချင်းညချင်းဖွဲ့စည်းပြီး အပြင်းအထန် ကြိုးပမ်းခဲ့စေတယ်။ အခု စီမံကိန်းတွေဟာ ဗိုလ်ချုပ်ရဲ့လုပ်ငန်းစဉ် အစစ်အမှန်တွေပဲ။ ဗိုလ်ချုပ်ကို မြတ်နိုးကြတယ်၊ လေးစားကြတယ်ဆိုရင် သူရဲ့ချမှတ်ခဲ့တဲ့ လယ်ယာစိုက်ပျိုးရေး စီမံကိန်းကြီးကို အောင်မြင်စွာ အနိုင်တိုက်ကြရမှာပဲ။ နိုင်ငံကို မြတ်နိုးတယ်၊ ကျဆုံးတဲ့ခေါင်းဆောင်ကြီးတွေကို မြတ်နိုးပါတယ်လို့ လူကြားကောင်းအောင် အသံလွှင့်ပြီး လက်တွေ့ကျတော့ ဘာမဟုတ်တဲ့ ကွဲခန်း၊ ပြဲခန်း၊ ဆဲခန်းတွေနဲ့ အချိန်ကုန်နေကြရင် သစ္စာဖောက် လူယုတ်မာတွေအဖြစ်နဲ့ စခန်းသိမ်းကြရမှာပါပဲ။ ကဲ... အခု သင်တန်းတက်တဲ့ခေါင်းဆောင်တွေ အသံကောင်းသမားတွေလား၊ အလုပ်ကောင်းသမားတွေလားဆိုတာ လူထုလယ်ယာစိုက်ပျိုးရေးစစ်ပွဲကြီးဆိုတဲ့ မှတ်ကျောက်နဲ့ အတင်ခံကြရလိမ့်မယ်။ များများကြီး မှတ်ကျောက်တင်ခံနိုင်ကြလိမ့်မယ်လို့လည်း ကျုပ် မျှော်လင့်တယ်။ ခင်ဗျားတို့ အခု နွှဲရမယ့်ပွဲမှာ စိတ်ညစ်စရာတွေ၊ စိတ်ပျက်စရာတွေ၊ ငတ်တာတွေ၊ ပြတ်တာတွေ၊ အမုန်းအတီး၊ အငြိုအငြင်ခံရတာတွေကို မုချတွေ့ရလိမ့်မယ်။ မှတ်ကျောက်တင်သားကောင်းယောကျ်ားအဖြစ်နဲ့သာ ဖွဲ့တောင့်ခံကြပေတော့။ ခင်ဗျားတို့ရဲ့ကြိုးပမ်းစွန့်စားမှုတွေကိုကြည့်ပြီး ဒီစစ်ပွဲမှာလိုအပ်တဲ့ ကုန်ကျစရိတ်ကြေးငွေအထောက်အပံ့များကို ကျုပ်တို့ အစိုးရအဖွဲ့က ထပ်မံတိုးချဲ့ပေးဦးမယ်ဆိုတာ ကျုပ် ကတိပေးတယ်။

■

mgyoe.com

mgyoe.com

# လယ်ယာတော်လှန်ရေး (၁၉၄၈)

**နိုင်ငံတော် ဝန်ကြီးချုပ် သခင်နု၏ လယ်ယာစိုက်ပျိုးရေးစစ်ပွဲ အထူးမိန့်ခွန်းကြီး။**

တခြားစကားတွေ မပြောမီ ဒီကနေ့ ဒီအရပ်နှင့်တကွ ဗမာနိုင်ငံ အရပ်ရပ်တိုင်းမှာ စုဝေးကြတဲ့ လယ်သမား လူထုကြီးဟာ လယ်ယာတော်လှန်ရေးသမားတွေ ဖြစ်တယ်ဆိုတာကို ကျွန်တော် အတိအလင်း ပြောချင်ပါတယ်။ တော်လှန်ရေးဆိုတာ ကျွန်တော် မကြာခဏ ပြောခဲ့တဲ့အတိုင်း အတိုချုပ်အားဖြင့် အခြေအနေတစ်ခုမှ အခြား အခြေအနေတစ်ခုသို့ရောက်အောင် ပြောင်းပြန် ပြန်လိုက်တာပါပဲ။ ယခုအချိန်အခါမှာဆိုရင် တောင်သူလယ်သမားတွေဟာ လယ်ပိုင်ရှင်စနစ်ပေါ်လာတဲ့အချိန်ကစပြီး တည်မြဲလာခဲ့ရတဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝဆိုးကြီးကို ပြောင်းပြန် ပြန်ပစ်တဲ့ အခြေအနေရောက်နေကြပါပြီ။ ရှေးကဆိုရင် လယ်တွေ၊ ယာတွေကို လယ်ပိုင်ရှင်တွေက လယ်လုပ်သားတွေကို ချပေးခဲ့တယ်။ ယခုဆိုရင် လယ်သားတွေက လယ်ပိုင်ယာပိုင်ရှင်တွေကို လယ်ချပေးရတဲ့ခေတ်ကို ရောက်နေပြီ။ ရှေးကဆိုရင် အရာရှိတွေက ထုတ်ပေးတဲ့ အမတော်ကြေးကို လက်ဖြန့်ခံရတယ်။ အခုမှာ ဆိုရင် တောင်သူလယ်သမား အဖွဲ့တွေက အမတော်ကြေးနှင့်ပတ်သက်ပြီး ဆုံးဖြတ် ချက် ချရတယ်။ အရာရှိတွေက ဒီဆုံးဖြတ်ချက်အတိုင်း အမတော်ကြေးတွေကို ထုတ်ပေးရတယ်။ အဲဒီအခြေအနေကို ရောက်နေပါပြီ။ အဲဒီလို ဘဝဟောင်းကြီးကို ဘဝသစ်ဖြစ်အောင် ပြောင်းပြန် ပြန်ပစ်နိုင်တဲ့အတွက် ယနေ့ ဗမာနိုင်ငံ တောင်သူလယ်သမားတွေဟာ ရိုးရိုးလယ်သမားတွေ မဟုတ်ကြတော့ဘဲ လယ်ယာတော်လှန်ရေးသမားတွေ

mgyoe.com

mgyoe.com

ဖြစ်တယ်လို့ ကျွန်တော် ကြေညာခြင်းဖြစ်တယ်။ အဲဒါ အမှန်စင်စစ်တော့ ခင်ဗျားတို့ရဲ့ တော်လှန်ရေးလမ်းဆုံး မဟုတ်သေးဘဲ ပဏာမသာ ရှိသေးတယ်ဆိုတာကိုလည်း ထပ်ဆင့်ပြီး ကျွန်တော် ကြေညာလိုက်ပါတယ်။

နောက်ပြီးတော့လည်း ဒီကနေ့ ကြွရောက်လာတဲ့ လူထုဟာ ဗမာ့အသက်သွေးခဲဖြစ်တဲ့ ပြည်သူလူထု လယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးကို တစ်ခဲနက် ဝင်ရောက်ဆင်နွှဲရန် စိတ်အားထက်သန်စွာ ကြွရောက်လာတဲ့ လူထုကြီးပဲလို့ ကျွန်တော် ယူဆပါတယ်။ ဗမာ့လယ်ယာလုပ်ငန်းကြီးဟာ ဗမာ့စီးပွားရေးရဲ့ ရေသောက်မြစ်ကြီးဖြစ်တဲ့အပြင် ဗမာ့မြေပေါ်ရှိ လူမျိုးတစ်ဦးဦးနဲ့သာ သက်ဆိုင်တာ မဟုတ်ဘူး။ ကရင်၊ ချင်း၊ ကချင်၊ ရှမ်း၊ ဗမာဆိုတဲ့ ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမအပေါင်းတို့ရဲ့ စုပေါင်းပိုင်အမွေအနှစ်ကြီးပါပဲ။ အဲဒီအမွေအနှစ်ကြီးရဲ့ ခိုင်မြဲရေး၊ တိုးတက်ရေး၊ ကြီးပွားရေးတို့ကို တစ်မိသားတည်းဖြစ်ကြတဲ့ ပြည်ထောင်စုသား အပေါင်းတို့က ပိုင်းကြ၊ ဖေးကြ၊ မကြရမယ်။

အဲဒီ ဗမာ့အမွေအနှစ်ကြီးဟာ ဗမာပြည်ထောင်စုအဖို့ ဘယ်လောက် အဖိုးတန်တယ်၊ ဘယ်လောက် အရေးပါတယ်ဆိုတာ သိထားကြဖို့လိုတယ်။ သာမန် အချိန်အခါမှာဆိုကြပါစို့။ အင်္ဂလိပ်အရင်းရှင်အောက် ကျွန်သဘောက်ဘဝနဲ့ နေကြရတုန်းက အချိန်အခါမှာ ဗမာ့လယ်ရဲ့ အဖိုးတန်မှုဟာ ယခုအချိန်လောက် မလေးနက်ခဲ့ဘူး။ ဗမာ့စီးပွားရေးအခြေခံဖြစ်တယ်ဆိုတာလောက်ပဲ သိခဲ့ကြတယ်။

ယခု လွတ်လပ်ခါစ ပြည်ထောင်စု ဗမာနိုင်ငံမှာဆိုရင် ဗမာ့လယ်ယာလုပ်ငန်းရပ်ကြီးဟာ စီးပွားရေးအုတ်မြစ် ဖြစ်ရုံတွင်မကသေးဘူး။ ဗမာကို ကမ္ဘာမှာ ထင်ရှားအောင် အမျိုးမျိုး ဖန်တီးပေးနေတဲ့ ဗမာ့လယ်ယာလုပ်ငန်းကြောင့် ဆန်စပါး အကြီးအကျယ်ထွက်ခဲ့တယ်။ စစ်ကြီးမဖြစ်မီအချိန်က ဆန်စပါး ဧကပေါင်း ၁၂ သန်း ရှစ်သိန်း စိုက်ပျိုးခဲ့လို့ ဆန်တန်ချိန် ခုနစ်သိန်းကျော် ထွက်ခဲ့ပြီ။ သုံးသန်းကျော် နိုင်ငံခြားကို တင်ပို့ခဲ့တယ်။ အဲဒီတုန်းက ယခုလောက်လည်း ဗမာပြည်ကို မလေးစားခဲ့ဘူး။

၁၉၄၇ ခုနှစ်မှာဆိုရင် ဆန်စပါး ဧက ကိုးသန်းခန့်သာ စိုက်ပျိုးပြီး နိုင်ငံခြားကို ဆန်တန်ချိန် တစ်သန်းခွဲသာ ထုတ်လုပ်နိုင်လိမ့်မယ်လို့ ခန့်မှန်းတယ်။ အဲဒီလောက်သာ ပို့နိုင်တဲ့ ယခုအချိန်မှာ ဗမာပြည်ကို ကမ္ဘာက လေးစားတယ်။ အကြောင်းရှာလိုက်တော့ ဒုတိယကမ္ဘာစစ်ကြီးရဲ့ဒဏ်ကို အလူးအလိမ့် ခံလိုက်ရတဲ့ ကမ္ဘာကြီးဟာ ကမ္ဘာသူ၊ ကမ္ဘာသားတွေအတွက် ဘာမှ ပြည့်ပြည့်စုံစုံ ပြန်လည်မထူထောင်သေးဘူး။ ကမ္ဘာ့လယ်ပြင်တွေကလည်း စစ်တလင်းဖြစ်ခဲ့လို့ မထွန်နိုင်၊ မစိုက်ပျိုးနိုင်တာကတစ်မျိုး၊ စက်ရုံတွေ ပျက်စီးကုန်လို့ လယ်ယာနဲ့ပတ်သက်တဲ့ စက်တွေ မလုပ်နိုင်တာကတစ်မျိုး၊ လူတွေ၊ ကျွဲ၊ နွားတိရစ္ဆာန်တွေ စစ်တိုက်ရင်း သေကြေကျေကြနဲ့ လုပ်သားတွေကလည်း လျော့နည်းလေတော့ ကောက်ပဲသီးနှံလုံလောက်အောင် ကမ္ဘာကြီးမှာ မထွက်နိုင်တော့ဘူး။

mgyoe.com

mgyoe.com


အဲဒီလို ကမ္ဘာကြီးတစ်ခုလုံး အစာရေစာအတွက် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေတဲ့အချိန်မှာ ဗမာပြည်က ဆန်တန်ချိန် တစ်သန်းခွဲတောင် နိုင်ငံခြားကို ထုတ်ဆောင်ရောင်းနိုင်မယ်ဆိုတော့ ကမ္ဘာက အရေးပေးလာတာပေါ့။

ဒါထက်ပိုပြီး ကမ္ဘာကို အံ့အားသင့်စေတာကတော့ ဗမာပြည်ရဲ့ပြင်ပမှာ ဗမာ့ငွေရင်းဆိုရင် တစ်ရွေးသားလောက်မှ မရှိဘဲနဲ့ ကမ္ဘာ့နိုင်ငံအရပ်ရပ်နဲ့ ကုန်ရောင်း ကုန်ဝယ်နိုင်တယ်။ ပြာပုံအတိကျခဲ့ပြီး ဘဏ္ဍာရေးမှာ သုညမှ စခဲ့ရသော်လည်းပဲ ဗမာ့ငွေစက္ကူတန်ဖိုး မကျခဲ့ဘူး။ ဒါ ဘာကြောင့်လဲလို့ ဆန်းစစ်လိုက်ရင် ဗမာပြည်ဟာ အခက်အခဲ အမျိုးမျိုးအတွင်းမှာ ဆန်စပါးအထွက်ကို အပြင်းအထန် တိုးမြှင့်နိုင်သည့်တိုင် ထူးကဲစွာ ဆန်စပါးထွက်လို့ဆိုတာ သိရမယ်။

လူထုနားလည်ထားစေလိုတာက ဒီကမ္ဘာကြီးမှာ စက်ရုံတွေချည်း အားကိုးနေရတဲ့ နိုင်ငံတွေနဲ့၊ လယ်ယာလုပ်ကိုင်တဲ့ နိုင်ငံတွေနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် တကယ့်အကျပ်၊ အတည်းအချိန်မှာ အပြတ်အသတ်ကွာတာ တွေ့ရမယ်။

လယ်ယာစိုက်ပျိုး ထွန်ယက်တဲ့နိုင်ငံတွေက ကုန်ကြမ်းတွေ မပို့ရင် သူတို့ စက်ရုံကြီးတွေဟာ ဘာအဖိုးတန်ဦးမှာလဲ။ ဝေါက်တက်တက်ကြီးတွေဖြစ်နေမှာပဲ။ လယ်သမားနိုင်ငံတွေက ကောက်ပဲသီးနှံမပို့ရင် ငတ်သေကုန်မှာပဲ မဟုတ်လား။ ခုလို စစ်ကြီးကာလမှာ ဗမာတွေ ဝဝစားနေရတယ်။ ဣန္ဒြေမပျက်ဘူး၊ အိန္ဒိယတို့၊ ဥရောပတို့၊ တရုတ်တို့မှာ ကြည့်မယ်ဆိုရင် အစာငတ်လို့ သေလိုက်ကြတာ တဖြုန်းဖြုန်းနဲ့နေတာပဲ။

အဲဒါ လယ်သမားနိုင်ငံနဲ့၊ စက်ရုံတွေပေါတဲ့ နိုင်ငံတွေနဲ့ ခြားနားတဲ့ အချက်ကြီးပဲ။ ဒါ ထားဦး။ ယခု စစ်ဒဏ်ခံခဲ့ရလို့ ဗုန်းဗုန်းသား ပုံလဲနေတဲ့ ကမ္ဘာ့လယ်ယာလုပ်ငန်းကြီး အသားကျအောင် ပြန်လည် ထူထောင်ဖို့ဟာ နောက် ငါးနှစ်နဲ့ မပြီးဘူး။

အဲဒီ ငါးနှစ်အချိန်ဟာ ဗမာပြည်မှာ ရွှေမိုးငွေမိုး ရွာမယ့်အချိန်ပဲ။ ဗမာမြေကြီးက တကယ်ပင် ရွှေသီးရမယ်။ ဗမာတွေက တကယ်ချမ်းသာမယ်။ တကယ်တိုးတက်မယ်။

ဒီလိုပြောလိုက်လို့ ကျေနပ်ဝမ်းမြောက်ပြီး နေရုံနဲ့ မပြီးဘူး။ အလုပ်မလုပ်ဘဲနေလို့လည်း ကျုပ်ပြောတဲ့ ရွှေမိုးငွေမိုး မရွာနိုင်ဘူး။

လသာတုန်း ဗိုင်းငင်ရမယ်။ အခြေအနေ ပေးနေတုန်း ကြိုးစားပမ်းစား အလုပ်လုပ်ကြရမယ်။

ဒီလို ကျုပ်ပြောတဲ့အတွက် ဗမာပြည်ကို စက်မှုလက်မှု နိုင်ငံတစ်ခုဖြစ်လာအောင် တည်ထောင်ဖို့ မလိုဘူးလို့ ကျုပ် မဆိုလိုဘူး။

ကျုပ်တို့ တိုင်းပြည်မှာဖြစ်နိုင်လည်း စက်မှုလက်မှုလုပ်ငန်းများကိုလည်း အမြန်ဆုံးဖြစ်မြောက်အောင် ကြိုးစားရမှာပဲ။

တစ်ခု ဝမ်းနည်းစရာကောင်းတာက လာမယ့်မိုးတွင်းမှာ အင်တိုက်အားတိုက်

mgyoe.com

mgyoe.com


လယ်လုပ်ကြဖို့ စိုင်းပြင်းနေတုန်း ဗမာပြည်ကွန်မြူနစ်ပါတီက လက်နက်အားကိုးနဲ့ အာဏာလုဖို့ ကြိုးစားချက်ပဲ။ ဒါဟာ သိပ်အရုပ်ဆိုးတဲ့ အပြုအမူကြီးတစ်ခုပဲ။ တိုင်းပြည်နှင့်တကွ လယ်သမားထုကြီးကို ပက်ပက်စက်စက် စော်ကားတာပဲ။

လယ်သမား လူထုကြီးကို တိတိလင်းလင်း ပြောချင်တာကတော့ ဒီကွန်မြူနစ်မွေးတဲ့မီးဟာ မကြာခင် ငြိမ်းသွားပါလိမ့်မယ်။ ငြိမ်းသွားအောင်လည်း အစိုးရက အစွမ်းကုန်ဆောင်ရွက်မယ်ဆိုတာ ယုံကြည်စေလိုပါတယ်။

ဒါကြောင့် လာမယ့်မိုးတွင်းမှာ လယ်သမားတွေဟာ အေးအေးချမ်းချမ်း လယ်ယာများကို ထွန်ယက်နိုင်ဖို့ကို ကျွန်တော်နဲ့တကွ ကျွန်တော်ရဲ့ အစိုးရအဖွဲ့က အားလုံး ပြည့်ပြည့်စုံစုံ စီမံထားပြီးဖြစ်ကြောင်း ကျွန်တော်က ယခု တိတိလင်းလင်း ကြေညာလိုက်ပါတယ်။

ဒီလို လက်နက်အားကိုးနဲ့ တိုင်းပြည်ကို သစ္စာဖောက်နေတဲ့ ကွန်မြူနစ် ဖောက်ပြန်ရေးသမားတစ်စုကြောင့် လယ်သမားအချို့နဲ့ လယ်သမားခေါင်းဆောင်အချို့ အသတ်ခံရတယ်။ လယ်သမားကြီးတွေ ဘေးဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို ကျုပ်သိတယ်။ ဒီလိုသိတဲ့အတိုင်း လယ်သမားကြီးတွေ ရင်ဆိုင်နေရတဲ့ ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ဖို့ရာ ကျုပ်ရဲ့အစိုးရက အစွမ်းကုန်အရေးယူပြီး ဖြစ်တယ်။ လယ်သမားကြီးတွေအတွက် ဝတ်ရေး၊ စားရေး၊ နေရေး၊ လုံခြုံမှုအတွက်ကိုလည်း အစွမ်းကုန်ကူညီဖို့ စီစဉ်ပြီးဖြစ်တယ်။ ဒါဟာ အစိုးရရဲ့တာဝန်ပဲ။

အစိုးရဘက်က ဒီတာဝန်ကိုယူလိုက်ရင် ပြည်သူလူထုကြီး တစ်ရပ်လုံးကလည်း ဆိုင်ရာတာဝန်ကို ယူစေချင်တယ်။ ဘယ်တာဝန်လဲလို့ဆိုရင် ပြည်သူလူထု လယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးရဲ့ အောင်နိုင်ရေးပါပဲ။

ဒါကို ဘာကြောင့် အရေးတကြီး လုပ်ရတယ်ဆိုတာတော့ တိုင်းပြည်က နားလည်ပြီးဖြစ်တယ်လို့ မျှော်လင့်ပါတယ်။

ဒါပေမဲ့ ပြည်သူလူထု လယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးရဲ့အရေးကြီးပုံကို အနည်းငယ် ရှင်းပြချင်ပါသေးတယ်။

၁၉၄၇ ခုနှစ်က စပါးစိုက်ပျိုးဧက ၁၂ သန်း ရှစ်သိန်းအနက် ဧကပေါင်း ကိုးသန်းလောက်သာ စိုက်ခဲ့နိုင်တယ်။ ယခု မိုးတွင်းမှာ စပါးစိုက်နိုင်သော မြေဧကမှန်သရွေ့ကို တစ်လက်မ မကျန် အားသွန်စိုက်ပျိုးကြမယ်ဆိုရင် ၁၉၄၉ ခုနှစ်မှာ အနည်းဆုံး ဆန်တန်ချိန် နှစ်သန်းခွဲလောက် နိုင်ငံခြားကို ပို့နိုင်လိမ့်မယ်ဟု ယူဆရပါတယ်။ ဆန်တန်ချိန် တစ်သန်းခွဲပို့နိုင်တဲ့ ယခုနှစ်အဖို့မှာ ဆန်ပေါ်မှာ နိုင်ငံတော် ပြန်လည်ထူထောင်ရေးအတွက် ငွေ ၂၀ ကုဋေခန့်ရမယ်လို့ ခန့်မှန်းနိုင်ရင်လာမယ့်နှစ်မှာ ဆန်တန်ချိန်ပိုလာတဲ့အတွက် ဘယ်လောက်ငွေပိုလာမယ်ဆိုတာ ရှင်းရှင်းကလေး တွက်ကြည့်နိုင်ပါတယ်။

ဒီနှစ် ဆန်စပါးအပေါ်ကရမယ့် ငွေတွေထဲကဆိုရင်လည်း လယ်သမား၊

mgyoe.com

mgyoe.com


ယာသမား၊ သီးစား၊ စာရင်းငှား၊ လယ်ကူလီ၊ ကောက်စိုက်မ ပါမကျန် တောင်သူလယ်သမားများရဲ့ အကျိုးအတွက် အများဆုံးသုံးဖို့ရာ အစိုးရက ရည်ရွယ်ထားပါတယ်။

နိဂုံးချုပ် ပြောချင်တာကတော့ ကျုပ်တို့ ဆုံးဖြတ်ထားတဲ့ နှစ်နှစ်စီမံကိန်းအတိုင်း အောင်အောင်မြင်မြင်ကြီး ချီတက်ကြဖို့၊ ပြာပုံအတိကျနေတဲ့ တိုင်းပြည်ကြီးကို နဂိုအတိုင်းရောက်အောင် ပြန်လည် ထူထောင်ကြဖို့ အရေးအကြီးဆုံး အုတ်မြစ်ချလုပ်ငန်းဖြစ်တဲ့ လူထုလယ်ယာ စိုက်ပျိုးရေး စစ်ပွဲကြီးကို အပြင်းအထန် လုံးပမ်းကြဖို့ပါပဲ။ အဲဒီလိုလုံးပန်းနိုင်အောင် လုံးပန်းချင်ကြအောင်လည်း ကျုပ်တို့အစိုးရက သီးစားချ လယ်မြေမှန်သမျှကို လယ်ပိုင်ရှင်တွေရဲ့ လက်ထဲက ပြန်လည်သိမ်းပိုက်ပြီး တကယ် မြေကြီးလက်ဆုပ်လုပ်ကိုင်တဲ့ ကျေးရွာလယ်သမားခေါင်းဆောင်တွေ လက်ထဲကို ချထားခွင့်ပေးခဲ့တယ်။ လယ်စရိတ်အတွက် လယ်အမတော်ပေးဖို့ကိုလည်း အဲဒီကျေးရွာလယ်သမားကြီးတွေကိုယ်တိုင်စီမံခန့်ခွဲဖို့ အပ်ခဲ့တယ်။ လယ်သမားကြီးတွေအတွက် စားရေး၊ ဝတ်ရေးသက်သာချောင်ချိမှုရရန်အတွက် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်မှစပြီး လယ်သမားသုံးပစ္စည်းတွေကို အသက်သာဆုံးနှုန်းနဲ့ ကျေးရွာလယ်သမားကြီးတွေကိုယ်တိုင် ထုတ်ယူဝေငှနိုင်ရန်လည်း စီစဉ်ဆဲဖြစ်တယ်။ အဲဒီတော့ တောင်သူလယ်သမားလူထုကြီးကိုယ်တိုင်က ကိုယ်ရတဲ့အခွင့်အရေးကို ကိုယ်ကိုယ်တိုင်ရယူပြီး အလွန့်အလွန် အရေးကြီးတဲ့ ဒီကိစ္စကြီးကို ဒီလယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးကို ကိုယ့်တာဝန် ကိုယ်ထမ်းပြီး ပြည့်ပြည့်ဝဝကြီး ဆောင်ရွက်လိမ့်မယ်၊ ကြိုးပမ်းလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ ကြိုးပမ်းကြပါလို့လည်း ကျုပ် တိုက်တွန်းလိုက်ပါတယ်။

ဒီကနေ့အချိန်မှာ တစ်ပြည်လုံး တက်ရောက်စည်းဝေးကြတဲ့ လူထုကြီး တစ်ရပ်လုံးကလည်း ဒီလူထု လယ်ယာစိုက်ပျိုးရေး စစ်ပွဲကြီးကို အစွမ်းကုန် ကူညီကြပါ၊ အစွမ်းကုန်အားပေးကြပါလို့ ကျုပ် တိုက်တွန်းလိုက်ပါတယ်။

■

mgyoe.com

mgyoe.com

## ၁၉၄၈ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေကြမ်းကို ဆဋ္ဌမမြောက်ပါလီမန်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် တင်သွင်းရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု၏ ထောက်ခံချက်မိန့်ခွန်း။

၁။ လယ်ယာမြေသိမ်းဆည်းရေး ဥပဒေကြမ်းကို ကျွန်တော် ထောက်ခံပါတယ်။ ထောက်ခံရတဲ့အကြောင်းကို ရှင်းလင်းအောင်–

(၁) လယ်ယာမြေရာဇဝင်

(၂) ဥပဒေရာဇဝင်

(၃) လက်ရှိအခြေအနေ

တို့ကို နောက်ခံကားကြီး သုံးကားအဖြစ်နဲ့ ရှေးဦးစွာ ကျွန်တော် ရှင်းပြချင်ပါတယ်။

### လယ်ယာမြေရာဇဝင်

၂။ လယ်ယာမြေပြဿနာကို သေသေချာချာ နားလည်ဖို့အတွက် လယ်ယာမြေရာဇဝင်ကိုနည်းနည်းပြောဖို့ လိုပါတယ်။ မြန်မာပြည်ကို မြန်မာမင်းများအုပ်စိုးတုန်းကဆိုရင် မြေဟာ နှစ်မျိုးရှိပါတယ်။ အရာတော်မြေခေါ်တဲ့ ဘုရင်ပိုင်မြေများနဲ့ ဘိုးဘပိုင်မြေခေါ်တဲ့ တိုင်းရင်းသားများပိုင်တဲ့ မြေလို့ရှိပါတယ်။ ဘိုးဘပိုင်မြေမဟုတ်လို့ရှိရင် လယ်ယာလုပ်လုပ် မလုပ်လုပ်၊ ဘုရင်ပိုင်မြေဖြစ်ပါတယ်။ ဘုရင်ပိုင်မြေထဲမှာဆိုရင် လယ်ယာမလုပ်ရသေးတဲ့ မြေတို့၊ တောမြေတို့ ပါပါတယ်။ ဒီစနစ်ဟာ ခုထက်ထိ အထက်မြန်မာပြည်မှာရှိပါတယ်။ အောက်မြန်မာပြည်မှာတော့ အင်္ဂလိပ်များ ဝင်လာတဲ့အခါမှာ အင်္ဂလိပ်များကမြန်မာများရဲ့စနစ်ကို မသိလို့တစ်ကြောင်း၊ နောက်ပြီး သူတို့ဝင်လာတဲ့အချိန်မှာ လူကနည်းပြီး မြေကြီးကများနေတဲ့အတွက်ကတစ်ကြောင်း၊ အခြေအနေဟာ အနည်းငယ်ပြောင်း

mgyoe.com

mgyoe.com

သွားပါတယ်။ ဘယ်လိုပြောင်းသလဲလို့ဆိုတော့ မြေအားလုံးဟာ အစိုးရပိုင်ဖြစ်သွားပါတယ်။ ဘိုးဘပိုင်မြေရယ်လို့တော့ မကျန်တော့ဘူး။ ဒီမြေကို တဆယ့်နှစ်နှစ် ဆက်လုပ်ကိုင်ပြီး တဆယ့်နှစ်နှစ်အတွက် မြေခွန်တော်ပေးတဲ့အခါမှာသာ (Landholder's right) လို့ခေါ်တဲ့မြေလက်ကိုင်ထားတဲ့ လူများရဲ့အခွင့်အရေးကို ရပါတယ်။ ဒီအခွင့်အရေးများက ဘယ်လိုလဲဆိုတော့၊ ဒီအခွင့်အရေးရရှိပြီးတဲ့ မြေကိုပိုင်တဲ့လူတွေဟာ အဲဒီမြေကို ဆက်လက်လုပ်ကိုင်နိုင်တယ်၊ လက်ရှိထားနိုင်တယ်။ ဒီအခွင့်အရေးကိုလည်း သားစဉ် မြေးဆက်အမွေပေးသွားနိုင်တယ်။ အဲဒီလို အခွင့်အရေးပေးပေမဲ့ သူတို့ဟာ မြေကို မပိုင်ဘူး။ ကိုယ့်အင်္ကျီ၊ ကိုယ့်လုံချည်ကိုပိုင်သကဲ့သို့ ပိုင်တာမဟုတ်ဘူး။ လယ်ယာလုပ်ကိုင်ရန်အတွက်သာ လက်ရှိထားခွင့်ရတယ်။ ပိုင်တာကတော့ အစိုးရသာပိုင်တယ်။ အဲဒီလို အခွင့်အရေးပေးတာကလည်း လူများဟာ၊ လယ်ယာများကို တိုးချဲ့လုပ်ကိုင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပေးခြင်းဖြစ်တယ်။ ဒီလူတွေဟာ လယ်ယာကို တိုးချဲ့လုပ်ကိုင်ပြီး ဒီလယ်တွေကို သူတို့သားစဉ်မြေးဆက် ဆက်လက်လုပ်ကိုင်ကြဖို့၊ အင်္ဂလိပ်လိုတော့ (Peasant Proprietor) ခေါ်တဲ့ကိုယ်ပိုင်လယ် ကိုယ်တိုင်လုပ်တဲ့ လူတန်းစားဖြစ်ပေါ်လာအောင် ပြုလုပ်ပေးခြင်းဖြစ်တယ်။ ဒီလိုရည်ရွယ်ချက်ရှိပေမယ်လို့ အဲဒီအချိန်တုန်းက စူးအက် တူးမြောင်းဖောက်ပြီးခါစဖြစ်တော့ ဆန်ဈေးတွေဟာ သိပ်ကောင်းတယ်။ မဖောက်ခင်က ၅ဝိ လောက်ရှိတဲ့ဈေးဟာ ဖောက်ပြီးတဲ့နောက် ၈ဝိ ကျော် ၉ဝိ လောက်တက်သွားတယ်။ ဒီတော့မြေဈေးဟာလည်း ကောင်းတယ်။ ကောင်းတဲ့အလျောက် ငွေချေးတဲ့နိုင်ငံခြားသားရော၊ တိုင်းရင်းသားရော၊ လယ်ယာလုပ်ကိုင်တဲ့လူတွေကို ငွေသိပ်ချေးချင်ကြတယ်၊ ချေးအောင်လည်း ဆွယ်ကြတယ်။ ငွေချေးရတဲ့ ကျေးဇူးကတော့ အင်မတန်များတာဘဲ။ အဖိုးတန်တဲ့မြေကို အာမခံထားပြီး ချေးရတယ်။ အဲဒီတော့ ငွေမဆုံးမှာ သေချာရုံတင်မကဘူး၊ အတိုးတို့ ဘာတို့ရတဲ့အခါကြတော့လည်း စပါးနဲ့ရကြတာများတယ်။ စပါးကို ရောင်းရတဲ့အခါလည်း အမြတ်အများကြီးရကြတယ်။ တောင်သူလယ်သမားများကလည်း တောင်ယာခုတ်ဖို့လုပ်ဆိုတော့ စရိတ်လည်း လိုတယ်၊ ငွေကလည်း ပေါတယ်။ လိုချင်သလောက်ရတယ်ဆိုတော့ ငွေကို ချေးရသလောက်ချေးပြီး သုံးပစ်ကြတာဘဲ၊ ဒါနဲ့ ၁၉၂၇ ခုလောက်မှာ ကမ္ဘာနဲ့ချီပြီး ငွေကျပ်တည်းသွားတဲ့အခါကျတော့ ချစ်တီးများနဲ့ တိုင်းရင်းသားမြို့ရှင်များက ငွေပြန်တောင်းတဲ့အခါ တောင်သူလယ်သမားတွေက ငွေမပေးနိုင်တာနဲ့ မြေတွေ ဆုံးကြရတယ်။ ဒီအရင်လည်း လယ်ယာမြေတွေဟာ တောင်သူလယ်သမားလက်ထဲကနေပြီး တောင်သူလယ်သမားမဟုတ်တဲ့ ပွဲစားတို့၊ ကုန်သည်တို့၊ ငွေချေးစားတဲ့ လူတို့လက်ထဲရောက်တာတွေ့တော့ အစိုးရက တစ်မျိုးထွင်ပြန်တယ်။ ဘယ်လိုလဲဆိုတော့ လယ်ယာမြေတွေကို ဧက ၁၅ နဲ့ ၅ဝ ကြားပတ္တာရိုက်ပြီး ပတ္တာစာချုပ်နဲ့ပေးမယ်။ စာချုပ်အရ ပထမ ငါးနှစ်အတွင်း လယ်ယာမြေကို မရောင်းရ၊ မပေါင်ရလို့ပါတယ်။ အဲဒီစနစ်ကိုလုပ်တဲ့အခါလဲ ပတ္တာရိုက်တာ၊ လျှောက်ရတာနဲ့ အချိန်ကုန်ပြီး၊ လျှောက်နေတုန်း ဝင်လုပ်တဲ့လူက လုပ်ဆို

mgyoe.com

mgyoe.com

တော့၊ ဒီစနစ်လည်း အထမမြောက်ဘူး။ ဒါနဲ့ နောက်ဆုံးပိတ်ဆိုပြီး အစိုးရက လယ်ယာမြေကို ဂရန်တို့ဘာတို့မပေးဘဲ (State Colonies) ခေါ်တဲ့ အစိုးရနယ်မြေတွေဖွင့်ပြီး လူတွေလုပ်စေတယ်။ အရင်းရှင်များက ဂရန်လျှောက်ရင်လည်း မပေးဘူး။ အခုပြောခဲ့တာတွေ ထောက်ကြည့်ရင် အင်္ဂလိပ်အစိုးရလက်ထက်တုန်းကလည်း လယ်ယာမြေတွေကို အရင်းရှင် ဓနရှင်လက်ထဲမရောက်စေလိုဘူးဆိုတာ သိသာနိုင်ပါတယ်။

## ဥပဒေရာဇဝင်

၃။ ။ အင်္ဂလိပ်အစိုးရက လယ်ယာမြေတွေကို တောင်သူလယ်သမားမဟုတ်သူတို့လက်ကိုမရောက်အောင် တားမြစ်ဖို့ ဥပဒေလုပ်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သေးတယ်။ ၁၈၉၁ ခုနှစ်က (Mr.Smeaton) ဆိုတဲ့ ဘဏ္ဍာရေးမင်းကြီးက (Burma Agriculturist's Relief Bill) ဆိုပြီး၊ ဥပဒေကြမ်းတစ်ခုကို ရေးဆွဲတယ်။ အဲဒီဥပဒေကြမ်းကတော့ တောင်သူလယ်သမားမဟုတ်တဲ့ လူတွေဆီကို လယ်ယာမြေမရောက်အောင် တားမြစ်တဲ့ဥပဒေကြမ်းပဲ။ ဒါပေမဲ့ အဲဒီအချိန်အခါက အစိုးရက မလိုသေးပါဘူးလို့ဆိုပြီး ဘေးချိတ်ထားလိုက်တယ်။ အိန္ဒိယအစိုးရကတောင် ဒီလိုဘေးချိတ်ထားတာ မှားတယ်လို့ ပြောသေးတယ်။ ၁၈၉၂ ခုနှစ်ကျတော့ (Mr.Frederic Fryer) ဆိုတဲ့ မဟာ မင်းကြီးက တစ်ဖန် ဥပဒေကြမ်းတစ်ခု ရေးဆွဲပြန်တယ်။ အဲဒီဥပဒေကြမ်းအရ (Landholder's right) ဆိုတဲ့ လက်ရှိထားခွင့်ရရှိပြီးဖြစ်တဲ့မြေကို သီးစားခရဲ့သုံးဆမရသေးတဲ့ မြေအတွက်ဆိုရင် သီးခါးခရဲ့ နှစ်ဆပေးပြီး တောင်သူလယ်သမားများက လယ်ပိုင်ရှင်တွေဆီက ဝယ်ယူနိုင်တယ်လို့ ဆိုထားတယ်။ ဒါတော့ ကြမ်းလွန်းတယ်ဆိုပြီး မလုပ်ဖြစ်ဘူး။ တစ်ခါ ၁၈၉၄ ခုနှစ်ကျတော့ (Mr.Smeaton) ဆိုတဲ့လူကပဲ သူ့ ၁၈၉၁ ခုနှစ်ကလုပ်တဲ့ ဥပဒေကြမ်းကို နည်းနည်းလျှော့ပြီး လယ်ပြန်ငွေပြန်အပေါင်ခံရင် ၁၅ နှစ်အတွင်း ပေါင်တဲ့ တောင်သူလယ်သမားကို လယ်ယာပြန်ရစေ တရားမ တရားရုံးများကလည်း ကြွေးမှုနဲ့ ပတ်သက်ပြီး လယ်ယာကို မပေးရလို့ အဆိုသွင်းပြန်တယ်။ ဒီအဆိုကို အစိုးရစဉ်းစားပြင်ဆင်ပြီး အိန္ဒိယအစိုးရကိုပို့တယ်။ ဒါပေမဲ့ ရီးတီးယားတားနဲ့ တခြားကိစ္စတွေဝင်ပြီး ဘာမှမလုပ်ဖြစ်ကြဘူး။ ဒီအတောအတွင်း ခုတင်ကပြောခဲ့တဲ့ (Mr. Frederic Fryer) ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက တစ်ဖန် ၁၈၉၈ ခုနှစ်မှာ သီးစားခများ ပြဋ္ဌာန်းတဲ့ ဥပဒေကြမ်းတစ်ခု ရေးပြန်တယ်။ ဒီဟာကိုလည်း ရီးတီးယားတားနဲ့ အချိန်ဆွဲ စဉ်းစားလာတာ ၁၉၀၂ ခုနှစ်ကျတော့ ချစ်တီးများနဲ့ မြန်မာမြေပိုင်ရှင်ကြီးများက ကန့်ကွက်ချက်နဲ့ ပျက်သွားရပါတယ်။ ဒါနဲ့တစ်ခါ ၁၉၀၆ ခုနှစ်ကျတော့ တစ်ခါ တောင်သူလယ်သမား မဟုတ်သူများ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို ချုပ်ချယ်တဲ့ဥပဒေကြမ်းတယ်။ ဒီဥပဒေကြမ်းကိုလည်း ကုန်သည်ကြီးများ၊ ချစ်တီးများက ကန့်ကွက်ကြတယ်။ ဒါနဲ့ တောင်သူလယ်သမားဆိုတာ ဘယ်သူ ဘယ်ဝါလို့ သေသေချာချာ ခွဲခြားမရနိုင်ဘူး။ တောင်သူလယ်သမားဆိုတဲ့စာလုံးကို အဓိပ္ပာယ်

mgyoe.com

mgyoe.com


တိတိကျကျ မပေးနိုင်ဘူးဆိုပြီး၊ ဥပဒေကြမ်းကို ပစ်ထားလိုက်ပြန်တယ်။ ဒါနဲ့ ၁၉၂၄ ခုနှစ်ကျတော့ (Mr.T.Couper) ဆိုတဲ့အရာရှိကြီးကို တောင်သူလယ်သမားများနဲ့ပတ်သက်ပြီး စုံစမ်းခိုင်းတယ်။ ၁၉၂၇ ခုနှစ်ကျတော့ အဲဒီအရာရှိကြီးက တောင်သူလယ်သမား ဥပဒေကြမ်းတစ်ခုရေးဆွဲပြီးတယ်။ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်ကတော့ သီးစားများဟာ မျှတတဲ့သီးစားခပေးရင် ၇ နှစ် ဆက်လက်လုပ်ကိုင်နိုင်ရန် အခွင့်ရှိရမယ်လို့ဆိုတယ်။ အဲဒီဥပဒေကြမ်းကို ကြော်ငြာတာနဲ့ တစ်ပြိုင်နက် မြေရှင်ကြီးများက ဆူပွက်သွားအောင် ကန့်ကွက်ကြတာနဲ့ အစိုးရလည်း ဘာမှမလုပ်ဝံ့ဘဲ ဖြစ်တယ်။ ဒါနဲ့ ၁၉၃၁ ခုနှစ်ကျတော့ သူပုန်ထတော့တာပဲ။ သူပုန်ထတော့မှ တောင်သူလယ်သမားများ ရဲ့ အခြေအနေဆိုးဝါးလို့ တိုင်းပြည်ဆူပူရတယ်ဆိုပြီး၊ ကော်မီတီတွေဖွဲ့၊ ဖွဲ့ပြီးစဉ်းစားပြီး ၁၉၃၉ ခုနှစ်ကျတော့မှ လယ်ယာမြေပြောင်းလွှဲရေး အက်ဥပဒေတစ်ခု ဖြစ်ပေါ်လာတယ်။ အဲဒီဥပဒေကတော့ လယ်ယာမြေကို တောင်သူလယ်သမားက တောင်သူလယ်သမား မဟုတ်သူ လက်ကို လွှဲပြောင်းမပေးရဘူးလို့ သတ်မှတ်တာပဲ။ ဒါပေမဲ့ ဒီဥပဒေဟာရှိသာ ရှိနေတယ် လက်တွေ့ကျတော့ ဘယ်သူမှမလိုက်နာဘူး။ တောင်သူလယ်သမားမဟုတ်တဲ့ လူရဲ့လက်ထဲရောက်နေတဲ့ မြေတွေအတွက်တော့ ၁၉၄၁ ခု မြေဝယ်ခြမ်းရေးဥပဒေလို့ ထွက်ပေါ်လာတယ်။ အဲဒီဥပဒေကတော့ မြေကို ကာလတန်ဖိုးပေးဝယ်ရမယ်ဆိုတာပဲ။ ၁၉၃၉ ခုနှစ်မှာ သီးစား အက်ဥပဒေတစ်ခုထုတ်တယ်။ သီးစားစံနှုန်းကို ကန့်သတ်တဲ့အက်ဥပဒေပဲ။ ဒါပေမဲ့ အဲဒီဥပဒေဟာ အဲဒီအချိန်က ဟိုက်ကုတ်ရဲ့ စီရင်ချက်အရ လုပ်မရအောင်ဖြစ်သွားတာ အားလုံး သိကြမှာပဲ။

## လက်ရှိအခြေအနေ

၄။ ။ ကျွန်တော် အခုပြောပြခဲ့တဲ့အချက်တွေကိုထောက်ရင် အချက်ကြီးနှစ်ချက် ပေါ်လာပါတယ်။ ပထမအချက်ကတော့ တခြားဟာမဟုတ်ဘူး။ အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက မြေပိုင်ရှင်စနစ်ပေါ်ပေါက်လာတာကို မလိုလားဘူးဆိုတဲ့ အချက်ပဲ ဖြစ်တယ်။ ဒုတိယအချက်ကတော့ အာဏာပိုင်တွေက မလိုလားပေတဲ့ မြေပိုင်ရှင်ကြီးတွေရဲ့ အပြင်းအထန်ကန့်ကွက်ချက်ကြောင့်လည်းကောင်း၊ တောင်သူလယ်သမားတွေရဲ့ နိုးကြားမှုကလဲ အလွန်ခေါင်းပါးသေးတာကြောင့်တစ်ကြောင်း၊ အာဏာပိုင်တွေရဲ့လိုလားချက်ဟာ ထမြောက်အောင်မြင်ခြင်းမရှိခဲ့ဘူးဆိုတဲ့အချက်ပဲ ဖြစ်တယ်။

၅။ ။ ဒီနေရာမှာ ဟိုအခါက အာဏာပိုင်တွေက ဘာဖြစ်လို့မလိုလားတယ်ဆိုတာကို ကျွန်တော်နည်းနည်းရှင်းပြချင်ပါတယ်။ သူတို့မလိုလားတာက တောင်သူလယ်သမားတွေရဲ့ အကျိုးကိုကြည့်လို့မဟုတ်ပါဘူး။ တိုတိုပြောရရင် ဗမာ့ဆန်ကိုလက်ဝါးကြီးအုပ်ထားတဲ့ အင်္ဂလိပ်ကုန်သည်ကြီးတွေရဲ့မျက်နှာကိုကြည့်ရတဲ့အတွက်ပဲ ဖြစ်ပါတယ်။

၆။ ။ အင်္ဂလိပ်ကုန်သည်ကြီးတွေရဲ့လိုလားချက်က မြန်မာနိုင်ငံမှာ ဆန်စပါးဝယ်

mgyoe.com

mgyoe.com

ဖို့အတွက် သူတို့တစ်ဦးတည်းသာရှိပြီး ဆန်စပါးရောင်းတဲ့လူတွေက အစိတ်စိတ်အမွှာမွှာကွဲနေစေချင်တယ်။ အဲဒါမှ ဆန်ဈေး၊ စပါးဈေးကို သူတို့ကြိုက်သလို နှိမ့်ချပြီး ဝယ်နိုင်မယ်။ အကယ်၍သာမြန်မာနိုင်ငံမှာ လယ်ယာတွေဟာ မြေပိုင်ရှင်ကြီး ဆယ့်လေးငါးဦးရဲ့ လက်ထဲမှာသာစုနေရင် ဆန်စပါးဈေးကို သူတို့နှိမ့်ချချင်တိုင်း ချမပစ်နိုင်မှာကို သူတို့အင်မတန်စိုးတယ်။ ပြီးတော့လည်း ဗြိတိသျှခနေရှင်ကြီးများရဲ့ စီးပွားဖြစ်မှုဟာ တိုင်းပြည်ငြိမ်သက်ရေးအပေါ်မှာလည်း တည်ရှိနေပြန်တော့၊ မြေပိုင်ရှင်ကြီးစနစ်ထွန်းကားပြီး လယ်မဲ့ယာမဲ့ ဆင်းရဲသားလယ်သမားတွေက ဆူဆူပူပူလုပ်လာမှာကိုလည်း၊ ဟိုအခါက အာဏာပိုင်တွေက ကြိုတင်ပြီး မြင်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောခဲ့သလိုပဲ တောင်သူလယ်သမားတွေက ဟိုတစ်ခါတုန်းက နိုးကြားမှုလည်း သိပ်ပြီးမရှိကြသေးတဲ့အပြင် ကုလားနဲ့ ဗမာမြေပိုင်ရှင်ကြီးတွေက အိန္ဒိယမှာရော၊ ဗမာနိုင်ငံမှာရော ဝိုင်းပြီး ဆူပူကြတဲ့အတွက် အာဏာပိုင်တွေဟာ ဗြိတိသျှကုန်သည်ကြီးတွေရဲ့အကျိုးကို ထောက်ပံ့ချင်သလောက် မထောက်ပံ့နိုင်ခဲ့ရရှာဘူး။

၇။။ ဟိုအခါက အာဏာပိုင်များက မြေပိုင်ရှင်ကြီးစနစ် မဖြစ်ထွန်းနိုင်အောင် တတ်နိုင်သမျှ ချုပ်ချယ်တာတောင်မှ မြေပိုင်ရှင်များဟာ မြေတွေကို ဘယ်လောက်ပိုင်လာသလဲဆိုတာ ကျွန်တော်စာရင်းနဲ့ပြပါမယ်။

| နှစ် | ထွန်ယက်လုပ်ကိုင်သည့် ဧရိယာ | တောင်သူလယ်သမား မဟုတ်သူများပိုင် |
|---|---|---|
| ၁၉၂၆ | ၁၈,၂၇၁,၀၀၀ | ၃,၄၇၁,၀၀၀ |
| ၁၉၃၀ | ၁၈,၇၄၇,၀၀၀ | ၄,၀၂၈,၀၀၀ |
| ၁၉၃၅ | ၁၈,၉၂၂,၀၀၀ | ၆,၁၃၈,၀၀၀ |
| ၁၉၄၀ | ၁၉,၄၆၀,၀၀၀ | ၆,၅၄၀,၀၀၀ |
| ၁၉၄၇ | ၁၉,၄၃၀,၀၀၀ | ၆,၄၅၂,၀၀၀ |

၁၉၂၆ ခုနှစ်မှာ မြန်မာပြည်မှာ ထွန်ယက်စိုက်ပျိုးတဲ့ဧက ၁၈ သန်းအနက်၊ ၃ သန်းခွဲကို တောင်သူလယ်သမား မဟုတ်သူတို့ ပိုင်တယ်။ ၁၉၃၀ ပြည့်နှစ်မှာ ၁၈ သန်း ၇ သိန်းအနက်၊ ၄ သန်းကျော်ကို တောင်သူလယ်သမားမဟုတ်သူတွေ ပိုင်တယ်။ ၁၉၃၅ ခုနှစ်မှာ ၁၈ သန်း ၉ သိန်းအနက် ၆ သန်း ၁ သိန်းကို တောင်သူလယ်သမား မဟုတ်တဲ့လူတွေ ပိုင်တယ်။ ၁၉၄၀ ပြည့်နှစ်မှာ ၁၉ သန်းခွဲလောက်ရှိတဲ့အနက်၊ ၆ သန်းခွဲကို တောင်သူလယ်သမားမဟုတ်တဲ့ လူတွေပိုင်တယ်။ ၁၉၄၇ ခုနှစ်မှာ ၁၉ သန်းခွဲလောက်အနက်၊ ၆ သန်းခွဲကို တောင်သူလယ်သမား မဟုတ်တဲ့လူတွေ ပိုင်တယ်။ အောက်မြန်မာပြည်နဲ့ အထက်မြန်မာပြည်လည်း မတူဘူး။ ၁၉၄၇ ခုနှစ်မှာဆိုရင် အထက်မြန်မာပြည်မှာ

mgyoe.com

mgyoe.com


ထွန်ယက်လုပ်ကိုင်တဲ့ကေပေါင်း ၈ သန်း ၂ သိန်းအနက်၊ ကေ ၁ သန်းကျော်ကျော် လောက်ပဲ တောင်သူလယ်သမားမဟုတ်တဲ့လူတွေပိုင်တယ်။ အောက်မြန်မာပြည်မှာဆိုရင် ကေ ၁၁ သန်းကျော်ကျော်လောက်ရှိတဲ့အနက်၊ ၅ သန်း ၃ သိန်းကျော်ကို တောင်သူ လယ်သမားမဟုတ်တဲ့ လူတွေပိုင်တယ်။ အောက်မြန်မာပြည်မှာဆိုရင် တစ်ဝက်လောက် တောင်သူလယ်သမား မဟုတ်တဲ့လူတွေရဲ့လက်ထဲမှာ ရှိတယ်။ အောက်မြန်မာပြည်မှာ ချစ်တီးများဟာ ကေ ၃ သန်းနီးပါးပိုင်တယ်။

## မြေရှင်ကြီးနိုပ်စက်မှု

၈။ ။ လယ်ယာမြေတွေဟာ တောင်သူလယ်သမားလက်က တောင်သူလယ် သမားမဟုတ်တဲ့ မြေပိုင်ရှင်ကြီးတွေရဲ့လက်ထဲ ဘယ်လိုရောက်သွားရသလဲ။ အကြောင်း သုံးကြောင်းရှိတယ်။ ပထမအကြောင်းကတော့ အစိုးရနဲ့ပင်းပြီး၊ ဂရန်ကြီးတွေယူပြီး ပိုင် တယ်။ ဒုတိယကတော့ အတိုးကြီးနဲ့ ငွေချေးပြီးအကြွေးနဲ့ သိမ်းတယ်။ တတိယကတော့ အဓမ္မစနစ်နဲ့ ပိုင်ခြင်းဖြစ်တယ်။ ခုစာရင်းကောက်ရသလောက်ဆိုရင် ပထမကြောင်းဖြစ် တဲ့ ဂရန်ကြီးတွေပေါင်းဟာ ၁၁၄ ခုရှိတယ်။ အဲဒီ ၁၁၄ ခုထဲမှာ ကေ ၃ သောင်းရှိတဲ့ အင်္ဂလိပ်ပိုင်ကျောက်တံခါးဂရန်တစ်ခု၊ ကေ တစ်သောင်းကျော်ရှိတဲ့ အိန္ဒိယသားများပိုင် ဂရန်သုံးခုနဲ့၊ ကေတစ်ထောင်ထက်ပိုတဲ့ ဂရန်ပေါင်း ၃၈ ခုရှိတယ်။ အဲဒီဂရန်ကြီးတွေဟာ အင်္ဂလိပ်ဝင်လာကာစကထုတ်ပေးထားကြတာတွေ ဖြစ်တယ်။

၉။ ။ ဒုတိယအချက်ဖြစ်တဲ့ အတိုးကြီးနဲ့ ငွေချေးပြီး သိမ်းတဲ့စနစ်က ဘယ်လိုလဲ ဆိုတာ ရှင်းပြပါမယ်။ ၁၉၃၈ ခုနှစ်က ဦးပု၊ ဆာထွန်းအောင်ကျော်၊ ဦးတင်ထွဋ်၊ မစ္စတာ ဘက်(ဂ်)စတာ (Mr.Baxter)၊ မစ္စတာဆွင်သင်းဘင့် (Mr.Swinthinbank) အစရှိတဲ့ ပုဂ္ဂိုလ်များပါတဲ့ မြေနဲ့စိုက်ပျိုးကော်မီတီအစီရင်ခံစာမှာ ဘယ်လိုဆိုထားသလဲဆိုတော့–

> "ငွေချေးစားသူတို့သည် အသုံးကျ၍လိုနေသည့်သူများဖြစ်သော်လည်း၊ များသောအားဖြင့် လူထုအကျိုးဆန့်ကျင်သည့်နည်းများဖြင့် လုပ်ကိုင်ဆောင်ရွက် ကြသည်။ သူတို့သည် တောင်သူလယ်သမားများအား စီးပွားရေးကျွန်ဘဝသို့ ရောက်စေသည်။ တောင်သူလယ်သမားတို့၏ညှဲ့ဖျင်းမှုကို အခွင့်အရေးယူကာ၊ ဖျားနာ၍သော်လည်းကောင်း၊ ကောက်ပဲသီးနှံပျက်ပြား၍သော်လည်းကောင်း၊ ငွေရသည့်အခါမှစ၍ သူတို့၏စက်ကွင်းမှ မလွတ်အောင်ပြုလုပ်ကြသည်။ တောင်သူလယ်သမားတို့အား အသုံးအဖြုန်းလျှော့စေရန်၊ လိမ္မာစေရန်၊ လိမ္မာ စေရန်၊ ကြွေးကင်းစေရန် သွန်သင်ခြင်း စသည်တို့မှာ သူတို့တာဝန်မဟုတ်။ သူတို့အကျိုးမှာ တောင်သူလယ်သမားများ ကြွေးတင်မှသာ ဖြစ်ထွန်းသည်"

အဲဒီလိုဆိုထားတာကို ဝါးလုံးနဲ့ သိမ်းရိုက်တယ်။ တကယ်အခြေအနေမှာ ဒီလို မထားပါဘူးလို့ ပြောကြလိမ့်မယ်။ သေချာအောင် လက်တွေ့ပြမယ်။ ၁၉၃၅ ခုနှစ်နဲ့

mgyoe.com

mgyee.com

၁၉၃၉ ခုနှစ်အတွင်းမှာ ပုသိမ်နယ်မှာ ကြေးတိုင်စိုက်တယ်။ အဲဒီကြေးတိုင်အစီရင်ခံစာက ဘယ်လို ပါသလဲ။ အစီရင်ခံစာအပိုဒ် ၅၄ မှာ–

"တောင်သူလယ်သမားဟာ လယ်ယာလုပ်ချိန်စတဲ့အခါမှာ အရင်းအနှီးမရှိ။ ဝမ်းစာလည်း ပြည်စုံအောင်မရှိ။ နွားတစ်ရှဉ်း၊ လှည်း၊ အခြားလယ်ယာကိရိယာများနဲ့သာ စရတယ်။ လယ်လုပ်စရိတ်တွေအတွက် ချေးရတယ်။ သီးနှံအထွက်ကောင်းတဲ့အခါမှာ ပြန်ပေးနိုင်ပါရဲ့၊ မကောင်းတဲ့အခါမှာ ကြွေးပြန်မဆပ်နိုင်။ အတိုးနှုန်းကလည်း ကြီး၊ နောက်ပြီး (compound interest) လည်းဖြစ်တော့ အကြွေးဟာမူလချေးခဲ့တဲ့ငွေထက် အဆပေါင်း မြောက်မြားစွာဖြစ်တယ်။ ဒါကြောင့် လယ်ယာပိုင်တဲ့ တောင်သူလယ်သမားများဟာ လယ်ယာဆုံးရှုံးကြရတယ်"

လို့ ဆိုထားတယ်။ တောင်သူလယ်သမားတွေဟာ နှစ်စဉ်ဒီလိုပဲ စာရင်းဇလာနတ္တိနဲ့ ဘာပြုလို့စရသလဲ။ စပါးထွက်တဲ့အခါမှာ သူတို့ပေးရတဲ့အကြွေးတို့၊ အတိုးတို့ကများတော့ သူတို့လက်ထဲ စပါးဝမ်းစာတောင် လုံလောက်အောင်မကျန်လို့ ဖြစ်ရတယ်။

၁၀။ ။ အတိုးယူပုံ ဘယ်လောက်ထားသလဲဆိုတာ သိအောင်ရှင်းပြပါဦးမယ်။ အဲဒီပုသိမ်ကြေးတိုင်အစီရင်ခံစာအပိုဒ် ၅၅ မှာပဲ ပါတယ်။

"(က) ပထမအမျိုးကတော့ ငွေရိုးရိုးချေးတာဖြစ်တယ်။ လယ်ယာစပြီး လုပ်ကိုင်ချိန်မှာ ချေးတော့၊ လယ်ယာရိတ်သိမ်းပြီး ချိန်မှာ ပြန်ဆပ်ရတယ်။ ပျမ်းမျှဆိုတော့ ရှစ်လလောက် ကြာတာပေါ့။ အတိုးက ၁၀၀ ကို ၃၀ မှ ၄၀ အထိပေးရတယ်။ တစ်နှစ်နှုန်းဆိုတော့ ၄၅ မှ ၆၀ အထိဖြစ်တယ်။ ဒီလိုအတိုးပေးရတာအပြင် နှစ်ပြန်တိုးပေးရတော့ ၂ နှစ်အတွင်း မူလချေးတဲ့ငွေဟာ နှစ်ဆနီးပါးဖြစ်သွားနိုင်တယ်။

(ခ) ဒုတိယတစ်မျိုးကတော့ စပါးပေးခေါ်တဲ့ ချေးနည်းပဲ။ မိုးဦးလောက်မှာ ငွေချေးတယ်။ အဲဒီချေးတဲ့ငွေအတွက် လယ်ယာရိတ်သိမ်းပြီးချိန်ကြတော့ စပါးနဲ့ဖြည့်ပေးရတယ်။ နှုန်းကဘယ်လိုလဲဆိုတော့ မိုးဦးမှာချေးရင်ငွေ ၃၅ မျှရတယ်။ ပြန်ဆပ်တော့ စပါးတစ်ရာပြန်ဆပ်ရတယ်။ ၁၉၃၅–၃၉ ခုနှစ်မှာ စပါးဈေးဟာပျမ်းမျှ ၁၀၀ ကျော်ကျော်ရှိတော့ အတိုးဟာအရင်းရဲ့ သုံးဆလောက်လို့ ဆိုရမယ်။ မိုးကုန်ခါနီးမှာ ချေးရင် ငွေ ၆၀ လောက်ရတယ်။ စပါးတစ်ရာပြန်ပေးရတယ်။ အချိန်တိုတဲ့အတွက် အတိုးလျော့သွားပေမဲ့ တစ်နှစ်အတွက် အတိုးနှုန်းတွက်ကြည့်ရင်၊ အရင်းရဲ့ဆုံးဆလောက်ဖြစ်တာပဲ။ အဲဒီလိုချေးနည်းကို ပိုပြီးအသုံးပြုလာကြတယ်။ ရိုးရိုးငွေချေး၊ ငွေချေးနည်းဟာ တဖြည်းဖြည်းပျောက်ကွယ်လာတယ်။ ပုသိမ်နယ်မှာဆိုရင် တောင်သူလယ်သမားများ

mgyoe.com


ဟာ ပျမ်းမျှခြင်းအားဖြင့်ဆိုရင်၊ ထွက်တဲ့စပါးအားလုံးရဲ့ လေးပုံတစ်ပုံလောက်ကို စပါးပေးကြွေးအဖြစ်ဆပ်ကြရတယ်။

(ဂ) တတိယနည်းကတော့ ဈေးကြွေးခေါ်တဲ့နည်းဖြစ်တယ်။ ဘယ်လိုလဲဆိုတော့ တောင်သူလယ်သမားများဟာ ဈေးဝယ်တော့ အကြွေးဝယ်ကြရတယ်။ ပြန်ဆပ်တော့ စပါးနဲ့ပြန်ဆပ်ရတယ်။ များသောအားဖြင့် တရုတ်များလုပ်လေ့လုပ်ထရှိတယ်။ ရောင်းတဲ့အခါကျတော့ ပစ္စည်းကို ဈေးအဆမတန် တင်ရောင်းတယ်။ ပြန်ဆပ်ရတဲ့အခါကျတော့ ဈေးဆိုင်ရှင်ရဲ့တင်းနဲ့ စပါးပြန်ဆပ်ရတယ်။ ဈေးဆိုင်ရှင်ရဲ့တင်းဟာ သမာဓိတင်းထက်ကြီးတယ်။ ပုသိမ်ကြေးတိုင် အစီရင်ခံစာမှာပါတယ်။ ဒီလိုနည်းနဲ့ ချေးတဲ့လူတွေဟာ သူဌေးဖြစ်ကြတယ်။ စံနမူနာကတော့ ငပုတောမြို့နယ်၊ ထိန်ကုန်းရွာက ဦးစုရဆိုတဲ့ တရုတ်ကြီးပဲတဲ့၊ ဦးစုရဟာ လယ်မြေတွေလည်း များစွာပိုင်တယ်၊ ဆန်စက်လည်း ပိုင်တယ်၊ ရွာတွေများများမှာလည်း ဈေးကြွေးပေးတဲ့ ဆိုင်တွေဖွင့်ထားတယ်တဲ့"

အဲဒီလို နည်းမျိုးတွေနဲ့ ငွေချေးအတိုးယူတော့ တောင်သူလယ်သမားများဟာ သူတို့ပိုင်တဲ့ လယ်ယာမြေဆုံးရှုံးတွင်မကဘူး။ တစ်သက်လုံးကြွေးရှင်ရဲ့ ကျွန်ဘဝရောက်ကြရတယ်။

၁၁။ ။ တတိယအကြောင်းဖြစ်တဲ့ အဝမ္ဗစနစ်နဲ့ပိုင်ခြင်းဆိုတာကိုတော့ တိတိကျကျအစီရင်ခံစာများ မရှိကြဘူး။ အပရိကပဲဆိုထားကြတယ်။ ဥပမာ ၁၉၂၉–၃၀ ခုနှစ်က ဘဏ်စုံစမ်းရေးကော်မီတီရဲ့ အစီရင်ခံစာရဲ့တစ်နေရာမှာ ဘယ်လိုဆိုထားလဲဆိုတော့၊ မြန်မာများဟာ သူတို့မကြုံဘူးတဲ့ ခေတ်သစ်နဲ့တွေ့တော့ ငွေချေးစံနစ်ကို နားမလည်ကြဘူး။ ချစ်တီးများဟာ ရွာတွေလည်ပြီးတော့ တောင်သူလယ်သမားများကို ငွေချေးအောင် သွေးဆောင်ကြတယ်။ ဒါနဲ့မြန်မာများဟာ ငွေအရမ်းချေးကြတယ်။ အဓိပ္ပာယ် တိတိကျကျကို ရှင်းပြမယ်။ ချစ်တီးများက ငွေချေးတဲ့အခါမှာ အော်ဒီမံ (on demand) ခေါ်တဲ့စာချုပ်နဲ့ ချေးကြတယ်။ မြန်မာများကလည်း အဲဒီစာချုပ်မျိုးနဲ့ ချေးတာပဲ၊ ချေးတဲ့ခါမယ် မတရားလုပ်နိုင်တာ သုံးမျိုးရှိတယ်။ ချေးတဲ့ငွေကို စာချုပ်မှာ ဖော်မပြဘဲ ချေးတဲ့လူရဲ့ သတ်မှတ်သာ ထိုးခိုင်းလိုက်တယ်။ နောက်တစ်မျိုးက ချေးတဲ့ငွေကို စာချုပ်ထဲမှာ မထည့်ဘဲ စပါးပေးနဲ့ပေးရမဲ့ စပါးရဲ့တန်ဖိုးကို စာချုပ်ထဲမှာထဲ့တယ်။ နောက်တစ်မျိုးကတော့ အပေါင်ခံတဲ့မြေတန်ဖိုးကို ဂရုမထားဘဲ ငွေလေးနည်းနည်းချေးတာနဲ့ တောင်သူလယ်သမားပိုင်တဲ့ မြေအားလုံးကို အပေါင်ခံထားခိုင်းကြတယ်။ အဲဒီလိုမတရား စာချုပ်ပြုလုပ်နိုင်ကြတာကတော့ တောင်သူလယ်သမားများ မသိနားမလည်တာက တစ်ကြောင်း၊ စပါးဈေးကောင်းနေတဲ့အချိန်မှာ ချေးတဲ့ငွေကို ပြန်ဆပ်ပါတယ်လို့ တောင်သူလယ်သမားများက ယုံကြည်ကြတော့၊ တခြားဟာတွေကို ဂရုမစိုက်တာကတစ်ကြောင်း၊ နောက်တစ်ကြောင်း

mgyoe.com

mgyoe.com

ကတော့ အိမ်တိုင်ရာရောက်လာပြီး ငွေချေးပါရစေလို့ တောင်းပန်ပြီး ချေးတဲ့လူတွေကို မြန်မာတောင်သူလယ်သမားများက အမျိုးလိုက်အားနာတတ်ကြတဲ့အတွက်၊ ချစ်တီးတွေ ပြောတာကို မလုပ်ချင်ဘူးလို့ ပြန်မပြောကြဘူး။ လွယ်လွယ်နဲ့ လက်မှတ်ထိုးလိုက်ကြတာပဲ။ အဲဒီလိုဖြစ်တော့ စာချုပ်တွေမှာ မတရားဖြစ်ကြတယ်။ အစက မတရားချုပ်ရုံတွင်မကဘူး၊ တစ်နှစ်လောက်အတိုးမဆပ်နိုင်ဘူးဆိုရင်ပဲ ရုံးတင်တရားစွဲမယ်ဆိုပြီး ခြောက်လှန့်ပြီး၊ အရင်းရောအတိုးရောပေါင်းပြီး တစ်ခါပြန်စာချုပ်ကြရတယ်။ ဒါ့ထက်ဆိုးတာလည်းရှိသေးတယ်။ လယ်ပေါင်ပြီးငွေချေးတာကို အပေါင်လို့ မဖော်ပြဘဲ၊ အရောင်းအဝယ်လို့ စာချုပ်ထဲမှာ ဖော်ပြကြတယ်။ အချင်းချင်းတွေပဲ ဘယ်လိုပဲရေးထားထား၊ ပြန်ရွေးချင်တဲ့အချိန်မှာ လာရွေးပါလို့ ငွေရှင်ကတစ်ပတ်ရိုက်တာကို လယ်သမားတွေက ယုံကြည်ပြီးလက်မှတ်ထိုးကြတယ်၊ ဒါပေမဲ့ ပြန်ရွေးတော့ မရဘူး၊ ရုံးတင်တရားစွဲပြန်လည်း၊ ရုံးကစာချုပ်အတိုင်းဆုံးဖြတ်ပေးလိုက်တော့၊ လယ်သမားခမျာမှာ ငွေနည်းနည်းကလေးနဲ့ လယ်ဆုံးရတာပေါ့။ အဲသည်လို အဓမ္မစနစ်နဲ့လုပ်ကြတော့ လယ်ယာတွေဟာ မြေပိုင်ရှင်ကြီးတွေ လက်ထဲရောက်သင့်တာထက် ပိုပြီးရောက်ကြရတယ်။ ချေးထားပါတယ်ဆိုတဲ့ ငွေတွေဟာ တကယ်ချေးတာထက် အဆပေါင်းများစွာ ပိုနေတယ်။

## တောင်သူလယ်သမားတို့၏ဒုက္ခ

၁၂။ ။ လက်ရှိလယ်ယာမြေပိုင်ဆိုင်တဲ့ အခြေအနေက အဲဒီလိုဖြစ်နေတော့ တောင်သူလယ်သမားဟာ မြေမဲ့ဖြစ်ပြီး သီးစား၊ ဒါမှမဟုတ်ရင်ကူလီဘဝ ရောက်ကုန်ကြတယ်။ အဲဒီလိုရောက်ပြန်တော့လည်း အခြေကောင်းကောင်းနဲ့ မရောက်ကြရဘူး။ ဒီနှစ်ဒီမြေကွက်ကို လုပ်ရပေမဲ့ နောက်နှစ်ဒီမြေကွက်ကို ဆက်လုပ်ကိုင်ဖို့ မသေချာဘူး။ ဘယ်လောက်ဆိုးသလဲဆိုရင် ကြေးတိုင်အစီရင်ခံစာတွေမှာ ပါတယ်။ ၁၉၁၄ ခုနဲ့ ၁၆ ကြားမှာ ကျောက်ဖြူကို ကြေးတိုင်စိုက်ပြီး စုံစမ်းတော့၊ သီးစားများဟာ ၁၀၀ မှာ ၅၀ ဆိုရင် မြေကွက်တစ်ကွက်ကို တစ်နှစ်သာလုပ်ရတယ်။ မြေကွက်တစ်ကွက်ကို နှစ်နှစ်ဆက်လုပ်နိုင်တဲ့ သီးစားက ၁၀၀ မှာ ၁၅ ယောက်သာ ရှိတယ်။ ၁၉၁၉ ခုနှင့် ၁၉၂၀ ခုနှစ်မှာ ထားဝယ်ကို ကြေးတိုင်စိုက်ပြီး စာရင်းကောက်တော့ သီးစား ၁၀၀ မှာ ၄၃ ယောက်ဟာ မြေကွက်တစ်ကွက်ကို တစ်နှစ်သာ လုပ်ရတယ်။ နှစ်နှစ်ဆက်ပြီး လုပ်နိုင်တဲ့လူက ရာခိုင်နှုန်း ၂၀ သာရှိပြီး လေးနှစ် ဆက်လုပ်နိုင်တဲ့ လူက ရာခိုင်နှုန်း ၆ သာရှိတယ်။ တောင်ငူနယ်မှာ ၁၉၁၀ ခုနှစ်နဲ့ ၁၃ ခုနှစ်အကြား ကြေးတိုင်စိုက်စုံစမ်းတော့ သီးစားများမှာ ရာခိုင်နှုန်း ၅၅ ဟာ မြေကွက်တစ်ကွက်ကို တစ်နှစ်သာလုပ်နိုင်တယ်။ နှစ်နှစ်ဆက်လုပ်နိုင်တဲ့လူက ရာခိုင်နှုန်း ၁၈ လောက်သာရှိတယ်။ ၁၉၃၂ ခုနှစ်နဲ့ ၃၄ ခုနှစ်ကြားမှာ ပဲခူးကိုကြေးတိုင်စိုက်တော့ သီးစားများမှာ ရာခိုင်နှုန်း ၅၀ ဟာမြေကွက်တစ်ကွက်ကို တစ်နှစ်သာလုပ်ရတယ်။နှစ်နှစ်ဆက်လုပ်ရတဲ့ လူက ရာခိုင်နှုန်း ၁၇ နဲ့၊ သုံးနှစ်ဆက်လုပ်ရတဲ့လူက ရာခိုင်နှုန်း ၈ သာ

mgyoe.com

mgyoe.com


ဖြစ်တယ်။ ၁၉၃၃ ခုနဲ့ ၃၅ ကြားမှာ အင်းစိန်မှာ ကြေးတိုင်စိုက်တော့၊ သီးစားရာခိုင်နှုန်း ၄၇ ဟာ မြေတစ်ကွက်ကို တစ်နှစ်သာ လုပ်ရတယ်။ ဒါလောက်မြန်မာ ပြည်တွင် မဟုတ်ဘူး အထက်မြန်မာပြည် ရမည်သင်းမှာ ၁၉၂၅ ခုနှစ်နဲ့ ၂၇ ခုကြားမှာ ကြေးတိုင်စိုက်တော့ သီးစားရာခိုင်နှုန်း ၄၆ ဟာ မြေတစ်ကွက်ကို တစ်နှစ်သာ လုပ်ရတယ်။ အဲဒီလို သီးစားဖြစ်ပြန်တော့လည်း မြေတစ်ကွက်ကို စိတ်ချလက်ချမလုပ်ရ။ ဒီနှစ် ဒီမြေကွက် လုပ်၊ နောက်နှစ်ဟိုမြေကွက်လုပ်၊ ဟိုပြေး ဒီပြေးပြေးရတာဟာ သီးစားဂနာမငြိမ်လို့ မဟုတ်ဘူး။ လယ်ယာရှင်များ သီးစားချထားတဲ့အခါမှာ သီးစားခအများဆုံးပေးတဲ့ လူကိုသာ ချထားလို့ဖြစ်တယ်။ ဒီနှစ် ဒီလူလုပ်နေပေမဲ့ ဒီလူကိုထောက်ထားတာ မဟုတ်ဘူး။ တခြား လူတစ်ယောက်ကလာပြီး သီးစားခပိုပေးရင် အရင်လုပ်တဲ့လူကိုပယ်ပြီး လူသစ်ကို မြေချတာပဲ။

| နှစ် | ခရိုင် | အောက်ဖော်ပြပါကာလအတွက် လုပ်ကိုင်ရသည့်သီးစားများ၏ ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|---|
| | | ၁ နှစ် | ၂ နှစ် | ၃ နှစ် | ၄ နှစ် | ၅ နှစ် |
| ၁၉၁၄–၁၆ | ကျောက်ဖြူ... | ၅၀ | ၁၅ | ... | ... | ၁၇ |
| ၁၉၁၉–၂၀ | ထားဝယ်... | ၄၃ | ၂၀ | ၁၂ | ၆ | ၉ |
| ၁၉၁၀–၁၃ | တောင်ငူ... | ၅၅ | ၁၀ | ၉ | ၅ | ၁၃ |
| ၁၉၃၂–၃၄ | ပဲခူး... | ၅၀ | ၁၇ | ၀ | ၂၅ | ... |
| ၁၉၃၃–၃၅ | အင်းစိန်... | ၄၇ | ၂၀ | ၁၀ | ၂၂ | ... |
| ၁၉၂၅–၂၇ | ရမည်းသင်း | ၄၆ | ၁၈ | ၁၂ | ၂၄ | ... |

၁၃။ ။ အဲဒီလိုမြေလက်မဲ့ တောင်သူလယ်သမားတွေဟာ မြေလက်မဲ့ဖြစ်လေ၊ သီးစားခတိုးလေ ဖြစ်နေတယ်။ စစ်မဖြစ်မီအချိန်ကဆိုရင် စပါးတင်း ၄၀ ထွက်တဲ့ မြေ တစ်ဧကဆိုရင်များသောအားဖြင့် သီးစားခအဖြစ် ၁၆ တင်းပေးရတယ်။ သီးစားခအဖြစ်နဲ့ လယ်ထွက်ပစ္စည်းရဲ့ သုံးပုံတစ်ပုံပေးရတဲ့ သီးစားဟာ အင်မတန်ကံကောင်းတယ်၊ အင်မတန် ရှားတယ်။ ဒီလိုပေးရတာများသလား၊ မများဘူးလားဆိုတာ ရှင်းပြမယ်။ ပထမ အချက်ကတော့ စပါးအဖြစ်နဲ့ ပုံသေနှုန်းပေးရတဲ့အတွက် စပါးဈေးကောင်းတဲ့အခါ သီးစားခံနိုင်ပေမဲ့၊ စပါးဈေးမကောင်းတဲ့အခါကျတော့ သီးစားဝင်ငွေဟာ သိပ်လျော့တယ်။ စပါးဈေးကျသလောက် အခြားကုန်ပစ္စည်းဈေးတွေက ကျတာမဟုတ်တော့၊ သီးစားငတ်ရင် ငတ်၊ မငတ်ရင်ကြွေးတင်ရတာပဲ။ ဒုတိယအချက်ကပိုပြီး အရေးကြီးတယ်။ မြေခွန်တော် ကောက်တဲ့အခါမှာ မြေခွန်တော်မည်ရွေ့မည်မျှ စည်းကြပ်ရမယ်ဆိုတဲ့ မူကတော့၊ မြေကွ

mgyoe.com

mgyee.com


ထွက်တဲ့ ပစ္စည်းတန်ဖိုးထဲက တောင်သူလယ်သမားရယ်၊ သူ့ရဲ့အိမ်သားများရယ်၊ လုပ်တဲ့အခတန်ဖိုးမပါဘဲ၊ အခြားကုန်ကျတဲ့စရိတ်တွေနုတ်လို့ကြွင်းတဲ့အထဲက လေးပုံတစ်ပုံကို မြေခွန်လို့ကန့်သတ်တယ်။ ရှင်းပြပါမယ်၊ လယ်ကထွက်တဲ့ သီးနှံထဲက သီးစားလယ်လုပ်စရိတ်ကို နုတ်၊ အဲဒီလယ်လုပ်စရိတ်မှာ ဝမ်းစာမပါရဘူး။ အခြားစရိတ်သာဖြစ်တယ်။ အဲဒီလိုနုတ်ပြီးလို့ ကျန်တဲ့ သီးနှံရဲ့ လေးပုံတစ်ပုံကို မြေခွန်အဖြစ် ကောက်ခံတယ်။ ဒီတော့ကျန်တဲ့

| နှစ် | ခရိုင် | မြေခွန်၏အဆ သီးစားခ |
|---|---|---|
| ၁၉၂၈–၃၀ | သထုံ... | ၆·၅ |
| ၁၉၃၅–၃၉ | ပုသိမ်... | ၃·၅ |
| ၁၉၃၀–၃၃ | မော်လမြိုင် | ၃·၆ |

လေးပုံသုံးပုံဟာ သီးစားနဲ့ သူ့အိမ်ထောင်သားစုတို့အတွက် ဝမ်းစာရယ်၊ သီးစားခရယ် ပေးဖို့ ဖြစ်တယ်။ စစ်မဖြစ် ခင်တုန်းကဆိုရင် သီးစားခဟာ မြေခွန်ရဲ့ အနည်းဆုံး သုံးဆရှိတယ်။ များသောအား ဖြင့် သုံးဆနဲ့ ငါးဆကြားမှာ ရှိတယ်။ ၁၉၂၈ ခုနှစ်နဲ့ ၃၀ ခုနှစ်အကြား သထုံမှာ ကြေးတိုင်စိုက်တော့ သီးစားခဟာ မြေခွန်ရဲ့ခြောက်ဆခွဲရှိတယ်။ ၁၉၃၅ ခုနှစ်နဲ့ ၃၉ ခုကြားမှာ ပုသိမ်ခရိုင်မှာ ကြေးတိုင်စိုက်တော့၊ ပျမ်းမျှခြင်းအားဖြင့်ဆိုရင် သီးစားခဟာ မြေခွန်ရဲ့ သုံးဆခွဲဖြစ်တယ်။ ၁၉၃၀ ခုနဲ့ ၃၃ ခုကြားမှာ မော်လမြိုင်ခရိုင်မှာ ကြေးတိုင်စိုက်တော့၊ သီးစားခဟာ မြေခွန်ရဲ့သုံးဒသမခြောက်ဆဖြစ်တယ်။ မြေခွန်လို မြေရှင်ကပေးရတယ်ဆိုရင် သီးခါးခကို မြေခွန်ရဲ့သုံးဆဖြစ်ရင်၊ သီးစားနဲ့ သူ့အိမ်ထောင်သားများစားဖို့သာ လေးပုံတစ်ပုံဘဲကျန်တယ်။ ဒီတော့ကို လယ်က အသားတင်ကျန်တဲ့ တန်ဖိုးတစ်ဝက်ကို လယ်ရှင်ကယူ၊ လေးပုံတစ်ပုံကို မြေခွန်ယူ၊ တစ်ပုံသာ တောင်သူလယ်သမားစားရသလို ဖြစ်တယ်။ ဒါဟာ တရားတယ် မတရားတယ်ဆိုတာ စဉ်းစားသာကြည့်ကြပါ။ ဒါတောင်မှ အင်မတန်ကံကောင်းတဲ့ သီးစားမို့ သီးစားခက မြေခွန်ရဲ့သုံးဆထက်ကျော်ပြီး လေးဆယူတဲ့အခါကျတော့၊ သီးစားများ ငတ်ကျန်ရစ်ဖို့ပဲ ရှိတယ်။ ပိုပြီးသေချာအောင် တကယ်ဖြစ်ပျက်တဲ့အမှုတစ်ခုကို ပြောပြပါမယ်။ ၁၉၃၃ ခုနှစ်နဲ့ ၃၅ ခုနှစ်ကြားမှာ အင်းစိန်ကို ကြေးတိုင်စိုက်တော့ သီးစားသမားများရဲ့ အခြေကိုစုံစမ်းတယ်။ အဲဒီထဲက တွေ့တဲ့သီးစားတစ်ဦးရဲ့ အမှုကိုယူပြီးပြမယ်။ လူတစ်ယောက်ဟာ ၃၃ ဧကကို သီးစားခံပြီးလုပ်တယ်။ သူ့မှာ မယားတစ်ယောက်၊ သားကြီးတစ်ယောက်၊ သမီးကြီးတစ်ယောက်၊ ကလေးငယ် နှစ်ယောက်ရှိတယ်။ တစ်ဧကကို စပါးတင်း ၄၁ တင်းထွက်တော့ တင်းပေါင်း ၁,၃၅၁ တင်းရတယ်။ အဲဒီအချိန်က စပါးဈေးက တင်း ၁၀၀ ကို ငွေ ၁၁၀ိ ဖြစ်တော့ ငွေပေါင်း ၁,၄၈၈ိ ရတယ်။ သူနဲ့သူ့အိမ်သားလုပ်တဲ့စရိတ်မပါဘဲ၊ တခြားစရိတ်တွေက ပေါင်း ၆၂၈ိ ကျတယ်။ ငွေတိုးက ၂၄ိ လောက်ပေးရတယ်။ စပါးပေးယူပြီး လုပ်သားကျွေးရတဲ့အတွက်က ၅၅ိ ကျတယ်။ လယ်လုပ်စရိတ်ပေါင်းဆိုတော့

mgyee.com

mgyoe.com


၇၀ကို နုတ်တော့ကို ၇၈ဝ ကျန်တယ်။ သီးစားခအဖြစ် ၅၁၅ ပေးရတယ်။ ဒီတော့ နောက်ဆုံး ၂၄၅ ပဲကျန်တယ်။ ဒီအိမ်ထောင်သားစုဟာ ဘယ်လိုပဲ ခြစ်ခြစ်ခြုတ်ခြုတ်စားစား၊ လူကြီးတစ်ယောက်ဆိုရင် တစ်လ ၅ အနည်းဆုံး ကုန်မယ်။ ကလေးတစ်ယောက်ဆိုရင် နှစ်ကျပ်ခွဲကုန်မယ်။ ဒီတော့ ဒီအိမ်ထောင်သားစုရဲ့ စားစရိတ်ဟာ တစ်လမှာ ၂၅ အနည်းဆုံးကျတယ်၊ တစ်နှစ်ဆိုလျှင် ၃၀ဝ ကျမယ်။ ကုန်တာက ၂၄၅ တည်းကျန်တယ်။ ကျန်တာက ၃၀ဝ တောင်ကုန်တယ်။ ငွေ ၅ဝ ရှုံး နေပြီမဟုတ်လား။ ဒါတောင်စပါးဈေး ၁၁ဝ ရလို့ ဒီထက်လျှော့ရရင် ဒီထက်ရှုံးသေးတယ်။ ဒီတော့ကို လယ်ယာရှင်များယူကြတဲ့ သီးစားခဟာ တောင်သူလယ်သမားများရဲ့ ဝမ်းစာကိုယူကြတာပဲလို့ ဆိုနိုင်မယ်။ ဒီလို ယူတာကိုလည်း သိရက်သားနဲ့ အစိုးရက မလုပ်နိုင်လို့ ခံရတာပဲ။ ၁၈၉၇ ခုနှစ်က ဩဂုတ် လ ၁၉ ရက်နေ့မှာ အိန္ဒိယအစိုးရကမြန်မာပြည် အစိုးရကို မြေခွန်ကန့်သတ်ရေးနှင့် ပတ်သက်ပြီး ရေးတဲ့စာထဲမှာ ဘယ်လိုပါသလဲဆိုတော့၊ မြေခွန်ကို မြေထွက်ပစ္စည်းထဲက လုပ်စရိတ်၊ တောင်သူလယ်သမားစားသုံးစရိတ်တို့ကို နုတ်၊ နုတ်ပြီးကျန်တဲ့ အသားတင်ငွေ ရဲ့တစ်ဝက်ကို မြေခွန်အဖြစ် ယူဖို့သင့်တယ်။ သည်လို မယူဘဲလျှော့ယူလျှင်၊ လျှော့ယူ သလောက် တောင်သူလယ်သမားများ အကျိုးခံစားရမယ် မဟုတ်၊ လျှော့ယူတဲ့အတွက် မြေပိုင်ရှင်စနစ်ပေါ်ပေါက်နိုင်တယ်။ မြေပိုင်ရှင်များသာ အကျိုးခံစားခွင့်ရမယ်လို့ ဆိုထား တယ်။ အဲသည်လို သတိပေးပေမဲ့ ဘာမှမလုပ်ခဲ့နိုင်ကြဘူး၊ မြေပိုင်ရှင်စနစ်ပေါ်ပေါက်ရုံ တင်မကဘူး၊ မြေပိုင်ရှင်များက သီးစားများရဲ့ ဝမ်းစာကိုလည်း ယူတယ်၊ အစိုးရလည်း မြေခွန်ကို ကောက်ခံသင့်သလောက် မကောက်ခံခဲ့ရဘူး။

၁၄။ ။ ခုပြောတဲ့အတိုင်း သီးစားခများဟာ အဆမတန်ကြီးတဲ့အတွက် တောင်သူ လယ်သမားအားလုံးလိုလို ကြွေးတင်ကြရတယ်။ ၁၉၂၇ ခုနဲ့ ၃၁ ခုကြား၊ ပခုက္ကူခရိုင် မှာ ကြေးတိုင်စိုက်တုန်းက တောင်သူလယ်သမားတစ်ရာမှာ ခြောက်ဆယ့်လေးယောက်ဟာ ကြွေးနဲ့လူများဖြစ်ကြတယ်။ ၁၉၃၀ ခုနဲ့ ၃၂ ခုကြားမှာ ပျဉ်းမနားမှာ ကြေးတိုင်စိုက်တော့ ရာခိုင်နှုန်း ၇၃ ဟာ၊ ကြွေးတင်တဲ့ တောင်သူလယ်သမားများဖြစ်ကြတယ်။ ၁၉၃၀ ခုနဲ့ ၃၃ ကြားမှာဟံသာဝတီခရိုင်မှာ ကြေးတိုင်စိုက်တော့ ရာခိုင်နှုန်း ၉၂ ဟာ၊ ကြွေးတင်တဲ့ တောင်သူလယ်သမားများ ဖြစ်ကြတယ်။ ခုနေခါမှာဆိုရင် ကြွေးကင်းတဲ့ တောင်သူ လယ်သမားဟာ တစ်ရာမှာ ဆယ်ယောက်တောင်ရှိမယ်မထင်ဘူး။ တောင်သူလယ်သမား များရဲ့ ကြွေးဟာလည်း ၁၉၃၀ ပြည့်နှစ်က ဘဏ်စုံစမ်းရေးကော်မီတီက ခန့်မှန်းတာက ကုဋေ ၅၀ နဲ့ ၆၀ ကြားရှိတယ်လို့ ခန့်မှန်းတယ်။

၁၅။ ။ တောင်သူလယ်သမားများရဲ့ အခြေအနေက ခုပြောခဲ့သလို နေချင်စရာ မကောင်းအောင်ဖြစ်တဲ့အတွက် လယ်ပိုင်ရှင်များရဲ့ အခြေအနေဟာ ကောင်းမယ်လို့ယူဆ စရာရှိတယ်။ ဘယ့်နှယ်ကြောင့်လဲဆိုရင် စစ်မဖြစ်မီတုန်းက မြန်မာပြည်က အနည်းဆုံး တစ်နှစ်ကို ကုဋေ ၂၀ ဖိုး နိုင်ငံခြားကို ဆန်ပို့ရတယ်။ ဒီကုဋေ ၂၀ ဖိုးဆန်တွေကို ပို့ဖို့

mgyoe.com

mgyoe.com


ဝယ်တဲ့အခါမှာ တောင်သူလယ်သမားဆီက ဝယ်တာနည်းတယ်။ လယ်ယာပိုင်ရှင်များထံမှ ဝယ်ရတာများတယ်။ လယ်ယာပိုင်ရှင်များကလည်း တောင်သူလယ်သမားတွေဆီက သီးစားခ၊ အတိုးစသည်ဖြင့် ရရှိတဲ့ ဆန်တွေဖြစ်တယ်။ တောင်သူလယ်သမားများကတော့ သူတို့လက်ထဲက ကျန်တဲ့စပါးဟာ သူတို့ဝမ်းစားပဲဖြစ်တယ်လို့ ဆိုနိုင်တယ်။ ဒီတော့ နိုင်ငံခြားပို့သမျှဆန်ဟာ လယ်ယာပိုင်ရှင်များက ရောင်းတဲ့ဆန်လို့ဆိုနိုင်တယ်။ ရောင်းလို့ရတဲ့ ကုဋေ ၂၀ ထဲက နိုင်ငံခြားရောင်းတဲ့ အရင်းရှင်ကုမ္ပဏီကြီးတွေ ပွဲစားကြီးတွေ၊ ပွဲစားကလေးတွေရဲ့ အမြတ်ဟာရာခိုင်နှုန်း ၅၀ ထက်မပိုနိုင်ဘူး။ ဒီတော့ကို လယ်ယာပိုင်ရှင်များဟာ ဆန်စပါးရောင်းရတဲ့အတွက် ၁၀ ကုဋေထက်မနည်း ဝင်ငွေရှိမယ်လို့ ခန့်မှန်းနိုင်တယ်။

| – | လယ်ရှင်ဦးရေ၏ ရာခိုင်နှုန်း | လယ်ပိုင်ရှင်မြေဧရိယာပေါင်း၏ ရာခိုင်နှုန်း |
|---|---|---|
| ဧက ၅၀ အထက် | ၁၇ | ၇၀ |
| ဧက ၂၀၀ အထက် | ၄ | ၄၀ |

အဲသည် ၁၀ ကုဋေလောက်ကို မြန်မာပြည်မှာရှိတဲ့ လယ်ပိုင်ရှင်ဖြစ်တဲ့ လူပေါင်းတစ်သိန်း ခွဲလောက်ရမယ်လို့ဆိုနိုင်တယ်။ ညီတူညီမျှရမယ်မဟုတ်ဘူး။ လယ်ပို ပိုင်တဲ့လူက ပိုရမယ်လို့ ဆိုနိုင်တယ်။ အဲဒီလူတစ်သိန်းခွဲလောက်ထဲမှာ ဧက ၅၀ ထက် ပိုပိုင်တဲ့လယ်ပိုင်ရှင်များဟာ တစ်ရာမှာ ၁၇ ယောက်လောက်သာ ရှိတယ်။ စုစုပေါင်းဆိုတော့ သုံးသောင်းလောက်ရှိမယ်။ အဲဒီလူသုံးသောင်းလောက်ပိုင်တဲ့ မြေဧကဟာ လယ်ပိုင်ရှင်ကြီး တစ်သိန်းခွဲပိုင်တဲ့ မြေဧကရဲ့ ၇၀ ရာခိုင်နှုန်း ရှိတယ်။ ဝင်ငွေဟာ မြေပိုင်တဲ့ အချိုးအစားနဲ့ရမယ်ဆိုရင် မြေပိုင်ရှင်ကြီး သုံးသောင်းရဲ့ဝင်ငွေဟာ ၇ ကုဋေရှိမယ်။ ဧက ၂၀၀ ထက်ပိုပိုင်တဲ့ လယ်ပိုင်ရှင်ကြီးများဟာ ၄ ရာခိုင်နှုန်းသာ ရှိတော့၊ ဒီတော့ စုစုပေါင်း ခြောက်ထောင်လောက်ရှိမယ်။ အဲဒီလယ်ပိုင်ရှင်ကြီး ခြောက် ထောင်လောက်ပိုင်တဲ့ မြေက ရာခိုင်နှုန်း ၄၀ ရှိတယ်။ သူတို့ဝင်ငွေဟာ ၁၀ ကုဋေရဲ့ ရာခိုင်နှုန်း ၄၀ ရှိမယ်ဆိုရင် ပေါင်း ၄ ကုဋေဝင်ငွေရှိမယ်။ အဲဒီဧက ၂၀၀ ထက်ပိုပိုင်တဲ့ လယ်ပိုင်ရှင်ခြောက်ထောင်လောက်ဟာရတဲ့ ဝင်ငွေ၊ အားလုံးကိုမသုံးဘဲနဲ့ တချို့တော့ စုကြလိမ့်မယ်လို့ မျှော်လင့်ရင် မှားလိမ့်မယ်။ အဲဒီဝင်ငွေများတဲ့ လယ်ပိုင်ရှင်ကြီးများကစုရင်၊ ဝင်ငွေနည်းတဲ့လယ်ပိုင်ရှင်ကလေးကလဲစုမယ်ဆိုရင် ပေါင်းတစ်ကုဋေလောက်တော့ ရနိုင်မယ်လို့ခန့်မှန်းနိုင်တယ်။ အဲဒီလိုတစ်နှစ်လျှင် တစ်ကုဋေစုမိကြရင်၊ မြန်မာပြည်မှာ ခုနေခါစုပြီးသား ကုဋေ ၅၀ လောက်ရှိမယ်။ စုပြီးသား ငွေကုဋေ ၅၀ လောက်ရှိရင် ငွေချည်းဖြစ်နေမှာ မဟုတ်ဘူး၊ စက်ရုံကြီးတွေ ဘာကြီးတွေဖြစ်နေဖို့ပဲ။ ဒါပေမဲ့ ပြန်ကြည့်လို့ရှိလျှင် မြန်မာလူမျိုးပိုင်တဲ့ စက်ရုံကြီးတွေ၊ ဘာကြီးတွေ ဘာမှမရှိဘူး။ ရှိတဲ့စက်ရုံကြီးတွေဟာ ဆန်စပါးရောင်းလို့ ရတဲ့ငွေကို မှီခိုနေတဲ့ လူတွေနဲ့ ဘာမှမဆိုင်ဘူး။ ဒီတော့ကို ဒီလယ်ပိုင်ရှင်ကြီးများဟာ

mgyoe.com

mgyoe.com


သူတို့ ရတဲ့ငွေကို စုတယ်လို့ မဆိုနိုင်ဘူး။ စားသုံးပစ်တယ်လို့ ဆိုရမယ်။ ဒီစားသုံးပစ်တယ် ဆိုတာကို မြန်မာပြည်ဝင်ကုန်စာရင်းများကို ကြည့်ရင်သိနိုင်တယ်။ မြန်မာပြည်ကို အင်္ဂလိပ်စ အုပ်စိုးတဲ့ အချိန်ကစပြီးဝင်ကုန်များဟာ စားသုံးကုန်များသာ များတယ်။ တဖြည်းဖြည်း စက်မှုလက်မှုကုန်များဝင်လာသော်လည်း ဒီကုန်များကို သွင်းတာကနည်းတယ်။ သွင်းတဲ့ လူများကလည်း ထွက်ကုန်အတွက် တိုက်ရိုက်အကျိုးခံစားရတဲ့ လယ်ပိုင်ရှင်များနဲ့ ဘာမှ မဆိုင်ကြဘူး။ ဒီတော့ကို အလွန်အရေးကြီးတဲ့ အချက်ကြီးတစ်ချက်ပေါ်လာတယ်။ မြန်မာပြည်မှာ မြန်မာလူမျိုးများကိုယ်တိုင်က ငွေစုပြီး၊ စက်မှုလက်မှုထွန်းကားအောင် လုပ်နိုင်ပါလျက်ကနဲ့ ဝင်ငွေများများရတဲ့ လယ်ပိုင်ရှင်များက မစုဘဲ၊ စားသုံးပစ်ကြလို့ မြန်မာလူမျိုးပိုင်စက်မှုလက်မှု မထွန်းကားဘူး။ ဒီတော့ကို ဒီစနစ်ကြီးသာ ဆက်တည်နေမယ်ဆိုရင် မြန်မာလူမျိုးပိုင်စက်မှုလက်မှု ထွန်းကားဖို့ဆိုတာတော့ မပြောနဲ့၊ သူတို့စားသုံးပစ်ဖို့ အလဟဿ ကုန်များသွင်းနေရတာနဲ့ မြန်မာပြည်က အင်မတန်အရေးတကြီးလိုနေတဲ့ စက်ကိရိယာများကို ဝယ်နိုင်မှာ မဟုတ်ဘူး။ ဒီတော့ကို ဒီစနစ်ကြီးကို မြန်မြန်ပျက်ဖို့ အရေးကြီးတယ်။ ဒီစနစ်ကြီးတည်မြဲသမျှဟာ မြန်မာပြည်၏တိုးတက်မှုကို ခဲဆွဲထားသလိုဖြစ်မှာပဲ။

## ဥပဒေကြမ်း

၁၆။ ။ အခုပြောခဲ့တဲ့ အချက်များကြောင့် ဒီလယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက် ဥပဒေကို တင်သွင်းရတယ်။ ဒီအက်ဥပဒေအရ၊ တောင်သူလယ်သမားမဟုတ်တဲ့ လူတွေပိုင်တဲ့ လယ်ယာမြေအားလုံးကို သိမ်းမယ်။ တောင်သူလယ်သမားပိုင်တဲ့ မြေဆိုရင် လယ်နဲ့ ကြံမြေကို ဧက ၅၀၊ ယာဆိုရင် ဧကအစိတ်၊ ကိုင်းဆိုရင် ဧကတစ်ဆယ်ကို ချန်ပြီးပိုတဲ့ မြေကိုသိမ်းမယ်။ သိမ်းပြီးရင် မြေတွေကို တောင်သူလယ်သမား တစ်အိမ်ထောင်ကို တစ်တုံး ထွန်စိဝေမယ်။

## ကရင်တွေနာသလား

၁၇။ ။ အဲဒီလိုသိမ်းတဲ့အတွက် တချို့က တွေးကြမယ်။ လူနည်းစုဖြစ်တဲ့ ကရင်တွေကို ပိုမိုထိခိုက်လိမ့်မယ်။ ကရင်များဟာ ကိုယ့်လယ်ကိုကိုယ်ပိုင်များတယ်။ ဒါကြောင့် သိမ်းရင်၊ နစ်နာကြလိမ့်မယ်လို့ တွေးကြတယ်။ အဲဒီလိုတွေးမဲ့ဟာကို ကြိုတင်ပြီး ကျွန်တော်က ရှင်းပြချင်ပါတယ်။ ကျွန်တော်သိသလောက်ဆိုရင် ကရင်လူမျိုးများမှာ အများအားဖြင့် လယ်ယာကို အိမ်ထောင်ဦးစီးတစ်ယောက်နာမည်နဲ့သာထားပြီး ပစ္စည်းမခွဲဘဲ သား၊ သမီး၊ မြေး၊ မြစ်တွေ ပိုင်လုပ်ကြပါတယ်။ အဲဒီလိုကိစ္စမျိုးကိုမျှော်မှန်းပြီး ဥပဒေပုဒ်မ ၄၊ ပုဒ်မငယ် (၃) မှာ တစ်လုံးတစ်စည်းတည်းဖြစ်သော၊ သို့တည်းမဟုတ် ပစ္စည်းမခွဲဝေရသေးသော အိမ်ထောင်သားစုတွေအတွက် ဘယ်လိုအိမ်ထောင်ခွဲအဖြစ် မှတ်ယူရမယ်ဆို

mgyoe.com

mgyee.com

တာကို နိုင်ငံတော်သမ္မတက နည်းဥပဒေပြုလုပ်နိုင်တယ်လို့ ဆိုထားပါတယ်။ ဒီတော့ ဦးဖြူမှာ လယ်ဧက ၂၀၀ ရှိတယ်ဆိုပါတော့။ သူ့အိမ်ထောင်ရယ်၊ သူ့သားအိမ်ထောင်ရယ်၊ သူ့သမီးအိမ်ထောင်ရယ်၊ သူ့မြေးနှစ်ယောက်ရဲ့ အိမ်ထောင်နှစ်ခုရယ် ပေါင်းပြီးလုပ်ကြတယ် ဆိုရင်၊ အဲဒီအိမ်ထောင်ကို အိမ်ထောင်ခွဲငါးအိမ်ထောင်ပေါင်းနေတဲ့ အိမ်ထောင်လို့ ယူဆရမယ်။ အိမ်ထောင်ခွဲငါးအိမ်ထောင်ဆိုတော့ လယ်ဧက ၂၅၀ ပိုင်နိုင်တာပေါ့။ ဒီတော့ ဦးဖြူရဲ့ လယ်ဧက ၂၀၀ ကို မသိမ်းရတော့ဘူး။ ဒုတိယအချက်ကတော့ ကရင်လူမျိုးများဟာ လယ်ယာကိုယ်ပိုင်များတယ်။ သို့သော်လည်း လယ်ပိုင်ရှင်ကြီးနည်းတယ်လို့ဆိုတာကို ပြောပြဖို့ပါပဲ။ ကရင်လူမျိုးများအတွက် စာရင်းသီးခြားတော့ မရှိဘူး။ ဒါပေမဲ့ ခရိုင်အလိုက် စာရင်းရှိ တာကို ခရိုင်အလိုက်ပြောပြပါမယ်၊ သထုံခရိုင်မှာဆိုရင် ကရင်လူမျိုးများပြားတဲ့ ခရိုင်လို့ ဆိုရမယ်။ အဲဒီခရိုင်မှာ ထွန်ယက်စိုက်ပျိုးတဲ့ လယ်ယာမြေအားလုံးရဲ့ ၅၃ ရာခိုင်နှုန်းကို တောင်သူလယ်သမားမဟုတ်တဲ့ လူတွေက ပိုင်ဆိုင်တယ်။ အောက်မြန်မာပြည် တစ်ခုလုံးအတွက်ဆိုရင် တောင်သူလယ်သမား မဟုတ်သူတွေပိုင်တဲ့ မြေက ရာခိုင်နှုန်း ၄၈ ဖြစ်တယ်။ ဒီတော့ သထုံနယ်မှာ တောင်သူလယ်သမားမဟုတ်တဲ့သူတွေ မြေပိုပိုင်တယ်။ ဒါတင်မကဘူး သထုံခရိုင်မှာ တောင်သူလယ်သမား မဟုတ်တဲ့လူတွေထဲမှာ ရာခိုင်နှုန်း ၄ ဟာ ၂၀၀ ဧကပိုင်တယ်။ သူတို့ပိုင်တဲ့မြေဧကပေါင်းက ရာခိုင်နှုန်း ၄၁ ဖြစ်တယ်။ အင်းစိန်နယ်မှာဆိုရင် ဧက ၂၀၀ ထက်ပိုပိုင်တဲ့ တောင်သူလယ်သမား မဟုတ်တဲ့ လူတွေက ရာခိုင်နှုန်း ၅ လောက်ရှိပေမဲ့ သူတို့ပိုင်တဲ့မြေက ရာခိုင်နှုန်း ၃၉ သာရှိတယ်။ ဒီတော့ ကရင်များတဲ့ သထုံနယ်မှာ လူများက လယ် နည်းနည်းပဲပိုင်ပြီး၊ လူနည်းနည်းက လယ်များများပိုင်တယ်၊ မညီမျှဘူး။ ဒါတင်မကဘူး၊ အထက်ကပြောခဲ့တဲ့အတိုင်း မြန်မာပြည်မှာဆိုရင် သထုံခရိုင်မှာ သီးစားခဟာ အကြီးဆုံးပဲ။ ပုသိမ်နဲ့ မော်လမြိုင်ခရိုင်မှာ သီးစားခဟာ လယ်ခွန်ရဲ့ ၃ ဆခွဲလောက်ရှိပေမဲ့ သထုံခရိုင် မှာဆိုရင် သီးစားခဟာ လယ်ခွန်ရဲ့ ၆ ဆခွဲရှိတယ်။ ဒါကြောင့် ဒီဥပဒေဟာ သထုံလို ကရင်အမျိုးသားတွေများတဲ့ နယ်အတွက်မှာဆိုရင် လူများစုရဲ့အကျိုးကို ပိုပြီးဖြစ်ထွန်း စေမယ်လို့ဆိုတာ ပြောနိုင်ပါတယ်။

## လယ်ပိုင်ရှင်ကလေးတွေကို နစ်နာစေမလား

၁၈။ ။ နောက် အရေးကြီးတာတစ်ခုက လယ်ယာပိုင်ရှင်ကလေးများကို နစ်နာစေမယ်လို့ သံသယမကင်းဖြစ်ကြမယ်။ မဖြစ်ဘူးဆိုတဲ့အကြောင်းကို စာရင်းနဲ့ ရှင်းပြပါမယ်။ အောက်မြန်မာပြည်မှာ ရာခိုင်နှုန်း ၉၈.၀၈ ရှိတဲ့ တောင်သူလယ်သမားများဟာ ဧက ၅၀ အောက်သာပိုင်ကြတယ်။ အထက်မြန်မာပြည်မှာ ရာခိုင်နှုန်း ၉၇.၆၂ ရှိတဲ့ တောင်သူလယ်သမားများဟာ ဧက အစိတ်အောက်ပိုင်ကြတယ်။ ဒီတော့ ဒီဥပဒေပြုလုပ်လိုက်တဲ့အတွက် တောင်သူလယ်သမားတစ်ရာမှာဆိုရင် နှစ်ယောက်လောက်ဆီကသာ

mgyee.com

ပိုတဲ့ကောကို သိမ်းရပါမယ်။ ကျန်တဲ့သူတွေကတော့ ဘာမှထိခိုက်ခြင်းမရှိဘူး။ အဲဒီတော့ ကို ဒီဥပဒေဟာ မြန်မာပြည်မှာ လူများစုဖြစ်တဲ့ တောင်သူလယ်သမား လူထုကြီးရဲ့အကျိုး ဖြစ်ထွန်းစေဖို့ ပြုလုပ်တဲ့ ဥပဒေ၊ အဲဒီလူထုကြီးရဲ့ အကျိုးကိုနည်းနည်းမှ မထိခိုက်စေဘူး ဆိုတာ ယုံကြည်စေချင်တယ်။ နောက်ပြီး အဲဒီလူထုကြီးထဲမှာပါတဲ့ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်တို့ရဲ့အကျိုးကို တစ်မျိုးစီး ကောင်းစားစေတယ်။ တစ်မျိုးစီထိခိုက်စေမယ်ဆိုတာကို လုံးဝမဖြစ်နိုင်ဘူးဆိုတာ ကောင်းကင်ကြီးယုံကြည်ကြစေချင်ပါတယ်။

### ကျွန်တော်၏ကတိ

၁၉။ ။ ဒါတွင်မကသေးပါဘူး၊ အခုလို လူထုကိုယ်စားလှယ်များဖြစ်ကြတဲ့ အမတ်မင်းများအလယ်မှာ အရေးကြီးတဲ့ ကတိတစ်ခုကို အစိုးရအဖွဲ့ရဲ့ ကိုယ်စားရော၊ ကျွန်တော့်ကိုယ်စားရော ကျွန်တော်လေးလေးနက်နက်ပြုလိုပါတယ်။

(၁) ယခုဥပဒေကြမ်းဟာ အတည်ဖြစ်သွားရင် တစ်ပါတီ၊ တစ်သင်း၊ တစ်ဖွဲ့ရဲ့ အကျိုးမဟုတ်ဘဲ၊ အမျိုး၊ ဘာသာမရွေး တောင်သူလယ်သမားလူထုကြီးရဲ့အကျိုးအတွက် ကေန်မုချဖြစ်ရပါစေ့မယ်။

(၂) တောင်သူလယ်သမားများကို လယ်ယာများဝေငှပေးတဲ့ တာဝန်ကို တစ်သင်း၊ တစ်ဖွဲ့၊ တစ်ပါတီတည်းရဲ့လက်သို့ ဝကွက်ပြီးမအပ်လိုက်ဘဲ၊ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို တကယ်လိုလားပြီး၊ ဒီဥပဒေကြမ်းထဲတွင်ပါတဲ့ ရည်ရွယ်ချက်များအတိုင်း၊ တောင်သူလယ်သမားများကို အမျိုး၊ ဘာသာ၊ ဂိုဏ်းဂဏပါတီမရွေးဘဲ အကျိုးရှိအောင် တရားသဖြင့် တိတိကျကျဆောင်ရွက်ပေးနိုင်မယ် ပုဂ္ဂိုလ်များပါဝင်တဲ့ အဖွဲ့တွေကို အစိုးရက တာဝန်ယူ၍ဖွဲ့စည်းပြီး၊ လယ်ယာမြေများကို ဝေငှပေးပါမယ်လို့ အစိုးရအဖွဲ့ရဲ့ကိုယ်စားရော၊ ကျွန်တော့်ကိုယ်စားရော အတည့်အလင်းကတိပြုပါတယ်။

(၃) လယ်သိမ်းသည့်နေရာတွင်လည်းကောင်း၊ လျော်ကြေးပေးသည့်နေရာတွင် လည်းကောင်း၊ အမျိုး၊ ဘာသာခွဲခြားခြင်းမရှိစေဘဲ၊ ခံစရာရှိလျှင်လည်း ညီတူညီမျှခံ၍ စံစရာရှိလျှင်လည်း ညီတူညီမျှ စံရပါမယ်ဆိုတာကိုလည်း အစိုးရအဖွဲ့ရဲ့ကိုယ်စားရော၊ ကျွန်တော့်ကိုယ်စားရော ကတိပြုပါတယ်။

၂၀။ ။ အမတ်မင်းများခင်ဗျား၊ ယခု ဥပဒေကြမ်းနဲ့ပတ်သက်ပြီး နိဂုံးစကားမပြောမီ အရေးကြီးတယ်လို့ထင်တဲ့စကား တစ်လုံးနှစ်လုံးလောက်ကို ကျွန်တော် ပြောချင်ပါတယ်။

(၁) သေသေချာချာ ပြန်လှန်စစ်ဆေးကြည့်မယ်ဆိုရင် ကမ္ဘာ့ရာဇဝင်ကြီးဟာ တခြားဟာမဟုတ်ဘူး။ လူတစ်တန်းစားနဲ့ တစ်တန်းစားအစဉ်မပြတ် အပြန်အလှန် တိုက်ခိုက်နေတဲ့ စစ်ပွဲကြီးကို ဖော်ပြထားတဲ့ မှတ်တမ်းကြီးပင်ဖြစ်တယ်ဆိုတာ တွေ့ကြရပါလိမ့်မယ်။ လူထုကြီးဟာ လူ့အနွတွေဖြစ်ပြီး နီးကြားမှုနဲ့ စည်းလုံးမှုမရှိကြတဲ့အခါ ပါးနပ်လိမ္မာတဲ့လူတစ်စုက အနုနည်းရော၊ အကြမ်းနည်းပါ အသုံးပြုပြီး၊ ဒီလူထုကြီးကို

mgyoe.com

mgyoe.com


လက်ဝါးကြီးအုပ် ထားကြတယ်။ လူအချင်းချင်း လူညွန့်ခူးစားကြတယ်။ အဲဒီလိုလူညွန့်ခူးစားခံနေရာက လူထုကြီးဟာ နိုးကြားလာပြီး၊ စည်းလုံးမိကြတဲ့အလျောက် သူတို့ကို အုပ်ထားတဲ့ လက်ဝါးကြီးကို ပြန်လှန်တွန်းလှန်ဖြိုဖျက်ကြတာပါပဲ။ အဲဒီအတိုင်း လှည်းဘီးကြီးလို ကမ္ဘာ့ ရာဇဝင်ကြီးဟာလည်း တလိမ့်လိမ့်နဲ့ လိမ့်ပြီးသွားလျက်ရှိပါတယ်။

(၂) လူတစ်စုက လူထုကြီးကို လက်ဝါးကြီးအုပ်ပြီး လူညွန့်ခူးစားနေတဲ့ အချိန်တုန်းကလည်း လူထုဟာ လူအန္တွေဖြစ်နေတယ်ဆိုပေမဲ့ သူတို့ကို လက်ဝါးကြီးအုပ်ပြီး လူညွန့်စားဖို့ကိစ္စဟာ လွယ်လွယ်နဲ့မဖြစ်နိုင်ပါဘူး။ သူတို့ကို လက်ဝါးကြီးအုပ်ပြီး လူညွန့်ခူးစားတဲ့လူတစ်စုဟာ စိတ်ပင်ပန်းကိုယ်ရှိန္တမ်းခံပြီး အတော်ကြိုးပမ်းခဲ့ကြရတယ်။

(၃) နောက်တစ်ဖန် လူထုကြီးနိုးကြားပြီး စည်းလုံးမိကြတဲ့အချိန် ရောက်ပြန်တော့လည်း၊ သူတို့ရဲ့ ရခွင့်ရထိုက်တာတွေကို လက်ဝါးကြီးအုပ်ပြီး၊ လူညွန့်ခူးစားနေတဲ့ လူတစ်စုဆီက ပြန်ရဖို့ကိစ္စဟာ လွယ်လွယ်နဲ့ မပြီးနိုင်ပါဘူး။

(၄) လူတစ်စုက လူထုကြီးကို လက်ဝါးကြီးအုပ်ပြီး လူညွန့်ခူးစားနိုင်တဲ့ အခြေအနေရောက်အောင် ဒီလူတစ်စုက အနုနည်းရော၊ အကြမ်းနည်းရော အသုံးပြုခဲ့ကြရသလို၊ လူထုကြီးကလည်း သူတို့ရဲ့အခွင့်အရေးတွေကို ဒီလူတစ်စုဆီက ပြန်ရအောင် အနုနည်းရော၊ အကြမ်းနည်းပါ အသုံးပြုကြရပါတယ်။

(၅) အဲဒါကြောင့် ကမ္ဘာ့ရာဇဝင်ကြီးတစ်ခုလုံးဟာ ဒီလူစုနဲ့ ဒီလူထုအပြန်အလှန်တိုက်နေတဲ့ တိုက်ပွဲကြီးရဲ့ မှတ်တမ်းဖြစ်တယ်လို့ ကျွန်တော် ဖော်ပြရခြင်းဖြစ်ပါတယ်။

၂၁။ ။ ဒီတိုက်ပွဲကြီးနဲ့ ပတ်သက်ပြီး ကျွန်တော်ရဲ့သဘောထားကို အတိအလင်းပြောရမယ်ဆိုရင် ဒီလူစုရော၊ ဒီလူထုရော၊ ကမ္ဘာ့မြေဆီမြေနှစ်တွေနဲ့ ပတ်သက်ပြီး အမြင်မှန်မရကြတာကြောင့်၊ သူတို့နှစ်ဦးစလုံးရဲ့ အရေးအကြီးဆုံးလုပ်ငန်းကြီးကို မေ့ပစ်ပြီး၊ ဒီတိုက်ပွဲကြီးထဲမှာ သူတို့ရဲ့ချွေးတွေနဲ့ သူတို့ရဲ့သွေးတွေကို အလကား အလဟဿဖြုန်းတီးပစ်နေကြတာပဲလို့ ကျွန်တော် အတိအလင်း ဆိုချင်ပါတယ်။

၂၂။ ။ အဲဒီတော့ ကမ္ဘာ့မြေဆီ မြေနှစ်နဲ့ပတ်သက်ပြီး အမြင်မှန်ဆိုတာဘာလဲ။ ဒီလူစုနဲ့ ဒီလူထုတို့ အပါအဝင်ဖြစ်ကြတဲ့ ကမ္ဘာသူကမ္ဘာသားတွေရဲ့ အရေးအကြီးဆုံးလုပ်ငန်းဆိုတာဘာလဲ။ အဲဒီမေးခွန်းကြီး နှစ်ခွန်းကို ဖြေဖို့လိုပါတယ်။ အဲဒီမေးခွန်းကြီး ၂ ခွန်းအနက် ဒုတိယမေးခွန်းကို ကျွန်တော်အရင်ဖြေပါမယ်။

၂၃။ ။ လူစုထဲကပဲဖြစ်ဖြစ်၊ လူထုထဲကပဲဖြစ်ဖြစ်၊ ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ အရေးအကြီးဆုံးလုပ်ငန်းဟာ တခြားဟာမဟုတ်ဘူး။ ဘဝကူးကောင်းအောင်လုပ်ဖို့လုပ်ငန်းပဲ ဖြစ်တယ်။ သစ္စာလေးပါးမြတ်တရားကို ယုံကြည်ကြတဲ့ လူတွေဆိုရင်လည်း နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်အောင်လုပ်ဖို့လုပ်ငန်းဟာ အရေးအကြီးဆုံးလုပ်ငန်းပဲ။ ထာဝရသခင်ကို ယုံကြည်တဲ့ ကမ္ဘာသူ ကမ္ဘာသားတွေဆိုရင်လည်း၊ ထာဝရသခင်ရှိတဲ့ ကောင်းကင်ဘုံရောက်ဖို့လုပ်ငန်းဟာ အရေးအကြီးဆုံးပါပဲ။

mgyoe.com

mgyoe.com


၂၄။ ။ ဒါပေမဲ့ ဒီလူစုနဲ့ ဒီလူထုဆိုတဲ့ ကမ္ဘာသူကမ္ဘာသားတွေဟာ လယ်ယာ၊ တိုက်တာ၊ ဆင်မြင်း၊ ကျေးကျွန်အစရှိတဲ့ ပစ္စည်းအပေါ်မှာ အမြင်တွေ မှောက်မှားပြီး ဒီပစ္စည်းကို အပြန်အလှန်အလုအယက် လုပ်နေရတာတွေနဲ့ပဲ အချိန်ကုန်နေကြတာပဲ။ အရေးအကြီးဆုံးဖြစ်တဲ့ နိဗ္ဗာန်နဲ့ကောင်းကင်ဘုံရောက်ဖို့အလုပ်တွေကို အများကြီးမေ့နေကြတယ်။

၂၅။ ။ ဒီပစ္စည်းဆိုတာဟာ သူတို့ကိုယ်တိုင်ကလည်း မမြဲဘူး။ လူသတ္တဝါတွေကို သူတို့ကပေးနိုင်တယ်ဆိုတဲ့ အရသာတွေလည်း မမြဲဘူး။ လယ်တွေယာတွေပဲဖြစ်ဖြစ်၊ တိုက်ကြီးတာကြီးပဲဖြစ်ဖြစ်၊ မော်တော်ကားတွေ၊ မီးသင်္ဘောတွေပဲဖြစ်ဖြစ်၊ စိန်တုံး၊ ရွှေတုံးကြီးတွေပဲဖြစ်ဖြစ်၊ ဘယ်ပစ္စည်းမဆို ပိုင်ဆိုင်သူ ပစ္စည်းရှင်တွေကို အပေးနိုင်ဆုံးအကျိုးဟာ ငါးခုထက်ပိုပြီး မရှိနိုင်ပါဘူး။ ဒီငါးခုက ဘာတွေလဲဆိုရင်–

(၁) မျက်စိထဲမှာ ကြည့်လို့လှတာရယ်၊
(၂) နားထဲမှာကြားလို့ သာယာတာရယ်၊
(၃) နှာခေါင်းထဲမှာ ရှူလို့မွှေးတာရယ်၊
(၄) လျှာပေါ်မှာစားလို့ အရသာရှိတာရယ်၊
(၅) ကိုယ်ပေါ်မှာထိလို့ အတွေ့ကောင်းတာရယ်

အဲဒီအကျိုးငါးခုပဲ ပေးနိုင်ပါတယ်။ ဒါကလွဲရင် တခြားအကျိုးဆို၍ ဘယ်ပစ္စည်းပဲဖြစ်ဖြစ် ဘာအကျိုးကိုမှ မပေးနိုင်ပါဘူး။

၂၆။ ။ အဲဒီတော့ လှတာပဲဖြစ်ဖြစ်၊ သာယာတာပဲဖြစ်ဖြစ်၊ မွှေးတာပဲဖြစ်ဖြစ်၊ အရသာရှိတာပဲဖြစ်ဖြစ်၊ အတွေ့ကောင်းတာပဲဖြစ်ဖြစ် တည်မြဲတဲ့ ဟာတွေလား၊ မဟုတ်ပါဘူး။ အခုလှ အခုပျောက်၊ အခုသာ အခုပျောက်၊ အခုမွှေး အခုပျောက်၊ အခုအရသာရှိ အခုပျောက်၊ အခုအတွေ့ကောင်း အခုပျောက်ပဲ၊ ဘယ်ဒင်းမှ မတည်မြဲပါဘူး။

၂၇။ ။ အဲဒီမတည်မြဲတဲ့ဟာတွေနောက်ကို အလိုက်မှားပြီး လိုက်မိနေတာနဲ့ တည်မြဲတဲ့ နိဗ္ဗာန်နဲ့ ကောင်းကင်ဘုံကိုရောက်ဖို့ဖြစ်တဲ့ အရေးအကြီးဆုံးလုပ်ငန်းကြီးကို ကမ္ဘာသူကမ္ဘာသားတွေ မေ့နေကြတယ်။ ဒီမမြဲတဲ့ဟာတွေနောက်ကို ဇွဲကောင်းကောင်း၊ ဝီရိယကောင်းကောင်းနဲ့ လိုက်နေကြသလိုသာ၊ ကမ္ဘာသူကမ္ဘာသားတွေဟာ နိဗ္ဗာန်နဲ့ ကောင်းကင်ဘုံကိုရောက်အောင် ဇွဲကောင်းကောင်း၊ ဝီရိယကောင်းကောင်းနဲ့ ကျင့်ကြံကြိုးစားအားထုတ်ကြမယ်ဆိုရင် ငရဲကျဖို့ သတ္တဝါရယ်လို့ ရှိမှာမဟုတ်ပါဘူး။

၂၈။ ။ အဲဒီလိုမမြဲတဲ့ ဟာတွေနောက်ကို ကမ္ဘာသူကမ္ဘာသားတွေ ဇွဲကောင်းကောင်း၊ ဝီရိယကောင်းကောင်းနဲ့ လိုက်နေကြတာလည်း တခြားကြောင့်တော့မဟုတ်ဘူး၊ ဒီပစ္စည်းတွေနဲ့ပတ်သက်ပြီး အယူမှားနေကြလို့ပဲ။ လူရယ်လို့ဖြစ်လာတာ လှတာတွေ၊ သာယာတာတွေ၊ မွှေးတာတွေ၊ အရသာရှိတာတွေ၊ အတွေ့ကောင်းတာတွေကို လိုက်ရှာနေဖို့အတွက် မဟုတ်ပါဘူး။ သစ္စာလေးပါးတရားတော်ကို ယုံကြည်ကြတဲ့ လူတွေကလည်း

mgyoe.com

mgyoe.com


သံသရာဝဲဩဃကြီးထဲက လွတ်မြောက်ဖို့အတွက်ဖြစ်ပြီး၊ ထာဝရသခင်ကို ယုံကြည်ကြတဲ့ လူတွေကလည်း ထာဝရကောင်းကင်ဘုံကို ရောက်ဖို့အတွက်ပဲ ဖြစ်တယ်။

၂၉။ ။ ပစ္စည်းဆိုတာကတော့ စုဖို့လည်း မဟုတ်ဘူး။ အမြတ်ရှာဖို့လည်း မဟုတ်ဘူး။ ဖိမ်ခံနေဖို့လည်း မဟုတ်ပါဘူး။ အဲဒီနိဗ္ဗာန်နဲ့ ကောင်းကင်ဘုံကိုသွားနေတဲ့ လမ်းခရီးမှာ လူသတ္တဝါတွေ ဝတ်ဖို့၊ စားဖို့၊ နေဖို့အတွက် အသုံးပြုကြဖို့ပဲ ဖြစ်ပါတယ်။

၃၀။ ။ အဲဒီအတိုင်းပစ္စည်းအပေါ်မှာ ကမ္ဘာသူကမ္ဘာသားတွေ အမြင်မှန်မြင်နိုင်ကြရင် ဒီကမ္ဘာကြီးထဲမှာလူတစ်စုက ပစ္စည်းတွေကို လက်ဝါးကြီးအုပ်မှုတို့၊ လူ လူချင်း လူညွန့်ရူးစားမှုတို့၊ လူတစ်တန်းစားက အခြားတစ်တန်းစားကို ဖိနှိပ်ချုပ်ချယ်မှုတို့ဆိုတာ တွေလည်း မရှိကြတော့ဘူး။ ထို့နည်း၊ ၎င်းအတိုင်းလူတတန်းစားက အခြားလူတစ်တန်းစားကို သွေးထွက်သံယိုဖြစ်ပြီး၊ တော်လှန်ပုန်ကန်ရတယ်ဆိုတဲ့ လူတန်းစားတိုက်ပွဲတွေလည်း ဘယ်နည်းနဲ့မှ ရှိတော့မှ မဟုတ်ဘူး။

၃၁။ ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ အယူအဆအတိုင်းဆိုရင်၊ ဓာတ်ကြီးလေးပါး အစုအဝေးမျှသာဖြစ်ကြတဲ့ လူသတ္တဝါတွေ၊ ထာဝရသခင်ကို ယုံကြည်ကြတဲ့ လူတွေရဲ့ အယူအဆအတိုင်းဆိုရင် ထာဝရသခင်ဖန်ဆင်းထားတဲ့ သတ္တဝါအချင်းချင်းတွေဟာ၊ တစ်ယောက်ကိုတစ်ယောက် လုကြယက်ကြ၊ တစ်တန်းစားနဲ့ တစ်တန်းစား လူညွန့်ရူးစားကြ၊ ဖိနှိပ်ချုပ်ချယ်ကြ၊ လူတန်းစားတိုက်ပွဲတွေဖြစ်ကြတဲ့ အဲဒီအဖြစ်ဆိုးတွေဟာ အမှန်စင်စစ် သတ္တုချကြည့်လိုက်ရင် တခြားဘာမှမဟုတ်ဘူး၊ ပစ္စည်းအပေါ်မှာ အယူအဆ မှားနေကြလို့ပဲ။

၃၂။ ။ ပစ္စည်းဆိုတာ အထူးအဆန်းမဟုတ်ပါဘူး။ နိဗ္ဗာန်နဲ့ ကောင်းကင်ဘုံကို သွားတဲ့လမ်းမှာ လူတွေသုံးဖို့အတွက်ပဲဖြစ်တယ်ဆိုတဲ့ အမြင်မှန်ကိုသာ ကမ္ဘာသူကမ္ဘာသားတွေရကြရင်၊ အခုပြောခဲ့တဲ့ အဖြစ်ဆိုးတွေဟာ ဘယ်နည်းနဲ့မှ ဖြစ်စရာအကြောင်း မရှိကြပါတော့ဘူး။

၃၃။ ။ အဲဒီလိုအမြင်မှန်မရကြတဲ့အတွက် လူတစ်စုက ပစ္စည်းတွေကို လက်ဝါးကြီးအလိုက်၊ အအုပ်ခံရတဲ့လူတွေက နိုးကြားစည်းလုံးလာတဲ့အခါ ပြန်ပြီးတော်လှန်လိုက်နဲ့၊ ဒီကမ္ဘာ့ရာဇဝင်ကြီးတစ်ခုလုံးဟာ အဆက်မပြတ်ဖြစ်နေတဲ့ တိုက်ပွဲကြီးပင် ဖြစ်နေပါတယ်။

၃၄။ ။ အခု ဒီကနေ့ ကျွန်တော် ထပြီးထောက်ခံရတဲ့ လယ်ယာမြေသိမ်းရေး ဥပဒေကြမ်းကြီးဟာ အမှန်စင်စစ်တော့ တခြားဟာ မဟုတ်ဘူး၊ နှစ်ရှည်လများလက်ဝါးကြီးအအုပ်ခံရတဲ့ လူတွေ နိုးကြားလာကြတဲ့အတွက်၊ ပြန်ပြီးတော်လှန်ကြတဲ့ တော်လှန်ရေးကြီးရဲ့ပွဲဦးထွက် အခန်းတစ်ခန်းပင်ဖြစ်ပါတယ်။ ဒီတော်လှန်ရေးကြီးရဲ့ အပြင်းအထန်နဲ့ အငြိမ်အသက်ဟာ၊ တခြားဟာတွေထက် ပစ္စည်းနဲ့ပတ်သက်ပြီး အမြင်မှန်ရမှုအပေါ်မှာ အများကြီးတည်နေပါတယ်။ ပစ္စည်းနဲ့ပတ်သက်ပြီး အမြင်မှန်ရကြရင်၊ သွေးချောင်းစီးစေ

mgyoe.com

mgyoe.com


မယ့် လူတန်းစာတိုက်ပွဲတွေ ပပျောက်ကုန်ကြရုံသာမက၊ ဒီကမ္ဘာကြီးဟာလည်း သခင်ရယ်၊ ကျွန်ရယ်ဆိုတဲ့ လူတန်းစားတွေ၊ ပြည့်တန်ဆာလုပ်ငန်းတွေ၊ ခိုးခြင်း၊ တိုက်ခြင်း၊ လိမ်လည်ဖြားယောင်းခြင်းဆိုတဲ့ အကျင့်ပျက်ပြားမှုတွေ၊ ကာယဗလ၊ ဉာဏဗလကြွေလိုမှုတွေ၊ စစ်မက်အင်္ဂါဖြစ်ပွားမှုတွေ အစရှိတဲ့အနိဋ္ဌာရုံတွေ ကင်းရှင်းတဲ့အထိ တိုးတက်နေတဲ့ ကမ္ဘာကြီးဖြစ်ရမယ်။

၃၅။ ။ ဒါပေမဲ့ ပစ္စည်းနဲ့ပတ်သက်ပြီး အမြင်မှန်မရကြဘူးဆိုရင်၊ လူတွေဟာ ဒေါသတွေ၊ လောဘတွေ တဟုန်းဟုန်းထကြပြီး၊ နောက်ဆုံးမှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး မည်းကနဲမြင်ရာလိုက်ပြီး သတ်ကြဖြတ်ကြတဲ့အထိ၊ ဒီကမ္ဘာကြီးဟာ ဆုတ်ယုတ်ရမယ်ဆိုတာကို ဘုရားဟောဒေသနာအကိုးအကားနဲ့ ကျွန်တော်ပြချင်ပါတယ်။

၃၆။ ။ စက္ကဝတ္တိသုတ်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ အောက်ပါအတိုင်း ဟောကြားထားခဲ့တာ အထင်အရှားရှိနေပါတယ်။

"အိုရဟန်းတို့၊

ဤသို့လျှင် ဥစ္စာမဲ့သောသူတို့အား ဥစ္စာကို မပေးအပ်သည်ရှိသော်၊ ဆင်းရဲခြင်းသို့ များစွာ ရောက်လေ၏။ ဆင်းရဲခြင်းသို့ များစွာရောက်လေကြသည်ရှိသော်၊ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူမှုသည် များစွာဖြစ်ပေါ်လာ၏။ အရှင်မပေးသော သူ၏ဥစ္စာလိုခိုးယူမှုများစွာဖြစ်ပေါ်လာသည်ရှိသော်၊ လက်နက်သည် များစွာ ဖြစ်ပေါ်လာ၏။ လက်နက်များစွာ ဖြစ်ပေါ်လာသည်ရှိသော်၊ သူ၏အသက်ကို သတ်ဖြတ်မှုသည် များစွာဖြစ်ပေါ်လာ၏။ သူ၏အသက်ကို သတ်မှုသည် များစွာ ဖြစ်ပေါ်လာသည်ရှိသော်၊ မဟုတ်မမှန်ပြောဆိုခြင်းသည် များစွာဖြစ်ပေါ်လာ၏။ မဟုတ်မမှန်ပြောဆိုခြင်းသည် များစွာဖြစ်ပေါ်လာသည်ရှိသော်၊ ဂုံးတိုက်သော စကားသည်များစွာဖြစ်ပေါ်လာ၏။ ဂုံးတိုက်သော စကားသည် များစွာဖြစ်ပေါ်လာသည်ရှိသော်၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် များစွာဖြစ်ပေါ်လာ၏။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် များစွာ ဖြစ်ပေါ်လာသည်ရှိသော်၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသော စကားကိုပြောဆိုခြင်း၊ ဤတရားနှစ်ပါးတို့သည် များစွာဖြစ်ပေါ်လာကုန်၏။ ထိုတရားနှစ်ပါးတို့သည် များစွာဖြစ်ပေါ်လာသည်ရှိသော်၊ မတရားသဖြင့် တပ်မက်ခြင်း၊ သူတစ်ပါးကို ပျက်စီးအောင်ကြံခြင်းတို့သည် များစွာဖြစ်ပေါ်လာကြကုန်၏။ သူတစ်ပါးတို့၏ စည်းစိမ်ကို တစိမ့်စိမ့်တပ်မက်ခြင်း၊ သူတစ်ပါးတို့ကို ပျက်စီးအောင်ကြံခြင်းတို့သည်း များစွာဖြစ်ပွားကြကုန်သည်ရှိသော်၊ မှားသော အယူသည် များစွာဖြစ်ပေါ်လာ၏။ မှားသောအယူသည် များစွာဖြစ်ပေါ်လာ၏။ မှားသောအယူသည် များစွာဖြစ်ပေါ်လာသည်ရှိသော်၊ အမိ၊ အဖ၊ မိထွေး၊ မိကြီး၊ ဦးကြီး၊ ဦးလေး စသည်တို့၌ မတရားသဖြင့် တပ်မက်ခြင်းဟုဆိုအပ်သော အဓမ္မရာဃ၊ ခံစား

mgyoe.com

ထိုက်သောအရာတို့၌ လော်မာကျူးလွန်၍ တပ်မက်ခြင်းတည်းဟူသော ဝိသမလောဘ၊ ယောကျာ်းချင်းချင်း၊ မိန်းမချင်းချင်းတို့၌ မှားယွင်း၍ ပြင်းစွာ တပ်မက်ခြင်းတည်းဟူသော မိစ္ဆာဓမ္မ ဤတရားဆိုးသုံးပါးတို့သည် များစွာ ဖြစ်ပေါ်လာသည်ရှိသော် မိခင်ကို မရိုသေခြင်း၊ မလုပ်ကျွေးခြင်း၊ ဖခင်လို မရိုသေခြင်း၊ မလုပ်ကျွေးခြင်း၊ ရဟန်းတို့၌ မရိုသေခြင်း၊ မလုပ်ပေးခြင်း၊ ပုဏ္ဏားတို့၌ မရိုသေခြင်း၊ မလုပ်ကျွေးခြင်း၊ အမျိုး၌ကြီးသောသူတို့ကို မရိုသေခြင်း၊ မနိမ့်ချခြင်း၊ ဤတရားတို့သည် များစွာဖြစ်ပေါ်လာကုန်၏။ ဤတရားတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာကုန်သည်ရှိသော်၊ ထိုသတ္တဝါတို့၏အသက်တမ်းသည် လည်း ဆုတ်ယုတ်လေ၏။ အရောင်အဆင်းလည်း ဆုတ်ယုတ်လေ၏"

'အိုရဟန်းတို့၊

လူတို့သည် ဆယ်နှစ်မျှသာ အသက်ရှင်ကြကုန်သည်ရှိသော်၊ ထိုသတ္တဝါတို့ အား အချင်းချင်း၌ ထက်မြက်ပြင်းထန်သော ရန်ငြိုးဖွဲ့ခြင်းသည် ရှေးရှုထင်ရှား သည်ဖြစ်လတ္တံ့။ ထက်မြက်သော ပျက်စီးစေလိုမှုသည်လည်းကောင်း၊ ထက်မြက် သော စိတ်ပြစ်မှားခြင်းသည်လည်းကောင်း၊ ထက်မြက်သော သတ်ဖြတ်လိုစိတ် သည်လည်းကောင်း၊ ထင်ရှားဖြစ်ပေါ်လတ္တံ့။ သားအပေါ်၌ အမိ၏ထက်မြက် သော ရန်ငြိုးဖွဲ့ခြင်းသည်ကောင်း၊ အမိအပေါ်၌ သား၏ထက်မြက်သော ရန်ငြိုး ဖွဲ့ခြင်းသည်လည်းကောင်း၊ သားအပေါ်၌ အဖ၏ထက်မြက်သော ရန်ငြိုးဖွဲ့ ခြင်းသည်လည်းကောင်း၊ အဖအပေါ်၌ သား၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်း သည်လည်းကောင်း၊ နှမအပေါ်၌ မောင်၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည် လည်းကောင်း၊ မောင့်အပေါ်၌ နှမ၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည်လည်း ကောင်း၊ ရှေးရှုထင်ရှားစွာ ဖြစ်ပေါ်လတ္တံ့။ ထက်မြက်သော ပျက်စီးစေမှုသည် လည်းကောင်း၊ ထက်မြက်သော စိတ်ပြစ်မှားသည်လည်းကောင်း၊ ထက်မြက် သော သတ်ဖြတ်လိုသောစိတ်သည်လည်းကောင်း၊ ရှေးရှုထင်ရှားစွာဖြစ်ပေါ်လာ လတ္တံ့."

'အိုရဟန်းတို့၊

ဥပမာအားဖြင့် သားမုဆိုးအား သမင်ကိုမြင်သည်ရှိသော် ထက်မြက်သော ဒေါသ သည် ရှေးရှုဖြစ်လေသကဲ့သို့ ထက်မြက်သော ပျက်စီးစေလိုမှု၊ ထက်မြက်သော စိတ်ပြစ်မှားမှု၊ ထက်မြက်သော သတ်လိုစိတ်သည် ရှေးရှုထင်ရှားစွာဖြစ်ပေါ် လေသကဲ့သို့၊ အိုရဟန်းတို့ ဤအတူပင်လျှင်၊ လူတို့သည် ဆယ်နှစ်မျှသာ အသက်ရှည်ကြကုန်သည်ရှိသော်၊ ထိုသတ္တဝါတို့အား အချင်းချင်း၌ ထက်မြက် ပြင်းထန်သော ရန်ငြိုးဖွဲ့ခြင်းသည် ရှေးရှုထင်ရှားသည်ဖြစ်လတ္တံ့။ ထက်မြက်သော ပျက်စီးစေလိုမှုသည်လည်းကောင်း၊ ထက်မြက်သော စိတ်ပြစ်မှားခြင်းသည်

mgyoe.com

mgyoe.com

လည်းကောင်း၊ ထက်မြက်သော သတ်လိုစိတ်သည်လည်းကောင်း၊ ထင်ရှားဖြစ်ပေါ်လာလတ္တံ့။ သားအပေါ်၌ မိခင်၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည်ကောင်း၊ မိခင်အပေါ်၌ သား၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည်လည်းကောင်း၊ သားအပေါ်၌ ဖခင်၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည်လည်းကောင်း၊ ဖခင်အပေါ်၌ သား၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည်လည်းကောင်း၊ နှမအပေါ်၌ မောင်၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည်လည်းကောင်း၊ မောင့်အပေါ်၌ နှမ၏ထက်မြက်သော ရန်ငြိုးဖွဲ့ခြင်းသည်လည်းကောင်း၊ ရှေးရှုထင်ရှားစွာ ဖြစ်ပေါ်လာလတ္တံ့။ ထက်မြက်သော ပျက်စီးစေလိုမှုသည်လည်းကောင်း၊ ထက်မြက်သော စိတ်ပြစ်မှားခြင်းသည်လည်းကောင်း၊ ထက်မြက်သော သတ်ဖြတ်လိုစိတ်သည်လည်းကောင်း၊ ရှေးရှုထင်ရှားစွာဖြစ်ပေါ်လာလတ္တံ့."

'အိုရဟန်းတို့၊

လူတို့သည် ဆယ်နှစ်မျှသာ အသက်ရှည်ကြကုန်သည်ရှိသော် ခုနစ်ရက်တိုင်တိုင် လက်နက်တို့ဖြင့် ထိုးခုတ်သတ်ဖြတ်ခြင်းတည်းဟူသော သတ္ထန္တရကပ်ကြီးသည် ဖြစ်လတ္တံ့။ ထိုလူတို့သည် အချင်းချင်း၌ သားသမင်ဟူသော အမှတ်သညာကို ရကြကုန်လတ္တံ့။ ထိုသူတို့၏လက်တို့၌ ထက်မြက်ကုန်သော လက်နက်တို့သည် ထင်ရှားဖြစ်ပေါ်ကုန်လတ္တံ့၊ ထိုလူတို့သည် ဤသူကား သားသမင်တည်း၊ ဤသူကား သားသမင်တည်းဟူ၍ အချင်းချင်း အသက်ကို သတ်ဖြတ်ကြကုန်လတ္တံ့."

## နိဂုံး

၃၇။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ အမတ်မင်းများခင်ဗျား၊ ဤမျှလောက် သည်းခံပြီးနားထောင်နေကြတဲ့အတွက် ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်။

၃၈။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ အမတ်မင်းများခင်ဗျား၊ ယခုလောက်ရှည်ရှည်လျားလျားကြီး ကျွန်တော်ပြောနေရတာဟာ တခြားကြောင့်မဟုတ်ပါဘူး။ ပစ္စည်းပေါ်မှာ အမြင်မှန်မရကြတဲ့အတွက် တစ်ဦးနဲ့တစ်ဦး သားသမင်တွေထင်မှတ်ပြီး သွေးချောင်းစီးအောင် သတ်ကြဖြတ်ကြတဲ့အထိ၊ ဒီကမ္ဘာကြီးဆုတ်ယုတ်သွားမဲ့ဘေးကို စိုးရိမ်ပူပန်တဲ့အတွက်ပင် ဖြစ်ပါတယ်။

၃၉။ ။ ဥက္ကဋ္ဌကြီးနဲ့ အမတ်မင်းများခင်ဗျား၊ လူတွေရဲ့ သက်တမ်းဟာအတော်ပဲ တိုလာပါပြီ၊ အသက်ရာတမ်းရှိတယ်ဆိုပေမဲ့ အနှစ်ရှစ်ဆယ်နေရတဲ့လူတွေ အတော်ရှားပါတယ်။ အနှစ်ရှစ်ဆယ်နေရတယ်ဆိုဦး၊ ဒီရှစ်ဆယ်ဟာလည်း အမှန်စင်စစ်တော့ တိုတိုကလေးပါပဲ။ အဲဒီလို သက်တမ်းတိုတိုကလေးအတွင်းမှာ ကျွန်တော်တို့တတွေ ပြဟ္မစိုရ်တရားတွေကို ပွားများနေကြရအောင်၊ မမြဲတဲ့ဟာတွေရဲ့ နောက်ကိုတကောက်ကောက်နဲ့

mgyoe.com

mgyoe.com


လိုက်နေရာက ဖြစ်ပေါ်လာမဲ့ တိုက်မှုခိုက်မှု၊ သွေးချောင်းစီးမှုတွေကို ရှောင်ရှားကြရအောင်၊ အဲဒီလိုမဖြစ်တဲ့ဟာတွေနောက်ကို လိုက်ရတာနဲ့အချိန်ကုန်နေမဲ့အစား လူတိုင်း လူတိုင်းမှာ အရေးအကြီးဆုံးဖြစ်တဲ့ ဘဝကူးကောင်းစေမဲ့ အလုပ်ကောင်းတွေကို ဖောက်ချပြီးလုပ်ကြရအောင်။

၄၀။ ။ အဲဒီလို လုပ်နေနိုင်ကြရအောင်ကလည်း နည်းလမ်းတစ်လမ်းပဲ ရှိတယ်။ ဒီလမ်းကတော့ တခြားဟာမဟုတ်ဘူး။ ကျွန်တော်ပြောခဲ့တဲ့အတိုင်း ပစ္စည်းနဲ့ပတ်သက်ပြီးအမြင်မှန်ရမှုပဲ ဖြစ်တယ်။ အဲဒီလိုမှ အမြင်မှန်ကိုမရနိုင်ကြဘူးဆိုရင်လည်း ကမ္ဘာသူကမ္ဘာသားတွေအတွက် တခြားလမ်းမရှိတော့ဘူး။ သွေးချောင်းစီးဖို့လမ်းပဲ ရှိတော့တယ်ဆိုတာ ကျွန်တော် အတိအလင်းကြေညာရပါတယ်။

၄၁။ ။ အဲဒါကြောင့် တောင်သူလယ်သမားတွေနဲ့ သူတို့ရဲ့ ကိုယ်စားလှယ်တွေ ကသာမက သတ္တဝါတွေရဲ့ ချမ်းသာကြောင်းအတွက် နေ့စဉ်နေ့တိုင်း သဗ္ဗေသတ္တာအဝေရာပဟောန္တုလို့ သွန်းဆုပတ္ထနာကောင်းတွေနဲ့ မေတ္တာရေလောင်းနေကြတဲ့ လယ်ပိုင်ရှင် အပေါင်းတို့နှင့်တကွ ပဋိပက္ခမှုတွေကို မလိုလားတဲ့ အခြားသောလူတန်းစာ အသီးသီးတို့ကလည်း ပစ္စည်းနဲ့ပတ်သက်၍ အမြင်မှန်ရကြပြီး၊ ကမ္ဘာလောကကြီး၏ဆုတ်ယုတ်ပျက်စီးမှုကြီးကို တားဆီးပေးနိုင်တဲ့ အကြောင်းတစ်ကြောင်းဖြစ်တဲ့ ဤဥပဒေကြမ်းကြီးကို လွှတ်တော်အတွင်းမှာလည်းကောင်း၊ ကျွန်တော်အပြင်မှာလည်းကောင်း ရက်ရက်ရောရော၊ ပြင်းပြင်းထန်ထန် တစ်ခဲနက် ထောက်ခံအားပေးတော်မူကြပါရန် လေးနက်စွာ မေတ္တာရပ်ခံရင်း ဝန်ကြီးသခင်တင်ရဲ့ အဆိုကို ကျွန်တော် ထောက်ခံပါတယ်။

■

mgyoe.com

mgyoe.com

# မန္တလေးမြို့တွင်ကျင်းပသော ဗ-တ-လ-စ ညီလာခံကြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားသောမိန့်ခွန်း

(၁၉၅၃ ခု၊ မေလ ၂၄ ရက်)

ဒီညီလာခံကြီးမှာ တခြားစကားကို မပြောမီ ရှေးဦးစွာ အောက်ပါမေးခွန်းများကို ကျွန်တော် မေးချင်ပါတယ်။

**မေးခွန်းများ**

၁။ ဗ–တ–လ–စ ဆိုတာ ဘာလဲ။

၂။ ဗ–တ–လ–စ လုပ်ပြီးခဲ့တဲ့ လုပ်ငန်းများဟာ ဘာလဲ။

၃။ ဗ–တ–လ–စ ရဲ့ပန်းတိုင်ဟာ ဘာလဲ

၄။ ဒီပန်းတိုင်ကိုရောက်အောင် ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ ဘယ်အခန်းက ပါရမလဲ။

၅။ အဲဒီအခန်းကပါရမဲ့ ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ ဘယ်လိုလူစားတွေ ဖြစ်ရမလဲ။ ဒီမေးခွန်းတွေကိုမေးပြီးတဲ့နောက် တစ်ခုစီ ကျွန်တော် ဖြေပါ့မယ်။

**၁။ ဗ-တ-လ-စ ဆိုတာဘာလဲ။**

ဗ–တ–လ–စ ဆိုတာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားများ အစည်းအရုံးဖြစ်တယ်။

**၂။ ဗ-တ-လ-စ လုပ်ပြီးခဲ့တဲ့လုပ်ငန်းတွေဟာဘာလဲ။**

ဗ–တ–လ–စ လုပ်ပြီးခဲ့တဲ့ လုပ်ငန်းတွေမှာ အလွန်များပြားပါတယ်။ ယခု ကျွန်တော်ပြောရမယ့်မိန့်ခွန်းထဲမှာ ခရေစေ့တွင်းကျ အကုန်အစင်ဖော်ပြလို့ မဖြစ်နိုင်ပါ။

mgyoe.com

mgyoe.com

ဒါကြောင့် ဗ–တ–လ–စ လုပ်ခဲ့တဲ့လုပ်ငန်းတွေထဲက အရေးကြီးတဲ့လုပ်ငန်းတွေကိုသာ၊ ကျွန်တော် ဖော်ပြပါမယ်၊ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်တယ်။

(က) လယ်ခွန်တော် နှစ်ဆသာ၊ လယ်သီးစားခပေးနိုင်ခွင့်ကို တောင်သူလယ်သမားများအား ပေးအပ်ခဲ့ခြင်း။

(ခ) သီးစားချထားနိုင်ခွင့်ကို တောင်သူလယ်သမားများအား အပ်နှံခဲ့ခြင်း။

(ဂ) တောင်သူလယ်သမားများအပေါ်တွင် တင်ရှိနေသော ကြွေးမြီများကို သက်သာစေခဲ့ခြင်း။

(ဃ) လယ်ယာမြေ ပြည်သူပိုင်ပြုလုပ်ရေး ဥပဒေတစ်ရပ်ပြုလုပ်ခဲ့ခြင်း။

(င) တောင်သူလယ်သမား အမတော်ကြေးငွေကို ကိုးသိန်းခန့်မှ ငါးကုဋေခန့် အထိ တိုးမြှင့်ခဲ့ခြင်း။

(စ) သီးနှံပို၍ထွက်အောင် ကြိုးပမ်းခဲ့ခြင်း။

(ဆ) နိုင်ငံတော်စိုက်ပျိုးရေးဘဏ်တည်ထောင်ပြီးစီးခြင်း။

(ဇ) ပြည်ထောင်စုကြီးရဲ့ တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့ခြင်း။

အထက်ပါလုပ်ငန်းကြီးရှစ်ရပ်ကို တစ်ခုစီ ကျွန်တော်ရှင်းပြပါ့မယ်။

**(က) လယ်ခွန်တော်နှစ်ဆသာ၊ လယ်သီးစားခပေးနိုင်ခွင့်ကို တောင်သူလယ်သမားများအား ပေးအပ်ခဲ့ခြင်း**

ဖ–ဆ–ပ–လ အာဏာမရမီက တောင်သူလယ်သမားတွေရဲ့ ရာဇဝင်တစ်လျှောက်လုံးကို ပြန်ကြည့်ရင်၊ တောင်သူလယ်သမားတွေဟာ လယ်သီးစားခကို လယ်ယာပိုင်ရှင်တွေ လောဘကြီးတိုင်း ပေးခဲ့ကြရတာကို တွေ့ရပါလိမ့်မယ်။ လယ်ယာပိုင်ရှင်တွေ အားလုံးဟာ လူဆိုးတွေချည်းပဲလို့တော့ ကျွန်တော် မဆိုလိုဘူး။ တရားမျှတတဲ့ လယ်ယာပိုင်ရှင်အချို့၊ ဒီပြည်ထောင်စုကြီးထဲမှာ ရှိပါတယ်။ ဒီလိုတရားမျှတတဲ့ လယ်ယာပိုင်ရှင်တွေကတော့၊ လယ်ယာများကို အပင်ပန်းအဆင်းရဲခံပြီးလုပ်ခဲ့ကြရတဲ့ တောင်သူလယ်သမားတွေဖို့က တစ်ဖို့၊ ကိုယ့်ဖို့က တစ်ဖို့၊ အဲဒီလိုဖို့နှစ်ဖို့ထားပြီး တရားမျှတအောင် လယ်ယာသီးစားခများကို တောင်းကြပါတယ်။ ဒါပေမဲ့ များသောအားဖြင့် လယ်ယာပိုင်ရှင်တွေဟာ ဖြစ်နိုင်ရင် လယ်ယာတွေမှ ထွက်သမျှကို တောင်သူလယ်သမားတွေဖို့ မချန်ဘဲ၊ ကိုယ့်ဖို့သာကြုံးပြီး ယူချင်တဲ့ လူတွေက များတယ်။ အဲဒီတော့ ဒီလယ်ယာပိုင်ရှင်တွေဟာ၊ သူတို့ရဲ့ လောဘကြီးတိုင်း၊ တောင်သူလယ်သမားတွေက လယ်သီးစားခပေးဖို့တောင်းတာပဲ။ အဲဒီလိုတောင်းတဲ့အခါ၊ တောင်သူလယ်သမားတွေက သီးစားခလျှော့ ဖို့ဈေးလဲ မဆစ်ရဲဘူး၊ သီးစားခမလျှော့ရင် လယ်မလုပ်ဘူးလို့လည်း မတင်းရဲဘူး။ ဒီလိုဈေးဆစ်တာနဲ့ ဒီလိုတင်းတာနဲ့ တစ်ပြိုင်နက်၊ လယ်ယာတွေကို တခြားသူတစ်ယောက်ကို ချပစ်မှာကြောက်ရတယ်၊ လယ်ပိုင်ရှင်တောင်းတဲ့အတိုင်း လယ်ခတွေ အဆမတန်ပေးရတယ်ဆိုဦး၊ လယ်ကလေး လုပ်နေရတဲ့အတွက်၊ မသေထမင်း မသေဟင်းကလေးကို စားနေရသေးတယ်။ ဒီလိုလယ်

mgyoe.com

mgyoe.com


ကိုလုပ်နေရတဲ့အရှိန်ကြောင့် အနည်းအကျဉ်းဆိုသလို ချေးလို့ငှားလို့ ရသေးတယ်။ လယ်ယာပိုင်ရှင်တွေတောင်းတဲ့ သီးစားခကို ဈေးဆစ်မိ၍ဖြစ်စေ တင်းမာမိ၍ဖြစ်စေ၊ လယ်ယာလက်လွှတ်ဖြစ်သွားမှာဖြင့် မသေထမင်းမသေဟင်းကလေးကိုတောင်၊ ဒီတောင်သူလယ်သမားတွေဟာ စားရတော့မှာ မဟုတ်ဘူး။ ဒီလိုငတ်ရမှာဟာ တောင်သူလယ်သမားတစ်ယောက်ထဲဆိုရင် သိပ်ပြီးဂရုစိုက်မှာ မဟုတ်ပါဘူး။ လောဘကြီးလွန်းတဲ့ ဒီလယ်ယာပိုင်ရှင်တွေကို လယ်သမားတွေက ပြန်ပြီး တော်လှန်ပစ်မှာပဲ။ ဒါပေမဲ့ ငတ်မှာက သူတစ်ယောက်တည်း မဟုတ်ဘူး။ သူ့အိမ်က မယားရှိသေးတယ်။ သားတွေ သမီးတွေတစ်ပြုံကြီးရှိသေးတယ်။ အဲဒီတော့ တစ်ပြုံလုံးစုပြီး အငတ်ခံရမဲ့ဒဏ်ကိုမခံနိုင်တဲ့ တောင်သူလယ်သမားတွေဟာ အပေါ်ကစီးပြီး လောဘမီးတွေ တဟုန်းဟုန်းတောက်နေတဲ့ မြေယာပိုင်ရှင်တွေကို မော်လို့လည်းမကြည့်ရဲဘူး၊ ပြန်လို့လည်း မပြောရဲဘူး၊ လယ်ခလျှော့ပါဦးလို့လည်း ဈေးမဆစ်ရဲဘူး၊ လယ်ခတွေ တောင်းတာများတယ်ဗျာ ကျွန်တော့်တော့ မလုပ်နိုင်ဘူးလို့လည်း မတင်းမာရဲရှာဘူး။

မြေယာပိုင်ရှင်တွေကခေါ်ရင်သွား၊ မေးရင်ပြော၊ လယ်ခတောင်းသမျှကို ပေးပြီး တောင်သူလယ်သမားတွေရဲ့ သံသရာကြီးထဲမှာ ငတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့ ဆုံလည်နွားလိုလည်နေခဲ့ကြရတာပဲ။

တောင်သူလယ်သမားတွေရဲ့ ဒီလိုခိုကိုးရာမဲ့ ဖြစ်နေရတဲ့ဘဝဆိုးက အခွင့်ကောင်းယူပြီး၊ လယ်ယာပိုင်ရှင်တွေဟာ လယ်ခတွေကို ခပ်များများတောင်း၊ ရတဲ့ သီးစားခတွေကို တင်းကြီးတောင်းကြီးတွေနဲ့ ချိန်ယူ၊ ထင်သလိုကို လုပ်ခဲ့ကြတာပဲ။

ဗ–တ–လ–စ ကို ၁၉၃၅ ခုနှစ်လောက်ကတည်းက ထူထောင်ခဲ့ပြီး၊ လယ်ယာပိုင်ရှင်တွေရဲ့ အဲဒီလိုမတရားမှုတွေကို တိုက်ဖျက်ရအောင် ကြိုးစားခဲ့ကြပေမဲ့–

(၁) တောင်သူလယ်သမားတွေမှာ နိုးကြားမှုလုံလောက်စွာ မရှိသေးခြင်း။
(၂) သားတွေ သမီးတွေ တစ်ပြုံလုံးစုပြီး အငတ်ခံနိုင်ရည်မရှိသေးခြင်း။
(၃) ဗ–တ–လ–စ တွင် အင်အားတောင့်တင်းမှု လုံလုံလောက်လောက် မရှိသေးခြင်း။
(၄) အချုပ်အခြာအာဏာမှာ ပြည်သူလူထု၏လက်ထဲတွင်မရှိဘဲ၊ ဗြိတိသျှနယ်ချဲ့သမားတို့၏လက်ထဲမှာသာရှိနေသေးခြင်းတို့ကြောင့် ဗ–တ–လ–စ ရဲ့ ကြိုးပမ်းမှုဟာ မအောင်မြင်ခဲ့ဘူး။

ဒါပေမဲ့ ဖ–ဆ–ပ–လ အာဏာရပြီးတဲ့ နောက်မျှားမကြာမီ ၁၉၄၇ ခုနှစ်မှာ ဗ–တ–လ–စ ရဲ့ခေါင်းဆောင်မှုအရ၊ ဖ–ဆ–ပ–လ အစိုးရအဖွဲ့က သီးစားခစံနှုန်းအက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးခဲ့တယ်။ ဒီဥပဒေအရ၊ တောင်သူလယ်သမားတို့ဟာ လယ်ယာပိုင်ရှင်တို့က လောဘကြီးသလောက် တောင်းတိုင်း သီးစားခကို ပေးဖို့မလိုတော့ဘူး၊ လယ်ယာအခွန်တော်ရဲ့နှစ်ဆ သီးစားခပေး ရင်ပြီးရော၊ ဘယ်လယ်ယာပိုင်ရှင်ကမှ

mgyoe.com

mgyoe.com


အခွန်တော်နှစ်ဆထက်ပိုပြီး သီးစားခကို တောင်းနိုင်ခွင့်မရှိဘူး၊ အဲဒီသီးစားခစံနှုန်း အက်ဥပဒေလုပ်လိုက်တဲ့အတွက် ရှေးအခါက တစ်ဧကလျှင် နှစ်စဉ်ငွေ ဒီ မှ ဂို အထိ အရှုံးခံပြီး လယ်ယာလုပ်ခဲ့ကြရတဲ့ တောင်သူလယ်သမားတွေဟာ တစ်ဧကလျှင် နှစ်စဉ်ငွေ ဒီ မှ ၄၆ိ အထိ အမြတ်ထွက်ခဲ့ကြပါတယ်။

အဲဒီလို သီးစားခစံနှုန်း အက်ဥပဒေကို ပြဋ္ဌာန်းပြီး သီးစားခကို အခွန်တော်နှစ်ဆသာ ပေးစေရန် ကန့်သတ်လိုက်တာတော့ ဟုတ်ပြီ၊ တောင်သူလယ်သမားတွေက သီးစားခကို လျှော့ပြီးပေးတဲ့အတွက် လယ်ယာပိုင်ရှင်တွေက တောင်သူလယ်သမားတွေကို လယ်ယာတွေမချရင် ဘယ့်နှယ်လုပ်ပါ့မလဲဆိုတဲ့ပြဿနာကို ဖြေရှင်းဖို့အတွက် ဖ–တ–လ–စ ကပဲ ခေါင်းဆောင်ပြီး အောက်ပါဥပဒေတစ်ရပ်ကို သီးစားခစံနှုန်း အက်ဥပဒေနဲ့အတူ ပြဋ္ဌာန်းပေးရန် ဖ–ဆ–ပ–လ အစိုးရကို တိုက်တွန်းခဲ့ကြတယ်။

(၁) သီးစားချထားနိုင်ခွင့်ကို တောင်သူလယ်သမားများအား အပ်နှံခဲ့ခြင်း

အနိုင်ကျင့်နေတဲ့ လယ်ယာပိုင်ရှင်တွေက လက်နက်ကောင်းတစ်ခုအဖြစ်နဲ့ ရှေးအခါက အမြဲတမ်းအသုံးပြုခဲ့တဲ့ သီးစားချထားနိုင်ခွင့်ကို သူတို့ရဲ့ လက်ထဲကယူလိုက်ပြီး၊ တောင်သူလယ်သမားတွေရဲ့ လက်ထဲကို ထည့်ပေးဖို့အတွက် ၁၉၄၈ ခုနှစ် သီးစားချထားရေး အက်ဥပဒေတစ်ရပ်ကို ဖ–တ–လ–စ ခေါင်းဆောင်မှုအရ၊ နိုင်ငံတော်အစိုးရတို့က ပြဋ္ဌာန်းခဲ့တယ်၊ ဒီ ၁၉၄၈ ခုနှစ် သီးစားချထားရေးအက်ဥပဒေနဲ့ သီးစားခစံနှုန်းအက်ဥပဒေတို့ဟာ အမှန်စင်စစ်ဆိုရင် တစ်ဦးကို တစ်ဦး အထောက်အခံပြုနေတဲ့ အမြွှာညီနောင် အက်ဥပဒေနှစ်ရပ်ဖြစ်တယ်။

အဲဒီသီးစားချထားရေးအက်ဥပဒေအရ လယ်ယာပိုင်ရှင်တွေမှာ ရှေးတုန်းကလို သူတို့ရဲ့လယ်ယာတွေကို တောင်သူလယ်သမားတွေကို ချပေးနိုင်တဲ့အခွင့်အလမ်းမရှိတော့ဘူး၊ လယ်ယာများကို တောင်သူလယ်သမားတွေက ရွေးကောက်တင်မြှောက်ထားတဲ့ လယ်ယာမြေချထားရေး ကော်မီတီဝင်များက ချပေးရတော့မယ်။

အဲဒီဥပဒေနှစ်ရပ်ဟာ သာမန်ဥပဒေတွေ မဟုတ်ပါဘူး၊ နယ်ချဲ့သမားတွေရဲ့ အရှိန်အဝါကို ခိုလှုံနေရတဲ့အတွက် အချုပ်အခြာအာဏာမရှိတဲ့ အစိုးရအဖွဲ့မျိုးသာဆိုရင်၊ ဒီဥပဒေမျိုးတွေကို စိတ်ကူးရုံသာကူးရဲကြလိမ့်မယ်၊ ဥပဒေအဖြစ်နဲ့ ပြဋ္ဌာန်းဖို့ဆိုတာကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဘာဖြစ်လို့လဲဆိုတော့ ဥပဒေနှစ်ရပ်ဟာ နယ်ချဲ့သမားတွေနဲ့ အတူတူ၊ တစ်နိုင်ငံလုံးရဲ့ အဆီအနှစ်တွေကို (ဝါးစေ) နေကြတဲ့ လယ်ယာပိုင်ရှင်ကြီးတွေရဲ့ အနိုင်ကျင့်မှုတွေကို အောက်ခြေကနေပြီး ဖြတ်ပစ်လိုက်ကြတဲ့အတွက်ပဲ ဖြစ်ပါတယ်။

ဒီဥပဒေနှစ်ရပ်ပေါ်ထွက်လာကတည်းက လယ်ယာပိုင်ရှင်တွေဟာ ဒီနှစ်အတွင်း သီးစားခတွေ အဆမတန်ပိုပြီး တောင်းလျှင်တော့ ခက်မှာပဲ၊ အဲဒီလိုအဆမတန်သီးစားခတွေ ပိုတောင်းတာကို တောင်သူလယ်သမားတွေ မပေးနိုင်တဲ့အတွက် လယ်ယာပိုင်ရှင်

mgyoe.com

mgyoe.com


တွေက လယ်မချရင်တော့ ခက်မှာပဲ အစရှိတဲ့ တောင်သူလယ်သမားတွေ ရှေးအခါက နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေဟာ တစ်ခါတည်း မရှိကြတော့ဘူး။ ရောင်ခြည်တစ်ထောင် အလင်းဆောင်တဲ့ နေမင်းကြီးဟာ အရှေ့ပြဗ္ဗဒေဝါဒေဝစွန်းဆီက ပေါ်ထွက်လာတဲ့အခါ ဆီးနှင်းများဟာ ကွယ်ပျောက်ရဘိသကဲ့သို့၊ ဒီဥပဒေနှစ်ရပ်ပေါ်ထွက်လာတာနဲ့ တစ်ပြိုင်နက်၊ တောင်သူလယ်သမားတွေရဲ့ အထက်ပါ အခက်အခဲတွေဟာလည်း တစ်ပြိုင်နက်တစ်ချက်တည်း ကွယ်ပျောက်သွားကြရတယ်။

**(ဂ) တောင်သူလယ်သမားများအပေါ်တွင် တင်ရှိနေသော ကြွေးမြီများကို သက်သာစေခဲ့ခြင်း**

ရှေးအခါက တောင်သူလယ်သမားများ ရင်ဆိုင်ရသော ပြဿနာတစ်ရပ်ဟာ ကြွေးမြီးပြဿနာပင်ဖြစ်တယ်။ တောင်သူလယ်သမားတွေဟာ လယ်သီးစားခတွေကို အဆမတန်ပေးရတဲ့အတွက် နှစ်စဉ်နှစ်တိုင်း ငွေပိုတယ်လို့ မရှိအမြဲတမ်းပင်လိုလျက်ရှိကြတယ်။ စားဖို့အတွက်သာမက ဝတ်ဖို့အတွက်ကလည်း ရှိသေးတယ်။ အရွယ်ရောက်လာတဲ့ သားကလေးတွေကိုလည်း ရှင်ပြုရဦးမယ်၊ ကထိန်ပွဲတို့ ဆွမ်းတော်ကြီးကပ်တို့ ဘုန်းကြီးပျံတို့အစရှိတဲ့ သာရေးနာရေးတွေအတွက်လည်း တတ်နိုင်သလောက် သုံးချင်ကြသေးတယ်။ အဲဒီတော့ တောင်သူလယ်သမားတွေအတွက်ငွေဟာ အမြဲလိုနေတယ်။

အဲဒါကို ငွေပိုင်ရှင်များက အခွင့်ကောင်းယူပြီး နည်းအမျိုးမျိုးနဲ့ အမဲလိုက်သလိုဝိုင်းလိုက်ကြတာပဲ။ ဒီနည်းမျိုးစုံတွေကိုတော့။ တောင်သူလယ်သမားတွေကိုယ်တိုင်သိပြီး ဖြစ်နေတဲ့အတွက် ကျွန်တော်မပြောတော့ဘူး။ အဲဒီလိုအလိုက်ခံရတဲ့ ဘဝဆိုးကြီးက လွတ်မြောက်လာအောင် ဘာတွေလုပ်ခဲ့တယ်ဆိုတာကိုသာ ကျွန်တော်ပြောတော့မယ်။

အဲဒီလို အမဲလိုက်သလိုဝိုင်းပြီး အလိုက်ခံရတဲ့အတွက် ကြွေးပင်လယ်ကြီးထဲမှာ နစ်မွန်းနေကြတဲ့ တောင်သူလယ်သမားတွေကို ကယ်တင်ဖို့အတွက် ဖ–တ–လ–စရဲ့ ခေါင်းဆောင်မှုအရ၊ မြန်မာနိုင်ငံတော် လယ်ယာလုပ် ကိုင်သူတို့ကြွေးမြီသက်သာရေး ဥပဒေတစ်ရပ်ကို နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းပေးခဲ့တယ်။ ဒီဥပဒေရဲ့အဓိကအချက်ကြီးနှစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်တယ်။

(၁) တောင်သူလယ်သမားထုအပေါ်တွင် ၁၉၄၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မတိုင်မီက တင်ရှိခဲ့သော ကြွေးမြီများကိုလည်းကောင်း၊

(၂) ၁၉၄၁ ခု၊ အောက်တိုဘာလ ၁ ရက်နေ့နောက်တွင် တင်ရှိခဲ့သော ကြွေးမြီများကိုလည်းကောင်း၊ လျှော်ပစ်ရန်အတွက် ကြွေးမြီဆုံးဖြတ်ရေးအဖွဲ့ထံ ကြွေး တင်နေသော တောင်သူလယ်သမားတိုင်းက လျှောက်ထားနိုင်ခွင့်ကို ဥပဒေပုဒ်မ ၁၃ နှင့် ၁၄ အရ သတ်မှတ်ထားတယ်။

၁၉၄၁ ခု၊ အောက်တိုဘာလ ၁ ရက်နေ့မတိုင်မီက တင်ရှိခဲ့သော ကြွေးမြီများအတွက် ဥပဒေထဲတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားတယ်။

mgyoe.com

mgyee.com


(က) ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့အထိ ပေးရန်ရှိသော ငွေတိုးဟာ ဘယ်လောက်ပဲဖြစ်ဖြစ်၊ တောင်သူလယ်သမားက ငွေရှင်ကို မပေးရတော့ဘူး။

(ခ) ထို ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစပြု၍ ကြွေးတင်နေသော တောင်သူလယ်သမားသည်၊ ငွေရှင်ထံမှ မိမိချေးထားသော ငွေရင်းကိုသာ ပြန်၍ ဆပ်ရမည်။ ဒီလိုဆပ်တဲ့အခါမှာလည်း ငွေရင်းအားလုံးကို တစ်ခါတည်းနဲ့ ပြေအောင်ဆပ်နိုင်လျှင် ဆပ်၊ မဆပ်နိုင်လျှင် ကိုယ်တတ်စွမ်းနိုင်သလောက် အရစ်ကျပြန်ပြီး ဆပ်ရမယ်။

(ဂ) တောင်သူလယ်သမားသည် ကြွေးနှင့်ပတ်သက်၍ ငွေရှင်ထံသို့ ပြန်ဆပ်ပြီးသော ငွေသည်မူလငွေရင်းရဲ့ နှစ်ဆဖြစ်နေလျှင် ဒီတောင်သူလယ်သမားဟာ ဒီကြွေးနဲ့ပတ်သက်ပြီး ငွေရှင်ကို နောက်ထပ်ပေးဆပ်စရာ မလိုတော့ဘူး။

အစရှိတဲ့ သက်သာချောင်ချိမှုတွေကို ပြဋ္ဌာန်းထားတယ်။ ကြွေးဝန်ထုပ်ကြီးကို ထမ်းထားရတဲ့အတွက် ခါးကုန်းအောင်ခံနေရတဲ့ တောင်သူလယ်သမားတွေဟာ ဒီကြွေးမြီသက်သာရေးဥပဒေရဲ့ အစွမ်းကြောင့်၊ ခါးဆန့်နိုင်တဲ့အခြေအနေကို ရောက်ခဲ့ကြပါတယ်။ ဒီဥပဒေမျိုးဟာလည်း နယ်ချဲ့သမားတွေရဲ့ လက်ထဲမှာ အချုပ်အခြာအာဏာကို ကိုင်ထားတဲ့ ထိုခေတ်အခါတုန်းကဆိုရင် စိတ်ကူးရုံလောက်သာ ကူးနိုင်တဲ့ ဥပဒေမျိုးဖြစ်တယ်။ တကယ်လုပ်လို့ဖြစ်နိုင်တဲ့ ဥပဒေမျိုး မဟုတ်ဘူး။ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ လက်ထဲကို ယခုအခါလို အချုပ်အခြာအာဏာပြန်ပြီးရောက်လာတဲ့ခေတ်မျိုးမှာမှ ဒီဥပဒေမျိုးကို ပြဋ္ဌာန်းလို့ ဖြစ်နိုင်တယ်။ အဲဒါကြောင့် အချုပ်အခြာအာဏာရတာနဲ့ တစ်ပြိုင်နက်၊ ဖ–တ–လ–စရဲ့ခေါင်းဆောင်မှုအရ ဒီကြွေးမြီသက်သာရေး ဥပဒေကို နိုင်ငံတော်အစိုးရတို့က ပြဋ္ဌာန်းခဲ့ကြတယ်။

## (ဃ) လယ်ယာမြေပြည်သူပိုင်ပြုလုပ်ပေးခြင်း

ဖ–တ–လ–စ အဖွဲ့ချုပ်ခေါင်းဆောင်ကြီး သခင်တင်ကိုယ်တိုင် မကြာမီက လယ်ယာမြေပြည်သူပိုင်ပြုလုပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး အတော်ပဲ စုံစုံလင်လင်ပြောပြီးသွားပါပြီ။ ဒါကြောင့် ဒီကိစ္စကို အကျယ်ပြောဖို့မလိုတော့ပါ။ ဒီလယ်ယာမြေပြည်သူပိုင်ပြုလုပ်ရန်ကိစ္စကို ရှေးအခါက တောင်သူလယ်သမားများရဲ့ ပြဿနာကို ဖြေရှင်းလိုတဲ့ နိုင်ငံရေးသမားတိုင်း လေးလေးနက်နက် စဉ်းစားခဲ့ကြပါတယ်။ ဒါပေမဲ့ ထိုစဉ်အခါက အချုပ်အခြာအာဏာဟာ ဗြိတိသျှနယ်ချဲ့သမားတို့၏ လက်တွင်းမှာသာရှိနေတဲ့အတွက် လယ်ယာမြေပြည်သူပိုင်ပြုလုပ်ရေးကိစ္စကို အဲဒီနိုင်ငံရေးသမားတွေဟာ စဉ်းစားရုံသာ စဉ်းစားနိုင်ခဲ့ကြတယ်။ အဲဒါကြောင့် ဗြိတိသျှနယ်ချဲ့သမားတို့၏လက်ထဲမှ အချုပ်အခြာအာဏာဟာ ပြည်သူလူထုကြီးရဲ့လက်ထဲကို ပြန်ရောက်တာနဲ့ တစ်ပြိုင်နက် ဖ–တ–လ–စ ရဲ့ ခေါင်းဆောင်ချက်အရ အစိုးရတို့က လယ်ယာမြေပြည်သူပိုင်ပြုလုပ်ရေး ဥပဒေတစ်ရပ်ကို

mgyee.com

mgyoe.com


ပြဋ္ဌာန်းခဲ့ကြတယ်။ ဒီဥပဒေပြဋ္ဌာန်းပြီတဲ့နောက် သူပုန်ရောင်စုံတွေရဲ့ ဆူပူသောင်းကျန်းမှုကြောင့် လယ်ယာမြေပြည်သူ့ ပိုင်ပြုလုပ်ရေးအတွက် ဥပဒေကိုသာ ပြ ်းဖြစ်ခဲ့တယ်။ အကောင်အထည်ဖော်ဖို့ မဖြစ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ ငြိမ်းချမ်းရေးအရိပ်အယောင်ရနိုင်တဲ့အချိန်အခါကစပြီး ဗ–တ–လ–စ အဖွဲ့ချုပ်ဥက္ကဋ္ဌကြီးသခင်တင်ကိုယ်တိုင် ခေါင်းဆောင်ပြီး ဒီလယ်ယာမြေ ပြည်သူ့ပိုင်ပြုလုပ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်နေပြီးဖြစ်တဲ့အတွက်၊ ဒီလုပ်ငန်းဟာ ကျွန်တော်တို့မှန်းထားတဲ့ အချိန်အတွင်း ဧကန်မုချ အကောင်အထည်ပေါ်ရမယ်လို့ ကျွန်တော် ယုံကြည်တယ်။

လယ်ယာမြေပြည်သူ့ပိုင်ပြုလုပ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးကုန်ကျစရာရှိတဲ့ ငွေရေးကြေးရေးအတွက်ကို ဘာမှမပူနှင့်၊ လယ်ယာများကို တရားမျှတပြီး စနစ်တကျ တောင်သူလယ်သမားများကို ဝေငှပေးနိုင်မဲ့ စက်ယန္တရားတစ်ခုကိုသာ အမြန်ဆုံးနည်းနဲ့ တည်ဆောက်ပါ၊ ဒီလိုတည်ဆောက်ပြီးတာနဲ့ တစ်ပြိုင်နက်ဘာကိုမျှ နောက်ပြန်မကြည့်ဘဲ တောင်သူလယ်သမားတွေရဲ့ လက်ထဲကို လယ်ယာမြေတွေဝေပါလို့ ဖ–ဆ–ပ–လရဲ့ ကိုယ်စားရောနိုင်ငံတော်အစိုးရရဲ့ ကိုယ်စားရော၊ ကျွန်တော်ကိုယ်တိုင် ညွှန်ကြားချက်ထုတ်ပေးပြီးပြီဖြစ်တဲ့အတွက် ဒီစက်ယန္တရားကြီးတည်ဆောက်ပြီးတာနဲ့ တစ်ပြိုင်နက်တည်း တောင်သူလယ်သမားတွေဟာ မိမိတို့ရခွင့်ရထိုက်ရှိတဲ့လယ်ယာတွေကို ဧကန်မုချရကြတော့မယ်လို့ ယုံကြည်ထားကြပေတော့။

(c) တောင်သူလယ်သမားအမတော်ကြေးငွေကို ကိုးသိန်းခန့်မှ ငါးကုဋေခန့်အထိ တိုးမြှင့်ခဲ့ခြင်း

ရှေးအခါက နှစ်စဉ်လုပ်ကိုင်တဲ့ လယ်ယာမြေဧကပေါင်းဟာ ၁၂ သန်းခန့်ရှိတယ်။ အဲဒီအထွက်ထုတ်ချေးတဲ့ လယ်ယာအမတော်ကြေးငွေဟာ အများဆုံး ၉ သိန်းခန့်သာရှိတယ်။ အဲဒီလိုနိုင်ငံတော်အစိုးရက အမတော်ကြေးကို ငွေကိုဆင့်ပါးစပ်နှမ်းပက်သလိုနည်းနည်းကလေး ထုတ်ချေးတာကတော့ တခြားဟာကြောင့် မဟုတ်ဘူး၊ အောက်ပါအကြောင်းများကြောင့် ဖြစ်တယ်။

အစိုးရက အမတော်ကြေးငွေကို လုံလုံလောက်လောက် ထုတ်မချေးတော့ တောင်သူလယ်သမားတွေဟာ ချစ်တီးဆီမှာ ချေးကြရတယ်၊ ချစ်တီးက ဗြိတိသျှဘဏ်က အတိုးနည်းနည်းနဲ့ ငွေယူပြီး တောင်သူလယ်သမားတွေကို အတိုးကြီးကြီးနဲ့ ချေးတယ်။

အဲဒီအခါတုန်းက ဆန်စပါးလုပ်ငန်းကို ဗြိတိသျှခနေရှင်တွေကပဲ လက်ဝါးကြီးအုပ်ထားတော့ ဗြိတိသျှခနေရှင်တွေဟာ တောင်သူလယ်သမားတွေဆီက စပါးကိုဝယ်ချိန်ကျရင် ဗြိတိသျှဘဏ်ကငွေပြန်ဆပ်ဖို့ ချစ်တီးကို ထုလိုက်တယ်၊ ချစ်တီးက တောင်သူလယ်သမားကို ထုတယ်။ အဲဒီတော့ ချစ်တီးက ကြွေးပူနေတဲ့အချိန်မှာ ဗြိတိသျှခနေရှင်တွေက စပါးဈေးတွေကို အဆမတန် နှိမ်ပြီးဝယ်တာပဲ။

အဲဒီတော့ ဟိုတစ်ခါတုန်းက အစိုးရကလည်း ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့

mgyoe.com

လက်ကိုင်တုတ်ဆိုတော့ တောင်သူလယ်သမားတွေ လုံလုံလောက်လောက်ရအောင် ဘယ်မှာ အမတော်ကြေးငွေတွေကို ထုတ်ချေးနိုင်ပါ့မလဲ၊ လူကြားသူကြား ကောင်းရုံ အနည်းအကျဉ်း ထုတ်ချေးပြီး စပါးဈေးကို နှိမ်ဝယ်ချင်တဲ့ ဗြိတိသျှစနေရှင်တွေ ဆင်ထားတဲ့ ကျားကွက်ကို ငြိမ်ပြီးလက်ခံခဲ့ကြရတယ်။

အဲဒါကြောင့် ဗြိတိသျှနယ်ချဲ့သမားတွေလက်ထဲက အချုပ်အခြာအာဏာဟာ ပြည်သူလူထုရဲ့လက်ထဲကို ပြန်ပြီးရောက်တာနဲ့ တစ်ပြိုင်နက် ဖ–တ–လ–စရဲ့ ခေါင်းဆောင်မှုအရ အမတော်ကြေးကို ၉ သိန်းခန့်မှ ၅ ကုဋေခန့်အထိ နိုင်ငံတော်အစိုးရတို့က တိုးမြှင့်ပေးခဲ့တယ်။ လယ်လုပ်တဲ့ကေချင်းယှဉ်ကြည့်မှ အမတော်ကြေးငွေတိုးတက်လာပုံမှာ မည်မျှကွာခြားတယ်ဆိုတာကို ထင်ထင်ရှားရှားကြီး သိနိုင်ပါလိမ့်မယ်။

ရှေးအခါက တစ်နိုင်ငံလုံးမှာ လယ်ယာလုပ်တဲ့ဧကပေါင်းမှာ ၁၂ သန်းခန့်ရှိပြီး၊ အခြားကောက်ပဲသီးနှံလုပ်တဲ့ ဧကပေါင်းက ၅ သန်းကျော် ၆ သန်းလောက်ရှိပြီး၊ အမတော်ကြေးငွေမှာ ၉ သိန်းခန့်ဖြစ်တယ်။ ယခုအခါမှာ သူပုန်ရောင်စုံတို့ရဲ့ သောင်းကျန်းမှုကြောင့် လယ်ယာလုပ်နိုင်တဲ့ ဧကပေါင်းမှာ ၉ သန်းခန့်မျှသာရှိပါတယ်။ အခြားကောက်ပဲသီးနှံလုပ်တဲ့ ဧကပေါင်းမှာ ၃ သန်းလောက်မျှသာ ရှိတော့တယ်။ ဧကပေါင်း ၆ သန်းခန့် လျော့သွားတယ်။ ဒါပေမဲ့ အမတော်ကြေးငွေကျတော့ အဆ ငါးဆယ်လောက်တိုးတက်လာတယ်။ သူပုန်ရောင်စုံတွေရဲ့ သောင်းကျန်းမှုက တောင်သူလယ်သမားတွေ လုံးဝလွတ်ငြိမ်းတဲ့အခါဆိုရင် အမတော်ကြေးငွေဟာ ဒါထက်ပင် ပိုပြီးလာရဦးမယ်။

(စ) သီးနှံပို၍ထွက်အောင် ကြိုးပမ်းခဲ့ခြင်း

နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးခဲဟာ ၎င်းနိုင်ငံရဲ့ ထွက်ကုန်ပဲဖြစ်တယ်။ ဒီထွက်ကုန်တွေကို များများထွက်အောင် လုပ်နိုင်ရင်၊ ပြည်တွင်းစီးပွားရေးလည်း များများချောင်ချောင်လည်လည်ရှိမယ်။ နောက်ပြီးတော့ ပြည်တွင်းမှာ လိုနေတဲ့ လူသုံးပစ္စည်းတွေ စက်ကိရိယာတန်ဆာပလာတွေ၊ နိုင်ငံခြားက ဖောဖောသီသီ မှာယူနိုင်တယ်။ အဲဒါကြောင့် ကမ္ဘာပေါ်မှာ ရှိရှိသမျှ နိုင်ငံတွေဟာ လက်ဝဲနိုင်ငံပဲဖြစ်ဖြစ်၊ လက်ယာနိုင်ငံပဲဖြစ်ဖြစ်၊ အရှေ့နိုင်ငံပဲဖြစ်ဖြစ်၊ အနောက်နိုင်ငံပဲဖြစ်ဖြစ်၊ ကိုယ့်နိုင်ငံတွင်းမှာ ထွက်တဲ့ထွက်ကုန်မှန်သမျှကို ဆတက်ထမ်းပိုးတိုးပြီး ထွက်အောင်အားသွန်ပြီး လုပ်နေကြရတယ်။ ကျွန်တော်တို့ ပြည်ထောင်စုကို ကြည့်လိုက်ရင် ကျွန်တော်တို့ရဲ့ အသက်သွေးခဲတွေဟာ ဘာလဲ၊ အသက်သွေးခဲတွေဟာဆန်တွေ၊ သစ်တွေ၊ ရေနံတွေ၊ သတ္တုတွေပဲဖြစ်တယ်။ ဒါပေမဲ့ စစ်ကြီးအတွင်းက အကြီးအကျယ်အဖျက်အဆီးခံရတာကတစ်ကြောင်း၊ စစ်ကြီးပြီးတဲ့နောက် သူပုန်ရောင်စုံတွေရဲ့ သောင်းကျန်းမှုမျိုးစုံကို ခံရတာကတစ်ကြောင်းကြောင့်၊ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ ယခုလက်ငင်းအခြေအနေအရ၊ သစ်ကိုလည်း သိပ်ပြီး အားမကိုးနိုင်ဘူး၊ ရေနံနှင့် သတ္တုဆိုရင်လည်း အလျဉ်းကို အားမကိုးနိုင်လောက်အောင် ဖြစ်နေတယ်။

mgyue.com

mgyoe.com.


အဲဒီတော့ ကျွန်တော်တို့ပြည်ထောင်စုကြီးရဲ့ လက်ငင်းအခြေအနေအရ တစ်ခုတည်းသော အားကိုးရာဟာ တခြားဟာတွေ မရှိတော့ဘူး။ ဆန်ပဲ ရှိတော့တယ်။

အမှန်အတိုင်း ပြောရရင် လွတ်လပ်ရေးရပြီးတဲ့နောက်မှ ဒီကနေ့အထိ၊ ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ တစ်ကြိမ်နှစ်ကြိမ် အသက်ထွက်လုနီးပါးဖြစ်နေရာက နာလန်ပြန်ပြီး ထူလာနိုင်တာဟာ တခြားကြောင့် မဟုတ်ပါဘူး။ ဆန်က အသက်ဆက်ပေးလိုက်လို့ပဲ ဖြစ်တယ်ဆိုရင် မလွဲနိုင်ပါဘူး။

အဲဒီလောက် အရေးတကြီး အသက်သွေးခဲဖြစ်နေတဲ့ ဆန်ရဲ့အခြေအနေဟာ၊ လွတ်လပ်ရေးရစ၊ ၁၉၄၈ ခုနှစ်လောက်ကဆိုရင် အတော်ထိတ်လန့်စရာ ကောင်းအောင်ကို ဆိုးခဲ့ပါတယ်။ အဲဒီလိုအချိန်အခါမျိုးမှာ ဗ–တ–လ–စရဲ့ ခေါင်းဆောင်မှုအရ၊ လူစွမ်းကောင်းတွေ အမြောက်အမြားပြည်ထောင်စုထဲမှာ ပေါ်ထွက်ခဲ့ပါတယ်။ အဲဒီလူစွမ်းကောင်းတွေကို ရန်ကုန်ခေါ်ပြီးတာဝန်ကြီးတစ်ခုကို ကျွန်တော်တို့အပ်နှင်းလိုက်ပါတယ်။ ဒီတာဝန်ကြီးကတော့ တခြားဟာ မဟုတ်ပါဘူး။ တောင်သူလယ်သမားတွေ လယ်ယာတွေကို တိုးပြီး‌လုပ်နိုင်အောင် အစွမ်းကုန်လှုံ့ဆော်ပေးဖို့ တာဝန်ပဲဖြစ်ပါတယ်။

ဒီလိုလှုံ့ဆော်ပေးရန်တာဝန်တစ်ခုကို အပ်နှင်းခံရရုံနဲ့ ဒီလူတွေကို လူစွမ်းကောင်းတွေလို့ ကျွန်တော်ဘာကြောင့်ခေါ်ရသလဲ။ သာမန်အချိန်အခါမျိုးဆိုရင်၊ ဒီလောက်တာဝန်ကို အပ်နှင်းခံရတဲ့လူတွေကို လူစွမ်းကောင်းတွေလို့ မခေါ်ချင်ရင်လည်း နေနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီတာဝန်အပ်နှင်းခြင်းခံရတဲ့အချိန်အခါတုန်းက တိုင်းပြည်ရဲ့အခြေအနေဟာ အင်မတန်ဆိုးတဲ့ အခြေအနေဖြစ်ပါတယ်။ အထူးသဖြင့် ဗ–တ–လ–စ အဖွဲ့ဝင်တွေအတွက်ဆိုးပါတယ်။ အဲဒီအချိန်အခသည် ကားဆိုလျှင်၊ လက်နက်မဲ့ ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ လက်နက်ကိုင်သူပုန်ရောင်စုံတို့ရဲ့ သေနတ်ပြောင်းဝက လွတ်အောင်အကြီးအကျယ် ရှောင်တိမ်းနေရသောအခါ ဖြစ်တယ်။ အဲဒီအချိန်သည်ကားဆိုလျှင် ရှောင်တိမ်း၍ မလွတ်သဖြင့် အမိခံရသော ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ သူပုန်ရောင်စုံတို့ရဲ့ ရက်စက်စွာသတ်ဖြတ်ခြင်းခံရသောအချိန်အခါ ဖြစ်တယ်။ အဲဒီအချိန်အခါသည် ကားဆိုလျှင် ဗ–တ–လ–စ အဖွဲ့ဝင်တွေရဲ့ မရွှေ့မပြောင်းနိုင်တဲ့ အိုးအိမ်ပစ္စည်းတွေကိုမှ သူပုန်ရောင်စုံတို့က တမင်သက်သက်ရွေးပြီးလုယက်ဖျက်ဆီးနေသော အချိန်အခါဖြစ်တယ်။ ဤအချိန်အခါသည်ကားဆိုလျှင် ဖ–ဆ–ပ–လ အစိုးရကလည်း ကိုယ့်အဖွဲ့ဝင်တွေဖြစ်တဲ့ ဗ–တ–လ–စ တွေကို ဘာအကွယ်အကွယ်မှ မပေးနိုင်ဘဲ၊ မချိတင်ကဲလက်ပိုက်ကြည့်နေရသောအခါ ဖြစ်တယ်။ အဲဒီလိုအချိန်အခါမျိုးမှာ တစ်ဖက်သောလက်နဲ့ ကိုယ့်အသက်ကို ဆုပ်၊ အခြားတစ်ဖက်သော လက်နဲ့ ဖ–ဆ–ပ–လ အစိုးရက ပေးအပ်လိုက်တဲ့ တာဝန်ကို ဆုပ်ပြီး၊ စပါးပိုထွက်အောင် အစွမ်းကုန်ကြိုးပမ်းခဲ့ရတဲ့အတွက် ဒီလူတွေကို လူစွမ်းကောင်းတွေလို့ ခေါ်ခြင်းပင် ဖြစ်ပါတယ်။

ဒီလူတွေရဲ့ ကြိုးပမ်းချက်အရ ထိုအချိန်အခါက ပို၍လုပ်တဲ့ လယ်ကေပေါင်းဟာ

mgyoe.com

mgyne.com

၃ သန်းကျော်ခဲ့တာကို အထင်အရှားမှတ်တမ်းတင်ပြီးသားရှိပါတယ်။

(ဆ) နိုင်ငံတော်စိုက်ပျိုးရေးဘဏ် တည်ထောင်ပြီးစီးခြင်း

နိုင်ငံတော်စိုက်ပျိုးရေးဘဏ်ကြီးဟာ တောင်သူလယ်သမားတွေအတွက် အင်မတန်အရေးကြီးတဲ့ ကိစ္စကြီးတစ်ရပ်ဖြစ်ပါတယ်။ အဲဒီလိုအရေးကြီးတဲ့အတွက် ဗ–တ–လ–စ ရဲ့ခေါင်းဆောင်မှုအရ၊ လွတ်လပ်ရေးရပြီးနောက် သုံးလအကြာ၊ ၁၉၄၈ ခုနှစ်၊ ဧပြီလလောက်ကတည်းက စပြီး ဖ–ဆ–ပ–လ အစိုးရက နိုင်ငံတော်စိုက်ပျိုးရေးဘဏ် စီမံကိန်းကို အခြေပျိုးခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက စိုက်ပျိုးရေးဘဏ်ကိစ္စကို ကျကျနနစုံစမ်းပြီး သင့်တော်သော စိုက်ပျိုးရေးဘဏ်တစ်ခု တည်ထောင်ရန်အတွက် အစိုးရကို အကြံပေးရန် စုံးစမ်းရေးကော်မီတီတစ်ခုဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မီတီက အစီရင်ခံစာတစ်စောင်ရေးပြီးလို့ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ ကျင်းပပြီး စီးခဲ့တဲ့ ဥပဒေပြုလွှတ်တော်မှာ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်တည်ထောင်ဖို့ ဥပဒေတစ်ခု ပြဋ္ဌာန်းပြီးပါပြီ။ ဒီနိုင်ငံတော်စိုက်ပျိုးရေးဘဏ်စီမံကိန်းကြီးကို ရာခိုင်နှုန်းအပြည့် အကောင်အထည်ဖော်ပြီးတဲ့အခါ စိုက်ပျိုးရေးဘဏ်တွေဟာ ကျေးရွာတွေအထိ ဖွင့်ပြီးသားဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ယခုလက်ငင်းချက်ချင်းတော့၊ ကျွန်တော်တို့အလိုရှိတဲ့အတိုင်းလုပ်ဖို့ မဖြစ်သေးဘူး။ ဒီစီမံကိန်းကြီးဟာ ကျွန်တော်တို့အတွက် အသစ်အဆန်းတစ်ခုဖြစ်နေတော့ မရမ်းရဲဘူး။ ငွေရေးကြေးရေးကလဲ အင်မတန်များပြားလေတော့ အမှားအယွင်းများကို တတ်နိုင်သမျှ ရှောင်ရှားနိုင်အောင် နှေးနှေးနဲ့မှန်မှန် အကောင်အထည်ဖော်သွားဖို့ ကျွန်တော်တို့ဆုံးဖြတ်ထားတယ်။ အဲဒါကြောင့် ဒီနှစ်အဖို့ဆိုရင် ပွဲဦးထွက်အနေနဲ့ မန္တလေး၊ ပဲခူး၊ အင်းစိန်၊ ဟင်္သာတလေးခရိုင်မှာ ခရိုင်ဘဏ်တွေဖွင့်ဖို့ စီစဉ်ပြီးပါပြီ၊ မတည်ရမဲ့ငွေကတော့ ၅ ကုဋေပဲ ဖြစ်ပါတယ်။

ဒီနိုင်ငံတော်စိုက်ပျိုးရေးဘဏ်ကြီးရဲ့ အဓိကရည်ရွယ်ချက်ဟာ တောင်သူလယ်သမားတွေကို အမတော်ကြေးငွေတွေ လုံလုံလောက်လောက် ထုတ်ချေးဖို့ဆိုတဲ့ ချေးငှားရေးအလုပ်တစ်ခုတည်းသာ မဟုတ်ဘဲ၊ တောင်သူလယ်သမားတွေ ငွေရေးကြေးရေးမှာ တာဝန်သိတတ်မှု အသိတရားတွေ၊ ချေတာစုဆောင်းခြင်းတို့ရဲ့ တန်ဖိုးတွေ၊ သူတစ်ပါးထံမှာ အကူအညီကို ဒူးထောက်ပြီး အလွယ်တကူ တောင်းယူခြင်းထက် ခဲခဲယဉ်းယဉ်း ကြိုးစားပြီး ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်းက ပို၍ မြင့်မြတ်တယ်ဆိုတဲ့ စိတ်ဓာတ်တွေ၊ တောင်သူလယ်သမားတွေရဲ့ ကိုယ်ခန္ဓာထဲမှာ တစ်နေ့တခြားတိုးတက်ရင့်သန်လာစေမဲ့ ပညာရပ်များကိုလည်း ဒီနိုင်ငံတော်စိုက်ပျိုးရေးဘဏ်ကြီးက အဓိကလုပ်ငန်းတစ်ခုအနေနဲ့ စနစ်တကျဖြန့်ချိသွားပါလိမ့်မယ်။

(ဇ) ပြည်ထောင်စုကြီးရဲ့တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့ခြင်း

ကမ္ဘာ့ရာဇဝင်တစ်ခုလုံးကို လေ့လာရင်၊ စစ်ပွဲကြီးတွေ၊ အရေးတော်ပုံကြီးတွေ

mgyne.com

mgyoe.com


ပေါ်လာတိုင်း ဒီစစ်ပွဲကြီးတွေ၊ အရေးတော်ပုံကြီးတွေရဲ့ ခေါင်းဆောင်တွေသာ ရာဇဝင်တွင် ကျန်ရစ်ခဲ့ကြတယ်။ အသက်အိုးအိမ်၊ စည်းစိမ်သားမယားအစရှိတဲ့ဟာတွေကို နည်းအမျိုးမျိုးနဲ့ စွန့်လွှတ်သွားရတဲ့ နောက်လိုက်ငယ်သားများကတော့ ဘယ်တော့မှ ရာဇဝင်တွင် ကျန်ရစ်ခဲ့တယ်လို့ မရှိဘူး၊ အဲဒီနောက်လိုက်ငယ်သားတွေကို ချီးကျူးကြတာ၊ ဂုဏ်ပြုကြတာ ရှာမှရှားသလောက်ဖြစ်ခဲ့တယ်။ ဒီလူတွေဟာ ဖုတ်လေတဲ့ ငါးပိရှိလေရဲ့လို့တောင် သိသူများ အင်မတန်ရှားပါတယ်။

အမှန်အတိုင်းပြောရရင် လွတ်လပ်ရေးရပြီးတဲ့နောက်၊ ချောက်ထဲကို ထိုးကျဖို့လက်နှစ်လုံးလောက်သာ လိုတော့တဲ့နေရာက ပြည်ထောင်စုကြီးကို လွတ်မြောက်လာအောင် လုပ်ခဲ့တဲ့ အရေးတော်ပုံကြီးရဲ့ သမိုင်းကို ရေးမယ်ဆိုရင် ခေါင်းဆောင်ကြီး ဦးဗဆွေတို့ ခေါင်းဆောင်ကြီး ဦးကျော်ငြိမ်းတို့၊ ခေါင်းဆောင်ကြီး သခင်တင်တို့၊ ဦးနုတို့ဆိုတဲ့ ဖ–ဆ–ပ–လ ခေါင်းဆောင်တွေရဲ့ အကြောင်းတွေသာ ခပ်များများပါကြမှာပဲ၊ သဘောကျတဲ့ သမိုင်းဆရာတွေရဲ့ လက်ထဲကိုရောက်သွားရင်လည်း ဒီ ဖ–ဆ–ပ–လ ခေါင်းဆောင်တွေပဲ၊ ခပ်များများချီးကျူးခံရမှာပဲ။ သဘောမကျတဲ့သမိုင်းဆရာတွေရဲ့ လက်ထဲရောက်သွားရင်လဲ ဒီ ဖ–ဆ–ပ–လ ခေါင်းဆောင်တွေပဲ ခပ်များများ ကလော်ဆဲခံရမှာပဲ။ ဒီအရေးတော်ပုံကြီး အောင်မြင်အောင် ဒီ ဖ–ဆ–ပ–လ ခေါင်းဆောင်တွေရဲ့နောက်က ချွေးနဲ့၊ သွေးနဲ့၊ စည်းစိမ်ဥစ္စာနဲ့ အမျိုးမျိုးစတေးသွားခဲ့ကြရတဲ့ ဦးဘတို့၊ ဦးခတို့၊ ဦးစတို့၊ ဒေါ်မြတို့၊ ဒေါ်လှတို့၊ မောင်အေးတို့၊ မောင်ချွေးတို့၊ မနီတို့၊ မကြည်တို့အစရှိတဲ့ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ အစိုးရအမှုထမ်းအရာထမ်းတွေကိုတော့ မှတ်မိသူတွေသိပ်ပြီးများလှမယ်မဟုတ်ဘူး။ သမိုင်းဆရာတွေကလည်း သူတို့ရဲ့သမိုင်းတွေထဲမှာ သိပ်ပြီး နေရာပေးနိုင်ကြမှာ မဟုတ်ဘူး။

အဲဒီတော့ ပြည်ထောင်စုကြီးရဲ့ တည်တံ့ခိုင်မြဲရေးအတွက် ရှေ့ဆုံးတန်းကနေပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ဗ–တ–လ–စ အဖွဲ့ဝင်တွေရဲ့ စွန့်စားမှုများကိုအခုတောင်သူလယ်သမားညီလာခံကြီးမှာ မှတ်တမ်းတင်ခွင့်ရလို့ ကျွန်တော်အများကြီး ဝမ်းသာပါတယ်။

သီးနှံပိုထွက်အောင် ကြိုးပမ်းခဲ့ခြင်းဆိုတဲ့ အခန်းတုန်းက သူပုန်ရောင်စုံတွေဟာ ဗ–တ–လ–စ တွေအပေါ်မှာ ဘယ်လောက်အငြိုးကြီးငြိုးခဲ့တယ်ဆိုတာကို ကျွန်တော်ပြောခဲ့ပြီးပါပြီ၊ အဲဒီအခါမှာ ဗ–တ–လ–စ ခေါင်းဆောင်တချို့ ရန်ကုန်ကို တက်လာကြတယ်၊ တချို့ခေါင်းဆောင်တွေကျတော့ ကိုယ့်နယ်လူထုကို ထိန်းပြီး၊ သူပုန်တွေရဲ့ဘေးက ဖြစ်သလိုတိမ်းရှောင်တဲ့ လူကရှောင်၊ ရှိသမျှ အင်အားကို စုပြီးဖြစ်သလိုခံချနိုင်တဲ့နေရာတွေမှာ ခံချတဲ့လူတွေကချ၊ ရန်ကုန်တက်လာတဲ့ ခေါင်းဆောင်တွေကလည်း ဌာနချုပ်လူကြီးတွေကို နယ်တွေမှာဖြစ်နေတဲ့ အခြေအနေဆိုးတွေကို အစီရင်ခံပြီးရနိုင်သမျှ လက်နက်နဲ့ ရနိုင်သမျှအကူအညီကို တောင်းကြတယ်၊ ဒါပေမဲ့ တောင်မင်းမြောက်မင်း မကယ်နိုင်ဆိုသလို

mgyoe.com

mgyoe.com

ဌာနချုပ်ကလူတွေကလည်း နယ်ခေါင်းဆောင်တွေရဲ့ အစီရင်ခံချက်တွေကို သက်ညှာစွာ နားထောင်ရုံကလွဲလို့၊ ဘာအကူအညီကိုမျှမပေးနိုင်ခဲ့ဘူး။

အဲဒီလိုသောင်မမြင် ကမ်းမမြင်ဖြစ်နေတဲ့ အခြေအနေ ဆိုးကြီးထဲကနေပြီး ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ တတ်နိုင်တဲ့နေရာတွေမှာ သူပုန်တွေဆီက လက်နက်လု၊ ငွေစုပြီး ဝယ်နိုင်တဲ့နေရာတွေမှာ သေနတ်တွေကိုဝယ်၊ အဲဒီလိုလုပ်ပြီး ကိုယ်စိတ်ကူးနဲ့ ကိုယ့်ခေါင်းဆောင်မှုနဲ့ ကိုယ့်ကာကွယ်ရေးတပ်တွေကိုဖွဲ့၊ အဲဒီလိုဖွဲ့ပြီးတချို့နေရာတွေမှာ၊ သူပုန်တွေကို ကိုယ့်ဟာကိုယ်တိုက်၊ တချို့နေရာတွေမှာ အစိုးရစစ်တပ်တွေကိုကူ၊ အစိုးရတပ်တွေမပို့နိုင်တဲ့ အချို့နေရာတွေကျတော့ သူပုန်တွေဝင်မစီးနိုင်အောင် သူတို့ဟာ သူတို့ ထိန်းထား၊ စပါးအထွက် မလျော့ရအောင် သူပုန်တွေအနှောင့်အယှက်ပေးနေတဲ့ တောင်သူ လယ်သမားတွေကိုဖြစ်သမျှ အကာအကွယ်တွေရှာပြီးပေး၊ အဲဒီလိုနည်းမျိုးစုံနဲ့ ပြည်ထောင်စု ကြီးရဲ့ တည်တံ့ခိုင်မြဲရေးအတွက် တစ်ဖက်တစ်လမ်းမှနေပြီး ဒီ ဗ–တ–လ–စ အဖွဲ့ဝင် တွေဟာ သက်စွန့်ကြိုးပမ်းအမှုတော်ကို ဝင်ထမ်းခဲ့ကြပါတယ်။ အဲဒါကြောင့် သူတို့ရဲ့ စွန်းစားကြိုးပမ်းချက်တွေကို ဒီညီလာခံကြီးမှာ မှတ်တမ်းတင်ထားကြရမယ်။

အခုကျွန်တော်ပြောခဲ့တဲ့ (က) မှ (ဇ) အထိလုပ်ငန်းကြီး (၈) ရပ်ဟာ အင်မတန် တိုတောင်းလှတဲ့ အချိန်အတွင်း ဗ–တ–လ–စရဲ့ခေါင်းဆောင်မှုနဲ့ လုပ်ငန်းကြီးတွေဖြစ် တယ်။ အချုပ်အခြာအာဏာရပြီးစ ငါးနှစ်အတွင်း သူပုန်ရောင်စုံတွေ ရှိ့ထားလို့လောင်စာ နဲ့ ပြာပုံတွေဖြစ်နေတဲ့ကြားထဲက ၈၅ ရာခိုင်နှုန်းရှိတဲ့ ပြည်ထောင်စုသားတွေရဲ့ အကျိုး ကျေးဇူးအတွက် ဗ–တ–လ–စက ခေါင်းဆောင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ လုပ်ငန်း တွေဖြစ်တယ်။ အဲဒီတော့ ကျွန်တော်ပြောရဲတယ်၊ အဲဒီလုပ်ငန်းကြီး (၈) ရပ်ကိုယူ၊ ကမ္ဘာ ပေါ်မှာရှိတဲ့ နိုင်ငံအသီးသီးမှာ အချုပ်အခြာအာဏာရပြီးစ ၅ နှစ်အတွင်း သူတို့တတွေ လုပ်ခဲ့တယ်လို့ မှတ်တမ်းတင်ထားတဲ့ လုပ်ငန်းတွေကိုလည်းပဲယူ၊ အဲဒီကျွန်တော်တို့ရဲ့ လုပ်ငန်းကြီး (၈) ရပ်နဲ့ သူတို့ရဲ့လုပ်ငန်းတွေကိုယှဉ်ပြီး တစ်ခုစီကိုပဲခေါ်ကြည့်ပါ။ အသံ သာယာတဲ့နေရာမှာ သူတို့လုပ်ငန်းတွေထက် မပိုဘူးဆိုသည့်တိုင်အောင် မလျော့ပါဘူး။ ကျွန်တော်တို့ရဲ့ လုပ်ငန်းကြီး (၈) ရပ်နဲ့ သူတို့ရဲ့လုပ်ငန်းတွေကို ချိန်ခွင်ထဲမှာထည့်ပြီး ချိန်ကြည့်ပါ။ ကျွန်တော်တို့ရဲ့ လုပ်ငန်းကပိုပြီး မလေးဘူးဟုဆိုသည့်တိုင်အောင်၊ ပိုပြီး မပေ့ါပါဘူး။ လုပ်ငန်းတိုင်းရဲ့ လေးနက်ပုံ၊ လူထုကြီးတစ်ရပ်လုံးကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်ပုံတို့ကို ယှဉ်ကြည့်ပါ ကျွန်တော်တို့ရဲ့ လုပ်ငန်းကြီး (၈) ရပ်က ပိုပြီး လေးနက် တယ်။ ထိရောက်တယ်လို့ မဆိုနိုင်သည့်တိုင်အောင် မလျော့ပါဘူး။

ဘာမဆိုသူများလုပ်တာမှ ကောင်းတယ်၊ ကိုယ်လုပ်ရင်မကောင်းဘူးလို့ အမြဲတမ်း ယူဆထားတဲ့ အမေကျော် ဒွေးတော်လွမ်းသမားတွေအတွက်တော့ မပြောတတ်ဘူး။ ကိုယ့်ပြည်ထောင်စုနဲ့ ကိုယ့်အမျိုးကို ချစ်မြတ်နိုးတတ်တဲ့ မျိုးချစ်စိတ်တွေ၊ ဇာတိသွေး ဇာတိမာန်တွေရှိတဲ့ ပြည်ထောင်စုသားတွေအတွက်ဆိုရင် ဒီလုပ်ငန်းကြီး (၈) ရပ်ဟာ

mgyoe.com

mgyoe.com


အားပါးတရ ဂုဏ်ယူစရာလုပ်ငန်းကြီးတွေပဲ၊ တောင်သူလယ်သမားတွေရဲ့ သမိုင်းကြီးမှာ မြင့်မြင့်မားမား စွင့်စွင့်ကားကားကြီးပေါ်ထွက်နေတဲ့ ကျောက်စာတိုင်ကြီး (၈) တိုင်ရယ်လို့ မှတ်တမ်းတင်ထားရမဲ့လုပ်ငန်းကြီး (၈) ရပ်ဖြစ်တယ်ဆိုတာကို အသေအချာ ကျွန်တော် ပြောရဲတယ်။

### ၃။ ဗ-တ-လ-စရဲ့ ပန်းတိုင်ဟာ ဘာလဲ

ဗ–တ–လ–စရဲ့ ပန်းတိုင်ဟာ ပြည်တော်သာဖြစ်တယ်။ အဲဒီတော့ ပြည်တော်သာဟာ ဘာလဲ။ စစ်ဒဏ်နဲ့ သူပုန်ရောင်စုံတို့ရဲ့ ဒဏ်ကြောင့်၊ ပြည်ထောင်စုကြီးတစ်ခုလုံးမှာ နံ့နေတဲ့လောင်စာနဲ့ ပြာပုံတွေရှင်း၊ ဖွက်ထနေတဲ့လမ်းတွေကိုပြင်၊ ကျိုးနေတဲ့ တံတားတွေနဲ့ မီးရထားလမ်းတွေကို အသစ်ဆောက်၊ ပြိုပျက်နေတဲ့ အိမ်တွေကို အသစ်ပြင်တယ်။

ပြည်ထောင်စုကြီးရဲ့စပါးတွေ သစ်တွေ၊ ရေနံတွေသတ္တုတွေကို ဆတက်ထမ်းပိုးတိုးပြီးထွက်အောင်လုပ်၊ အခု ကျွန်တော်ပြောခဲ့တာတွေကို လျှောက်ပြီးလုပ်နိုင်ရင်၊ ပြည်တော်သာဖြစ်ရောလား၊ ဗ–တ–လ–စရဲ့ ပန်းတိုင်ဖြစ်ရမဲ့ပြည်တော်သာဖြစ်ရောလား၊ မဖြစ်သေးပါဘူး။

အဲဒါတွေလောက်ကိုသာ လုပ်နိုင်ပြီး၊ အခုကျွန်တော်ပြောပြမဲ့ အရေးကြီးတာတွေကို မလုပ်နိုင်ရင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ "ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်" ဆိုတဲ့ စကားထဲက ကျောင်းတော်ကြီးလိုဖြစ်နေပါလိမ့်မယ် ကျောင်းတော်ကြီးက ရွှေတွေနဲ့ တဝင်းဝင်းဖြစ်နေပေတဲ့၊ ကျောင်းရှိသံဃာတော်တွေမှာတော့၊ ဆွမ်းမဝတစ်ချက်၊ ဝတစ်ချက်ဖြစ်နေကြသလို ပြည်ထောင်စုကြီးကိုကြည့်ရတာကတော့၊ သာသာယာယာရှိပါရဲ့၊ လူထုကြီးတစ်ရပ်လုံးမှာတော့ ဝမ်းခေါင်ခေါင်ဖြစ်နေလိမ့်မယ်။ ပြည်ထောင်စုကြီးတစ်ခုလုံးကို ကြည့်ရတာ၊ ဘယ်လိုပဲ သာသာယာယာလူထုကြီးတစ်ရပ်လုံးမှာ ဝမ်းခေါင်ခေါင်ဖြစ်နေသရွေ့တော့ ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ ဗ–တ–လ–စရဲ့ ပန်းတိုင်ဖြစ်ရမဲ့ ပြည်တော်သာဘယ်နည်းနဲ့မှ မဖြစ်သေးဘူး။

အဲဒီတော့ အဲဒီလိုလောင်စာနဲ့ ပြာပုံတွေ ရှင်းဖွက်ထနေတဲ့ လမ်းတွေပြင်၊ မီးရထားလမ်းတွေ၊ တံတားတွေကို အသစ်ဆောက်၊ အိမ်သစ်တွေကိုတည်၊ စပါးတွေ သစ်တွေ၊ ရေနံတွေ သတ္တုတွေကို ဆတက်ထမ်းပိုးတိုးထွက်အောင်လုပ်တဲ့အပြင်၊ ပြည်ထောင်စုကြီးကို တကယ့်ပြည်တော်သာ အစစ်ကြီးဖြစ်အောင် နောင်ထပ်ပြီးလုပ်ရမဲ့ အရေးကြီးတဲ့ အချက်ဆိုတာဘာလဲ။

ဒီမေးခွန်းကို ခပ်ရှည်ရှည်ကလေး ဖြေပါရစေ၊ ကမ္ဘာသူကမ္ဘာသားတွေ အမှားကြီးမှားနေကြတယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေရဲ့ အလောင်အမြိုက်ကို ခံနေရတဲ့အတွက်၊ လုပ်သင့်တာကတခြား၊ တကယ်လုပ်နေကြတာက တခြားဖြစ်နေတယ်။

ဗုဒ္ဓဘာသာဝင်ပဲဖြစ်ဖြစ်၊ ဟိန္ဒူဘာသာဝင်ပဲဖြစ်ဖြစ်၊ မူစလင်ဘာသာဝင်ပဲဖြစ်ဖြစ်၊

mgyoe.com

ခရစ်ယာန်ဘာသာဝင်ပဲဖြစ်ဖြစ်၊ နတ်စားတဲ့ဘာသာဝင်ပဲဖြစ်ဖြစ်၊ ဘယ်ဘာသာကိုမှ မယုံကြည်တဲ့လူပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်၊ အိုရမဲ့ဘေးကြီး၊ သေရမဲ့ဘေးကြီးက ဘယ်သူမှ မလွတ်နိုင်ပါဘူး။ ဒါကတော့ ဘယ်သူပဲဖြစ်ဖြစ် မငြင်းနိုင်ပါဘူး။ လက်တွေ့ဖြစ်နေတာပဲ။

နောက်ပြီးတော့လည်း လူတွေအားလုံးနေ့မနား၊ ညမနားတကောက်ကောက် ပါအောင်လိုက်နေကြတဲ့၊ မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ၊ လျှာအာရုံ၊ ကိုယ်အာရုံ၊ စိတ်အာရုံ၊ ဆိုဒါတွေဟာလည်း လျက်ဖြစ်တစ်တွက်တောင်မခံဘူး။ ခုတွေ့ခုပျောက်ဖြစ်နေတယ်ဆိုတာလည်း၊ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါကလည်း လက်တွေ့ဖြစ်နေတာပဲ။

နောက်ပြီးတော့လည်း ဘာတွေကိုပဲ ရှာထားရှာထား၊ ဘာပစ္စည်းတွေကိုဘဲ စုစု၊ သေတာနဲ့ တစ်ပြိုင်နက်ဘာတစ်ခုကိုမှ ယူမသွားနိုင်ဘူးဆိုတာကိုလဲ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါကလည်း လက်တွေ့ဖြစ်နေတာပဲ။

အဲဒီတရားကြီးတွေကို ဘယ်သူဖြစ်ဖြစ် မငြင်းနိုင်ပေမဲ့၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေရဲ့ အလောင်တွေ အမြိုက်တွေကို ခံနေကြရတဲ့အတွက် တကယ့်လက်တွေ့ကျတော့၊ ကိုယ့်အနားကပ်နေတဲ့ ဒီတရားကြီးတွေကို ဘယ်သူမှ မမြင်ကြတော့ဘူး။

အဲဒီတော့ မကောင်းတဲ့အာရုံတွေကို ခံစားနေရတဲ့ လူတွေကလည်း ကောင်းတဲ့ အာရုံတွေကို ခံစားချင်ကြတယ်။ ကောင်းတဲ့အာရုံတွေကို ခံစားနေရတဲ့ လူတွေကလည်း ပိုပြီးကောင်းတဲ့ အာရုံတွေကို ခံစားချင်ကြတယ်။ ပိုပြီးကောင်းတဲ့အာရုံတွေကို ခံစားနေရတဲ့ လူတွေကလဲ အကောင်းဆုံးအာရုံ တွေကို ခံစားချင်ကြတယ်။

အဲဒီလိုလောဘဇောတွေက ဆင့်ကဲဆင့်ကဲ တိုးပြီးမြှောက်ပင့်ပေးတာကို ခံရတော့ ပိုပြီး ကောင်းသထက်ကောင်းတဲ့ အာရုံတွေခံစား စံစားနိုင်ဖို့အတွက် နည်းလမ်းတွေ ရှာကြရပြန်ရော။ နည်းလမ်းတွေ တွေ့ပြီဆိုမှဖြင့် လုပ်ကြရပြန်ရော၊ အဲဒီတော့ မမြဲတဲ့ သဘောတရားတွေ၊ ဒီဘဝဟာ သံသရာကြီးနဲ့ စာလိုက်ရင်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လောက်တောင် မရှိအောင် တိုတောင်းတာတွေ။ သေရင်ဘာမှယူမသွားနိုင်တာတွေ အစ ရှိတဲ့ အမှန်တရားကြီးတွေကို ဘာမှမမြင်ကြတော့ဘူး။ အာရုံတွေကို ဆင့်ကဲဆင့်ကဲတိုး ပြီးခံစားရအောင် ပိုပြီး လယ်ဆယ်ဧကရှိတဲ့ လူတွေကလည်း ဧကတစ်ရာ၊ ဧကတစ်ရာရှိတဲ့ လူတွေကလည်း တစ်ထောင်တစ်သောင်းအထိ တိုးရအောင် ကြိုးစားကုန်ကြရော၊ စက်ရှိတဲ့ စက်ပိုင်တွေကလည်း တစ်လုံးက နှစ်လုံး၊ နှစ်လုံးက လေးလုံးစသဖြင့် တိုးပြီးရအောင် ကြိုးစားကုန်ကြရော။

သတ္တုတွင်းတွေ၊ သစ်တောတွေ၊ ရေနံတွင်းတွေပိုင်တဲ့ လူတွေကလဲ၊ ဒီလိုပဲ ဆတက်တမ်းပိုးတိုးပြီးရအောင် ကြိုးစားကြပြန်ရော။ အဲဒီလိုပဲ လူတွေဟာ ရလေလိုလေ အိုတဏ္ဍှာတွေဖြစ်ကုန်ကြပါရော။

အဲဒီတော့ အဲဒီလို တစ်ဧကက ဆယ်ဧက၊ တစ်တွင်းက နှစ်တွင်း၊ တစ်တောက နှစ်တော၊ တစ်တိုက်က နှစ်တိုက် အစရှိသဖြင့်၊ တိုးပွားလာအောင်လုပ်ဖို့အတွက် လူသုံး

mgyoe.com

mgyoe.com


ပစ္စည်းတွေကို လူသုံးဖို့အတွက် သက်သက်မဟုတ်တော့ဘဲ အမြတ်ရဖို့အတွက်ပါ ကြိုးစားလာကြရတယ်။

အဲဒီလို လူသုံးပစ္စည်းတွေကို လူသုံးဖို့သက်သက်မဟုတ်ဘဲ အမြတ်ရဖို့အတွက် လုပ်တဲ့အချိန်ကစပြီး လူသုံးပစ္စည်းတွေရဲ့အပေါ်မှာ မူလကထားခဲ့ကြတဲ့ လူတွေရဲ့ အမြင်ဟာ တစ်ခါတည်းပျောက်ကွယ်သွားတယ်၊ ရှေးရှေးအခါက ဒီလူသုံးပစ္စည်းတွေဟာ ကမ္ဘာသူကမ္ဘာသားတွေ လိုသလောက်သုံးကြဖို့ဖြစ်ပေမဲ့၊ အမြတ်ထုတ်တဲ့အချိန်ကစပြီး၊ လူသုံးဖို့အတွက် သက်သက်မဟုတ်တော့ဘူး။ လယ်ပိုင်ရှင်ကလေးတွေကနေပြီး လယ်ပိုင်ရှင်ကြီးတွေ၊ စက်ပိုင်ရှင်ကလေးတွေကနေပြီး စက်ပိုင်ရှင်ကြီးတွေ၊ သတ္တုတွင်း၊ ရေနံတွင်း ပိုင်ရှင်ကလေးတွေက ပိုင်ရှင်ကြီးတွေ၊ သစ်တောပိုင်ရှင်ကလေးတွေက သစ်တောပိုင်ရှင်ကြီးတွေ၊ တိုက်ပိုင်ရှင်ကလေးတွေက တိုက်ပိုင်ရှင်ကြီးတွေအစရှိသဖြင့် ပစ္စည်းရှင်အတန်းအစားတွေ ဖန်တီးပေးဖို့အတွက် ပစ္စည်းတွေ ဖြစ်လာကြတယ်။

အဲဒီဖြစ်တဲ့အချိန်ကစပြီး-

(၁) ပစ္စည်းရှင်လူတန်းစာနဲ့၊ ပစ္စည်းမဲ့ လူတန်းစားဆိုပြီး၊ လူတန်းစားနှစ်စား ပေါ်လာတယ်။

(၂) အဲဒီလူတန်းစားနှစ်စားပေါ်လာတဲ့အတွက် ပစ္စည်းမဲ့လူတန်းစားတွေဟာ၊ ပစ္စည်းရှင်တွေဆီမှာ ဝတ်ရေး၊ နေရေး၊ စားသောက်ရေးအတွက် မှီခိုကပ်ယပ်ပြီး၊ ပရိယေသန ဝမ်းစာရှာကြရတယ်။ အဲဒီလိုရှာကြတဲ့အချိန်ကစပြီး။ လူလူချင်း လူညွန့်ခူးစားတဲ့ စနစ်ဆိုးကြီးပေါ်လာရပြန်တယ်။

(၃) အဲဒီလူလူချင်း လူညွန့်ခူးစားတဲ့ စနစ်ဆိုးကြီးဆိုတာပစ္စည်းမဲ့တွေဆီက ရသမျှယူ၊ နည်းနိုင်သမျှနည်းနည်းပြန်ပေးတဲ့ စနစ်ဆိုးကြီးဖြစ်လာတော့ ပစ္စည်းမဲ့တွေဟာ မဲ့သထက်ပိုမဲ့၊ အဲဒီလို မဲ့သထက် ပိုမဲ့တော့၊ ခိုးဝှက်လုယက် တိုက်ခိုက်တာတွေ လုပ်ကုန်ကြရော၊ ပြည့်တန်ဆာမအလုပ်တို့၊ တိတ်တိတ်ပုန်းအလုပ်တို့ဆိုတာတွေကို လုပ်သူတွေက လုပ်ရပြန်ရော။

(၄) အသက်သေခြင်း အကြောင်းတရားဟာ ကံ, စိတ်, ဥတု, အာဟာရဆိုပြီး လေးပါးရှိတယ်။ အဲဒီတော့ လူလူချင်း လူညွန့်ခူးစားတဲ့ စနစ်ဆိုးကြီးရဲ့ အောက်မှာ ပစ္စည်းမဲ့လူတန်းစားဖြစ်ရတဲ့ လူတွေအတွက်၊ ဘယ်မှာအာဟာရ ကောင်းကောင်းစားနိုင်မလဲ၊ ဘယ်မှာဥတုသုံးပါးကာကွယ်နိုင်တဲ့ အိမ်ရာတို့၊ အဝတ်အစားတို့ လုံလုံလောက်လောက်ရှိနိုင်ပါ့မလဲ။ အဲဒီလို မစားနိုင်၊ မဝတ်နိုင်၊ မနေနိုင်တဲ့ လူတွေအတွက် စိတ်ကကော ကောင်းနိုင်ပါဦးမလား။ စိတ်မကောင်းတဲ့နောက်၊ ကံကောဘယ်မှာ ကောင်းနိုင်ပါဦးမလဲ။ အဲဒီတော့ ပစ္စည်းမဲ့လူတန်းစားတွေ၊ ပစ္စည်းမဲ့လူတန်းစား စာရင်းထဲပါရကတည်းက

mgyoe.com

ဒီလူတွေမှာ အသက်ရှည်စေနိုင်တဲ့ အကြောင်းတရား လေးပါးစလုံးဟာ ချွတ်ယွင်းနေကြပြီ အဲဒီတော့ ရောဂါတွေ ထူပြောလာရောပေါ့။

(၅) ပစ္စည်းမဲ့လူတန်းစားတွေဟာ မသေထမင်း မသေဟင်းကလေးတစ်လုပ်၊ နှစ်လုပ်ကို စားရဖို့အတွက်ကိုပဲ အပြေးအလွှားလုပ်နေရတဲ့အတွက်၊ ပညာရေးကို ဘယ်မှာ ဂရုစိုက်နိုင်ပါတော့မလဲ။ ပညာရေးကို အင်မတန်ဂရုစိုက်တဲ့အတွက် သင်ကြားချင်တဲ့လူတွေ ကျပြန်တော့လည်း၊ ပေါက်ပေါက်ရောက်ရောက် သင်ကြားနိုင်အောင် အထောက်အပံ့တွေ မရှိရှာကြဘူး။ အဲဒီတော့ လူအန္တတွေ၊ ဖိုးသုညတွေဟာ မှိုပေါသလို ပေါလာရပြန်တာပေါ့။

(၆) အဲဒီလို လူအန္တတွေ၊ ဖိုးသုညတွေ ပေါနေတဲ့၊ နိုင်ငံတစ်နိုင်ငံဟာ ဘယ်မှာလာပြီး တိုးတက်မှု ရှိနိုင်ပါတော့မလဲ။

ယခု ကျွန်တော်ပြောခဲ့တဲ့ အချက်ကြီး ခြောက်ချက်ကို တစ်ခုစီလျှောက်ပြီး ဆင်ခြင်သုံးသပ်ခြင်းအားဖြင့်၊ လူသုံးပစ္စည်းကို လူတွေ သုံးစွဲဖို့နေရာက နေပြီး အမြတ်ထုတ်ဖို့နေရာအထိ ကူးပြောင်းလိုက်တဲ့ စနစ်ဆိုးကြီးကစပြီး၊ ကမ္ဘာကြီးအတွင်းမှာ ယနေ့ကြုံတွေ့နေရတဲ့ မကောင်းတာတွေ ခပ်များများဟာ၊ ဘယ်လိုပေါ်ပေါက်လာတယ်ဆိုတာကို ကျွန်တော်တို့ သိနိုင်ပါလိမ့်မယ်။ ဗုဒ္ဓဘာသာဝင်တိုင်းလိုလိုကြားဖူးကြတဲ့ကမ္ဘာဦးအစတုန်းက ပေါ်ပေါက်ခဲ့ဖူးတယ်လို့ဆိုတဲ့ ပဒေသာပင်ကြီးအကြောင်းကို ကျွန်တော် အနည်းငယ် ပြောပြချင်ပါတယ်၊ သည်းခံပြီး နားထောင်ကြပါ။

အဲဒီပဒေသာပင်ကြီး ပေါ်ပေါက်တယ်ဆိုတဲ့ ခေတ်တုန်းက၊ လူတွေဟာ လိုချင်တာရှိရင်၊ ဒီပဒေသာပင်ကြီးမှာသွားပြီး ဆွတ်ယူလိုက်ကြတာပဲ။ အဲဒီလိုယူနိုင်တဲ့အတွက် အဲဒီခေတ်တုန်းက လူတွေဟာ မဝတဲ့လူ၊ မဝတ်ရတဲ့လူ၊ အိမ်ကောင်းကောင်းနဲ့ မနေရတဲ့လူရယ်လို့ မရှိဘူး။ နေရေးထိုင်ရေးချို့တဲ့လို့ ခိုးရ တိုက်ရတဲ့ သူခိုးဓားပြလည်း မရှိခဲ့ဘူး။ ပြည်တန်ဆာမလုပ်ရတဲ့လူရယ်လို့လည်း မရှိခဲ့ဘူး။ ရောဂါထူပြောတယ်လို့လည်း မရှိခဲ့ဘူး။

ဒါပေမဲ့ လူတွေဟာ ကိုယ့်လောဘတွေကို ကိုယ်မထိန်းသိမ်းနိုင်တော့ပဲ၊ အမှန်လိုတာထက်ပိုပြီး ဝိုင်းယူလိုက်ကြတာ၊ အဲဒီပဒေသာပင်ကြီးလည်း ကွယ်သွားတာပဲလို့ ကျွန်တော်တို့ငယ်ငယ်တုန်းက ကြားဖူးကြတယ်။ အဲဒီလို ပဒေသာပင်ကွယ်ပြီးတဲ့နောက် ထမင်းနပ်မှန်အောင် မစားရတဲ့ လူတွေ၊ အဝတ်ကောင်းကောင်းမဝတ်ရတဲ့ လူတွေ၊ အိမ်ကောင်းကောင်းနဲ့ မနေရတဲ့လူတွေ၊ ခိုးသားဓားပြတွေ၊ ပြည့်တန်ဆာမတွေ၊ ရောဂါထူပြောတာတွေ တသီတတန်းကြီး ပေါ်ပေါက်လာခဲ့ကြတယ်။

အဲဒီပဒေသာပင်ဆိုတာက အမှန်စင်စစ်တော့ စကားဥပစာတင်ပြီး သုံးထားတဲ့ အသုံးအနှုန်းမျှသာ ဖြစ်တယ်။ ပဒေသာပင်ဆိုတာ တခြားဟာ မဟုတ်ဘူး။ မြေတွင်းမြေပြင်သဘာဝပစ္စည်းတွေနဲ့ ပြည့်လျှံနေတဲ့ ဒီကမ္ဘာကြီးပဲ ဖြစ်တယ်။ အဲဒီကမ္ဘာကြီးထဲမှာ ပြည့်လျှံနေတဲ့ သဘာဝပစ္စည်းတွေကို လူတွေသုံးဖို့အတွက်သာ အသုံးပြုကြမယ်ဆို

mgyee.com

mgyoe.com


ရင် အခုလက်ရှိကမ္ဘာသူကမ္ဘာသားတွေ နောက်ထပ် နှစ်ဆတိုးသည့်တိုင်အောင် သုံးလို့ မကုန်ပါဘူး။ လူတိုင်းလူတန်းစေ့နေနိုင်ဖို့အတွက်၊ လုံလုံလောက်လောက် သုံးနိုင်တဲ့အပြင် ပိုလျှံတောင်နေဦးမယ်။ ဒါပေမဲ့လည်း အခုတော့ ဒီလိုမဟုတ်ဘူး၊ လူတိုင်းက ကိုယ်သုံးနိုင်တာထက်ပိုပြီး လိုချင်နေကြတယ်။ ဆင်းရဲသားကျောမွဲကလည်း လူတန်းစေ့နေရရုံမကဘူး။ သူဌေးဖြစ်ချင်တယ်၊ သူဌေးဖြစ်ပြန်တော့လည်း သူဌေးကလေးအဖြစ်နဲ့ နေရတာကို မကျေနပ်သေးဘူး။ သူဌေးကြီးဖြစ်ချင်သေးတယ်။ သူဌေးကြီးတွေကလဲ ပိုကြီးကျယ်တဲ့ သူဌေးကြီးတွေကလည်း ဖြစ်ချင်ကြတယ်။ အဲဒီတော့ ပစ္စည်းတွေကို လိုတာထက်ပိုသိမ်းရနိုင်မယ်ဆိုရင် ဘနဖူးကိုတောင် သိုက်တူးလိုက်ကြသေးတယ်။ အဲဒီတော့ ပစ္စည်းတွေဟာ လူတစ်စုရဲ့လက်ထဲမှာ သူတို့ရဲ့ တစ်သက်မဟုတ်ဘူး၊ ဆယ်သက်ပြန်သုံး တောင်ဘယ်နည်းနဲ့မှ မကုန်နိုင်တဲ့ပစ္စည်းတွေ တောင်ပုံရာပုံဖြစ်၊ မရှိတဲ့လူကျတော့ ခါးကပ်နေတဲ့ နံငယ်ပိုင်းအစုတ်ကလေးတောင် အနိုင်နိုင်ရှာခဲ့ကြရတယ်။ အဲဒီအချိန်ကစပြီး ပဒေသာပင်ကြီးလည်း ကွယ်တာပဲ။

အဲဒီပဒေသာပင် ပေါ်လာပုံနဲ့၊ ပဒေသာပင် ကွယ်ပျောက်သွားပုံ၊ ဥပမာဟာ၊ လူသုံးပစ္စည်းတွေကို လူတွေသုံးရုံအတွက်သာ အသုံးပြုနေတုန်းက လူ့လောကကြီးဟာ ဘယ်လို၊ လူတွေ လောဘထွက်လာပြီးလူသုံးပစ္စည်းတွေကို စီးပွားရေးအဖြစ်နဲ့ အမြတ်ထုတ်လာကြတဲ့အခါကျတော့။ လူ့လောကကြီးဟာ ဘယ်ပုံဖြစ်လာတယ်ဆိုတာကို ရှေးပညာရှိကြီးများက စကားတင်စားပြီး ပြောသွားတဲ့ ဥပမာကြီးပင် ဖြစ်ပါတယ်။

ကဲ ကျွန်တော်ပြောခဲ့တာလဲ၊ အတော်ရှည်သွားပါပြီ၊ အဲဒီတော့ "ပြည်တော်သာဆိုတာဘာလဲ" အဲဒီမေးခွန်းကို ကျွန်တော် ဖြေပါတော့မယ်၊ ပြည်တော်သာဆိုတာ လောင်စာနဲ့ ပြာပုံတွေရှင်းရုံ၊ လမ်းတွေပြင်ရုံ၊ မီးရထားလမ်း၊ တံတားအစရှိသည်တို့၊ အသစ်ပြင်ဆောက်ရုံ၊ အိမ်သစ် တိုက်သစ်တွေတည်ပေးရုံ၊ စပါးတွေ သစ်တွေ၊ ရေနံတွေ၊ သတ္တုတွေကို ဆတက်တမ်းပိုး တိုးပြီးထွက်အောင်၊ လုပ်ပေးရုံသာမက ပစ္စည်းရှင်နဲ့ ပစ္စည်းမဲ့ လူတန်းစားစနစ်ဆိုး၊ လူလူချင်းလူညွန့်ခူးစားနေတဲ့ စနစ်ဆိုး၊ သူခိုးတွေ၊ ခါးပိုက်နှိုက်တွေ၊ လုယက်သမားတွေ၊ ဓားပြတွေ၊ ပြည့်တန်ဆာမတွေဖြစ်ပေါ်လာအောင် ဖန်တီးပေးနေတဲ့ စနစ်ဆိုး၊ ရောဂါထူပြောအောင်လုပ်ပေးနေတဲ့စနစ်ဆိုး။ လူအန္တတွေ၊ ဖိုးသူညာတွေ ဖြစ်ပေါ်အောင်ဖန်တီးပေးနေတဲ့ စနစ်ဆိုး၊ နိုင်ငံတနိုင်ငံကို တိုးတက်မှုမရှိစေဘဲ ဆုတ်ယုတ်အောင် လုပ်နေတဲ့ စနစ်ဆိုး၊ အဲဒီစနစ်ဆိုးတွေမှန်သမျှကို၊ အမြစ်ကနေပြီး တော်လှန်ပစ်ဖို့ကိုလည်း ကျွန်တော်တို့ ကြိုးစားကြရမယ်။

လောင်စာနဲ့ ပြာပုံရှင်း၊ လမ်းတွေပြင်၊ မီးရထားလမ်းတွေ အသစ်ဆောက်၊ အိုးသစ် အိမ်သစ်တွေ ထူထောင်၊ ထွက်ကုန်ပစ္စည်းတွေဆထက်တိုးပြီး ထွက်အောင်ကိုသာ လုပ်ထားပြီး စနစ်ဆိုးတွေကို တော်လှန်မပစ်ဘူးဆိုရင်၊ ကျွန်တော် ခုတွင်ကပြောခဲ့တဲ့ အတိုင်း 'ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်' ဖြစ်မှာပဲ။

mgyoe.com

အဲဒီတော့ မေးခွန်းအနည်းငယ်ကို ကျွန်တော်ကပဲ ပြန်ပြီး မေးပါရစေ။

နိုင်ငံတစ်နိုင်ငံမှာ လမ်းတွေ၊ မီးရထားတွေ၊ တံတားတွေက သိပ်ကောင်း၊ အိုးအိမ်တွေက သိပ်လှ၊ ထွက်ကုန်တွေကြပြန်တော့လည်း သိပ်ထွက်ပါရဲ့၊ ဒါပေမဲ့ အဲဒီနိုင်ငံမှာ လူလူချင်းလူညှဉ်းပန်းစားတာကို ခံနေရလို့ လူများစုလူထုကြီးတစ်ရပ်လုံးမှာ လူတန်းစေ့ မနေရမဝတ်ရ မစားရဘူးဆိုရင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာလို့ ခေါ်နိုင်ကြပါ့မလား။

ခိုးသာစားပြတွေ ပေါများနေမယ်ဆိုရင် ဒီနိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ ခေါ်ကြပါ့မလား။

ပြည့်တန်ဆာမတွေ ပေါများနေမယ်ဆိုရင် ဒီနိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။

ရောဂါတွေ ထူပြောနေမယ်ဆိုရင်၊ ဒီနိုင်ငံမျိုးကို ပြည်တော်သာလို့ခေါ်နိုင်ကြပါ့မလား။

လူအန္တတွေ၊ ဖိုးသုညတွေ ပေါနေမယ်ဆိုရင် ဒီနိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ ခေါ်နိုင်ကြပါ့မလား။

တိုးတက်မှုမရှိဘဲ ဆုတ်ယုတ်မှုသာရှိနေတဲ့ နိုင်ငံမျိုးကို ပြည်တော်သာနိုင်ငံလို့ ခေါ်နိုင်ပါ့မလား

မခေါ်နိုင်ပါဘူး ဘယ်နည်းနဲ့မှ မခေါ်နိုင်ပါဘူး။

အဲဒါကြောင့် ဖ–တ–လ–စရဲ့ ပန်းတိုင်ဖြစ်ရမဲ့ ပြည်တော်သာဟာ၊ လမ်းတွေ၊ မီးရထားတွေ၊ တံတားတွေ၊ အိုးအိမ်တွေကောင်းပြီး၊ ထွက်ကုန်ပစ္စည်းတွေ အများကြီးထွက်နေတဲ့ နိုင်ငံသာမက၊ လူလူချင်းလူညှဉ်းပန်းစားတဲ့စနစ်ဆိုးတွေ၊ ခိုးသားစားပြရောဂါဘယ၊ ပြည့်တန်ဆာမ၊ လူအန္တနဲ့၊ ဖိုးသုညအစရှိတဲ့ အနိဋ္ဌာရုံကို အမြစ်ကပါ တော်လှန်သုတ်သင်ရှင်းလင်းပြီးဖြစ်တဲ့ နိုင်ငံလည်း ဖြစ်ရမယ်ဆိုတာ ဖ–တ–လ–စ အဖွဲ့ဝင်တိုင်းထိပ်မှာ သံမှိုနဲ့ နှက်ထားသလို မှတ်ထားကြရမယ်။

**၄။ ဒီပန်းတိုင်ကိုရောက်အောင် ဖ-တ-လ-စ အဖွဲ့ဝင်တွေဟာ ဘယ်အခန်းကပါရမလဲ**

ဖ–တ–လ–စ ရဲ့ ပန်းတိုင်ဖြစ်တဲ့၊ ပြည်တော်သာဆိုတာ စကားသုံးလုံးသာရှိတယ်၊ အကောင်အထည်ဖော်ရမဲ့လုပ်ငန်းကတော့ ဘယ်လောက်ကြီးမားတယ်ဆိုတာ၊ အခုပဲ ကျွန်တော်ပြောပြီးခဲ့တဲ့ အချက်တွေကို ထောက်ပြီး သိနိုင်ပါပြီ။ ဒီပန်းတိုင်ကို ချီတက်တဲ့အခါမှာ ဖ–တ–လ–စ က ဘယ်အခန်းက ချီတက်ရမယ်ဆိုတာကို သေသေချာချာ ဆုံးဖြတ်နိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ ပြည်တော်သာနိုင်ငံကြီးကို တည်ဆောက်တဲ့နေရာမှာ လုပ်ရမဲ့လုပ်ငန်းကြီးတွေကို ကျွန်တော် အကျဉ်းချုပ်ဖော်ပြချင်ပါတယ်။ အဲဒီ လုပ်ငန်းကြီးတွေမှာ အောက်ပါအတိုင်း ဖြစ်တယ်။

(၁) ပြည်ထောင်စုကြီးထဲမှာရှိတဲ့ လယ်၊ သစ်တော၊ သယ်ယူပို့ဆောင်ရေး၊ သတ္တု

mgyee.com

mgyoe.com


တွင်း၊ ရေနံတွင်း၊ လျှပ်စစ်ဓာတ်အားပေးရေးအစရှိတဲ့ သော့ချက်လုပ်ငန်းကြီးတွေရှိတဲ့အနက်၊ ချက်ချင်းပြည်သူပိုင်လုပ်နိုင်တဲ့လုပ်ငန်းတွေကို ချက်ချင်းလုပ်၊ အခုချက်ချင်း မလုပ်နိုင်သေးတဲ့ဟာတွေကို အမြန်ဆုံးနည်းနဲ့ ပြည်သူပိုင်ဖြစ်အောင် သင့်တော်သော အစီအစဉ်တွေကိုလုပ်။

(၂) လူသုံးကုန်ပစ္စည်းတွေ ပြည်ထောင်စုသားတွေအတွက် လိုသလောက် လုံလုံလောက်လောက်ရအောင်အပြင် နိုင်ငံခြားကိုပါပို့နိုင်အောင် လိုအပ်တဲ့ အစီအစဉ်တွေကို လုပ်ရမယ်။ လူသုံးပစ္စည်းတွေ အခုပြောခဲ့အတိုင်း ပိုပိုလျှံလျှံကြီး ထွက်အောင်လုပ်ဖို့အတွက်ဆိုရင်ဖြင့် လက်မှုပညာလောက်ကို အားကိုးနေလို့ မဖြစ်ဘူး၊ အဲဒီတော့ စက်မှုလုပ်ငန်းတွေ အမြောက်အမြားထူထောင်ရမယ်။

(၃) အဲဒီလို စက်မှုလုပ်ငန်းတွေကို တစ်ဖက်က ထူထောင်နေတုန်း အခြားတစ်ဖက်ကစစ်ကြီးနဲ့ သူပုန်ရောင်စုံတို့ရဲ့ ဘေးဒဏ်ကြောင့် ပျက်စီးနေတဲ့ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အိုးအိမ်တည်ဆောက်ရေးအစရှိတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ရှေးကျွန်ခေတ်တုန်းကလို မဟုတ်တော့ဘဲ၊ ကျွန်တော်တို့ ချီတက်နေတဲ့လမ်းစဉ်ကြီးနဲ့ ကိုက်ညီအောင် ပြန်လည်ထူထောင်ပေးသွားရမယ်၊ ဥပမာ ကျန်းမာရေးဆိုရင် ရှေ့တုန်းက လို လူ သုံး၊ လေး သောင်းရှိတဲ့ မြို့နယ်တစ်နယ်ကို ဆေးရုံတစ်ခု၊ ဆရာဝန်တစ်ယောက်ဆိုတဲ့ တွက်ကိန်းနဲ့လုပ်ထားတဲ့ ကျန်းမာရေးမျိုးကို ကျွန်တော်တို့ လက်မခံနိုင်တော့ဘူး။ အောက်ဆုံးကျေးရွာအထိ ပျံ့နှံ့သက်ဆင်းတဲ့ ကျန်းမာရေးအစီအစဉ်တွေကို ကျွန်တော်တို့လုပ်ရမယ်။ ပညာရေးဆိုပြန်ရင်လည်း အပ်ဉ္ဇ ချွန်သောအသွားရှိ၏၊ ဘူးသီးနုနု မခူးရဆိုတဲ့ စာမျိုးလောက်ကိုသာ ရေးတတ် ဖတ်တတ်စေနိုင်တဲ့ ကျွန်ပညာမျိုးကို ကျွန်တော်တို့ လက်မခံနိုင်တော့ဘူး။ စက်မှုလက်မှုတွေက အစပြုပြီး ပြည်တော်သာ နိုင်ငံတစ်နိုင်ငံအနေနဲ့ ထမ်းဆောင်ရမဲ့တာဝန်မှန်သမျှကို စွမ်းစွမ်းတမံ ကျေပွန်စွာထမ်းဆောင်စေနိုင်မဲ့ သခင်ပညာရေးအစီအစဉ်များကို ကျွန်တော်တို့ လုပ်ရမယ်။ အိုးသစ်အိမ်သစ်တွေ ထူထောင်မယ်ဆိုရင်လည်း ကြွက်သိုက်ငှက်သိုက်တွေနဲ့ ဘာမှမခြား တဲစုတ်တဲပဲ့မျိုးတွေကို ကျွန်တော်တို့ လက်မခံနိုင်ဘူး။ လူတန်းစေ့စေ့နေနိုင် သုံးနိုင်မဲ့ အိုးအိမ်များကိုသာ ထူထောင်ပေးနိုင်မဲ့ အိုးအိမ်ထူထောင်ရေးအစီ အစဉ်များကို ကျွန်တော်တို့လုပ်ရမယ်။

(၄) အဲဒီလိုပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့ စက်မှုလက်မှုလုပ်ငန်းသစ်တွေ ထူထောင်သွားနိုင်အောင်၊ အရေးအကြီးဆုံးကိစ္စတစ်ရပ်ဖြစ်တဲ့ ငြိမ်းချမ်းရေးရအောင်လည်း အစွမ်းကုန်ကြိုးစားကြရမယ်။

mgyoe.com

(၅) ကျွန်တော်တို့ရဲ့လမ်းစဉ်နဲ့ ဝါဒကို တိုက်ဖျက်နေကြတဲ့ ဖောက်ပြန်ရေးသမား အမျိုးမျိုးတွေနဲ့လည်း ဝါဒနှင့်လမ်းစဉ်တိုက်ပွဲတွေကို အမျိုးမျိုးဆင်နွှဲကြရဦး မယ်။

အဲဒါတွေဟာ ကျွန်တော်တို့ရဲ့ ပြည်တော်သာ နိုင်ငံကြီးကို တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့လုပ်ရမဲ့အကြီးဆုံးလုပ်ငန်းကြီး ငါးရပ်ဖြစ်တယ်။ အဲဒီအကြီးဆုံးလုပ်ငန်းကြီး ငါးရပ်စလုံးမှာပဲ၊ ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ နောက်တန်းက မဟုတ်ဘူး၊ ရှေ့တန်းကနေကြရမယ်။ ဘာ့ကြောင့်ရှေ့ဆုံးတန်းက နေရမယ်ဆိုတာ ကျွန်တော် တစ်ခုစီ ရှင်းပြပါ့မယ်။

(၁) သော့ချက်လုပ်ငန်းကြီးတွေကို ပြည်သူပိုင်လုပ်ရမယ်လို့ ကျွန်တော်ပြောခဲ့တယ်၊ အဲဒီလိုပြည်သူပိုင်လုပ်တဲ့အခါမှာ ကျွန်တော်တို့ ဖ–ဆ–ပ–လရဲ့ လမ်းစဉ်က လျော်ကြေးပေးပြီး ပြည်သူပိုင်လုပ်မဲ့လမ်းစဉ်ဖြစ်တဲ့အတွက် သည်သော့ချက်လုပ်ငန်းကြီးတွေကို ကျွန်တော်တို့ပြည်သူပိုင်လုပ်မယ် ဆိုရင်၊ ငွေလိုလိမ့်မယ်။ အဲဒီငွေဘယ်ကရမလဲ။ အခုလက်ရှိအခြေအနေအရဆိုရင်တော့ ကျွန်တော်တို့အလုံးအရင်းနဲ့ ရစရာရှိတဲ့ ငွေတွင်းဟာ ဆန်ပဲ ရှိတယ်။ ဆန်များများ နိုင်ငံခြား ရောင်းနိုင်ရင် ငွေများများရမယ်၊ အဲဒီလိုဆန်များများရောင်းနိုင်အောင်၊ ဆန်များများ ထွက်အောင်လုပ်ပေးရမယ်။ စပါးများများထွက်ဖို့အတွက် တခြားလူတွေထက် ဗ–တ–လ–စ အဖွဲ့ဝင်တွေက ရှေ့ဆုံးတန်းက ကြိုးစားပေးရမယ်။

(၂) စက်မှုလက်မှုလုပ်ငန်းတွေကို အမြောက်အမြား ထူထောင်ရမယ်ဆိုရင် ငွေလိုလိမ့်မယ်၊ အဲဒီငွေကို ဘယ်ကရမလည်း ဆန်ကပဲရမယ်။ အဲဒီတော့ နိုင်ငံခြားကို ဆန်တွေများများရောင်းနိုင်အောင် ဗ–တ–လ–စ အဖွဲ့ဝင်တွေကပဲ ရှေ့တန်းကနေပြီး ကြိုးစားပေးရမယ်။ နောက်ပြီးတော့လဲ ငွေအပြင်၊ ဒီစက်ရုံတွေမှာ ဝင်ပြီး နေရာအသီးသီးမှာ အလုပ်လုပ်ကြဖို့ လူတွေ လိုလိမ့်မယ်၊ အဲဒီလူတွေ ခပ်များများဟာလည်း တောင်သူလယ်သမားထဲက ထွက်ရမှာပဲ။

(၃) ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ချီတက်နေတဲ့လမ်းစဉ်နဲ့ လျော်ညီအောင်လုပ်မယ်ဆိုရင်လည်း ခုတွင်က ပြောခဲ့သလို ငွေနဲ့ လူနဲ့ လိုလိမ့်မယ်။ အဲဒီအတွက်လည်း တောင်သူလယ်သမားတွေကိုပဲ အားကိုးရလိမ့်မယ်။ အဲဒီအတွက်လည်း ဗ–တ–လ–စ အဖွဲ့ဝင်တွေကပဲ ရှေ့တန်းကနေပြီး ကြိုးစားပေးရမယ်။

(၄) ငြိမ်းချမ်းရေးရအောင် လုပ်ရမယ်ဆိုရင်လဲ ဗ–တ–လ–စ အဖွဲ့ဝင်တွေ ရှေ့ဆုံးတန်းကနေပြီး ကြိုးစားရလိမ့်မယ်။ ကျွန်တော်တို့ ပြည်ထောင်စုမှာ တောင်သူလယ်သမားတွေဟာ ၈၅ ရာခိုင်နှုန်းလောက်ရှိတဲ့အတွက်၊ ငြိမ်းချမ်းရေးရဲ့တာဝန်ကို ပြည်ထောင်စုသားတွေကို ဝေပုံချလိုက်ရင် တောင်သူလယ်သမားတွေက ၈၅ ရာခိုင်နှုန်းထက်မနည်း တာဝန်ယူကြရလိမ့်မယ်။ ယခုအခါ လက်နက်ကိုင်တပ်ပေါင်းစုတွင် ပြည်ထောင်စုကြီးရဲ့

mgyoe.com


ငြိမ်းချမ်းရေးအတွက် ရင်မြေကတုတ်လုပ်ပြီး တိုက်ခိုက်နေကြတဲ့ ရဲဘော်တွေကို ကြည့်ရင်လည်း တောင်သူလယ်သမားသားသမီးတွေက အပုံကြီးများတယ်။ နယ်တွေကို ကြည့်လိုက်ရင်လည်း အစိုးရလက်နက်ကိုင်တပ်ပေါင်းစုက နေရာတကာတိုင်းကို ရောက်နိုင်ကြတာ မဟုတ်ဘူး။ အဲဒီတော့ တောရွာတွေမှာ ကိုယ့်အိုးနဲ့ ကိုယ့်အိမ်ကို သူပုန်ရောင်စုံတွေရဲ့ ဘေးက ဖြစ်သလိုနည်းမျိုးစုံနဲ့ ကာကွယ်နေရတာ တောင်သူလယ်သမားတွေပဲဖြစ်တယ်။ အဲဒီတော့ ငြိမ်ချမ်းရေးရဖို့ဆိုတဲ့နေရာမှာလည်း ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ ရှေ့တန်းကနေပြီး ဆောင်ရွက်ကြရမယ်ဆိုတာ လယ်ပြင်ဆင်သွားသလို ထင်ရှားနေပါတယ်။

(၅) ဝါဒနဲ့လမ်းစဉ်တိုက်ပွဲဆိုပြန်ရင်လည်း ဗ–တ–လ–စ အဖွဲ့ဝင်တွေပဲ ရှေ့တန်းက နေရဦးမယ်။ ဖောက်ပြန်ရေးသမားအမျိုးမျိုးတွေက မြို့ကြီးပြကြီးတွေမှာ သူတို့ရဲ့ မဟုတ် မဟတ်ဖောက်ပြန်ရေးဝါဒတွေကို ဖြန့်ဖြူးမှာကို ကျွန်တော်တို့မကြောက်ရဘူး ဘာဖြစ်လို့လဲဆိုတော့ မြို့ကြီးပြကြီးတွေမှာတော့ ဗဟုသုတ အတွေ့အကြုံအကြားအမြင်တွေ ကများပြီး မျက်စိကြီးနားကြီးဖြစ်နေတဲ့ လူတွေက ဒုနဲ့ဒေးဖြစ်နေတော့ ဒီဖောက်ပြန်ရေးသမားတွေ ပြောချင်တိုင်းပြော၊ ဟောချင်တိုင်းဟော၊ ဝါဒတွေ ဖြန့်ဖြူးချင်တိုင်းဖြန့်ဖြူးချင်လို့ မရဘူး။ ဒါပေမဲ့ တောင်သူလယ်သမားတွေမှာတော့ အလိုလိုမှ ဗဟုသုတအကြားအမြင်နည်းနေရတဲ့အထဲ၊ သူပုန်ရောင်စုံတွေရဲ့ ဘေးဒဏ်ကြောင့် ပြည်တွင်းပြည်ပရဲ့ သတင်းစစ်သတင်းမှန်တွေနဲ့ အဆက်တွေပြတ်နေတဲ့အတွက်၊ ဖောက်ပြန်ရေးသမားတွေ ပြောတိုင်းဟောတိုင်း၊ ဝါဒတွေဖြန့်ဖြူးတိုင်း ယုံရမလိုလို၊ လက်ခံရမလိုလိုဖြစ်နေကြရရှာတယ်။ အဲဒါကြောင့် ဒီဖောက်ပြန်ရေးသမားတွေ မရောက်သေးတဲ့နေရာတွေရော၊ ရောက်ပြီးသားနေရာတွေရော၊ ဗ–တ–လ–စ အဖွဲ့ဝင်တွေက ရောက်နိုင်သမျှရောက်အောင် သွားကြရမယ်။ ပြည်တွင်းပြည်ပသတင်းစစ်သတင်းမှန်တွေကို တောင်သူလယ်သမားတွေသိရှိအောင် သတင်းပို့ပေးရမယ်။ ဖ–ဆ–ပ–လရဲ့လမ်းစဉ်တွေ၊ ဝါဒတွေ၊ လုပ်ငန်းတွေကို တောင်သူလယ်သမားတွေ နားလည်အောင် သဘောပေါက်အောင် ပြောပြရမယ်။ အကြိမ်ကြိမ်အဖန်ဖန် ရှင်းပြရမယ်။ အထူးကြိုးစားပြီး ဟောပြောပြသကြရမယ်၊ အဲဒီလုပ်ငန်းတွေကို ကြည့်ခြင်းအားဖြင့်လည်း ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ ဒီဝါဒနဲ့ လမ်းစဉ်တိုက်ပွဲမှာလည်း ဘာကြောင့်ရှေ့တန်းက နေရမယ်ဆိုတာ ထင်ရှားနေတယ်။

### ၅။ အဲဒီအခန်းက ပါရမဲ့ ဗ-တ-လ-စ အဖွဲ့ဝင်တွေဟာ ဘယ်လိုလူစားတွေဖြစ်ရမလဲ

ဗ–တ–လ–စ ရဲ့ ပန်းတိုင်ကိုလည်း ကျွန်တော်ပြောခဲ့ပြီးပြီ၊ ဒီပန်းတိုင်ကြီးကို ချီတက်တဲ့နေရာမှာ လုပ်ရမဲ့ လုပ်ငန်းတွေကိုလည်း ကျွန်တော်ရှင်းပြပြီးပြီ။ အဲဒီတော့ ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ ဘယ်လိုလူစားတွေဖြစ်ရမယ်ဆိုတာ ကျွန်တော် အရှည်ကြီး ပြောနေဖို့ မလိုဘူး။ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်ကြပြီလို့ ကျွန်တော် ယုံကြည်တယ်။ ဒါပေမဲ့ 'ပညာရှိသတိဖြစ်ခဲ' ဆိုတဲ့စကားအရ၊ ယခုလို ဗ–တ–လ–စ အဖွဲ့ဝင်တွေနဲ့ စုံစုံ

mgyoe.com

mgyee.com

ညီညီ ရင်းရင်းနှီးနှီးတွေ့ရတဲ့အခါမှာ သတိပေးတဲ့အနေနဲ့ ပြည်တော်သာနိုင်ငံကြီး တည်ဆောက်ရန် အဓိဋ္ဌာန်ပြုထားတဲ့ ဗ–တ–လ–စ အဖွဲ့ဝင်တိုင်းသိရှိပြီးသာဖြစ်ရမဲ့ ဂုဏ်အင်္ဂါ ခြောက်ပါးကို ကျွန်တော်အကျဉ်းချုံးပြီး ဖော်ပြလိုပါတယ်။ ဒီဂုဏ်အင်္ဂါ ခြောက်ပါးတို့မှာ

(၁) စေတနာ၊
(၂) ကျွမ်းကျင်မှု၊
(၃) စည်းကမ်းသေဝပ်မှု၊
(၄) လက်ရုံးရည်နဲ့ နှလုံးရည်၊
(၅) အကြားအမြင်များမှု၊
(၆) ဓွဲ၊

တို့ပင် ဖြစ်ပါတယ်။ အဲဒီဂုဏ်အင်္ဂါတွေကို တစ်ခုစီအနည်းငယ်ချဲ့ပြီး ပြောချင်တယ်။

## စေတနာ

ဘယ်အလုပ်ကိုပဲလုပ်လုပ် စေတနာဟာ အရင်းခံပဲ။ ဟင်းတစ်ဟင်းကို အမွှေးအကြိုင်အစရှိသည်တို့ဖြင့် ဘယ်လောက်ပင် ကောင်းအောင်ချက်ထားပေမဲ့၊ ဆားမပါလျှင် ဒီဟင်းဟာစားမဖြစ်သလိုဘဲ။ ဘယ်အလုပ်မှာမဆို စေတနာမရှိရင်၊ အဲဒီအလုပ်ဟာ ပေါ့ပျက်ပျက်ရှော်တော်တော်၊ ညံ့တံ့တံ့ဖြစ်မှာ မလွဲတော့ဘူး။ အဲဒီတော့ ဗ–တ–လ–စ ထဲကို ဝင်ချင်တဲ့လူရှိရင်၊ အဲဒီလူရဲ့စေတနာကို ကျကျနန၊ လေးလေးပင်ပင်၊ သေသေချာချာကြီး စစ်ရမယ်။

(က) ဒီလူဟာ တောင်သူလယ်သမားတွေအပေါ်မှာ စေတနာကောင်းရှိတဲ့ လူ တစ်ယောက် ဟုတ်ရဲ့လား။
(ခ) ဒီလူဟာ ပြည်တော်သာနိုင်ငံကြီးတည်ဆောက်ချင်တဲ့ စေတနာကောင်း အဟုတ်အမှန်ရှိတဲ့ လူတစ်ယောက် ဟုတ်ရဲ့လား။

ဗ–တ–လ–စ အဖွဲ့ဝင်ချင်တဲ့ လူတိုင်းကို ဒီအချက်နှစ်ချက်နှင့်ပတ်သက်ပြီး မေးခွန်းအမျိုးမျိုးနဲ့ စစ်ရမယ်။ လက်တွေ့အလုပ်အမျိုးမျိုးနဲ့ စစ်ရမယ်။ နည်းအမျိုးမျိုးနဲ့ စစ်ရမယ်။ အကြိမ်ကြိမ် အဖန်ဖန်စစ်ရမယ်။

ဗ–တ–လ–စ ဟာ အမတော်ကြေး ဝေပေးရုံလောက်၊ မြေသြဇာကလေးဝေပေးရုံလောက်၊ တောင်သူလယ်သမားတွေ စပါးဈေးမှန်မှန်ရ မရလက်မှတ်ထုတ်ပေးရုံလောက် အတွက်သာ တည်ထောင်ထားတဲ့ အစည်းအရုံးမဟုတ်ဘဲ၊ ပြည်တော်သာနိုင်ငံကြီးကို ထူထောင်ဖို့အထိ တည်ထောင်ထားတဲ့ အစည်းအရုံးကြီးဖြစ်တဲ့အတွက် ဗ–တ–လ–စ အဖွဲ့ဝင်တစ်ဦးကို ဒီလိုနည်းအမျိုးမျိုးနဲ့ မှတ်ကျောက်တင်တာ မလွန်ရုံသာမက ဒီလိုမှတ်

mgyoe.com


ကျောက်မတင်ရင် ဗ–တ–လ–စ ဟာမှားမယ်။ စေတနာသန့်သန့်ရှင်းရှင်းရှိတဲ့လူတွေသာ မက၊ အမတော်ကြေးဖြတ်စားချင်တဲ့အတွက် အစည်းအရုံးထဲဝင်ချင်တဲ့ လူတွေရော၊ တောင်သူလယ်သမားတွေဆီက ကောက်ပဲသီးနှံဈေးတွေကို နှိမ်ပြီးဝယ်ချင်တဲ့စက်သူဌေးတွေ၊ အဝယ်တော်တွေ၊ ပွဲစားတွေနဲ့ (ဝါးစေ) ချင်တဲ့အတွက် ဗ–တ–လ–စ အဖွဲ့ဝင်လုပ်ချင်တဲ့လူတွေရော၊ ကိုယ့်တူသား၊ နောင်မယ်ကိုလယ်ကောင်းကောင်းချပေးချင်တဲ့အတွက် ဗ–တ–လ–စ အစည်းအရုံးထဲ ဝင်ချင်တဲ့လူတွေရော၊ တောင်သူလယ်သမားတွေရဲ့ အကျိုးဆိုတာလည်း နားမလည်ဘူး၊ ပြည်တော်သာဆိုတာလည်း နားမလည်ဘူး၊ ဘာကိုမှလည်း နားမလည်ဘူး၊ ဗ–တ–လ–စ ထဲကိုဝင်ရမှ လူတွင်ကျယ်လုပ်နိုင်မယ်ဆိုတာလောက်သာ နားလည်ပြီး အစည်းအရုံးဝင်ဖြစ်ချင်တဲ့ လူတွေရော၊ သဗ္ဗရန်ပေါင်း သိမ်းကြုံးပြီး အဖျင်းရော၊ အလေးတွေ၊ အခွံတွေရော၊ စေတနာအနုတ်စုတ်ဂုတ်စုတ်သမားတွေရော အစည်းအရုံးထဲကို အဝင်ခံရမယ်ဆိုရင် ဗ–တ–လ–စ ဟာ အခုကျွန်တော်ပြောခဲ့တဲ့ ပြည်တော်သာပန်းတိုင်ကိုရောက်မှာ မဟုတ်ဘူး၊ အသူတရာနက်တဲ့ချောက်ထဲကျမှာပဲ။

အဲဒီလို အုတ်အရောရော၊ ကျောက်အရောရော ဖြစ်နေမယ်ဆိုရင် ဗ–တ–လ–စဟာ ပြည်တော်သာနိုင်ငံကြီးကို တည်ဆောက်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ ကွယ်လွန်သူခေါင်းဆောင်ကြီး ဗိုလ်ချုပ်ပြောသွားခဲ့ဖူးတဲ့ "ဖာ" နိုင်ငံမျိုးကိုသာ တည်ဆောက်ပေးနိုင်ကြပေလိမ့်မယ်။

"ခွေးတောက်မြစ်ယှက်၊
စပ်ရောဖက်၊
သရက်ပင်မင်း၊
သီးချိုကင်း"

ဆိုတဲ့ ရှေးပညာရှိများ စပ်ဆိုခဲ့တဲ့ ဒီလင်္ကာကလေးဟာ ဗ–တ–လ–စ ကြီးရဲ့ အရေးအကြီးဆုံးဆောင်ပုဒ်တစ်ခုဖြစ်ပါစေ။

အဲဒီတော့ ဒီဆောင်ပုဒ်ကို လက်ကိုင်ထားပြီး၊ စေတနာအနုတ်စုတ် ဂုတ်စုတ်သမားတွေကို ဗ–တ–လ–စ ထဲမှာ လိုက်ပြီးရှာကြပါ။ ရှိတယ်ဆိုရင် ဒီလိုဖိုးညစ်ပတ်၊ မယ်ညစ်ပတ်တွေဟာ အရှာရမခက်ပါဘူး။ ဒီလိုရှာကြပြီးတွေ့တာနဲ့ တစ်ပြိုင်နက်၊ ဒီဖိုးညစ်ပတ်၊ မယ်ညစ်ပတ်တွေကို အိုးတစ်လုံးနဲ့ ကြိုးတစ်ချောင်းစီပေးလိုက်ကြပါ။ အဲဒီကြိုးနဲ့ အဲဒီအိုးကို သူတို့ရဲ့ လည်ပင်းမှာဆွဲပြီး ဟောဟိုအနားက စစ်ကိုင်းတံတားကြီးပေါ်က ဧရာဝတီမြစ်ထဲ ဇောက်ထိုးဆင်းပြီး သူတို့ရဲ့ ညစ်ပတ်ရေး ဇာတ်လမ်းကြီးကို နိဂုံးချုပ်လိုက်ကြပါစေ။

အကယ်၍ အချို့နေရာတွေမှာ သက်ဆိုင်ရာအစည်းအရုံးရဲ့ အာဏာပိုင်အချို့နဲ့ ဒီဖိုးညစ်ပတ်၊ မယ်ညစ်ပတ်တွေဟာ (ဝါးစေ) နေကြတဲ့အတွက်၊ ဘယ်သူ့ကိုမှ ဘယ်သူက အရေးမယူကြဘူးဆိုရင် ပြည်တော်သာနိုင်ငံကြီးကို ထူထောင်ချင်ကြတဲ့ တောင်

mgyoe.com

mgyoe.com

သူလယ်သမားထုကြီးတစ်ရပ်လုံးက ဒီဖိုးညစ်ပတ်၊ မယ်ညစ်ပတ်တွေ ဗ–တ–လ–စ ထဲမှာ မနေဝံ့အောင်၊ ခိုကိုးစရာမရှိအောင် တစ်ခဲနက်အုံကြွပြီး၊ တရားသောနည်းမျိုးစုံနဲ့ ထုတ်ပယ်ပစ်ကြပါ။

လူသေရဲ့ပါးစပ်ထဲက ကူးတို့ခကို နှိုက်ယူရဲတဲ့လူဟာ ညစ်ပတ်ရမဲ့နေရာမှာ ကမ်းကုန်နေတဲ့ လူပဲလို့ ကျွန်တော်ငယ်ငယ်တုန်းက ယူဆမိခဲ့တယ်၊ လယ်ယာအမတော်ကြေးငွေတွေကို ဖြတ်စားတဲ့လူတွေ၊ တောင်သူလယ်သမားတွေရဲ့ ကောက်ပဲသီးနှံဈေးတွေကို နှိမ်ပြီးဝယ်နေတဲ့စက်ပိုင်ရှင်တွေ၊ အဝယ်တော်တွေ၊ ပွဲစားတွေရဲ့ လက်ကိုင်တုတ်တွေ၊ တောင်သူလယ်သမားတွေရဲ့အကျိုးကို ဆောင်ရွက်ဖို့အတွက် အပ်နှင်းထားတဲ့အာဏာတွေကို အလွဲသုံးစားလုပ်နေတဲ့ လူယုတ်မာတွေကိုတွေ့ရတော့မှပဲ၊ လူသေရဲ့ပါးစပ်ထဲက ကူးတို့ခကို နှိုက်ယူတဲ့လူယုတ်မာတွေထက် ၁၄–၅ ဘူတာလောက် လွန်ပြီး ယုတ်မာကြတဲ့ ဖိုးညစ်ပတ်၊ မယ်ညစ်ပတ်တွေကို ကျွန်တော် တွေ့ရပေတော့တယ်။

အဲဒီတော့ ပြည်တော်သာနိုင်ငံကြီးကို အသက်နဲ့လဲပြီး ထူထောင်မယ်လို့ အကြီးဆုံးအဓိဋ္ဌာန်ကြီးကိုပြုပြီး နေ့မနားညမနား၊ ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ဗ–တ–လ–စ အဖွဲ့ဝင်သူတော်စင်အပေါင်းကို ဒီနေရာကနေပြီး ကျွန်တော် မေတ္တာရပ်စမ်းပါရစေ။

"ခါချဉ်ကောင်မာန်ကြီးပြီး တောင်ကြီးကို ဖြိုမယ့်ကြံခါးကမသန်" ဆိုတာမျိုး မဖြစ်ရဘဲ ပြည်တော်သာ နိုင်ငံကြီးကို ထူထောင်တဲ့နေရာမှာ အားရှိရှိနဲ့ ထိထိရောက်ရောက်ကြီး ထူထောင်နိုင်အောင် ဗ–တ–လ–စ အရေခြုံပြီး၊ အတွင်းမှာ လှည့်စားနေတဲ့ ခြကောင်၊ လောက်ကောင်တွေကို အားမနာတမ်း ဟိုဟာဒီဟာတွေကို တွေးပြီးမကြောက်တမ်း အစွမ်းကုန်ထုတ်ပစ်ကြပါလော့။ အဲဒီလိုမထုတ်ပစ်ကြဖို့ ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

## (၂) ကျွမ်းကျင်မှု

ဘယ်အလုပ်ကိုပဲလုပ်လုပ် ကျွမ်းကျင်မှုရှိရမယ်။ အိမ်ဆောက်တာပဲဖြစ်ဖြစ် လှေထိုးလှော်တိုက် ဖောင်လိုက်တာပဲဖြစ်ဖြစ်၊ ဘယ်အလုပ်ပဲဖြစ်ဖြစ်၊ ကျွမ်းကျင်မှုရှိရင် ကောင်းတယ်။ လုပ်တော့လုပ်တာပဲ၊ ဘာမှနားမလည်ဘူး အူကြောင်ကြောင်ဖြစ်နေမယ်ဆိုရင် ကိုယ့်အတွက်လည်းအသုံးမကျ သူများမှာလည်း အကျိုးယုတ်၊ အလုပ်လည်း ပျက်တတ်တယ်။ ခုတွင်က ကျွန်တော်ပြောခဲ့အတိုင်း ဗ–တ–လ–စ ဟာ အမတော်ကြေးဝေရုံလောက်ဘာ လောက်ညာလောက် ကလေးအတွက်သာ တည်ထောင်ထားတာ မဟုတ်ဘဲ၊ ပြည်တော်သာ နိုင်ငံကြီးထူထောင်ဖို့အထိ တည်ထောင်ထားတဲ့ အစည်းအရုံးကြီးဖြစ်တဲ့ အတွက်၊ ဗ–တ–လ–စ အဖွဲ့ဝင်တိုင်းဟာ အူကြောင်ကြောင် တောင်ငေးကြည့်မြောက်ငေးကြည့်ငေးနေရတဲ့ လူစားတွေ မဖြစ်စေချင်ဘူး။ ကိုယ်ထမ်းရွက်ရတဲ့ တာဝန်အသီးသီးကို ကျွမ်းကျွမ်းကျင်ကျင် ထမ်းဆောင်နိုင်တဲ့ လူစားတွေဖြစ်ရမယ်။

mgyoe.com

mgyoe.com


ဘယ်သူမှ မွေးကတည်းက ကျွမ်းကျင်လာကြတာမဟုတ်ပါဘူး။ 'မုဆိုးစိုင်သင်' ဆိုသလို အလုပ်လုပ်သွားရင်း ကျွမ်းကျင်လာကြတာပါပဲ၊ အဲဒီတော့ ဒီကနေ့အဖို့ မကျွမ်းကျင်သေးတဲ့ လူတွေကလည်း ဘာမှအားငယ်နေရာစရာ မရှိပါဘူး။ 'လိုလျှင်ကြံဆ နည်းလမ်းရ' ဆိုတဲ့အတိုင်း ကျွမ်းကျင်ချင်တဲ့ဆန္ဒရှိရင် ကိုယ့်ကိုယ်ကိုယ် ကျွမ်းကျင်တဲ့ လူတစ်ယောက် ဖြစ်လာအောင် လုပ်ပေးနိုင်တဲ့ နည်းလမ်းတွေဟာ ပေါ်လာမှာမလွဲပါဘူး။

အဲဒီတော့ မသိတာရှိရင် စူးစမ်းရှာဖွေ။ ကိုယ့်ထက်တော်တဲ့ လူတွေဆီမှာ ချဉ်းကပ်၊ အခွင့်ရတိုင်း ဆွေးနွေးပွဲတွေကိုလုပ်။ ကိုယ့်အပေါ်ကျရောက်နေတဲ့ တာဝန်တွေဆိုရင်လဲ၊ ဝတ်ကျေတန်းကျေမလုပ်နဲ့။ ဖိဖိစီးစီးလုပ်ပေး၊ အဲဒီလိုလုပ်ရင်းက ကျွမ်းကျင်တဲ့ လူတစ်ယောက်ကေန်ဖြစ်လာမှာပါပဲ။ သံတုံးကြီးကိုတောင် သွေးပါများရင် ချွန်ထက်လာနိုင်သေးရင် လူရင့်မကြီးတစ်ယောက်လုံးမှာ ဖိဖိစီးစီးကြိုးစားရင် ဘာဖြစ်လို့ ကျွမ်းကျင်တဲ့ လူတော်မဖြစ်နိုင်မှာလဲ။

## (၃) စည်းကမ်းသေဝပ်မှု

ဗ–တ–လ–စ ဟာလူ နှစ်ယောက် သုံးယောက်ထဲနဲ့ တည်ထောင်ထားတဲ့ အစည်းအရုံမဟုတ်ဘူး။ သောင်းနဲ့ သိန်းနဲ့ချီပြီး တည်ထောင်ထားတဲ့ အစည်းအရုံးကြီးဖြစ်တဲ့အတွက် အစည်းအရုံးဝင်တိုင်း စည်းကမ်းသေဝပ်မှုရှိဖို့ အများကြီးလိုတယ်။

ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ သောင်းနဲ့သိန်းနဲ့ချီပြီးရှိနေတဲ့အတွက် ဒီအစည်းအရုံးဝင်တွေအားလုံးကို ဘယ်သူကမှ လိုက်ပြီးစေ့စေ့စပ်စပ် ထိန်းသိမ်းနေနိုင်မှာ မဟုတ်ဘူး။ အဲဒီလို စေ့စေ့စပ်စပ် မထိန်းသိမ်းနိုင်တဲ့အတွက် စည်းကမ်းတွေဖောက်ဖျက်ပြီး၊ ကိုယ်ထင်ရာကိုယ်စိုင်းနေကြမယ်ဆိုရင် ဗ–တ–လ–စ ပျက်မှာပဲ။ အဲဒီတော့ ဗ–တ–လ–စ အဖွဲ့ဝင်တိုင်းဟာ ဗ–တ–လ–စရဲ့ တည်တံ့ခိုင်မြဲရေးအတွက် စည်းကမ်းသေဝပ်ဖို့ အများကြီးလိုတယ်။

စည်းကမ်းဆိုတာဟာ တခြားမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ်၊ ဘယ်သူပဲ စောင့်ကြည့်ကြည့်၊ မကြည့်ကြည့်၊ လုပ်သင့်တာဆိုရင်လုပ်ပြီး၊ မလုပ်သင့်တာဆိုရင် မလုပ်ပဲနေနိုင်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်မှုပဲဖြစ်တယ်။ စည်းကမ်းသေဝပ်မှုဆိုတာ၊ အပြင်ဘက်က ဥပဒေတွေ၊ စည်းမျဉ်းတွေ၊ အမိန့်တွေထဲမှာ ရှိတာမဟုတ်ဘူး၊ ကိုယ့်စိတ်ထဲမှာပဲရှိတယ်။ အဲဒီတော့ စည်းကမ်းသေဝပ်မှုနဲ့ပတ်သက်ပြီး လွယ်လွယ်နဲ့ သဘောပေါက်နိုင်အောင် ကျွန်တော်တို့ကျောင်းမှာ သင်ခဲ့ဖူးတဲ့ သိုးဆောင်းပုံကလေးတစ်ပုံကို ကျွန်တော် ပြောပါရစေ။

တစ်ခါတုန်းက ကက်ဆာဘီယင်ကားဆိုးတဲ့ သူငယ်လေးတစ်ယောက်ရှိတယ်။ သူ့မှာ အဖေကြီးတစ်ယောက်ရှိတယ်။ သူ့အဖေကြီးက ကက်ဆာဘီယင်ကားကို သင်္ဘောရဲ့တစ်နေရာမှာ သွားပြီးစောင့်နေဖို့ အမိန့်ပေးတယ်။ များမကြာမီ အဖေကြီးဟာ ရန်သူရဲ့

mgyoe.com

လက်ချက်နဲ့ သေဆုံးပြီး၊ သဘော်လည်း မီးလောင်သွားတယ်။ အဲဒီအခါမှာ တခြားသဘော်သားတွေက အသက်ကယ်လှေထဲမှာ သူတို့နဲ့အတူ လိုက်ခဲ့ဖို့ ခေါ်ပေမဲ့၊ ကက်ဆာဘီယင်းကားက လိုက်မသွားဘူး။ သဘော်နဲ့အတူတူ မီးအလောင်ခံပြီး သေလိုက်တယ်။ ဒီသူငယ်ဟာ ဘာပဲဖြစ်ဖြစ်၊ သူ့အဖေကိုယ်တိုင် စောင့်ကြည့်ကြည့်၊ မကြည့်ကြည့်၊ အမိန့်ကို နားထောင်ရမယ်ဆိုတဲ့အတိုင်း သူ့အဖေပြောတဲ့နေရာမှာသွားနေတယ်။ သူ့အဖေရဲ့အမိန့် နောက်ထပ်မရဘဲ အဲဒီနေရာက တခြားထွက်သွားရင် မှားမဲ့အတွက် ဘာပဲဖြစ်ဖြစ်၊ ဘယ်သူပဲ စောင့်ကြည့်ကြည့်၊ မကြည့်ကြည့် တခြားထွက်မသွားဘူး၊ အသေခံတယ်၊ အဲတာ စည်းကမ်းသေဝပ်မှုပဲ ဖြစ်တယ်။

ဗ–တ–လ–စ အဖွဲ့ဝင်တွေလည်း သောင်းနဲ့သိန်းချီပြီး ရှိနေတဲ့အတွက် အပေါ်က ချပေးလိုက်တဲ့ တာဝန်တွေကို အဖွဲ့ဝင်တိုင်း ကျေကျေပွန်ပွန်လုပ်တယ် မလုပ်ဘူးဆိုတာ ဌာနချုပ်က ဘယ်မှာသိနိုင်မလဲ၊ အဖွဲ့ဝင်တွေပဲ သိနိုင်ကြမှာပဲ။ အဲဒီတော့ ဌာနချုပ်က နေရာတကာတိုင်း လိုက်ပြီး ပြောပြောမပြောပြော၊ အစည်းအရုံးဝင်တိုင်းကို နေရာတကာတိုင်းမှာ လိုက်ပြီး စောင့်ကြည့်ကြည့်၊ မကြည့်ကြည့်၊ အဖွဲ့ဝင်တိုင်းဟာ ကိုယ့်အပေါ်ကျရောက်နေတဲ့တာဝန်တိုင်းကို တာဝန်ကျေပွန်အောင်လုပ်၊ မလုပ်သင့်တာဆိုရင်ဖြင့် အသက်ပေးပြီး ရှောင်ရှားခြင်းဖြင့် စည်းကမ်းသေဝပ်မှုရှိကြဖို့ ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

## (၄) လက်ရုံးရည်နဲ့ နှလုံးရည်

ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်စုံနိုင်ကြဖို့ အရေးကြီးတယ်။ ဒီလိုလက်ရုံးရည်နဲ့ နှလုံးရည်ဆိုပြီးတော့၊ အရည်အချင်းနှစ်ခုရှိတဲ့ အနက်၊ လက်ရုံးရည်ရှိဖို့က လွယ်တယ်၊ နှလုံးရည်ရှိဖို့က ပိုခက်တယ်၊ လူတစ်ယောက်ဟာ တိုက်ရခိုက်ရမဲ့ကိစ္စဆိုရင်၊ ရဲရဲရင့်ရင့် တိုက်ရဲခိုက်ရဲတယ်ဆိုရင် အဲဒီလူဟာ လက်ရုံးရည်ရှိတဲ့ လူပဲဖြစ်တယ်။ နှလုံးရည်ဆိုတာကတော့ အခြားဟာမဟုတ်၊ ဘဝင်မမြင့် မြင့်အောင်၊ ပတ်ဝန်းကျင်က မြှောက်ပင့်ပေးတာကို ခုခံတိုက်ဖျက်နိုင်တဲ့ အရည်အချင်း၊ မှန်လည်းမှန်မယ်၊ အကျိုးလည်း ရှိမယ်ဆိုတဲ့ကိစ္စမျိုးနဲ့ ရင်ဆိုင်တွေ့ရရင်၊ အဂတိလေးပါးမလိုက်စားဘဲ ပြောရဲ လုပ်ရဲခြင်း ကိုယ့်ထက်အားနည်းသောသူများအပေါ်တွင် စာနာထောက်ထားညှာတာနိုင်ခြင်း၊ အောင်မြင်မှုတွေနဲ့ တွေ့ရင်လည်း သိပ်ပြီး စိတ်တက်ကြွမှုမရှိခြင်း၊ မအောင်မြင်မှုတွေနဲ့ တွေ့ရရင်လည်း သိပ်ပြီးစိတ်တုန်လှုပ်မှုမရှိခြင်း အစရှိတဲ့အရည်အချင်းတွေဟာ နှလုံးရည်ပဲ ဖြစ်တယ်။

လက်ရုံးရည်ဆိုတာကတော့ သိရတာ တော်တော်လွယ်တဲ့အတွက် ကျွန်တော် ရှင်းမပြချင်တော့ဘူး။ ဒါပေမယ့် နှလုံးရည်နဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းပြပါရစေ။ ဥပမာ အမတော်ကြေးကိစ္စကို ကြည့်ရအောင်၊ အမတော်ကြေးငွေဟာ ကိုးသိန်းခန့်

mgyee.com

ကနေပြီး၊ ငါးကုဋေခန့်အထိ တိုးပေးရတယ်၊ ငြိမ်းချမ်းရေးရာခိုင်နှုန်းအပြည့်ရပြီးလို့၊ ပြည်ထောင်စုအတွင်းမှာရှိကြတဲ့ လယ်တွေကို အကုန်လုံးလုပ်နိုင်တဲ့အခါကျရင် ဒါထက်တိုးပေးကြရဦးမယ်။ အဲဒီလိုအမတော်ကြေးငွေတွေ ထုတ်ချေးနေတာလည်း အစိုးရမှာ ငွေပိုငွေလျှံတွေရှိလို့ မဟုတ်၊ ပြည်တော်သာလုပ်ငန်းတွေအတွက်၊ တစ်ဖက်ကနေပြီး ငွေတွေကို ကုဋေနဲ့ချီသုံးနေပြီး၊ အခြားတစ်ဖက်က ပြည်တော်သာရဲ့ရန်သူတွေဖြစ်တဲ့ သူပုန်ရောင်စုံတွေကို သုတ်သင်ရှင်းလင်းဖို့အတွက် ငွေတွေကို ကုဋေနဲ့ချီပြီးသုံးနေရတဲ့အထဲက မပေးမဖြစ်တဲ့ငွေအနေနဲ့ ဒီအမတော်ကြေးငွေတွေကို ခဲခဲယဉ်ယဉ်ထုတ်ပေးခဲ့ကြရတာ။ အဲဒီတော့ တောင်သူလယ်သမားတွေရဲ့ အကျိုးအတွက် ဒီအမတော်ကြေးငွေတွေကို နှစ်စဉ်နှစ်တိုင်း မှန်မှန်ထုတ်ပေးဖို့ရယ်၊ တစ်နှစ်ထက်တစ်နှစ်တိုးပြီး ထုတ်ပေးဖို့ရယ် အင်မတန်အရေးကြီးပါတယ်။ အဲဒီလိုအရေးကြီးတဲ့အလုပ်ကို မှန်မှန်လုပ်သွားနိုင်ဖို့အတွက် တောင်သူလယ်သမားတွေဆီက အမတော်ကြေးငွေတွေကို နှစ်စဉ်နှစ်တိုင်းမှန်မှန်ပြန်ရဖို့ အရေးကြီးပါတယ်။ ချေးသွားတုန်းက ငါးကုဋေချေးသွား၊ ပြန်ဆပ်တော့ တစ်ကုဋေလောက်ချန်ထားပြီး လေးကုဋေလောက်သာ ပြန်ဆပ်။ အစိုးရမှာလည်း အမတော်ကြေးငွေပေးစရာ မရှိတော့ဘူး။ အဲဒီတော့ တောင်သူလယ်သမားတွေလည်း တစ်ပြုံကြီးစုပြီး ငတ်ကြမှာပဲ။

အဲဒါတွေကို ဗ–တ–လ–စ အဖွဲ့ဝင်တွေတိုင်း သဘောပေါက်ကြတယ်။ ဒါပေမဲ့ ဗ–တ–လ–စ အဖွဲ့ဝင်အချို့ဟာ အမတော်ကြေးငွေတွေကို ထုတ်ပေးစရာရှိတဲ့အခါမှာ ရှေ့ဆုံးကနေပြီး ထုတ်ပေးပေမဲ့၊ အမတော် ကြေးကိုပြန်ပြီး တောင်းစရာရှိတဲ့အခါကျတော့ ခေါင်းရှောင်တောင်တောင်လုပ်နေကြတယ်၊ အားမနာတမ်း ဖိဖိစီးစီးတောင်းမပေးကြဘူး။ တော်ရိ လျော်ရိလုပ်နေကြတယ်။ အမတော်ကြေးငွေတွေကို မှန်မှန်ပြန်ဆပ်မှ တောင်သူလယ်သမားတွေအတွက် အမတော်ကြေးငွေတွေကို မှန်မှန်ထုတ်ပေးနိုင်မယ်ဆိုတာကို ယုံကြည်ရက်သားနဲ့ ကိုယ့်ယုံကြည်ချက်အတိုင်း မှန်တဲ့အလုပ်တစ်ခုကို အားမနာတန်း ဖိဖိစီးစီး မလုပ်ရဲကြဘူး။ အမတော်ကြေးပြန်မဆပ်ချင်တဲ့လူတွေက အထင်လွဲမှာကို ကြောက်သလိုလို၊ အကြည်ညိုပျက်သွားမှာကိုရွံ့သလိုလို ဘာလိုလိုဖြစ်သွားကြတယ်။

အဲဒီလိုမှန်တာကို တိတိကျကျ ဘာမှုမကြောက်မရွံ့ပဲ မလုပ်ရဲတာဟာ နှလုံးရည်ချွတ်ယွင်းမှုရဲ့သာဓကကြီးတစ်ခုပဲဖြစ်တယ်။ ကြွေးတွေပြန်မဆပ်ရင်လည်း ကိစ္စမရှိဘူး။ သုံး လေးနှစ်ကြာတဲ့အခါ ဖ–ဆ–ပ–လ ဌာနချုပ်ကိုပြေးပြီး ဒီကြွေးတွေကို နောက်ထပ်ပြီးလျှော်ပစ်ဖို့ တိုက်တွန်းဖို့များ၊ ဒီလူတွေစိတ်ကူးနေကြသလား မဆိုနိုင်ဘူး။ အဲဒီလိုစိတ်ကူးရင်တော့ ဒီလူတွေ မှားလိမ့်မယ်။ ဖ–ဆ–ပ–လ ဌာနချုပ်မှာ နိုက်ယူတိုင်းရနိုင်တဲ့ ငွေတွင်းကြီးရှိတာ မဟုတ်ဘူး။ ဟိုနိုင်ငံ ဒီနိုင်ငံဆိုတာတွေကလည်း အလကားပေးမှာ မဟုတ်ဘူး၊ ဒီတော့လည်း ငွေချေးလို့ရတိုင်း၊ တောင်ချေး မြောက်ချေး ချေးတာမျိုးလည်း မကောင်းလှပါဘူး။ အင်မတန်ကို မျက်နှာငယ်ရတဲ့အလုပ်မျိုးဖြစ်တဲ့အတွက်၊ အင်မတန်ကိုကြီးကျယ်တဲ့အကျပ်အတည်းကြီးမျိုးနဲ့ တွေ့မှပဲ၊ ချေးဖို့ ငှားဖို့ကောင်းပါလိမ့်မယ်။ အဲဒီတော့ ခင်ဗျားတို့

mgyoe.com

ကျွန်တော့်ကိုချစ်ချင်လည်း ချစ် မုန်းချင်လည်း မုန်း၊ အရေးမကြီးပါဘူး။ အခွင့်ရတုန်း တိတိလင်းလင်းသတိပေးစမ်းပါရစေ၊ အမတော်ကြေးတွေကို နှစ်စဉ်နှစ်တိုင်းမှန်မှန်ရချင် တယ်၊ တိုးပြီး ရချင်တယ်ဆိုရင်တော့၊ မှန်မှန်ပြန်ဆပ်ကြ၊ မှန်မှန်ဆပ်ရင် မှန်မှန်ရမယ်၊ တိုးပြီးရမယ်။ မှန်မှန်မဆပ်ကြရင်၊ တောင်သူလယ်သမားတွေ လျော့ပြီးဆပ်သလောက် အမတော်ကြေးငွေ လျော့သွားမှာပဲ။ နောက်ဆုံးတစ်နေ့ ပေးစရာမရှိရင်၊ ဘာပဲဖြစ်ဖြစ်၊ အမတော်ကြေးကို ပိတ်ပစ်လိုက်ရမှာပဲ။

## (၅) အကြားအမြင်များမှု

ပြည်သူ့ရဲဘော်တွေ ဖ–ဆ–ပ–လ ထဲကခွဲမထွက်ခင်က နေ့တစ်နေ့မှာ သူတို့ရဲ့ ပထမတန်းက ခေါင်းဆောင်လေး ငါးဦးကျွန်တော်နဲ့ အရေးတကြီးလာတွေ့ကြပါတယ်။ ကျွန်တော်နဲ့တွေ့တဲ့အခါမှာ ခေါင်းဆောင်တစ်ဦးက ပြည်ထောင်စုအစိုးရက အင်္ဂလိပ်နဲ့ အမေရိကန်တို့ကို စစ်ကြေညာပေးဖို့ ကျွန်တော့်ကို တိုက်တွန်းပါတယ်။ အဲဒီအခါမှာ ငိုအားထက်ရယ်အားသန်ဆိုတာလို၊ သူတို့ကို ကျွန်တော်မကြိမ်းမောင်းမိဘဲ များစွာသနား သွားပါတယ်။ အဲဒီတော့ သူတို့ရှေ့မှာ ကမ္ဘာ့မြေပုံကြီးကို ချပြပြီး၊ ခြသေ့်အရေခြုံပြီး ခြသေ့်လိုဟောက်လိုက်တဲ့ မြေခွေးဟာ၊ သားရဲတိစ္ဆာန်တွေရဲ့အစာဖြစ်ရသလို၊ အင်္ဂလိပ်၊ အမေရိကန်တို့ကို အခြောက်တိုက်စစ်ကြေညာလိုက်တာနဲ့ ကျွန်တော်တို့ရဲ့ လက်တစ်ဆုပ် လောက်ရှိတဲ့ ပြည်ထောင်စုဟာ၊ ဘယ်ပုံဘယ်နည်းကြေမွသွားနိုင်တယ်ဆိုတာကို ကျွန်တော် က အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြရပါတယ်။

အဲဒီလိုရှင်းပြတဲ့အခါ ဒီလိုဆိုရင် စတိစစ်ကြေညာပေးပါလို့ သူတို့အထဲက ရဲဘော်တစ်ဦးကထပ်ပြီး ကွန့်လိုက်ပြန်သေးတယ်။ အဲဒီအခါမှာ စစ်ကြေညာတယ်ဆိုတာ စတိကတစ်မျိုး၊ စတိမဟုတ်တာက တစ်မျိုးဆိုပြီး နှစ်မျိုးမရှိဘူး။ စစ်ကြေညာရင် ကြေညာ တာပဲ။ တစ်မျိုးတည်းသာရှိတယ်လို့ပြန်ရှင်းပြရတယ်။ အဲဒီတော့မှ သူတို့လည်း ငြိမ်သွားကြ တော့တယ်။ အဲဒါဟာ အကြားအမြင်ချို့တဲ့မှုရဲ့သာဓကကြီးတစ်ခုပဲ ဖြစ်တယ်။

ပြည်တော်သာနိုင်ငံကြီးကို ထူထောင်တဲ့နေရာမှာ ရှေ့ဆုံးတန်းကနေရမဲ့ ဗ–တ–လ–စ အစည်းအရုံးဝင်တွေဟာ ကိုယ့်အစည်းအရုံးရဲ့ နံရံလေးခုအတွင်းမှာ ဖြစ်ပျက်နေ တဲ့အဖြစ်ပျက်တွေကိုလောက်သာ သိနေရုံနဲ့ မလုံလောက်သေးဘူး။ ကိုယ့်ပြည်ထောင်စု အရေး၊ နိုင်ငံတကာအရေးတွေကိုလဲ ခရေစေ့တွင်းကျ မဟုတ်တောင် အတော်အတန်ခေါက် မိအောင် ကြိုးစားပြီးဆည်းပူးထားရမယ်၊ အဲဒီလိုဆည်းပူးထားနိုင်မှ ကိုယ်ရဲ့နိုင်ငံရေး အတွေးအခေါ် အယူအဆတွေဟာ အမှားနည်းမယ်။ ဒီလိုမဟုတ်ရင် ကိုယ်ဆင်းပြီး ဝပ်နေ တဲ့ နွားခြေရာကွက်ထဲက ရေကိုပဲ ပင်လယ်လောက် အထင်ကြီးနေတဲ့ဖားသူငယ်လို နိုင်ငံ ရေးသမားတွေဟာ အထင်လွဲအမြင်လွဲဖြစ်ကုန်ကြမှာကို စိုးရတယ်။

အခုလိုခေတ်ကြီးထဲမှာ အင်အားအတောင့်တင်းဆုံးဆိုတဲ့ အမေရိကန်နိုင်ငံပဲဖြစ်

mgyoe.com

mgyoe.com


ဖြစ်၊ ကျွန်တော်တို့ ပြည်ထောင်စုလို အင်အားအင်မတန်ချည့်နဲ့နေတဲ့ နိုင်ငံကလေးပဲဖြစ်ဖြစ် ဘယ်နိုင်ငံပဲဖြစ်ဖြစ်၊ အချုပ်အခြာအာဏာတွေ ဘယ်လိုပဲရရ၊ ပတ်ဝန်းကျင်အခြေအနေကို မကြည့်ဘဲ အရမ်းကာရော ကိုယ်ထင်ရာ ကိုယ်မလုပ်နိုင်ဘူး။

ဥပမာ အီရန်အစိုးရနှင့် အင်္ဂလိပ်အစိုးရတို့ဟာ အဘာဒင်ရေနံလုပ်ငန်းနဲ့ ပတ်သက်ပြီး အကြီးအကျယ် စကားများတယ်။

အဲဒီအစိုးရနှစ်ခုကို ယှဉ်လိုက်ရင် အင်္ဂလိပ်အစိုးရက အများကြီးအင်အားရှိတာပဲ၊ အင်္ဂလိပ်စစ်တပ်ရဲ့ အစိတ်အပိုင်းကလေးကို လွှတ်ပြီး အီရန်ကို သိမ်းလိုက်ရင် အလွယ်ကလေးနဲ့ ရမှာပဲ။ ဒါပေမယ့် အင်္ဂလိပ်တွေသိမ်းရဲ့လား၊ မသိမ်းဘူး။ ပတ်ဝန်းကျင်အခြေအနေအရ၊ အဖိုးသန်းပေါင်းများစွာတန်တဲ့ အင်္ဂလိပ်ပိုင် ရေနံလုပ်ငန်းကြီးကို စွန့်ပစ်ခဲ့ပြီး အင်္ဂလိပ်တွေ ဘိလပ်ကို ပြန်ခဲ့ကြရတယ်။

ကိုရီးယားကိုကြည့်ရင်လည်း တရုတ်စစ်သားတွေဟာ အပျော်တမ်းတပ်သားတွေလို့အမည်ပေးပြီး ကိုရီးယားထဲမှာ မြောက်ကိုရီးယားဘက်က ဝင်တိုက်ပေးနေတာပဲ။ စစ်ပစ္စည်း စစ်ကိရိယာတန်ဆာပလာတွေလည်း တရုတ်ပြည်ကြီးက ဒလဟောသွင်းပေးနေတာဘဲ။ အဲဒီအတွက်ကြောင့် အမေရိကန်စစ်ဗိုလ်ကြီးတွေဟာ တရုတ်ပြည်မကြီးကို ဗုံးကြဲချင်နေတာ၊ လက်ကို ယားနေတာပဲ။ အဲဒီအထဲမှာ အမေရိကန်စစ်ဗိုလ်ချုပ်တစ်ဦးဖြစ်တဲ့ မ်ကအာသာဟာ အကဲဆုံးပဲ။ ဒါပေမယ့် တရုတ်ပြည်မကြီးကို အမေရိကန်တွေ ဗုံးကြဲနိုင်ရဲ့လား။ ဗိုလ်ချုပ်မက်အာသာသာလျှင် အလုပ်ပြုတ်သွားတယ်။ ယနေ့အထိ အမေရိကန်တွေဟာ တရုတ်ပြည်မကြီးကို ဗုံးမကြဲနိုင်ကြသေးဘူး။

အဲဒီလိုမကြဲနိုင်တာဟာ အမေရိကန်အစိုးရမှာ အချုပ်အခြာအာဏာမရှိလို့လား၊ အမေရိကန်တွေမှာ အားမရှိလို့လား၊ မဟုတ်ပါဘူး။ အမေရိကန်တွေမှာ အချုပ်အခြာအာဏာလည်း ရှိတယ်၊ အားလည်း ရှိပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်အခြေအနေအရ၊ ကိုယ်လုပ်ချင်တာတွေကို လုပ်လို့မရဘူး၊ လက်လျှော့ပေးတန်တဲ့နေရာမှာ ပေးရတယ်။

ကွန်မြူနစ်တို့ရဲ့ အဓိပတိဖြစ်တဲ့ ဆိုဗီယက်ရုရှားကို ကြည့်ဦးမလား၊ ဒီအတိုင်းပါပဲ။ စတာလင်မသေခင် တစ်နေ့အထိ၊ အနောက်ဘက် ဒီမိုကရေစီနိုင်ငံတွေနဲ့ ဆိုဗီယက်ရုရှားရဲ့ဆက်ဆံမှုဟာ အင်မတန်တင်းမာတယ်။ ဘယ်နေရာမှာမှ အလျှော့မပေးခဲ့ဘူး။ အဲဒီအတွက် ကမ္ဘာကြီးဟာ နှစ်ခြမ်းများ ကွဲထွက်သွားမလားလို့ ကမ္ဘာသူကမ္ဘာသားတွေ တထိတ်ထိတ်နဲ့ နေလာခဲ့ကြရတယ်။ ဒါပေမဲ့ စတာလင်သေပြီး၊ မာလင်ကော့ဝန်ကြီးချုပ်ဖြစ်တာနဲ့ တစ်ပြိုင်နက် ဆိုဗီယက်တို့ရဲ့ လမ်းစဉ်ဟာ တစ်မျိုးပြောင်းသွားတယ်။ ကုလသမဂ္ဂမှာလည်း ရုရှားကိုယ်စားလှယ်တွေဟာ လုပ်ပုံလုပ်နည်းရော၊ လေသံရော သိသိသာသာကြီးပြောင်းသွားတယ်။ ဆိုဗီယက်ဝါဒဖြန့်ချိရေးဌာနကြီးတွေဖြစ်တဲ့ အသံလွှင့်ရုံနဲ့ သတင်းစာတွေကလည်း လေသံတစ်မျိုး ပြောင်းသွားတယ်။

ကိုးရီးယားမှာဆိုရင်လည်း နာဖျားမကျန်းဖြစ်နေတဲ့ စစ်သားတွေနဲ့ ဒဏ်ရာရနေတဲ့

mgyoe.com

mgyoe.com

စစ်သားတွေ လဲလှယ်ရေးကိစ္စကြီးဟာ အတော်ကြာကြာကြီးဇွေ့စပ်လို့မရဘဲ ပျက်နေရာက တက်ဂန်ပြန်ပေါ်လာပြီး အောင်မြင်သွားတယ်။

ကိုးရီးယားစစ်သုံ့ပန်းတွေ လဲလှယ်ရေးကိစ္စမှာလည်း ကုလသမဂ္ဂမှာ အတည်ပြုလိုက်တဲ့ အိန္ဒိယရဲ့အဆိုကို တရုတ်အစိုးရက ပယ်ချပစ်ပြီးမှ ဒီအဆိုနဲ့ သဘောချင်းထပ်တူထပ်မျှလောက်ဖြစ်တဲ့ အဆိုကို တရုတ်အစိုးရတို့က တင်သွင်းလာကြပြန်တယ်။

အဲဒီတော့ ဒီလိုဖြစ်ရတာတွေဟာ ဘာကြောင့်ဖြစ်ရတာလဲ။ ဆိုဗီယက်ရုရှားမှာ အချုပ်အခြာအာဏာတွေ မရှိလို့လား၊ အားအင်မတောင့်တင်းလို့လား၊ မဟုတ်ပါဘူး ဒီလိုလုပ်ရတာဟာ ဆိုဗီယက်ရုရှားရဲ့ ပတ်ဝန်းကျင် အခြေအနေအရပဲ ဖြစ်ပါတယ်။

၁၉၃၅–ခုမှ ၁၉၃၈–ခုနှစ်အတွင်းလောက်တုန်းကလည်း ဆိုဗီယက်ရုရှားဟာ ပတ်ဝန်းကျင်အခြေအနေအရ၊ သူ့လမ်းစဉ်တွေရော၊ လေသံတွေရော တစ်မျိုးပြောင်းခဲ့ရဖူးပြီ အဲဒီတုန်းက ပတ်ဝန်းကျင်အခြေအနေကတော့၊ တခြားတော့မဟုတ်ဘူး။ အီတလီ–ဂျာမနီ–ဂျပန်တို့က သူ့ကို ဝိုင်းပြီးချဖို့ စိုင်းပြင်းနေကြတဲ့အတွက်ပဲ ဖြစ်တယ်။

အဲဒီတုန်းကဆိုရင် ကွန်မြူနစ်အင်တာနေရှင်နယ်ခေါ်၊ ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ်အဖွဲ့ချုပ်ကြီးရဲ့ လမ်းစဉ်ဟာ တစ်မျိုးပြောင်းလာတာကို တွေ့ရတယ်၊ ရှေးအခါတုန်းက တပ်ပေါင်းစုလမ်းစဉ်ကို အချောင်သမားလမ်းစဉ်လို့ ရှုတ်ချခဲ့ပေမဲ့ ၁၉၃၅ ခုနှစ်က အစပြုပြီး လက်ဝဲဂိုဏ်သားချင်း ပေါင်းထားတဲ့ တပ်ပေါင်းစုသာမက ရှေ့သို့တစ်လှမ်းတိုးပြီး ဖက်ဆစ်ဝါဒကို စုပေါင်းချေမှုန်းရန်အတွက် ဖက်ဆစ်ဝါဒကို မလိုလားသူမှန်သမျှ ပါဝင်တဲ့ အင်မတန်ကျယ်ပြန့်တဲ့ တပ်ပေါင်းစု စနစ်ကိုပင် တစ်ကမ္ဘာလုံးရှိ ကွန်မြူနစ်ပါတီများက လိုက်နာဆောင်ရွက်ရန် ၁၉၃၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ်ပါတီအဖွဲ့ချုပ်ကြီးက ဆုံးဖြတ်ချက်ချခဲ့တယ်။

ဒါတွင်မကသေးဘူး၊ ဆိုဗီယက်တွေ အာဏာသိမ်းစဉ်က စပြီးနှစ်ပေါင်း ၂၀ ကျော် ရုရှားမှာ အတည်ဖြစ်ခဲ့တဲ့ ဆိုဗီယက်အုပ်ချုပ်ပုံအခြေခံစည်းမျဉ်းကို ပယ်ဖျက်ပြီး၊ ဒီမိုကရေစီအရိပ်အရောင်များအတော် ခပ်များများပါတဲ့အတွက် အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်အစရှိတဲ့ အနောက်ဘက် ဒီမိုကရေစီနိုင်ငံများက လက်ခံနိုင်မဲ့ စတာလင်အခြေခံစည်းမျဉ်းလို့ခေါ်တဲ့ အုပ်ချုပ်ရေးစည်းမျဉ်းတစ်ခုကို ၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှာ ဆိုဗီယက်တို့ အတည်ပြုခဲ့ကြတယ်။

ဒါတွေတင်မကသေးဘူး၊ တကမ္ဘာလုံးမှာရှိတဲ့ ကွန်မြူနစ်ပါတီအသီးသီးဟာလည်း ကမ္ဘာတော်လှန်ရေးကြွေးကြော်သံတွေကို ရပ်စဲလိုက်ကြတာကိုလည်း တွေ့ခဲ့ရသေးတယ်။ အဲဒါတွေဟာ အမှန်စင်စစ်တော့ ဆိုဗီယက်ရုရှားဟာ သူ့ပတ်ဝန်းကျင်အခြေအနေကို ကြည့်ပြီး ဆောင်ရွက်ခြင်းပဲ ဖြစ်တယ်။

အဲဒီလိုပဲ ကျွန်တော်တို့ပြည်ထောင်စုလည်း ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့က အစပြုပြီး အချုပ်အခြာအာဏာရတယ်ဆိုတာ မှန်ပေတဲ့၊ ကိုယ်လုပ်ချင်တာတွေကို

mgyoe.com


အရမ်းလုပ်လို့မဖြစ်ဘူး။ ပတ်ဝန်းကျင်အခြေအနေကို အမြဲအကဲခတ်ရတယ်၊ လေ့လာရတယ်။ ဘာပဲလုပ်ချင် လုပ်ချင် ဒီပတ်ဝန်းကျင်အခြေအနေကို ဆင်ခြင်သုံးသပ်ပြီးမှ လုပ်ရတယ်။

ကျွန်တော်တို့ ဘာပဲလုပ်ချင်လုပ်ချင်၊ အမြဲတမ်းမျက်ခြည်အပြတ်မခံရဲဘဲ၊ အမြဲတမ်းဆင်ခြင်သုံးသပ်နေရတဲ့ပတ်ဝန်းကျင်အခြေအနေကတော့ တခြားဟာ မဟုတ်ပါဘူး။

(၁) စစ်နဲ့ ရောင်စုံသူပုန်တို့ရဲ့ ဒဏ်ကြောင့်၊ တစ်နိုင်လုံးမှာ ပြည့်လျှံနေတဲ့လောင်စာနဲ့ပြာပုံ။

(၂) နုနယ်တဲ့အရွယ်မှာပင် ရှိနေသေးတဲ့ အမျိုးသားစည်းလုံးရေး၊

(၃) ပြန်လည်ထူထောင်ရေးနဲ့ ပြည်တော်သာ နိုင်ငံထူထောင်ရေးအတွက်၊ လိုအပ်တဲ့ပညာသည်များ၊ စက်ကိရိယာတန်ဆာပလာများ၊ ပစ္စည်းများ၊

(၄) ပထဝီဝင်အရ ပြည်ထောင်စုကိုဝိုင်းထားတဲ့ နိုင်ငံတွေနဲ့ သူတို့ရဲ့ စိတ်နေသဘောထား၊

(၅) ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်လက်နက်ကိုင်အင်အား၊

(၆) အမေကျော် ဒွေးဒေါ်လွှမ်းနေကြတဲ့ လက်ဝဲလကျာ် ပဋိပက္ခမံတပ်သားများဆိုတဲ့ အချက်ကြီးခြောက်ချက်ဟာ ကျွန်တော်တို့ဘာပဲလုပ်လုပ်၊ မျက်ခြည်အပြတ်မခံဘဲနဲ့ အမြဲတမ်းလေ့လာသုံးသပ်နေရတဲ့ ပတ်ဝန်းကျင်အခြေအနေကြီးခြောက်ရပ် ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံခြားရေးဝါဒကို (ကြား) နေရေးဝါဒလုပ်ရတာလည်း အခုပြောခဲ့တဲ့ ပတ်ဝန်းကျင်အခြေအနေကြီးများကြောင့်ပဲ ဖြစ်တယ်။

နိုင်ငံခြားသားပိုင်လုပ်ငန်းတွေကို ပြည်သူပိုင်လုပ်တဲ့အခါ လျော်ကြေးငွေပေးဖို့ ကျွန်တော်တို့ဆုံးဖြတ်ရတာလည်း အခုပြောခဲ့တဲ့ ပတ်ဝန်းကျင်အခြေအနေကြီးများကြောင့်ပဲ ဖြစ်တယ်။

ရှိသမျှ နိုင်ငံတကာနဲ့ သင့်အောင်ပေါင်းနေရတာလည်း အခုပြောခဲ့တဲ့ ပတ်ဝန်းကျင်အခြေအနေကြီးများကြောင့်ပဲ ဖြစ်တယ်။

အီး–စီ–အေ ခေါ် အမေရိကန်အထောက်အပံ့တွေကို လက်ခံခဲ့ရတာလည်း အခုပြောခဲ့တဲ့ ပတ်ဝန်းကျင်အခြေအနေကြီးများကြောင့်ပဲ ဖြစ်တယ်။

ကေ၊ အမ်၊ တီ အစိုးရနဲ့ အဆက်ဖြတ်ပြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကို အသိအမှတ်ပြုရတာလည်း အခုပြောခဲ့တဲ့ ပတ်ဝန်းကျင် အခြေအနေကြီးများကြောင့်ပဲ ဖြစ်တယ်။

နိုင်ငံခြားလုပ်ငန်းကြီးတချို့ကို ခုချက်ချင်း ပြည်သူပိုင်မလုပ်သေးဘဲ၊ နိုင်ငံခြားကုမ္ပဏီတွေနဲ့ နိုင်ငံတော်အစိုးရတို့အစုစပ်လုပ်ငန်းတွေလုပ်ကြဖို့ စီစဉ်နေရတာလည်း အခုပြောခဲ့တဲ့ ပတ်ဝန်းကျင်အခြေအနေကြီးများကြောင့်ပဲ ဖြစ်တယ်။

mgyoe.com

mgyee.com

ကမ္ဘာ့ကုလသမဂ္ဂထဲကို အသင်းသားအဖြစ်နဲ့ ကျွန်တော်တို့ဝင်ခဲ့ရတာလည်း အခုပြောခဲ့တဲ့ ပတ်ဝန်းကျင်အခြေအနေကြီးများကြောင့်ပဲ ဖြစ်တယ်။

အဲဒီတော့ ဒီလိုပတ်ဝန်းကျင်အခြေအနေတွေကို မဆင်ခြင်မသုံးသပ်ဘဲ၊ အင်္ဂလိပ်နဲ့ အမေရိကန်ကို စတိကလေးဖြစ်ဖြစ်၊ စစ်ကြေညာဖို့ တိုက်တွန်းသွားကြတဲ့ ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေလို နိုင်ငံခြားသားတွေရဲ့ပစ္စည်းတွေကို လျော်ကြေးမပေးဘဲ ဟိုဟာတွေအတင်းသိမ်းခိုင်း၊ ဒီဟာတွေအတင်းသိမ်းခိုင်းနေတဲ့ ကွန်မြူနစ်တွေလို တွေ့ကရာတွေကို မိုက်ရူးရဲလျှောက်လုပ်နေကြမယ်ဆိုရင် ဒီပြည်ထောင်စုကြီးဟာ ငါးပါးသာမက၊ သံဃာစင်ကြီးပါ မှောက်သွားပေလိမ့်မယ်။

အဲဒါကြောင့် ပြည်တော်သာ နိုင်ငံကြီးတည်ဆောက်တဲ့နေရာမှာ၊ ရှေ့ဆုံးတန်းကနေရမဲ့ ဖ–တ–လ–စ အစည်းအရုံးဝင်တွေဟာ ဘယ်ဟာကိုပဲလုပ်လုပ်၊ အမှားနည်းနည်းနဲ့ လုပ်နိုင်အောင်အကြားအမြင်တွေကို ရနိုင်သမျှ ကြိုးစားပြီးစုကြရမယ်။

အဲဒီတော့ အကြားအမြင်များဖို့အတွက် ဖ–တ–လ–စ ဌာနချုပ်က တစ်လတစ်ကြိမ်ထုတ်မဂ္ဂဇင်းကောင်းကောင်းတစ်စောင်ထုတ်ဝေဖို့ ကျွန်တော်လေးနက်စွာ အကြံပေးလိုတယ်၊ အဲဒီမဂ္ဂဇင်းထဲမှာ ဖ–တ–လ–စ အစည်းအရုံးဝင်တွေ မသိမနေအပ်တဲ့ ပြည်ထောင်စုရေးရာ၊ နိုင်ငံတကာရေးရာတွေကို အထူးဂရုစိုက်ပြီး ဖော်ပြသွားရမယ်။ ဖ–တ–လ–စ အစည်းအရုံးတိုင်းလည်း ဒီမဂ္ဂဇင်းကို မဂ္ဂဇင်းဖိုးမှန်မှန်ပေးပြီး လစဉ်မှာယူကြရမယ်။

## (၆) ဖွဲ့

ဖွဲ့ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ကျွန်တော်အထူးပြောဖို့ မလိုပါဘူး။ ပြည်တော်သာနိုင်ငံတစ်နိုင်ငံ ထူထောင်ဖို့လုပ်ငန်းဟာ အင်မတန်ကြီးမားတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တဲ့အတွက်၊ ဒီလုပ်ငန်းကြီးကို အကောင်အထည်ဖော်တဲ့နေရာမှာ ဖွဲ့ဘယ်လောက်လိုမယ်ဆိုတာကိုလဲ၊ ကျွန်တော်အထူးပြောဖို့ မလိုပါဘူး။ ဖ–တ–လ–စ အစည်းအရုံးဝင်တွေအကုန်လုံးသိပြီးသားဖြစ်ပြီးလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဆန်ကို ဆန်ဆိုင်မှာသွားပြီးတော့ဝယ်တဲ့အခါ ပိုက်ဆံပေးနိုင်ရင်လိုသလောက်ရတဲ့အတွက် ဆန်ဆိုတာ လွယ်လွယ်နဲ့ပဲရသလိုလို၊ လယ်အကြောင်း နားမလည်တဲ့လူတွေက ယူဆစရာအကြောင်းရှိတယ်။ ဒါပေမဲ့ ဆန်အိုးထဲကို ဆန်ရောက်ဖို့အရေးအတွက် လယ်ယာမိုးရှို့တဲ့အလုပ်ကစပြီး စပါးတွေ တလင်းထဲပုံတဲ့အထိဟာ ဆင့်ကဲဆင့်ကဲနဲ့၊ ဘယ်လိုဖွဲ့ကောင်းကောင်းနဲ့ ဒုက္ခခံပြီးလုပ်ခဲ့ရတယ်ဆိုတာကို တောင်သူလယ်သမားတွေတော့ သိကြပါတယ်။ ပြည်တော်သာလုပ်ငန်းအကောင်အထည်ဖော်တယ်ဆိုတာဟာ အဲဒီဆန်ဖြစ်အောင်လုပ်ရတဲ့ အလုပ်ထက် ဆပေါင်းကိန်းပေါင်းများစွာ ကြီးကျယ်ပါတယ်။ အဲဒီတော့ ဆန်ဖြစ်အောင် လုပ်တဲ့ အလုပ်ကလေးတစ်ခုကိုပင်၊ တောင်သူလယ်သမားတွေဟာ ဖွဲ့ကောင်းကောင်းနဲ့

mgyee.com

mgyoe.com


လုပ်နေရရင် ပြည်တော်သာနိုင်ငံထူထောင်ဖို့လုပ်ငန်းစဉ်ကို ဖွဲ့ဘယ်လောက်လိုမယ်ဆိုတာ တွေးကြည့်နိုင်ပါတယ်။ ပြည်တော်သာနိုင်ငံထူထောင်တဲ့ဖြေရာမှာ နောင်နှစ်ခါပြီးမလား။ နောက် သုံးလေးနှစ်ကြာရင်ပြီးမလားအစရှိသည်ဖြင့် မေးမနေကြနဲ့။ ကုန်ကုန်ပြောလိုက်မယ်၊ ဘယ်တော့လောက်များပြီးမလဲလို့တောင် မမေးကြနဲ့။ ကုန်ကုန်ပြောလိုက်မယ်၊ ဘယ်တော့ လောက်များပြီးမလဲလို့တောင် မမေးကြနဲ့။ ဒီပြည်တော်သာနိုင်ငံကြီး တည်ထောင်လို့ မပြီးမချင်း၊ တို့တည်ထောင်သွားမယ်ဆိုတဲ့၊ ဖွဲ့နဲ့ခါးထောင်းကြိုက်မဖြုတ်ဘဲ ဆောင်ရွက်ကြရမယ်။ ပြည်တော်သာနိုင်ငံကြီးကိုတော့ ထူထောင်ချင်တယ် ဖွဲ့ကတော့တယ် မရှိဘူးဆိုရင် "ခါချဉ်ကောင်မာန်ကြီးလို့တောင်ကြီး ဖြိုမဲ့ကြံ၊ ခါးကမသန်" ဆိုသလို ဖြစ်နေလိမ့်မယ်။

"ရောမနိုင်ငံကြီးကို တစ်နေ့တည်းနဲ့ ထူထောင်ပြီးစီးတာမဟုတ်ဘူး" လို့ဆိုတဲ့ သိုးဆောင်းစကားပုံတစ်ခု ရှိတယ်။ အဲဒီစကားပုံကတော့ တခြားဟာကိုပြောချင်တာ မဟုတ်ပါဘူး၊ အလုပ်ကြီးကြီးကျယ်ကျယ် တစ်ခုခုကို လုပ်ချင်ရင်၊ နေ့ချင်း လချင်း နှစ်ချင်းပြီး အောင်လုပ်ဖို့တော့ မဖြစ်နိုင်ဘူး။ "တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ" ဆိုတဲ့ ဖွဲ့မျိုးနဲ့ ဒီအလုပ်ကြီးကို မပြီးမချင်းလုပ်ရမယ်လို့ ဆိုလိုခြင်းပဲဖြစ်တယ်။ အဲဒါကြောင့် ပြည်တော်သာ နိုင်ငံတော်ကြီးတစ်နိုင်ငံကို ထူထောင်တဲ့နေရာမှာ ရှေ့ဆုံးတန်းက နေရမဲ့ ဗ–တ–လ–စ အစည်းအရုံးဝင်တွေဟာ အစွမ်းကုန်ဖွဲ့ကောင်းကြရမယ်။

အခုကျွန်တော်ပြောခဲ့တဲ့ ဂုဏ်အင်္ဂါ ခြောက်ရပ်ဟာ ဗ–တ–လ–စ အဖွဲ့ဝင်တိုင်း မရှိမဖြစ်တဲ့ဂုဏ်အင်္ဂါ ခြောက်ရပ်ဖြစ်တယ်။ အဲဒီတော့ ဗ–တ–လ–စ အဖွဲ့ဝင်တွေ ဒီအင်္ဂါ ခြောက်ရပ်နဲ့ပြည့်စုံကြဖို့ အထူးကြိုးစားကြစေချင်တယ်။

ဗ–တ–လ–စမှာပဲဖြစ်ဖြစ်၊ ဖ–ဆ–ပ–လမှာပဲဖြစ်ဖြစ်၊ ဘယ်အစည်းအရုံးအသင်း အဖွဲ့မှာပဲဖြစ်ဖြစ်၊ အရေးအကြီးဆုံးကိစ္စကတော့၊ လူများများရဖို့မဟုတ်ပါဘူး။ လူကောင်း ကောင်းရဖို့ပဲ ဖြစ်တယ်။ အရေအတွက်က အရေးမကြီးဘူး အရည်အချင်းကပိုပြီး အရေး ကြီးပါတယ်။ အမတော်ကြေးခေါင်းပုံဖြတ်သမားတွေ၊ တောင်သူလယ်သမားတွေရဲ့ ကောက်ပဲသီးနှံတွေကို ဈေးနှိမ်ပြီး ဝယ်နေတဲ့ စက်ပိုင်ပွဲစား၊ အဝယ်တော်တွေရဲ့ လက်ကိုင် တုတ်တွေ၊ တောင်သူလယ်သမားအကျိုးအတွက် ဆောင်ရွက်ပေးဖို့ အပ်နှင်းထားတဲ့ အာဏာတွေကို အလွဲသုံးစားလုပ်တဲ့ လူညစ်ပတ်လူယုတ်မာတွေ အစရှိတဲ့ လူရှုပ်လူပွေ၊ လူယုတ်မာတွေနဲ့ အရောရောအနှောနှောဖြစ်နေတဲ့ အစည်းအရုံးဝင်ပေါင်း တစ်သန်းထက်၊ အခုကျွန်တော်ပြခဲ့တဲ့ ဂုဏ်အင်္ဂါ ခြောက်ရပ်နဲ့ ပြည့်စုံတဲ့ အစည်းအရုံးဝင်တစ်ရာက ပိုပြီး အဖိုးတန်ပါတယ်။ ပိုပြီး ဗ–တ–လ–စကိုတောင့်တင်းခိုင်မာအောင်၊ တည်တံ့ခိုင်မြဲအောင် လုပ်ပေးနိုင်ပါလိမ့်မယ်။ ဗ–တ–လ–စက အဓိဋ္ဌာန်ပြုထားတဲ့ ပြည်တော်သာနိုင်ငံကြီး တည်ထောင်ရေးမှာပိုပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ပါလိမ့်မယ်။ အဲဒါကြောင့် ဗ–တ–လ–စအဖွဲ့ဝင်တွေဟာ၊ အခု ကျွန်တော်ပြောခဲ့တဲ့ ဂုဏ်အင်္ဂါ ခြောက်ရပ်နဲ့ ရာခိုင်နှုန်း

mgyoe.com

mgyoe.com


အပြည့်ပြည့်စုံကြဖို့ အထူးကြိုးစားကြပါရန် ကျွန်တော်ထပ်ဆင့်ပြီး သတိပေးလိုက်ပါတယ်။

ကဲ–ကျွန်တော်ပြောတာလည်း အတော်ရှည်သွားပါပြီ၊ အဲဒါကြောင့် ကျွန်တော် ပြောပြီးခဲ့တဲ့စကားတွေအားလုံးကို ဗ–တ–လ–စ အစည်းအရုံးဝင်တွေ မှတ်မိလွယ်အောင် ပြန်ပြီး အကျဉ်းချုပ်ပါရစေ။

(၁) ဗ–တ–လ–စ ဆိုတာဘာလဲ။ ဗ–တ–လ–စ ဆိုတာ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီး ဖြစ်ပါတယ်။

(၂) ဗ–တ–လ–စ လုပ်ပြီးခဲ့တဲ့လုပ်ငန်းများဟာ ဘာလဲ။ ဗ–တ–လ–စ လုပ်ပြီးခဲ့တဲ့လုပ်ငန်းများဟာ။

(က) လယ်ခွန်တော် နှစ်ဆသာ လယ်သီးစားခ ပေးနိုင်ခွင့်ကို တောင်သူလယ်သမားများ အားပေးအပ်ခဲ့ခြင်း။

(ခ) သီးစားချထားနိုင်ခွင့်ကို တောင်သူလယ်သမားများအား အပ်နှံခဲ့ခြင်း။

(ဂ) တောင်သူလယ်သမားများ အပေါ်တွင် တင်ရှိနေသော ကြွေးမြီများကို သက်သာစေခဲ့ခြင်း၊

(ဃ) လယ်ယာမြေ ပြည်သူပိုင်ပြုလုပ်ရေး ဥပဒေတစ်ရပ် ပြုလုပ်ခဲ့ခြင်း၊

(င) တောင်သူလယ်သမား အမတော်ကြေးငွေကို ကိုးသိန်းခန့်မှ ငါးကုဋေခန့် အထိ တိုးမြှင့်ခဲ့ခြင်း၊

(စ) သီးနှံပို၍ ထွက်အောင်ကြိုးပမ်းခဲ့ခြင်း၊

(ဆ) နိုင်ငံတော် စိုက်ပျိုးရေး ဘဏ်တည်ထောင်ပြီးစီးခြင်း၊

(ဇ) ပြည်ထောင်စုကြီးရ တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့ခြင်း။

တို့ပင်ဖြစ်ပါတယ်။

(၃) ဗ–တ–လ–စရဲ့ ပန်းတိုင်ဟာ ဘာလဲ၊ ဗ–တ–လ–စရဲ့ ပန်းတိုင်ဟာ ပြည်တော်သာနိုင်ငံကြီး တည်ဆောက်ရေးပင်ဖြစ်ပါတယ်။

(၄) ဒီပန်းတိုင်ကို ရောက်အောင် ဗ–တ–လ–စအဖွဲ့ဝင်တွေဟာ ဘယ်အခန်းက ပါရမလဲ။ ပြည်တော်သာ နိုင်ငံကြီးတည်ဆောက်ရေးအတွက် လိုအပ်တဲ့ ငွေ၊ လူ၊ ပစ္စည်း အစရှိသည်တို့ကို ရှာရတဲ့နေရာမှာရော၊ ငြိမ်းချမ်းရေးကို ရအောင်လုပ်တဲ့နေရာမှာရော၊ လမ်းစဉ်နဲ့ ဝါဒတိုက်ပွဲတွေကို ဆင်နွှဲတဲ့နေရာမှာရော၊ ဗ–တ–လ–စအဖွဲ့ဝင်တွေဟာ ရှေ့ဆုံးတန်းက ပါရမယ်။ ခေါင်းဆောင်တွေအခန်းက ပါဝင်အသုံးတော်ခံရမယ်။

(၅) အဲဒီအခန်းက ပါရမဲ့ ဗ–တ–လ–စအဖွဲ့ဝင်တွေဟာ ဘယ်လိုလူစားတွေ ဖြစ်ရမလဲ။ အဲဒီအခန်းကပါရမယ့် ဗ–တ–လ–စ အဖွဲ့ဝင်တွေဟာ–

(က) စေတနာကောင်း၊

(ခ) ကျွမ်းကျင်မှု၊

(ဂ) စည်းကမ်းသေဝပ်မှု၊

mgyoe.com

mgyoe.com


(ဃ) လက်ရုံးရည်နဲ့ နှလုံးရည်၊

(င) အကြားအမြင်၊

(စ) ဖွဲ့၊

တည်းဟူသော ဂုဏ်အင်္ဂါ ခြောက်ရပ်နဲ့ ပြည့်စုံတဲ့ လူတွေဖြစ်ရမယ်။

အဲဒီဟာ ဒီကနေ့ ဒီညီလာခံကြီးမှာ ဒီလုပ်ဖော်ကိုင်ဖက်တွေနဲ့ ဒီလိုရင်းရင်းနှီးနှီးတွေ့ရတဲ့ အခွင့်အရေးကြီးကို ရတုန်း ကျွန်တော့်ဝမ်းထဲမှာ ရှိသမျှတွေကို ထုတ်ဖော်ပြီး ပြောလိုက်တဲ့ စကားတွေရဲ့အကျဉ်းချုပ်ပဲ ဖြစ်ပါတယ်။ အဲဒီတော့ ယခုကြွရောက်လာကြတဲ့ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ ဒီကနေ့ ကျွန်တော် ပြောသွားခဲ့သမျှစကားတွေကို အကုန်လုံး မမှတ်မိသည့်တိုင်အောင်၊ အကျဉ်းချုပ်ကလေးကို မှတ်မိပြီး အဲဒီအတိုင်းလိုက်နာကျင့်သုံးဆောက်တည်ကြမယ်ဆိုရင် ကျွန်တော် အပင်ပန်းခံပြီး ပြောရကျိုးနပ်ပါပြီ။

အဲဒါကြောင့် ဗ-တ-လ-စ အဖွဲ့ဝင်တွေဟာ ကောင်းသော မင်္ဂလာအပေါင်းတို့နှင့် ကောင်းစွာ ပြည့်စုံပါစေသတည်း။

ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီးကို အင်အားတောင့်တင်းခိုင်မာသော အစည်းအရုံးကြီးဖြစ်အောင် ကောင်းစွာ ကြိုးစားအားထုတ်နိုင်ပါစေသတည်း။

ပြည်တော်သာနိုင်ငံကြီးကိုလည်း ကောင်းသော စေတနာ၊ ကျွမ်းကျင်မှု၊ စည်းကမ်းသေဝပ်မှု၊ လက်ရုံးရည်နှင့် နှလုံးရည်၊ အကြားအမြင်၊ ဖွဲ့တို့နှင့် အောင်မြင်စွာ တည်ဆောက်ပေးနိုင်သည်ဖြစ်ပါစေသတည်း။

■

mgyoe.com

mgyoe.com

# ဗတလစ ညီလာခံမိန့်ခွန်း

(၁၇-၆-၅၄)

၁၃၀၆ ခု နယုန်လဆုတ် ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်မြို့ ဝင်ဒါမီယာဝင်းအတွင်း ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး အဋ္ဌမအကြိမ်မြောက် ညီလာခံမှတ်တမ်းစာအုပ်မှ...

ဗတလစ ဌာနချုပ် ဥက္ကဋ္ဌကြီးနှင့် ယနေ့ ညီလာခံကြီးသို့ ကြွရောက်လာကြတဲ့ ရဲဘော်အပေါင်းတို့... မန္တလေးမြို့မှာ ကျင်းပပြီးစီးခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား ညီလာခံကြီးမှာ...

(၁) ဗတလစဆိုတာ ဘာလဲ။
(၂) ဗတလစလုပ် ပြီးခဲ့တဲ့ လုပ်ငန်းစဉ်ဟာ ဘာလဲ။
(၃) ဗတလစရဲ့ပန်းတိုင်များဟာ ဘာလဲ။
(၄) ဒီပန်းတိုင်ကိုရောက်အောင် ဗတလစ အဖွဲ့ဝင်တွေဟာ ဘယ်အခန်းက ပါရမလဲ။
(၅) အဲဒီအခန်းက ပါရမယ့် ဗတလစအဖွဲ့ဝင်တွေဟာ ဘယ်လိုလူစားတွေ ဖြစ်ရမလဲ။

ဆိုတဲ့ အချက်ကြီး ငါးချက်ကို ကျွန်တော် အတော်ရှည်ရှည်လျားလျားကြီး ပြောခဲ့ပြီးပါပြီ။

ယနေ့ ကျင်းပရတဲ့ ညီလာခံဟာ ရဲဘော်တို့ဆီက စိတ်ရောကိုယ်ပါ ပေးအပ်ရမယ့် အကူအညီကို တောင်းဖို့အတွက် ကျင်းပရတဲ့ ညီလာခံဖြစ်နေတဲ့အတွက် ဒီကနေ့တော့

mgyoe.com

mgyoe.com


စကားရှည်ရှည် မပြောတော့ဘူး။ ရဲဘော်တို့ဆီက အကူအညီကိုပဲ ကျွန်တော် တိုက်ရိုက် တောင်းပါတော့မယ်။

ဒီအကူအညီကတော့ တခြား မဟုတ်ဘူး၊ လယ်ယာ အမတော်ကြေးငွေတွေကို တောင်သူလယ်သမားတွေထံမှ နိုင်ငံတော်အစိုးရတို့က တိတိကျကျ ပြန်ရနိုင်အောင် ရဲဘော်တို့က အစွမ်းကုန် ကြိုးစားပေးရမယ့်အကူအညီပဲ ဖြစ်တယ်။

ဘာဖြစ်လို့ ဒီအကူအညီကို တောင်းရတယ်ဆိုတာကို ကျွန်တော် အနည်းငယ် ရှင်းပြလိုတယ်။ တခြား အရေးကြီးတဲ့အချက်တွေကို ရှင်းမပြခင် မန္တလေး ဗတလစ ညီလာခံတုန်းက အမတော်ကြေးငွေနှင့်ပတ်သက်ပြီး ကျွန်တော် ပြောခဲ့တဲ့စကားကို ပြန်ဖတ်ပြလိုပါတယ်။

"အမတော်ကြေးငွေဟာ ကိုးသိန်းခန့်ကနေပြီး ငါးကုဋေခန့်အထိ တိုးပေးခဲ့ရတယ်။ ငြိမ်းချမ်းရေး ရာခိုင်နှုန်းအပြည့် ရပြီးလို့ ပြည်ထောင်စုအတွင်းမှာ ရှိကြတဲ့ လယ်တွေကို အကုန်လုံး လုပ်နိုင်တဲ့အခါကျရင် ဒါထက်တိုးပြီး ပေးကြရဦးမယ်။ အဲဒီလို အမတော်ကြေးငွေတွေ ထုတ်ချေးနေတာလည်း အစိုးရမှာ ငွေပိုငွေလျှံတွေ ရှိလို့မဟုတ်၊ ပြည်တော်သာ လုပ်ငန်းတွေအတွက် တစ်ဖက်ကနေပြီး ငွေတွေကို ကုဋေနဲ့ ချီသုံးနေရပြီး အခြားတစ်ဖက်က ပြည်တော်သာရဲ့ ရန်သူတွေဖြစ်တဲ့ သူပုန်ရောင်စုံတွေကို သုတ်သင် ရှင်းလင်းဖို့အတွက် ငွေတွေကို ကုဋေနဲ့ချီပြီး သုံးနေရတဲ့ အထဲက မပေးမဖြစ်တဲ့ ငွေအနေနဲ့ ဒီအမတော်ကြေးငွေတွေကို ခဲခဲယဉ်းယဉ်း ထုတ်ပေးခဲ့ကြရတာ။ အဲဒီတော့ တောင်သူ လယ်သမားတွေရဲ့အကျိုးအတွက် ဒီအမတော် ကြေးငွေတွေကို နှစ်စဉ်နှစ်တိုင်း မှန်မှန် ထုတ်ပေးဖို့ရယ်၊ တစ်နှစ်ထက်တစ်နှစ် တိုးပြီး ထုတ်ပေးဖို့ရယ် အင်မတန် အရေးကြီးပါ တယ်။ အဲဒီလို အရေးကြီးတဲ့အလုပ်ကို မှန်မှန်လုပ်သွားနိုင်ဖို့အတွက် တောင်သူ လယ်သမားတွေဆီက အမတော်ကြေးငွေ တွေကို နှစ်စဉ်နှစ်တိုင်း မှန်မှန်ပြန်ရဖို့ အရေးကြီး ပါတယ်။ ချေးသွားတုန်းက ငါး ကုဋေချေးသွား၊ ပြန်ဆပ်တော့လည်း တစ်ကုဋေလောက် ချန်ထားပြီး လေးကုဋေလောက်သာ ပြန်ဆပ်။ အဲဒီလို သုံးလေးနှစ်လောက်လည်း လုပ်ပြီး ရော အစိုးရမှာလည်း အမတော်ကြေးငွေ ပေးစရာမရှိတော့ဘူး။ အဲဒီတော့ တောင်သူ လယ်သမားတွေလည်း တစ်ပြုံကြီး စုတ်ကြမှာပဲ။

အဲဒါတွေကို ဗတလစအဖွဲ့ဝင်တွေတိုင်း သဘောပေါက်ကြတယ်။ ဒါပေမဲ့ ဗတလစအဖွဲ့ဝင်အချို့ဟာ အမတော်ကြေးငွေတွေကို ထုတ်ပေးစရာရှိတဲ့အခါမှာ ရှေ့ဆုံး ကနေပြီး ထုတ်ပေးပေမယ့် အမတော်ကြေးကို ပြန်ပြီး တောင်းစရာရှိတဲ့အခါကျတော့ ခေါင်းရှောင်တောင်တောင် လုပ်နေကြတယ်။ အားမနာတမ်း ဖိဖိစီးစီး တောင်းမပေး ကြဘူး။ တော်ရိလျော်ရိ လုပ်နေကြတယ်။ အမတော်ကြေးငွေတွေကို မှန်မှန်ပြန်ဆပ်မှ တောင်သူ လယ်သမားတွေအတွက် အမတော်ကြေးငွေတွေကို မှန်မှန်ထုတ်ပေးနိုင်မယ်ဆိုတာကို

mgyoe.com

mgyoe.com

ယုံကြည်လျက်သားနဲ့ ကိုယ်ယုံကြည်ချက်အတိုင်း မှန်တဲ့အလုပ်ကို အားမနာတမ်း ဖိဖိစီးစီး မလုပ်ကြဘူး။ အမတော်ကြေး ပြန်မဆပ်ချင်တဲ့လူတွေက အထင်လွဲမှာကို ကြောက်သလိုလို၊ အကြည်ညိုပျက်သွားမှာကို ရွံ့သလိုလို၊ ဘာလိုလိုဖြစ်နေတတ်ကြတယ်။

အဲဒီလို မှန်တာကို တိတိကျကျ ဘာမျှမကြောက်မရွံ့ဘဲ မလုပ်ရဲတာဟာ နှလုံးရည်ချို့ယွင်းမှုရဲ့ သာဓကကြီးတစ်ခုပဲ ဖြစ်တယ်။ ကြွေးတွေ ပြန်မဆပ်ရင်လည်း ကိစ္စမရှိဘူး။ သုံးလေးနှစ်ကြာတဲ့အခါ ဖဆပလဌာနချုပ်ကိုပြေးပြီး ဒီကြွေးတွေကို နောက်ထပ်ပြီး လျှော်ပစ်ဖို့၊ တိုက်တွန်းဖို့များ ဒီလူတွေ စိတ်ကူးနေကြသလား မဆိုနိုင်ဘူး။ ဟိုနိုင်ငံ၊ ဒီနိုင်ငံဆိုတာကလည်း အလကားပေးမှာ မဟုတ်ဘူး။ ပြီးတော့လည်း ငွေချေးလို့ရတိုင်း တောင်ချေးမြောက်ချေး ချေးရတာမျိုးလည်း မကောင်းလှပါဘူး။ အင်မတန်ကို မျက်နှာငယ်ရတဲ့ အလုပ်မျိုးဖြစ်တဲ့အတွက် အင်မတန်ကို ကြီးကျယ်တဲ့ အကျပ်အတည်းကြီးမျိုးနဲ့ တွေ့မှပဲ ချေးဖို့ငှားဖို့ ကောင်းပါလိမ့်မယ်။ အဲဒီတော့ ခင်ဗျားတို့ ကျွန်တော့်ကို ချစ်ချင်လည်းချစ်၊ မုန်းချင်လည်းမုန်း အရေးမကြီးပါဘူး။ အခွင့်ရတုန်း တိတိလင်းလင်း သတိပေးစမ်းပါရစေ။ "အမတော်ကြေးတွေကို နှစ်စဉ်နှစ်တိုင်း မှန်မှန်ရချင်တယ်၊ တိုးပြီး ရချင်တယ်ဆိုရင်တော့ မှန်မှန်ပြန်ဆပ်ကြ၊ မှန်မှန်ဆပ်ရင် မှန်မှန်ရမယ်၊ တိုးပြီးရမယ်။ မှန်မှန် မဆပ်ကြရင် တောင်သူလယ်သမားတွေ လျှော့ပြီး ဆပ်သလောက် အမတော်ကြေးငွေ လျှော့သွားမှာပဲ။ နောက်ဆုံးတစ်နေ့ ပေးစရာမရှိရင် ဘာပဲဖြစ်ဖြစ် အမတော်ကြေးကို ပိတ်ပစ်လိုက်ရမှာပဲ" အဲဒီလို ကျွန်တော် ပြောခဲ့ပါတယ်။

## လယ်ယာအမတော်ကြေး ရာဇဝင်

အဲဒီလောက်အထိ ဘာကြောင့်ပြောရတယ်ဆိုတာကို ရဲဘော်တို့ သဘောပေါက်အောင် ဖဆပလ စပြီး အာဏာသိမ်းတဲ့ ၁၉၄၇ ခုနှစ်က အစပြုခဲ့တဲ့ လယ်ယာအမတော်ကြေးရာဇဝင်ကို ကျွန်တော် အတိုချုပ် ပြောပြချင်ပါတယ်။

၁၉၄၇–၄၈ ခုနှစ်မှာဆိုရင် ထုတ်ချေးခဲ့တဲ့ အမတော်ကြေး ငွေပေါင်း ၂၇,၆၁၆,၀၀၀ အနက် ၁၉,၆၀၃,၀၀၀ ကိုသာ ပြန်ဆပ်ကြတယ်။ ၁၉၄၈–၄၉ ခုနှစ်မှာဆိုရင်လည်း ထုတ်ချေးခဲ့တဲ့ အမတော်ကြေးငွေပေါင်း ၈,၀၈၆,၀၀၀ အနက် ၂,၁၁၁,၀၀၀ ကိုသာ ပြန်ဆပ်ကြတယ်။ ၁၉၄၉–၅၀ ပြည့်နှစ်မှာ ဆိုပြန်ရင်လည်း ထုတ်ချေးခဲ့တဲ့ အမတော်ကြေးငွေပေါင်း ၁၉,၆၇၄,၀၀၀ အနက် ၃,၈၉၁,၀၀၀ ကိုသာ ပြန်ဆပ်ကြတယ်။ ၁၉၅၀–၅၁ ခုနှစ်ကို ကြည့်ပြန်ရင်လည်း ထုတ်ချေးခဲ့တဲ့ အမတော် ကြေးငွေပေါင်း ၂၉,၄၃၇,၂၈၇ အနက် ၁၃,၆၀၈,၅၉၈ ကိုသာ ပြန်ဆပ်ကြတယ်။ ၁၉၅၁–၅၂ ခုနှစ်မှာ ဆိုပြန်ရင်လည်း ထုတ်ချေးခဲ့တဲ့ အမတော်ကြေးငွေပေါင်း ၃၅,၅၉၇,၆၂၁ အနက် ၂၁,၀၇၃,၀၆၉ ကိုသာ ပြန်ဆပ်ကြတယ်။ ၁၉၅၂–၅၃ ခုနှစ်မှာ ဆိုပြန်ရင်လည်း ထုတ်ချေးခဲ့တဲ့ အမတော်ကြေးငွေ

mgyoe.com

၄၀,၃၇၇,၇၅၉ အနက် ၂၇,၅၈၂,၈၆၉ ကိုသာ ပြန်ဆပ်ကြတယ်။ အဲဒါကြောင့် ၁၉၄၇ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ခြောက်နှစ်အတွင်း ပြန်မဆပ်ဘဲ ကျန်နေတဲ့ ငွေပေါင်းဟာ ၇၂,၉၁၉,၁၃၁ ရှိပါတယ်။

ဒီရာဇဝင်ကို ကြည့်ခြင်းအားဖြင့် လယ်ယာ အမတော်ကြေးရဲ့အခြေအနေဟာ တစ်နေ့တခြား ဘယ်လောက်ထိ ဆိုးရွားလာတယ်ဆိုတာကို ရဲဘော်တို့ အကဲခတ်နိုင်ကြပါပြီ။ အဲဒီအတိုင်းသာ ဆက်ပြီးတော့ သွားနေမယ်ဆိုရင် ကျွန်တော် အတိအလင်း ပြောပါရစေ။ ရှေ့ကို အရှည်ကြီး သွားနိုင်တော့မယ် မဟုတ်ပါဘူး။ နိုင်ငံတော် အစိုးရတို့ဟာ လယ်ယာ အမတော်ကြေးကို မကြာမီ ရပ်စဲပစ်ရလိမ့်မယ်။ ဒီလိုမှ ရပ်စဲမပစ်ဘူးဆိုရင် နှစ်စဉ်နှစ်တိုင်း ထုတ်ပေးနေကျ ငွေတွေကို အများကြီး လျှော့ပစ်ရလိမ့်မယ်။

အမတော်ကြေးငွေတွေ မှန်မှန် ပြန်မရတာ ဘာကြောင့်လဲလို့ စုံစမ်းကြည့်တဲ့အခါ အောက်ပါအချက်ကြီးများကို ကျွန်တော် တွေ့ရတယ်။ ဒီအချက်ကြီးများဟာ...

(၁) အမတော်ကြေးငွေကို စပြီး ထုတ်ပေးကတည်းက လယ်သမားစစ်၊ လယ်သမားမှန်တွေကို ထုတ်မပေးဘဲ နာမည်လိမ်တွေနှင့် အမတော်ကြေးငွေတွေကို ထုတ်ပြီး တာဝန်ရှိသူအချို့ အမတော်ကြေးငွေကို အလွဲသုံးစားလုပ်ခြင်း။

(၂) အချို့ တောင်သူလယ်သမားများတွင် အမတော်ကြေးငွေကို စ၍ ချေးစဉ်အခါကတည်းက ၎င်းအမတော်ကြေးငွေကို အချိန်ကျလျှင် ပြန်ဆပ်မယ်ဆိုတဲ့ စေတနာကောင်း မရှိခြင်း။

(၃) အချို့ တောင်သူလယ်သမားများမှာမူကား သူများဆပ်မှ ဆပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် အခြား တောင်သူလယ်သမားများရဲ့ အဆပ်ကို စောင့်ကြည့်နေကြခြင်း။

(၄) အစိုးရကတော့ တစ်နေ့ကျရင် ဒီအမတော်ကြေးတွေကို လျှော်ပစ်မှာပဲ။ အဲဒီတော့ လူအတွေသာ ကြွေးပြန်ဆပ်တာ၊ တို့ မဆပ်နိုင်ဘူးဆိုတဲ့ စိတ်ဆိုး စိတ်ညံ့တွေ တောင်သူလယ်သမား ခပ်များများကို ကူးစက်ပြန့်ပွားလျက် ရှိခြင်း။

(၅) လယ်ပျက်၍ တကယ့်ကို မပေးဆပ်နိုင်ခြင်း။

ဆိုတဲ့ အချက်ကြီး ငါးချက်ကို တွေ့ရတယ်။

အဲဒီအချက်ကြီး ငါးချက်အနက် ပဥ္စမအချက်ဖြစ်တဲ့လယ်ပျက်လို့ တကယ့်ကို ပြန်မဆပ်နိုင်တာမျိုးတော့ ဘယ်တတ်နိုင်မလဲ။ ဒါမျိုးကို အတင်းအကျပ်ပေးရမယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ ဖဆပလ အစိုးရဟာ တောင်သူလယ်သမားတွေကို နာလန်မထူအောင် ဖိနှိပ်ပစ်ဖို့ အာဏာယူထားတဲ့ အစိုးရမဟုတ်ပါဘူး။ တောင်သူလယ်သမားတွေကို နင်းပြားဘဝကနေပြီး လူစဉ်မီတဲ့ ဘဝအထိ တိုးတက်လာစေမယ့် တောင်သူလယ်သမားဘဝသစ်ကြီးကို ထူထောင်ပေးဖို့အတွက် အာဏာသိမ်းထားတဲ့ အစိုးရ ဖြစ်တယ်။ အဲဒီတော့ လယ်ပျက်လို့ တကယ့်ကို အမတော်ကြေး ပြန်မဆပ်နိုင်တဲ့ တောင်သူလယ်သမားတွေဆီ

mgyoe.com

mgyoe.com


အာဏာအားကိုးနဲ့ နိုင်လိုမင်းထက် ရှိသမျှ ညှစ်ထုတ်ဖို့ ဖဆပလအစိုးရမှာ ဆန္ဒလုံးဝ မရှိပါဘူး။

ဒါပေမဲ့ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ ယုတ်မာတဲ့ စိတ်မျိုးနဲ့ ဒီအမတော်ကြေးငွေကို ပြန်မဆပ်ကြတာမျိုးကိုတော့ ဖဆပလ အစိုးရက ဘယ်နည်းနဲ့မှ သည်းမခံနိုင်ဘူး။

အမတော်ကြေးငွေကို ချေးပြီး ခုတွင်က ပြောခဲ့တဲ့ ၁၊ ၂၊ ၃၊ ၄ မှာပါတဲ့ အကြောင်းတွေကြောင့်ပဲဖြစ်ဖြစ်၊ တခြားအကြောင်းတွေကြောင့်ပဲဖြစ်ဖြစ် ကျေလည် အောင် ပြန်မဆပ်ဘဲနေတာဟာ နယ်ချဲ့အစိုးရမျိုးလို တောင်သူလယ်သမားတွေရဲ့ အပေါ်မှာ စေတနာလည်းမရှိ၊ တောင်သူလယ်သမားတွေရဲ့ ဘ၀သစ် ဖန်တီးမှုအတွက်ဆိုရင်လည်း ဘာတစ်ခုမှ လုပ်ပေးဖော်မရဘဲ တောင်သူလယ်သမားတွေဆီက ရနိုင်သမျှ အမြတ်ကို ထုတ်ပြီး ငွေထုပ်ကြီးတွေကို ဗမာနိုင်ငံရဲ့ အပြင်အပကို တပို့တည်းပို့နေတဲ့ အစိုးရမျိုးဆိုရင်တော့ မပေးဘဲ နေချင်နေနိုင်ကြပါတယ်။ အဲဒီလို အစိုးရမျိုးက တောင်သူလယ်သမား တွေဆီက ရနိုင်သမျှ အမြတ်တွေကို ထုတ်ယူနေတာဖြစ်တော့ တောင်သူလယ်သမားတွေက လည်း အမြတ်တွေ ရနိုင်သမျှရအောင် နည်းမျိုးစုံနဲ့ ပြန်ပြီး ထုတ်ယူရမယ်။ အဲဒါ တရား တယ်။

ဒါပေမဲ့ ဖဆပလ အစိုးရကတော့ ဒီလို အမြတ်ထုတ်တဲ့ အစိုးရမဟုတ်ဘူး။ ပြည်သူလူထုကြီး တစ်ရပ်လုံးဆီက အာဏာကို လက်ခံထားတာဟာ ဝန်ကြီးချုပ်တို့၊ ဝန်ကြီးတို့၊ ဝန်ကလေးတို့လုပ်ပြီး စည်းစိမ်တွေ ခံနေချင်လို့လည်း မဟုတ်ပါဘူး။ ပြည်သူလူထုကြီး တစ်ရပ်လုံးက အပ်ထားတဲ့ အာဏာတွေကို အလွဲသုံးစားလုပ်နေဖို့လည်း မဟုတ်ပါဘူး။ ပြည်သူလူထုကြီး တစ်ရပ်လုံးဆီက ရနိုင်သမျှ အမြတ်တွေကို တစ်ထုတ် တည်း ထုတ်ယူနေဖို့လည်း မဟုတ်ပါဘူး။ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့အမှုကို ထမ်းချင် လို့ပဲ ဖြစ်ပါတယ်။

ဖဆပလ အစိုးရဟာ ဘာတွေကို လုပ်ခဲ့တယ်။ အခု ဘာတွေကို လုပ်နေတယ်။ ရှေ့ကို ဘာတွေလုပ်မယ်ဆိုတာတွေကို ကျွန်တော်လည်း မကြာခဏ ပြောပြပြီးပါပြီ။ ဒါပေမဲ့ ခုလို အခွင့်ကောင်းရတုန်း အကျဉ်းချုံးပြီး ကျွန်တော် ပြောချင်ပါသေးတယ်။ ရဲဘော်တို့ရဲ့ ဖဆပလအစိုးရဟာ သာမန် ရည်ရွယ်ချက်နဲ့ သာမန်လုပ်ငန်းကလေးတွေကို ဖြစ်ကတတ်ဆန်းလုပ်နေတာ မဟုတ်ပါဘူး။

## ဖဆပလ အဖွဲ့ချုပ်၏ လုပ်ငန်းကြီးငါးရပ်

"ဖဆပလခေတ်တုန်းက"ဆိုပြီး နောင်လာနောင်သားတို့ အမြဲဂုဏ်ယူပြီး လက်ညှိုး ထိုးပြရမယ့် ခေတ်ကြီးတစ်ခေတ်ကို ကျွန်တော်တို့ ထူထောင်နေပါတယ်။ အဲဒီခေတ်ကြီး ထူထောင်ရာမှာ ကျွန်တော်တို့ အချိန်ရသမျှလုပ်နေတဲ့ လုပ်ငန်းကြီးငါးရပ်ကတော့...

mgyoe.com

mgyoe.com


(၁) ပြည်ထောင်စုကြီးရဲ့ ခိုင်မာတောင့်တင်းရေး။
(၂) စစ်ဘေး၊ သူပုန်ဘေး၊ စည်းကမ်းပျက်ပြားသူများရဲ့ဘေး အစရှိတဲ့ ဘေးဆိုး အမျိုးမျိုးတို့ကြောင့် အဘက်ဘက်တွင် ပျက်စီးလျက်ရှိနေတဲ့ ပြည်ထောင်စုကြီး ကို ပြန်လည် ထူထောင်ရေး။
(၃) ပြည်ထောင်စုကြီးရဲ့ မြေတွင်းမြေပြင် အသေးစိတ် အခြေအနေနှင့် ပြည်ထောင်စု သူ၊ ပြည်ထောင်စုသားများရဲ့ အသေးစိတ် အခြေအနေကို စနစ်တကျ လေ့လာ တိုင်းထွာရေး။
(၄) နံပါတ်(၃)တွင်ပါသော စနစ်တကျ လေ့လာတိုင်းထွာလို့ရသည့်အချက်များကို မူတည်၍ ပါရဂူများ၏ အကူအညီဖြင့် ပြည်တော်သာစီမံကိန်းများကို ရေးဆွဲ ခြင်း။
(၅) ၎င်းပြည်တော်သာ စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းတို့ပင် ဖြစ်ပါ တယ်။

ယခု ညီလာခံမှာတော့ ဒီလုပ်ငန်းကြီး ငါးရပ်ကို ကျွန်တော် အသေးစိတ် ရှင်းမပြ တော့ပါဘူး။ ကျွန်တော် မကြာခဏ ရှင်းပြနေတာကို ရဲဘော်တို့ကိုယ်တိုင်လည်း သိသလောက် သိပြီးဖြစ်ပါပြီ။ ဒါပေမဲ့ ရဲဘော်တို့နဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ လုပ်ငန်း အချို့ကို အကြမ်းအားဖြင့် ပြောပြချင်တယ်။

ဒီကနေ့အထိ ကျွန်တော်တို့ရဲ့စီးပွားရေးစနစ်ဟာ အင်မတန် မကျေနပ်ဖွယ်ရာ ကောင်းပါတယ်။ ကျွန်တော်တို့ စီးပွားရေးရဲ့ ရာခိုင်နှုန်း ၉၀ ဟာ လယ်ယာကိုင်းကျွန်း တစ်ခုတည်းပေါ်မှာသာ တည်နေပါတယ်။ ပြည်တွင်းလုံလောက်မှုနှင့်ပတ်သက်လို့ စိတ်ကျေနပ်လောက်အောင် ကြိုးစားခဲ့ခြင်း မရှိဘူး။ လူသုံးပစ္စည်းတွေ ခပ်များများကို ခပ်လွယ်လွယ်နဲ့ပဲ ပြည်ပကတင်သွင်းနေကြရတယ်။ အဲဒါဟာ လက်ရှိစီးပွားရေးစနစ်ရဲ့ အတိုချုပ်ပဲ ဖြစ်တယ်။ အဲဒီ လက်ရှိစီးပွားရေးစနစ်ကို ကျွန်တော်တို့ မကြိုက်ဘူး။ အခုအခါ ဆိုရင်ပဲ ကျွန်တော်တို့ရဲ့ ဆန်တွေကို ဝယ်ယူနေကျနိုင်ငံတွေမှာ စပါးတွေကို တိုးပြီး စိုက်နေကြပြီ။ အဲဒီတော့ လယ်ယာကိုင်းကျွန်း တစ်ခုတည်းကိုသာ အားကိုးပြီး အမှုမဲ့ အမှတ်မဲ့လုပ်နေလို့ မဖြစ်တော့ဘူး။ နိုင်ငံခြားက ကျွန်တော်တို့ရဲ့ဆန်တွေကို အနုတ်လျော့ သွားသော်လည်း ကျွန်တော်တို့ရဲ့စီးပွားရေးအခြေအနေဟာ တုန်လှုပ်ချောက်ချားခြင်း မရှိရုံသာမက ပြည်တော်သာ ထူထောင်ရာတွင် တောင့်တောင့်တင်းတင်း ကျောထောက် နောက်ခံဖြစ်နိုင်မည့် စီးပွားရေးတစ်ခုဖြစ်အောင် အခုကတည်းကပင် ကျွန်တော်တို့ အစီအစဉ်များကို စတင်ပြုလုပ်ကြရမယ်။

ရဲဘော်တို့ သိကြတဲ့အတိုင်းပဲ ဖဆပလ အစိုးရဟာ ရှစ်နှစ်စီးပွားရေး စီမံကိန်းကြီး တစ်ခုရှိတယ်။ ဒီရှစ်နှစ်စီမံကိန်းကြီး ဖြစ်မြောက်လာအောင် ၁၉၅၂ ခုနှစ်ကတည်းကစပြီး နှစ်နှစ်တိုင်တိုင် ကျွန်တော်တို့ရဲ့ ပါရဂူတွေနဲ့ အမေရိကန် ပါရဂူတွေဟာ ပြည်ထောင်စု

mgyoe.com

mgyoe.com

ကြီးရဲ့ မြေတွင်းမြေပြင် အသေးစိတ်အခြေအနေတွေနဲ့ ပြည်ထောင်စုသားတွေရဲ့ အသေးစိတ် အခြေအနေတွေကို စနစ်တကျ လေ့လာတိုင်းထွာပြီး ရေးဆွဲခဲ့ရပါတယ်။ အဲဒီစီမံကိန်းကြီး ကို ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရှစ်နှစ်အတွင်း ပြီးစီးအောင် အကောင်အထည် ဖော်ရပါလိမ့်မယ်။ အကောင်အထည် ဖော်ဖို့အတွက် ကုန်ကျမယ့်ငွေကတော့ ကုဋေပေါင်း ၇၅၀ ဖြစ်တယ်။ အဲဒီစီမံကိန်းကြီးကို အကောင် အထည်ဖော်သလောက် ဖော်နေကြပြီဆိုတာ ရဲဘော်တို့ သိကြစေချင်တယ်။

ပြည်တွင်းဖူလုံရေးမှာဆိုရင်လည်း လွယ်လွယ်နဲ့ နိုင်ငံခြားက မှာယူသုံးစွဲနေတဲ့ စနစ်ကြီးကို ကျွန်တော်တို့ စနစ်တကျ တိုက်ဖျက်နေကြပါပြီ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ယခုအခါ လူသိအများဆုံး လုပ်ငန်းတစ်ရပ်ဟာ အုန်းသီးဖူလုံရေးလုပ်ငန်းကြီးပဲ ဖြစ်တယ်။ မကြာခင်ပဲ ပြည်ထောင်စုသားတွေ နိုင်ငံခြားက အုန်းသီး မမှာရတော့ဘဲ ကိုယ့်နိုင်ငံတွင်းက အုန်းသီးကို လုံလုံလောက်လောက် သုံးနိုင်ပါလိမ့်မယ်။ အဲဒီလို ပြည်တွင်းဖူလုံရေးအတွက် အကောင်အထည်ဖော်နေတဲ့လုပ်ငန်းတွေလည်း အမြောက်အမြားရှိကြပါသေးတယ်။

တောင်သူလယ်သမားတွေ နင်းပြားဘဝကနေပြီး လယ်ပိုင်၊ ယာပိုင်ရှင်တွေ ဖြစ်လာအောင် ဖဆပလအစိုးရက လယ်ယာမြေ ပြည်သူပိုင်လုပ်ငန်းကြီးတစ်ရပ်ကို ဗတလစဥက္ကဋ္ဌကြီး သခင်တင်ကိုယ်တိုင် ဦးစီးခေါင်းဆောင်ပြီး အကောင်အထည် ဖော်နေ ပါပြီ။

ဒီကိစ္စနဲ့ ပတ်သက်ပြီး လုပ်ငန်းများ ဘယ်လောက် ပြီးစီးအောင်မြင်နေတယ်ဆိုတာ ကို ဇူလိုင်လာခံမှာ ဗတလစ အလုပ်အမှုဆောင်အဖွဲ့က အသေးစိတ် အစီရင်ခံစာ တင်သွင်း ပါလိမ့်မယ်။

အဲဒီ အစီရင်ခံစာကို ရဲဘော်တို့ လေ့လာခဲ့လျှင် ခရိုင်ပေါင်း ခုနစ်ခရိုင်အနက် မြို့နယ်ခုနစ်ခုတွင် ကျေးရွာအုပ်စုပေါင်း ၁၅၇ ခု၌ လယ်ယာမြေ ပြည်သူပိုင်ပြုလုပ်ရေးကို ဒီမိုကရေစီစနစ်ဖြင့် အစမှအဆုံးအထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါ လိမ့်မယ်။

ဒီလယ်ယာမြေ ပြည်သူပိုင်လုပ်ငန်းကြီးကို အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်သူပိုင်လုပ်တဲ့ လယ်ယာတွေအတွက် လျော်ကြေးပေးရတဲ့ လျော်ကြေးငွေတစ်ခုထဲ တင်ပဲ တစ်ဆယ့်ငါးကုဋေခန့်လောက် ရှိတယ်။ အဲဒီအထဲမှာ လယ်ယာမြေ ပြည်သူပိုင် လုပ်ငန်းအတွက် အမှုထမ်းတဲ့ အမှုထမ်း၊ အရာထမ်းများကို ပေးရတဲ့ စရိတ်စကနဲ့တကွ အခြားစရိတ်စကတွေ မပါသေးဘူး။ ဒါတွေကလည်း သိန်းပေါင်း များစွာ ကုန်ကျဦးမှာပဲ။ နောက်ပြီးတော့လည်း မြို့နေလူတန်းစားထက် တောနေလူတန်းစားရဲ့ ဘဝသစ်ဖန်တီးရေး ကို ဦးစားပေးပြီး အကောင်အထည်ဖော်ရမယ်ဆိုတဲ့ ဖဆပလအစိုးရရဲ့ ဝါဒအရ တောင်သူ လယ်သမားတွေအတွက်...

(၁) လူထု ပညာရေးလုပ်ငန်း၊

mgyee.com


(၂) လူထု ကျန်းမာရေးလုပ်ငန်း၊
(၃) လူထု လျှပ်စစ်ဓာတ်အားရရေးလုပ်ငန်း၊
(၄) လူထု လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း၊

တွေကို စတင် အကောင်အထည်ဖော်နေပြီ။ ဒီလုပ်ငန်းတွေအတွက် ငွေ ဘယ်လောက်ကုန်မယ်ဆိုတာကို ရဲဘော်တို့ သဘောပေါက်အောင် လူထုကျန်းမာရေး လုပ်ငန်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လုပ်ငန်းတစ်ရပ်ကို ကျွန်တော် ပြောပြချင်တယ်။ တောင်သူလယ်သမားတွေဟာ လဲရာမှာ သူခိုးထောင်းဆိုတာလို ခေတ်မီ ဆေးကောင်းဝါး ကောင်းများနှင့် ကင်းကွာနေရတဲ့အထဲမှာ နေထိုင်ရေး၊ စားသောက်ရေးတို့ကလည်း အင်မတန်မှ အောက်တန်းနောက်တန်းကျတဲ့အတွက် ကပ်ရောဂါတွေ မကြာခဏကျရောက် ပြီး နှစ်စဉ်နှစ်တိုင်းလိုလိုပင် မရှုမလှ သေကျေပျက်စီးကြရပါတယ်။ အဲဒီ ရောဂါဘ္ဘရကပ် ဆိုးကြီးက တောင်သူလယ်သမားတွေကို လွတ်မြောက်အောင်လုပ်ပေးဖို့ ဖဆပလအစိုးရမှာ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေးစီမံကိန်းကြီးတစ်ရပ် ရှိပါတယ်။ ဒီစီမံကိန်းအရ ပြည်ထောင်စုတစ်ခုလုံးရှိ ကျေးရွာတိုင်းဟာ ခေတ်မီအဝီစိရေတွင်းများနှင့် ခေတ်မီ အိမ်သာ များကို ရရှိပါတော့မယ်။ ဝန်ကြီး ဦးဘစောဦးစီးတဲ့ လူထုပညာရေးအဖွဲ့ကြီးက ဒီလုပ်ငန်း ကြီးကို ဦးစားပေးပြီး စတင်အကောင်အထည်ဖော်နေပါပြီ။ ဒီလုပ်ငန်းကြီးအတွက် ကုန်ကျ မယ့်ငွေကတော့ ၁၅ ကုဋေထက် နည်းမှာမဟုတ်ပါဘူး။

ကျေးရွာတွေကို သွားရောက်ပြီး လူထုရဲ့ကျန်းမာရေးကို စောင့်ရှောက်ပေးဖို့ လူထုကျန်းမာရေးကို ဝန်ကြီး ဦးခင်မောင်လတ် ဦးစီးတဲ့ ကျန်းမာရေးဌာနကြီးက အလုံ အလောက်ရအောင် ဦးစားပေးပြီး မွေးထုတ်ပေးနေပြီ။ ဒီစီမံကိန်းကြီးကို အကောင်အထည် ဖော်ပြီးအောင် ငွေကို ကုဋေနဲ့ချီပြီး သုံးရဦးမယ်။

ဘဝသစ် ဖန်တီးရေးမှာ သော့ချက်ကြီးဖြစ်တဲ့ လျှပ်စစ်ဓာတ်အားကို ကျေးရွာတိုင်း ရရှိရေးအတွက် ဝန်ကြီး ဦးကျော်ငြိမ်းဦးစီးတဲ့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဦးစားပေး ပြီး အကောင်အထည်ဖော်နေပါပြီ။ အဲဒီလုပ်ငန်းကြီးအတွက်ကလည်း ငွေတွေ ကုဋေနဲ့ချီပြီး ကုန်ဦးမယ်။

လက်ရှိလူထု လမ်းပန်းဆက်သွယ်ရေးကို ကြည့်ပြန်ရင်လည်း အင်မတန် စိတ်မချမ်းမြေ့စရာ ကောင်းတယ်။ တစ်နိုင်ငံလုံးမှာ လမ်းမကြီးနှစ်ခုကလွဲလို့ လူထုတွေ လွယ်လွယ်ကူကူနဲ့ ကူးသန်းသွားလာနိုင်တဲ့ လမ်းတွေဟာ ရှိကိုမရှိဘူး။ အဲဒီတော့ လူထုကြီး တစ်ရပ်လုံးဟာ ဗွက်အထူထူ၊ တောအထပ်ထပ်၊ တောင်အဆင့်ဆင့်ကို ဖြစ်သလိုနဲ့ပဲ ကူးကျော်ဖြတ်သန်းသွားလာခဲ့ရတယ်။ အဲဒီလို လူထု လွယ်လွယ်ကူကူနဲ့ သုံးနိုင်မယ့် လမ်းကောင်းတွေ မရှိတာဟာ ပြည်သူလူထုရဲ့ စီးပွားရေးမှာရော၊ ပေါင်းသင်းဆက်ဆံရေး မှာရော အင်မတန် ချို့တဲ့စေတယ်။ အဲဒါကြောင့် ဒီအခက်အခဲကြီးကို ကျော်လွှန်ဖို့အတွက် ဝန်ကြီး ဗိုလ်မင်းခေါင်ဦးစီးတဲ့ ပြည်သူ့လမ်းဖောက်လုပ်ရေးအဖွဲ့ကြီးက ဦးစားပေးပြီး

mgyee.com

mgyee.com


စီမံနေပါတယ်။ အဲဒီလုပ်ငန်းကြီးကို အကောင်အထည်ဖော်ဖို့ကလည်း ငွေတွေ ကုဋေနှင့် ချီပြီး ကုန်ဦးမယ်။

အခုပြောခဲ့တဲ့ တောင်သူလယ်သမားတွေအတွက် လုပ်ငန်းကြီးတွေကိုလုပ်ဖို့ ကုဋေနဲ့ချီပြီး ကုန်ရမယ့်ငွေတွေကို ဘယ်ကရမလဲ။ အစိုးရမှာ လိုတိုင်းတူးယူရနိုင်တဲ့ ငွေတွင်းကြီးတွေရှိတာ မဟုတ်ဘူး။ အရင်တုန်းကဆိုရင် ဆန်ဈေးက အင်မတန်ကောင်း ဒီလိုလုပ်ငန်းတွေအတွက် ငွေတွေလိုရင် ဆန်ရောင်းလို့ရတဲ့အမြတ်ထဲက မျှော်လင့်ဖို့ ရှိသေးတယ်။ အခုဆိုရင် ဆန်ဈေးကောင်းဖို့နေနေသာသာ ထွက်သမျှဆန်ကို အကုန် ထုတ်ဖို့ ခက်ခက်ခဲခဲနဲ့ ရောင်းနေကြရတယ်။

အဲဒီတော့ "တို့တစ်တွေဟာ အသက်သခင် ကျေးဇူးရှင်တွေ ဖြစ်တယ်" "တို့ လုပ်ပေးလို့ နှစ်စဉ်နှစ်တိုင်း ကုဋေ ၂၀ ကျော်ရတယ်" "အရှေ့အာရှမှာ ငတ်နေတဲ့ လူထုတွေကို တို့တစ်တွေ ထမင်းကျွေးနေတယ်" ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ တောင်သူလယ်သမားတွေဟာ သိပ်ပြီး ရောင့်တက်နေလို့ မဖြစ်တော့ဘူး။ အဲဒီကြွေးကြော်သံတွေအော်ပြီး အမတော်ကြေးတွေကို ယူတဲ့အခါ နင်လားငါလား ယူ။ ပြန်ပေးစရာရှိတော့ ငှက်ပျောက်ကြက်ပျောက် ပျောက်ကုန်ကြလို့ မဖြစ်တော့ဘူး။

## အပြောတစ်မျိုး၊ အလုပ်တစ်မျိုး အတိုက်အခံများ

နိုင်ငံရေးလောကထဲမှာ ကြည့်လိုက်ပြန်ရင်လည်း ဖဆပလကဖြုတ်ရင် သူတို့က မည်းမယ်ဆိုတဲ့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အတိုက်အခံ နိုင်ငံရေးသမားတွေ ရှိသေးတယ်။ အဲဒီ အတိုက်အခံ နိုင်ငံရေးသမားတွေကတော့ တောင်သူလယ်သမားတွေဆီကို ချဉ်းကပ်ပြီး ခုတွင်က ပြောခဲ့တဲ့ ကြွေးကြော်သံတွေကို အော်။ မစားရ ဝခမန်းရှိတဲ့ မြှောက်လုံးပင့်လုံးတွေပြော၊ စပါးတွေ ပိုတောင်းဖို့ အမတော်ကြေးငွေတွေ ပြန်မဆပ်ဖို့ နည်းမျိုးစုံနဲ့ တိုက်တွန်း၊ ဗတလစနဲ့ တောင်သူလယ်သမားတွေ သွေးကွဲအောင် ကြိုးစားကြလိမ့်မယ်။ ဒီလူမသမာတွေရဲ့စကားတွေကို နားယောင်ပြီး တောင်သူလယ်သမားတွေ ခြေလှမ်းမှားမယ်များ မကြံကြနဲ့။ နားယောင်ပြီး လမ်းမှားရင် တောင်သူလယ်သမားတွေ ချောက်ထဲကျကြလိမ့်မယ်။ ဒီအတိုက်အခံ နိုင်ငံရေးသမားတွေဆိုတာကတော့ "သူ့သမီးမရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်၊ သူ့သမီးရပြီးတော့ ဖျာလိုခင်း ခြေနဲ့နင်း" ဆိုတဲ့ လူစားမျိုးတွေပဲ။ ဒီနိုင်ငံရေးသမားတွေ ကိုယ်တိုင် ဘုရားတစ်ဆူဂူတစ်လုံးလို ကိုးကွယ်ထားကြတဲ့ သူတို့ရဲ့ဂိုဏ်းသားတွေ ကြီးစိုးနေတဲ့ နိုင်ငံမှာ တောင်သူလယ်သမားတွေ ဘယ်လို မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေရတယ်။ ကိုယ့်လယ်ကထွက်တဲ့ ကိုယ့်စပါးတွေ၊ ကိုယ့် ကောက်ပဲသီးနှံတွေ၊ ကိုယ့်လယ်ခင်းယာခင်းတွေထဲမှာ မွေးထားတဲ့ ကိုယ့် ကြက်၊ ဝက်၊ ကျွဲ၊ နွားတွေကို အဲဒီနိုင်ငံတွေမှာ ဘယ်လို အနိုင်အထက် အသိမ်းခံရတဲ့အတွက် မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုတဲ့စကားလို တောင်သူလယ်သမားတွေဟာ သူတို့ရဲ့ ကောက်ပဲသီးနှံတွေ၊ ကြက်၊ ဝက်၊ ကျွဲ၊ နွားတွေကို

mgyee.com

mgyee.com


ဘယ်လိုဖျက်ဆီးပစ်ကြတယ်ဆိုတာတွေဟာ သက်သေထင်ရှားရှိပါတယ်။ အဲဒီ နိုင်ငံရေးသမားတွေ တောင်သူလယ်သမား တွေဆီကို မြှောက်ပင့်ပေးရအောင် ရောက်လာကြရင် အဲဒီအချက်တွေကို ဆီးပြီး မေးကြပါ။ သူတို့ လိမ်လို့ မရပါဘူး။

ဒီအတိုက်အခံ နိုင်ငံရေးသမားတွေဟာ ပြောတော့တစ်မျိုး ပြောပြီးလုပ်တော့တစ်မျိုးလုပ်တယ်ဆိုတာ သိနိုင်ဖို့အတွက် တခြားနိုင်ငံတွေကိုတောင် လှမ်းကြည့်နေဖို့ မလိုပါဘူး။ ကျွန်တော်တို့ ပြည်ထောင်စုထဲမှာပဲ တွေ့နိုင်ပါတယ်။ ပါးစပ်ကတော့ "လောကနိဗ္ဗာန် ထူထောင်ပေးမယ်" တောင်သူလယ်သမားတွေကို စက်ရုံကြီးတွေ ပေးမယ်"လို့ ပြောပြီးသူတို့ သိမ်းထားတဲ့ နယ်မြေတွေထဲမှာတော့ လူထုအပေါ်မှ မိုက်ကြေးခွဲ ထမင်းထုပ်ဆင့်၊ လူ့လွတ်လပ်မှု အခွင့်အရေးတွေကို အကုန် ဖျက်ဆီး၊ လူထုရဲ့သားပျို၊ သမီးပျိုတွေကို မုဒိမ်းကျင့်၊ အဲဒီ အဖြစ်အပျက်မျိုးဟာ အတိုက်အခံနိုင်ငံရေးသမားတွေရဲ့ ဓာတ်တူသားတွေဖြစ်ကြတဲ့ သူပုန်တွေရဲ့လက်အောက်မှာ နေဖူးကြတဲ့ တောင်သူလယ်သမားတိုင်း ကောင်းကောင်းသိပြီးပြီ မဟုတ်လား။ အဲဒီတော့ တောင်သူလယ်သမားတွေဟာ ယထာဘူတ ဟုတ်တိုင်းမှန်ရာကို တွေးနိုင်ကြဖို့ အင်မတန် အရေးကြီးတယ်။

ကျွန်တော်တို့အနေနဲ့ ပြောရရင်...

(၁) အခု ကမ္ဘာ့အခြေအနေအရ အစိုးရက ကန့်သတ်ထားတဲ့ စပါးဈေးဟာ တရားမျှတတဲ့ဈေး ဖြစ်တယ်။ လက်ရှိ အခြေအနေအရ ဒီအတိုင်း တော်ပြီ။ တိုးပေးဖို့ မသင့်ဘူး။

(၂) အမတော်ကြေး ငွေတွေကို ယူတုန်းက နင်လားငါလား ယူသလို ပြန်ပေးစရာရှိတော့လည်း နင်လားငါလား ပြန်ပေးကြပါ။ ယူတုန်းက နင်လား ငါလားယူပြီး ပြန်ပေးစရာရှိတော့ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြမယ်ဆိုရင် အမတော်ကြေးငွေကို လုံးဝသော်လည်းကောင်း ရပ်ပစ်ရလိမ့်မယ်။

ဒါမှမဟုတ်ရင်လည်း အတော်ခပ်များများသော်လည်းကောင်း လျှော့ပစ်ရလိမ့်မယ်။

ဒီအချက်နှစ်ချက်ကို တိတိလင်းလင်း ပြောရတာဟာ ရဲဘော်တို့ကိုသော်လည်းကောင်း၊ တောင်သူလယ်သမားများကိုသော်လည်းကောင်း နင်ပဲငဆ ပြောချင်လို့ မဟုတ်ဘူး။ ဒီပြဿနာကို ပေါ့ပေါ့ဆဆ သဘောမထားဘဲ တောင်သူလယ်သမားတွေရဲ့ အကျိုးအတွက်ရော၊ ပြည်ထောင်စုကြီးရဲ့အကျိုးအတွက်ရော၊ လေးလေးနက်နက် စဉ်းစားစေချင်လို့ပဲ ဖြစ်တယ်။

ကျွန်တော်တို့ အတွက်ကတော့ ဒီအချက်နှစ်ချက်ကို တိတိလင်းလင်းပြောဖို့ အတွက် အင်မတန် လိပ်ပြာရှင်းတယ်။ ဘာဖြစ်လို့လဲဆိုရင် စပါးရောင်းလို့ အမြတ်အများကြီးရရင် ဒီအမြတ်တွေကို ကျွန်တော်တို့အိတ်ထဲကို ထည့်ရတာလည်း မဟုတ်ဘူး။ အမြတ်ထုပ်ကြီးတွေကို နိုင်ငံခြားပို့ရအောင်ကလည်း ကျွန်တော်တို့မှာ အမေကျော် ဒွေးတော်

mgyee.com

mgyoe.com


လွှမ်းစရာ နိုင်ငံတွေ မရှိဘူး။ အဲဒီတော့ ကျွန်တော်တို့မှာ ဆန်ရောင်းလို့ အမြတ်တွေပိုရရင် တောင်သူလယ်သမားတွေရဲ့အကျိုးအတွက် လုပ်ငန်းတွေကို ပိုလုပ်ပေးဖို့ပဲ ရှိတယ်။ အမတော်ကြေးငွေတွေကို မှန်မှန်ပြန်ရရင် တောင်သူလယ်သမားတွေကို ဘဏ္ဍာရေး အခြေအနေအရ တစ်နှစ်ထက်တစ်နှစ် အမတော်ကြေးငွေတွေကို တိုးပြီး မှန်မှန်ထုတ်ပေးသွားဖို့ပဲ ဖြစ်တယ်။ အဲဒီတော့ ဒီစကားနှစ်ခွန်းကိုပြောရတာဟာ ကျွန်တော်တို့အတွက် မဟုတ်ဘဲ တောင်သူလယ်သမားတွေရဲ့ အကျိုးအတွက်ဖြစ်တာကြောင့် ဒီစကားကိုပြောဖို့ဟာ ကျွန်တော်တို့ ဘာမှ ဒူးမတုန် ရင်မခုန်ဘူး။ လိပ်ပြာရှင်းရှင်းနဲ့ ပြောနိုင်တယ်။

## တောင်ရှည်ဝတ်ချင်လျှင် အစားလျှော့ရမည်

ကျွန်တော်တို့ ဗမာမှာ စကားပုံတစ်ခုရှိတယ်။ အဲဒီစကားပုံကတော့ "တောင်ရှည်ဝတ်ချင်ရင် အစားလျှော့ရမယ်" ဆိုတဲ့စကားပုံပဲ ဖြစ်တယ်။ တောင်သူလယ်သမားတွေဟာ ခုတင်ကတုန်းက ကျွန်တော်ပြောခဲ့တဲ့ လူထုလုပ်ငန်းကြီးတွေ မြန်မြန် အကောင်အထည်ပေါ်စေချင်ရင် အစိုးရက ကန့်သတ်ထားတဲ့ လက်ရှိစပါးဈေးကို ကျေနပ်ရမယ်။ အမတော်ကြေးငွေတွေကိုလည်း မှန်မှန်ပြန်ဆပ်ရမယ်။ စပါးဈေးကိုလည်း ပိုလိုချင်တယ်။ အမတော်ကြေးငွေကိုလည်း ပြန်မဆပ်ချင်ဘူး။ ဘဝသစ်ဖန်တီးရေးလုပ်ငန်းတွေကိုလည်း မြန်မြန် အကောင်အထည်ပေါ်စေချင်တယ်ဆိုတာမျိုးတော့ ကျွန်တော်တို့မတတ်နိုင်ဘူး။ ဖဆပလ အစိုးရမှာ လိုတိုင်းနှိုက်ယူနိုင်တဲ့ ရွှေအိုးကြီးတွေ မရှိဘူး။ လိုတဲ့ငွေတွေကို နိုင်ငံခြားက ချေးဖို့ဆိုတာလည်း လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ချေးရတာ လွယ်တယ်ထားဦး။ သူများကို အားကိုးရတာထက် ကိုယ့်ကိုယ်ကိုယ် အားကိုးရတာက ပိုပြီး ကောင်းတယ်။ အဲဒီအတွက် အင်မတန်ကို ကြီးကျယ်တဲ့ အကျပ်အတည်းမျိုးမရှိရင် ကျွန်တော်တို့ လွယ်လွယ်နဲ့ ငွေမချေးချင်ဘူး။

အဲဒါကြောင့် ရဲဘော်တို့နဲ့တကွ ရဲဘော်တို့ရဲ့ နောက်မှာရှိကြတဲ့ တောင်သူလယ်သမားတွေဟာ အမတော်ကြေးကို မှန်မှန်ကန်ကန် ပြန်ဆပ်ဖို့ဆိုတဲ့ကိစ္စကို အထူးလေးလေးနက်နက်ကြီး စဉ်းစားကြစေချင်တယ်။ ရွှေဥကို တစ်နေ့တစ်လုံးကျ ဥပေးနေတဲ့ ငန်းရဲ့ဒဏ္ဍာရီကိုလည်း ရဲဘော်တို့ ကြားဖူးကြပါလိမ့်မယ်။ အဲဒီဒဏ္ဍာရီအရဆိုရင် ငန်းတစ်ကောင်ဟာ တစ်နေ့ကို ရွှေဥတစ်လုံးကျ ဥပေးနေတယ်။ အဲဒါကို လောဘကြီးတဲ့ ငန်းရှင်က တစ်နေ့ ရွှေဥတစ်ဥကျ ဥပေးတာဟာ အရနည်းတယ်။ ငန်းကိုသတ်ရရင် ရွှေဥတွေ အများကြီးရလိမ့်မယ်လို့ ယူဆတယ်။ အဲဒီငန်းရှင်ဟာ သူ့လောဘကို သူနိုင်အောင် မထိန်းနိုင်တာနဲ့ ငန်းကို သတ်လိုက်တဲ့အခါမှာ တစ်နေ့တစ်လုံးကျရနေတဲ့ ရွှေဥကို တောင် မရတော့ဘူး။

နောက်တစ်ခုကတော့ လယ်ယာမြေ ပြည်သူပိုင်ပြုလုပ်ရေးတာဝန်ကြီးကို ထမ်းရွက်နေကြရတဲ့ ကျေးရွာလယ်ယာမြေ ကော်မတီအဖွဲ့ဝင်ရဲဘော်များနဲ့ နယ် ဗတလစ ရဲဘော်

mgyoe.com

mgyoe.com


များကို ကျွန်တော် အနည်းငယ် သတိပေးလိုပါတယ်။ လယ်ယာမြေ ပြည်သူပိုင်ပြုလုပ်ရေး တာဝန်ကို ရဲဘော်တို့ ထမ်းရွက်နေကြရာ၌ ဥပဒေအရ လယ်ယာမြေများကို သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုသင့်သူများအား အဂတိမလိုက်စားဘဲ မှန်ကန်တိကျစွာ ဥပဒေတွင် ပါရှိသည့်အခွင့်အရေးများကိုရရှိစေလျက် ဥပဒေအရ လယ်ယာမြေဝေငှခြင်းခံရမည့် တောင်သူလယ်သမားများအားလည်း ၎င်းတို့ ရသင့်ရထိုက်သော လယ်ယာမြေများကို မှန်ကန်တိကျစွာ ရရှိစေရေးအတွက် ဖြူစင်သော စေတနာနှင့် ဆောင်ရွက်ကြရန် ကျွန်တော် လေးလေးနက်နက်ကြီး မေတ္တာရပ်ခံပါတယ်။

## ပွဲဦးထွက် လုပ်ငန်းများ

အခုလည်း ဖဆပလ အစိုးရဟာ အာဏာကိုသိမ်းပြီးတဲ့ အချိန်ကစပြီး တောင်သူလယ်သမားတွေအတွက် ပွဲဦးထွက်အနေနဲ့...

(၁) လယ်ခွန်တော် နှစ်ဆသာ လယ်သီးစားခ ပေးနိုင်ခွင့်ကို တောင်သူလယ်သမားများအား ပေးအပ်ခဲ့တယ်။

(၂) သီးစားချထားနိုင်ခွင့်ကို တောင်သူလယ်သမားများအား အပ်နှံခဲ့တယ်။

(၃) တောင်သူလယ်သမားများအပေါ်တွင် တင်ရှိနေတဲ့ ကြွေးမြီများကို သက်သာအောင် အစီအစဉ်များကို ပြုလုပ်ပေးခဲ့တယ်။

(၄) တောင်သူလယ်သမား အမတော်ကြေးငွေကို ကိုးသိန်းခန့်မှ ငါးကုဋေခန့်အထိ တိုးမြှင့်ပေးခဲ့တယ်။

(၅) သီးနှံ ပို၍ထွက်အောင် ဆုငွေအဖြစ် တောင်သူလယ်သမားများကို သိန်းပေါင်းများစွာ ထုတ်ပေးခဲ့တယ်။

(၆) နိုင်ငံတော် စိုက်ပျိုးရေးဘဏ်ကို တည်ထောင်ပေးခဲ့တယ်။

(၇) လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေး ဥပဒေတစ်ရပ် ပြုလုပ်ပြီး လယ်ယာများကို တောင်သူလယ်သမားများအား စတင်၍ အခမဲ့ ဝေပေးနေပြီ။

(၈) တစ်နှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် ၁၀ ကုဋေခန့် အမြတ်ထုတ်ပေးနိုင်သော နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကြီးကို နိုင်ငံတော်အစိုးရက တိုက်ရိုက်အုပ်ချုပ်သည့် လက်ရှိအခြေအနေမှ တောင်သူလယ်သမားများကိုယ်တိုင် သမဝါယမစနစ်ဖြင့် အုပ်ချုပ်သည့် အခြေအနေသို့ သင့်တော်သည့် အချိန်အခါတွင် ကူးပြောင်းပေးရန် ဖဆပလအစိုးရက ဆုံးဖြတ်ထားပြီးပြီ။

အဲဒီလို လုပ်ပေးခဲ့တာတွေကို အရနေးတယ်ထင်ပြီး တောင်သူလယ်သမား အချို့ဟာ ဒဏ္ဍာရီထဲက ငနဲရှင်လို ကိုယ့်လောဘကို ကိုယ်မထိန်းနိုင်ဘဲ ရသမျှ အမတော်

mgyoe.com

ကြေးငွေတွေကိုယူပြီး ပြန်မဆပ်ဘဲ နေကြရင် တောင်သူလယ်သမားတွေကို ဘယ်တုန်းကမှ တစ်ပတ်မရိုက်ဘဲ လမ်းမှားကိုမပြဘဲ နှိပ်စက်ညှဉ်းပန်းခြင်း မပြုခဲ့ဘဲ စေတနာရိုး၊ စေတနာမှန်နဲ့ တောင်သူလယ်သမားတွေရဲ့အကျိုးကို နေ့မအား ညမအား ဆောင်ရွက်ပေးနေတဲ့ ဖဆပလအစိုးရကို ဖျက်ဆီးပစ်ရာရောက်လိမ့်မည်။

## ဖြေရှင်းနိုင်ကြပါစေ

နောက်ပြီးတော့လည်း အမတော်ကြေးငွေတွေကို ပြန်ပြီး ကောက်ခံတဲ့နေရာမှာ ဖဆပလအစိုးရဟာ အစိုးရရဲ့ အုပ်ချုပ်ရေး စက်ယန္တရားတစ်ခုတည်းကိုသာမက ဗတလစရဲ့ အကူအညီကိုပါ ယူခဲ့ရတယ်ဆိုတာကို ကောင်းကောင်း သိပါတယ်။ ဗတလစကလည်း များသောအားဖြင့် အကူအညီကို စေတနာ သန့်သန့်ရှင်းရှင်း ရက်ရက်ရောရော ပေးခဲ့တယ်ဆိုတာကိုလည်း ဖဆပလအဖွဲ့ချုပ်ကြီးကရော၊ ဖဆပလအစိုးရအဖွဲ့ကရော ကောင်းကောင်း သိပါတယ်။ အဲဒီတော့ တာဝန်ကို ထမ်းဆောင်ရတဲ့နေရာမှာ ကျေကျေပွန်ပွန်နဲ့ ထမ်းဆောင်နိုင်အောင် နိုင်ငံရေးခေါင်းဆောင်ကြီးများပင်လျှင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအနေဖြင့် မိမိတို့ရဲ့အထောက်အပံ့အတွက် လစာငွေများကို လက်ခံရသောမူအတိုင်း တာဝန်ကျေကျေပွန်ပွန် ထမ်းရွက်ရတဲ့ ဗတလစအဖွဲ့ဝင်များဟာ မိမိတို့ လုပ်ဆောင်ရတဲ့တာဝန်နှင့် ထိုက်တန်တဲ့ ထောက်ပံ့ကြေးတစ်ခုခုကို ပေးသင့်တယ်။ ဒီလိုပေးခြင်းအားဖြင့် အမတော်ကြေး ငွေကို ပြန်လည်ကောက်ခံတဲ့နေရာမှာသာမက တောင်သူလယ်သမားများရဲ့အကျိုးကို ရွက်ဆောင်နေတဲ့ နေရာမှာလည်း ထိထိရောက်ရောက် ရွက်ဆောင်နိုင်စရာ ရှိတယ်လို့ ဒီညီလာခံကြီးက ယုံကြည်ယူဆရင် ဖဆပလအစိုးရအဖွဲ့က ဒီကိစ္စကို လေးလေးနက်နက် စဉ်းစားပါမယ်လို့၊ ဒီညီလာခံကြီးကို ဖဆပလအဖွဲ့ကြီးရဲ့ကိုယ်စား ကျွန်တော် ကတိပေးပါတယ်။ ဒီညီလာခံကြီးဟာ တခြားအရေးကြီးတဲ့ ကိစ္စများအပြင် ဒီအမတော်ကြေးကိစ္စကို တောင်သူလယ်သမားတို့ရဲ့အကျိုးကို ရှေးရှုပြီး လေးလေးနက်နက် စဉ်းစားဆွေးနွေး ဖြေရှင်းပေးနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။

■

mgyoe.com

mgyoe.com

# မြေခွန်တော် စနစ်သစ်

၁၉၅၅ ခု မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ နိုင်ငံတော်ဝန်ကြီးချုပ် နေအိမ် မဏ္ဍပ်၌ကျင်းပသော ပြည်ထောင်စု မြေခွန်တော်စနစ်သစ်ညီလာခံကြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် မြွက်ကြားသည့်မိန့်ခွန်း။

## လူကြီးမင်းများခင်ဗျား

ဒီညီလာခံကြီးဟာ ဒီမိုကရေစီဝါဒအရ တောင်သူလယ်သမား လူထုကြီး တစ်ရပ်လုံးရဲ့အကျိုးအတွက် ခေတ်မီတဲ့ မြေခွန်တော်စနစ်သစ် တီထွင်ဖို့ ဆွေးနွေးတိုင်ပင်ရန် ခေါ်ယူတဲ့ ဒုတိယအကြိမ်မြောက် ညီလာခံကြီး ဖြစ်ပါတယ်။

ဒီညီလာခံကြီးမှာ ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင်ဖို့ ပင်ပင်ပန်းပန်း ဒုက္ခခံပြီး တက်ရောက်ချီးမြှင့်ကြတဲ့အတွက် ကျွန်တော် များစွာ ကျေးဇူးတင်ပါတယ်။

ပထမအကြိမ် ညီလာခံကြီးကို ဒီနေရာမှာပဲ ၁၉၅၄ ခု နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်ပြီး ငါးရက်တိုင်တိုင် ကျင်းပခဲ့ပါတယ်။

အဲဒီပထမကျင်းပခဲ့တဲ့ ညီလာခံကြီးမှာ နိုင်ငံတော်အစိုးရက ပုံသွင်းနေတဲ့ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးမှာ အကျုံးဝင်မယ့် မြေခွန်တော်စနစ်သစ်ကို အသေးစိတ် ဆွေးနွေးခဲ့ပြီး အများသဘောတူ အတည်ပြုခဲ့ပါတယ်။

ယခုကျင်းပတဲ့ ဒုတိယညီလာခံကြီးမှာဆိုရင် အတည်ပြုပြီးဖြစ်တဲ့ မြေခွန်တော် စနစ်သစ်ကို အကောင်အထည်ဖော်ရန် ၁၉၅၅ ခု မြေခွန်တော် အက်ဥပဒေနဲ့ နည်းဥပဒေ ကြမ်းကို ဆွေးနွေးတိုင်ပင်ဖို့ပါပဲ။

mgyoe.com

mgyoe.com


ဒီမြေခွန်တော်စနစ်သစ်နဲ့ပတ်သက်ပြီး ရေးဆွဲထားတဲ့ မြေခွန်တော် အက်ဥပဒေကြမ်းနဲ့ နည်းဥပဒေကြမ်းကို ရှင်းလင်းမပြောပြမီ ပထမညီလာခံကြီး ကျင်းပခဲ့တဲ့နေ့မှစပြီး ဒီနေ့အထိ မြေခွန်တော်ကောက်ခံတာနဲ့ပတ်သက်တဲ့ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာကို ကျွန်တော် အနည်းငယ် ပြောပြလိုပါတယ်။

၁၉၅၃–၅၄ ခုနှစ်တုန်းကတော့ ကောက်ကြီးအခွန်တော်ကို စနစ်ဟောင်းအတိုင်း ဖေဖော်ဝါရီလက စတင်ကောက်ခံခဲ့ပါတယ်။

ဒီ ၁၉၅၄–၅၅ ခုနှစ်အတွက်တော့ မြေခွန်တော်ကို လွန်ခဲ့တဲ့ နိုဝင်ဘာလ ကျင်းပတဲ့ မြေခွန်တော်နဲ့ အမတော်ကြေးညီလာခံက ချမှတ်အတည်ပြုခဲ့တဲ့ ညွှန်ကြားချက်များနဲ့ ဇန်နဝါရီလ ၁၅ ရက်နေ့ကစပြီး ကောက်ခံခဲ့ပါတယ်။

မနှစ်က ကောက်ခံတဲ့ လပိုင်းနဲ့ ဒီနှစ် ကောက်ခံတဲ့လပိုင်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြေခွန်တော် ကောက်ခံခြင်းနဲ့ပတ်သက်၍ ဒီနှစ်မှာ ရာခိုင်နှုန်းတစ်ရာ တိုးတက်လာပါတယ်။

စစ်ပြီး နောက်နှစ်များရဲ့ ပျမ်းမျှခြင်းစံချိန်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြေခွန်တော် ကောက်ခံခြင်းနဲ့ ပတ်သက်၍ ဒီနှစ်မှာ တစ်ကုဋေ ပိုမိုပြီး ကောက်ခံရမယ်လို့ ခန့်မှန်းနိုင်တဲ့ အခြေအနေအထိ တိုးတက်လာပါပြီ။

ဒီလို တိုးတက်ကောက်ခံရတဲ့ အကြောင်းရင်းကတော့...

(၁) အများပြည်သူလူထု၊
(၂) တောင်သူလယ်သမားလူထု၊
(၃) ဖဆပလနှင့် ဗတလစ အစည်းအရုံးများ၊
(၄) ကျေးရွာသီးစား ချထားရေးကော်မတီနဲ့ ကျေးရွာ မြေယာကော်မတီများ၊
(၅) သူကြီးများ၊
(၆) မြေစာရင်းဌာနမှ အမှုထမ်း အရာထမ်းများ၊
(၇) ခရိုင်ဝန်နဲ့ အခြား အခွန်တော်အရာရှိများ၊

တို့က ကျွန်တော်၏ မေတ္တာရပ်ခံချက်နဲ့ ညွှန်ကြားချက်ကို လိုက်နာ၍ မနားမနေ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြတဲ့အတွက် ဖြစ်ပါတယ်။

ဒီပြင်မှာလည်း ဘဏ္ဍာတော်မင်းကြီးက မြေခွန်တော်ကောက်ခံခြင်းရဲ့ အခြေအနေကို မျက်ခြည်မပြတ် သုံးသပ်စစ်ဆေးကြည့်ရှုပြီး ထုတ်ပြန်တဲ့ ညွှန်ကြားချက်များကို မြေခွန်တော်အရာရှိများက ကြိုးစားလိုက်နာဆောင်ရွက်ခြင်းကြောင့် တိုးတက်မှုရရှိခဲ့ပါတယ်။

ဒါပေမဲ့ ခရိုင်အလိုက် ပြောရမယ်ဆိုရင် ကောက်ခံရတဲ့ မြေခွန်တော်မှာ တစ်ခရိုင်နဲ့ တစ်ခရိုင် မတူကြပါဘူး။

ကျွန်တော်တို့ မျှော်မှန်းခဲ့တဲ့ စစ်မဖြစ်ခင်က စံချိန်ကို မြေခွန်တော် ကောက်ခံရာတွင် မီတဲ့ခရိုင်အချို့ ရှိပါတယ်။

mgyoe.com

mgyoe.com


အဲဒီ ခရိုင်တွေကတော့ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ သထုံနဲ့ အထက် ချင်းတွင်း ခရိုင်များဖြစ်ပါတယ်။

ဒီခရိုင်များရဲ့ ဖဆပလနဲ့ ဗတလစအဖွဲ့များ၊ ကျေးရွာသူကြီးများ၊ ခရိုင်ဝန်နှင့် အခွန်တော်အရာရှိများ၊ လယ်ဝန်နှင့် မြေစာရင်းဌာနအမှုထမ်း အရာထမ်းများ အားလုံးကို ဘဏ္ဍာတော်မင်းကြီးက ချီးကျူးလွှာများ ပေးပို့ပြီးပါပြီ။

အဲဒီလို ရှေ့တန်းက စံပြနေတဲ့ခရိုင်များရဲ့ ဖဆပလနဲ့ ဗတလစအဖွဲ့များ၊ ကျေးရွာသူကြီးများ၊ ခရိုင်ဝန်နှင့် အခွန်တော်အရာရှိများ၊ လယ်ဝန်နှင့် မြေစာရင်းဌာန အမှုထမ်း အရာထမ်းများကို ဒီနေရာကနေပြီး ကျွန်တော်ကလည်း လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်။

တချို့ခရိုင်တွေကတော့ ဖော်ပြခဲ့တဲ့ အဆင့်အတန်း စံချိန်ကိုမီအောင် ကြိုးစားကြပေမယ့် မမီသေးသော်လည်း မနှစ်ကထက် သိသိသာသာ တိုးတက်မှု ရှိနေပါတယ်။

အဲဒီ ခရိုင်တွေကတော့ သံတွဲ၊ သရက်မြို့၊ သာယာဝတီ၊ တောင်ငူ၊ ကျိုက္ကမိ၊ ထားဝယ်၊ စစ်ကိုင်း၊ ကသာနဲ့ အောက်ချင်းတွင်းခရိုင်များ ဖြစ်ကြပါတယ်။

ဒီခရိုင်များရဲ့ ဖဆပလနဲ့ ဗတလစအဖွဲ့များ၊ ကျေးရွာသူကြီးများ၊ ခရိုင်ဝန်နှင့် အခွန်တော် အရာရှိများ၊ လယ်ဝန်နှင့် မြေစာရင်းဌာန အမှုထမ်း အရာထမ်းများကို ဘဏ္ဍာတော်မင်းကြီးက ချီးကျူးလွှာများ ပေးပို့ပြီး ဖြစ်ပါတယ်။

အဲဒီလို သိသိသာသာ တိုးတက်မှုရှိနေတဲ့ ခရိုင်များရဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များကိုလည်း ကျွန်တော်က ချီးကျူးပါတယ်။

ဒါပေမဲ့ ဒီပုဂ္ဂိုလ်များ အားလုံးက ချီးကျူးခြင်းခံရတာနဲ့ တင်းတိမ်ရောင့်ရဲ မနေကြဘဲ ၁၉၅၄–၅၅ ခုနှစ်မှာ စည်းကြပ်တဲ့မြေခွန်တော်ကို အပြီးအပြတ် ဖွန်လမတိုင်မီ ကောက်ခံရရှိအောင် ဆက်လက် အထူးကြိုးစားကြရန် တိုက်တွန်းလိုက်ပါတယ်။

ကျန်ခရိုင်များကတော့ မြေခွန်တော်ကောက်ခံခြင်းကိစ္စမှာ မျှော်မှန်းသလောက် တိုးတက်မှုမရှိဘဲ ညံ့ဖျင်းနေတာပဲ။

ဒီလို တိုးတက်မှု မရရှိတဲ့အတွက် ဖော်ပြခဲ့တဲ့ တိုးတက်နေတဲ့ခရိုင်များနဲ့ ရင်ပေါင်တန်း မလိုက်နိုင်ခြင်းဟာ တိုးတက်နေတဲ့ ပြည်ထောင်စုကြီးအတွက် ဆုတ်ယုတ်နစ်နာနေခြင်း ဖြစ်တာပဲ။

ခရိုင်အသီးသီးတို့ရဲ့ ကောက်ခံခြင်း အခြေအနေကို ဘဏ္ဍာတော်မင်းကြီးက အမြဲတစေ ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော် အစိုးရအား အစီရင်ခံနေပါတယ်။

ဘယ်ခရိုင်ဟာ ဘယ်လိုအခြေအနေ ရောက်နေတယ်။ ဘယ်လို ဆုတ်ယုတ်နေတယ်ဆိုတာကို နိုင်ငံတော် အစိုးရက သိနေပါပြီ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်အရာရှိဟာ နိုင်ငံတော်အတွက် ဘယ်လောက်ကြိုးစား၍၊ ဘယ်အရာရှိဟာ ဘယ်လောက် ပေါ့ပေါ့ဆဆ လုပ်နေကြတယ်ဆိုတာကို နိုင်ငံတော်အစိုးရက မှတ်တမ်းတင်ထားပြီးပြီ။ နိုင်ငံရေးသမား

mgyoe.com

mgyoe.com

များနဲ့ပတ်သက်လို့လည်း ဘယ်နိုင်ငံရေးသမားဟာ နိုင်ငံတော်ကြီးအတွက် ဘယ်လောက်ကြိုးစားပြီး၊ ဘယ်နိုင်ငံရေးသမားဟာ ဘယ်လောက် ပေါ့ပေါ့ဆဆ လုပ်နေကြတယ်ဆိုတာကိုလည်း နိုင်ငံတော်အစိုးရနဲ့ ဖဆပလအဖွဲ့ချုပ်ကြီးက မှတ်တမ်းတင်ထားပြီးပါပြီ။

ဒါကြောင့် ဒီတတိယ အမျိုးအစားမှာရောက်နေတဲ့ ခရိုင်များက အထူးကြိုးစားဆောင်ရွက်ဖို့လိုတဲ့အကြောင်း ယခု သတိပေးနှိုးဆော်လိုက်ပါတယ်။

ဘဏ္ဍာရေးဟာ တောင်သူလယ်သမားလူထုနဲ့ ပြည်ထောင်စုနိုင်ငံတော်ရဲ့ အသက်သွေးခဲဖြစ်တာကို ကျွန်တော် အထူးပြောပြစရာ မလိုပါဘူး။

လူကြီးမင်းများနဲ့ ပြည်ထောင်စုတစ်ခုလုံး သိပြီးသား ဖြစ်ပါတယ်။

မြေခွန်တော် တိုး၍ရလာတာနဲ့အမျှ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိတဲ့ တိုးတက်ရေး၊ ကြီးပွားရေးတွေကို တိုးချဲ့ပြီး ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံကို ချစ်သူမှန်သမျှ ဒီကိစ္စကြီးမှာ ပေါ့ပေါ့ဆဆ လုပ်မနေကြဘဲ ယခုထက် ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်ကြဖို့ ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

လူကြီးမင်းများခင်ဗျား၊ မြေခွန်တော် စနစ်ဟောင်းနဲ့ပတ်သက်၍ ဥပဒေဟောင်းကို ဖယ်ပြီး ပထမညီလာခံကြီးတွင် အများသဘောတူ အတည်ပြုပြီးခဲ့တဲ့ မြေခွန်တော် စနစ်သစ်နဲ့ပတ်သက်ပြီး အကောင်အထည်ဖော်ရန်အတွက် ၁၉၅၅ ခု မြေခွန်တော် အက်ဥပဒေကြမ်းနဲ့ နည်းဥပဒေကြမ်းကို ဘာပြုလို့ရေးဆွဲတင်ပြရတယ်ဆိုတာကို ယခုအနည်းငယ် ပြောပြပါမယ်။

မြေခွန်တော်ရဲ့ အတိတ်ရာဇဝင် အတိုချုပ်ကို ပြောရမယ်ဆိုရင် ရှေးမြန်မာဘုရင်မင်းများလက်ထက်က ၁၂ မှ မင်းတိုင်းအနေနဲ့ မြေခွန်တော်ကို ကောက်ခံခဲ့၍ လူထုအကျိုးအတွက် အသုံးမပြုဘဲ မင်းစိုးရာဇာများအတွက် အသုံးချခဲ့ပါတယ်။

လွတ်လပ်ရေး မရခင်တုန်းက တောင်သူလယ်သမား မြေခွန်တော် စည်းကြပ်တဲ့နေရာမှာ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိခဲ့ပါ။

လက်ရှိ မြေခွန်တော်ဥပဒေရဲ့ အချက်အလက်တွေကတော့...

(၁) ဗြိတိသျှ ကိုလိုနီအုပ်ချုပ်ရေး အက်ဥပဒေအရ ကြေးတိုင်က မြေအတန်းအစားခွဲပြီး သီးနှံအထွက်၊ သီးနှံဈေးနှုန်းနဲ့ လယ်ယာကုန်ကျစရိတ် တွက်ချက်ပြီး မြေအတန်းအစားအလိုက် အခွန်တော်နှုန်း သတ်မှတ်ခြင်း။

(၂) ကြေးတိုင်က သတ်မှတ်တဲ့အခွန်တော်နှုန်းအရ မြေစာရင်းက နှစ်စဉ် စည်းကြပ်ခြင်း။

(၃) မြေစာရင်းက စည်းကြပ်တာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့အတွက် ခ နှိမ်ပြီး သူကြီးက ကောက်ခံခြင်း။

(၄) သူကြီးက ကောက်ခံမရရင် အခွန်တော်အရာရှိက တောင်သူလယ်သမားကို တရားစွဲ အမှုဖွင့်ပြီး အက်ဥပဒေအရ ကောက်ခံခြင်း။

mgyoe.com

mgyoe.com


ဖြစ်ပါတယ်။

ဒီဥပဒေဟောင်းအရ လယ်သမားကိုယ်စားလှယ်နဲ့ တိုင်ပင်တာဟာ နှစ်ခါလောက်သာ ရှိပါတယ်။

(၁) ကြေးတိုင်က မြေမျိုးခွဲတဲ့အခါမှာ သမာဓိများကို တိုင်ပင်တာနဲ့။

(၂) ကြေးတိုင်အစီရင်ခံစာ စိစစ်တဲ့ ကြေးတိုင်ညီလာခံအဖွဲ့ဝင်အများရှိတာမှာ တောင်သူလယ်သမား ကိုယ်စားလှယ်တစ်ယောက်တည်းသာ ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီဝါဒနဲ့ သုံးသပ်ကြည့်ရင် စနစ်ဟောင်းရဲ့ မြေခွန်တော်အက်ဥပဒေနဲ့ နည်းဥပဒေဟာ ဗဟိုအစိုးရအတွက် အခွန်တော်ရရှိရေးကိုသာ ရှေးရှုပြီး ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ လူထုရဲ့ဆန္ဒ ငါးရာခိုင်နှုန်းလောက်ပင် မရှိပါဘူး။

လူကြီးမင်းများခင်ဗျား မြေခွန်တော် စနစ်ဟောင်းအရ အသုံးပြုခဲ့တဲ့ မြေခွန်တော်အက်ဥပဒေနဲ့ နည်းဥပဒေဟောင်းအကြောင်းကို ဒီလောက်ပြောပြပြီး ပထမညီလာခံကြီးမှာ သဘောတူခဲ့တဲ့ ဒီမိုကရေစီဝါဒအရ စနစ်သစ်ကို အကောင်အထည်ဖော်ရန် ယခု ရေးဆွဲထားပြီး တင်ပြမယ့် ၁၉၅၅ ခု မြေခွန်တော် အက်ဥပဒေနဲ့ နည်းဥပဒေကြမ်းရဲ့အကြောင်းကို အနည်းငယ် ရှင်းလင်းပြောပြလိုပါတယ်။

ဒီမြေခွန်တော်စနစ်သစ်ရဲ့ ထူးကဲတဲ့ အခြေခံ အချက်အလက်တွေကတော့...

(၁) မြေမှ တကယ်ရရှိတဲ့ အမြတ်အစွန်းပေါ်မှ တရားမျှတတဲ့ အချိုးကို အခြေခံပြီး မြေခွန်တော်နှုန်း သတ်မှတ်ခြင်း။

(၂) မြေမှတကယ်ရရှိတဲ့ အမြတ်အစွန်းနဲ့ပတ်သက်၍ အခြေအနေအမြဲတမ်း ပြောင်းလဲသွားလျှင် ပြောင်းလဲသလို တရားမျှတစေရန်နှုန်းကို ပြန်လည်သတ်မှတ်ခြင်း။

(၃) သတ်မှတ်ပြီးတဲ့နှုန်းနဲ့အညီ နှစ်စဉ် မြေခွန်တော်ကို တောင်သူလယ်သမား အဖွဲ့အစည်းအများရဲ့ ဆန္ဒအရ တစ်ဦးစီအပေါ် မြေခွန်တော်စည်းကြပ်ခြင်း။

(၄) တရားမျှတရန် မြေခွန်တော် လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်တဲ့ အာဏာကိုလည်း ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များကို လွှဲအပ်ပေးခြင်း။

(၅) ကောက်ခံခြင်းမှာလည်း တောင်သူလယ်သမားကိုယ်စားလှယ်များနဲ့ ပူးတွဲပြီး ကောက်ခံခြင်း။

(၆) ကောက်ခံတဲ့ အာဏာကိုလည်း ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များကို အပ်နှင်းခြင်း။

(၇) ကောက်ခံရတဲ့ မြေခွန်တော်ကိုလည်း တောင်သူလယ်သမားရဲ့အကျိုးကို အများဆုံးဖြစ်ထွန်းရန်အတွက် ခွဲဝေသုံးစွဲစေခြင်း။

စသည်တို့ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ညီလာခံကြီးမှာ ငါးရက်တိုင်တိုင် ဆွေးနွေးတိုင်ပင်ခဲ့ပြီး မြေခွန်တော်စနစ်သစ်နဲ့ ပတ်သက်၍ လူကြီးမင်းများက အကြံပေးခဲ့တာကို သတိရကြပါလိမ့်မယ်။

mgyoe.com

mgyoe.com

လူကြီးမင်းများရဲ့ အကြံဉာဏ်ကို အခြေခံထားပြီး ဘဏ္ဍာတော်မင်းကြီး ဦးဘဌေး ကိုယ်တိုင် ဖဆပလ၊ ဗတလစသက်ဆိုင်ရာ အစည်းအရုံးခေါင်းဆောင်များနဲ့လည်းကောင်း၊ အထူးကျွမ်းကျင်တဲ့ အရာရှိများနဲ့ လည်းကောင်း၊ နိုင်ငံတော် အုပ်ချုပ်ရေးဌာန သက်ဆိုင်ရာ ဝန်ကြီးများနဲ့လည်းကောင်း တိုင်ပင်နှီးနှောပြီး ဒီ ၁၉၅၅ ခု မြေခွန်တော် အက်ဥပဒေနဲ့ နည်းဥပဒေကြမ်းကို ရေးဆွဲခဲ့ပါတယ်။

ရေးဆွဲပြီးတင်ပြမယ့် မြေခွန်တော် အက်ဥပဒေကြမ်းနဲ့ နည်းဥပဒေကြမ်းဟာ ရှေးမြန်မာဘုရင်မင်းများခေတ် နယ်ချဲ့ဗြိတိသျှ အုပ်ချုပ်နေတဲ့ ခေတ်များမှာ အသုံး ချခဲ့တဲ့ ဥပဒေများနဲ့ လုံးဝ မတူပါ။

မြေခွန်တော် ဥပဒေဟောင်းများကို ဒီမိုကရေစီဝါဒအရ ယခုရေးဆွဲတဲ့ ဥပဒေ သစ်များနဲ့ လယ်သမားဆန္ဒဆိုတဲ့ မှတ်ကျောက်ပေါ်တွင် တင်ကြည့်ရမယ်ဆိုရင် ဥပဒေ ဟောင်းများမှာ လယ်သမားဆန္ဒ ငါးရာခိုင်နှုန်းမျှပင် ပါဝင်ခြင်းမရှိပါ။ ဥပဒေသစ်များမှာ လယ်သမားဆန္ဒ ၉၀ ရာခိုင်နှုန်းကျော် သက်ဝင်ကြောင်း တွေ့ရပါတယ်။

ဘာပြုလို့လဲဆိုရင် ဒီဥပဒေသစ်ဟာ...

(၁) မြေခွန်တော်နှုန်းကို ကွင်းအလိုက် သတ်မှတ်ရာမှာလည်းကောင်း၊
(၂) မြေခွန်တော် စည်းကြပ်ရာမှာလည်းကောင်း၊
(၃) မြေခွန်တော် လွတ်ငြိမ်းခွင့်ပေးရာမှာလည်းကောင်း၊
(၄) ကောက်ခံရရှိတဲ့ မြေခွန်တော်ကို သုံးစွဲရာမှာလည်းကောင်း၊

တောင်သူလယ်သမားရဲ့ဆန္ဒကို အများဆုံး သက်ဝင်စေပါတယ်။

မြေခွန်တော်နှုန်းကို ကွင်းအလိုက် သတ်မှတ်တဲ့နေရာမှာ တောင်သူလယ်သမား များရဲ့ ထင်မြင်ချက်နဲ့ ၎င်းတို့၏ ကိုယ်စားလှယ်များရဲ့ ထင်မြင်ချက်ကို ရယူရပါမယ်။

မြေခွန်တော် စည်းကြပ်တဲ့နေရာမှာလည်း သက်ဆိုင်ရာကွင်းမှာ လုပ်ကိုင်တဲ့ လယ်သမားအားလုံးရဲ့ အစည်းအဝေးက အများသဘောတူ ဆုံးဖြတ်ချက်အရ တစ်ဦးစီ အပေါ်မှာ မြေခွန်တော် ခွဲဝေစည်းကြပ်ရပါမယ်။

မြေခွန်တော် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်လို့လည်း အာဏာကို ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသို့ အပ်နှင်းရပါမယ်။ ၎င်းတို့အား မအပ်နှင်းမီ လက်ရှိ အခွန်တော်အရာရှိများနဲ့ ဆောင်ရွက်ရပါလိမ့်မယ်။

ဒီကိစ္စနဲ့ ပတ်သက်၍ ဆောင်ရွက်ရာမှာလည်း တောင်သူလယ်သမား၏ ကိုယ်စားလှယ်များရဲ့ ထင်မြင်ချက်ကို ရယူရပါလိမ့်မယ်။

မြေခွန်တော် ကောက်ခံရာမှာလည်း ဒီအတိုင်းပဲ။

နောက်ပြီးတော့လည်း ကောက်ခံရရှိတဲ့မြေခွန်တော်မှ တောင်သူလယ်သမား များ တိုးတက်ဖွံ့ဖြိုးမှုအတွက် အများဆုံး ရှေးရှု၍ နိုင်ငံတော်အစိုးရက ခရိုင်အလိုက် ဝေပုံကျ ခွဲဝေပေးရပါမယ်။

mgyoe.com

mgyoe.com


ခရိုင်အသီးသီးတွင် မြို့နယ်နဲ့ ကျေးရွာများသို့ ဝေပုံကျ ခွဲဝေပေးရာမှာလည်း ခရိုင်ကောင်စီ၊ သို့မဟုတ် ခရိုင်ပြည်တော်သာအဖွဲ့က လုံးဝတာဝန်ယူ၍ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လူထုကိုယ်စားလှယ်များက လုပ်ကိုင်ဆောင်ရွက်တဲ့ ကိစ္စစစ်စစ် ဖြစ်ပါတယ်။

ယခု တင်ပြမယ့် မြေခွန်တော် အက်ဥပဒေနဲ့ နည်းဥပဒေဟာ...

(၁) နှုန်းသတ်မှတ်ရာတွင် လယ်သမားရဲ့ထင်မြင်ချက်ရယူခြင်း။

(၂) နှစ်စဉ် စည်းကြပ်ရာမှာလည်း လယ်သမားအများရဲ့ဆန္ဒကိုရယူ၍ စည်းကြပ်ရခြင်း။

(၃) စိုက်ပျိုးရေး အခြေအနေ ပြောင်းလဲလာတာနဲ့အမျှ တရားမျှတအောင် နှုန်းကိုလည်းလိုက်၍ ပြောင်းလဲရခြင်း။

(၄) သုံးစွဲရာမှာလည်း လယ်သမားအများအတွက် အများဆုံး အကျိုးကျေးဇူးဖြစ်ထွန်းစေမယ့် လယ်သမားရဲ့ ဘဝသစ် အခွန်ဖြစ်ခြင်း။

(၅) ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့သို့ ပြောင်းပေးသဖြင့် ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး စက်ယန္တရားကြီးရဲ့ အခြေခံအုတ်မြစ်ဖြစ်ခြင်းနဲ့

(၆) ဒီမိုကရေစီဝါဒကို စည်းကြပ်ရာမှာရော၊ ကောက်ခံရာမှာရော၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးရာမှာရော၊ သုံးစွဲရာမှာရော အများဆုံး အသုံးပြုထားသဖြင့် လယ်သမားဆန္ဒအများဆုံးပါရှိတဲ့ ဒီမိုကရေစီမြေခွန်တော်ဖြစ်ခြင်း။

ဆိုတဲ့ အင်္ဂါလက္ခဏာများနဲ့ ပြည့်စုံပါတယ်။

ဒီအချက်အလက်တွေနဲ့ ပြည့်စုံနေတဲ့အတွက် ၁၉၅၅ ခု မြေခွန်တော် အက်ဥပဒေနဲ့ နည်းဥပဒေကြမ်းကို ဝေဖန်သုံးသပ်ကြည့်မယ်ဆိုရင်...

(၁) မြေယာတော်လှန်ရေးခေတ်၊

(၂) လယ်သမား ဘဝသစ် ဖန်တီးရေးခေတ်

နဲ့ ကိုက်ညီတဲ့ လယ်သမားက စည်းကြပ်၊ လယ်သမားက ကောက်ခံ၊ လယ်သမားအတွက် လယ်သမားက ဝေဖန်၊ သုံးစွဲရမယ့် လယ်သမားရဲ့ မြေခွန်တော်အက်ဥပဒေနဲ့ နည်းဥပဒေ ဖြစ်ပါတယ်။

ဒါကြောင့် တိုးတက်နေတဲ့ ဒီမိုကရေစီခေတ်သစ်နဲ့ ဆီလျော်တဲ့ ၁၉၅၅ ခုနှစ် မြေခွန်တော် အက်ဥပဒေနဲ့ နည်းဥပဒေကြမ်းကို ရေးဆွဲခဲ့ပြီး လူကြီးမင်းများက ပြင်ဆင်ဖြည့်စွက်စရာရှိလျှင် ပြင်ဆင်ဖြည့်စွက်နိုင်ရန် ဒီညီလာခံကြီးမှာ ဘဏ္ဍာတော်မင်းကြီးက တင်ပြပါလိမ့်မည်။

ဒီတော့ လူကြီးမင်းများက အရေးပါအရာရောက်တဲ့ ဗိသုကာဆရာကြီးများအနေနဲ့ အကြံဉာဏ်ပေးပြီး ယခုတင်ပြမယ့် ၁၉၅၅ ခု မြေခွန်တော် အက်ဥပဒေနဲ့ နည်းဥပဒေကြမ်းကို စဉ်းစားဆွေးနွေးပါရန် ကျွန်တော် မေတ္တာရပ်ခံပါတယ်။

mgyoe.com

mgyoe.com

ဒါကြောင့် ဒီညီလာခံကြီးတွင် ဆွေးနွေးရာမှာ အောင်မြင်ကြပါစေ။

မြေခွန်တော်ဟာ လယ်သမားလူထုရဲ့အကျိုးကို အများဆုံးဖြစ်ထွန်းနိုင်စေဖို့ နိုင်ငံတော်အစိုးရက ဖန်တီးထားပြီးဖြစ်တဲ့အတွက် မြေခွန်တော်ကောက်ခံရေးမှာ တောင်သူလယ်သမားလူထုရဲ့ အရေးအကြီးဆုံးတာဝန်ဖြစ်ကြောင်း အသိဉာဏ်ဟာ တောင်သူလယ်သမား လူထုတစ်ရပ်လုံးရဲ့ စိတ်ဓာတ်မှာ တဖွားဖွား တိုးတက်ရင့်သန်လာပါစေ။

တောင်သူလယ်သမားတို့အကျိုး ပိုမိုဖြစ်ထွန်းစေရန်အတွက် မြေခွန်တော်ကောက်ခံရာမှာ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေ။

တောင်သူလယ်သမား လူထုကြီးနဲ့ ပြည်ထောင်စုကြီးရဲ့ အကျိုးအတွက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြပါစေလို့ ကျွန်တော် ဒီနေရာက ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**၁၉၅၅ ခုနှစ် မေလ ၅ ရက်နေ့တွင် ဝန်ကြီးချုပ် နေအိမ်မဏ္ဍပ်၌ ဆက်လက် ကျင်းပသည့် မြေခွန်တော်စနစ်သစ် ညီလာခံတွင် မြွက်ကြားသော နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ နိဂုံးချုပ်မိန့်ခွန်း။**

### လူကြီးမင်းများခင်ဗျား

ဒီအစည်းအဝေးဟာ ကျင်းပခဲ့တာ နှစ်ရက်ရှိသွားပါပြီ။ ဒီ ၂ ရက်ဟာ အင်မတန်အရေးကြီးတဲ့ နှစ်ရက်လို့ ဗမာ့ရာဇဝင်မှာ မှတ်တမ်းတင်ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ခု နှစ်ရက်အတွင်းမှာ ဆွေးနွေးတဲ့ကိစ္စဟာ ဗမာ့ရာဇဝင်မှာ တစ်ခါမှ မပေါ်ဖူးသေးတဲ့ကိစ္စ၊ အဲဒီကိစ္စဟာ ထမြောက်အောင်မြင်တယ်ဆိုရင် အခု ဗမာနိုင်ငံမှာ ကျွန်တော်တို့မှန်းထားတဲ့ ခန့်မှန်းချက်ပန်းတိုင်ကို တစ်ဆင့်နီးကပ် သွားပြီလို့ ကျွန်တော်တို့ ဒီလိုပဲယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလောက်အထိ အရေးကြီးတဲ့ကိစ္စကြီးကို ဆွေးနွေးတဲ့အဲဒီ နှစ်ရက်ဟာဖြင့် ဗမာ့ရာဇဝင်မှာ အရေးကြီးတဲ့၊ အတော်ပဲ အရေးကြီးတဲ့ ရက် နှစ်ရက်ဖြစ်တယ်ဆိုတဲ့အကြောင်းကို ရှေးဦးစွာ ပဏာမအနေနဲ့ ကျွန်တော် အစီရင်ခံချင်ပါတယ်။

ကျွန်တော်တို့ အခု အစိုးရအနေနဲ့ ဆောင်ရွက်နေတဲ့ကိစ္စတွေဟာ နည်းတာတွေမဟုတ်ဘူး၊ အများကြီးပဲ။ ခင်ဗျားတို့လည်း သိမှာပဲ။ လွတ်လပ်ရေးရပြီးတဲ့နောက်မှ လုပ်ခဲ့တယ်ဆိုတဲ့ကိစ္စတွေဟာ အသေးအဖွဲတွေလည်း ရှိတယ်၊ အကြီးကြီးတွေလည်း ရှိတယ်။ အခုလို အချိန်အခါမျိုးမှာ ဖြုန်းခနဲ ကျွန်တော် သတိရသလောက်ပြောရမယ်ဆိုရင် လယ်ယာမြေ ပြည်သူ့ပိုင်ပြုလုပ်ရေးတို့၊ ပြီးတော့ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး၊ ပြီးတဲ့အခါကျလို့ဆိုလို့ရှိရင်ဖြင့် ပြည်တော်သာ လုပ်ငန်းအစရှိသဖြင့် ဒီလိုလုပ်ငန်းတွေကို ကျွန်တော်တို့ ပညာရေးမှာရော၊ ကျန်းမာရေးမှာရော၊ စီးပွားရေးမှာရော၊ စာရိတ္တဖလမဏ္ဍိုင်တည်ဆောက်တဲ့နေရာမှာရော၊ ပြီးတော့ တစ်နိုင်ငံလုံး စည်းလုံးညီညွတ်အောင်လုပ်တဲ့

mgyoe.com

mgyoe.com


နေရာမှာရော၊ အဲဒီလိုဟာတွေကို ဥပဒေတွေနဲ့ကတစ်မျိုး၊ အစိုးရအမိန့်ကတစ်မျိုး၊ ငွေရေးကြေးရေးနဲ့ကတစ်မျိုး၊ ပြီးတော့ လူတွေရဲ့ အင်အားနဲ့ကတစ်မျိုး၊ အမျိုးမျိုး အဖုံဖုံ ကျွန်တော်တို့ လုပ်ခဲ့ကြပါတယ်။ အဲဒါတွေဟာ ဘာဖြစ်လို့ လုပ်သလဲလို့ မေးစရာရှိတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့လုပ်နေတာလဲ၊ ရည်ရွယ်ချက်မရှိဘဲနဲ့ စိတ်ကူးတစ်ယောက်က ပေါက်လာရင် ထလုပ်လိုက်၊ နောက်တစ်ယောက်က ပေါက်လာရင် ထလုပ်လိုက်၊ အဲဒီလိုလုပ်နေတာလားလို့၊ အဲဒီလို မေးစရာရှိတယ်။ ကျွန်တော်တို့မှာ ဘာပဲလုပ်လုပ်၊ ရည်ရွယ်ချက်ကြီးတစ်ခုရှိတယ်။ ဥပမာနဲ့ နှိုင်းယှဉ်ပြီး ပြရမယ်ဆိုရင် အခုခရစ်ယာန်တွေရှိတယ်၊ ခရစ်ယာန်တွေက ဘာရည်ရွယ်ချက်လဲ၊ နောက်ဆုံး သူတို့ရဲ့ ရည်ရွယ်ချက်က ကောင်းကင်ဘုံကို သွားဖို့ပဲ။ ဗုဒ္ဓဘာသာတွေဟာ ဘာရည်ရွယ်ချက်ရှိသလဲ၊ သူတို့ရည်ရွယ်ချက်က နောက်ဆုံးတစ်နေ့ နိဗ္ဗာန်သွားဖို့ပဲ။ ဒီတော့ ဥပမာပုံဆိုလို့ရှိရင် ဥပုသ်စောင့်တာပဲဖြစ်ဖြစ်၊ ပုတီးစိပ်တာပဲဖြစ်ဖြစ်၊ လှူလိုက်တာပဲဖြစ်ဖြစ်၊ ဘုရားသွားပြီး ရှိခိုးလိုက်တာပဲဖြစ်ဖြစ်၊ နောက်ဆုံး ရည်ရွယ်ချက်ကတော့ နိဗ္ဗာန်ဆိုတဲ့ ရည်ရွယ်ချက်ကြီးတစ်ခုပဲ ဖြစ်တယ်။ ထိုနည်းလည်းကောင်းအတိုင်းပဲ ကျွန်တော်တို့မှာ ရည်ရွယ်ချက်တစ်ခုရှိတယ်။ အဲဒီရည်ရွယ်ချက်က တိုတို ကျွန်တော်ပြောရမယ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ ရေမျက်နှာပြင်လို လှုပ်လှုပ်ရွရွ၊ မခိုင်မြဲတဲ့ ဘဝကနေပြီးတော့ ကျောက်တောင်ကြီးလို တည်တံ့ခိုင်မြဲတဲ့ ဘဝရောက်အောင် ကျွန်တော်တို့ တည်ဆောက်နေတာပဲ။ အဲဒီလို တည်ဆောက်နေခြင်းဟာ ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်ပဲ။ အဓိက ရည်ရွယ်ချက်ပဲ။

ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ ရာဇဝင်ကို ပြန်ကြည့်ရင် ရာဇဝင် နှစ်ပေါင်း ၂,၀၀၀ လောက်က ဒီကနေ့အထိ တစ်ခါဖူးမှ တကယ့်ကို တည်တံ့ခိုင်မြဲပြီလို့၊ စိတ်ချရတဲ့ အခြေအနေကို ကျွန်တော်တို့ မရောက်ခဲ့ကြရဘူး။ တစ်ခါမှ မရောက်ခဲ့ဖူးဘူး။ ဟိုရှေးရှေးတုန်းကဆိုရင်လည်းပဲ နိုင်ငံတော်ကြီးဟာ အင်ပါယာကြီးဖြစ်ပြီးတော့ တော်တော်ကြီးကျယ်ခဲ့ပါတယ်။ ကျွန်တော်တို့ အနော်ရထာမင်းစောလက်ထက်မှာ၊ တပင်ရွှေထီးလက်ထက်မှာ၊ အလောင်းဘုရားလက်ထက်မှာ အစရှိသဖြင့် လေးငါးကြိမ်လောက် ဗမာနိုင်ငံတော်ကြီးဟာ အင်ပါယာ နိုင်ငံကြီးပီပီ ကျယ်ပြန့်ပြီးတော့ တခြားနိုင်ငံတွေတောင်မှ သွားပြီးတော့ အုပ်စိုးနိုင်ခဲ့တဲ့ အခြေအနေအထိ ရောက်ခဲ့ပါတယ်။ ဒါပေမဲ့လို့ ဒီလိုအုပ်စိုးသာ အုပ်စိုးနိုင်တယ်။ တိုင်းပြည်ကြီးက တည်တံ့ခိုင်မြဲတဲ့အခြေအနေကို မရောက်ခဲ့ဘူး။ ကျွန်တော်တို့ အခုလိုချင်တဲ့ မျှော်မှန်းနေတဲ့ တည်တံ့ခိုင်မြဲရေးကို မရခဲ့ဘူး။ မရခဲ့တဲ့အကြောင်းက ဘယ်လိုထင်ရှားခဲ့သလဲဆိုရင် အနော်ရထာမင်းစောပြီးတဲ့နောက် ကျန်စစ်သားတက်တယ်။ ကျန်စစ်သား တက်ပြီးတဲ့နောက် နောင်တစ်ဆင့်ကျတော့ တိုင်းပြည်ကြီး ပျက်တာပဲ။ ကဲ... ကြည့်စမ်း၊ ဗရုတ်ဗရက်နဲ့ တစ်ခါတည်း ကိုးရိုးကားရား ထဖြစ်တာပဲ။ ထိုနည်းလည်းကောင်းအတိုင်းပဲ။ ဘုရင့်နောင် တက်တယ်။ တက်ပြီးပြီဆိုလို့ရှိရင် ဘုရင့်နောင်ဟာ နောက်တစ်ဆင့်တောင် မဟုတ်ဘူး။ သူ့သားလက်ထက်ကျတော့ တိုင်းပြည်ကြီး ပျက်တာ

mgyoe.com

mgyoe.com


ပဲ။ အလောင်းမင်းတရားကြီး တစ်ခါတက်ပြန်တယ်။ အလောင်းမင်းတရားကြီးလက်ထက်မှာ တော်တော်တန်ခိုးကြီးခဲ့တယ်။ နောက်ပြီး သူ့သားတော်လက်ထက်မှာ နည်းနည်းတန်ခိုးကြီးတယ်။ နောက်တစ်ဆင့် လောက်ကျတယ်ဆိုလို့ရှိရင် တိုင်းပြည်ကြီးဟာ တစ်ခါတည်း ဖရိုဖရဲဖြစ်ပြီးတော့ တစ်ခါ ပြန်ပြီးပျက်တာပဲ။ အမျိုးမျိုးအဖုံဖုံ ဒါတွေကို ကြည့်ရခြင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ ရာဇဝင်တစ်လျှောက်လုံးမှာ တည်တံ့ခိုင်မြဲရေး ဘယ်တုန်းကမှ မရခဲ့ဖူးဘူးဆိုတာ တွေ့ရတယ်။

အင်္ဂလိပ်တွေ ဒီမှာလာပြီး အုပ်စိုးသွားကြတာ အထက်အောက် ဗမာပြည် ပူးပေါင်းလိုက်ရင် နှစ်ပေါင်း ၁၀၀ နီးပါးလောက်ရှိတယ်။ အဲဒီနှစ်ပေါင်း ၁၀၀ နီးပါးရှိတဲ့အချိန်အတွင်းမှာ တည်တံ့ခိုင်မြဲသယောင်ယောင် ဖြစ်တယ်။ တကယ် တည်တံ့ခိုင်မြဲခြင်း မရှိဘူး။ တကယ်တည်တံ့ခိုင်မြဲခြင်း မရှိဘူးဆိုတဲ့ဥစ္စာကို ဘယ်လိုတည်တံ့သယောင်ယောင်လုပ်ထားသလဲဆိုလို့ရှိရင် လက်နက်နဲ့ကို တစ်ခါတည်း သူတို့က ကျားကန်ထားတယ်။ အိမ်ကြီးကတော့ ပရမ်းပတာပဲ။ ဟိုလူပ်ဒီလူပ် ယိမ်းတိမ်းယိုင်တိုင်ပဲ။ ဒါပေမဲ့ ဒီလူပ်နေတဲ့အိမ်ကြီးကို အဝေးကနေ ကြည့်လိုက်ရင်၊ အိမ်ထဲဝင်ကြည့်လိုက်ရင် တည်တံ့ခိုင်မြဲသယောင်ယောင်ဖြစ်အောင် ဘာတွေနဲ့လုပ်ထားသလဲ ဆိုလို့ရှိရင်ဖြင့် လုံ့စွပ်တွေ၊ အမြောက်လုံးတွေ၊ လေယာဉ် ပျံတွေ၊ စစ်သင်္ဘောတွေ၊ အဲဒါတွေနဲ့ ဝိုင်းပြီး ကျားကန်ထားတော့ ဒါကြီးက တည်တံ့ခိုင်မြဲသယောင်ယောင် ဖြစ်နေတယ်။ သူတို့ဆောက်ပစ်ခဲ့တဲ့ နိုင်ငံတော်ကြီးဟာလည်း တည်တံ့ခိုင်မြဲခြင်းမရှိဘူးလို့ဆိုတာ ဘယ်မှာထင်ရှားသလဲဆိုရင်ဖြင့် အင်္ဂလိပ်တွေလည်း ပြန်သွားရော၊ ဗမာနိုင်ငံကြီးဟာ ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်ပဲလိုတော့တဲ့အခြေအထိ ရောက်သွားတယ်။ ဒါလောက်အထိ တစ်ခါ တည်းကို ဖရိုဖရဲ ဖြစ်သွားတယ်။

ဒီတော့ အဲဒီလိုအဖြစ်မျိုး ကျွန်တော်တို့ မတွေ့ချင်တော့ဘူး။ ဒီလိုအဖြစ် မျိုးကို ကျွန်တော်တို့ မလိုချင်ဘူး။ ကျွန်တော်တို့ လိုချင်တာက ဘာလဲဆိုလို့ရှိရင်ဖြင့် ဘယ်သူတက်လာလာ၊ ဘယ်သူဆင်းသွားသွား၊ ဘယ်သူ့လက်ထက်မှာပဲဖြစ်ဖြစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ ကျောက်တောင်ကြီးလို ဘယ်ဘက်က လေတိုက်တိုက်၊ ညာဘက်က လေတိုက်တိုက်၊ အောက်ကပဲ ငလျင်လှုပ်လှုပ်၊ အပေါ်ကပဲ ဘာပဲဖြစ်ဖြစ်၊ ဖြစ်ချင်တာဖြစ်စေ၊ တည်တံ့ခိုင်မြဲတဲ့ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးလို တည်တံ့ခိုင်မြဲတဲ့ နိုင်ငံတော်ကြီးဖြစ်စေချင်တယ်။ အဲဒီလိုဖြစ်အောင် ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ လုပ်နေတယ်။ အဲဒီလိုတည်တံ့ခိုင်မြဲတဲ့ နိုင်ငံတော်ကြီးဖြစ်အောင် လုပ်ချင်တော့ ဘယ်လိုလုပ်ရမလဲဆိုပြီး ကျွန်တော်တို့ နည်းလမ်းရှာတယ်။ တည်တံ့ခိုင်မြဲခြင်း မရှိတာဟာ ဘာကြောင့်လဲ။ နံပါတ် ၁ ကျွန်တော်တို့ရှာတယ်။ အကြောင်းရင်းတွေကို ကျွန်တော်တို့ သိတယ်။ အဲ... အကြောင်းရင်းတွေကို တွေ့ပြီ ဆိုလို့ရှိရင် ဒီအကြောင်းရင်းတွေကို ပျောက်သွားပြီးတော့ တည်တံ့ခိုင်မြဲအောင် ကျွန်တော် တို့ ဘယ်လိုလုပ်မလဲ။ ဒါ ကျွန်တော်တို့လုပ်တဲ့ လမ်းစဉ်ပဲ။

ဒီအကြောင်းရင်းတွေကို ကြည့်လိုက်တဲ့အခါကျတော့ ဘယ်လိုဖြစ်နေသလဲဆိုရင်

mgyoe.com

mgyoe.com


နိုင်ငံတစ်နိုင်ငံမှာ ကြည့်လိုက်ရင် လူထုကြီးတစ်ရပ်လုံးဟာ ပြည်သူလူထုကြီး တစ်ရပ်လုံးဟာ ဒါ သူ့ အုတ်မြစ်ပဲ။ ဘာပဲပြောပြော အုတ်မြစ်ပဲ။ ရှင်ဘုရင်သည် အုတ်မြစ်မဟုတ်ဘူး။ ရှင်ဘုရင်က ထိပ်ကနေပြီးတော့ ပြာသာဒ်တို့၊ ဘာတို့ဆိုတဲ့ တန်ဆာဆင်ထားတဲ့ဟာတွေက ထိပ်၊ တကယ့် အုတ်မြစ်က လူထု၊ ပြည်သူလူထု၊ အဲဒီ ပြည်သူလူထုမခိုင်ရင် ဒီတိုင်းပြည်က မခိုင်ဘူး။ လှုပ်တယ်။ ပြည်သူလူထုက ခိုင်တယ်ဆိုရင်ဖြင့် ဒီတိုင်းပြည်က ရှင်ဘုရင်က ဘာပဲဖြစ်ဖြစ်၊ ညံ့တဲ့ရှင်ဘုရင်ဖြစ်ဖြစ်၊ ညံ့တဲ့ ဝန်ကြီးချုပ်ဖြစ်ဖြစ်၊ ကောင်းတဲ့ဝန်ကြီးချုပ်ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူဟာ သည်းညည်းခံနိုင်တယ်။ ဘာပဲဖြစ်ဖြစ် တောင့်တောင့်တင်းတင်းနဲ့ ခံနိုင်ရည်ရှိတယ်။

အဲဒီတော့ ကျွန်တော်တို့ ဘာတွေ့ရသလဲဆိုလို့ရှိရင် ရာဇဝင်တစ်လျှောက်လုံးမှာ ကြည့်လိုက်တယ်ဆိုရင်ဖြင့် ဒီပြည်သူလူထုကြီးတစ်ရပ်လုံး တောင့်တင်းခိုင်မာအောင် ဘယ်သူမှ မလုပ်ခဲ့ဘူး။ ဘယ်သူမှ မလုပ်ဘူး။ လုပ်ခဲ့တယ်ဆိုရင်လည်း ခုနကပြောသလို တစ်နိုင်ငံလုံး တည်တံ့ခိုင်မြဲတဲ့ နိုင်ငံအနေရောက်အောင်တော့ မလုပ်ဘူး။ ဟိုလုပ်ဒီလုပ် နည်းနည်းကျဉ်းကျဉ်းတော့ဖြင့် လုပ်တယ်။ ဒါပေမဲ့ တကယ့် ရည်ရွယ်ချက်ကြီးနဲ့ ကျကျနန လုပ်ခဲ့တာကတော့ တစ်ခါမှ မတွေ့ရဘူး။ ရာဇဝင်မှာ ဘာလာဖြစ်နေသလဲဆိုလို့ရှိရင်ဖြင့် ရှင်ဘုရင်တွေ တက်ပြီးတော့ အုပ်စိုးတယ်။ ရှင်ဘုရင်တွေထဲမှာလည်း အင်မတန် ရတနာသုံးပါးကို ကိုင်းရှိုင်းပြီးတော့ သာသနာကြီးအတွက် အများကြီးလုပ်သွားတဲ့ ရှင်ဘုရင်ကောင်းကြီးတွေ အများကြီးရှိတယ်။ ဒီရှင်ဘုရင်ကြီးတွေကို ကျွန်တော်တို့ ရိုသေတယ်၊ ရှိခိုးတယ်၊ ကြည်ညိုပါတယ်။ ဒါပေမဲ့လို့ ကျွန်တော် ဓမ္မဓိဋ္ဌာန်အားဖြင့် ပြောရမယ်လို့ရှိရင် ဘယ်လိုပဲ သာသနာကြီးအတွက်လုပ်လုပ်၊ ဘာပဲလုပ်လုပ် ခုနကပြောတဲ့အတိုင်းပဲ အောက်က အောက်ခြေခံဖြစ်တဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံးကို ခိုင်ခြံအောင် လုပ်မသွားနိုင်ဘူး၊ လုပ်မသွားခဲ့ကြဘူး။ ဘယ်လိုဖြစ်သလဲဆိုရင် အပေါ်ယံ လူတစ်စုကနေပြီးတော့ ရှင်ဘုရင်နဲ့ သူ့အနားပတ်ဝန်းကျင် တစ်စုကနေပြီးတော့ သူတို့ဘုန်းတန်ခိုးကြီးအောင်၊ ကျကျနနနေနိုင်အောင်၊ သူတို့မိန်းမတွေ ယူနိုင်အောင်၊ သူတို့ စစ်သွားတိုက်ရင်ဖြင့် စစ်တိုက်လို့ရအောင် စသည်ဖြင့် ဒီလိုအပေါ်ယံကိုသာ ကောင်းအောင်၊ အပေါ်က အချွန်ကို ပြာသာဒ်ကြီးကို ကောင်းအောင်သာ မွမ်းမံနေကြတယ်။ အောက်ကနေပြီးတော့ ဒီအချွန်ကြီး ကြာရှည်ခိုင်မြဲအောင် လုပ်ရမယ့်အုတ်မြစ်ကြီးတို့၊ ကျောက်တို့ (Reinforced Concrete) ကွန်ကရစ်တို့ဆိုတဲ့ပစ္စည်းမျိုးတွေနဲ့ ခိုင်ခိုင်ခံ့ခံ့ဖြစ်အောင်တစ်ခုမှ၊ တစ်လက်ထက်မှ လုပ်မသွားကြဘူး။

ဒီတော့ ဘယ့်နှယ်ဖြစ်နေသလဲဆိုလို့ရှိရင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ ကြည့်လိုက်တဲ့အခါမှာ အင်ပါယာကြီး ဖြစ်လာရင်လည်း အပေါ်ယံအနေ အားဖြင့်ကြည့်လို့ အင်မတန်ကောင်းတယ်။ ဒါပေမဲ့ တကယ့်တကယ် နှိုက်ကြည့်လိုက်မယ်ဆိုရင်ဖြင့် အောက်က အုတ်မြစ်ဟာ သဲအုတ်မြစ်လိုလို၊ ကြွက်ကျစ်စာနဲ့ တည်ထားတဲ့ အုတ်မြစ်လိုလို၊ နွံတွေနဲ့တည်ထားတဲ့ အုတ်မြစ်လိုလို၊ ပျော့စိပျော့ဖပ် မခိုင်မာတဲ့အုတ်မြစ်တွေကို ကျွန်တော်

mgyoe.com

mgyoe.com


တို့ တွေ့ရတယ်။ လူထုမှာဆိုလို့ရှိရင်ဖြင့် ဗလငါးတန်နဲ့ပတ်သက်လို့ ရာဇဝင်တစ်လျှောက်လုံးမှာ မတိုးတက်ဘူး။ ပညာတော့ တတ်တဲ့ လူတွေရှိတယ်။ ဒါပေမဲ့ လူတစ်စုလောက်သာ ထွက်တယ်။ အောက်ဆုံး ကနေပြီးတော့ အခြေခံဖြစ်တဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံးဟာ အင်မတန် တောင့်တင်း ခိုင်မာအောင် လုပ်ပေးနိုင်တဲ့ ပညာရေးအားဖြင့် ကြည့်လိုက်ရင်လည်း ဘာမှမရှိဘူး။ ကျန်းမာရေးအားဖြင့် ကြည့်လိုက်မယ်ဆိုရင်လည်း ဘာမှမရှိဘူး။ ဘာမှကျကျနန လုပ်ပေးထားတာ မရှိဘူး။ စီးပွားရေးအားဖြင့်ရင်လည်း ကိုယ့်ဟာနဲ့ကိုယ် ရှာဖွေစားသောက်ကြပြီးတော့ ကိုယ့်ဟာနဲ့ကိုယ်ဖြစ်သလိုနေသွားကြပြီး ဘာမှ တောင့်တောင့်တင်းတင်း မရှိခဲ့ဘူး။ အကျင့်စာရိတ္တနဲ့ ပတ်သက်လို့ရှိရင်ဖြင့် ကျကျနန ဘာမှမရှိခဲ့ဘူး။ ပြီးတော့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတဲ့ဘက်ကလည်း ကျကျနန မရှိခဲ့ဘူး။ ဒီတော့ ပြည်သူလူထုကြီးတစ်ရပ်လုံးကို ခုနကပြောသလို တစ်ခါတည်း အင်မတန်တည်တံ့ခိုင်မြဲတဲ့၊ အင်မတန် ဘုန်းလက်ရုံးနဲ့ပြည့်စုံတဲ့ အနော်ရထာ မင်းစောတို့လို၊ ကျန်စစ်သားတို့လို၊ ဘုရင့်နောင်တို့လို၊ ပြီးတော့ အလောင်းမင်းတရားကြီးတို့လို အဲဒီလို လက်ထက်တွေမှာ တစ်ဟုန်ထိုးအားဖြင့် တက်ပြီးတော့ တစ်ခါတည်း တိုင်းပြည်ကြီးက ကြီးကျယ်သွားတယ်။ တစ်ခါတည်း တိုင်းပြည်ကြီးက ထင်ပေါ်ကျော်ကြားလာတယ်။ ဒါပေမဲ့ အောက်ခြေက မကောင်းတော့ ဒီမင်းတွေလည်း ပျောက်ကွယ်သွားရော၊ အောက်က တစ်ခါတည်းကို ယိုင်လာတာပဲ။ ဟိုယိုင်ဒီယိုင်နဲ့ဆိုတော့ တိုင်းပြည်ကြီးလည်း တစ်ခါတည်းကို ပျက်တာပဲ။ နောက်ဆုံး အင်္ဂလိပ်ဆီပါသွားတာဟာလည်း ဒီအတိုင်းပဲ။

ကဲ... နောက်တစ်ခါ အင်္ဂလိပ်တွေ ရောက်လာပြန်တော့လည်း ဘယ့်နှယ်ဖြစ်သလဲဆိုရင် အင်္ဂလိပ်တွေဟာ သူတို့နိုင်ငံမှာ သူတို့လုပ်တာဟာ အောက်ခြေခိုင်အောင် လုပ်ပေးထားတယ်။ ဒါ့ကြောင့် သူတို့နိုင်ငံကျရင်တော့ မပျက်ဘူး။ ဒါပေမဲ့ ဒီမှာလာတဲ့အခါကျတော့ ဘယ့်နှယ်ဖြစ်သလဲ ဆိုလို့ရှိရင်ဖြင့် သူတို့ ဒီမှာလာပြီးတော့ စီးပွားရှာတဲ့နံပါတ် ၁ အင်္ဂလိပ်တစ်စု။ နံပါတ် ၂ မှာဆိုလို့ရှိရင်ဖြင့် တရုတ်၊ ကုလားအစရှိတဲ့ သူတို့ဘောနားဝိုင်းပြီးတော့ သူတို့ဗမာနိုင်ငံလာသိမ်းတုန်းက သူတို့နဲ့အတူတူပါလာတဲ့ အဲဒီလူတစ်စုလောက်နဲ့ ဝေပုံကျ ခွဲဝေစားသောက်ပြီးတော့ အဲဒီလို သူတို့လုပ်သွားကြတဲ့အတွက်ကြောင့် အောက်ကို ကျွန်တော်တို့ နှိုက်ပြီး ကြည့်လိုက်တယ်ဆိုလို့ရှိရင်ဖြင့် အုတ်မြစ်နဲ့တူတဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံးဟာ ခုနကပြောသလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စာရိတ္တအရေး၊ ပြီးတော့ တိုင်းရင်းသား စည်းလုံးရေးအစရှိတဲ့ ဗလငါးတန်တွေနဲ့ ပတ်သက်လို့ ဘာမှ မည်မည်ရရ ပြောစရာမရှိဘူး။ ပြောစရာ မရှိပေမယ့်လည်း ထိုအချိန်အခါတုန်းက သိပ်ပြီးတော့ မလှုပ်ဘူး။ ဘာလို့ မလှုပ်သလဲဆိုရင်ဖြင့် လှုပ်ရင် သူတို့မှာ လက်နက်တွေ အများကြီးရှိတယ်။ အဲဒီလက်နက်တွေနဲ့ ကျားကန်ထားတယ်။ ဒီ ကျားကန်ထားတဲ့ လက်နက်တွေနဲ့ မခိုင်လုံသေးဘူးလို့ ဆိုလို့ရှိရင်ဖြင့် အိန္ဒိယမှာ ရှိတယ်၊ စင်ကာပူမှာ ရှိတယ်။ ဒါတွေနဲ့ မလုံလောက်သေးဘူးလို့ ဆိုလို့ရှိရင်ဖြင့် သူတို့လိုချင်ရင် အင်္ဂလန်က

mgyoe.com


လေတပ်ကြီးယူမလား၊ ရေတပ်ကြီး ယူမလား၊ ကုန်းတပ်ကြီး ယူမလား အစရှိသဖြင့် ဒီလို ကျားကန်စရာတွေက အမြောက်အမြားရှိနေတော့ တိုင်းပြည်ကြီးက လှုပ်မှန်း မသိရဘူး။ မကောင်းတော့ မကောင်းဘူးပဲ ဟိုတုန်းကတည်းကကိုက အင်မတန် ရှော်နေတဲ့ နိုင်ငံကြီးပဲ။ ဒါပေမဲ့ ဘယ့်နှယ်ဖြစ်သလဲဆိုတော့ ကျားအကန်ကောင်းနေတော့ အဝေးက ကြည့်ကြည့်၊ တိုက်ထဲဝင်ပြီး ကြည့်ကြည့်တော်တော်တော့ တောင့်တင်းခိုင်မာတဲ့ နိုင်ငံကြီးပဲလို့ ထင်ရတယ်။ အဲဒီ ကျားကန်တဲ့ လက်နက်တွေကိုလည်း ယူသွားရော တိုင်းပြည်ကြီးဟာ ဗရုတ်ဗရက်ဖြစ်ပြီးတော့ ချောက်ထဲကျဖို့ ဖြစ်တာပဲ။

အဲဒီလိုဟာတွေကို ကျွန်တော်တို့ တွေ့ရတော့ ကျွန်တော်တို့ သိပြီ။ တိုင်းပြည်ကြီး မကြာခဏ ဖရိုဖရဲဖြစ်ရတာ ရေမျက်နှာပြင်လို လေကလေးတိုက်လိုက်ရင်လည်းလှုပ်၊ ငှက်မွေးကလေးကျလိုက်ရင်လည်းလှုပ်၊ ကျောက်ခဲတစ်ခဲချလိုက် ရင်လည်းလှုပ်၊ ဘာချချ ခဏခဏ တစ်ခါတည်းကို လှုပ်နေတဲ့ တစ်လှုပ်တည်း လှုပ်နေတဲ့ ရေမျက်နှာပြင်လို ဖြစ်နေတဲ့ ဥစ္စာဟာ ဘာ့ကြောင့်ဖြစ်ရတယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ အဲဒီတော့ ရေမျက်နှာပြင် လိုဖြစ်နေတဲ့နေရာကနေပြီးတော့ ကျောက်တောင် ကျောက်ခဲကြီးကို တည်တည်တံ့တံ့ ဖြစ်ရတဲ့နေရာကို ရောက်ချင်တယ်ဆိုလို့ရှိရင် ခုနကပြောတဲ့အကြောင်းတွေကို ကျွန်တော်တို့ ဖယ်ရှားပစ်ရမယ်လို့ဆိုတာ ကျွန်တော်တို့ အဖြေသွားတွေ့တယ်။

အဖြေသွားတွေ့တာနဲ့ တစ်ပြိုင်နက်တည်း ကျွန်တော်တို့ အခု ဘာလုပ်နေသလဲဆိုလို့ရှိရင် ကျန်းမာရေးဆိုလို့ရှိရင်လည်း ကျွန်တော်တို့ နားမလည်လို့ မလုပ်နိုင်တာဆိုရင်တော့ဖြင့် ကျွန်တော်တို့ မပြောတတ်ဘူး။ ကျွန်တော်တို့ နားလည်သော်ငြားလည်းပဲ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အခြေအနေအရ ဟိုဟာရှား၊ ဒီဟာရှား၊ ဆရာဝန်တွေ မရှိလို့၊ ကျောင်းဆရာမတွေ မရှိလို့၊ ပစ္စည်းတွေ မလုံလောက်လို့၊ ပိုက်ဆံက လိုချင်သလောက် မသုံးနိုင်သေးလို့ အဲဒီလိုဖြစ်နေရင်တော့ မပြောတတ်ဘူး။ ပညာရေးမှာရော၊ ကျန်းမာရေးမှာရော၊ စီးပွားရေးမှာရော၊ စာရိတ္တမဏ္ဍိုင်မှာရော ကျွန်တော်တို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးမှာရောဟာ အောက်ခြေခံတွေကနေပြီး ကောင်းအောင်ဆိုတဲ့ ဒီရည်ရွယ်ချက်ကြီးနဲ့ ကျွန်တော်တို့ သိမ်းကျုံးပြီးတော့ လုပ်နေတယ်။

ကျွန်တော်တို့ လုပ်တာတွေကို ခင်ဗျားတို့ ဒီမှာနေတဲ့ ကိုယ့်တိုင်းပြည်မှာ ကိုယ်နေတဲ့လူတွေ အနေနဲ့တော့ကာ ဘယ်လောက်အထိ အားရမလဲတော့ ကျွန်တော်တော့ မပြောတတ်ဘူး။ ဒီနိုင်ငံကို ၁၉၄၇-၄၈ ခုနှစ်လောက်တုန်းကရောက်ခဲ့တဲ့ နိုင်ငံခြားသားတွေဟာ အခု ၁၉၅၃-၅၄-၅၅ ဆိုတဲ့ ဒီနှစ်တွေမှာ ရောက်တဲ့အခါ သူတို့မျက်လုံးပြူးနေတယ်၊ လက်ဖျားခါတယ်၊ တယ် အံ့သြစရာ ကောင်းလိုက်ပါသလား။ ခင်ဗျားတို့ ဒီလောက်လုပ်နိုင်တယ်ဆိုတာ ကျွန်တော်တို့ မသိဘူး။ ခင်ဗျားတို့ ဘယ်လိုလုပ်သလဲဆိုတာ ကျွန်တော်တို့ နားမလည်နိုင်အောင်ပဲ ဖြစ်နေတယ်။ နိုင်ငံပင် သေးသော်ငြားလည်း ကျန်းမာရေးဘက်မှာ ဆိုလို့ရှိရင်လည်း ဒီဘက်မှာ ခင်ဗျားတို့လုပ်တဲ့လုပ်ငန်းတွေဟာ နိုင်ငံကြီးသားတွေတောင်မှပဲ

mgyoe.com

ခင်ဗျားတို့ကို အတုယူစရာ ဖြစ်နေပြီ။ ကျွန်တော်တို့အတုယူပါရစေ။ လေ့လာပါရစေလို့ ဒါမျိုးတွေ ဖြစ်လာတယ်။ ပညာရေးမှာဆိုလို့ရှိရင်လည်း ခင်ဗျားတို့လုပ်နေပုံတွေဟာ ကျွန် တော်တို့ လေ့လာပါရစေ။ အတုယူပါရစေဆိုပြီး ဖြစ်နေကြတယ်။ ဒါဟာ ကြွားပြော တာ မဟုတ်ဘူး။

သက်သေသာဓက တစ်ခုအနေနဲ့ ကျွန်တော် ပြောပြမယ်။ အခု ကျွန်တော်တို့ ကျန်းမာရေးဆိုတာဟာ အရင်တုန်းကလို L.M.P. ဆိုတာတွေ ကျွန်တော်တို့ မရှိတော့ဘူး။ L.M.P. ဆိုတာ ၁၀ တန်းအောင်ပြီး လေးနှစ်ခွဲ သင်ရတယ်။ ဒါတွေ လုပ်နေရင်ဖြင့် L.M.P. ကတစ်မျိုး၊ အမ်၊ ဘီ၊ ဘီ၊ အက်(စ်)ကတစ်မျိုး၊ နှစ်မျိုး ဖြစ်နေတယ်။ ဒီဥစ္စာဟာ တိုင်းပြည်မှာ မလိုလားအပ်ဘူး။ အမ်၊ ဘီ၊ ဘီ၊ အက်(စ်)ဘက် သွားမယ်ဆိုတော့ အမ်၊ ဘီ၊ ဘီ၊ အက်(စ်)က ဘယ်လောက်ကြာမလဲဆိုရင် ၁၀ တန်းအောင်ပြီးတော့ အိုင်၊ အက်(စ်)၊ စီ အောင်အောင် နှစ်နှစ်နေရသေးတယ်။ ပြီးတဲ့အခါကျတယ်ဆိုလို့ရှိရင် (Medical College) ဆေးကောလိပ်မှာ ငါးနှစ် သူတို့ သွားနေရသေးတယ်။ စုစုပေါင်း ၁၀ တန်း အောင်ပြီးတဲ့နောက် ခုနစ်နှစ်လောက် သူတို့ အချိန်ကုန်တယ်။ ဒါ ကုန်လည်း ကုန်ထိုက်တာ ပဲ။ အခုတော့ဖြင့် ကျွန်တော်တို့ နှစ်တွေလျှော့တယ်၊ တက္ကသိုလ်ဝင် သင်တန်းကစပြီး ရှေ့ပြေးဆေးသင်တန်းကို သင်လာတော့ ခု ဆယ်တန်းအောင်ပြီး ခြောက်နှစ်နဲ့ရအောင် ကျွန်တော်တို့ ကြိုးစားနေကြတယ်။

ဒါ့အပြင် ကျွန်တော်တို့ ကျန်းမာရေးဘက်မှာ လိုချင်တာတွေက ကျေးရွာတိုင်း အထိ ကျွန်တော်တို့က ဆင်းစေချင်တော့ အမ်၊ ဘီ၊ ဘီ၊ အက်(စ်)တွေ တစ်ထောင်၊ နှစ်ထောင်၊ သုံးထောင်၊ ခုနစ်ထောင်လောက် ရလို့များဖြင့်ရင် မြို့တွေပေါ်လောက် တင်ပဲ မြုပ်သွားမယ်။ တောရွာကို မဆင်းနိုင်သေးဘူး။ ဒီလောက်အထိ ဆိုလို့ရှိရင်ဖြင့် ဆယ့်လေး ငါးနှစ် အနှစ်နှစ်ဆယ်အထိ ကြာမယ်။ ဒါကို ကျွန်တော်တို့ မစောင့်နိုင်ဘူး။ တောရွာတွေကို ရောက်ချင်တော့ ကျွန်တော်တို့က ဖြတ်ထိုးဉာဏ်နဲ့ စဉ်းစားပြီးတော့ ဘယ်လိုလုပ်သလဲ ဆိုလို့ရှိရင် ဆရာဝန်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ဆရာဝန်မရှိဘဲနဲ့ ပစ်ထားတာထက်တော့ တော်သေးရဲ့ဆိုပြီး တောရွာတွေမှာ ဖြစ်တတ်တဲ့ရောဂါတွေက ဘာတွေရှိသလဲ၊ အဲဒါတွေ ရှိတယ်။ ဒါတွေရှိရင် ဒီလို တောရွာသူ တောရွာသားတွေအတွက် ဖြန်းခနဲ ဆေးကုလို့ ရအောင်၊ ကျွန်တော်တို့ ခပ်မြန်မြန်ဖြစ်နိုင်တဲ့ ကျန်းမာရေးမှူးတွေကို ကျွန်တော်တို့ ဖန်တီး မယ်ဆိုပြီးတော့ တစ်ခါတည်း ၁၀ တန်းအောင်ရင် လာခဲ့ကြ၊ ကျွန်တော်တို့ ဒီမှာ တစ်နှစ်ခွဲ သင်ပေးတယ်။ တစ်နှစ်ခွဲ သင်ပေးခြင်းအားဖြင့် ဘာဖြစ်သလဲဆိုလို့ရှိရင် Preventive Side ဆိုတဲ့ ရောဂါမဖြစ်အောင် ကာကွယ်တဲ့ ဘက်မှာ သူတို့ အများကြီးတတ်သွားတယ်။ Curative Side ဆိုတဲ့ ကုတဲ့ဘက်မှာ ဆိုလို့ရှိရင်ဖြင့် အကြီးအကျယ်ရောဂါကြီးတွေတော့ မကုနိုင်ဘူး။ ဒါပေတဲ့ ဟိုမှာ ဖော်နည်းကားတွေနဲ့ လိုက်ပြီးတော့ ကုနေတဲ့ဆရာတွေထက် တော့ အများကြီး ကုတတ်တယ်။ အဲဒီလို လက်တွေ့ပညာတွေကို တစ်နှစ်ခွဲနဲ့ သင်ပေးပြီး

mgyoe.com


တော့ သွားကုကြဆိုပြီး ကျွန်တော်တို့ နယ်ကိုလွှတ်လိုက်တယ်။ ဒါ အင်မတန်ကောင်းတဲ့ စနစ်ဖြစ်နေတယ်ဆိုတာသိတော့ United Nations စတဲ့ ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့နဲ့ ဆိုင်တဲ့ လူတွေ ဘာတွေလာရင် သူတို့ ဒါသွားတွေ့တော့ အံ့အားသင့်နေတယ်။ ဟာ... ခင်ဗျားတို့ တယ်ထွင်တဲ့ ဥစ္စာပါကလား၊ ဒါ ကျွန်တော်တို့ အတုခိုးပါရစေဆိုပြီးတော့ အဲဒီလို ဖြစ်လာတယ်။

ပညာရေးမှာ ဆိုလို့ရှိရင်လည်းပဲ ဥပမာပုံ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ ဒီလွတ်လပ်ရေးရလို့ ကျောင်းတွေ အများကြီး ထောင်ချင်တယ်ဆိုတဲ့ဆန္ဒတွေ ဖြစ်လာတယ်။ ပထမမှာ ကျွန်တော်တို့ ကျောင်းတွေ တစ်ထောင်ဖွင့်ပါဆိုပြီးတော့ ကျွန်တော်တို့ ငွေပေးလိုက်တယ်။ တစ်နှစ်ကြာတော့ ဒီငွေတွေသာ ပြန်သိမ်းလိုက်ရတယ်။ ကျောင်းထောင်လို့ မဖြစ်ဘူး၊ ဘာဖြစ်လို့ မဖြစ်သလဲလို့ ကျွန်တော် မေးကြည့်တယ်၊ ရောက်တဲ့နေရာတိုင်းမှာ ဆရာမရှိဘူး၊ ဆရာမရှိဘူးလို့ အဲဒီလို ဖြစ်နေတယ်။ ကျောင်းထောင်ဖို့တော့ ငွေရှိတယ်၊ ဆရာမရှိဘူး။ ဘယ့်နှယ်လုပ် ကျောင်းသွားထောင်မလဲ။ စာအုပ်မရှိဘူး။ ကိုင်း... ဒီလိုဆိုရင် ဖြင့် ကျွန်တော်တို့ နည်းနဲ့ ကျွန်တော်တို့ လုပ်ကြမယ်ဆိုပြီးတော့ အခု ဘယ့်နှယ်ဖြစ်သလဲလို့ဆိုလို့ရှိရင် ခုနစ်တန်းအောင်ရင် လာခဲ့၊ ဆရာမရှိလို့ ကျောင်းမထောင်ရဘူးဆိုပြီး ကလေးတွေ လတ်လျားလတ်လျားနဲ့ ပျက်စီးနေတာထက်တော့ နှစ်လသင်တန်းပေးပြီးတော့ ဒီဆရာတွေနဲ့ မူလတန်းကျောင်းတွေ ဖွင့်ပေးမယ်။ ပြီးတဲ့အခါကျတော့မှ နှစ်နှစ်လောက်ဖြစ်လာတဲ့ အခါကျတော့ ဆရာတွေ များများဖြစ်လာတဲ့အခါမှာ ဒီနှစ်လ သင်တန်းတက်တဲ့ ကျောင်းသူ၊ ကျောင်းသား၊ ဆရာတွေကို နှစ်နှစ်သင်တန်း တက်ကြပစေဆိုပြီးတော့ ပြန်ပြီး အဲဒီလို ဖြတ်ထိုးနည်းနဲ့ ကျွန်တော်တို့ လုပ်လိုက်တော့ ပထမတစ်နှစ်မှာ တစ်ထောင်၊ ဒုတိယ နောက်တစ်နှစ်မှာ တစ်ထောင်ရတယ်။ ဒါကို တစ်ခါနှေးတယ်၊ ဒါထက်မြန်အောင် တစ်ခါတည်းကို တစ်နှစ်မှာ တစ်ကြိမ်၊ တစ်ကြိမ် ဘာလို့လုပ်ရမလဲ။ နှစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်၊ တစ်နှစ်မှာ ခြောက်ကြိမ်ဖြစ်အောင် ဘာလို့ မလုပ်နိုင်ရမလဲ။ လုပ်ပါဆိုပြီး ပြောတဲ့အခါကျတော့ တစ်နှစ်တည်း လုပ်လိုက်တာ ခြောက်ထောင်ရတယ်။ လက်ဦးနှစ်နှစ် လုပ်လိုက်တာက နှစ်ထောင်ရတယ်။ အားလုံး ရှစ်ထောင်၊ ရှစ်ထောင်နဲ့ တစ်ခါတည်း တစ်နိုင်ငံလုံးကိုဖြန့်ပြီး လုပ်လိုက်တဲ့အခါကျတော့ ကျောင်းတွေဟာ ဟိုအရင်တုန်းက မကြားစဖူးအောင် ထူးထူးကဲကဲ တစ်နိုင်ငံလုံးမှာ ပေါ်လာတယ်။ အဲဒါကို နိုင်ငံခြားကနေပြီးတော့ (United Nations) ကုလသမဂ္ဂတို့၊ ယူနက်စကိုတို့ကနေပြီးတော့ ဒီမှာ လာကြည့်တဲ့ အခါကျတော့ ဟာ... ဒီနည်းဟာ အင်မတန်ကောင်းတဲ့ နည်းတွေပဲဆိုပြီးတော့ အစီရင်ခံစာတွေ၊ ဘာတွေ ပို့ရတယ်။

အဲဒီတော့ ဘယ့်နှယ်ဖြစ်သလဲလို့ဆိုလို့ရှိရင် ကျန်းမာရေးလည်း ကျန်းမာရေးမို့လို့၊ ပညာရေးလည်း ပညာရေးမို့လို့ အင်မတန် တိုးတက်တယ်။ လက်တစ်ဖျောက်တီးလိုက်ရုံနဲ့ နေ့ချင်းညချင်း ဖြစ်စေချင်တဲ့စိတ်ဓာတ်နဲ့ ကြည့်လိုက်ရင်တော့ဖြင့် အင်မတန် အားမရစရာ

mgyoe.com

mgyoe.com

ပဲ။ ကျွန်တော်လည်း အားမရဘူး။ ဒါပေမဲ့ ဘယ့်နှယ်ဖြစ်သလဲဆိုလို့ရှိရင် တကယ့်လက်တွေ့လုပ်ငန်းတွေကို လုပ်တဲ့နေရာမှာ တစ်ကမ္ဘာလုံးအနေနဲ့ ချိန်ကြည့်တော့ ကျွန်တော်တို့လုပ်တဲ့ လုပ်ငန်းတွေဟာ အင်မတန် မြန်တယ်၊ အင်မတန်လည်း မှန်နေတယ်။ ပြီးတော့ အင်မတန်လည်း စနစ်တကျဖြစ်နေတယ်ဆိုတာကိုတွေ့တော့ သူတို့ကိုယ်တိုင်ကိုက လက်ဖျားခါရတဲ့ အဖြစ်မျိုးကို ရောက်နေတယ်။ အဲဒီတော့ အဲဒါတွေဟာ ဝမ်းသာအားရဖြစ်ဖို့ ခင်ဗျားတို့ကို ကျွန်တော် ပြောနေတာ။ ဒီတော့ ကျွန်တော့်စကားကို ပြန်ပြီးတော့ ကောက်ရမယ်ဆိုလို့ရှိရင် ခုနပြောသလိုပဲ အောက်ခြေကနေပြီးတော့ တကယ့် အုတ်မြစ်လို့ခေါ်တဲ့ ပြည်သူ လူထုကြီးတစ်ရပ်လုံးက တောင့်တင်းခိုင်မြဲလာအောင်၊ ကျွန်တော်တို့ဘယ်လိုလုပ်နေသလဲဆိုရင် ပညာရေးမှာလည်း ပညာရေးမို့လို့၊ တစ်ခါတည်း အားသွန်ပြီးလုပ်တယ်။ စီးပွားရေးမှာဆိုရင်လည်း စီးပွားရေးအလျောက် တစ်ခါတည်းကို အားသွန်ပြီးလုပ်တယ်။ ပြီးတဲ့အခါကျလို့ရှိရင် ကျန်းမာရေးဆိုရင်လည်း ကျန်းမာရေးမို့လို့ အားသွန်ပြီးလုပ်တော့ အဲဒီလို လုပ်ခြင်းအားဖြင့် တဖြည်းဖြည်း၊ အောက်ခြေတွေက အရင်ကတုန်းက ကြွက်ကျစ် စာနဲ့ တည်ထားတဲ့နေရာတွေမှာ နုံးတွေနဲ့ တည်ထားတဲ့နေရာတွေမှာ အရင်ကတုန်းက သဲနဲ့ တည်ထားတဲ့နေရာတွေမှာ၊ အခု ကျောက်တုံးတွေ တဖြည်းဖြည်း ကျွန်တော်တို့ ပြန်ချတယ်။ ပြန်ချခြင်းအားဖြင့် တိုင်းပြည်ကြီးရဲ့ တည်တံ့ခိုင်မြဲရေးကို ကျွန်တော်တို့ တဖြည်းဖြည်း ပြန်ဆောက်နေတယ်။

အဲသလို ဆောက်နေတဲ့ အတောအတွင်းမှာ တစ်ဖက်က ကျွန်တော်တို့ ဘာလုပ်နေသလဲဆိုလို့ရှိရင် ကျွန်တော်တို့ အခုနက ပြောသလို ပညာရေးတို့၊ ကျန်းမာရေးတို့၊ စီးပွားရေးတို့ကို တစ်ဖက်ကလုပ်နေတုန်းမှာ တစ်ဖက်ကနေပြီးတော့ ခေါင်းတုံးပေါ် ထိပ်ကွက်ပြီး အပေါ်ယံ လူတစ်စုမှာသာ နင်းကန်ကျုံးယူထားတဲ့ အာဏာတွေကို ကျွန်တော်တို့က ပြန်ပြီးတော့ အောက်ခြေအထိရောက်အောင် ကိုယ့်ကျေးရွာတွေ အထိရောက်အောင် အာဏာတွေကို ကျွန်တော်တို့က ပြန်ပြီး ဖြန့်ပေးနေတယ်။ တဖြည်းဖြည်း ပြန်ဖြည့်ပေးနေတယ်။ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးဆိုတဲ့ကိစ္စဟာ ကျွန်တော်က သေသေချာချာ ဒီတစ်ကမ္ဘာလုံးရှိတဲ့ အုပ်ချုပ်ရေးတွေကို မလေ့လာသေးလို့သာ၊ သိပ်ပြီးတော့ အရမ်းကြီး ကျွန်တော် မပြောရဲသေးတာ။ ကျွန်တော့် ယုံကြည်နေတဲ့ ယုံကြည်ချက်ကို ပြောရမယ်ဆိုလို့ရှိရင်ဖြင့် ဒီလောက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဒီမိုကရေစီ အခွင့်အရေးကို ပြည်သူလူထုကြီးတစ်ရပ်လုံးကို အပ်နှင်းတဲ့ဥစ္စာဟာ ဗမာနိုင်ငံလောက် ဘယ်နိုင်ငံမှာမှ မရှိဘူးလို့ ကျွန်တော် ဒီလောက်အထိ ယုံကြည်နေတယ်။ ဒါပေမဲ့လို့ ကျွန်တော်က သေသေချာချာ မလေ့လာရသေးဘူးဆိုတာကိုတော့ ကျွန်တော် ဝန်ခံပါတယ်။ လေ့လာတဲ့လူတွေကို မေးကြည့်ပြန်တော့လည်း ဒါလောက် ကျယ်ကျယ်ပြန့်ပြန့်လုပ်တယ်ဆိုတာ ဘယ်နိုင်ငံမှာမှ ကျွန်တော်တို့ မကြားဖူးဘူးဆိုပြီး သူတို့ဟာသူတို့ဝန်ခံရတယ်။ အဲဒီလောက်အထိ ကျွန်တော်တို့ ပြန်ပေးနေပါတယ်။

mgyoe.com

mgyoe.com

အခု ဥပမာပုံဆိုလို့ရှိရင်ဖြင့်လည်း ဒီကနေ့ ခင်ဗျားတို့အဆုံးသတ်သွားတဲ့ မြေခွန်တော်စနစ်သစ်ဟာ ခင်ဗျားတို့ပေးတဲ့ အကြံဉာဏ်တွေနဲ့ ကက်ဘိနက်ကို တင်မယ်။ ကက်ဘိနက်ကိုတင်ပြီးတဲ့ အခါကျတော့ ရှေ့လာမယ့် လွှတ်တော်ပတ်မှာ ဥပဒေကြမ်းအနေနဲ့ သွင်းပြီးတော့ ဥပဒေဖြစ်အောင် လုပ်ပေးမယ်။ အဲဒီဥပဒေဖြစ်ပြီး တယ်ဆိုလို့ရှိရင်လည်းပဲ တစ်ခါဖူးမှ မရဖူးတဲ့ အခွင့်အရေးတွေဟာ တစ်ခါတည်း ပြည်သူလူထုကြီး တစ်ရပ်လုံးရဲ့ လက်ထဲကို ဒီအခွင့်အရေးတွေ ပြန်ရောက်မယ်။ အဲဒီလို ပြန်ရောက်ခြင်းအားဖြင့် ဘာဖြစ်လာမလဲလို့ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံတော်မှာ အရင်တုန်းက လုပ်နေကြတာက အုပ်ချုပ်စရာရှိရင် အပေါ်ကလူတစ်စုက အုပ်ချုပ်တယ်။ ဖိနှိပ်စရာရှိရင်အပေါ်က လူတစ်စုက ဖိနှိပ်တယ်။ တိုင်းပြည်မှာ ကောင်းအောင်လုပ်ပေးချင်တယ်ဆိုရင်လည်း အောက်ကလူတွေက ဘာမှမသိရဘူး။ အပေါ်ကလူတစ်စုက သူတို့ကြိုက်သလို ခြယ်လှယ်နေတယ်ဆိုတော့ ဘယ်လို ဖြစ်နေသလဲဆိုရင် အောက်ကလူတွေက တိုင်းပြည်အုပ်ချုပ်တဲ့နေရာမှာရော၊ တိုင်းပြည်စီမံခန့်ခွဲတဲ့ နေရာတွေမှာရော၊ ဘာမှမပါတော့ အေး... တို့နဲ့ မဆိုင်ပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ကြွေးတင်ရင် ရှင်ဘုရင်ဆပ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် အစိုးရလုပ်လိမ့်မယ်။ တို့အလုပ် မဟုတ်ဘူးဆိုပြီးတော့ တစ်ခါတည်း လျစ်လျူရှုတဲ့အခြေအနေမျိုးကို တစ်နိုင်ငံလုံးမှာ ရောက်သွားတယ်။ ပြည်သူလူထုကြီးတစ်ရပ်လုံး မေးလိုက်ရင် ဒီအခြေအနေဟာ ဘယ်လိုထင်ရှားသလဲဆိုရင် ဥပမာပုံ အသေးအဖွဲ ကျွန်တော် ပြောပြမယ်။ အိမ်ရှေ့မှာ အမှိုက်ကလေးတစ်ခု ကျနေတယ်။ အဲဒီအမှိုက်ကို ကိုယ့်ဟာကိုယ် ပြန်ကျုံးပစ်ရမှန်းကို မသိဘူး။ ဘယ်လိုဖြစ်နေသလဲဆိုရင် ဒါ အစိုးရလုပ်လိမ့်မယ်။ ဒါ တို့နဲ့မဆိုင်ဘူးဆိုပြီး နေတယ်။ ဥပမာပုံ ဆိုလို့ရှိရင် တံတားကလေးတစ်ခု ကျိုးနေတယ်၊ ဒီလိုကျိုးတာကို ပျဉ်ကလေးတစ်ခုနဲ့ကောက်ပြီး ရိုက်လိုက်တယ်ဆိုလို့ရှိရင် မကျိုးမပဲ့ မပျက်မစီးခင် တံတားကောင်းကလေးတစ်ခု ဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ မလုပ်ဘူး။ ဒါတွေဟာ အစိုးရလုပ်လိမ့်မယ်ဆိုတဲ့အနေနဲ့ လျစ်လျူရှုကြတယ်။ အဲဒီလို အစိုးရကိုချည်းပဲ အကုန်လုံးပုံအပ်ချင်တဲ့ ဒီလိုစိတ်တွေ ဖြစ်လာတော့ အဲဒါဟာလည်း ဘာလဲလို့ဆိုရင် အုတ်မြစ်ကြီးဟာ အက်ကွဲတဲ့ အဓိပ္ပာယ်ပဲ။ အုတ်မြစ်ကြီးဟာ တစ်ခါတည်းကို မခိုင်မြဲတဲ့ အဓိပ္ပာယ်ပဲ။ ဒီလို ဘာပဲဖြစ်ဖြစ် တို့နဲ့ မဆိုင်ဘူး၊ အစိုးရ ကြည့်လုပ်လိမ့်မယ်ဆိုတဲ့ ဒီလို စိတ်ဓာတ်တွေ များလာလေလေ၊ ဒီတိုင်းပြည်ဟာ ပျက်လေလေပဲ။ မြန်မြန် အဲဒီတိုင်းပြည်ဟာ ဖရိုဖရဲ ဖြစ်လေလေပဲ။ ဒီတိုင်းပြည်ဟာ ရေမျက်နှာပြင်လို လေကလေးတိုက်လိုက်ရင်လည်း လှိုင်းထလာတာပဲ။ အမှိုက်ကလေးကျလိုက်ရင်လည်း လှိုင်းထလာတာပဲ။ ဒီလိုမဟုတ်ဘဲနဲ့ ဘာပဲဖြစ်ဖြစ် အစိုးရဆိုတာ တို့က တင်ထားတာပဲ။ နေရာတကာတိုင်း သူတို့မလုပ်နိုင်ဘူး။ သူတို့ အကြီးအကျယ်ကိစ္စတွေကို လုပ်ပါစေ၊ အသေးအဖွဲ ကိစ္စတွေ၊ ဘာတွေဆိုရင်ဖြင့် တို့ကလည်း တို့ တတ်နိုင်တဲ့နည်းနဲ့ ဝိုင်းပြီး လုပ်မယ်လို့ဆိုရင် ဒီလို စိတ်ဓာတ်မျိုးတွေဟာ တိုင်းပြည်မှာ များလာတယ်ဆိုတာနဲ့အမျှ အဲဒီတိုင်းပြည်ဟာ အင်မတန် ခိုင်လုံပြီလို့ အဲဒီလို

mgyoe.com

mgyoe.com


ခင်ဗျားတို့ ယူဆကြပေတော့။

သက်သေသာဓကတစ်ခုအဖြစ် ကျွန်တော် ပြောမယ်။ အင်္ဂလန်နိုင်ငံမှာဆိုလို့ ရှိရင် လူဦးရေ သန်းပေါင်း ၆၀ လောက်ရှိတယ်။ အဲဒီ သန်းပေါင်း ၆၀ လောက်ရှိတဲ့ လူတွေဟာ လူလေးငါးဆယ်ယောက်လောက်ရှိတဲ့ အနုညာတစားတွေကလွဲလို့ ကျန်တဲ့ ပြည်သူလူထုကြီး တစ်ခုလုံးဟာ ဘာပဲဖြစ်ဖြစ် တို့တာဝန်ဆိုတာ တစ်ခါတည်းကို ခိုင်မြဲပြီး နေလေတော့ အင်္ဂလန်နိုင်ငံမှာ မဟုတ်တာဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ တော်ရုံ တန်ရုံ ဘေးဆိုးကျလို့လည်း သူတို့က မဖြုံဘူး။ ဒို့ပြင်နိုင်ငံတွေမှာ ဒီဘေးဆိုးမျိုးကျတယ် ဆိုရင်ဖြင့် လွင့်သွားဖို့ရှိပေမယ့် အင်္ဂလန်နိုင်ငံမှာ အဲဒီလိုဘေးဆိုးမျိုး လေးခါလောက် ခံနိုင်တယ်။ အဲသလောက် ခံနိုင်ရည်ရှိတယ်။ ဘာဖြစ်လို့ ခံနိုင်ရည်ရှိသလဲဆိုရင်ဖြင့် ဘာပဲဖြစ်ဖြစ် တို့အရေးပဲဆိုတာ လူတိုင်း လူတိုင်းရဲ့ စိတ်ဓာတ်ထဲမှာရှိနေတဲ့အတွက် ဒီလိုဖြစ်နေတယ်လို့ ကျွန်တော် ဒီလိုပဲ ယုံကြည်တယ်။

အဲဒီတော့ အခု ဗမာနိုင်ငံမှာလည်း ရာဇဝင်တစ်လျှောက်လုံး ဘာပဲဖြစ်ဖြစ်၊ ကြွေးတင် ရှင်ဘုရင်ဆပ်လိမ့်မယ်။ တို့နဲ့ မဆိုင်ဘူးဆိုတဲ့ စိတ်ဓာတ်တွေကို ကျွန်တော်တို့က တဖြည်းဖြည်း ဖျက်ဆီးပစ်နေတယ်။ ဒီစိတ်ဓာတ်တွေ ရှိနေသမျှကာလပတ်လုံး တိုင်းပြည် ကြီးဟာ မတည်မြဲနိုင်ဘူး။ မခိုင်ခံ့နိုင်ဘူး။ ဒါကြောင့် တည်မြဲ ခိုင်မြဲချင်တယ်ဆိုရင်ဖြင့် ဒီစိတ်ဓာတ်တွေကို ဖျက်ပစ်ရမယ်။ ဒီစိတ်ဓာတ်တွေကို ဖျက်ပစ်ဖို့ ဆိုပြန်ရင်လည်း ကျွန်တော်က ဒီကနေပြီး အသံချဲ့စက်နဲ့ ခင်ဗျားတို့ ဒီစိတ်ဓာတ်တွေဟာ အင်မတန်ညံ့တယ်။ ဖျက်ပစ်လိုက်ပါဆိုပြီး ဒီလိုပြောလို့မဖြစ်ဘူး။ ခင်ဗျားတို့ အမတ်တွေကရော၊ ဒီက အရာရှိ တွေကရော၊ ဒီစိတ်ဓာတ်တွေဟာ မကောင်းဘူးလို့ အိမ်ပေါ်တက်ပြီးတော့ အော်နေ၊ ဟစ်နေ ရုံနဲ့ မပျက်ဘူး၊ စာအုပ်တွေရိုက်ပြီး ဝေနေရုံနဲ့ မပျက်ဘူး၊ ဒီစိတ်ဓာတ်မျိုးတွေကို ဖျက်ချင် တယ်ဆိုလို့ရှိရင်ဖြင့် ဒီလူတွေကို တာဝန်ပေးရတယ်။ တကယ့်ကို တာဝန်အပ်နှင်းမှသာလျှင် ကိုယ့်တိုင်းပြည်အုပ်ချုပ်တာ ကိုယ်အုပ်ချုပ်တာပါလား။ တိုင်းပြည်ခြယ်လှယ်တာ၊ ကိုယ်ခြယ်လှယ်တာပါလား။ တိုင်းပြည်ကို စီမံတာဟာ ကိုယ်စီမံတာပါလား ဆိုပြီးတော့ တကယ် လက်တွေ့ သိလာမယ်။ စာဟောရုံနဲ့၊ စာအုပ်ကရေးရုံနဲ့၊ ရေဒီယိုကပြောရုံနဲ့ ကျွန်တော်တို့က နေပြီးတော့ အစည်းအဝေးတွေမှာ ထပြီးတော့ လက်သီးလက်မောင်းတန်း ရုံနဲ့ လူတွေဟာ ခုနကပြောတဲ့ စိတ်ယုတ်စိတ်ညံ့တွေဟာ ပျောက်မသွားဘူး။ စိတ်ယုတ် စိတ်ညံ့တွေ တကယ်ပျောက်သွားချင်တယ်ဆိုရင်ဖြင့်ရင် ဒီလူတွေကို တကယ်တမ်း အာဏာ ကို ယုံယုံကြည်ကြည်နဲ့ ကျွန်တော်တို့ အပ်မှသာလျှင် ဒီစိတ်ယုတ်တွေဟာ ပျောက်သွားမယ် ဆိုတာကို ကျွန်တော်တို့ တွေ့ရတဲ့အတွက် ခုနပြောသလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဆိုတဲ့ အဲဒီလိုအချက်တွေနဲ့ အုတ်မြစ်ကြီးကို တည်တံ့ခိုင်မြဲအောင် ဆောက်နေတဲ့ အတော အတွင်းမှာ ခုနပြောတဲ့ စိတ်ဓာတ်မျိုးတွေ၊ စိတ်ကောင်းစိတ်မြတ်တွေပေါ်လာအောင် တာဝန်တွေကို ကျွန်တော်တို့က ရဲရဲဝံ့ဝံ့နဲ့ တစ်ခုပြီးတစ်ခု ကျွန်တော်တို့က အပ်တယ်။

mgyoe.com

mgyoe.com


အခုအပ်တဲ့ တာဝန်တွေဟာ အမှန်စင်စစ်မှာ ဆိုလို့ရှိရင် ကမ္ဘာ့စံချိန်မှာ ကျွန်တော်တို့က ချိုးနိုင်တယ်။ ဒါပေမဲ့ ကမ္ဘာ့စံချိန် ချိုးနိုင်ပြီဆိုရုံနဲ့ ကျွန်တော်တို့က မကျေနပ်သေးဘူး။ နောင်ကို ဒါထက်အပ်စရာတွေကို အများကြီး စိမ်ထားတာ ကျွန်တော်တို့မှာ ရှိသေးတယ်။ ဆတက်ထမ်းပိုး တိုးပြီးအပ်မယ်။ အဲဒီလိုနည်းအားဖြင့် ကျွန်တော်တို့က တိုင်းပြည်ကြီးကို တည်တံ့ခိုင်မြဲတဲ့ တိုင်းပြည်ကြီးဖြစ်လာအောင် ကျွန်တော်တို့ လုပ်နေတယ်လို့ ကျွန်တော် အစီရင်ခံချင်တယ်။

အဲဒီတော့ လုပ်နေတဲ့နေရာမှာ ကျွန်တော် တစ်ယောက်တည်းလုပ်တာ မဟုတ်ဘူး။ သခင်တင်တစ်ဦးတည်းပဲ လုပ်တာမဟုတ်ဘူး။ ဦးတင်တစ်ယောက်တည်း လုပ်တာ မဟုတ်ဘူး။ သခင်တင်ရော၊ ဦးတင်ရော၊ ကျွန်တော်ရော၊ အကုန်လုံး ဝန်ကြီးတွေအဖွဲ့က ခေါင်းဆောင်တယ်။ ကျွန်တော်တို့ ဗဟိုကနေ ခေါင်းဆောင်တယ်။ ခင်ဗျားတို့ကနေပြီးတော့ ကိုယ့်ဆိုင်ရာဆိုင်ရာ ဌာနတွေမှာနေပြီးတော့ ခေါင်းဆောင်ကြတယ်။ ပြီးတော့ တစ်နိုင်ငံလုံး ဆင့်ကဲဆင့်ကဲ ခေါင်းဆောင်ပြီးတော့ ပြည်သူလူထုကြီးတစ်ရပ်လုံးက ဒါတွေကို အကုန်လုံး ဝိုင်းလုပ်နေတယ်။ လုပ်နေတော့ ဘာနဲ့တူသလဲဆိုလို့ရှိရင်ဖြင့် တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကြီးဖြစ်အောင် ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားပြီးတော့ လုပ်နေကြတယ်။ စာမေးပွဲ ဝင်နေကြတယ်။ အဲဒီစာမေးပွဲဝင်နေတဲ့ ဥစ္စာဟာ ကျွန်တော်တို့ အောင်မလား၊ ကျမလား ကျွန်တော်တို့ မပြောနိုင်ဘူး။ ကျွန်တော်တို့ကတော့ အောင်အောင် ကြိုးစား နေတာပဲ။ ဒါပေမဲ့ ဘယ်နှမှတ်ရမယ်၊ စာမေးပွဲဖြေပြီးတဲ့အခါကျတော့ သုညပဲ ထွက်လာမလား၊ ၁၀ မှတ်ပဲရမလား၊ အမှတ် ၄၀ နဲ့ အောင်မယ့်ဥစ္စာ ၃၉ မှတ်နဲ့ပဲ တော့ပြီး ရှုံးမလား။ ဒီလိုမဟုတ်ဘူး ဆိုလို့ရှိရင် တစ်ခါတည်း ရာခိုင်နှုန်းအပြည့် (Hymdned Pencent) ဆိုတာ ရမလား။ ၈၅ ရာခိုင်နှုန်း ရမလားဆိုတာ အဲဒါ အခု ဘယ်သူမှ မပြောနိုင်ဘူး။ ဘယ်အပေါ်မှာ တည်နေသလဲဆိုရင်ဖြင့် ကျွန်တော်ကအစ ခင်ဗျားတို့ အားလုံးအပေါ်မှာ အားလုံးတည်နေတယ်။ အဲသလို တည်နေတဲ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်တံ့ခိုင်မြဲတဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ကျွန်တော်တို့ လုပ်နေတဲ့အခါမှာ ခင်ဗျားတို့လည်း ဝိုင်းပြီးတော့ လုပ်နေတဲ့အခါမှာ ခင်ဗျားတို့တစ်တွေရဲ့ တာဝန်ကတော့ ဘယ်လိုလဲလို့ဆိုရင်ဖြင့် မပျင်းကြပါနဲ့၊ မကြောက်ကြပါနဲ့။ လူဖျင်း၊ လူညံ့တွေ မဖြစ်ကြပါနဲ့၊ လုံ့လဝီရိယ ရှိကြပါ၊ သတ္တိရှိရှိနဲ့ လုပ်ကြစမ်းပါ။ လူတော်တွေဖြစ်လာအောင်၊ ကိုယ်လုပ်တဲ့ ကိစ္စတွေကို ကိုယ် နားလည်လာအောင် ကြိုးစားပြီးတော့ အစွမ်းကုန် ကြိုးစားကြစမ်းပါလို့ ကျွန်တော် တိုက်တွန်းချင်တယ်။

ဘာဖြစ်လို့ ဒီစကားကို ထပ်ပြီးတော့ ပြောရသလဲလို့ဆိုလို့ရှိရင် ကျွန်တော် အခု ဒီမှာ ဝန်ကြီးချုပ်လုပ်တာ ၁၉၄၇ ခုနှစ်ကစပြီး လုပ်တယ်ဆိုတော့ အခု ရှစ်နှစ် လောက်ရှိရောပေါ့။ ၁၉၅၅ ခုနှစ်ကျတော့ ဘာတွေ့ရသလဲလို့ဆိုရင် တကယ့်... တကယ်... နင်လားငါလား လုပ်ရတော့မယ်ဆိုတဲ့အခါကျတော့ လူအတော် ခပ်များများဟာ

mgyoe.com

mgyoe.com


ခေါင်းဆောင်တွေထဲမှာရော၊ ပြီးတော့ နောက်လိုက်တွေထဲမှာရော ပျင်းတယ်၊ မကြိုးစားချင်ကြဘူး။ ပြီးတော့လည်း ဥပမာပုံ အလုပ်တစ်ခုကို တော်ရုံလျော်ရုံ လုပ်ချင်တယ်။ ဒီအလုပ်တစ်ခုဟာ ငါ နည်းနည်းပါးပါး ကြိုးစားပြီးတော့ လေ့လာပြီးတော့ လုပ်လိုက်ရင် ပိုကောင်းလာမယ်ဆိုတာကို မကြိုးစားချင်ကြဘူး၊ လူတော်တွေဖြစ်အောင် မလုပ်ချင်ကြဘူး၊ ပျင်းတယ်၊ ပြီးတော့ ဒါထက်ပိုပြီး အဆိုးတကာ့ အဆိုးဆုံးက သတ္တိမရှိဘူး။ သတ္တိမရှိတာက ဘယ်လိုအထိ သတ္တိမရှိသလဲဆိုလို့ရှိရင်ဖြင့် စကားပမာပုံ၊ ဦးဖြူကို သံအမတ်ခန့်ရမယ်ဆိုပြီး ပြောရင် အကုန်လုံး ဝိုင်းထောက်ခံတာပဲ။ အဲဒီ ဦးဖြူဆီကို ဆိုင်ရာရုံးကနေပြီးတော့ ခင်ဗျားကို သံအမတ်အဖြစ်နဲ့ ခန့်မယ်။ အဆင်သင့် လုပ်ထားဆိုတဲ့စာ မရောက်ခင် အဲဒီအစည်းအဝေးက ဆင်းသွားတယ်ဆိုရင်ပဲ အနီးဆုံး တယ်လီဖုန်းရုံးက လှမ်းပြီးတော့ ပြောတာပဲ။ သူပဲလုပ်ပေးလိုက်သလိုလို၊ ခင်ဗျားသံအမတ်ဖြစ်ပြီလို့၊ ဘာလို့နဲ့ အဲဒီလိုဟာမျိုးတွေ ဖြစ်ရော။ စကားဥပမာ ကျွန်တော် ပြောပြတာ၊ အဲဒီသံအမတ်ဟာ မကောင်းတာ လုပ်လို့ ဖြုတ်ရတော့မယ်။ ကိစ္စတစ်ခုတော့ ပေါ်လာပြီ၊ အဲဒါ ဘယ်လိုလဲဆိုရင် ခေါင်းကြီးတွေ ငုံ့ပြီးတော့ စကားမပြောတော့ဘူး။ တစ်ခါတည်း ပြောရမယ့်စကားတွေကို အကုန်လုံး မေ့သွားသလိုလို၊ စကားပြောရရင်ဖြင့်ရင် ငရဲပဲကြီးတော့မလိုလို၊ ဘာလိုလိုဖြစ်ပြီးတော့ မေးခွန်းထုတ်လို့ကို မရတော့ဘူး။ အဓိပ္ပာယ်ကို ကျွန်တော်ပြောလိုတာက လူတွေကို ကြည့်ရတဲ့နေရာမှာဆိုရင် လက်သီးလက်မောင်းတန်းပြီးတော့ ငါကွဆိုတာ လုပ်ချင်တယ်။ လူအမုန်းခံပြီးတော့ တိုင်းပြည်အကျိုးရှိအောင် လုပ်ရတော့မယ်ဆိုလို့ရှိရင်တော့ ကြက်ပျောက်ငှက်ပျောက် ပျောက်တာပဲ။

အခု ဥပမာပုံဆိုလို့ရှိရင်လည်း ခင်ဗျားတို့ နယ်တွေမှာကြည့်၊ အမတော်ကြေးတွေကို ပေးစရာရှိတယ်ဆိုလို့ရှိရင်ဖြင့် ကျွန်တော်တို့နယ်ကို ပိုပေးပါဦးဗျ၊ လုပ်ပါဦးဗျ။ တစ်ခါတည်း လာကြဆိုပြီးတော့ အိုးစည်ဗုံမောင်းနဲ့တောင်းတာပဲ။ အဲဒီ အမတော်ကြေးငွေကို ပြန်ရအောင် တောင်းပေးကြစမ်းပါဆိုလို့ရှိရင်ဖြင့် မသိချင်သလိုလို၊ နားမလည်သလိုလို၊ အကြောင်းကြောင်းနဲ့။ ဟိုဟာလိုလို၊ ဒီဟာလိုလို၊ အဲဒီလိုဟာမျိုးတွေ ဖြစ်နေတယ်။ ဒါ ဘာလဲဆိုရင် ငါတောင်းလိုက်ရင် ငါ့မုန်းမလား၊ ငါ့မုန်းတယ်ဆိုလို့ရှိရင် ဘယ်လိုများဖြစ်မလဲ စသဖြင့် အဲဒီလို သတ္တိနည်းတာတွေကို ကျွန်တော် တွေ့ရတယ်။ ဒီလို သတ္တိကြောင်တွေနဲ့ အလုပ်လုပ်လို့ တော့ဖြင့် ဒီတိုင်းပြည်ကြီးဟာ တည်တံ့ခိုင်မြဲတဲ့ တိုင်းပြည်ကြီး ဘယ်တော့မှ မဖြစ် နိုင်ဘူး။ သတ္တိဆိုတာ ဘာမှကြောင်စရာမလိုဘူး။ မှန်တာကိုသာလုပ်၊ ကိုယ်က မတရားသဖြင့် မလုပ်နဲ့။

ဒီကိစ္စနဲ့ပတ်သက်ပြီး သက်သေသာဓကတစ်ခု သေသေချာချာ ပြပါမယ်။ ကျွန်တော့်ကို အင်္ဂလိပ်လက်ထက်တုန်းက ထောင်ချတဲ့ အရာရှိတွေ ဒီမှာရှိသားပဲ။ (Promotion) ရာထူးတိုးဖို့တွေ၊ ဘာတွေ ပေးဖို့ဆိုတာ ကျွန်တော် ဘာမှမပြောဘူး။ သူတို့ဆက်နေတာပဲ၊ အဲဒီဝန်ကြီး သခင်တင်လည်း သိပါတယ်။ ကျွန်တော်တို့ ဟိုတုန်းက

mgyoe.com

mgyoe.com


ထောင်ချတဲ့ အရာရှိတွေဟာ သူ့ဝတ္တရားအတိုင်း သူတို့ လုပ်ကြတာပဲ။ ဒါပေမဲ့ ကျွန်တော့်ကို ဒီအချိန်တုန်းက အင်မတန်ကြည့်ထားတဲ့ လူတစ်ယောက်၊ ပိုက်ဆံတွေ၊ ဘာတွေ ကျွန်တော်တို့မှာ ငတ်ပြတ်နေတဲ့ အခါတုန်းက တစ်ခါတည်း ပိုက်ဆံတွေ၊ ဘာတွေပေး၊ စားဖို့သောက်ဖို့ အဝတ်အစားတွေ ပေးထားတယ်။ ဒါပေမဲ့ ဒီလူဟာ ခုခါမှာ သမဝါယမ လို့ဆိုပြီးတော့ (Civil Supplies) ပြည်သူ့ရိက္ခာထောက်ပံ့ရေးဌာနက ပစ္စည်းတွေကို လိမ်ထုတ်ပြီးတော့ Black market ဆိုတဲ့ မှောင်ခိုဈေးကိုပို့ရင် ဒီလူကို ရှေးဦးစွာ ပထမ ကျွန်တော် ဖမ်းရမယ်။ သူ ကျွန်တော့်ကို အရင်က ငွေကြေးအထောက်အပံ့ပေးပြီး ကြည့်ထားတယ်ဆိုလို့ရှိရင် ကျွန်တော့် မိန်းမနားကပ်ရော၊ လက်ကောက်ရော၊ ကျွန်တော့် ရှိတဲ့ အဝတ်အစားတွေရော အကုန်လုံး သူ့ကို ပုံပေးပြီးတော့ သူ့အမှုအတွက် ကျွန်တော် ရှေ့နေငှားပေးမယ်။ ဒါပေမဲ့လို့ ဒီဘက်ကနေပြီးတော့ကြည့်တော့ တိုင်းပြည်ကို လိမ်တဲ့ အတွက် ရှေးဦးစွာ သူ့ကို ဖမ်းရမယ်။ ဘာမှ ကျွန်တော်တို့ ကြောက်နေစရာ မလိုဘူး။ သူ့ကို မတရားသဖြင့် လုပ်တာမဟုတ်ဘူး။ ဒီလိုလုပ်ရင် ဒီလို အဖမ်းခံရမယ်ဆိုတာ သူ သိရမယ်။ သိရဲ့သားနဲ့ သူ လုပ်တယ်။ ဒါ သူ့ကို ကျွန်တော် ဖမ်းရမယ်။ ဒါ ကျွန်တော် ဖမ်းတာ မဟုတ်ဘူး။ ဥပဒေက ဖမ်းတာ၊ အဲဒီလို တိတိကျကျရှိရမယ်။

ငွေချေးလိုက်တယ်၊ အမတော်ကြေးငွေ ချေးလိုက်တယ်။ အချိန်တန်ကျရင် ပြန်ဆပ်ရမယ်ဆိုတာ သူ သိရမယ်။ ပြန်မဆပ်ဘူးလို့ဆိုရင် ပြန်မဆပ်ဆပ်တဲ့နည်းနဲ့ ဒါ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားယူရမယ်။ ဒီလို မဟုတ်ဘူး။ အခုတော့ ပေးစရာ ရှိတော့ အိုးစည်ဗုံမောင်းနဲ့ ငါ ပေးတာကွဆိုပြီးတော့ ပုဆိုးမှ အကောင်းဆုံး ပုဆိုးဝတ်လို့၊ ခေါင်းပေါင်းစကြီး တလွှားလွှားနဲ့ လာပြီးတဲ့အခါကျလို့ရှိရင် မျက်နှာက ခပ်ပြုံးပြုံးနဲ့ စင်ပေါ်တက်ပြီးတော့ သူ့မျက်နှာကလေးကို လူတွေက မမြင်မှာစိုးလို့ ဟိုခေါ်ရတာနဲ့၊ ဒီခေါ်ရတာနဲ့ ဟုတ်လား။ ပြီးလို့ ပြန်တောင်းတဲ့အခါကျတော့ အစိုးရကို ပြန်ပြီးတော့ အချိန်မှန်မှန် ပေးရမယ်ဆိုရင်ဖြင့် ဟော... ရှာမတွေ့တော့ဘူး။ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြရော။ အဲဒီလို သတ္တိကြောင်တဲ့ လူတွေကိုတော့ ကျွန်တော်တို့ မလိုချင်ဘူးဗျ။ အဟုတ်ပြောတာ၊ ဒီလို လူတွေနဲ့ ကျွန်တော်တို့ ပေါင်းသင်းဆက်ဆံဖို့ဆိုတာ ဘယ်နည်းနဲ့မှ မရနိုင်ဘူး။ ဒီတော့ ခင်ဗျားတို့ကို တစ်နည်းပြောချင်တာကတော့ ဟိုတစ်နေ့က ဦးဗဆွေ လည်း ခင်ဗျားတို့ကို ပြောတယ်။ အဲဒီလို သတ္တိရှိကြစမ်းပါ။

အခုနေအရ ဆိုလို့ရှိရင်ဖြင့် ပြည်သူလူထုကို အာဏာအပ်ရမယ့်ကိစ္စတွေ အများကြီး ရှိတယ်။ ဥပမာပုံဆိုလို့ရှိရင် လယ်တွေကို ကြေးတိုင်စိုက်တာကအစ နောက်ဆုံး တစ်ခါတည်းကို ဒီငွေတွေကို လျှော်ပစ်ဖို့လို့ ဆိုတာအထိ အာဏာအပ်ဖို့တွေရှိတယ်။ ဒါပေမဲ့ လျှော်ပစ်ဖို့ဆိုတာကျတော့ လက်သီးလက်မောင်းတန်းပြီးတော့ လျှော့ကြရော လျှော့ပါ။ ဒီဥစ္စာ လျှော့တာကောင်းတယ်၊ ဘာတယ်၊ ညာတာနဲ့ ဝိုင်းထောက်ခံကြတယ်။ ကိစ္စမရှိဘူး၊ လျှော့တန်ရင်လျှော့ပါ။ ဒါပေတဲ့ တောင်းဖို့အလှည့်ရောက်လာရင်တော့

mgyoe.com

ကြိုးစားပမ်းစား တောင်းဖို့ကောင်းတယ်။ ဥပမာပုံဆိုလို့ရှိရင်ဖြင့် ဒီနယ်ဟာ အခွန်တော် သုံးသိန်းရသင့်တယ်ဆိုရင် အဲဒီ အများသဘောတူဆုံးဖြတ်ပြီးရင် အဲဒီသုံးသိန်းရအောင် လုပ်ဖို့ဆိုတာကျတော့ ကိုယ့်ကြွေးမရတဲ့အခါ တစ်ခါတည်းလိုက်တောင်းသလို အဲဒီလို ကျုံကျုံနန လိုက်တောင်းစေချင်တယ်။ လျှော့တုန်းကတော့ လျှော့ရော၊ လျှော့ပြီးတော့ အပြင်ဘက် အစည်းအဝေးက ထွက်လာပြီးတော့ ကျွန်တော် လျှော့လိုက်တာဗျ သိလား။ ဟောဒီမှာဗျ ကျွန်တော်ဆိုတာ ကျွန်တော်ပဲ ဆိုပြီးတော့ လက်ညှိုးကြီး ထိုးပြတယ်။ ပြီးတဲ့အခါကျလို့ရှိရင်ဖြင့် တကယ် ရစရာရှိတဲ့ငွေကို တောင်းကြစို့ဆိုတော့ ကျွန်တော် မပါဘူးဗျလို့ဆိုတော့ အဲဒီလိုဟာမျိုးတွေ ဆိုလို့ရှိရင်တော့ ဒီလိုလူစားမျိုးတွေနဲ့ ကျွန်တော်တို့ တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုကြီးကို ဘယ်တော့မှ တည်ထောင်လို့မဖြစ်ဘူး။ အဲဒါတော့ ခင်ဗျားတို့ တစ်ခါတည်း မှတ်ထားကြစေလိုတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော် ပြန်ပြီးတော့ ကောက်ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အခုလုပ်နေတာဟာ အရမ်းကာရော ငါးပွက်ရာ ငါးစာချသလို တစ်ခါတည်း အဓိပ္ပာယ် မရှိဘဲနဲ့ ရည်ရွယ်ချက်မရှိဘဲ ရမ်းလုပ်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့လုပ်နေခြင်းဟာ ရာဇဝင်တစ်လျှောက်လုံးမှာ တစ်ခါမှ မဖြစ်ခဲ့ဖူးသေးတဲ့ တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုကြီး ဖြစ်အောင် တစ်ခါတည်း ကျွန်တော်တို့ တည်ဆောက်နေတယ်။ အခြေခံ အုတ်မြစ်တွေကို ကောင်းသထက်ကောင်းအောင် ကျွန်တော်တို့လုပ်ပေးနေတယ်။ အဲသလို လုပ်ပေးနေတဲ့ အခါမှာ လုပ်ပေးတဲ့လူတွေဟာ သတ္တိကြောင်တဲ့လူတွေ မဖြစ်စေချင်ဘူး။ ဘာမှ အလုပ် မလုပ်ဘဲနဲ့ လက်ဖက်ရည်ပွဲကျမှ တစ်ခါတည်း ခေါင်းပေါင်းကလေးစွပ်ပြီးတက်တဲ့ အဲဒီလို လူပျင်းတွေ မဖြစ်စေချင်ဘူး။ ပြီးတော့ ကိုယ်လုပ်ရတဲ့ အလုပ်တွေမှာဆိုလို့ရှိရင်လည်း ဝင်သာလုပ်တယ်။ သူများ ယောင်လို့ ယောင်ရပါတယ်။ အမောင် တောင်မှန်းမြောက်မှန်း မသိတဲ့ လူပျင်းတွေ မဖြစ်စေချင်ဘူး။ ဒီတည်တံ့ခိုင်မြဲတဲ့ ရာဇဝင်တစ်လျှောက်လုံးမှာ တစ်ခါမှ မဖြစ်ခဲ့ဖူးသေးတဲ့ တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခင်ဗျား တို့ တည်ဆောက်ချင်တယ်ဆိုရင်ဖြင့် ကျွန်တော်တို့ဟာ ဘာပဲဖြစ်ဖြစ် မှန်တာကိုလုပ်တဲ့ နေရာမှာ အဲဒါလုပ်ရင်း သေသွားမယ်ဆိုသည့်တိုင်အောင်မှ သေဖို့ အဆင်သင့်ရှိရဲတဲ့ အဲဒီလို သတ္တိရှိတဲ့လူတွေ ဖြစ်စေချင်တယ်။

ဒုတိယအချက်က ဆိုလို့ရှိရင် လုပ်စရာ ကိုင်စရာရှိတယ်ဆိုရင် ကိုယ့်ပစ္စည်း ကိုယ်ရစရာရှိတဲ့ အခါကျတော့ နေ့ရောညရော ထပြီး အလုပ်လုပ်သလို လုံ့လဝီရိယနဲ့ ပြည့်စုံတဲ့လူတွေ ဖြစ်စေချင်တယ်။ ပြီးတဲ့အခါကျလို့ရှိရင် ကိုယ်လုပ်ရတဲ့အလုပ်ဟာ ဘာမှန်းညာမှန်းမသိဘဲနဲ့ အေး... ဟုတ်သားပဲ၊ ဘာညာနဲ့ဆိုပြီးတော့ သူများပြောသမျှ ယောင်ဝါးပြီး လိုက်နေရတဲ့ လူတွေမဟုတ်ဘဲနဲ့ အင်မတန်တော်တဲ့ လူတော်တွေဖြစ်စေ ချင်တယ်။ အဲဒါကြောင့်မို့လို့ အခုလို တွေ့ရတဲ့အခါမှာ ကျွန်တော် အင်မတန်လည်းပဲ ဝမ်းသာပါတယ်။ ခင်ဗျားတို့တစ်တွေဟာ အခု ရာဇဝင်တစ်လျှောက်မှာ တစ်ခါဖူးမှ မဖြစ်ခဲ့

mgyoe.com


ဖူးသေးတဲ့ အင်မတန် တည်တံ့ခိုင်မြဲမယ့် နှစ်ပေါင်း ထောင်သောင်းနဲ့ချီပြီးတော့ တည်တံ့ခိုင်မြဲစေမယ့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်တဲ့ ရှေ့ဆုံးကပါဝင်ကြတဲ့ ဗိသုကာကြီးတွေဖြစ်နေတဲ့အတွက် အဲဒီဗိသုကာကြီးတွေဟာ သတ္တိနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်ပါစေ၊ လုံ့လဝီရိယနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါစေ၊ ကိုယ်လုပ်ရတဲ့ကိစ္စကို နိုင်နိုင်နင်းနင်းနဲ့ ကျကျနနနဲ့လုပ်နိုင်တဲ့ လူတော်တွေဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်။

■

mgyoe.com

mgyoe.com

ဦးနုပြောကြားသည့် ပညာရေးမိန့်ခွန်းများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်မိန့်ခွန်း(၂၂-၁၂-၁၉၅၁)

**[ဝန်ကြီးချုပ် ဦးနုသည် ရန်ကုန်တက္ကသိုလ် အဓိပတိအဖြစ် တက္ကသိုလ်ဘွဲ့နှင်းသဘင် အခမ်းအနားသို့တက်ရောက်ခဲ့ရာ ပြောကြားခဲ့သောမိန့်ခွန်း ဖြစ်ပါသည်။]**

ကျောင်းသူ ကျောင်းသားအပေါင်းတို့...

ဒီကနေ့က တက္ကသိုလ် ဘွဲ့နှင်းသဘင်ကြီးမှာ စာမေးပွဲအောင်မြင်ပြီးတဲ့ ကျောင်းသူကျောင်းသားတွေကိုသာ ဘွဲ့များကို အပ်နှင်းရုံမဟုတ်ဘဲ တက္ကသိုလ် ကျောင်းသူကျောင်းသားအားလုံးကို အမှူးပြု၍ ပြည်ထောင်စုတစ်ခုလုံးရှိ ကျောင်းသူကျောင်းသားအားလုံးကိုလည်း ဒီနေရာကနေပြီး ကျုပ်က တာဝန်ကြီးတစ်ခု အပ်နှင်းလိုက်ပါတယ်။ ဒီတာဝန်ကြီးကတော့ တခြား မဟုတ်ပါဘူး။ မင်းတို့ ကျုပ်တို့ရဲ့ ပြည်ထောင်စုကြီးကို ရေမျက်နှာပြင်လို မငြိမ်မသက်ဖြစ်နေတဲ့ဘဝက မြေမျက်နှာပြင်လို တည်တံ့ခိုင်မြဲတဲ့ ဘဝကိုရောက်အောင် တည်ဆောက်ပေးဖို့ တာဝန်ဖြစ်တယ်။

ဒီတာဝန်ကြီးဟာ ဘယ်လောက်ကြီးမားတဲ့ တာဝန်ကြီးဖြစ်တယ်ဆိုတာကို ရှင်းမပြခင် ပြည်ထောင်စုကြီးရဲ့ အတိတ်ရာဇဝင်ကို အကျဉ်းချုပ်အားဖြင့် ကျုပ် ပြောပြလိုတယ်။ ဒီရာဇဝင်အကျဉ်းချုပ်ကို မင်းတို့ ကြားရတော့မှ မင်းတို့ ပြည်ထောင်စုကြီးဟာ...

(၁) ဘယ်လောက်အထိ ပျက်စီးယိုယွင်းနေတယ်။

(၂) ဘာကြောင့် ဒီလောက်အထိ ပျက်စီးယိုယွင်းရတယ်။

(၃) ရှေ့ကို တို့တစ်တွေ ဘယ်လောက်အထိ ကြိုးစားစရာ ရှိသေးတယ်။

mgyoe.com

mgyoe.com


ဆိုတဲ့ အချက်သုံးချက်ကို မင်းတို့ ကွက်ကွက်ကွင်းကွင်းကြီး သဘောပေါက်မယ်။

ကဲ...မြန်မာရာဇဝင်အကျဉ်းချုပ်ကို ပြောရမယ်ဆိုရင် မြန်မာနိုင်ငံကို တကောင်း အဘိရာဇာက အစပြုပြီး နောက်ဆုံး သီပေါရှင်ဘုရင်အထိ ရှင်ဘုရင်တွေနဲ့ အုပ်ချုပ်ခဲ့တယ်။ ရှင်ဘုရင်ဆိုတာက မင်းတို့အားလုံး သိကြတဲ့အတိုင်း လူထုကြီးတစ်ရပ်လုံးက သူတို့ရဲ့ စိတ်တိုင်းကျ ရွေးကောက်တင်မြှောက်လိုက်တာ မဟုတ်ဘူး။ ရှင်ဘုရင်တွေဟာ သူတို့ရဲ့ ဘုန်းနဲ့ လက်ရုံးကိုအားကိုးပြီး ရှင်ဘုရင်လုပ်နေကြတာ။ ဒီတော့ အနော်ရထာမင်းစော၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းတုန်းမင်းတရားကြီး အစရှိတဲ့ ရှင်ဘုရင်ကြီးများကလွဲပြီး ရှင်ဘုရင် ခပ်များများဟာ လူထုနဲ့ အဆက်အသွယ်များများ မရှိကြဘူး။ ဒီတော့ တို့ရဲ့ ရာဇဝင်တစ်လျှောက်လုံးမှာ သီပေါရှင်ဘုရင်အထိ ကျန်းမာရေးမဏ္ဍိုင်၊ ပညာရေးမဏ္ဍိုင်၊ စာရိတ္တမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ တိုင်းရင်းသား စည်းလုံးရေးမဏ္ဍိုင်ဆိုတဲ့ နိုင်ငံတစ်နိုင်ငံရဲ့အရေးကြီးဆုံး မဏ္ဍိုင်ကြီးငါးခုကို များသောအားဖြင့် ရှင်ဘုရင်တွေက တည်ဆောက်ပေးတယ်လို့ မရှိလှဘူး။ ဒီမဏ္ဍိုင်ကြီးငါးခုကို ပြည်သူလူထုကြီးဟာ သူတို့တတ်သလောက်၊ မှတ်သလောက်၊ စွမ်းအားရှိသလောက်သာ တည်ဆောက်သွားကြရတာပဲ။ ဒီလိုဖြစ်တဲ့အတွက် တကောင်း အဘိရာဇာကစပြီး သီပေါရှင်ဘုရင်အထိ တို့နိုင်ငံကြီးမှာ ဒီမဏ္ဍိုင်ကြီးငါးခုဟာ အင်အားတောင့်တင်းခြင်း မရှိခဲ့ဘူး။

သီပေါမင်း ပါတော်မူပြီးတဲ့နောက် အင်္ဂလိပ်တွေ ရောက်လာပြန်တော့လည်း ပြည်သူလူထုကြီးက ကျေကျေနပ်နပ်နဲ့ ရွေးကောက်တင်မြှောက်လို့ ရောက်လာကြတာ မဟုတ်ဘူး။ တို့ရဲ့ ဆန်တွေ၊ သစ်တွေ၊ ရေနံတွေ၊ သတ္တုတွေကို လိုချင်လို့ လက်ရုံးကို အားကိုးပြီး ရောက်လာကြတာ။ ဒီမဏ္ဍိုင်ကြီးငါးခုကို တည်ဆောက်ပေးဖို့အတွက် ရောက်လာကြတာ မဟုတ်ဘူး။

ရှေးဦးစွာ ကျန်းမာရေးမဏ္ဍိုင်ကို စစ်ကြည့်မယ်။ အချို့က ဆေးရုံတွေကို လက်ညှိုးထိုးပြပြီး ကျန်းမာရေးမဏ္ဍိုင်အတွက် ဗြိတိသျှနယ်ချဲ့သမားတွေ လုပ်သွားကြတယ် မဟုတ်ဘူးလားလို့ မေးကောင်းမေးကြလိမ့်မယ်။ စာရင်းတွေကို ကျုပ် ပြပါမယ်။ ဒီစာရင်းတွေကို ကြည့်ခြင်းအားဖြင့် ကျန်းမာရေးနဲ့ပတ်သက်ပြီး ဗြိတိသျှနယ်ချဲ့သမားတွေ ဘယ့်လောက်သာ လုပ်ခဲ့တယ်ဆိုတာ မင်းတို့ မှန်းကြည့်နိုင်ပါလိမ့်မယ်။ လူဦးရေ ၄၉,၇၇၅ ယောက်အတွက် ဆေးရုံတစ်ရုံသာ ရှိတယ်။ လူဦးရေ ၂၁,၉၀၇ ယောက်အတွက် ဆရာဝန် တစ်ယောက်သာ ရှိတယ်။ ကလေး ၁,၀၀၀ မွေးရင် မွေးမွေးချင်း သေတဲ့ကလေးတွေဟာ ၃၀၀ ခန့်ရှိတယ်။ အမေရိကန်ပြည်မှာ ကလေးတစ်ထောင်မွေးလျှင် ၄၄ ယောက်သာ သေကြတယ်။ ဘယ်လ်ဂျီယံပြည်မှာ ၅၉ ယောက်သာ သေကြတယ်။ ဩစတြေးလျပြည်မှာ ၂၈ ယောက်သာ သေကြတယ်။ မြန်မာပြည်မှာတော့ ၃၀၄ ယောက်လောက် သေကျေပျက်စီးတယ်။

mgyoe.com

mgyoe.com

လူတွေရဲ့သက်တမ်းဟာ ရှစ်ဆယ်လို့ ဆိုပေတဲ့လည်း ကျန်းမာရေးပါရဂူတွေရဲ့ တွက်ကိန်းအရဆိုလျှင် အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှာ ရှိတဲ့လူတွေရဲ့သက်တမ်းဟာ ပျမ်းမျှခြင်းအားဖြင့် ၅၀ ခန့်ရှိပြီး တို့မြန်မာနိုင်ငံမှာဆိုရင် ပျမ်းမျှခြင်းအားဖြင့် ၂၀ ကျော်ကျော်သာ ရှိတယ်။ ဒီလောက် တိုတောင်းတဲ့ နှစ်ကာလအတွင်းမှာတောင် နှစ်စဉ် ဝမ်းရောဂါနှင့် သေကျေတဲ့လူတွေ၊ ပလိပ်ရောဂါနှင့် သေကျေတဲ့လူတွေ၊ ကျောက်ရောဂါနှင့် သေကျေတဲ့လူတွေ၊ ငှက်ဖျားရောဂါနှင့် သေကြတဲ့လူတွေ၊ ချောင်းဆိုးသွေးပါရောဂါနှင့် သေကြတဲ့လူတွေ၊ ကုဋ္ဌနူနာရောဂါ နှင့် သေကြတဲ့လူတွေဟာ မနည်းပါဘူး။ ဒီစာရင်းတွေကို ကြည့်လိုက်ရင် ကျန်းမာရေးမဏ္ဍိုင်နဲ့ပတ်သက်ပြီး ဗြိတိသျှနယ်ချဲ့သမားတွေ လုပ်သွားတာဟာ ပြည်သူတစ်ရပ်လုံးအတွက်မဟုတ်ဘဲ လူတစ်စုအတွက်သာ ဖြစ်တယ်ဆိုတာ ထင်ရှားတယ်။

ကျန်းမာရေးမဏ္ဍိုင်ကို တည်ဆောက်တယ်ဆိုတာ ရောဂါဖြစ်လာမှ ကုပေးဖို့ ဆရာဝန်တွေကို ခန့်ပေးရုံ၊ ဆေးရုံတွေ ဆောက်ပေးရုံနဲ့ မလုံလောက်ဘူး။ ရောဂါ မဖြစ်နိုင်အောင် ကာကွယ်ပေးဖို့ အစီအစဉ်တွေလည်း အများကြီးလုပ်ပေးရဦးမယ်။ ဒီကာကွယ်ရေးအစီအစဉ်တွေနဲ့ ပတ်သက်ပြီး ဗြိတိသျှနယ်ချဲ့သမားတွေဟာ ဟုတ်ဟုတ်ဟတ်ဟတ် ဘာမှ လုပ်မသွားကြဘူး။ ဘာတစ်ခုမှ လုပ်မသွားကြဘူး။

ကဲ... ပညာရေးမဏ္ဍိုင်ကို ကြည့်ကြဦးစို့။ အင်မတန်လှပတဲ့ ဒီတက္ကသိုလ်အဆောက်အအုံကြီးကို လက်ညှိုးထိုးပြပြီး ပညာရေးမဏ္ဍိုင်အတွက် ဗြိတိသျှနယ်ချဲ့သမားတွေ လုပ်သွားသားပဲ မဟုတ်ဘူးလားလို့ တချို့က မေးကောင်းမေးကြပေလိမ့်မယ်။ ဗြိတိသျှနယ်ချဲ့သမားတွေပေးခဲ့တဲ့ ပညာရေးဟာ သူတို့ရဲ့ နယ်ချဲ့လုပ်ငန်းကြီးကို အထောက်အပံ့ပေးနိုင်ရုံသာဖြစ်တဲ့ ပညာရေးဖြစ်နေလို့ ဒီလိုပညာရေးမျိုးက မွေးထုတ်လိုက်တဲ့လူတွေဟာ အပေါ်က လခပေးခိုင်းတဲ့လူရှိမှ အလုပ်လုပ်တတ်တဲ့ လူတွေသာ ဖြစ်တယ်။ ကိုယ့်နိုင်ငံနဲ့တကွ ကမ္ဘာကြီးတစ်ခုလုံး တိုးတက်အောင် ကိုယ်ထူးကိုယ်ချွန်ပြီး လုပ်ပေးနိုင်တဲ့အထိ အရည်အချင်းရှိတဲ့လူတွေ မဟုတ် ကြဘူး။ ဒီကနေ့အထိ ဒီတက္ကသိုလ်က ဘွဲ့ရတဲ့လူပေါင်း အမြောက်အမြားရှိပြီး ဒီလူတွေထဲက စက်မှုလက်မှုလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ စီးပွားရေး လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကျန်းမာရေးမှာပဲဖြစ်ဖြစ်၊ ပညာရေးမှာပဲဖြစ်ဖြစ် စွမ်းစွမ်းတမံ ခေါင်းဆောင်နိုင်တဲ့ လူတွေ ဘယ်နှဦးများ ပေါ်ထွက်ခဲ့ပြီလဲ။

နောက်ပြီးတော့ ဒီတက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းတည်းနဲ့ ပညာရေးမဏ္ဍိုင်တည်ဆောက်ဖို့ မလုံလောက်ပါဘူး။ ပြည်ထောင်စုအတွင်းမှာ စာသင်နေကြတဲ့ လူတွေထဲက ဒီတက္ကသိုလ်ကျောင်းကြီးကို လာနိုင်တဲ့ လူတွေဟာ လက်တစ်ဆုပ်လောက်တောင် မရှိပါဘူး။ အမှန်စစ်စစ် ပြောရရင် သိပ္ပံပညာ၊ စက်မှုလက်မှုပညာ၊ စီးပွားရေးပညာ၊ ကမ္ဘာသမိုင်းပညာ၊ ဖီလော်ဆော်ဖီခေါ်တဲ့ ယထာဘူတပညာ၊ ကမ္ဘာစကြီးပေကြီး အစရှိတဲ့ ပြည်ထောင်စုကို တိုးတက်နေတဲ့ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းလိုက်နိုင်အောင် လုပ်ပေး

mgyoe.com

နိုင်စွမ်းရှိတဲ့ ပညာရပ်တွေဟာ ပြည်ထောင်စုကြီးတစ်ခုလုံးကို အပိုင်းပေါင်း ငါးသိန်းလောက်ပိုင်းရင် တစ်ပိုင်းလောက်ကိုသာ ရောက်ပါသေးတယ်။ ကျန်တဲ့ လေးသိန်း ကိုးသောင်း ကိုးထောင် ကိုးရာ ကိုးဆယ့်ကိုးပိုင်းလောက်ဟာဖြင့် ဒီပညာရပ်တွေနဲ့ ပတ်သက်ပြီး အမှောင်အတိပဲ ဖြစ်နေပါသေးတယ်။

ဗြိတိသျှ နယ်ချဲ့သမားတွေရဲ့ ပညာရေးစနစ်အရ ခေတ်မီပညာတွေကို တတ်ချင်ရင် အင်္ဂလိပ်စာကိုတတ်မှ ဖြစ်နိုင်တဲ့အတွက် ခေတ်မီပညာတွေကို လှည်းနေ လှေအောင်း မြင်းဖောင်းမကျန် ပြန့်ပွားနိုင်ရန်ကိစ္စမှာ အိပ်မက်မက်ရုံလောက် စိတ်ကူးနဲ့ ရူးကြည့်ရုံလောက်သာ ဖြစ်နိုင်တယ်။ တကယ့် လက်တွေ့လုပ်ဖို့ဆိုရင် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

အခုပြောတာတွေထက် အဆပေါင်းများစွာ ပိုဆိုးတဲ့ ပညာရေးနဲ့ပတ်သက်တဲ့ အချက်တစ်ချက် ရှိပါသေးတယ်။ ဗြိတိသျှ နယ်ချဲ့သမားတို့ရဲ့ ပညာရေးစနစ်ဟာ သူတို့ရဲ့ နယ်ချဲ့လုပ်ငန်းကို အထောက်အပံ့ဖြစ်ရုံသာ လုပ်ထားတဲ့ စနစ်ကြီးဖြစ်တဲ့အတွက် ဒီပညာရေး စက်ယန္တရားကြီးထဲကိုရောက်လို့ အတော်ကလေးကြာတယ်ဆိုရင်ပဲ အတော်အတန် စိတ်ဓာတ်ချူချာတဲ့ လူတွေဟာ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်စာပေ၊ ကိုယ့်နိုင်ငံ အစရှိတာတွေကို အထင်သေးတဲ့ စိတ်ဓာတ်တွေ၊ သူများနိုင်ငံကဟာတွေကိုမှ အထင်ကြီးတဲ့ စိတ်ဓာတ်တွေ၊ အမေကျော် ဒွေးတော်လွမ်းတဲ့ စိတ်ဓာတ်တွေ၊ မျိုးချစ်စိတ်ဓာတိသွေး ဓာတိမာန် စိတ်ခေါင်းပါးမှုတွေဟာ ဒီလူတွေမှာ တစ်နေ့တခြား တိုးတက်စွဲကပ်လာတာပဲ။ ဒါက လူမျိုးတစ်မျိုးအနေနဲ့ လူစဉ်မမီအောင် လုပ်ပေးလိုက်တဲ့အတွက် သင်သင့်တဲ့ ပညာတွေကို မသင်ရတာထက် ပိုပြီး ဆိုးသေးတယ်။

စီးပွားရေးမဏ္ဍိုင်နဲ့ ပတ်သက်ပြီး ပြောရရင်လည်း ကြောက်ဖို့လန့်ဖို့ကောင်းအောင် အခြေအနေက ဆိုးတယ်။ မင်းတို့ ပြည်ထောင်စုကြီးမှာ သဘာဝချမ်းသာ ကြွယ်ဝနေတဲ့ အခြေအနေနဲ့ဆိုရင် တစ်နိုင်ငံလုံးဟာ အခလွတ် ပညာရေးစနစ်တွေကိုရော၊ အခလွတ် ကျန်းမာရေးစနစ်တွေကိုရော တည်ထောင်ပေးပြီးတဲ့အပြင် ပြည်ထောင်စုကြီးရဲ့ ဘယ်အပိုင်းမှာပဲနေနေ ပြည်ထောင်စုသားမှန်ရင် မိသားစုတိုင်း နှစ်စဉ်ဝင်ငွေဟာ ခြောက်ထောင်က တစ်သောင်းအထိ အနည်းဆုံးရနိုင်တယ်။ ဒီလောက် အဖိုးတန်မြေကြီးတွေ၊ ဒီလောက် အဖိုးတန်သစ်တောတွေ၊ ဒီလောက် အဖိုးတန်ရေနံတွေ၊ ဒီလောက်အဖိုးတန် ကျောက်မီးသွေး၊ သံ၊ ခဲ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အစရှိတဲ့ သတ္တုတွေ၊ ဒီလောက်အဖိုးတန်တဲ့ ရေတံခွန်အင်အားတွေ ဒုနဲ့ဒေး ပေါများနေတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဆယ့်ခုနစ်သန်းလောက်ရှိတဲ့ လူထုကလေးအတွက် ဒီလောက်ချမ်းသာအောင်မှ လုပ်မပေးနိုင်ဘူးဆိုရင် ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမျိုးက လုပ်ပေးနိုင်မှာလဲ။

ဒါပေမဲ့ ဗြိတိသျှ နယ်ချဲ့စနစ်ကြောင့် တို့တစ်တွေရဲ့ စီးပွားရေး အခြေအနေဟာ ဘယ်လိုဖြစ်ခဲ့ရသလဲ။ ကမ္ဘာကျော် စီးပွားရေးပါရဂူတွေရဲ့ တွက်ကိန်းအရဆိုရင် ဆယ့်ခုနစ်သန်းသော ပြည်ထောင်စုသားတွေမှာ တစ်ယောက်လျှင် နေ့စဉ်ဝင်ငွေဟာ ခြောက်ပြားခန့်

mgyoe.com

mgyoe.com


လောက်သာ ရှိတယ်။ တစ်လမှာ ငွေသုံးကျပ်လောက်ရှိပြီး တစ်နှစ်မှာ ၃၆ ကျပ်လောက်သာ ရှိတယ်။ ဒါလောက်ပဲ ဝင်ငွေရှိတာဟာ ဘာအံ့သြစရာရှိသလဲ။ ဝင်ငွေ အကြီးအကျယ် ရနိုင်တဲ့ ဆန်၊ သစ်၊ ရေနံ၊ သတ္တု၊ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးတွေဟာ ဗြိတိသျှနယ်ချဲ့သမားတွေရဲ့လက်ထဲမှာ အားလုံး ရှိနေတာပဲ။ ဒါတွေတင် မကသေးပါဘူး။ အင်္ဂလန်နိုင်ငံမှာလုပ်တဲ့ ကုန်ချောတွေကိုရောင်းဖို့ ဈေးကွက်မရှိမှာစိုးလို့ မြန်မာနိုင်ငံသားတွေအတွက် ဝင်ငွေအများကြီးတိုးတက်အောင် လုပ်ပေးနိုင်တဲ့ စက်မှုလုပ်ငန်းတွေကို ဗမာနိုင်ငံမှာ ထူထောင်ဖို့အလားအလာတွေ အများကြီး ရှိနေပေတဲ့လည်း ထူထောင်ခွင့်မရဘဲ ကုန်ကြမ်းထုတ်ပေးရတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်သာ တင်းတိမ်ခဲ့ရတယ်။

စီးပွားရေးမင်္ဂလာအကြောင်း ပြောပြီးလို့ စာရိတ္တမင်္ဂလာရဲ့အကြောင်းကို ပြောတော့မယ်။ စာရိတ္တမင်္ဂလာနဲ့ပတ်သက်ပြီး များသောအားဖြင့် နားလည်ကြတာက အင်မတန်ကျဉ်းမြောင်းနေတယ်။ အဲဒီကျဉ်းကျဉ်းမြောင်းမြောင်း နားလည်နေတဲ့ လူတွေကို စာရိတ္တမင်္ဂလာ ပျက်တယ်ဆိုတာဟာ ဘာလဲလို့မေးရင် ငွေကြေးနဲ့ပတ်သက်ပြီး ဖောက်ပြန်တာ၊ အလောင်းအစားနဲ့ပတ်သက်ပြီး ဖောက်ပြန်တာ၊ ဒါတွေလောက်ကို ပြောတတ်ကြလိမ့်မယ်။ အမှန်စင်စစ်တော့ စာရိတ္တမင်္ဂလာရဲ့ နယ်နိမိတ်ဟာ ဒါထက် ကျယ်ဝန်းတယ်။

နှစ်ပေါင်း အတော်ကြာလောက်တုန်းက ရုပ်ရှင်ကားတစ်ကားကို ကျုပ် ကြည့်ဖူးတယ်။ ဒီကားဟာ ကျောင်းသားသူငယ်ကလေးတွေကို စာရိတ္တမင်္ဂလာ ကြံ့ခိုင်အောင် လုပ်ပေးနေတဲ့ အကြောင်းတွေကို ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားဖြစ်တယ်။ ဒီရုပ်ရှင်ကားရဲ့ တစ်နေရာမှာ ဆရာတပည့်နှစ်ယောက် ရွာတစ်ရွာကို အလည်သွားကြတဲ့အကြောင်း ပြထားတယ်။ ဒီရွာရဲ့ အိမ်တစ်အိမ်ရှေ့ကိုရောက်တော့ ရေစည်ပိုင်း တစ်ခုပေါ်က ရေခွက်တစ်လုံး မြေကြီးပေါ်ကျနေတာကို တွေ့ရတယ်။ တပည့်လုပ်တဲ့ သူက အမှတ်တမဲ့ ရေခွက်ကိုကျော်ပြီး လျှောက်သွားတာပဲ။ ဒီအခါမှာ ဆရာက တပည့်ကိုပြန်ခေါ်ပြီး ရေခွက်ကို ရေစည်ပိုင်းပေါ် ပြန်အတင်ခိုင်းတယ်။ အမှန်စင်စစ်ဆိုရင် စာရိတ္တမင်္ဂလာရဲ့ နယ်နိမိတ်ထဲမှာ ဒီလို ရေခွက်ကျနေတာကို ကောက်မတင်ဘဲ ကျော်သွားမိတဲ့ အင်မတန်သေးငယ်တဲ့ အမှုအခင်းကလေးတွေကစပြီး ငွေနဲ့၊ မိန်းမနဲ့ သေရည်သေရက်နဲ့ အလောင်းအစားနဲ့ပတ်သက်ပြီး ဖောက်ပြန်ကြတဲ့ အမှုအခင်းကြီးတွေအထိ အမှုအခင်းပေါင်း ထောင်သောင်းနဲ့ချီပြီး ပါဝင်ကြတယ်။

ဒီအမှုအခင်း ထောင်သောင်းတွေဟာ ဘာတွေလဲဆိုတာကို တစ်ခုစီ ရေတွက်ပြနေရရင် တော်တော်နဲ့ ပြီးမှာမဟုတ်ဘူး။ ဒီတော့ စာရိတ္တမင်္ဂလာ ကြံ့ခိုင်တယ်ဆိုတာဟာ ဘယ်လိုဟာလဲ။ စာရိတ္တမင်္ဂလာပျက်ပြားတယ်ဆိုတာဟာ ဘယ်လိုဟာလဲဆိုတာကို သဘောပေါက်အောင် အကျဉ်းချုပ်အားဖြင့် ကျုပ် ပြောပြပါမယ်။ ကိစ္စတစ်ခုဟာ...

(၁) မှန်တယ်၊ အကျိုးရှိမယ်၊ တစ်ဖက်သား နာလိုမယ်။ အဲဒီကိစ္စမျိုးကို ပြောဖြစ်

mgyoe.com

mgyoe.com


အောင်လည်း ပြောရမယ်၊ လုပ်ဖြစ်အောင်လည်း လုပ်ရမယ်။

(၂) မှန်တယ်၊ အကျိုးရှိမယ်၊ တစ်ဖက်သား မနာလိုဘူး၊ အဲဒီကိစ္စမျိုးကို ပြောဖြစ်အောင်လည်း ပြောရမယ်၊ လုပ်ဖြစ်အောင်လည်း လုပ်ရမယ်။

(၃) မှန်တယ်၊ အကျိုးမရှိဘူး၊ တစ်ဖက်သား မနာလိုဘူး၊ ဒီကိစ္စမျိုးကို မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

(၄) မမှန်ဘူး၊ အကျိုးရှိမယ်၊ တစ်ဖက်သား နာလိုမယ်၊ ဒီကိစ္စမျိုးကိုလည်း မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

(၅) မမှန်ဘူး၊ အကျိုးမရှိဘူး၊ တစ်ဖက်သား နာလိုမယ်၊ ဒီကိစ္စမျိုးကိုလည်း မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

(၆) မမှန်ဘူး၊ အကျိုးမရှိဘူး၊ တစ်ဖက်သား မနာလိုဘူး၊ ဒီကိစ္စမျိုးကိုလည်း မပြောဖြစ်အောင်၊ မလုပ်ဖြစ်အောင် ရှောင်ရမယ်။

ဒီနေရာမှာ အချက်တစ်ခုကို လေးလေးနက်နက် ပြောချင်တယ်။ မပြောရဘူး၊ မလုပ်ရဘူးဆိုတဲ့ ကိစ္စတွေကို ရှောင်နိုင်ရုံလောက်နဲ့လည်း မလုံလောက်သေးဘူး။ စာရိတ္တကြံ့ခိုင်ချင်တယ်ဆိုရင် ပြောဖြစ်အောင်လည်းပြော၊ လုပ်ဖြစ်အောင်လည်း လုပ်ဆိုတဲ့ ကိစ္စတွေကို ပြောဖြစ်အောင်လည်း ပြောရမယ်၊ လုပ်ဖြစ်အောင်လည်း လုပ်ရမယ်၊ မပြောရဘူး၊ မလုပ်ရဘူးဆိုတဲ့ အတန်းအစားတွေထဲမှာပါတဲ့ကိစ္စတွေကို ကျူးလွန်မှသာ စာရိတ္တပျက်တာ မဟုတ်ဘူး။ ပြောဖြစ်အောင်လည်းပြော၊ လုပ်ဖြစ်အောင်လည်းလုပ်ဆိုတဲ့ နယ်နိမိတ်အတွင်းမှာရှိတဲ့ ကိစ္စတွေကို မပြောဘဲ၊ မလုပ်ဘဲ နေရင်လည်း စာရိတ္တမဏ္ဍိုင်ပျက်စီးချို့တဲ့တယ်လို့ ခေါ်တာပဲ။

အခုပြောခဲ့တာတွေကို ကြည့်လိုက်ရုံနဲ့ စာရိတ္တမဏ္ဍိုင်ရဲ့နယ်နိမိတ်ဟာ ဘယ်လောက်အထိ ကျယ်ဝန်းတယ်ဆိုတာကို မင်းတို့ သိနိုင်ပြီ။ ဒီတော့ နိုင်ငံတစ်နိုင်ငံရဲ့ မဏ္ဍိုင်ကြီးတွေထဲမှာ စာရိတ္တမဏ္ဍိုင်ဟာ နိုင်ငံရဲ့တည်တံ့ခိုင်မြဲရေး၊ တိုးတက်ကြီးပွားရေးတို့အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာကို အကျဉ်းချုံးပြီး ကြည့်လိုက်ကြဦးစို့။

နိုင်ငံတစ်နိုင်ငံဟာ ကျန်းမာရေးမဏ္ဍိုင်၊ ပညာရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ စည်းလုံးရေးမဏ္ဍိုင်ဆိုတဲ့ မဏ္ဍိုင်ကြီးတွေ ဘယ်လောက်ပဲ အင်အားတောင့်တင်းနေပေစေ၊ စာရိတ္တမဏ္ဍိုင်ကြီး တစ်ခုတည်း ချို့တဲ့ပျက်စီးရုံနဲ့ ဒီနိုင်ငံဟာ အဖိုးမထိုက် တန်တဲ့နိုင်ငံ၊ မတိုးတက်တဲ့နိုင်ငံ၊ တည်တံ့ခိုင်မြဲရေးမရှိတဲ့ နိုင်ငံဖြစ်နိုင်တယ်။ ဥပမာ... အင်မတန်ကောင်းတဲ့ ကျန်းမာရေးနဲ့လည်း ပြည့်စုံတယ်။ ရုပ်ရည်ရူပကာယကလည်း ပြေပြစ်ချောမောလို့ အလှပြိုင်ပွဲမှာ ပထမဆုရတယ်။ ပညာဘက်မှာဆိုရင်လည်း မဟာဝိဇ္ဇာကို ဂုဏ်ထူးနဲ့အောင်တယ်။ ပစ္စည်းကလည်း သိန်းလေးဆယ်လောက် ချမ်းသာတယ်။ ဆွေမျိုးဉာတကာရဲ့ အင်အားကလည်း အင်မတန် တောင့်တင်းတယ်။ ဒါပေမဲ့ စာရိတ္တမဏ္ဍိုင်ကျတော့ သီဟဇာဟုမယ်တော်က အစ်မကြီးခေါ်ရတဲ့ဟာမျိုးဆိုရင် ဒီမိန်းကလေးဟာ တန်ဖိုးရှိတဲ့

mgyoe.com

mgyobe.com

မိန်းကလေး ဖြစ်နိုင်ပါဦးမလား။ သူ့ရဲ့ ရုပ်ရည်ရူပကာယ၊ သူ့ရဲ့ မဟာဝိဇ္ဇာဂုဏ်ထူး၊ သူ့ရဲ့ သိန်းလေးဆယ်၊ သူ့ရဲ့ ဆွေမျိုးအင်အားတွေဟာ တန်ဖိုးရှိပါဦးတော့မလား။ လူကောင်းသူကောင်းထဲက သူ့ကို အတည်တကျ အိမ်ထောင်ပြုဝံ့မယ့်လူ ပေါ်ပေါက်နိုင်ပါဦးမလား။ ဒါကို ကြည့်ခြင်းအားဖြင့် စာရိတ္တမဏ္ဍိုင်ဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာ ထင်ရှားနေပြီ။

အခုပြောခဲ့တဲ့အတိုင်း အင်မတန်ကို ကျယ်ဝန်းပြီး နိုင်ငံတစ်နိုင်ငံရဲ့ မဏ္ဍိုင်ကြီးတွေထဲမှာ အရေးကြီးဆုံး မဏ္ဍိုင်ကြီးဖြစ်နေတဲ့အတွက် နယ်ချဲ့သမားတွေရဲ့ လက်အောက်ကိုမရောက်ဘဲ ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေနိုင်ကြတဲ့ နိုင်ငံတွေမှာဆိုရင် စာရိတ္တမဏ္ဍိုင်ကြီးကို ပုခက်တွင်းကတည်းကစပြီး တည်ဆောက်ပေးဖို့ နည်းမျိုးစုံနဲ့ ဝိုင်းဝန်းကြိုးစားကြတယ်။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ရေးအတွက် အတန်းထဲမှာ သင်ရတဲ့ သင်ခန်းစာတွေနဲ့လည်း စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းဝန်းကြံ့ခိုင်အောင် လုပ်ပေးကြတယ်။ ကျောင်းသားအရွယ် လူမမည်ကလေးတွေ ပါဝင်ကပြကြတဲ့ ပြဇာတ်ကလေးတွေနဲ့လည်း စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းဝန်းတည်ဆောက်ပေးကြတယ်။ ကျောင်းရဲ့ကစားကွင်းထဲမှာ ကစားကြတဲ့ ကစားနည်းမျိုးစုံနဲ့လည်း စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းဝန်းပြီး ကြံ့ခိုင်အောင် လုပ်ပေးကြတယ်။ ကလေးတွေအတွက် သီးသန့်ရည်ရွယ်ပြီး ရိုက်ကူးပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေနဲ့လည်း စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းဝန်းပြီး ကြံ့ခိုင်အောင် လုပ်ပေးတယ်။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်တဲ့နေရာမှာ တစ်ကမ္ဘာလုံးက အတုယူရလောက်အောင် ကြီးကျယ်မွန်မြတ်တဲ့ပုဂ္ဂိုလ်ကြီးတွေရဲ့ ကျောက်ရုပ်၊ ကြေးရုပ်တွေ၊ ရုပ်ပုံကားတွေရှိတဲ့ ပြတိုက်တွေကို ခေါ်သွားခြင်းအားဖြင့်လည်း စာရိတ္တမဏ္ဍိုင်ကြီးကို ဝိုင်းဝန်းပြီး တည်ဆောက်ပေးကြတယ်။ ဒါတွေတင်မကသေးဘူး။ ကျောင်းလွှတ်လို့ အိမ်ပြန်ရောက်တဲ့အခါ စာရိတ္တမဏ္ဍိုင်ကိုဆက်လက်ပြီး တည်ဆောက်ပေးနိုင်ရေးအတွက် မိဘတွေရဲ့အကူအညီကိုလည်း တောင်းယူလိုက်ကြသေးတယ်။

ဒီနည်းတွေနဲ့၊ ကိုယ့်အမျိုးနဲ့၊ ကိုယ့်နိုင်ငံကို နှစ်နှစ်ကာကာ ချစ်တဲ့ စိတ်ဓာတ်တွေ၊ ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံအတွက် အသက်စွန့်ဖို့ ဝန်မလေးတဲ့ စိတ်ဓာတ်တွေ၊ အမေကျော် ဒွေးတော်လွမ်းရမှာကို ရှက်တတ်တဲ့ စိတ်ဓာတ်တွေ၊ ကိုယ်ထူးကိုယ်ချွန်ချင်တဲ့ စိတ်ဓာတ်တွေ၊ စည်းကမ်းရဲ့ တန်ဖိုးကို သိတတ်တဲ့ စိတ်ဓာတ်တွေ၊ အချိန်ကို လေးစားတဲ့ စိတ်ဓာတ်တွေ၊ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းရွက်တဲ့ စိတ်ဓာတ်တွေ၊ အများအကျိုးအတွက် သယ်ပိုးရွက်ဆောင်လိုတဲ့ စိတ်ဓာတ်တွေ၊ ကိုယ့်ထက် အားငယ်တဲ့ပုဂ္ဂိုလ်တွေအပေါ်မှာ ကြင်နာသနားတတ်တဲ့ စိတ်ဓာတ်တွေ၊ တစ်ဖက်သားက ယုံလို့ ပုံအပ်ထားတဲ့ ယုံကြည်ချက်ကို သစ္စာဖောက်ရမှာ ရှက်တတ်တဲ့ စိတ်ဓာတ်တွေ၊ ကိုယ်က အနိုင်ရနေတဲ့ အခါမှာ စိတ်ဓာတ်တွေ အဆမတန် ကျမသွားဖို့ ထိန်းသိမ်းပေးနိုင်တဲ့စိတ်ဓာတ်တွေ အစရှိတဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ခိုင်ခံ့သထက် ခိုင်ခံ့အောင် ပြုလုပ်ပေးနိုင်တဲ့ စိတ်ဓာတ်တွေ

mgyobe.com

mgyoe.com


ကို နယ်ချဲ့သမားလက်အောက် မရောက်ဘဲ ကုယ့်မင်းကိုယ့်ချင်းနဲ့ နေနိုင်တဲ့နိုင်ငံတွေမှာ နည်းမျိုးစုံတွေနဲ့ မြေတောင်မြှောက်ပေးကြတာပဲ။

"ဗြိတိသျှလူမျိုးတွေဟာ ဘယ်တိုက်ပွဲတွေမှာပဲရှုံးရှုံး၊ နောက်ဆုံးတိုက်ပွဲမှာတော့ အမြဲတမ်း နိုင်တယ်" ဆိုတဲ့ စကားဟာ ဖြုန်းခနဲ ကြည့်လိုက်ရင် ဝါကြွားတဲ့စကားလိုလို ထင်ရပေမယ့် အမှန်စင်စစ်ဆိုတော့ သက်သေခံအထောက်အထားများက မှန်တယ်လို့ အတိအလင်းထောက်ခံထားတဲ့ စကားရပ်ကြီး ဖြစ်တယ်။ ဒီလိုအနိုင်ရခဲ့တာတွေဟာ တခြားဟာတွေကြောင့် ဒါလောက်မဟုတ်ပါဘူး။ ဗြိတိသျှတို့ရဲ့စာရိတ္တမဏ္ဍိုင်ကြီးဟာ အစွမ်းကုန် တောင့်တင်းနေလို့လည်း ဖြစ်တယ်။

ကိုယ့်မင်းကိုယ်ချင်းနဲ့နေနိုင်တဲ့ နိုင်ငံတွေမှာ စာရိတ္တမဏ္ဍိုင်ကြီးရဲ့ တောင့်တင်းခိုင်မာရေးအတွက် နည်းမျိုးစုံတွေနဲ့ ဝိုင်းဝန်းတည်ဆောက်ကြတာကို ကျုပ်တို့ တွေ့ရပြီ။ ကျုပ်တို့ နိုင်ငံမှာတော့ စာရိတ္တမဏ္ဍိုင်ကြီး ကြံ့ခိုင်ရေးအတွက် နယ်ချဲ့သမားတွေရဲ့ တစ်လက်ထက်လုံးမှာ ဘယ်လောက်များ တည်ဆောက်ခဲ့ကြသလဲ။ ဒီအဖြေကိုတော့ ခပ်ရှင်းရှင်းပဲ ဖြေရလိမ့်မယ်။ နယ်ချဲ့သမားတွေဟာ သူတို့ရဲ့ ဆွေတွေမျိုးတွေကို ပစ်ပြီး မိုင် ၆,၀၀၀ ကျော်ကွာတဲ့ ကျုပ်တို့ ဗမာနိုင်ငံကိုလာပြီး အုပ်စိုးတာဟာ ဗမာတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်အောင် တည်ဆောက်ပေးဖို့ လာပြီး အုပ်စိုးတာ မဟုတ်ပါဘူး။ ကျုပ်တို့ နိုင်ငံက အဆီအနှစ်တွေကို ရနိုင်တဲ့နည်းတွေနဲ့ ယူဖို့လာခဲ့ကြတာပဲ။ အနို့ပြီးတော့လည်း ဗမာ့စာရိတ္တမဏ္ဍိုင်ကြီး ကြံ့ခိုင်လို့ ဗမာတွေဟာ ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံကို နှစ်နှစ်ကာကာ ချစ်နေကြရင် ကိုယ့်အမျိုးနဲ့ ကိုယ့်နိုင်ငံအတွက် အသက်စွန့်ဖို့ ဝန်မလေးတဲ့စိတ်ဓာတ်တွေ တဖွားဖွား ပေါ်ပေါက်နေကြတယ်။ အမေကျော် ဒွေးတော်လွမ်းရမှာကို တကယ်တမ်း ရှက်တတ်နေကြရင် ကိုယထူးကိုယ်ချွန်တဲ့စိတ်ဓာတ်တွေ ရင့်သန်နေကြရင် စည်းကမ်းရဲ့ တန်ဖိုးကို တကယ်တမ်း သိနေကြရင် အများအကျိုးအတွက် သယ်ပိုးရွက်ဆောင်နေတဲ့ စိတ်တွေ တစ်နိုင်ငံလုံး ပျံ့နှံ့ကြမယ်ဆိုရင် နယ်ချဲ့သမားတွေဟာ ဒီနိုင်ငံကို ဘယ်လိုလုပ်ပြီး အုပ်ချုပ်လို့ရတော့မှာလဲ။ ဒီနိုင်ငံမှာ ဘယ်လိုကြာရှည်နေနိုင်တော့မှာလဲ။ ဒီနိုင်ငံရဲ့ အဆီအနှစ်တွေကို ဘယ်လိုလုပ်ပြီး ရအောင်ယူနိုင်တော့မှာလဲ။

ဒီတော့ ဒီနိုင်ငံအပေါ်မှာ ထားရှိတဲ့ သူတို့ရဲ့ ရည်ရွယ်ချက်နဲ့ဝါဒကို ထိခိုက်စေမယ့် စာရိတ္တမဏ္ဍိုင် တည်ဆောက်ရေးလုပ်ငန်းကို ဒီနယ်ချဲ့သမားတွေဟာ အလကားသက်သက် အမိုက်ခံပြီး လုပ်ပေးကြပါမလား။ လုပ်မပေးပါဘူး။ မျက်ဖြူဆိုက်လေ ဆရာကြိုက် လေဆိုတဲ့ စကားအတိုင်း တို့ရဲ့ စာရိတ္တမဏ္ဍိုင်ကြီး ပျက်စီးလေလေ ဒီနယ်ချဲ့သမားတွေက ကြိုက်လေလေဖြစ်မှာပေါ့။ ဒီတော့ တို့တစ်တွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ခိုင်ခံ့သထက် ခိုင်ခံ့လာအောင် တည်ဆောက်မပေးတဲ့အပြင် နည်းပရိယာယ် အမျိုးမျိုးတွေနဲ့တောင် တို့တစ်တွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ဒီနယ်ချဲ့သမားတွေဟာ ကြိုးစားပြီး ဖျက်ဆီးပစ်ကြ

mgyoe.com

လိမ့်ဦးမယ်။ ဘယ်လိုနည်းပရိယာယ်နဲ့ ဖျက်ဆီးတယ်ဆိုတာကိုတော့ ဒီကနေ့ မပြောတော့ဘူး။ အင်မတန် ရှည်သွားလိမ့်မယ်။

အဲသလို သူတို့က ဖျက်ဆီးပစ်လို့ ပျက်စီးရတဲ့အထဲမှာ သူတို့ရဲ့ နယ်ချဲ့စနစ်ကြောင့် စီးပွားရေးကျပ်တည်း ကျဉ်းမြောင်းလာတဲ့အတွက် အူမမတောင့်လို့ သီလမစောင့်နိုင်ကြတော့ဘဲ စာရိတ္တပျက်ပြားကြတာတွေဟာလည်း တစ်ပုံကြီးပဲ။ အမျိုးသမီးကလေးတွေ ပြည့်တန်ဆာမဖြစ်သွားကြရတာတွေ၊ အစကတော့ လူကောင်းပဲ၊ သားတွေ၊ သမီးတွေ ငတ်ပြတ်ပြီး တငိုငို၊ တယိုယိုဖြစ်နေတာ မြင်တော့ စိတ်မထိန်းနိုင်တော့ဘဲ ဓားဆွဲပြီးတိုက်ရင်းက တဖြည်းဖြည်းနဲ့ သူခိုးကြီး၊ ဓားပြကြီးဖြစ်လာကြရတာတွေ၊ ဒါတွေဟာ အူမ မတောင့်တဲ့အတွက် သီလမစောင့်နိုင်တဲ့သာကေကြီးတွေပဲ။ ဒါတွေကို တစ်ခုစီလျှောက်ပြောနေရင်လည်း ဒီကနေ့ ပြီးတော့မှာ မဟုတ်ဘူး။ အင်မတန် ရှည်သွားလိမ့်မယ်။

ဒါပေမဲ့ တို့တစ်တွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီး ဘယ်လောက်အထိ ပျက်စီးခဲ့ရတယ်ဆိုတာကိုတော့ မင်းတို့ တွေးကြည့်နိုင်အောင် အကျဉ်းချုံးပြီး ကျုပ် ပြောပြပါမယ်။ ဒီလိုသဘောပေါက်နိုင်ဖို့အတွက် သီပေါမင်းလက်ထက်မှာ ဗမာနိုင်ငံကို နယ်ချဲ့သမားတွေသိမ်းပိုက်ပြီးတဲ့နောက် များမကြာမီ မြန်မာကဗျာဆရာကြီး အချုပ်တန်း ဆရာဖေ ရေးသွားခဲ့တဲ့ တေးထပ်တစ်ပုဒ်ကို ကျုပ် ရွတ်ပြပါမယ်။

မြန်မာတွေ စည်းကမ်းဖောက်လို့၊ ထီးနန်းပျောက်ဖြစ်ပြီ၊ နည်းလမ်းမှောက် အသစ်မှီသည်၊ ညစ်ပလီလူမျိုး။ ။ မိပစ်လို့ ဖရောင်သွေတယ်၊ ခွကောင်တွေ ခွေးဖြစ်ပေါ့မျိုး။ ။ မြန်မာချင်း ကြွားကြချင်၊ ဓားပြသွင်လူဆိုး၊ ကုလားမြင် သူ့မေ (ရိုး)၊ ခုမြေလျှိုးပုန်းရှောင်၊ မိုက်မနော် ပြုမပေးတို့က၊ သူ့ပထွေးတော့ ခွေးသို့ မပေါင်၊ ပြောရှေ့ပဲ့ ရာဇဝင်ပြောင်အောင်၊ စာသင်တောင် ဒူးချလို့၊ ပလူးရ ပြေးကြို့ကာ၊ ခွေးသို့ပမာ၊ တွေးမိတိုင်း အရိုးနာသည်၊ အမျိုးပါ ဆဲချင်တော့လေး။

ဒီတေးထပ်တစ်ပုဒ်နဲ့ပဲ ဒီအချိန်အခါက မျိုးချစ်စိတ်ဓာတ် ခန်းခြောက်နေပုံ၊ အမေကျော် ဒွေးတော်လွမ်းပုံ၊ ဇာတိသွေး ဇာတိမာန်ပျက်ပြားပုံ အစရှိသည်တို့ကို မင်းတို့တစ်တွေ ပြေးပြီးတော့ မြင်လိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ နယ်ချဲ့စနစ်ဆိုတာဟာ မင်းတို့သိကြတဲ့အတိုင်းပဲ။ အဖျက်အဆီးမှာ အင်မတန်မြန်တယ်။ ဒီတော့ ဟိုတစ်ချိန်အခါတုန်းကတောင် တို့တစ်တွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီးဟာ ဒီလောက်ထိ ပျက်ပြားနေတယ်ဆိုရင် ခုနေအခါမျိုးမှာ ဘယ်လောက်အထိ ရစရာမရှိအောင် ပျက်ပြားနေလိမ့်မယ်ဆိုတာကို မင်းတို့ပဲ တွေးကြည့်ကြပေတော့။

ခုနေအခါ တို့တစ်တွေဟာ လွတ်လပ်တယ်ဆိုပေမယ့် တို့လက်ထဲမှာရှိတဲ့ လွတ်လပ်ရေးဟာ လေးနှစ်သားတောင် မပြည့်သေးဘူး။ ဒီတော့ နယ်ချဲ့သမားတွေလက်အောက်မှာ နှစ်ပေါင်းတစ်ရာကျော်လောက် ခံခဲ့ရတဲ့ဒဏ်တွေဟာ ခုထက်ထိ မပြေကြ

mgyoe.com

mgyoe.com


သေးဘူး။ ဒဏ်တွေ မပြေရုံသာမကသေး၊ ဘူးလေးရာ ဖရုံဆင့်ဆိုသလို လွတ်လပ်ရေးရပြီးလို့ သုံးလလောက်အကြာကစပြီး ခုထက်ထိ ရောင်စုံသူပုန်တွေက နည်းမျိုးစုံနဲ့ ဆူပူသောင်းကျန်းကြတဲ့အတွက် အတော်ကြီးကို ပျက်စီးခဲ့တဲ့ တို့ရဲ့ စာရိတ္တမဏ္ဍိုင်ကြီးဟာ ရစရာမရှိတဲ့ အခြေအနေကို ပြန်ပြီးရောက်သွားတယ်။

တစ်နိုင်ငံလုံးကို ပြန်မကြည့်ဘဲ အလွန်ကျဉ်းမြောင်းသေးတဲ့ မင်းတို့ရဲ့ တက္ကသိုလ်တစ်ဝိုက်ကို ကြည့်ရင်ပဲ ခြစားနေတဲ့ စာရိတ္တမဏ္ဍိုင်ကြီးရဲ့အရိပ်အယောင်ကို မင်းတို့ကိုယ်တိုင် တွေ့နိုင်ကြသားပဲ။ ကျောင်းသားအချင်းချင်း တစ်ယောက်ကိုတစ်ယောက် အပါးတင်ကြတာတွေ၊ ထမင်းဝိုင်းစားတဲ့အခါမှာ စားဖော်စားဖက်ချင်း မျှမျှတတ စားကြရအောင် သဘောမထားဘဲ ကိုယ်ဝရင်ပြီးရောဆိုတဲ့သဘောနဲ့ လောဘတကြီး စားသွားကြတာတွေ၊ သူများတစ်တွေ အိပ်ချိန်မှန်း၊ စာကျက်ချိန်မှန်းမသိ စကားတွေ ကျယ်ကျယ်လောင်လောင်ပြော၊ ခုံဖိနပ်သံ တဂေါက်ဂေါက်၊ သီချင်းသံ တညည်းနဲ့ တစ်ဖက်သားကို အနှောင့်အယှက်ပေးနေတာတွေ၊ ကျောင်းသူကလေးတွေကို မဟားတရားလိုက်ပြီး လုပ်နေကြတာတွေ၊ ဒါတွေဟာလည်း စာရိတ္တမဏ္ဍိုင် ပျက်ပြားနေတာပဲ။

မင်းတို့ရဲ့ တက္ကသိုလ်နယ်နိမိတ်က အပြင်ဘက်ကိုလှမ်းပြီး ကြည့်လိုက်ရင်လည်း လူတန်းစားအမျိုးမျိုးရဲ့ စာရိတ္တမဏ္ဍိုင်ဟာ ခြအမျိုးမျိုး စားနေတာကို မင်းတို့ တွေ့ကြရလိမ့်မယ်။ တချို့က အဝေးကြီး လှမ်းမကြည့်ကြဘူး။ မျက်မွေးတစ်ဆုံးကိုသာ ကြည့်ပြီး တိုင်းပြည် ခဏခဏ ပျက်ပေးစေချင်ကြတယ်။ ဒီလိုပျက်မှလည်း သူတို့အတွက် လုလို့ယက်လို့ ကောင်းမှာကို။ တချို့ကလည်း ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ သဘောနဲ့ နည်းအမျိုးမျိုးသုံးပြီး ငွေရအောင် အတွင်ရှာကြတာပဲ။ တချို့ကလည်း လက်ထဲကိုင်ထားရတဲ့ အာဏာတွေကို အခွင့်ကောင်းရသလောက် အလွဲသုံးစား လုပ်နေကြတာပဲ။ တချို့ကလည်း အာဏာရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ဘနဖူး သိုက်တူးရတဲ့ အလုပ်မျိုးပင်ဖြစ်ပါစေ၊ လုပ်တော့ မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ဟိုမျက်စပစ်၊ ဒီမျက်စပစ်၊ ဟိုလက်ယပ်ခေါ်၊ ဒီလက်ယပ်ခေါ်နဲ့ ထင်ရာတွေ လျှောက်စိုင်းနေကြတော့တာပဲ။

ခုအခါ ဘယ်လိုများ ဖြစ်နေကြတယ်ဆိုတာ မသိတော့ဘူး။ သူတို့ရဲ့ မျက်မွေးတစ်ဆုံးကိုသာ ကြည့်ပြီး ငမ်းငမ်းတက် ဖြစ်နေကြတာပဲ။ ဒီလူတွေဟာ ပြည်ထောင်စုကြီးပျက်မှာလည်း မကြောက်ဘူး။ ပြည်ထောင်စုကြီးပျက်ရင် သူတို့ပါရောပြီး ပျက်စီးရမှာကိုလည်း ဂရုမစိုက်ဘူး။ ပြည်ထောင်စုကြီးနဲ့ သူတို့ပါ ပျက်စီးပြီးတဲ့နောက် သူတို့ရဲ့နာမည်ပျက်ကြီးဟာ ကမ္ဘာမှာ ဥဒါန်းတွင်ပြီး ကျန်ရစ်မှာကိုလည်း သူတို့ မတွေးနိုင်ကြဘူး။ အဓမ္မစနစ်နဲ့ရတဲ့ အာဏာတွေ၊ စည်းစိမ်တွေ၊ တန်ခိုးတွေ၊ ပစ္စည်းတွေရဲ့ သက်တမ်းဟာ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်လောက်ဖြစ်ပြီး ဒီအဓမ္မစနစ်ကြောင့် သူတို့ခံရမယ့် သံသရာရဲ့ သက်တမ်းဟာ အဆမတန် ရှည်လျားတယ်ဆိုတဲ့အချက်ကြီးကိုလည်း သူတို့ ဘယ်နည်းနဲ့မှ

mgyoe.com

mgyoe.com


သိတော့မှာ မဟုတ်ဘူး။ အခု ပြောခဲ့တာတွေဟာ တို့တစ်တွေရဲ့ လက်ရှိစာရိတ္တမဏ္ဍိုင်ကြီးကို မင်းတို့ တွေးကြည့်နိုင်အောင် အကျဉ်းအားဖြင့် ကျုပ် ဖော်ပြလိုက်တာပဲ။

စာရိတ္တမဏ္ဍိုင်ကြီးပြီးတဲ့နောက် မဏ္ဍိုင်ကြီးငါးခုတွင် နောက်ဆုံးမဏ္ဍိုင်ကြီးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးရေး မဏ္ဍိုင်ကြီးရဲ့အကြောင်းကို ကျုပ် ပြောတော့မယ်။ ဒီမဏ္ဍိုင်ရဲ့ အကြောင်းကတော့ သိဖို့ အင်မတန် လွယ်ပါတယ်။ ဒါကြောင့် ကျုပ် အရှည်ကြီးပြောနေဖို့ မလိုပါဘူး။ နယ်ချဲ့စနစ်ကြီး ထမြောက်အောင်မြင်ရေးအတွက် နယ်ချဲ့သမားသုံးတဲ့ အကြီးဆုံး လက်နက်ကြီးဟာ ခွဲပြီးအုပ်စိုးတဲ့ လက်နက်ပဲ ဖြစ်တယ်။ ဒီတော့ တို့နိုင်ငံမှာ နယ်ချဲ့စနစ်ကြီး ထမြောက်အောင်မြင်ရေးအတွက် နယ်ချဲ့သမားတွေဟာ ခွဲပြီး အုပ်စိုးရတယ်ဆိုတဲ့ ဒီလက်နက်ကြမ်းကြီးကို ဧကန်သုံးရမှာပဲ။ နယ်ချဲ့သမားတို့ရဲ့ ဒီလက်နက်ကြမ်းကြီးကြောင့် သူတို့အုပ်စိုးသွားတဲ့ နှစ်ပေါင်းတစ်ရာကျော်အတွင်းမှာ တို့သွေးချင်းသားချင်း တိုင်းရင်းသားအချင်းချင်းတွေဟာ အိုးမည်းသုတ်ပေးထားတဲ့ အိမ်ကြက်တွေလို ဖြစ်လာကြတယ်။ တစ်ယောက်ကို တစ်ယောက် အထင်လွဲ၊ တစ်ယောက်ကိုတစ်ယောက် မသင်္ကာဖြစ်၊ ကုန်ကုန်ပြောလိုက်မယ်၊ နယ်ချဲ့သမားတွေရဲ့လက်အောက်မှာတုန်းက သွေးချင်းသားချင်း တိုင်းရင်းသားအချင်းချင်းတွေဟာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ကြရမှာကလေးကိုတောင် အင်မတန် တာဝန်လေးတဲ့အခြေအနေကို ရောက်လာခဲ့ကြတယ်။

ဒီတော့ အစကပြန်ပြီး ကောက်ရမယ်ဆိုရင် တို့ပြည်ထောင်စုကြီးရဲ့ မဏ္ဍိုင်ကြီးငါးခုရှိတဲ့အနက် ကျန်းမာရေးမဏ္ဍိုင်ရော၊ တိုင်းရင်းသား စည်းလုံးရေးမဏ္ဍိုင်ရော၊ ဒီမဏ္ဍိုင်ကြီး ငါးခုစလုံးဟာ ဗြိတိသျှ အစိုးရဆီက တို့တစ်တွေက အာဏာလွှဲယူလိုက်ရတဲ့ အချိန်အခါမှာ အပျက်ကြီး ပျက်နေတယ်ဆိုတာကို မင်းတို့ မြင်ကြရပြီ မဟုတ်လား။ အိမ်တိုင်တွေမခိုင်လို့ အိမ်ကြီးယိုင်နေရတဲ့ဟာကို ဘာမှ အံ့သြစရာမရှိသလို ဟိုကထောင်၊ ဒီကထနဲ့ မငြိမ်မသက်ဖြစ်နေရတာဟာလည်း ဘာမှအံ့သြစရာ မရှိဘူး။ ဆားများများစားရင် ရေငတ်တယ်။ ရေငတ်ရင် ရေမကြာခဏ သောက်ရမှာ ဓမ္မတာပဲ။ ဒီလိုပဲ နယ်ချဲ့စနစ် အောက်ကိုရောက်လာရရင် တို့နိုင်ငံပဲဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံပဲဖြစ်ဖြစ်၊ အမေရိကန်နိုင်ငံ ပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံပဲဖြစ်ဖြစ် ဒီနိုင်ငံတော့ မသက်သာပြန်ဘူး။ တို့ပြည်ထောင်စု မြန်မာ နိုင်ငံကြီး အခုဖြစ်နေရသလို ဟိုကထောင်၊ ဒီကထနဲ့ တလှုပ်လှုပ်၊ တရွရွနဲ့ ဖြစ်နေကြရမှာပဲ။

ဒီတော့ ရေမျက်နှာပြင်လို မငြိမ်မသက်ဖြစ်နေတဲ့ တို့ပြည်ထောင်စုကြီးကို မြေမျက်နှာပြင်လို တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုကြီးဖြစ်လာစေချင်တယ်ဆိုရင် တို့တစ်တွေ အတွက် တခြားလမ်း မရှိဘူး။ ခြစားနေတဲ့ ဒီမဏ္ဍိုင်ကြီးငါးခုကို တို့ပြည်ထောင်စုသား တွေကိုယ်တိုင် အစွမ်းကုန်ဝိုင်းပြီး ခိုင်ခံ့အောင် တည်ဆောက်ပေးဖို့ လမ်းတစ်လမ်းတည်းပဲ ရှိတယ်။ တိုင်းပြည်မငြိမ်မသက်နဲ့ နေရထိုင်ရတာ သိပ်စိတ်ညစ်စရာကောင်းတာပဲကွာလို့ ညည်းနေရုံနဲ့ မပြီးဘူး။ ငြိမ်းချမ်းရေးရအောင် မြန်မြန်လုပ်ပေးပါလို့ အစိုးရကို တောင်းဆိုနေ

mgyoe.com

mgyoe.com


ရုံနဲ့လည်း မပြီးသေးဘူး။ ဒီဟာတွေ လုပ်နေကြခြင်းအားဖြင့် ပိုပြီး ဆိုးသွားချင်သာ ဆိုးသွားမယ်။ ကုန်ကုန်ပြောလိုက်မယ်။ သေနတ်တွေနဲ့ တဒိန်းဒိန်း၊ တဒိုင်းဒိုင်း တစ်ပစ်တည်း ပစ်နေရုံနဲ့လည်း မပြီးသေးဘူး။ သေနတ်နဲ့ တည်တံ့ခိုင်မြဲအောင်လုပ်ထားရတဲ့ နိုင်ငံတစ်နိုင်ငံဟာ သေနတ်ကို ရုပ်သိမ်းလိုက်တဲ့အခါ ဒီနိုင်ငံဟာ ပြိုကျတာပဲ။

တို့ မျှော်မှန်းထားတဲ့ တည်တံ့ခိုင်မြဲရေးက ဒီလို သေနတ်နဲ့ ကျားကန်ထားရတဲ့ တည်တံ့ခိုင်မြဲရေးမျိုး မဟုတ်ဘူး။ သေနတ်ရှိရှိ၊ မရှိရှိ၊ ဘယ်အဖွဲ့အစည်းရှိရှိ၊ မရှိရှိ ဘာမှ မပူရဘူး။ သူ့ဟာနဲ့သူ တည်တံ့ခိုင်မြဲနေနိုင်တဲ့ တည်တံ့ခိုင်မြဲရေးမျိုးကိုမှ တို့က လိုချင်တယ်။ ဒီလို တည်တံ့ခိုင်မြဲရေးမျိုးကိုမှလည်း စိတ်ချရတဲ့ တည်တံ့ခိုင်မြဲရေးလို့ ခေါ်နိုင်တယ်။ ဒီလိုစိတ်ချရတဲ့ တည်တံ့ခိုင်မြဲရေးကို ရနိုင်ရေးအတွက်ဆိုရင်တော့ တို့မှာ တခြားလမ်းမရှိဘူး။ အခုပြောခဲ့တဲ့ခြစားနေတဲ့ မဏ္ဍိုင်ကြီးငါးခုကို ခိုင်ခံ့တဲ့မဏ္ဍိုင်ကြီးတွေ ဖြစ်လာအောင် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်ထောင်စုသားမှန်သမျှ အစွမ်းကုန် ဝိုင်းဝန်းတည်ဆောက်ပေးကြရလိမ့်မယ်။

ဒီလို တည်ဆောက်တဲ့နေရာမှာ လူထုကတော့ အမှန်စင်စစ်မှာ နောက်က လိုက်ပြီး ဆောင်ရွက်ကြရမှာပဲ။ စကားဥပမာအားဖြင့် ပြောရမယ်ဆိုရင် ဒီမဏ္ဍိုင်ကြီးတွေကို တည်ဆောက်တဲ့နေရာမှာ တိုင်သယ်၊ ရွှံ့ပေါ်ထိုး၊ သံရိုက်ဆိုတဲ့ အလုပ် ကြမ်းတွေလောက်သာလုပ်ဖို့ အသုံးချနိုင်မှာ။ ဦးနှောက်ကိုသုံးပြီး ရှေ့တန်းက ခေါင်းဆောင်သွားဖို့ဆိုတဲ့ အလုပ်ကတော့ မင်းတို့တစ်တွေက လုပ်ရမှာပဲ။ ဥပမာ ကျန်းမာရေးမဏ္ဍိုင်ကြီး တည်ဆောက်ဖို့အတွက် ခွဲတဲ့၊ စိတ်တဲ့ဘက်မှာ အင်မတန်ကျွမ်းကျင်တဲ့ဆရာဝန်တွေ လိုတယ်။ ဆေးကုတဲ့ဘက်မှာ အင်မတန် ကျွမ်းကျင်တဲ့ဆရာဝန်တွေ လိုတယ်။ မီးခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းတွေဘက်မှာ ကျွမ်းကျင်တဲ့ဆရာဝန်တွေ လိုတယ်။ သူနာပြုဆရာမတွေ လိုတယ်။ ဝမ်းဆွဲဆရာမတွေ လိုတယ်။ ရောဂါဘယမဖြစ်နိုင်အောင် ကာကွယ်ပေးတဲ့ အတတ်မျိုးစုံကို နားလည်တဲ့ဆရာဝန်တွေ လိုတယ်။ ရောဂါဘယကို တိုက်ဖျက်ရေးအတွက် ပြည်ထောင်စုသားတွေကို အင်အားတောင့်တင်းတဲ့ ဗမာသစ်တွေဖြစ်လာအောင် ဖန်တီးပေးနိုင်တဲ့ အားကစားပါရဂူတွေ လိုတယ်။

ပညာရေးမဏ္ဍိုင် တည်ဆောက်ရေးအတွက် စက်မှုပညာ ကျွမ်းကျင်တဲ့ ပါရဂူတွေ လိုတယ်။ လက်မှုပညာ ကျွမ်းကျင်တဲ့ ပါရဂူတွေ လိုတယ်။ နှုတ်မှုပညာကျွမ်းကျင်တဲ့ ပါရဂူတွေ လိုတယ်။ သိပ္ပံပညာကျွမ်းကျင်တဲ့ ပါရဂူတွေ လိုတယ်။ ရာဇဝင်၊ မဟာဝင်၊ စာပေပရိယတ္တိ အစရှိတာတွေမှာ ကျွမ်းကျင်တဲ့ပါရဂူတွေ လိုတယ်။

စီးပွားရေးမဏ္ဍိုင်ကို တည်ဆောက်တဲ့နေရာမှာလည်း ဘဏ်လုပ်ငန်း၊ ငွေလဲလှယ်ရေးလုပ်ငန်း၊ နိုင်ငံခြားနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ခေတ်မီ စက်ရုံတည်ဆောက်ခြင်း၊ အုပ်ချုပ်ခြင်းအစရှိတဲ့လုပ်ငန်း၊ ဒီလုပ်ငန်းရပ်တွေမှာ ကျွမ်းကျင်တဲ့ ပါရဂူတွေ အများကြီးလိုတယ်။

mgyoe.com

mgyoe.com


စာရိတ္တမဏ္ဍိုင် တည်ဆောက်တဲ့ နေရာမှာလည်း စာရိတ္တမြှင့်တင်ရေးနည်းနာ နိသျှည်းအမျိုးမျိုးကို အထူးကျွမ်းကျင်နားလည်တဲ့ ပါရဂူတွေ လိုတယ်။

စည်းလုံးရေးမဏ္ဍိုင် တည်ဆောက်တဲ့နေရာမှာလည်း အမြင်လည်းကျယ်၊ သဘောထားလည်းကြီး၊ သည်းခံတဲ့ဂုဏ်နဲ့လည်း ပြည့်စုံ၊ လူပေါင်းစုံကလည်း ကြည်ညို လေးစားနိုင်တဲ့ သိက္ခာ၊ သမာဓိနဲ့ပြည့်စုံတဲ့ ခေါင်းဆောင်ကောင်းတွေလိုတယ်။

ဒီပါရဂူတွေ၊ ဒီခေါင်းဆောင်တွေဟာ ဘယ်သူတွေ ဖြစ်နိုင်သလဲ။ ဖိုးသုညတွေထဲ ကတော့ ဒီလို ပါရဂူတွေ၊ ဒီလို ခေါင်းဆောင်တွေ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ဒီလို ပါရဂူတွေ၊ ဒီလို ခေါင်းဆောင်တွေဖြစ်ချင်တယ်ဆိုရင် ပညာတတ်တွေထဲကမှသာ ဖြစ်နိုင် တယ်။ မင်းတို့သာ ဖြစ်နိုင်တယ်။ ဒါကြောင့်မို့လည်း အစိုးရမှာ ငွေကြေးနဲ့ပတ်သက်ပြီး အကြီးအကျယ် အကျပ်အတည်းနဲ့ တွေ့နေပေတဲ့လည်း ပညာရေးအတွက်ကျတော့ ပညာရေး ဌာနက တစ်နှစ်အတွင်း သုံးနိုင်မယ်ဆိုသလောက် ငွေကို မဖြတ်မတောက်ဘဲ ကျုပ်တို့ ထုတ်ပေးခဲ့တယ်။ ကျုပ်တို့တစ်တွေ ပညာရေးကို ဘယ်လိုသဘောထားတယ်ဆိုတာ သိရ အောင် ပညာရေးအတွက် ဗြိတိသျှအစိုးရရှိစဉ်က သုံးခဲ့တဲ့ အသုံးစရိတ်နှင့် ကျုပ်တို့ အခုသုံးတဲ့ အသုံးစရိတ်နှစ်ခုကို ယှဉ်ပြချင်တယ်။

၁၉၃၉–၄၀ ခုနှစ်။ ပညာရေးအတွက် အသုံးပြုငွေ ၉၇၇,၃၀၀၀ိ။
(၎င်းအထဲတွင် တက္ကသိုလ်ထောက်ပံ့ငွေ ၁,၁၁၂,၈၉၀ိ ပါသည်။)
၁၉၅၁–၅၂ ခုနှစ်။ ပညာရေးအတွက် အသုံးပြုငွေ ၅,၈၅၆၂,၀၀၀ိ။
၎င်းအထဲတွင် တက္ကသိုလ် ထောက်ပံ့ငွေ ၅,၀၀၀,၀၀၀ိ ပါသည်။)

ပညာရေးအတွက် ဒီလောက်ပဲ သုံးနိုင်သေးတာကို ကျုပ်တို့ မကျေနပ်သေးပါဘူး။ ပြည်ထောင်စုရဲ့ အခြေအနေ သာသာယာယာဖြစ်လာတာနဲ့အမျှ အစိုးရဝင်ငွေ ကောင်းလာ တာနဲ့အမျှ မဏ္ဍိုင်ကြီးငါးခုကို ရှေ့တန်းကနေပြီး တည်ဆောက်ပေးကြမယ့် သားကောင်း ရတနာများ၊ သမီးကောင်းရတနာများကို ဖန်တီးပေးမယ့် ပညာရေးအတွက်ကိုတော့ အသုံး စရိတ်ကို တိုးချဲ့သွားမှာပဲ။

အမှန်အတိုင်းပြောရရင် ဒီမဏ္ဍိုင်ကြီးငါးခုကို စနစ်တကျ တည်ဆောက်ရေး အတွက် စီမံကိန်းတွေကိုတော့ ရေးဆွဲပြီးကုန်ပါပြီ။ တချို့နေရာတွေမှာဆိုရင် တို့မှာ စွမ်းအား ရှိသလောက် စတင်ဆောင်ရွက်နေကြပါပြီ။ ဒါပေမဲ့ ဒီစီမံကိန်းကို အကောင်အထည်ဖော် ပေးမယ့် လူတွေကို မရနိုင်သေးတဲ့အတွက် ဒီစီမံကိန်းတွေဟာ တို့လိုချင်သလောက် ခရီး မရောက်နိုင်ကြသေးဘူး။ ဒီစီမံကိန်းတွေကို အကောင်အထည် ဖော်တဲ့နေရာမှာ ငွေရှိရုံ၊ ပစ္စည်းရှိရုံ၊ စီမံကိန်းကောင်းရုံနဲ့ မပြီးသေးဘူး။ ဒီစီမံကိန်းကို ခေါင်းဆောင်ပြီး အကောင် အထည်ဖော်ပေးနိုင်တဲ့ ပါရဂူတွေ၊ ကျွမ်းကျင်သူတွေ လိုသေးတယ်။ အမှန်စင်စစ်ပြောရရင် အကောင်အထည်ဖော်ပေးမယ့်လူဟာ ငွေရယ်၊ ပစ္စည်းရယ်၊ ကောင်းတဲ့စီမံကိန်းရယ် သုံးခု

mgyoe.com

mgyoe.com


စလုံး ပေါင်းထားတာထက်တောင် ပိုပြီး အရေးကြီးသေးတယ်လို့ ကျုပ် ယုံကြည်တယ်။ ဒီယုံကြည်ချက်ကြောင့်ပဲ မင်းတို့ ကျောင်းသူကျောင်းသားတွေကို ကျုပ် အင်မတန် အားကိုးတယ်။ အင်မတန်လည်း မြှောက်စားချင်တယ်။ အင်မတန်လည်း ကူညီချင်တယ်။ မင်းတို့ လိုချင်သမျှ အကူအညီတွေကို ဖြစ်နိုင်ရင် ဆရာစားမချန်ဘဲ ဈေးမဆစ်ဘဲ အကုန်လုံး ပေးချင်တယ်။ ကုန်ကုန်ပြောလိုက်မယ်ကွယ်။ ဖျာလိပ်ပြီး ထိပ်ပေါ်တင်ထားဆိုရင်တောင် တို့တစ်တွေမှာ တင်ထားချင်တဲ့စိတ်တွေ အများကြီး ရှိတယ်။ တို့တစ်တွေသာမက ပြည်ထောင်စုကြီးရဲ့ တည်တံ့ခိုင်မြဲရေးကို စေတနာကောင်းနဲ့ အထူးလိုလားတောင့်တနေတဲ့ ပြည်သူလူထုကြီး တစ်ရပ်လုံးကလည်း မင်းတို့တစ်တွေအပေါ်မှာ အင်မတန်ကြီးမားတဲ့ မျှော်လင့်ချက်ကြီးနဲ့ မျှော်လင့်နေကြတယ်။ အင်မတန်ကြီးမားတဲ့ ဆန္ဒကြီးနဲ့ တောင့်တနေကြတယ်။

ဒီလို လူရောရှင်ပါ တစ်နိုင်ငံလုံးက မင်းတို့ ကျောင်းသူကျောင်းသားတွေအပေါ်မှာ အားရုံပြုနေတဲ့အခါမှာ မျှော်လင့်နေတဲ့အခါမှာ၊ အတောင့်တကြီး တောင့်တနေတဲ့အခါမှာ မင်းတို့ကလည်း မျှော်လင့်ရာ အာရုံပြုရာ အတောင့်တကြီး တောင့်တရာရောက်အောင် အင်မတန်ကို ဒုက္ခတွေ ပင်လယ်ဝေနေရရှာတဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ မျက်နှာကို ထောက်ထားပြီး မဏ္ဍိုင်ကြီးငါးခုအတွက် အထူးလိုနေတဲ့ ပါရဂူတွေ၊ ခေါင်းဆောင်တွေ ဖြစ်လာကြအောင် အစွမ်းကုန် ကြိုးစားကြပါ။ ကြိုးစားကြဖို့လည်း အထူး တိုက်တွန်းနှိုးဆော် မေတ္တာရပ်ခံလိုက်ပါတယ်။

နိုင်ငံတော် အစိုးရအနေနှင့်ဆိုရင်လည်း ထပ်မံပြီး ခပ်ရှင်းရှင်းပြောပါရစေ။ ကျုပ်တို့တစ်တွေဟာ နယ်ချဲ့သမားတွေလို အမြတ်ထုတ်ချင်လို့ အစိုးရတက်လုပ်နေတာ မဟုတ်ဘူး။ ပြည်သူလူထုအတွက် အကျိုးဆောင်ချင်တဲ့အတွက် အစိုးရလုပ်နေခြင်းသာ ဖြစ်တယ်။ ဒီတော့ ပြည်သူလူထုအကျိုးအတွက်လည်း ဖြစ်မယ်။ အစိုးရကလည်း တတ်နိုင်မယ်ဆိုတဲ့ လိုလားချက်တွေရှိနေရင် ဒီလိုလားချက်တွေအတွက် တိုက်ပွဲဆင်ပြီး တောင်းနေစရာ မလိုပါဘူး။ ဗြိတိသျှအစိုးရ လက်ထက်တုန်းကလို စည်းကြီးကမ်းကြီးတွေ သိပ်လုပ်မနေကြဘဲ အာဏာပိုင်တွေနဲ့ ချိန်းတွေ့၊ တွေ့ပြီး လိုလားချက်တွေ ချပြ၊ တစ်ယောက်အခက်အခဲတွေကို တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြ၊ ပြီးတော့ လုပ်ပေးနိုင်သမျှတွေကို လုပ်ပေးကြ။ နိုင်ငံတော်အစိုးရဟာ အကျိုးလည်းရှိမယ်၊ အစိုးရကလည်း တတ်နိုင်မယ်ဆိုတဲ့ လိုလားချက်တွေ မှန်သမျှကို ဆရာစားမချန်ဘဲ၊ ဈေးမဆစ်ဘဲ အစွမ်းကုန် ကူညီမယ်ဆိုတာကို တက္ကသိုလ်အဓိပတိအနေနဲ့ရော၊ ဝန်ကြီးချုပ်အနေနဲ့ရော ကျုပ်ကတိပေးပါတယ်။

ဒါပေမဲ့ မင်းတို့ ကျောင်းသူကျောင်းသားတွေဟာ ပြည်သူလူထုကြီးတစ်ရပ်လုံးက မင်းတို့အပေါ်မှာ အင်မတန် ကြီးမားတဲ့ မျှော်လင့်ချက်ကြီးနဲ့ ထားရှိနေတဲ့စေတနာကို

mgyoe.com

mgyoe.com


သင့်လျော်အောင် တုံ့ပြန်ခြင်းမပြုဘဲ အမေရင့်မကြီးတစ်ယောက်လုံးကို ကျော်ပြီး အလွမ်းခံနေရတဲ့ ဒွေးတော်တွေအတွက် နောက်လိုက်တွေ၊ ဖိနပ်ကိုင်တွေ၊ အိပ်ရာလိပ်ထမ်းတွေ စုဆောင်းပေးရာဌာနကြီးတစ်ခုလို့ ဒီတက္ကသိုလ်ကြီးကို သဘောထားပြီး ရမ်းချင်ရာတွေကို လျှောက်ရမ်းနေကြမယ်ဆိုရင်တော့ ရှေ့အဖို့မှာ တို့တစ်တွေက လက်ပိုက်ပြီး ကြည့်နေနိုင်မှာ မဟုတ်တော့ဘူးဆိုတာကို တက္ကသိုလ်အဓိပတိအနေနဲ့လည်းကောင်း၊ ဝန်ကြီးချုပ်အနေနဲ့လည်းကောင်း ကျုပ် အတိအလင်း ကြေညာတယ်။

ဒါတင်မကသေးဘူး။ ပြည်သူလူထုကြီးတစ်ရပ်လုံးက မင်းတို့အပေါ်မှာ အင်မတန်ကြီးမားတဲ့ မျှော်လင့်ချက်ကြီးနဲ့ ထားရှိနေတဲ့ စေတနာတွေကို သင့်လျော်အောင် တုံ့ပြန်ခြင်းမပြုဘဲ တက္ကသိုလ်ပြင်ဘက်က အာဏာရူးတွေ၊ နယ်ချဲ့သမားတွေရဲ့ လက်ကိုင်တုတ်တွေ၊ အာဏာမဲ့ နိုင်ငံရေးသမားတွေရဲ့ ပယောဂတွေကို အဝင်ခံပြီး ချစ်တီးခေါင်းသန်းရှာသလို ဘာမှအကြောင်းလုံလုံလောက်လောက်မရှိဘဲ တောင်တိုက်ပွဲဆင်၊ မြောက်တိုက်ပွဲဆင်ပြီး စာကို ကြိုးကြိုးစားစားသင်နေကြတဲ့ ကျောင်းသူကျောင်းသားတွေကို အနှောင့်အယှက်ပေးနေကြမယ်ဆိုရင်လည်း ရှေ့အဖို့မှာ တို့တစ်တွေက လက်ပိုက်ပြီး ကြည့်မနေနိုင်တော့ဘူးဆိုတာကို တက္ကသိုလ်အဓိပတိအနေနဲ့လည်းကောင်း၊ ဝန်ကြီးချုပ်အနေနဲ့လည်းကောင်း ကျုပ် အတိအလင်း ကြေညာတယ်။

ဒီတက္ကသိုလ်ကြီးမှာ နိုင်ငံရေးပယောဂတွေ၊ နိုင်ငံရေးသံယောဇဉ်တွေ အဟုတ်ကင်းစင်ပြီး ပြည်သူလူထုရဲ့အကျိုးကို စေတနာရိုးနဲ့ သယ်ပိုးဆောင်ရွက်ချင်ကြတဲ့ ကျောင်းသူကျောင်းသားတွေရဲ့ ထုထည်ကြီးဟာ အင်မတန် ကြီးမားပါတယ်။ ဒီတော့ ဒီထုထည်ကြီးတစ်ခုလုံးကိုသော်လည်းကောင်း၊ အထူးသဖြင့် ဒီကျောင်းသား ထုထည်ကြီးကို ရှေ့ဆောင်လမ်းပြလုပ်နေတဲ့ ကျောင်းသားကျောင်းသူခေါင်းဆောင်များကိုလည်းကောင်း ကျုပ် အထူးမေတ္တာရပ်စမ်းပါရစေ။ မဏ္ဍိုင်ကြီးငါးခုကို ကြံ့ခိုင်အောင် တည်ဆောက်ရမယ့် လုပ်ငန်းဟာ မသေးပါဘူး။ လွတ်လပ်ရေးရတယ်ဆိုရုံနဲ့ ဒီမဏ္ဍိုင်ကြီးတွေဟာ သူတို့ဘာသာ သူတို့အလိုအလျောက် ကြံ့ခိုင်လာကြမှာ မဟုတ်ဘူး။ လွတ်လပ်ရေးဆိုတာဟာ အမှန်စင်စစ်တော့ ပြည်သူလူထုကြီးရဲ့ ဘဝသစ်ထူထောင်ရေးအတွက် အကျိုးရှိမယ့် လုပ်ငန်းတွေ၊ ကောင်းမယ့်လုပ်ငန်းတွေကို လုပ်ပေးနိုင်တဲ့ အာဏာမျှသာ ရှိသေးတယ်။ ဒီလုပ်ငန်းတွေ အကောင်အထည်ပေါ်လာအောင် ဒီအာဏာတွေကိုကိုင်ပြီး တို့တစ်တွေ အစွမ်းကုန် အလုပ်လုပ်ပေးကြရဦးမယ်။ အလုပ်လုပ်ကြရဦးမယ်။ ဒါကို ကောင်းကောင်း သတိပြုကြပါ။ အာဏာကိုရထားပြီး အလုပ်မလုပ်ကြဘဲ တိုက်ပွဲဆင်တမ်း၊ တောခိုတမ်း၊ သူပုန်ထတမ်း ကစားနေကြမယ်ဆိုရင် ပြည်သူလူထုကြီးဟာ ဘဝသစ်နဲ့တွေ့ရမှာ မဟုတ်ဘူး။ နိုင်ငံသာ ပျက်မှာပဲ။

မင်းတို့ကို အပိုတွေ၊ အလိုတွေမပါဘဲ လူပြိန်းအကြိုက် စကားတွေမပါဘဲ

mgyoe.com

mgyoe.com


ပြောရဦးမယ်။ တိုင်းပြည်မှာလည်း ငြိမ်းငြိမ်းချမ်းချမ်းရှိပြီး မင်းတို့တစ်တွေအားလုံး၊ တို့တစ်တွေအားလုံးနဲ့ တစ်နိုင်ငံလုံးကပါ အစွမ်းကုန် ဝိုင်းကြိုးစားတာတောင် မဏ္ဍိုင်ကြီး ငါးခု အသင့်အတင့် ခိုင်မာတောင့်တင်းတယ်ဆိုတဲ့အခြေအနေကို ရောက်လာအောင် အနှစ်နှစ်ဆယ်လောက် လုပ်ယူရမယ်။

ဒီတော့ မင်းတို့တစ်တွေဟာ သန့်ရှင်းသော ကျောင်းသားထုကြီးကို ရှေ့ဆောင်လမ်းပြ ပြုတဲ့နေရာမှာ ခေါင်းအေးအေး၊ ဣန္ဒြေရရ၊ သတ္တိရှိရှိနဲ့ လုပ်ကြစမ်းပါ။ တက္ကသိုလ်အာဏာပိုင်တွေနဲ့သော်လည်းကောင်း၊ အစိုးရနဲ့သော်လည်းကောင်း အတိုက်အခံ ခဏခဏ လုပ်မပေးရင် သူရဲဘောနည်းတယ်ဟူ၍လည်းကောင်း၊ တက္ကသိုလ်အာဏာပိုင်တွေရဲ့ လက်ကိုင်တုတ်တွေ၊ အစိုးရလက်ကိုင်တုတ်တွေ ဖြစ်သွားပြီဟူ၍လည်းကောင်း အထင်ခံရမှာကြောက်ပြီး ဟိုရမ်းဒီရမ်း၊ ဟိုတိုက်ပွဲဆင် ဒီတိုက်ပွဲဆင်ဆင်ရတဲ့ဘာဝမျိုးကိုတော့ ဘယ်နည်းနဲ့မှ အရောက်မခံပါနဲ့။

ကြောက်တယ် အထင်ခံရမှာစိုးလို့ ထပြီး ရမ်းပြတယ်ဆိုတဲ့ အလုပ်မျိုးအတွက်တော့ သတ္တိသိပ်ရှိဖို့ မလိုပါဘူး။ မိုက်ရူးရဲကလေးတွေမှာရှိတဲ့ သတ္တိလောက်နဲ့ပဲ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်မှန်တယ်ထင်တဲ့ကိစ္စတစ်ခုမှာ ဘယ်သူက ဘာထင်တာကိုမှ ဂရုမစိုက်ဘဲ ကိုယ်မှန်တယ်ထင်တာကို မှန်သလို လုပ်သွားနိုင်ဖို့ဆိုရင် တကယ် နှလုံးရည်ရှိမှ ဖြစ်နိုင်မယ်။ ဒီတော့ မင်းတို့ သန့်ရှင်းတဲ့ကျောင်းသားထုကို ရှေ့ဆောင်လမ်းပြပြုနေတဲ့ ကျောင်းသားကျောင်းသူခေါင်းဆောင်တွေကို အခုကျုပ်ပြောခဲ့တဲ့ နှလုံးရည်နဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်ပါစေလို့ ကျုပ်စေတနာကောင်းနဲ့ ဆုတောင်းလိုက်ပါတယ်။

ယခုနှစ် ဘွဲ့အသီးသီးကို ဆွတ်ခူးသွားကြတဲ့ ကျောင်းသူကျောင်းသားတွေလည်း ကျုပ်အထက်က ပြောခဲ့တဲ့ မဏ္ဍိုင်ကြီးငါးခုကို တည်ဆောက်တဲ့နေရာမှာ ရှေ့တန်းကနေပြီး စွမ်းစွမ်းတမံ တည်ဆောက်ပေးနိုင်တဲ့ ပြည်ထောင်စုကြီးရဲ့ သားကောင်းရတနာအစစ်တွေ၊ သမီးကောင်းရတနာအစစ်တွေ ဧကန်အမှန် ဖြစ်နိုင်ကြပါစေလို့လည်း စေတနာကောင်းနဲ့ ကျုပ် ဆုတောင်းလိုက်ပါတယ်။

■

mgyoe.com

mgyoe.com

## (၆) ကျောင်းဆရာများ ညီလာခံမိန့်ခွန်း (၁၄-၅-၁၉၅၂)

**[ကျောင်းဆရာများ ညီလာခံကို နောက်ဆုံးနေ့အဖြစ် ၁၄ မေ၊ ၁၉၅၂ တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ယင်းညီလာခံ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ပြောကြားခဲ့သည့် မိန့်ခွန်း ဖြစ်ပါသည်။]**

ဆရာတို့... လွန်ခဲ့တဲ့နှစ်က ရန်ကုန်မှာ ဆရာတို့ အခု အစည်းအဝေးမျိုး ကျင်းပတုန်းက ဆရာတို့နဲ့တွေ့ဖို့ ကျွန်တော် ကြိုးစားပါသေးတယ်။ ဒါပေမဲ့ အကြောင်း မညီညွတ်လို့ မတွေ့လိုက်ရဘူး။ ဆရာတို့ကိုပေးဖို့ အမှာလွှာတစ်ခုကိုသာရေးပြီး ပညာရေးဝန်ကြီးကို ဖတ်ပြဖို့ ပြောလိုက်ရတာပဲ။

ဒီနှစ်တော့ ဆရာတို့နဲ့ ဘယ်နည်းနဲ့မဆို တွေ့မယ်လို့ သန္နိဋ္ဌာန်ချထားတဲ့အတွက် အခု အစည်းအဝေးရဲ့ နောက်ဆုံးရက်မှာ လာတွေ့ခြင်း ဖြစ်ပါတယ်။ ဆရာတို့နဲ့တွေ့ဖို့ သန္နိဋ္ဌာန်ချထားတာကတော့ တခြားကြောင့် မဟုတ်ပါဘူး။ အရေးကြီးတဲ့စကားတစ်ခွန်း၊ နှစ်ခွန်းကို မှာလိုက်ချင်လို့ ဖြစ်ပါတယ်။

ဆရာတို့... လွတ်လပ်ရေးရပြီးတဲ့နောက် ပြည်ထောင်စုကြီးရဲ့တာဝန်တွေကို ရှေ့ဆုံးတန်းကနေပြီး ထမ်းရွက်နေရတဲ့ လူတွေထဲမှာ ဆရာတို့လည်း ပါဝင်ပါတယ်။ ဘယ်လိုပါဝင်ကြတယ်ဆိုတာကို ကျွန်တော် အနည်းငယ် ရှင်းပြပါရစေ။

လွတ်လပ်ရေးရပြီးတဲ့နောက် ပြည်ထောင်စုကြီးနဲ့ ပတ်သက်တဲ့ တာဝန် ဟူသရွေ့

mgyoe.com

mgyoe.com


ဟာ ပြည်ထောင်စုသားတွေရဲ့လက်ထဲကို ကျရောက်ခဲ့ပါတယ်။ ယခင် ကျွန်ဘဝကလို ဘာကိစ္စပဲဖြစ်ဖြစ် ဗြိတိသျှနယ်ချဲ့သမားတွေရဲ့တာဝန်၊ ဗြိတိသျှနယ်ချဲ့သမားတွေ လုပ်ကြလိမ့်မယ်ဆိုပြီး အခြားလူတွေကို မျှော်ကြည့်နေလို့ မဖြစ်တော့ဘူး။ ဗြိတိသျှနယ်ချဲ့သမားတွေ နှစ်ပေါင်းတစ်ရာလောက် အုပ်စိုးသွားတဲ့ အတောအတွင်းမှာ မဏ္ဍိုင်ကြီးငါးခုစလုံးကို ခြစားထားတဲ့အတွက် ယိမ်းတိမ်းတိမ်း ယိုင်တိုင်တိုင်ဖြစ်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို တည်တံ့အောင်လုပ်ဖို့တာဝန်၊ ပြည်ထောင်စုကြီးကို ပြည်တွင်းရန်၊ ပြည်ပရန်တွေမှ ကာကွယ်ပေးဖို့တာဝန်၊ နိုင်ငံခြားနဲ့ ဆက်သွယ်ရေးတာဝန်၊ ပြည်တွင်းအုပ်ချုပ်မှုတာဝန်၊ လောင်စာနဲ့ ပြာပုံဖြစ်နေတဲ့ဘဝကို ပြန်လည်ထူထောင်ဖို့တာဝန် အစရှိတဲ့ တာဝန်တွေဟာ ဘယ်နိုင်ငံ ခြားသားတွေရဲ့တာဝန်မှ မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့တာဝန်တွေ ဖြစ်လာပြီ။ ဒီတာဝန်တွေကို ဘယ်သူကမှ ထမ်းမှာမဟုတ်ဘူး။ ကျွန်တော်တို့ပဲ ထမ်းကြရမှာပဲ။ ဒီတော့ ကျွန်တော်တို့တစ်တွေ ဖိုးသုညတွေဖြစ်နေကြမယ်ဆိုရင် ဒီတာဝန်တွေကို ဘယ်နည်းနဲ့မှ ထမ်းနိုင်မှာမဟုတ်ဘူး။

သေနတ်ကိုင်ပြီး တိုင်းပြည်ကာကွယ်ရတဲ့ စစ်သားလုပ်ချင်ရင်လည်း ပညာတတ်ဖို့လိုတယ်။ ပေါက်တူးကိုင်ပြီး လောင်စာနဲ့ ပြာပုံဖြစ်နေတဲ့ ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ပေးရမယ့် ပြန်လည် ထူထောင်ရေးတပ်သား လုပ်ချင်ရင်လည်း ပညာတတ်ဖို့လိုတယ်။ ကုန်သည်လုပ်ချင်ရင်လည်း ပညာတတ်ဖို့လိုတယ်။ ရုံးစေလုပ်ချင်ဦး ပညာတတ်ဖို့လိုတယ်။ ဘယ်အလုပ်ကိုပဲ လုပ်ချင်လုပ်ချင် ပညာတတ်ဖို့ လိုတယ်။ ကုန်ကုန်ပြောလိုက်မယ် ထင်းခွေရေခပ်အလုပ်မှာတောင် ပညာတတ်ရင် ပိုကောင်းတယ်။

ဒီလို နေရာတကာတိုင်းမှာ လိုနေတဲ့ပညာကို တတ်မြောက်အောင် တကယ်လုပ်ပေးနိုင်သူတွေဟာ တခြားလူတွေ မဟုတ်ဘူး။ ဆရာတို့ပဲ ဖြစ်တယ်။ ဆရာတို့ဟာ အရေးပါသူတွေရဲ့ ရေသောက်မြစ်ကြီးတွေဖြစ်နေတဲ့အတွက် ပြည်ထောင်စုကြီးရဲ့ တာဝန်ကြီးတွေကို ရှေ့ဆုံးက ထမ်းပေးကြရတဲ့ပုဂ္ဂိုလ်တွေထဲမှာ ဆရာတို့လည်း ပါဝင်တယ်လို့ ကျွန်တော် ပြောခြင်းဖြစ်ပါတယ်။

ဆရာတို့... ဆရာတို့ဟာ ပြည်ထောင်စုအတွင်းမှာရှိကြတဲ့ အရေးပါသူတို့ရဲ့ ရေသောက်မြစ်ကြီး ဖြစ်တယ်ဆိုတာကို ကျွန်တော် ပြောခဲ့ပြီ။ ဒီလို ရေသောက်မြစ်ကြီးတွေ ဖြစ်နေကြတဲ့ ဆရာတို့ဟာ ဘယ်တာဝန်တွေကို ဆောင်ရွက်ဖို့ရှိတယ်ဆိုတာကို ကျွန်တော် အနည်းငယ်ရှင်းပြပါရစေ။ မိကျောင်းမင်း ရေခင်းပြတယ်ဆိုသလို ဆရာတွေကို ဆရာလုပ်တယ်ဆိုတဲ့သဘောနဲ့ မဟုတ်ဘဲ သတိပေးတဲ့အနေနဲ့ ပြောခြင်းသာဖြစ်တယ်လို့ ဆရာတို့က နားလည်ထားစေချင်ပါတယ်။

ဆရာတို့ရဲ့တပည့်တွေ တင်းပြည့်ကျပ်ပြည့် ပညာတတ်မြောက်နိုင်ကြ အောင် နည်းကောင်းလမ်းကောင်းတွေကို ရှာဖွေပြီး အစွမ်းကုန်သင်ကြားပြသဖို့ တာဝန်ဝတ္တရားဟာ ဆရာတိုင်းမှာ ရှိတယ်ဆိုတာကို ဆရာဖြစ်သူတိုင်း ကောင်းကောင်းကြီးသိနေတဲ့အတွက်

mgyoe.com

ဒီအချက်ကို ကျွန်တော် မပြောလိုပါဘူး။ နောက်ပြီးတော့ ကိုယ့်တပည့်တွေဟာ ကြီးပွား တိုးတက်တဲ့လူတွေဖြစ်လာအောင် မကောင်းမြစ်တား၊ ကောင်းရာညွှန်ပြ၊ ဆိုဆုံးမဖို့ တာဝန် ဝတ္တရားဟာ ဆရာဖြစ်သူတိုင်းရဲ့တာဝန်ဖြစ်တယ်ဆိုတာကိုလည်း ဆရာတို့ သိပြီးသားဖြစ် နေတဲ့အတွက် ဒီအချက်ကိုလည်း ကျွန်တော် မပြောချင်ပါဘူး။

အခု ကျွန်တော် ပြောချင်တဲ့အချက်ကတော့ တခြား မဟုတ်ပါဘူး။ ဆရာ တို့ရဲ့တပည့်တွေကို ဒီမိုကရေစီဝါဒ သက်ဝင်ယုံကြည်တဲ့ ပြည်ထောင်စုသားကောင်း သမီး ကောင်းများဖြစ်လာအောင် လုပ်ပေးဖို့တာဝန်ပဲ ဖြစ်ပါတယ်။ သာမန်ကာလျှံကာ တွေးတဲ့ လူတစ်ယောက်အနေနဲ့ဆိုရင် ဒီအချက်ဟာ ဘယ်လောက်အရေးကြီးတဲ့အချက်မို့လို့ ဝန်ကြီးချုပ်က ဒီအစည်းအဝေးကြီးမှာ ချပြီး ပြောရတာလဲလို့ ကျွန်တော့်ကို မေးမှာ အမှန်ပဲ။ ဒီအချက်ရဲ့အရေးကြီးပုံကို ထင်ရှားအောင် ကျွန်တော် တို့ရဲ့ရာဇဝင်ကို နောက်ခံကား အနေထားပြီး ကျွန်တော် အနည်းငယ် ရှင်းပြချင်ပါတယ်။

နှစ်ပေါင်း နှစ်ထောင်လောက်ကြာမြင့်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ရာဇဝင်တစ်လျှောက် လုံးမှာ အာဏာလိုချင်တဲ့လူတွေဟာ အာဏာကို လက်နက်နဲ့သာ တိုက်ယူခဲ့ကြတာကို ဆရာတို့လည်း သိပြီးသားဖြစ်နေတဲ့အတွက် ကျွန်တော် အထူးချဲ့ပြီး ပြောဖို့ မလိုပါဘူး။ ဒီလို အာဏာကိုလက်နက်နဲ့တိုက်ပြီး ယူခဲ့ကြတဲ့အတွက်...

(၁) ပြည်သူလူထု အကျိုးအတွက် အဘက်ဘက်မှာ အသုံးချနိုင်တဲ့ လူစွမ်းကောင်းတွေ အလဟဿ သေကျေပျက်စီးရခြင်း။

(၂) အာဏာကိုရပြီးပြန်တော့လည်း မင်းလုပ်သူတွေဟာ ပြည်သူလူထုရဲ့အကျိုးကို မရွက်ဆောင်နိုင်ဘဲ ကိုယ့်အာဏာတည်မြဲအောင် အာဏာလုတဲ့လူတွေကိုရော၊ အာဏာလုလိမ့်မယ်လို့ သူတို့မယုံသင်္ကာဖြစ်တဲ့လူတွေကိုရော၊ အတင်းတရကြမ်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်နေခြင်းဖြင့်သာ အချိန်ကုန်ရခြင်း။

(၃) အတုမြင် အတတ်သင်ဆိုသလို တစ်ဦးက လက်နက်အားကိုးနဲ့ မင်းလုပ်လို့ရမှန်း သိတော့ မင်းလုပ်ချင်တဲ့ အာဏာရူးတွေဟာ တခြား ဘာအလုပ်ကိုမှ မလုပ်ကြ တော့ဘဲ လက်နက်အင်အား၊ လူအင်အားစုပြီး မကြာခဏ သူပုန်ထတမ်းကစား ကြခြင်း။

(၄) ဒီလို မကြာခဏ သူပုန်ထတမ်း ကစားကြပြီး သူတစ်ဗိုလ်၊ ငါတစ်မင်း အနေနဲ့ ဗိုလ်တွေ၊ မင်းတွေ မှိုပေါက်သလို ပေါက်လာကြတဲ့အတွက် နိုင်ငံရဲ့အင်အားတွေ ဟာ ဆုတ်ယုတ်ပျက်ပြားပြီး နိုင်ငံခြားတစ်ခုခုရဲ့ လက်အောက်ကျွန်သဘောက် ဘဝကို သက်ဆင်းရခြင်း။

(၅) သူပုန်ထတမ်း ကစားကြတဲ့ ဗိုလ်ရူးတွေ၊ အာဏာရူးတွေမှာ ပျော်ကြရွှင်ကြ သလောက် ပြည်သူလူထုကြီးတစ်ရပ်လုံးမှာ ကြိမ်မီးအုံးသည့်ပမာ ကျီးလန့်

mgyoe.com


စာစား၊ အိုးပစ်အိမ်ပစ်၊ သားကွဲ မယားကွဲ အစရှိတဲ့ ဆင်းရဲဒုက္ခ ဝဲသြဃကြီး ထဲမှာ တဝဲလည်လည် နေရခြင်း။

ဆိုတဲ့ ဒုက္ခတွေဟာ လူ့နောက်မှာ အရိပ်ပါသလို လက်နက်နဲ့တိုက်ပြီး အာဏာ သိမ်းတဲ့ စနစ်ဆိုးကြီးနောက်မှာ ထက်ကြပ်ကပ်ပြီး ပါလာကြတာပဲ။

အာဏာကို လက်နက်နဲ့တိုက်ပြီး သိမ်းယူရတဲ့အတွက် ဒီလိုဒုက္ခတွေဖြစ်ရတယ် ဆိုတာမျိုးဟာ ဆရာတို့၊ ကျွန်တော်တို့ရဲ့ ဗမာနိုင်ငံတစ်နိုင်ငံတည်းသာ ဖြစ်ရတာ မဟုတ်ဘူး။ ကမ္ဘာကြီးရဲ့ အရှေ့ဘက်ကိုပဲကြည့်ကြည့်၊ အနောက်ဘက်ကိုပဲကြည့်ကြည့်၊ တောင်ဘက်ကိုပဲကြည့်ကြည့်၊ မြောက်ဘက်ကိုပဲကြည့်ကြည့်၊ ဘယ်နိုင်ငံမှာမဆို အာဏာကို လက်နက်နဲ့တိုက်ယူတဲ့ စနစ်ဆိုးကြီး တည်တံ့နေရင်တော့ အခု ကျွန်တော်ပြောခဲ့တဲ့ ဒုက္ခ တွေကို အားလုံးသော်လည်းကောင်း၊ သုံးလေးခုကိုသော်လည်းကောင်း ဒီနိုင်ငံတွေမှာ တွေ့ကြရတယ်ဆိုတာဟာ ကမ္ဘာ့ရာဇဝင်က အထင်အရှား သက်သေခံနေသားပဲ။ ကျွန်တော် အထူးပြောနေဖို့မလိုပါဘူး။

ဒါကြောင့် ဒီအဓမ္မစနစ်ဆိုးကို ကျွန်တော်တို့ဟာ ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ ဘူး။ ကျွန်တော်တို့ တစ်မျိုးလုံး တစ်ပြည်ထောင်စုလုံးကို မသေသေအောင် သတ်ပစ်မယ့် ဒီအဆိပ်ပင်ကြီးကို ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့မြေပေါ်မှာ ကြီးထွားရှင်သန်လာ အောင် ကျွန်တော်တို့ ဘယ်နည်းနဲ့မှ ရေလောင်းမပေးနိုင်ဘူး။ ဒီအဆိပ်ပင်ကြီး မသေသေ အောင် သတ်နိုင်တဲ့နည်းနဲ့သတ်ရမှာပဲ။ ကုန်ကုန်ပြောလိုက်မယ်။ ကျွန်တော်တို့ အာဏာရ နေတဲ့ အချိန်ကာလအတောအတွင်းမှာ မဏ္ဍိုင် ကြီးငါးခုစလုံးကို ခြစားနေတဲ့ဘဝကနေပြီး အသစ်ထူထောင်ပေးရမယ့် ဘဝသစ်ထူထောင်ရေးလုပ်ငန်းကို လုပ်မပေးနိုင်ဘူးဆိုလျှင် တော့ ကျွန်တော်တို့ ဝမ်းမနည်းဘူး။ အမျိုးနဲ့ ပြည်ထောင်စုကြီးကို မသေသေအောင် သတ်ပစ်မယ့်၊ မပျက်စီး ပျက်စီးအောင် ဖျက်ဆီးပစ်မယ့် ဒီအဆိပ်ပင်ကြီးကို ကျွန်တော်တို့ သတ်ပစ်နိုင်တယ်ဆိုရင်ပဲ ကျွန်တော် တို့ကျေနပ်ပြီ။

ဒီလို လက်နက်အားကိုးနဲ့ အာဏာသိမ်းယူတဲ့ အဓမ္မစနစ်ဆိုးကြီးကို အသေသတ် ပြီးတဲ့နောက် အာဏာရရှိရေးအတွက် စနစ်ကောင်းတစ်ခုကို ကျွန်တော်တို့ ရှာကြရလိမ့် မယ်။ ဒီစနစ်ကောင်းကို ကျွန်တော်တို့ တွေ့ပြီ။ ဒီစနစ်ကောင်းဟာ တခြား မဟုတ်ဘူး။ ဒီမိုကရေစီစနစ်ပဲ ဖြစ်တယ်။ ဒီမိုကရေစီစနစ်ဟာ ကျွန်တော်တို့ရဲ့ပြည်ထောင်စုထဲမှာ တည်တံ့ခိုင်မြဲလာရင် အာဏာလိုချင်တဲ့လူတွေဟာ လက်နက်အားကိုးနဲ့ တိုက်ယူဖို့ မလိုတော့ဘူး။ အာဏာကို တိုက်ပြီးယူဖို့ မလိုခြင်းကြောင့်...

(၁) ပြည်သူလူထု အကျိုးအတွက် အဘက်ဘက်မှာ အသုံးချနိုင်တဲ့ လူစွမ်းကောင်းတွေ အလဟဿ သေကျေပျက်စီးခြင်း မဖြစ်ရတော့ဘူး။

(၂) အာဏာလက်ကိုင်ဖြစ်တဲ့ မင်းတွေဟာလည်း ကိုယ့်အာဏာတည်မြဲရေးအတွက်

mgyoe.com

mgyoe.com


အာဏာလုတဲ့ လူတွေကိုရော၊ အာဏာကို လုယူလိမ့်မယ်လို့ သူတို့ မယုံသင်္ကာဖြစ်တဲ့ လူတွေကိုရော အတင်းတရကြမ်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းဖြင့်သာ အချိန်ကုန်ဖို့ မလိုတော့ဘူး။ ရသမျှ အချိန်အတွင်းမှာ ပြည်သူလူထုရဲ့အကျိုးကို ဖောက်ချပြီး လုပ်ပေးနိုင်လိမ့်မယ်။

(၃) အာဏာကို လက်နက်အားကိုးနဲ့ လုလို့မရမှန်းသိကြရင် မင်းလုပ်ချင်တဲ့ အာဏာရူးတွေလည်း မကြာခဏ သူပုန်ထတမ်း မကစားကြတော့ဘူး။

(၄) ဒီလို မကြာခဏ သူပုန်ထတမ်း မကစားကြရလို့ ဗိုလ်ရူးတွေ၊ အာဏာရူးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တဲ့အတွက် နိုင်ငံရဲ့အင်အားဟာလည်း တစ်နေ့တခြား တိုးတက်ကြီးမားလာလိမ့်မယ်။

(၅) ပြည်သူလူထုကြီး တစ်ရပ်လုံးဟာလည်း ကျီးလန့်စာစား၊ အိုးပစ်အိမ်ပစ်၊ သားကွဲမယားကွဲ အစရှိတဲ့ ဆင်းရဲဒုက္ခ ဝဲသြဃကြီးမျိုးနဲ့ မတွေ့ရတော့ဘဲ ရေတွေ့တဲ့ ကြာပမာ ကြည်သာရွှင်လန်း ဝမ်းမြောက်စွာနေကြရလိမ့်မယ်။

ဒီအကြောင်းတွေကြောင့် ဒီမိုကရေစီစနစ်ကြီး ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမှာ တည်တံ့ခိုင်မြဲအောင်လုပ်ဖို့ ကျွန်တော်တို့ သန္နိဋ္ဌာန်ချပြီးပြီ။ သန္နိဋ္ဌာန်ချတဲ့အတိုင်းလည်း အထူး ကြိုးစားနေကြပါပြီ။ ကျွန်တော်တို့ရဲ့ကြိုးစားချက်တွေ ထမြောက် အောင်မြင်ရေးအတွက် တခြားလူတွေထက် ဆရာတို့က အဆပေါင်းများစွာ ပိုပြီး အရေးကြီးပါတယ်။

ဒီမိုကရေစီစနစ် အောင်မြင်ဖို့ဆိုတာဟာ "အချုပ်အခြာအာဏာသည် ပြည်သူလူထုမှ ဆင်းသက်ရမည်" အစရှိတဲ့ ပုဒ်မတွေပါတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုရုံနဲ့ မပြီးဘူး။ လွတ်လပ်စွာရေးသားခွင့်၊ ဟောပြောခွင့်၊ စည်းရုံးခွင့်တွေ ပေးထားရုံနဲ့လည်း မပြီးသေးဘူး။ လူထုဆီက အာဏာကို တရားသဖြင့် တောင်းယူနိုင်ဖို့အတွက် ရွေးကောက်ပွဲတွေ ကျင်းပပေးရုံနဲ့လည်း မပြီးသေးဘူး။ ဒါတွေဟာ အမှန်စစ်စစ်ဆိုရင် ဒီမိုကရေစီစနစ်ရဲ့ အကိုင်းအခက်တွေသာ ဖြစ်သေးတယ်။

ဒီမိုကရေစီစနစ်ရဲ့ ပင်စည်ပင်မကြီးကတော့ တခြား ဘယ်မှာမှ မရှိဘူး။ တိုင်းသူပြည်သားတွေရဲ့ အတွင်းစိတ်ဓာတ်ထဲမှာသာ ရှိတယ်။ အကိုင်းအခက်တွေကို ဘယ်လိုပင် ပြုပြင်စေကာမူ ပင်စည်ပင်မကြီးက မသန်စွမ်းလျှင် အကိုင်းအခက်တွေဟာ ချည့်နဲ့ ခြောက်သွေ့ရဘိသကဲ့သို့ ဒီမိုကရေစီနဲ့ သက်ဆိုင်တဲ့ဥပဒေတွေကို ဘယ်လိုပဲ ရေးဆွဲရေးဆွဲ၊ ဒီမိုကရေစီ အခွင့်အရေးတွေကို ဘယ်လိုပဲပေးပေး၊ ရွေးကောက်ပွဲတွေကို ဘယ်လိုပဲ ကျင်းပကျင်းပ၊ ပြည်သူပြည်သားများကိုယ်တိုင်က ဒီမိုကရေစီစနစ်ရဲ့တန်ဖိုးကို ကောင်းကောင်းသဘောပေါက်ပြီး ဒီမိုကရေစီစနစ်ကြီးဟာ သူတို့ရဲ့အသွေးတွေ၊ အသားတွေ၊ အရိုးတွေထဲမှာ စွဲနေလောက်အောင် ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်သူများ မဟုတ်ကြရင် ဒီဥပဒေတွေ၊ ဒီအခွင့်အရေးတွေ၊ ဒီရွေးကောက်ပွဲတွေဟာ အချည်းနှီး အလဟဿဖြစ်ကြရမှာပဲ။

mgyoe.com